နေနွယ်ဇင်မြင့်

ပိဆိုး ကိုချစ်လိုက်တာလေ

ချစ်သောအမုန်း

အို . . . ရှက်လိုက်တာလွန်ပါရော။

ယွန်းယွန်း တစ်သက်နှင့်တစ်ကိုယ်မှာ ဒီတစ်ခါ အရှက်ဆုံးပါပဲ။ လူ့ဘဝ လူ့လောက၏ အပြင်ဘက် ဝေးတစ်နေရာကို ထွက်ပြေးသွားချင်တဲ့ အထိကို ရှက်မိခြင်းပါ။ ဘယ်သူနဲ့ မှ တောင် မျက်နှာချင်း မဆိုင်ချင်တော့ဘူး၊ ကိုယ့်အခန်းထဲမှာ တိတ်တိတ်ကလေး တစ်ယောက်တည်း နေနေရ ရင်တောင် ကိုယ့်ကိုယ်ကိုယ် ပြန်ရှက်မိပါရဲ့ ရှင်။

"ငါ့ခေါင်းအုံးအောက်က နင်ခိုးသွားတဲ့ လ

ရက်စက်စက်ကြီးကို ပြောထွက်လွှန်းသည် ။ တကယ်ဆို ကိုပိုင်ရယ် . . . ဒီလက်ကိုင်ပဝါကို ယွန်းယွန်း ဘာဖြစ်လို့ ယူသွားတယ်ဆိုတာ ကိုပိုင် သိဖို့ ကောင်းပါတယ်နော်။

"နင် အသက်လည်း မငယ်တော့ဘူး၊ တက္ကသိုလ်ကျောင်းသူလည်း ဖြစ်နေပြီ၊ ခုချိန်ထိ လုပ်ချင်ရာလုပ်တုန်း၊ ကိုယ့်အဖေနဲ့ ကိုယ့်အမေမျက်နှာကိုလဲ ပြန်ထောက်ဦး"

ပထမတော့ . . . ခါတိုင်းလို ပက်ခနဲ ပြန်ပြောလိုက်ဖို့ ပါပဲ။ ကိုပိုင် အဲသည် လောက်ပြောပြီးတဲ့ အထိ ယွန်းယွန်း စိတ်တိုရုံပဲတိုသေးသည် ။ ဒီလိုရှက်မသွားသေးပါ။တသက်လုံးက ခံပက်နေကျမို့ ခုလည်း ခံပက်လိုက်မည်ဆဲဆဲပါ။

"လောကမှာ ဘယ်ရာမဆို . . . ကာယကံရှင် ခွင့်ပြုချက်မရဘဲ တိတ်တိတ်ကလေးယူရင် သူ ခိုး၊ စေတနာမပါတာကို လုယူရင် ဓားပြ၊ အချစ်လည်း အတူတူပဲ . . ."

"ဖွတ်လုယူရင် ဓားပြ၊ တိတ်တိတ်လေးယူရင် သူခိုးပဲ၊ အဲဒါနင်သိထားဖို့ . . ."

"ငါ့ဆီက ငါ့အသုံးအဆောင်ပစ္စည်းတွေ မသိအောင်လည်း ယူသုံးခဲ့တယ်၊ မပေးပဲလည်း ဖွတ်ယူခဲ့တယ်၊ မောင်နှမချင်းမို့ အရေးမယူခဲ့ပေမယ့် ခိုးမှုလုယက်မှုအရာ မြောက်တယ်သိလား . . ."

"အေး . . . အိမ်ထောင်တစ်ခုကိုတော့ ခိုးယူလုယူပြီးကျလို့ ဘယ်တော့မှ မရဘူး၊ ငါ အချစ်ရေးနဲ့ ပတ်သတ်လာရင် သူခိုး ခိုးလည်း မခံဘူး၊ ဓားပြ တိုက်လည်း မခံဘူး . . ."

"ငါ့ခေါင်းအုံးအောက်က လက်ကိုင်ပဝါကို တစ်နာရီအတွင်း သူ့နေရာသူ ပြန်ထားပါ၊ ဒီကိစ္စအတွက် ဖေဖေ့ကိုရော မေမေ့ကိုပါ နင်တိုင်

နိုင်တယ်"

ရက်စက်စွာ၊ ပက်စက်စွာ ၊ ပြတ်တောက်ခါးသီးစွာ ၊ အကြွင်းနာမဲ့၊ အစာအနာမဲ့၊ ဘာကိုမှ ငဲ့ကွက်ခြင်းမရှိဘဲ ပြောချကာ ခြေသံပြင်းပြင်းနှင့် လှည့်ထွက်သွားတော့သည့် ကိုပိုင်။

ကိုပိုင်ပြောခါစက စိတ်တို၏။ နောက်တော့ ဒေါသထွက်ကာ တကယ်ပဲ စိတ်ဆိုးလာသည် ။ ကိုပိုင် ထွက်သွားပြီးသည့် နောက်ပိုင်းမှာ ယွန်းယွန်း အံ့ဩတုန်လှုပ်လွန်းစွာ ကျန်ရစ်ခဲ့ရတော့သည် ။

"ကိုပိုင် ဒီလောက် ပြောလိမ့်မယ်လို့"

ဘယ်တုန်းကမှ ထင်မထားခဲ့ပါ။ ဒီလောက်မာကျောပြတ်တောက်လိမ့်မယ်လို့ လည်း ဘယ်လို မှ မထင်ခဲ့ပါ။ ကြားစကားသာဆိုလျှင် ယုံနိုင်ဖွယ်မရှိ။ မိမိနားနှင့် ဆတ်ဆတ်ကြားရလို့ သာပဲ ယုံလိုက် ရတော့သည် ။

"ရက်စရာ ကောင်းလိုက်တာ"

မိန်းမသား . . . ဟူသည့် အသိတရားလေးကို သတိရသည် ။ မိန်းမသား ဖြစ်ပါလျက် ဒီလောက်အပြောခံရသည် ။ မိန်းမသား တစ်ဦးအဖို့ ရှက်စရာကောင်းဆုံး ဖြစ်အောင် ပြောင်မြောက် သည့် စကားလုံးများ ဖြင့် ရိုင်းပျစော်ကားစွာ ပြောသွားပြီပဲ။

"မောက်မောက်မာမာရှိလိုက်တာ"

ကိုပိုင် တကယ်လွန်သည် ။ ဒီလောက်ပြောချဖို့ မကောင်းဘူး။ ရင်မှာ တစစ်စစ်နှင့် ကျွင်လာ သည် ။ အံ့ဩတုန်လှုပ်စွာ တလှပ်လှပ်ဖြစ်လာရသည် ။ နားတွေပါအူ၊ လည်ချောင်းထဲကမူ၊ နားထင် ထဲက တဒိန်းဒိန်းမြည်အောင် ကိုက်ခဲလာရ၏။ သည် ဝေဒနာမျိုးစုံတို့ သည် အရှက်လွန်မှုတွင် မြစ် ဖျားခံ၏။ အသက်ရှူပင် မ

ဝချင်တော့ပါ။

"ရက်စက်လိုက်တာ ကိုပိုင်ရယ် . . . ရက်စက်လိုက်တာ"

မူးယစ်သီဝေစေစွာ လျှောက်လှမ်းရာ၌ ခြေထောက်တွေက မခိုင်မမြဲပါ။ လူက ယိမ်းထိုးနေ သည်။ သေပစ်လိုက်ချင်မိပါရဲ့၊ အဲသည်လောက်ထိရက်၏။ မျက်စိတွေပြာကာ အမြင်အာရုံက ဝိုးတဝါး . . .။

"ဟင် . . . မမယွန်း"

ဧည့်ခန်းတံမြက်စည်းလှည်းရန် ကြက်မွေးလေးနှင့် ရောက်လာသည့် အိမ်ဖော်မလေး နော်မူး က ကြက်မွေးကိုလွှတ်ချ၊ ယွန်းယွန်းကို ပြေးတွဲ . . .

"မေမေကြီး"

ယွန်းယွန်း မေမေ့ကိုလည်း ကျိုးအော်၍ ခေါ် . . .

"မမယွန်း . . . မမယွန်း"

နော်မူးပခုံးကို အားပြုမှီထောက်ကာ မျက်လုံးဝိုင်းကြီးတွေ ပြူးနေသည့် ယွန်းယွန်း၊ မျက်ကြောစင်းစင်း၊ မျက်ဝန်းကြောင်ကြောင်နှင့်မို့ ရှေ့မှာ ရှိသည့် ဧည့်ခန်းသုံးပစ္စည်းတွေကိုလည်း မြင်ပုံမရ၊ အပေါ်သွားက အောက်နှုတ်ခမ်းကို ဖိကိုက်ထားရာမှာ ပြတ်ထွက်တော့မလားထင်ရ သည်။

"ဟဲ့ . . . သမီးလေး"

မေမေ ဒေါ်ခင်ဆွေလေး ရောက်လာသည်။ သမီးကို နော်မူးလက်မှ လွှဲယူသည်။ ယွန်းယွန်း ကိုယ်ခန္ဓာကြီးက မေမေ့ပေါ် ပိကျလာသည်မို့ ကြမ်းခင်းကော်ဇော်ပေါ်သို့ ဒေါ်ခင်ဆွေလေး ထိုင်ချ လိုက်ရသည်။

"မေမေ . . ."

နင်မသကြိုးစားခေါ်သံ အဆုံးမှာ ယွန်းယွန်း သတိမရတော့ပါ။

"သမီး . . . သမီး"

မေးဖျားကို သာသာရိုက်ပေးမယ့် မထူး။

"ကိုထိုက် . . . လာပါဦးရှင့်"

သမီးမေမေ ဦးကျော်တိုက်က ချက်ချင်းလို ရောက်လာသည် ။

"ကိုဆက်ရေ . . . . ကိုပိုင် . . . . ကိုစိုး . . . ."

ရှိသမျှသားတွေကို ဒေါ်ခင်ဆွေလေး အော်ခေါ်ပြန်၏။ ဆက်မော်ထိုက်နှင့် စိုးစံထိုက် ရောက် လာသည် ။ ပိုင်ဆုထိုက်ရောက်မလာပါ။

"ယွန်းယွန်း ဘာဖြစ်လို့ လဲ"

မိသားစု၏ အသည်း၊ လည်ဆွဲရတနာလေးတိုး၊ ရွှေလိုဥ၍ ထားရပါသည့် ယွန်းယွန်းမို့ တစ်အိမ်သားလုံး ခြေမကိုင်မိ လက်မကိုင်မိ။

"ဆရာဝန်ခေါ်မှ ပေါ့"

စိုးစံထိုက်က တယ်လီဖုန်းကို ပြေးမသည် ။ ဆက်မော်ထိုက်က ဆွေ့ခနဲ ပွေ့ယူသည် ။

"သူ့အခန်းထဲ ပို့လိုက်ရမလား မေမေ"

"အေး . . . အေး။ လုပ်ကြပါဦး၊ သမီးလေးကို ကယ်ကြပါဦး၊ ကိုထိုက် . . . သမီးလေး . . . "

ဆက်မော်ထိုက်က ယွန်းယွန်းကိုပွေ့ကာ အပေါ်ထပ်သို့ လှေကားတစ်လျှောက်မှ တက်၊ သူ့နောက်မှ ဒေါ်ခင်ဆွေလေးက ယွန်းယွန်းကိုပဲ ဂရုကိုင်ပေးရတော့မလို၊ ဆက်မော်ထိုက် ခါးကိုပဲ တွန်းတင်ပေးရမလိုလိုနှင့် ဘာကိုမျှ မလုပ်ဖြစ်ဘဲ လှေကားထစ်တွေကို ခလုတ်တိုက်ကာ လိုက်တက် လာသည် ။ ဦးကျော်ထိုက်က လည်း အောက်မှာ တမားမား၊ နောက်ဆုံးက နော်မှူး။

ယွန်းယွန်းကို ခုတင်ပေါ်သို့ ချပြီးသည့်အချိန်တွင် စိုးစံထိုက်ပါ ရောက်လာသည် ။

"ခုချက်ချင်း လာခဲ့မယ်တဲ့ "

စိုးစံထိုက် စကားဆုံးတော့ စားဖိုမှူးကြီး ဒေါ်စိန်ရောက်လာပြန်သည် ။

"ယွန်းယွန်းလေး ဘာဖြစ်လို့ လဲဟင်၊ ဘာဖြစ်လို့ လဲ"

"မူးသွားတာ နေမှာ ပါ၊ ဒေါ်စိန်တို့ နော်မူးတို့ ပြန်ဆင်းကြ၊ လူတွေ သိပ်များ ရင် အသက်ရှူ ပိတ်မယ်၊ ဆရာဝန်ကို ဆင်းစောင့်ကြပါ၊ ရေနွေးလည်း အဆင်သင့်လုပ်ထား"

"အေး . . .အေး . . ."

ဒေါ်စိန်က ကြည့်လို့ မဝသေးဟန်ဖြင့် ပေစောင်းပေစောင်းလုပ်ကာ အခန်းထဲမှ ထွက်တော့ နော်မူးလည်း လိုက်ထွက်လာရသည် ။

အောက်ထပ်သို့ ပြန်ဆင်းရန် လှေကားထိပ်သို့အရောက် . . .

အောက်ထပ်လှေကားရင်းတွင် အပေါ်ကို မော့ကြည့်နေသည့် လူစုလူဝေးကို တွေ့ရသည် ။ ယာဉ်မောင်း ဦးအုန်းခင်၊ မာလီ ရန်ကနား၊ ခြံဝတ်ခါးကိုလည်း စောင့်မှုင့် စောင့်ပိတ်လုပ်၊ လက်တို လက်တောင်း နိုင်းသမျှလည်း လုပ်ပေးရသည့် ဖိုးထူး။

ဒေါ်စိန်နှင့် နော်မူးတို့ အောက်ကိုရောက်လာတော့ သတင်းကို အမောတကော မေးကြ၏။

"ဆိုးပလား"

"ဟဲ့ . . . မှ . . . ရှင် ဘယ်လိုပြောလိုက်တာလဲ ကိုအုန်းခင်"

ဒေါ်စိန်က လက်ညှိုးငေါက်ငေါက်ထိုးကာ မျက်နှာ . . .ချက်တွေပစ်လိုက်သည် ။

"ကိုပိုင် ပြောတော့ ယွန်းယွန်း အသည်းအသန်ဖြစ် . . . ဆို၊ ဆုံးတော့မယ်တဲ့ "

"တောက်တီးတောက်တဲ့ ရှင် . . . မူးသွားတာပါ"

"ဟောဗျာ . . . ကိုပိုင်က မြို့ထဲဆင်း လာပြီးကို ပြောတာ၊ အပေါ်မှာ ယွန်းယွန်း အသည်းအ သန် ဖြစ်နေတယ်တဲ့ ၊ ဆုံးတော့မယ်တဲ့ ၊ သွားကြည့်ချင် ကြည့်ကြ၊ ကျွန်တော်တော့ မကြည့်ချင်တာနဲ့ ဆင်းလာခဲ့တာတဲ့ "

"ပေါက်ပေါက်ရှာရှာ . . . ကိုပိုင် ဘာတွေ လျှောက်ပြောတာလဲ"

"သူညီမကို သူသိပ်ချစ်တော့ မကြည့်ရက်တာလည်း ဖြစ်မှာ ပေါ့၊ ခုဘယ့်နှယ်နေသေးလဲ"

"အိပ်ရာပေါ်မှာ ဆရာဝန် လာလိမ့်မယ်၊ ဖိုးထူးက မြို့သော့အဆင်သင့်နဲ့ မြို့ဝမှာ စောင့်နေ၊ ရန်ကနားး ကိုယ့်နေရာကိုယ် ပြန်လုပ်၊ ကို[illegible] ခင်လည်း သွားတော့"

"တော်ပါသေးရဲ့ . . . ယွန်းယွန်းသာ တစ်ခုခုဆိုရင် မမကြီးဗျာပနကို အရင်ချမယ်"

"တော်ပါတော့ . . . ဘယ်သူမှ မချရဘဲ ရှင့်ကိုချနေရဦးမယ်၊ ဆရာက ဒေါသကကြီးပါဘိ၊ သူမိန်းမနဲ့ သူသမီးကို တွေ့ကရာတွေ လျှောက်ပြောနေ၊ သွား . . . သွားကြတော့"

ထမင်းစားခန်း မီးဖိုဘက်သို့ နှစ်ယောက်ဝင်သည် ။ မြို့ထဲသို့သုံးယောက်ဆင်းသွားသည် ။ ယွန်းယွန်းနားမှာ က လေးယောက်၊ ပိုင်ဆု တစ်ယောက်တည်းသာလျှင် မြို့ထဲမှာ ငေါင်နေ[illegible] မြေပြင်မှာ ထိုင်ချ၊ ဒူးနှစ်ဖက်ထောင်၊ ထောင်ထားသည့် ဒူးတွေပေါ်မှာ လက်တစ်ဖက်၊ ကျန်လက်တစ် ဖက်က အနားရှိခဲ့လုံးတွေကောက်ကာ ဟိုပစ်သည် ပစ်။ စိတ်ကဂနာမငြိမ် လှုက

ပေါင်နေ၏။

"ငါပြောတာ ... နည်းနည်းတော့ လွန်သွားတယ်"

ဖေဖေ့မျက်နှာကို ထောက်ရမည်။ မေမေ့မျက်နှာကို ထောက်ရမည်။ ဘယ်သူ့မျက်နှာမှ မထောက်အားဆိုရင်လျှင်တောင် မိန်းမသားတစ်ဦးကို သည် မျှပြောချဖို့ မသင့်၊ လွန်တာကတော့ လွန်သွားပြီ၊ ဘယ်လို ပြန်နုတ်ပြန်ဆယ်မလဲ။ သတိလစ်မေ့ကျသွားရတဲ့ အထိတောင် စိတ်ထိခိုက် သွားရတယ်ဆိုတော့ . . .

"သူ . . . ဘယ်လောက် ရှက်သွားရှာမလဲ"

ယယ်ယယ်ကတည်းက ကောက်ချီခဲ့၊ ပွေ့ခဲ့၊ ပါးဖောင်းဖောင်းလေးကိုတောင် ငုံ့ငုံ့နမ်းခဲ့ရတဲ့ ညီမလေးရယ်။

ပိုင်ဆု ရင်ထဲမှာ တော်တော်လေးကို ထိခိုက်သွားရသည် ။ ခုမှ ပဲ သနားလာမိ၏။ အကြင်နှာ လက်ကျန်တွေက ရင်ထဲမှာ လာ...ကျ ပေါင်းဆုံကာ ဆွတ်ဆွတ်ကြင်ကြင် ရှိ...၏။

"ညည်းကလည်း မိုက်လုံးကြီးတယ်"

သည် ပေါက်ကျော်မ ဆိုးတာတွေကတော့ စာစီလို့ တောင် မဆုံးနိုင်အောင်ပါ။ ပြီးတော့ . . . ခုလိုလုပ်တာမျိုးကိုလည်း ပိုင်ဆု နည်းနည်းမှ သည်းမခံနိုင်။ ဒါကြောင့် ဒီလောက်ထိ ပေါက်ကွဲသွား ရကာ ပါးစပ်ထဲ တွေ့ကရာ စကားလုံးတွေနှင့် ပြောပစ်မိခြင်းဖြစ်ပါ၏။

"သူကတော့ ထင်မှာ ပဲ၊ သက်မာကို ထိလို့ . . လို့ "

ပိုင်ဆု ခေါင်းအုံးအောက်မှ လက်ကိုင်ပဝါကို မယူခင် သက်မာဆီက လက်ကိုင်ပဝါကိုလည်း သူခိုးခဲ့ပြီးပြီ။ အဲသည် တုန်းကတော့ သူ စိတ်တိုတိုနှင့် ပြောချင်ရာ ပြောသွားတာလို့ ပဲ ထင်ထားခဲ့ တာ၊ ခုတော့ . . . အကယ်လုပ်

တော့မယ်ထင်ပါရဲ့ ။

*

"နောင်နောင်"

"ဘာလဲ . . . ပျှင်းရင် ပြန်ချင်ပြန်လေ"

နောင်နောင်က အိပ်ရာပေါ်မှာ တစောင်းလှဲ နေ၏။ သည် နေ့ နည်းနည်းဖျားနေသည် မို့ ဆရာဝန် ကအဖတ်မစားရဟု ပြောသွားသည် ။

"ကြက်သားစွပ်ပဲ သောက်ရမယ်နော် နောင်နောင် . . . မမ ကိုယ်တိုင် သွားလုပ်ခဲ့မယ်၊ ယွန်းယွန်းနဲ့ အပျင်းပြေ စကားပြောနေ . . . ဟုတ်လား"

နောင်နောင်က နေ့ပါစေ အထပ်ထပ်ပြောသည် ။ သက်မာလက်ကိုလှမ်းဆွဲ၍ အတန်တန်တား သည် ။ အကြောင်းပြချက်က . . .

"မမ ပင်ပန်းနေမယ် . . .တဲ့ ။

တစ်ယောက်ကလည်း စေတနာတွေ ရေစီးကမ်းပြို၊ နောက်တစ်ယောက်ကလည်း မေတ္တာတွေ တရဟော၊ ဒီနှစ်ယောက်ကို ကြည့်ရင်းက ထ, ရိုက်ချင်စိတ်တောင် ပေါက်သူက ယွန်းယွန်း။ သူတို့ နှစ်ယောက် တူတူရှိနေဖို့ သာ အဓိက၊ ယွန်းယွန်းကျတော့ အပျင်းပြေတဲ့ ။

အဲသည် ကတည်းက မျက်စိနောက်နေတာ ။

သက်မာက နဖူးတစ်ချက်ကို မနာအောင် ခေါက်လိုက်ပြီး ထားခဲ့မှ နောင်နောင် ပြုံးပြုံးကြီး ကျန်ခဲ့သည် ။ ခု . . . နောင်နောင် လို့ ခေါ်တော့၊ ပြန်ပြောပုံက ကြည့်လေ . . . ပျှင်းရင်ပြန်ချင်ပြန်တဲ့ ။

"ယွန်းယွန်းက ခင်လို့ လာတာပါ နောင်နောင်၊ ယွန်းယွန်းနဲ့ နောင်နောင်ဟာ ငယ်ငယ်က တည်းက ဟိုဘက်ခြံ ဒီဘက်ခြံကူးပြီး က

စားနေကျ ငယ်သူငယ်ချင်းတွေပါ"

"အေးလေ . . . အဲဒါဟုတ်သားပဲ၊ နင်လာတော့ ငါဝမ်းလည်း သာတယ်၊ ကျေးဇူးလဲတင်တယ်"

"ဒါနဲ့ များ . . . ဘာဖြစ်လို့ ပြန်ခိုင်းရတာလဲ"

"ဟ . . . ငါက ဒုက္ခိတ၊ အိပ်ရာပေါ်မှာ အိပ်နေတာရယ်၊ ဝိုးလ်ချဲ(ဘီးတပ်ကုလားထိုင်) ပေါ် မှာ ထိုင်နေတာရယ်ပဲ လုပ်နိုင်တဲ့ သူ၊ သူများ တွန်းပေးမှ ရွေ့ရတဲ့ သူဆိုတော့ နင့်ကို အားနာလို့"

"တော်ပါ . . . အလျှောက်ကောင်းလို့ အထောင်းသက်သာတယ်မှတ်ပါ"

"ကြောက်ပါပြီခင်ဗျာ . . .လက်မောင်းမှာလည်း သေရာပါမယ့် အမာရွတ်ကြီးနဲ့ ပါ"

ငယ်ငယ်က နှစ်ယောက်သား ကစားရင်း အရုပ်လုကြရာမှ ယွန်းယွန်း ကုန်းကိုက်အားသည့် ဒဏ်ရာက ခုထိအမာရွတ်ကျန်တုန်း။

"ဒါပဲ ပြောနေ"

"မမကတောင် မေးသေးတယ်၊ အဲဒါ ဘာဖြစ်တာလဲတဲ့"

"နောင်နောင် ဘာပြန်ပြောလိုက်လဲ"

"ခွေးကိုက်တာလို့"

"ကြည့်ပါလား"

ငယ်ငယ်တုန်းကလို ဝိတ်ထုရန် လက်သီးဆုပ်ကြီးက မြှောက်တက် လာပြီးမှ ယွန်းယွန်း ပြန်သိမ်းကာ ရယ်နေသည်။

"ခွေးက လက်မောင်းထိ လာကိုက်တော့ တော်တော်ကြီးသလားတဲ့၊ ငါက . . . ခွေးက ပေါက်စလေး အမွေးရှည်ရှည်ဖြူဖြူ ဖွေးဖွေးနဲ့

သိပ်ချစ်စရာကောင်းတဲ့ တယ်ရီယာခွေးမလေလို့ . . ."

"နောင်နောင်နော် . . . ထပ်ကိုက်ချင်စိတ်ပေါက်အောင်မပြောနဲ့"

"သူ့ကို ကောက်ချီမိတာနဲ့ လက်မောင်းကိုဖမ်းကိုက်လိုက်တာလို့ ပြောတယ်၊ မမက . . . အမာရွတ်ကို ဖျောက်လို့ ရတယ်တဲ့၊ သူ့မိတ်ဆွေဆရာဝန်နဲ့ ပြပေးမယ်တောင် ပြောသေးတယ်"

"ဟင့်အင်း . . . ယွန်းယွန်း ကိုက်ထားတဲ့ အမာရွတ်ကို ဘာလို့ ဖျောက်ရမှာ လဲ၊ မဖျောက်နဲ့"

"နင်ဟာလေ . . . ဟိုဘက်ခြံရော ဒီဘက်ခြံရော နှစ်ခြံပေါင်းပြီး ဗိုလ်ကျနေတာ"

"အို . . . အဲဒါ သူ့ကုသိုလ်နဲ့ သူ ဘာမနာလိုစရာရှိလဲ"

"အေး . . . နင်သေရင် နင့်နောက်မှာ အကုသိုလ်တွေ တစ်ပုံကြီးပါမယ်"

"ပြောပါ . . . ပြောပါ၊ မမရောက်လာကတည်းက ယွန်းယွန်းကို အဖက်မလုပ်တော့တာ"

"ဟာ . . . အဲဒီလိုမပြောနဲ့၊ မမကြားသွားရင် စိတ်မကောင်းဖြစ်နေမယ်"

"အင်းပါ . . . အင်းပါ၊ အဲဒီမိန်းမပဲ ဝိုင်းသည်းနေကြ၊ အိမ်က လူပျိုသိုးကလည်း သက်မှာမှ သက်မာ"

"ဟင် . . . ကိုပိုင်လား"

"ဟုတ်ပါ့ရှင့် . . . ကြိုက်နေကြပလားတောင် မသိဘူး"

"ယွန်းယွန်း . . . နင် တကယ်ပြောတာလား"

နောင်နောင် လှဲနေရာမှ ကျုံးထသည်။ သူ

က မထနိုင်ဘဲ ပြန်လဲကျသည်။ ယွန်းယွန်း တစ်ချက်မဲ့လေ၏။ ဖြစ်နေလိုက်ပုံများ ၊ အမြင်ကို ကတ်တယ်၊ ဒီမိန်းမမှာ ပီဆေးများ ရှိသလား မသိဘူး၊ ဟွန်း . . . မုန်းလိုက်တာ၊ မုန်းလွန်းလို့ ၊ မုန်းပစ်ရတာတောင် မဝဘူး၊ အမုန်းနိုင်ဆုံး မုန်းလို့ ရတာထက် ပိုမုန်းချင်သေးတယ်။

ယွန်းယွန်းမဲ့ရွဲ့နေတော့သည် ။

"တကယ်ပြောတာလား . . . ယွန်းယွန်း"

နောင်နောင် မသက်မသာ မေးရှာ၏။

"နောင်နောင်ကလည်း ကွာ . . . ယွန်းယွန်း ပါးစပ်ထဲရောက်ရင် ဘယ်တစ်ယောက်များ အကောင်းကျန်လို့ လဲ၊ ဒီလိုပဲ တွေ့ကရာပြောနေကျဟာကို"

"ဟူး . . . ငါ . . . ငါ . . . အေးလေ ကိုပိုင်နဲ့ ဆိုရင် သဘောတူပါတယ်"

"မဟုတ်ပါဘူးဆို . . . ယွန်းယွန်း တမင်ပြောတာ"

"နှင် . . . တကယ်နော်"

"အင်းပါ . . . တကယ် တမင်ပြောတာ"

ခုမှ စိတ်သက်သာရာ ရသွားပုံက သိသာလွန်းလှချေ၏။ တန်တော့ . . . ကိုရွှေနောင်လည်းသည် မိန်းမကို ကြိုက်နေပြီ။ သေချာတာထက်တောင် ပိုသေချာပါသေးတယ်လေ။

"ယွန်းယွန်းက ခင်လို့ မုန်းတာများ "

နောင်နောင် ခုမှ ရယ်နိုင်သည် ။ ယွန်းယွန်းပြောသည့် ခင်လို့ မုန်းတာ . . . ဆိုသည် ကို နောင် နောင်ကောင်းကောင်း ကြားသဘော ပေါက်သည် ။ ယွန်းယွန်းသည် သူမခင်မရင်းနှီးသူများကိုဆို ဘာ သိဘာသာ နေတတ်သည် ။ သူစိမ်းပြင်ပြင်များ နှင့် ဆိုလည်း ဆက်ဆံရေးက ပြေပြစ်ချောမောပါဘိ။

မျက်နှာထားဆိုလည်း ချိုမှ ချို၊ အပြောက လည်း ညက်လို့ ။ သူခင်ပြီ၊ ရင်းနှီးပြီဆိုလျှင် တော့ အဲသည် လူ မလွှယ်တော့ပါ။ သူဗိုလ်ကျ မည်၊ အနိုင်ယူမည်၊ ဆိုးမည်၊ ဒုက္ခမျိုးစုံပေးမ ည်၊ ယွန်းယွန်း ခင်သည့်လူတွေနှင့် ပတ်သက် သမျှ ယွန်းယွန်းပါးစပ်ထဲမှာ ရစရာကို မရ အောင် အပြောခံရ၏။

"နင် ခင်မှာ များ တော့ ခသရာ့အောင်ကြောက်ပါရဲ့ "

နောင်နောင်က ဉာဏ်သို့နားလည်စွာ ပြောခဲ့ ဖူးသေး၏။ သည် တော့ . . . ယွန်းယွန်းက ခင် လို့ မုန်းတာများ ဆိုသည့်စကားကို နောင်နော င် နားလည်သည် ။ နောင်နောင် သဘောကျစွာ ရယ်နေချိန် တွင် ယွန်းယွန်းက မျက်နှာလှလှ လေးကို အပုပ်နိုင်ဆုံးမဲ့ထားသည် ။

"ပုတ် ကောင်မလေးတွေများ မဲ့တာတော င်လှတယ်ဆိုတာ နင်နဲ့ ကျမှ ငါယုံတယ်"

"ဒါ . . . ယွန်းယွန်းကို လှတယ် ပြောတာ လား"

"အေး"

"ကျေးဇူး . . . အဟီး"

ပြောပြီး ရယ်ချပြန်တော့ နောင်နောင်က 'ခွေးမ' ဟု ကင်ပွန်းတတ်သည် ။ ယွန်းယွန်း သဘောကျစွာ ဆက်ရယ်ပစ်လိုက်၏။

"ကောင်းလိုက်တဲ့ ငါကုသိုလ်နယ်နော်"

ဟုတ်သည် လေ။ ချစ်သည့်လူတွေကို ဘာကာ ယ်မမုန်းဘဲ မုန်းပြနေကျဆိုတော့ တကယ်မုန်း လို့ မုန်းပြတာကို လူမရိပ်မိတော့ပါ။ ဘယ် လောက် ဟန်ကျသလဲ။ အဲဒီ သက်မှာဆိုတဲ့ အ မျိုးသမီးကို ကျတော့ မုန်းလွန်းလို့ ကို အရမ်းမု န်းတာ ဦးနောင်နောင်ရေ . . . ။

"နောင်နောင်"

"ဘာလဲပြော"

"မမ ပိုက်ဆံအိတ်ထဲက တစ်ခုခု ခိုးရအော င်"

"လုပ်ပြန်ပြီဟာ . . . နင် အငြိမ်ကို မနေနိုင်ဘူး"

ယွန်းယွန်းအကျင့်က အဲသည် လိုပါပဲ။ သူခ င်သည့် သူများ ထံမှ ပစ္စည်းလေးတွေကို တိတ် တိတ်ကလေးယူထား၊ ဘာပျောက်လဲ . . . ဘာ ပျောက်လဲ တစာစာမေး၊ ပိုင်ရှင်က ပြန်တောင်းသည့် အခါ ဆီးထုပ်ဆယ်ထုပ်နှင့် ရွေးရမည် ဆိုတာမျိုးတွေ လုပ်တတ်သည် ။ အ ရင်တုန်းကဆို နောင် နောင့် ပစ္စည်းလေးတွေ နေ့တိုင်းပျောက်တတ်၏။ နောင်နောင့် ခမျာ ဆီးထုပ်တွေ နေ့တိုင်းဝယ် ရရှာ သည် ။

"နော် . . . နောင်နောင်၊ ပြန်မပြောနဲ့ "

"မလုပ်ပါနဲ့ ဟာ"

"လုပ်ချင်တယ်ဟာ"

"မလုပ်ပါနဲ့ ဆို"

"မမက လူကြီးတွေ၊ သိပ်နောက်လို့ မကောင်းဘူး"

"အမယ် . . ဘယ်လောက်များ ကြီးလို့ လဲ"

"နှစ်ဆယ့်လေးနှစ်တဲ့ ၊ ငါ့ထက် လေးနှစ် တောင်ကြီးတာ၊ နင့်ထက်ဆို ခြောက်နှစ်တော င် ကြီးမယ်"

"ကိုပိုင် ဆိုရင် နှစ်ဆယ့်ခြောက်၊ ယွန်းယွန်းထက် ရှစ်နှစ်တောင်ကြီးတာပဲ၊ ယွန်းယွန်း အဲဒီ လို ပြန်ပေးဆွဲနေကျ"

"ကိုပိုင်က နင့်အစ်ကိုပဲ"

"မမသက်မာကိုလည်း ယွန်းယွန်းက အစ်မ လို သဘောထားတာပဲဟာ"

"မကောင်းပါဘူးဟာ"

"ကောင်းပါတယ်ဟာ"

နောင်နောင့်လေသံနှင့် လိုက်ပြောနေပြန်သည် မို့ နောင်နောင်ရယ်ရပြန်၏။ အဲသည်တာတော လန် ဂျစ်တူးမလေးကတော့ ဆိုးကိုဆိုးပါသည် ။

ယွန်းယွန်းက ခုတင်ဘေးမှာ စားပွဲလေးပေါ်တွင် ရှိသည့် မမပိုက်ဆံအိတ်ကို သွားဖွင့်သည် ။ တားလို့ မရတော့မည့် တူတူ နောင်နောင် ပြုံး၍ ကြည့်နေလိုက်တော့သည် ။ ပိုက်ဆံအိတ်က တော်တော် လေးကြီးသလို ပစ္စည်းမျိုးစုံပါသည် ။

"ပိုက်ဆံတွေကွ"

"ယူလိုက်ပါလား"

နောင်နောင် ခွတိုက်ပြောသည် ။

"အမယ် . . . ယွန်းယွန်းမှ သူခိုးမဟုတ်တာ"

"ခု . . . ခိုးနေတာပဲ"

"နှုတ်ခမ်းနီဘူးကချည်း နှစ်ဘူးကွ၊ ကရင်(မ်)ပတ်(ဖ်) ဘူးကတစ်ဘူး၊ သော့တွဲ၊ လက်သည်း တိုက်တဲ့ တံစဉ်းလေးလည်း ပါသေးတယ်၊ ဘောလ်ပင် . . ."

တကယ်တော့ အဲဒါတွေကို ယွန်းယွန်း တမင်ပြောနေခြင်းပါ။ ဒါတွေကို ယွန်းယွန်း တစ်ခုမျှ မလိုချင်ပါ။ ယွန်းယွန်း လိုချင်တာက လက်ကိုင်ပဝါ။ လက်ကိုင်ပဝါကို တွေ့သည် ။ တွေ့တာမှ နှစ်ထည်တောင်။ တစ်ထည်ကို လုံးကျစ်၍ လက်ထဲမှာ ဆုပ်ထားလိုက်သည် ။

"လက်ကိုင်ပဝါလည်း တစ်ထည်ကွ၊ ဘာယူထားရရင် ကောင်းမလဲ နောင်နောင်"

ပိုက်ဆံအိတ်ထဲမှ လက်ကိုမထုတ်ဖြစ်သေး

ဘဲ လှည့်မေးသည် ။

"သိသာတာကိုယူပေါ့၊ ကရင်(မ်)ပတ်(ဖ်) ဖြ
စ်ဖြစ်"

"အေးကွ . . . ကောင်းတယ်"

ကရင်(မ်) ပတ်(ဖ်) ဘူးကို ယူလိုက်သည် ။ ဘူးနှင့်အတူ လက်ထဲမှာ လုံးကျစ်ဆုပ်ထားသည့် လက်ကိုင်ပဝါလည်း ပါလာသည် ။ နောင်နောင် ဘယ်လိုမှ မသိနိုင်ပါ။ ယွန်းယွန်း လက်ထဲမှာ ကရင်(မ်) ပတ်(ဖ်) ဘူးပဲ နောင်နောင် တွေ့၏။ ယွန်းယွန်းက သူ့ပိုက်ဆံအိတ်ထဲသို့ ကရင်(မ်)ပတ် (ဖ်) ဘူးနှင့် လက်ကိုင်ပဝါကို သွားထည့်သည် ။ ပြီးတော့ . . . ငြိမ်ငြိမ်လေး ထိုင်နေလိုက်တော့သည် ။

"အဟဲ . . .ချေးတောင်ပြန်တယ်"

"ပြန်တာတောင် နည်းသေးတယ်၊ ကြိဖန်ရှ
ပ်တဲ့ မိန်းမ"

ယွန်းယွန်း ရယ်ပစ် လိုက်လေ၏။

*

သက်မှာ ဝင်လာကတည်းက သူ့ပိုက်ဆံအိတ် နေရာ ရွေ့နေတာ သတိထားမိပုံပေါ်သည် ။ နောင်နောင့်အတွက် ကြက်သားစွပ်ပန်းကန် ဖွန်းနှင့် လက်သုတ်ပဝါတို့ ထည့်ထားသည့် ဗန်းကို စားပွဲပေါ်မှာ ပင်တင်၏။

"နွေးနွေးလေး သောက်ရအောင် နောင်နောင်"

"မမကြည့်ရတာ ချေးတွေပြန်လို့၊ ပေါင်ဒါလေး နည်းနည်းလောက် ရိုက်လိုက်ပါဦးလား မမ"

နောင်နောင့် မျက်နှာက အပိုမသေး။ သက်မှာက အစကတည်းက သူ့ပိုက်ဆံအိတ်ကို ပုံစံပေါ် ၏။ ယွန်းယွန်းကတော့ မြွေးမြွေးချွင်းမို

ခြဲခြင်း၏။ နောင်နောင်ကတော့ သက်မာကိုပဲ ငေးကြည့်နေ သည် ။ ဘာကိုမျှ သတိထားမိပုံ မပေါ်ပါ။

သက်မာ သူ့ပိုက်ဆံအိတ်ကို ဖွင့်သည် ။ ပစ္စည်းတွေကို မွှေနှောက်သည် ။

"ပေါင်ဒါဘူး အိမ်မှာ ကျန်ခဲ့ပြီထင်တယ်"

အဲဒါတွေပေါ့ ယွန်းယွန်း ကြည့်ရတာ၊ မုန်းတာ။ မူလကျိုသွန်နီကိုများ ၏။ တကယ်ဆိုဟော့ . . . ကရင်(မ်)ပတ်(ဖ်)ဘူး ဘယ်သူ ဖွက်ထားလဲကွ . . . ဟု ရယ်ကာမောကာ ပြောပါတော့လား။ သိလျက်နှင့် မသိချင်ယောင်ဆောင်၊ မသိပါဘဲ သိချင်ယောင်ဆောင်၊ သူတစ်ကိုယ်လုံး မူယာတွေဖုံး ကာမာယာအတုံးကြီး ဖောင် ဖြစ်နေပလား မသိ။ ဒါတွေကိုပဲ ယောကျ်ားသားတွေက စွဲနေသလား မဆိုနိုင်။

ကိုပိုင်ရော နောင်နောင်ပါ သည် သက်မာ

ရှေ့ဆို အောက်သွားတွေ ခြွေကျလုနီး ... တယ် မဟုတ်လား။ နွားပြာကြီးတွေ အောက်သွားမရှိဘူး ဆိုတာ။

"မမ ပေါင်ဒါရိုက်ချင်ရင် နင့်မှာ ရှိတာ ငှားလိုက်ပါလား ယွန်းယွန်း"

"ဘယ်အလကား ငှားလိုက်မှာ လဲ နောင်နောင်ရဲ့ ၊ တစ်ခါမေးရင်း ယိုးဒယားသီးတစ်ပြည့်၊ လိမ်းမလား မမ"

"မလိမ်းတော့ပါဘူးကွယ်၊ မနက်ဖြန်ကျမှ ယိုးဒယားဆီးသီးဝယ်ခဲ့ပါ့မယ်"

"ဟင် . . ."

ဖီလင်တွေ အောက်ကျန်ရသည် ပေါ့။ အဲဒါတွေကြောင့် ပိုမုန်းတာ။

"လိမ်းလိုက်ပါ မမရဲ့ ၊ လောလောဆယ် မပေးနိုင်ရင် အကြွေးလိမ်းသွား"

[illegible]

လည်း [illegible] ချုပ်၏။ ယွန်းယွန်း

မျက်နှာ [illegible] ရှုပ်လာသည်။ ယွန်းယွန်းတို့ က

ရင်ထဲမှာ ခံစားရလျှင် မျက်နှာပြင်မှာ အရိပ်ကို

အနည်း အတိုင်းပေါ်သည်။

"လိမ်းလိုက်ပါ မမရဲ့"

"ဒါဖြင့်လည်း လိမ်းရတာပေါ့လေ၊ ဆီးသီး

ကတော့ အကြွေးနော်"

"အကြွေးဆိုရင် အတိုးပေးရမှာ"

"အတိုးတော့ ခပ်လန့်လန့်ပဲ၊ အတိုးကြော

က်လို့ ကြွေးမတင်အောင်နေတာ၊ ရှိပါစေတော့

ပေးဆိုလည်း ပေးပါ့မယ်၊ ကဲ . . . ယွန်းယွန်းရဲ့

ပေါင်ဒါဘူးလေး မမကို ခဏငှား"

"ရော့"

ယွန်းယွန်း လှမ်းပေးတော့ သက်မာပြီး၍

ယူသည်။ [illegible] ရှိနေ၏။

"ဒီတောက်လည်း ရယ်စရာ [illegible]

"

နောင်နောင့်ကိုပဲ ဖိမာန်လိုက်ရသည်။ သ

က်မာက မှန်ပြကြည့်သည်၊ ပြီးတော့ .. ယွန်း

ယွန်း ထံပြန်ပေး၏။

"မမ ယူထားလေ၊ နေ့လယ် တစ်ခါကြည့်ဖို့

၊ ဒါပေမဲ့ . . . တစ်ခါကြည့်ရင် ဆီးသီးတစ်ပြည်

နှုန်းနော်"

ယွန်းယွန်းပြုံး၍ ပြောပေမယ့် အမဲ့တစ်ဝ

က်စွက်၏။

"အေး . . . မှတ်ထားမယ်၊ မနက်ဖြန်ဆို ယွ

န်းယွန်း ဆီးသီးဆိုင်ဖွင့်နိုင်မှာ ပါ၊ မမက မှန်

ကြိုက်တယ်၊ ခဏခဏ ကြည့်မှာ"

သူကရင်(မ်)ပတ်(ဖ်) ဘူးကို သူပိုက်ဆံအိ

. . . လှုပြန်လည်၍၏။ ခပ်ပြုံးပြုံးပါပဲ။ ယွန်းယွန်း ကတော့ မကျေနပ်နေသူ ပီပီသက်မာ အပြုံးကို သဘာဝမကျဟု ထင်၏။

မမတိုက်သည့်ရွှပ်ကို သောက်ရင်း နောင်နောင်က ယွန်းယွန်း၏ ယယ်ကျင့်ဆိုးလေး မတွေ့ကို ပြောလို့ မဆုံးရှိ၏။ မမက ရယ်သည့်အခါ ရယ်သည် ။

"အဲဒီရယ်သံကလည်း မချိုပါဘူး"

ယွန်းယွန်း ရင်ထဲမှာ ကျိတ်ပြောရင်း မတော်ဘာတ်ထရပ်၏။

"ယွန်းယွန်း ပြန်တော့မယ်"

သက်မာက ရွှပ်ပြုတ်ပန်းကန်ကိုချကာ ယွန်းယွန်းနှင့်အတူ လျှောက်လိုက်လာ၏။ အောက် ထပ်သို့ဆင်းသည့် လှေကားထိပ်သည် နောင်နောင့်အခန်းနှင့် ဝေးသည် မို့ နောင်နောင်လှမ်းမမြင် နိုင်သလို စကားပြောမည်ဆိုလျှင်လည်း ကြားရမည်မဟုတ်ပါ။

"ယွန်းယွန်း"

ခေါ်ပုံက မာထော်ထော်ကြီး၊ ယွန်းယွန်း မထူးဘဲ သမင်လည်ပြန် လှည့်ကြည့်၏။

"လက်ကိုင်ပဝါကို ဘာနဲ့ ရွေးရမလဲ"

"အဟင်း"

ယွန်းယွန်း ခနိုးခနဲ့ ရယ်ရတာကို သိမ်မြိန်သည် ။

"ရွှေးမှာ လား . . . မမ"

"ဒါပေါ့"

"တန်ဖိုးကကြီးတယ်"

"ပြောပါဦး"

"နှလုံးသား . . . မမရင်ထဲက နှလုံးသားနဲ့ ရွေးမှ ပြန်ရမယ်"

. . . ပေါက်ကက်ပက်ပက် ရယ်သည်။

ပြုံးနေပြီ ယွန်းယွန်း။ အဲဒီလက်ကိုင်ပဝါရဲ့ တန်ဖိုးက မမနှလုံးသား မဟုတ်ပါဘူး။ ဖြစ်ချင်း ဖြစ်ရင် ဦးနှောက်ပဲဖြစ်မယ်"

ယွန်းယွန်း ကိုယ်ကလေး ဆတ်ခနဲ ခါသွားရသည်။ ကြည့်စမ်း . . . ဒါသက်သက်စော်ကား တာ။ ကိုပိုင့်ကို လက်ထပ်မယ်ဆိုရင် ဘောင် ချစ်လို့ တော့ မဟုတ်ဘူး ယွန်းယွန်း နေ ခင်မှန်းတော်ဖို့ သင့်တင့်လျောက်ပတ်တဲ့ သူဘာဝ်ခေါင်းအဖြစ်သာ ဦးနှောက်ကလက်ခံ မှ လို့ အဲ့ယ်ကိုက်ပြောလိုက် တာပေါ့လေ။

ယွန်းယွန်းသိရင် ကိုပိုင် သိမယ်ဆိုတာရော သုံးခေဘူးမိဘဲ ရှိပြါမလား။ သိချင်သိပစေ ဂရု စိုက်ဘူးဆိုတဲ့ သဘောပေါ့။ ကိုပိုင့်ကိုတော့ ပြန်ပြောရဦးမယ် . . . ဟင်း။

ဒါဖြင့်လည်း ရွေးမနေပါနဲ့ တော့ မမ၊ ဦး နှောက်နဲ့ ရွေးလိုက်ရင် မမဆီမှာ ဦးနှောက်မ ကျန် တော့ဘူး၊ ရွေးကောက်ခေါ်တာတာ ထွက်ဖ တ် ချက်တော်၊ ဘယ်ဖြစ်တော့မလဲ"

"ယွန်းယွန်းမှာ အသုံးရှိရင် ယူပါ"

"သိပ်ရှိတာပေါ့၊ အဲဒီလက်ကိုင်ပဝါနဲ့ ပီယ ဆေးဖော်မယ်၊ ငါးရံ့ကြီးကြီးတစ်ကောင်နဲ့ ငါး ရှူး သေးသေးတစ်ကောင် ဖမ်းမယ်"

"ငါးနှစ်ကောင်မဖမ်းပါဘူး ယွန်းယွန်း။ မမ ဘာသာ မြစ်ကမ်းနံဘေးမှာ ထိုင်နေတုန်း မမ ရှေ့မှာ ဖုတ်ခနဲ ပြုတ်ကျလာရင်သာ ငါးရှူးအား ချင်ရင် ငါးရှူးကို ကောက်လိုက်မယ်၊ ခပ်များများ စားချင် ရင်တော့ ငါးရံ့ကို ကော က်လိုက်မယ်၊ ဒီလောက်ပါပဲ"

"မမက ဘာကိုစားဖို့ အာသီသပိုများ လဲ"

"ငါးရှူးကြော်ဆို မမ သိပ်ကြိုက်တယ်၊ ဒါပေ မဲ့ မမက လောဘကြီးတယ် ယွန်းယွန်းရဲ့ ငါး

...ကြီးကို ကောက်ဖြစ်ဖို့ ပိုများတယ်"

"ယွန်း ..."

မျက်နှာကို အတတ်နိုင်ဆုံးမဲ့ပစ်ကာ နှုတ်မဆက်ဘဲ ဆင်းလာခဲ့သည်။

လှည့်မကြည့်ပေမယ့် သိပ်သိပေါ့၊ နေလောက်ဆို မာယာရှင်အပြုံးကြီးနဲ့ ဒေါ်သက်မှာတို့ လေ ကြ းထ ပ မ ြ သရဖူဆောင်းပြီး ကျန်ရစ်ခဲ့မှာ။ ကိုပိုင်တို့ နောင်နောင်တို့ ကိုကနွား ကျတယ်၊ အောက်သွားတွေ ဘယ်ရောက်ကုန်ပလဲ မသိ။

*

"အဲဒီလို ပြောလိုက်တယ် ကိုပိုင်ရဲ့၊ ဘယ်လောက်မချင်စရာ ကောင်းလဲ"

ယွန်းယွန်းက တစ်ခွန်းမကျန် ပြန်ပြောတော့ ကိုပိုင့်မျက်နှာ ပုပ်ညစ်သွားလိုက်တာမှ ရစရာ မရှိ။

"မကြိုက်နဲ့တော့ ကိုပိုင်ရာ အဲဒီမိန်းမ၊ ယွန်းယွန်းသဘောမတူဘူး"

ကိုပိုင် စိတ်ဆိုးပြီထင်ကာ အဆင်းမှာ ဇွန်းချပေမယ့် ...

"နင်ကိုက လျှာရှည်တာ၊ အလုပ်မရှိ အလုပ်ရှာ အချိန် ဖြုန်းချင်ရင် ရော်ဂျာနဲ့ သော့ပါလား၊ ကိုယ့်နေရာမဟုတ်တာ ဝင်,ဝင်ပါတယ်"

"ဟင်"

ရော်ဂျာဆိုတာက ... ယွန်းယွန်းတို့ အိမ်က ခွေးထီးကြီး။

"ကိုပိုင် ... ယွန်းယွန်းကို ခွေးစာရင်းသွင်းတာလား"

"အဲဒီထက်ညံ့တဲ့ စာရင်း ရှိရင် သွင်းချင်သေးတယ်"

"ဆေးလည်း မမိဘူး၊ မူးငြင်းလည်း မမိဘူး၊ သက်မာကို ငါ့အထင်ကြီးတယ်၊ မိန်းမသား ဆို တာ အိမ်ထောင်ရေးမှာ ဦးနှောက်သုံးမှ လူစာ ရင်းဝင်တာ"

"ယွန်းယွန်းကို လူစာရင်းမဝင်ဘူး ပြောချင် တာလား ကိုပိုင်"

"ဝင်ခရာ ဝင်လို့ လား"

ခါသမျက်ရည်တို့ က အိခနဲ ဝိုင်းသည် ။

"ကိုပိုင် . . . ခုတလော အပြောကို ရက်စက်သ ည်း"

"နင်က သူလက်ကိုင်ပဝါ ဘာလုပ်ဖို့ လဲ"

"ကိုပိုင်နဲ့ ကွဲအောင်လုပ်မလို့ "

"ဘာ"

"လူတကစ်ပေါက်ဆိုက သူပစ္စည်းဟာရှာ ရင် ကွဲအောင်လည်း လုပ်နိုင်တယ်၊ ညားအေ င် လည်း လုပ်နိုင်တယ်၊ သိလား"

"ဒါ . . . ဘယ်အောက်လမ်းဆရာက ပြော တာလဲ၊ ယွန်းယွန်းနှင့် အတွေး အခေါ်တွေ အောက်တန်းကျလှချည်လား"

"ကိုပိုင် ထင်ချင်သလို ထင်နိုင်ပါတယ်၊ ယွ န်းယွန်းက ဟိုမိန်းမစိတ်ဓာတ်ကို အသည်းမှာ ဖို့ ပြောပြခါမှ ၊ သူက အသည်းစွဲရတယ်လို့ ဟုတ်ပါပြီ၊ ကိုပိုင် ဆေးမိနေတာ၊ အဒီဆေးကို ပြယ်အောင် ကို ပြန်လုပ်ရဦးမယ်"

"ယွန်းယွန်းနော် . . . ပြောလိုက်ပါပေရဲ့ တွေ့ကရာတွေ လျှောက်မလုပ်နဲ့ ၊ အဒါတွေ ငါ လုံးဝ အယုံအကြည်မရှိဘူး၊ ငါဘာဆေးမှ မမိ ဘူး"

"ဒါဖြင့် ဟိုမိန်းမထိရင် ဘာဖြစ်လို့ ဆတ်ဆ

ကဲခုနာနေသေးလဲ"

"နင်က လွှန်တာကိုး၊ နင်ကလွန်လေ ဟိုဘက်ကနာလေ"

"ကောင်းပါတယ် . . . သိပ်ကောင်းပါတယ်
"

"သွားပြန်ပေးလိုက် ယွန်းယွန်း"

"အေးတဲ့ အသိ ပြန်မပေးဘူး"

"နင် . . . သူများ ပစ္စည်းကို . . ."

"သက်ကိုင်ပေါ်အသစ် ဆယ်ဒါဇင် လျော်ပေးလိုက်မယ်"

"နင်ဟာတွေက အဓိပ္ပာယ်ကို မရှိဘူး၊ နင့်အစား ငါရှက်တယ်"

"ယွန်းယွန်း မရှက်ဘူး"

ကိုင်ုင် ခြေသံပြင်းပြင်းနှင့် ထွက်သွားလေ၏။

*

အသည်း မနာပါ အသည်း ကို ဖြစ်ခဲ့ပြီး နှစ်ရက်အကြာ၌မူ ကိုကိုနိုင်ပေါင်းအိုးအောက်မှ လက်ကိုင် ပေါ် များကို [illegible] ။ ယွန်းယွန်း လက်ချက်ဖြစ်ကြောင်း သိသည် ။ ပေါ်အမေးတော့လည်း ပေါ်မှာ ယွန်းကို ကြောင်း ပြော၏။

"မောင်ဆရာဆီပို့ပြီး အမိုးပေါက်ကိုင်ပေါ်နှင့် နှစ်ပေါက်ကို ကျွေးအောင်ခိုင်းမယ်" ဟု ။

ဘယ်လောက်ဆိုးတဲ့ ကောင်မလေးလဲ နှစ်ဆယ့်တစ်ရာစုကောင် ရောက်တော့မယ် ဆယ့်ရှစ် ရာစုနှစ်ပေါက်က အတွေးအခေါ်တွေဆီ ပြန်သွားလို့ သွား၏ ပြီးတော့ အဒါမျိုး အယုံအကြည် မရှိသည့် ပိုင်ဆုတ သည် အငယ် တွေကို အထင်လည်း သေးသည် ။ အောက်တန်းကျသည့် စိတ်ဓာတ်ဟု မြင်၏၊ သည် တော့ . . ဒေါသထွက်ထွက်နှင့် ပြောမိ၏ ။ အားနော့

. . . မများပါ။ သက်မာဘက်မှ

. . . လည်း ပါသည်။

ယွန်းယွန်းအရှက်လွန် ၊ ဒေါသလွန်ကာ သတိလစ်လဲကျသွားရသည် အထိ ဖြစ်တော့ ပိုင်ဆု ရင်ထဲ မကောင်းနိုင်တော့ပါ။ သို့ပေမယ့် သိပ်လည်း မယုံရဲလှ။ ဒီကောင်မလေးက တစ်ယောက် ယောက်ကို ချောက်တွန်းချင်လျှင် ဟန်ဆောင်တတ်တာလေးတွေ လည်း ရှိတတ်၏။ ပြန်နှိုးဖို့ တော့ စိတ်ကူးလည်း ရှိသည်။ ကန်းသက်သွားမှာ လည်း ကြောက်ရသည်။

"ယွန်း"

သက်ပြင်းမောကိုချရင်း ပိုင်ဆု ခြံထဲမှာ ဆက်ဆိုင်းနေလိုက်ပါသည်။ ဆရာဝန်ကားနားထိ ဒိုးစံ ဆေးအိတ်ဆွဲပြီး လိုက်ပို့တာ မြင်တော့ မသိမသာ ထလာခဲ့သည်။ ဆရာဝန်ကားထွက်သွားတော့မှ . . .

"ယွန်းယွန်း ဘယ့်နှယ်နေလဲ"

"ဟင် . . . ကိုပိုင် မရှိဘူးမှတ်လို့ ၊ မေမေက တောင် မေးနေသေးတယ်"

"ငါနဲ့ စိတ်ကောက်သွားတာ"

"ဟုတ်လား . . . ဆရာဝန်က ဒါကြောင့် ပြောတာကိုး၊ သူ့တစ်ခုခုကို အရမ်းစိတ်လှုပ်ရှား သွားတာ ဖြစ်မယ်တဲ့ ၊ သိပ်ဝမ်းနည်းသွားသလား၊ သိပ်စိတ်ဆိုးသွားသလားတဲ့ "

"တကယ် သတိလစ်သွားတာလား"

"တကယ်လစ်တာ"

"ခု သတိရပလား"

"ခုလေးတင်ရတာ၊ အကြာကြီး သတိလစ်နေတယ်"

"ဒီလောက် ဖြစ်သွားမယ် မထင်လို့ ၊ သူ့ဘာ

ပြောလဲ"

"ခြံထဲမှာ မြွေတွေ့လို့ သိပ်ကြောက်သွားတာတဲ့"

"ဟင် . . . ငါနဲ့ စိတ်ဆိုးသွားတာ မပြောဘူးလား"

"မပြောဘူး၊ ဖေဖေက ကိုဆက်ကို ခြံရှင်းဖို့ ချက်ချင်းအမိန့်ပေးတယ်လေ၊ ရန်ကနားတို့ အဖွဲ့ ချက်ချင်းစလုပ်ရမယ်"

"အင်း . . . ခါတိုင်းဆို အတိုင်အတောက သုပ်ဘိ"

"ဟုတ်တယ်၊ ဒီတစ်ခါ ဘာဖြစ်လို့ လွှဲပြောတယ် မသိဘူး၊ ကိုပိုင် အဆူခံရမှာ စိုးလို့ ထင်တယ်၊ ကိုပိုင့်ကြောင့် ယွန်းယွန်း ဒီလိုဖြစ်တယ်ဆိုတာ ဖေဖေသိရင် မလွယ် ဘူး"

"အိမ်ပေါ်ကများ နှင်ချမလားပဲ"

"ကိုပိုင် . . . ယွန်းယွန်းကို မုန်းနေတာလား"

"အစကတော့ ကိုယ့်ညီမလေးပဲ ချစ်တာပေါ့၊ သူဆိုးလွန်းတော့ စိတ်က တစ်ခါတစ်ခါ ပျက်တယ်၊ ဒီကြားထဲ ဖေဖေက တောင်တောင်အီအီတွေ ပြောတော့ လန့်သွားတယ်"

"ကိုပိုင် ငြင်းလို့ သူတမင်ရှုံးတာဖြစ်မယ်"

"ဒါပေါ့ . . . သူ ငါ့ကိုမယူချင်ပါဘူး၊ သူ့ရဲ့လေ စိတ်ပျက်လေနဲ့ စိတ်က ပိုပိုကုန်လာတယ်၊ ဒီအတိုင်း ပိုဆိုးလာရင် မုန်းမိမလားပဲ"

"ခက်တာပဲ"

"သူ ငါ့ကိုသာ ချစ်နေတယ်ဆိုရင်၊ သနားစရာလေးဖြစ်နေမယ်ဆိုရင် ငါ့ဘက်က ငြင်းရက်စရာမရှိဘူး၊ ညီမလေး သံယောဇဉ်နဲ့ လိုက်လျောမိမှာ၊ ခုတော့ သူလုပ်နေတာတွေက ငါ့ကို ချစ်လို့ လက်ထပ်ချင်လို့ မှ မဟုတ်တာ၊ သူ

ငှဲ့ အရွဲ့တိုက်တာ၊ ပြီးတော့ ငါက သက်မာကို ချစ်နေလို့ သက်မာကိုပါ ရန်လုပ်နေတာ"

"ကိုပိုင်က သက်မာကို တကယ်ချစ်တာလား"

"ငါ လေးစားတယ်၊ အထင်ကြီးတယ်၊ လက်ထပ်သင့်တဲ့ အမျိုးသမီးအဖြစ် ရွေးတယ်၊ ဒီလောက်ပါပဲ၊ ဒါပေမယ့် ယွန်းယွန်းက အရွဲ့တိုက် ရန်လုပ်တော့ ငါအားနာလာတယ်၊ သနားလာ တယ်၊ ဒီလိုနဲ့ ချစ်မိသွားလိမ့်မယ်"

"ကိုပိုင့်ဟာက မဟုတ်သေးပါဘူး"

"ဘာကို မဟုတ်သေးတာလဲ"

"ကိုပိုင် ယောကျ်ားပါဗျ၊ မိန်းမတစ်ယောက်ကို မချစ်ဘဲ အိမ်ထောင်ပြုဖို့ ရွေးရတယ်လို့ ၊ ဦးနှောက်ကို ရှေ့တန်းတင်လွန်းတယ်၊ အဲဒါတော့ မိန်းမတွေလုပ်ဖို့ ထားပါ"

"ယောကျ်ားရော ခေါင်းမသုံးရတော့ဘူးလား"

"သုံးတော့သုံးပေါ့၊ ခေါင်းတစ်ခုတည်း သုံးရမလား၊ လူ့ကိုယ်ခန္ဓာဖွဲ့စည်းပုံမှာ ဦးနှောက်လည်း ပါတယ်၊ နှလုံးသားလည်း ပါတယ်"

"အဲဒီနှလုံးသားကို ကျောက်သားဖြစ်အောင် ပုံသွင်းခဲ့တာဖေဖေပဲ၊ မင်း ပြန်စဉ်းစားကြည့်"

ဟုတ်တော့ဟုတ်၏။ သားတွေ လူပျိုပေါက်အရွယ်မှ စကာ အချစ်ရေး၊ အိမ်ထောင်ရေးနှင့်ပတ်သက်ကာ ဖေဖေ အရမ်းဆုံးမသည် ။ ဖေဖေက အလိုလိုက်တာတွေ ဘက်မှာ ကျတော့ တရားလွန်။ လုံးဝစည်းကြပ်ထားတာတွေ ကျတော့လည်း တရားလွန် အထူးသဖြင့် တတော်သည့် ပိုင်ဆုကိုဆို လျှင် စာမှ ဘာ။ ကျောင်းပြီးတော့ အလုပ်ထဲသွင်း။

ပြောစကား သိပ်နားမထောင်သည့်
ားကြီးနှင့်သားငယ်ကျတော့ ခပ်လျော့လျော့
■ လီမွာ သည့် သားလတ်ကျခါမှ လီမွာ်ယေ တာ
င်းကျပ်လေ။ ကြာကြာနေတော့ လှုပ်တောင် မ
လှုပ်ဝံ့။ လှုပ်ဖို့ ရှားဖို့ တောင် စည်းမျဉ်းဘောင်
ထဲမှာ ပဲ လှုပ်ရှား။ ပိုင်ဆုသည့် စိုးစံတို့ ဆက်
မော်တို့ နှင့် မတူခဲ့ရသည် တော့ အမှန်ပါ။

"မင်း . . . ယွန်းယွန်းကိုရရင် လက်ခံချင်
တာ အကယ်လား ကိုစိုး"

စိုးစံ ဟက်ခနဲ ရယ်သည်။

"ပြစ်မှားစိတ်နဲ့ ဖောက်လွဲ ဖောက်ပြန် မဖြ
စ်ပါဘူးဗျာ၊ ယွန်းယွန်းဟာ ကျွန်တော်တို့ ညီမ
လေးပဲ၊ ဒါပေမဲ့ ကိုပိုင့်နေရာမှာ သာ ကျွန်
တော်ဆိုရင် ကွန်တော် မငြင်းဘူး"

"မင်းကို တစ်သက်လုံး ဗိုက်ကျနေမှာ
မကြောက်ဘူးလား၊ အိမ်ရှင်မ အရည်အသွေး
ကုံးဝ မရှိ"

"ကျစမ်းပါစေ [illegible]
ကျတယ်ဆိုတာ အသေးအဖွဲ့လေးတွေပါ၊ ကျွန်
တော်တို့ ထင်ရာလုပ်တော့ သူတို့ ဘာတတ်နိုင်
လို့ လဲ၊ ပြီးတော့ . . . ခုခေတ် အိမ်ရှင်မတွေကို
လည်း လိုက်ကြည့်ပါဦး၊ ရှေးခေတ်မိန်းမတွေ
နဲ့ ဘယ်မှာ တူတော့လို့ လဲ၊ စီးပွားထွက်ရှာရ
တဲ့ မိန်းမကျ တော့လည်း ယောကျ်ားကို
သိပ်မပြုစုနိုင်ဘူး၊ သူဌေးသမီးရတော့လည်း
အခိုင်းအစေတွေနဲ့ ပြည့်လို့၊ ခေတ်ရေစီးကြော
င်းက ပြောင်း လာပြီ ကိုပိုင်၊ ယောကျ်ားကို ရေ
ချိုးရင် ချေးတွန်းပေး၊ အကျီကြယ် သီး တပ်
ပေး၊ ငါးရိုးထွင်ပေး၊ နှိပ်နယ်ပေး ဆိုတာမျိုးကို
မိန်းမတွေ မလုပ်နိုင်တော့ဘူး၊ သူတို့ မှာ ဘာဝ
န်တွေက ရှေးခတ်မိန်းမတွေထက်
ပိုလာကုန်ပြီ၊ ကိုပိုင့်သက်မာရော အဲဒီလို လုပ်
ပေးမယ် ထင်သလား၊ ဝေးသေး"

"မင်းလိုစိတ်မျိုး ငါဘာဖြစ်လို့ မထားနိုင်တာလဲ"

"ခွကျတာကိုး"

"မင်းကလည်း"

"တကယ်ပြောတာ၊ ကိုပိုင်က ယွန်းယွန်းကို ကြောက်နေတာ မဟုတ်ပါဘူး၊ ဖေဖေ့ကို ကြောက်နေတာ၊ ဖေဖေ့ကို ဆန့်ကျင်ချင်တာနဲ့ ယွန်းယွန်းကို ခါးခါးသီးသီး ဖြစ်နေတာ"

"ဘာဆိုင်လို့ လဲ"

"စကားပုံကတော့ ခပ်ရိုင်းရိုင်းပဲ ကိုပိုင်၊ ညီအစ်ကိုချင်းမို့ ပြောရဦးမယ်၊ ခွေးများ တောင် ချောင်ပိတ်ရိုက်ရင် ပြန်ကိုက်တယ် ဆိုတာမျိုး၊ ကိုပိုင်က သားလိမ္မာ၊ ဖေဖေကလည်း လိမ္မာတဲ့ သူ အပေါ်မှာ ပိုတင်းကျပ်တယ်၊ တစ်သက်လုံး က ကိုပိုင် အောင့်ခံခဲ့ရတာတွေ ခုမှ ထပေါက် ခဲ့တာ"

ဟုတ်များ ဟုတ်နေမလား . . . ဟု အတွေးမိ ပေမယ့် ခေါင်းခါ ဖြစ်၏။

"ယွန်းယွန်းကလည်း ဆိုးကိုဆိုးတာ"

"ဖေဖေနဲ့ မေမေ ဒီလောက် အလိုလိုက် ထားတာ၊ ဒီလောက်ကလေးဆိုးတာကို ရှောတ် ဆိပ် တောင်ချသင့်တယ်၊ မိဘအလိုလိုက်ပုံနဲ့ ဆိုရင် ဖျက်စီးသွားရင်တောင် ယွန်းယွန်းမှာ အပြစ်မရှိဘူး၊ ခုဟာက . . . ကလေးဆိုးပဲ"

"ကလေးဆိုးပေမယ့် လူက လူကြီး ဖြစ်နေပြီ"

"သိပ်ခွမကျနဲ့ ကိုပိုင်၊ ထန်တင်းခက်မာနေ တဲ့ စိတ်တွေကို လျှော့တန်သလောက်လျှော့၊ အ ငယ်က ဆရာလုပ်ရတာ သိပ်တော့ မကောင်းဘူး"

စိုးစံက ရယ်၍ ပြောကာ အိမ်ပေါ်သို့ ပြန်တက်သွားသည်၊ ပိုင်ဆာ ခေါင်းချာချာ [illegible]

နေ့ရင်ခဲ့၏။ ယွန်းယွန်းထံ သတင်းမေးသွားချင်ပေမယ့် ခုချိန်မှာ မသွားသင့်သေးဟု တွေးသည်။

"ငါ . . . နည်းနည်းတော့ လွန်သွားတယ်"

လှဝီသစ္စာ ကိုယ့်ကိုယ်ကိုယ် လျှော့လျှော့ပေါ့ပေါ့အပြစ်ဖို့ ရင်း လက်မှ နာရီကို ကြည့်သည်။ ခု လောက်ဆို . . . သက်မာထံ အခဲစား ရောက်ချိန်တန်ပြီလေ။

*

ဆရာဝန်က အိပ်ရာထဲမှာ အနားယူပါ . . . တဲ့။

ယွန်းယွန်း လူကတော့ အနားယူနေပါသည်။ စိတ်က ဘယ်လိုနားနိုင်မလဲ။ ဒေါသထွက် နေရသည်။ ရှက်နေရသည်။ စိတ်နာနေရသည်။ ကြီးကော . . . ဘယ်နည်းနှင့် ကလဲ့စား ချေရမလဲ အကြံထုတ်နေရသည်။

"ကိုပိုင့်ကို မုန်းတယ်"

အရင်တုန်းက မုန်းခဲ့တာက ခင်လို့ မုန်းခဲ့တာလေ။ ယွန်းယွန်းခင်ရင် မုန်းတတ်တယ်ဆိုတာ သိတယ်မဟုတ်လား။ အခု မုန်းတာကမှ တကယ်မုန်းတာ။ ကိုပိုင့်ကို အရွဲ့တိုက်ကို တိုက်ရမှ ဖြစ် မည်။ အဲသည် လို အရွဲ့တိုက်ချင်လွန်းလို့ ကို မေမေ့ကို ပြန်မတိုင်ခဲ့တာပေါ့။

"ကိုပိုင်ပေါ့ . . . ယွန်းယွန်းကို ရက်ရက်စက်စက်ပြောလို့"

မျက်ရည်လေးတစ်စက်လောက် ကျလျှင်တောင် ဖေဖေကိုပိုင့်ကို ဆူလိုက်မယ့်ဖြစ်ခြင်း။ ဖေဖေ့ အဆူကိုလည်း မခံစေချင်ပါဘူး၊ ဘာဖြစ်လို့ တရားလိုဌားမလဲ။ ကိုပိုင်က တရားခံလေ။ ဖေဖေ့ ကို တရားလိုအဖြစ် ကိုယ်စားလှယ်နဲ့ စွဲချက်ဘာလို့ တင်နိုင်းမလဲ။ ကိုယ်တိုင်

ကို [illegible]ရှားလိုလုပ်ရမှ ။

"သိမယ် ကိုပိုင်၊ ယွန်းယွန်းအကြောင်း သိကိုသိရမယ်"

အံကလေးတကြိတ်ကြိတ်ကို မပြင်နိုင်။ တော်တော့ကိုမုန်းစရာကောင်းတဲ့ ကိုပိုင်။ ကိုပိုင့်ဆန္ဒ တွေ တစ်ခုမှ ဖြစ်မလာဖို့ လိုသည် ။ ကိုပိုင် မဖြစ်ချင်တာတွေ အကုန်လုံးဖြစ်လာဖို့ လိုသည် ။ ယွန်းယွန်း တို့ က ငယ်ငယ်ကတည်းက အဲဒီလိုလုပ်နေကျ မဟုတ်လား။

"ထွက်စမ်းပါ ဉာဏ်လေးရယ်၊ အဲဒီလူကို ဒုက္ခပေးဖို့ "

ဗေဒင်ဆရာကိုလည်း အားမကိုးချင်တော့ပါ။ အစကတည်းက ဗေဒင်တွေ ဘာတွေ သိပ်ယုံ တာလည်း မဟုတ်ပါ။ ဗေဒင်ဆရာနှင့် ဓာတ်ရိုက်ဖို့ ကြံတာကလည်း ဒါမျိုးတွေ ကိုပိုင့်မကြိုက်မှန်း သိတာမို့ [illegible] လုပ်ချင်တာ။

" သူတို့ က ပြန်လိုချင်လေ၊ လုံးဝမပေးလေ

အံသည် လို တစ်ဖက်သားနှင့် ဆန့်ကျင့်ရမှ ယွန်းယွန်း စားဝင်အိပ်ပျော်၊ နေသာထိုင်သာ ရှိတတ်တာ၊ ကိုပိုင် မသိဘူးတဲ့ လား။

"ထွက်စမ်းပါ ဉာဏ်ကလေးရယ်

ဆုတောင်းရင်းက ကိုပိုင့်မျက်နှာကို မြင်သည် ။ ပြီးတော့ သက်မာဆိုသည့် အမျိုးသမီးကို မြင်သည် ။ ကိုပိုင်နှင့် ယွန်းယွန်းကို ဖေဖေက ရည်ရွယ်သည် ဆိုတုန်းက ကိုပိုင့်စကားထဲမှာ သက်မာ မပါ။ သက်မာအကြောင်းကိုပြ၍ မငြင်း။ ကိုပိုင်လို လူမျိုးက တမင်တကာ ထိမ်ချန်ထား တာတော့ မဖြစ်နိုင်။

"အဲဒီတုန်းက ဘာမှ မဖြစ်ကြသေးဘူးထင်တယ်၊ ဒါဆိုမှန်းလွှန်းလို့ ၊ ရည်းစားတ[illegible]

[illegible] လို့ ကမန်းကတန်း ကောက်ထားလိုက်တာ ပေါ့၊ ယွန်းယွန်းတို့ က ဘယ်သူ့အကြောင်းမှ ခံခဲ့တာ မဟုတ် ဘူး ဦးရွှေပိုင်"

ကလေးလေးလို နေခဲ့သူမို့ ကလေးတွေး လေးပဲ တွေးသည် ။

"ကိုပိုင့်အတွက် အမုန်းစစ်ဆင်ရေး

ကိုယ့်ဘာသာ နာမည်ပေးကာ စိတ်တိုင်းကျသွားရသည် ။ ကိုပိုင့် စော်စော် ကားကား စကား တွေကို သဘောကောင်းလွန်းလို့ ပြန်မတိုင်တာ မထင် နဲ့ ရှင်ရေ . . .

"ယွန်းယွန်းလေ သိတယ်မဟုတ်လား၊ သူများ လို မဟုတ်ဘူး

အဲသည် နေ့က ဖြစ်ရပ်က စတွေးမှ ၊ အမုန်းစစ်ဆင်ရေးကြီးကို လုပခမ်းနားစွာ အ [illegible] အတည်ဖော်နိုင်မည် ထင်သည် ။

"တကယ်ဆို . . . [illegible] မနေပါဘူး

*

စင်စစ် . . . ဤပြဿနာများကို ဦးကျော်ထိုက် စခဲ့သည် ဟု ဆိုရမည်။ ဦးကျော်ထိုက်က ပြဿနာကို စတင်ရာ၌ သက်မာကိုသာ ပိုင်ဆိုင်ကျွမ်းခင်မင်စွာ မရလိုက်လျှင် ဦးကျော်ထိုက် စသည့် ပြဿ နာ ခုလောက်ထိ မပြေမလည်ဖြစ်ချင်မှ ဖြစ်လာမည်။

သို့မဟုတ် . . . သက်မာသည် နောင်နောင် ဆိုသည့်ကောင်လေးကို ပြုစုဖို့ အခွင့်အရေး ရှိချင်မှ ရှိမည်။

ခုတော့ . . . သက်မာဆိုသည့် အရွယ်ရောက်ပြီးသား အမျိုးသမီးတစ်ဦးသည် ဆယ်ကျော် သက်ရွယ် ကလေး စိတ်မကောင်း နေသးသည့် ယွန်းယွန်းလို ဒီဆိုးမသေး [illegible]

ယှဉ်ကြည့်ဖို့ ရာ အ ကြောင်းများက တိုက်ဆိုင် လာခဲ့ကြပါ၏။

★

အမှန်းနိဒါန်းစ



ဟောင်

ပထမဆုံး ခံစားမှုက မယုံကြည်နိုင်လောက်အောင် အံ့ဩခြင်းပါ။ မိမိနားနှင့် ဆတ်ဆတ် ကြားရခြင်း မဟုတ်ပါပဲ၊ တစ်စုံတစ်ယောက်က လာပြောသည် ဆိုလျှင် သည် စကားကို မယုံရေးချ မယုံ။ အို . . . နည်းနည်းလေးမှ ယုံနိုင်စရာမရှိ။

"ဒီစကားကို ကိုပိုင် ပြောတယ်၊ တကယ်ပဲ ပြောတယ်

အံ့ဩရလွန်းသည် မို့ မိမိနားနှင့် ကြားခဲ့ရသည့် စကားကို ပင် သေချာအောင် ကိုယ်တိုင်

မေးခွန်း ပြန်ထုတ်ရသည် ။ ကြည့်လေ . . . ကိုပိုင် ပြောသည့်စကားက . . .

"ယွန်းယွန်းကို ကျွန်တော် ဘယ်လိုမှ လက်မထပ်နိုင်ပါဘူး ဖေဖေ " . . . တဲ့ ။

ကိုပိုင် ဒီလိုငြင်းလိမ့်မည်ဟု ယွန်းယွန်း ဘယ်လိုမှ ထင်မထားခဲ့ပါ။

"ကိုပိုင်နော် . . . ဖေဖေက တွေ့ကရာတွေပြောရင် အပြတ်သာငြင်း၊ လက်ခံလာခဲ့ရင် အသိပဲ၊ ဟောဒီမှာ ကြည့် "ဟုဆိုကာ လက်သီးနှင့်တောင် ပိတ်ရွယ်ပစ်ဖို့ စဉ်းစားထားပြီးသား။ ကိုပိုင် ဆိုသည့် "ပိုင်ဆုထိုက်" ၊ ဖေဖေ့ ဒုတိယမွေးစားသားက သားတွေထဲမှာ အလိမ္မာဆုံး။

ဖေဖေပြောလျှင် ဘယ်တုန်းကမှ ငြင်းလေ့မရှိခဲ့တာ။ အလိမ္မာဆုံးမို့လည်း ဖေဖေ့ အချစ်ဆုံး ဖြစ်နေရသူလေ။

"သမီးလေးတစ်ယောက်တည်းမွေးပြီး၊ သားတစ်ယောက်မှ မရှိလို့ ၊ လောဘကြီးကြီးနဲ့ သားချည်းသုံးယောက်ဆက်တိုက်မွေးစားခဲ့တာ၊ ဟိုနှစ်ကောင် ကြည့်ရတာ သိပ်သုံးလို့ ရမယ့် ပုံမပေါ်ဘူး၊ ပိုင်ဆု တစ်ကောင်ပဲ

ဖေဖေက သည် သို့ပြောတိုင်း မေမေက ခေါင်းလေးတညိတ်ညိတ်နှင့် ထောက်ခံရမြဲပါ။

"အစစ်ပဲ . . ., ပိုင်ဆု တကယ်လိမ္မာတယ်" . . . တဲ့ ။

ဖေဖေနှင့် မေမေတို့ အလိမ္မာစံချိန်တင်ထားသူက တစ်သက်နှင့်တစ်ကိုယ် ဖေဖေ့ စကားကို မငြင်းစဖူး ငြင်းပုံထူးလှချည်။ ပြီးတော့ . . . ငြင်းပုံက တကယ့်ကို တူးတူးခါးခါးလေ။ သူမျက်နှာ ကြီးကို ရှုံ့မဲ့ထားလိုက်တာ ရစရာတောင် မရှိတော့။

ဒါ . . ဒီလောက် ဖြစ်စရာလား။

[illegible]ကို ပိုပြီးတော့ ကျွန်တော် သုံးပြုခွင့်ပါရစေ မေမေ၊ ဘယ်လိုမှ မဖြစ်နိုင် ပါဘူး

ယွန်းယွန်း၏ အံ့သြလွန်းခြင်း ခံစားမှုတွေ ပြေးထွက်သွားကြ၏။ သည် နေရာမှာ ဒေါသတွေ ကအစားထိုးဝင်ရောက်သည် ။ ရင်နှင့်အပြည့်ပါပဲ။

"အဲဒီအတွက် မေမေ ပေးချင်တဲ့ အပြစ်ပေး [illegible] ဒီအိမ်ကြီးပေါ်က မောင်းချရင်တောင် ကျွန်တော် ဆင်းသွားပါ့မယ်၊ ကျွန်တော့ကို ခွင့်လွှတ်ပါ မေမေ

ကြည့်စမ်း . . . ကိုပိုင် သိပ်ကိုလွန်ပြီ။

ဒါမျိုး ဘာရလို့မလဲ။ နာမည်က နုနုယဉ်နု [illegible] ယွန်းနွယ်ပေး "လို့ မေမေချစ်စနိုး မှည့် [illegible] ယွန်းယွန်းတို့ က အပျော်စား အ သုံးစား ဘာမှ မဟုတ်တာ။

ခေါ်လာလိုက်တာ။

ရင်ထဲမှာ ဆတ်ဆတ်ခါအောင် [illegible] ဝင်စစ် . . . ယွန်းယွန်းကလည်း [illegible] နေ တာ၊ လက်ထပ်ချင်နေတာမဟုတ် [illegible] နှင့် ယွန်းယွန်းတို့ က တကယ့်ကို [illegible] လို့။ အစ်ကို သုံးယောက်ထဲမှာ ကိုပိုင် [illegible] ဘာအကောင်းဆုံးနှင့် ယွန်းယွန်းသည်း [illegible] ည်းကို အခံဆုံးမို့ တခြား အစ်ကိုတွေ [illegible] တောင် ပိုပြီး ရင်းနှီးခင်မင်သေးသည် ။

သည် စကားတွေကို ကိုပိုင်မို့ ရက်ရက် [illegible] စက် ပြောထွက်ပါဘိခြင်း။

ကိုမိုနီခန်းဆီးစ ထူထူကြီးကို ဆ[illegible] ယ်ဖယ်လိုက်သည် ။ ယွန်းယွန်း [illegible] မေမေ ရော ကိုပိုင်ပါ ဆတ်ခနဲ [illegible] ၏။ ဒေါသအနီးအရှေ့များ [illegible] နီးနီး မျက်ဝန်း များ နှင့် ယွန်းယွန်း [illegible]

လေ၏။

"ဟော . . . ယွန်းယွန်း

ဖေဖေက သမီးမျက်နှာကို အားနာပါးနာ ကြည့်ရှာ၏။

"ဒီမှာ ဦးရွှေပိုင်

ယွန်းယွန်း ခါးထောက်လျက် ကိုပိုင့်နားသို့ လှစ်ခနဲရောက်လာသည် ။

"တကယ်လည်း စော်ကားလိုက်ပါလား

ကိုပိုင် ခေါင်းငုံ့ချသည် ။

"မိန်းကလေးတစ်ယောက်ကို သမီးရှင်က နားချတာ ဒီလောက် ခါးခါးသီးသီး ငြင်းဆန်ခြင်း ဟာအဲဒီမိန်းကလေးကိုရော သမီးရှင်ကိုပါ အစွမ်းကုန် စော်ကားလိုက်တာပဲ

"ဟဲ့ . . . ယွန်းယွန်း

ဖေဖေက တစ်ချက် လှမ်းဟန့်သည် ။

ယွန်းယွန်း ဖေဖေ့ကို လှည့်မကြည့် အားပေ။ ဒေါသအမျက်ချောင်းချောင်းထွက်၊ ဆိုသည့် စကားက ခုမှ သရုပ်ပေါ်လွန်းနေ၏။

"ဒီကလည်း ကြိုက်နေတယ် မထင်ပါနဲ့

ဖေဖေက မျက်စိမျက်နှာပျက်ဆဲနှင့် အသံတိတ်နေသည် ။ ကြည့်ပါဦး ၊ ဖေဖေ ဘယ်လောက် ရှက်ရှာမလဲ။ ဖေဖေ့ကိုမှ အားမနာ၊ ဖေဖေ့ ကျေးဇူးတွေကိုမှ မထောက်ညှာ။ ကိုပိုင် သွေးကွဲစွာ ရက်ရက်ပြတ်တောက်လွန်း၏။

"ဖေဖေ့ စကားဆိုရင် ကိုပိုင်ခေါင်းညိတ်တတ်လွန်းလို့ ငြင်းခိုင်းဖို့ စိတ်ကူးနဲ့ လာချောင်းနားထောင်တာ သိလား

ခါးတွင် ထောက်ထားသောလက်ကို ဖြုတ်ချ၊ နီးရာကုလားထိုင်တစ်ခုပေါ်မှာ ယွန်းယွန်း သူ့ကိုယ်သူ ပစ်ချသည် ။ ဆိုဖာစပရင်က အိခနဲ နိမ့်ဝင်သွားလေ၏။

"ရှိုးရှိုးသားသားငြင်းရင် ဒီလို စိတ်မဆိုးပါဘူး။ ကျေးရူးတောင် တင်ဦးမှာ

ယွန်းယွန်း အမှန်စကားကို ပြောခြင်းပါ။ ယွန်းယွန်း ရင်ထဲမှာ လည်း ကိုပိုင့်ကို ချစ်ခင်စွဲလမ်း နေတာမှ မဟုတ်ဘဲ။

"ခုတော့ ငြင်းပုံ တူးတူးခါးခါး၊ ယွန်းယွန်း ထိုးရှား အနေအဝဲကျလို့

"ဆောရီး . . .ယွန်းယွန်း

ပိုင်ဆုထိုက်က ယွန်းယွန်းကို တစ်ချက်မော့ကြည့်ကာ မျက်နှာနွမ်းနွမ်းနှင့် ပြောသည် ။ ခုလို . . . မျက်နှာစုံညီကြီးဆိုတော့ ယွန်းယွန်းကို အားနာမိပါသည် ။ သနားလည်း သနားသွားရသည် ။ ယောကျ်ားလေးတစ်ယောက်၏ ငြင်းဆိုမှုကို ခံရရှာသည့် မိန်းမသား။ ရှက်ရှာမယ်လေ . . . သူ စိတ်ဆိုးတာ ဘယ်လွန်ပါ့မလဲ။

" [illegible]

ဘယ်ဟာကို ဆောရီးတာလဲ

"ငါ့စကားက ယွန်းယွန်းကို စော်ကားသလို ဖြစ်သွားလို့

ကိုပိုင် စကားပြောလျှင် သူကိုယ်သူ "ငါ" ဟု ပဲ သုံးတတ်သည် ။ ဖေဖေ့ မွေးစားသား အကြီး ဆုံး ဆက်မော်ထိုက်ကလည်း "ငါ"ဟု သုံးလေ၏။

"အဟင်း . . . ဟင်း

ယွန်းယွန်း ခနိုးခနဲ့ ရယ်သည် ။ မျက်နှာကို မဲ့ပြ၏။

"ငါ့မှာ ရှင်းပြစရာတွေ အများကြီးရှိနေတယ်၊ ဖေဖေ့ကိုလည်း ရှင်းပြမယ့် ဆဲဆဲပင်

"ဟုတ်ကဲ့ရှင့်၊ ဆင်ခြင်ဆင်လက် ဆင်နှုတ်ချက်တွေ ဘယ်လိုပဲတပ်တပ် ဆိတ်တစ်ကောင်ဟာ ဆင်ဖြစ်မလာပါဘူး

"ဒီလောက် ဒေါသမကြီးပါနဲ့ ယွန်းယွန်း၊ ငါ ရှင်းပြဦးမယ်

"တော်ပါပြီ ကိုပိုင်၊ အစ်ကိုတွေထဲမှာ ကိုပိုင့်ကို ယွန်းယွန်း အချစ်ဆုံး၊ အခု အမုန်းဆုံး ဖြစ်သွားပြီ သိလား၊ တစ်သက်လုံး မုန်းတယ်

စကားအဆုံးမှာ ယွန်းယွန်း ချာခနဲ လှည့်ထွက်သွားတော့သည် ။

မွေးပွဲကော်ဇော်ကြီးများ ခန်းလုံးပြည့် ခင်းထားသည့် မှ ယွန်းယွန်း ဘယ်လောက်ပြင်းထန်စွာ ခြေဆောင့်ပေမယ့် အသံမမြည် ပါ။ ဆောင့်အောင့် ထွက်သွားသည့် ယွန်းယွန်း ကျောပြင်ကိုသာ ပိုင်ဆုထိုက် ငေးကြည့်ကျန်ရစ် သည် ။

ညီမလေးတစ်ယောက်လို သိပ်ချစ်ပေမယ့် သည် လိုတာတေလန် မိစ္ဆာ ဆတ်စလူးကို အိမ်သူ သက်ထားနေရာမှာ ဘယ်လိုလုပ်ထားကြည့်နိုင်ပါမလဲ။ အတွေးထဲမှာ ဝေဝါး [illegible] သည် ။ ယွန်းယွန်း ဆိုသည့် မိန်းမလေးသည် စွာ၏။ တာတေလန်အောင် ဆိုး၏။ သူ့ကို အနိုင်ယူ နှံ့ဆိုး များ ဖြင့် လွှမ်းမိုး၏။ အိမ်ထောင်ရယ်လို့ ဖြစ်လာသည့်တိုင် အရှိအသေ တန်လိုက်မည့်ဖြစ်ခြင်း။

ပိုင်ဆုထိုက် အကြီးအကျယ် စိတ်ပျက်လေ၏။

★

"ယွန်းယွန်းကို ကျွန်တော် ညီမလေးအရင်းလို ချစ်ပါတယ်

"အင်း . . . ဆိုပါဦး

"ကျွန်တော် ဘယ်သူနဲ့ ပဲ အိမ်ထောင်ကျကျ ၊ ယွန်းယွန်းလည်း ဘယ်သူနဲ့ ပဲ အိမ်ထောင်ကျကျ ယွန်းယွန်းကို တစ်သက်လုံး ကူညီစော

ငှ်ရှောက်သွားဖို့ ကျွန်တော် ဆန္ဒရှိပါတယ်

ဦးကျော်ထိုက်က ခေါင်းတစ်ချက် ညိတ်သည်။

"ယွန်းယွန်းဟာ ကျွန်တော့်ညီမလေးမို့သာ ချစ်နေရတာ၊ မပတ်သက်တဲ့ သူစိမ်းမိန်းကလေး ဆိုရင် ကျွန်တော် အပေါင်းအသင်းတောင် မလုပ်ချင်ပါဘူး

"မင်းအမြင်မှာ ယွန်းယွန်းဟာ ဒီလောက်ပဲ ဆိုးသလား

" ဆိုးပါတယ် ဖေဖေ၊ သူစိတ်ကြိုက်နဲ့ မတွေ့ရင် ဒီအရွယ်ကြီးပေမယ့် အာခေါင်ခြစ်ပြီး ငိုလိုငို၊ ထုရိုက်ဆွဲဆိတ်၊ သိပ်ဗိုက်ကျတာတွေ

"သူ့အမေကလည်း ဒီသမီးလေးတစ်ယောက်တည်းဆိုပြီး အရမ်း အလိုလိုက်တယ်လေ

"သူ့တစ်ဖက်တည်း သူကြည့်တယ်၊ အရွယ်နဲ့ လိုက်တဲ့ အသိဉာဏ် မဝင်ဘူး၊ ဘာ... ရှုံး တတာ မရှိ ဘူး

ပိုင်ဆု စကားတွေမှန်ကြောင်း ဦးကျော်ထိုက်က ရှုကြီးမို့ သိသည်။

"ယွန်းယွန်း လုပ်တတ်တာ ဘာတစ်ခုရှိသလဲ၊ အချက်အပြုတ် ၊ အချုပ်အလုပ်၊ စည်းကမ်း ကလနားလည်း လုံးဝမရှိဘူး

"ငယ်သေးတာကိုးကွ

"ဗိုက်ဆံသုံးတာ ကြည့်ဦးမလား အလကားနေရင်း သူငယ်ချင်းတွေနဲ့ လျှောက်လည်ရှပ်ရှင်ကြည့်၊ ဘယ်နေရာမှ အဝိုးကျိုးလို့ ... ဖေဖေ

ဟာ . . . တွယ်လှချည်လား။

စောစောက ယွန်းယွန်း ရပ်နားထောင်နေခဲ့သည့် ခန်းဆီး ထူထူကြီးနားမှာ ဆ...

သိ ခနေ့ကြက်နေသည် ။ ရှေ့ပိုင်းမှာ ဘာတွေပြော ကြမှန်းတော့ မသိပါ။ ပိုင်ဆုတိုက်က ဖေဖေ ဦးဆောင်ထိုက် ရှေ့မှာ ယွန်းယွန်း အပုပ်ချပွဲကြီးကို အားမနာ ပါးမနာကျင်းပနေ သည် ။

ဖေဖေ့ကို အားနာဖို့ အလွန်ကောင်းသည် ။

ယွန်းယွန်းက ဖေဖေ့သမီး၊ ဆက်မော်၊ ပိုင် ဆုနှင့် စိုးစံတို့ က မွေးစားသားတွေ၊ ယွန်းယွန်းညံ့ ဖျင်းမှုတွေကို ဖေဖေ့ရှေ့ ဘွင်း ဘွင်းကြီး ပြောချလို့ ကောင်းနိုင်ပါ့မလား။

"ဒီကောင်ကလည်း အပြောရဲလိုက်တာ

ဆက်မော် ခန်းဆီးကြားမှ ထွက်လာသည် ။

"ဖေဖေ့ရှေ့မှာ ဘာတွေပြောနေတာလဲ ကို ပိုင်

ဆက်မော်က မျက်နှာရိပ် မျက်နှာကဲဖြင့် ဆ က်မပြောရန်တားဆီး၏။ သူတို့ သုံးယောက်ကို ဖေဖေ က တစ်မြို့စီ၊ တစ်နေရာစီမှ ခေါ်ယူမွေး စားခြင်းပါ။ ညီအစ်ကိုသုံးယောက်ဟု ဆိုနိုင်ပါပြီ။ စင်စစ် . . . သွေးသားမတော်စပ်ကြပါ။

သို့ပေမဲ့ သမီးရင်းတစ်ဦး ရှိနေသူ မိဘမျိုး ထံတွင် မွေးစားသား လာဖြစ်ကြသူများ မို့ အ လိုလို နေရင်း သွေးစည်းရင်းနှီးသွားရသည် ။

"ကိုပိုင်က စိတ်ရင်းကောင်းသလောက် စ ကားပြောမချိုတတ်ဘူး ဖေဖေရဲ့

ဆက်မော်က ဖာဖာထေးထေးဆိုသည် ။

"ရပါတယ်ကွာ၊ သားအဖချင်းပဲ

အဲသည် လို ချစ်စရာကောင်းသည့် ဖေဖေပါ။ မွေးစားသားက သူ့သမီးညံ့ဖျင်းမှု တွေ ဖွင့်ပြော နေတာတောင် စိတ်မဆိုးပါ။ မျ က်နှာက ခပ်ပြုံးပြုံးပါပဲ။ ရှက်လို့ ဟဲ ပြုံးနေသ

လား မသိ။

“ကိုပိုင် ပြောတာတွေကလည်း အမှန်ချည်းပဲဟာ

“မင်းကလည်း နည်းနည်းပါးပါး သက်သက်သာသာပြောပါလား

“ကျွန်တော် စကားလုံး မရွေးတတ်ဘူး ကိုဆက်

“နေပါဦး၊ မင်းက ယွန်းယွန်း ဆိုးတာတွေ ဖေဖေ့ကို တိုင်နေတာလား၊ မင်းပြောတဲ့ အကြောင်းအရာတွေက ယွန်းယွန်းအဖို့ အဆန်းမှ မဟုတ်တာ၊ တစ်သက်လုံးက ဒီလိုပဲဟာ

“တိုင်တာ မဟုတ်ပါဘူး၊ ကျွန်တော် လက်မခံနိုင်တဲ့ အတွက် အကြောင်းပြနေတာပါ

ဘာကိုလက်ခံနိုင်ရမှာ မို့လဲ။ ဆက်မော် မျက်နှာကို အတွန့်ချိုး၍ စဉ်းစားသည် ။ ဖေဖေ ပိုင်း စကားများကို မကြားလိုက်သည့် မို့ ဆက်မော် နားမလည်ပါ။ ဘာအကြောင်းကြောင့်ပဲ ဖြစ်ဖြစ်ပေါ့ လေ၊ ဖေဖေ့ရှေ့မှာ ဒီလောက်ကြီးတော့ ပြောချဖို့ မကောင်း။ ဒီကောင် ဘာဖြစ်လို့ ဒီလောက်ပြောချရဲ တာလဲ။ ဒီလောက် အပြောရဲတာကို ဖေဖေကရော ဘာဖြစ်လို့ အပြုံးမပျက် နားထောင်နေနိုင်တာတဲ့ လဲ။ စိတ်မဆိုးဘူးလား။ ရင်ထဲမှာ မျှား ကျိတ်နာသွားမလား။ ခက်တဲ့ ကောင်ပဲ၊ ရှေ့နောက်ကို ဘာမှ မစဉ်းစားဘူး။ ပိုင်ဆု မျက်နှာကို တည့်တည့်ကြည့်ကာ ဖေဖေ မကြားနိုင်သည့်နည်းဖြင့် မျက်နှာရိပ် မျက်နှာကဲကို ပဲပြ၍ တားနေရသည် ။

“ယွန်းယွန်းဟာ တကယ့်ပေါက်ကျော်မပဲ ဖေဖေ

“ကိုပိုင်

[illegible] ။ ခက်ကြီးရ ဦး လေးက နေပါလား ဟိုပိုင် ။ မင်း . . . အလိုက်က န်း ဆုံးဒီလောက်မှ မသိတတ်ဘူးတဲ့ လား။ ပိုင်ဆုက ဆက်မော်ကို မကြည့်ပါ။ ဖေဖေ ဦးခေါင်းထိုက်ကိုပဲ ကြည့်နေသည် ။

ပိုင်ဆု မျက်နှာ ပျက်ချင်းတိုင်း ပျက်နေသည် ။

"ယွန်းယွန်းကို ကျွန်တော် ညီမလေးလို သိ ်ချစ်ပါတယ်။ ဒီထက် နည်းနည်းလေး လျှော ချစ် မိရင်တောင် ကျွန်တော်အလကားနေရင်း ဆွဲထိုး ဖနောင့်နဲ့ ပေါက် လုပ်နေမိမှာ

"ဟား . . . ဟား

ဖေဖေရယ်၏။

ဆက်မော် တော်တော်လေး သက်သောင့်သက်သာ ရှိသွားရသည် ။ ဖေဖေ ရယ်နေရှာသားမ။

"ခုတော့ ညီမလေးလေးသို့ မိဆိုးလေးကျွန် ကျွန်တော် ချစ်ကြီး အလိုလိုက် သည်းခံနေနိုင်ပါတယ်"

"လက်မခံနိုင်တာ အဲဒါတွေကြောင့်လား

"ဟုတ်ကဲ့

ပိုင်ဆု ခေါင်းညိတ်သည် ။

"ယွန်းယွန်းလို မိန်းကလေးမျိုးဟာ ကျွန် တော့်ညီမလေးသာ မဟုတ်ရင် ကျွန်တော့် သူ ယ် ချင်းအဖြစ်တောင် မရင်းနှီးချင်ပါဘူး၊ ဖေ ဖေ ပြောတဲ့ အတိုင်း ဖြစ်သွားရင် သူ ကျွန် တော့်ကို အမြဲအနိုင်ယူ ဆိုးသွမ်းနေမှာ ဖေဖေ

ဖေဖေက ဘာပြောလို့ ပါလိမ့် . . . ဟု တွေး ရင်း ဆက်မော်ရေးတေးတေးလို သဘောပေါ က် သည် ။

"ကျွန်တော်လည်း ဘဝပျက်မှာ ပဲ၊ အရှုံး

... ဖွေ ... လုံးပြီး သူ့အလိုလိုက်နေရ ... ကန်သက်လုံး လူမွေးလူတောင် ပြောင်မှာ မဟုတ်ဘူး

"ဒီလို ကိုဆက်ရ . . . ဖေဖေက ယွန်းယွန်းကို ကိုပိုင်နဲ့ ပေးစားချင်တယ် ပြောနေတာကွ

"ခင်ဗျာ

ဆက်မော် အံ့သြသွားရ၏။

"ယွန်းယွန်းသည်းညည်းကို ကိုပိုင်မှ ခံနိုင်မယ်ထင်လို့

"အဲဒါကို မင်းက ငြင်းနေတာလား ကိုပိုင်

"ဟုတ်တယ် ကိုဆက်၊ ကျွန်တော် လက်မခံနိုင်ဘူး

"မင်းကွာ . . . ဖေဖေ့ကိုမှ အားမနာဘူး

"အိမ်ထောင်ဆိုတာ အားနာပါးနာကျသင့်ဘူး ကိစ္စမှ မဟုတ်တာ

"ဒါပေမဲ့ . . .

"ဟင့်အင်း ကိုဆက်၊ ကျွန်တော် ငြင်းပြီးပါတယ်

"ခက်တော့တာပဲ

"ဖြည်းဖြည်း စဉ်းစားသေးတာပေါ့လေ

ဦးကျော်ထိုက်က အည့်ခန်းအွင်းမှ ခပ်ဖြည်းဖြည်းပဲ ထွက်သွားလေတော့သည်။

✦

"ဖေဖေ စိတ်မကောင်း ဖြစ်သွားပုံရတယ်

ဆက်မော်က အကြီးအကျယ် မျက်နှာပူမိနေသည်။

"မေမေ သာသိရင် ယမ်းပုံမီးကျဖြစ်မှာ

ပိုင်ဆု ရင်ထဲမှာ ထောက်ခံလိုက်မိသည်။

ဖေဖေက သားတွေကို အရေးပေး ဆက်ဆံ

တက်ပေမယ့် မေမေက ခပ်မှန်မှန်ပင် နေတော်သည်။ မိမိ တာဝန်ယူစောင့်ရှောက်ရမည့် ဆွေမျိုးသားချင်းတွေလို သဘောထားသည်။

ပေးစရာရှိပေး၊ ကျွေးစရာရှိကျွေး၊ ဖေဖေ့နယ် တရင်းတနှီး လက်ပွန်းတတီး မရှိပါ။ ပြီးတော့ . . . ယွန်းယွန်းကို ထိလျှင် တစ်စက်ကလေးမျှ သည်းခံနိုင်သူ မဟုတ်ပါ။ မွေးစားသားတွေ တစ်ယောက်ပြီးတစ်ယောက် အိမ်ပေါ်ရောက်လာကတည်းက . . .

"တခြားဘာမှ ပြောစရာမရှိဘူး၊ ယွန်းယွန်းကို အလိုလိုက်ဖို့ နဲ့ ယွန်းယွန်း စိတ်ညစ်အောင် မလုပ်ဖို့ ကိုတော့ အမြဲသတိထားနေပါ" ဘွင်းဘွင်းကြီး ပြောချခဲ့ပါ၏။

"နေပါဦး၊ မင်းက ယွန်းယွန်းကို လက်မခံနိုင်တာ တခြားအကြောင်း ရှိသေးလား

"ဘာကိုပြောတာလဲ ကိုဆက်

"မင်းမှာ ချစ်သူတွေ ဘာတွေ . . .

"ဟာ . . . ဘယ်ကရှိမှာ လဲ

ပိုင်ဆု ရှက်ကိုးရှက်ကန်း ငြင်းလေ၏။

"ဒါဖြင့်လည်း ဒီလောက်ငြင်းစရာ မလိုဘူးထင်တယ်၊ ယွန်းယွန်း ဆိုးတာတွေက ကလေးဆိုးပဲဟာ

"အဲဒီကလေးဆိုးကို ကိုဆက် ဘယ်နှခါအနှအတာခံချင်မလဲ

"အေးကွ . . . ဒါတော့ ဟုတ်တယ်

စနေနေ့ လိုမျိုးဆို ဆက်မော်တို့ ၊ စိုးစံတို့ မိုးမလင်းမီကတည်းက ကိုယ်ရှောင်ဖျောက်၊ အလုပ်မရှိ အလုပ်ရှိကာ ရှောင်နေမြဲပါ။ ယွန်းယွန်းက . . .

"ဗိုက်ချုပ်ဈေးသွားမယ်၊ အကျီစတွေ ဖြတ်မယ်၊ ဆံပင်ကောက်မယ်၊ မျက်နှာပေါင်းတင်မ

ယ် ဦးရင် . . . စက်ဆိုင်မှာ တစ်ခါတည်း ဝင်ခဲ့မယ်

သည် လိုပြောလျှင် တစ်နေကုန်ပြီသာမှတ်။ ယာဉ်မောင်းရှိပေမယ့် အစ်ကိုတွေကိုပဲ ကျိတိုက် သည် ။

"ဦးလေးကြီးနဲ့ သွားပါလား

"ဘာလို့ သွားရမှာ လဲ၊ ဈေးထဲလျှောက်တော့ အဖော်မှ မရှိတာ

"နင့်သူငယ်ချင်းတွေနဲ့ ချိန်းပေါ့

"ဘာလို့ ချိန်းရမှာ လဲ၊ သူတို့ နဲ့ က မိန်းမချ င်း

"ဟ . . . မိန်းမချင်းမို့ ပိုကောင်းတာပေါ့

"ဘယ်က ကောင်းရမှာ လဲ၊ မိန်းကလေးတစ်ယောက်အလှပြင်ထားတာကို ယောကျ်ားလေး အမြင်နဲ့ လှမလှ ဆုံးဖြတ်နိုင်းချင်တာ၊ ကိုဆက် လိုက်ပို့"

"ဟာ . . . ငါမအားဘူး၊ သွားစရာရှိတယ်"

"ဒါဖြင့် ကိုစိုး"

"ချမ်းသာပေးပါ၊ ဖြူတီပါလာထဲမှာ ၄တ်တုန်ထိုင်စောင့်ရအောင် ငါက ရှောက်သီးဆေးပြား သည် မှ မဟုတ်တာ၊ သူငယ်ချင်းတွေနဲ့ စာစုကျက်ဖို့ လည်း ချိန်းထားတယ်"

"ကိုပိုင် လိုက်ပို့တော့ ၊ မရဘူး ငြင်းမယ်မကြံနဲ့ "

ပိုင်ဆုက ဆက်မော်တို့ စိုးစံတို့လို မလျှင်၊ ညာလည်း မပြောတတ်၊ သွားစရာ မရှိပါဘဲ ရှိ သည် ဟု လည်း ပြောမထွက်။

"မပို့ချင်ဘူးဟာ၊ ငါ ရှက်တယ်"

"ဘာလို့ ရှက်ရမှာ လဲ၊ သူများ ပိုက်ဆံ နိုး

[illegible] မျှော်တာ၊ မေမေရေ . . . ကိုပိုင်က မပို့ဘူးတဲ့ "

အော်တိုင်ကာ အာခေါင်ခြစ်၍ ငိုတော့၏။ မျက်ရည်မထွက်ဘဲ အသံကုန်ဟစ်နေသည့် မို့သ နားစရာထက် ချဉ်စရာက ပိုကောင်းနေရသည်။ ပြီးတော့ . . . သည် အရွယ် မကြီးမငယ်နှင့် သည် လို ငိုပြပုံက လိုက်ဖက်သတဲ့ လား။

ကလေးပေါက်စဆိုလည်း ချစ်စရာလေး ဖြစ်ကောင်းဖြစ်မည်။

"ပို့လိုက်ပါ ကိုပိုင်၊ မင်းက သွားစရာမှ မရှိတာ"

မေမေ့ အသံက ချိုသလိုလိုပေမယ့် ယင်းလေးချိုသည် အမိန့်ပါပဲ။ အဲသည် လို နေ့မျိုးဆိုလျှင် ပိုင်ဆု တကယ်ပင် သေပစ်လိုက်ချင်သည်။ မသေဖြစ်သေးသမျှ ဒုက္ခခံပေရော့။ ညီမအငယ်ဆုံးလေး ကို ချစ်တာ၊ ဖေဖေ မေမေတို့ ကျေးဇူးကို သိတတ်နားလည်ရအောင်တွေကိုသာ ဖယ်ရှားလိုက်ရလျှင် ယွန်းယွန်းသည် ချဉ်စရာတာတေလန်မမို့ စိတ်ပျက်စရာ ကောင်းလှချေ၏။

"အေးလေ . . . မင်းက သည်းခံလက်စရှိတာမို့ ငါကပြောတာ"

"ကိုဆက်နဲ့ ဆိုရင်ကော ကိုဆက်လက်ခံမှာ လား"

"ငါသာဆိုရင် မငြင်းဘူး ကိုပိုင်၊ လိုချင်လွန်းလို့ တော့ မဟုတ်ဘူး၊ ဖေဖေနဲ့ မေမေကို အားနာ လို့၊ ပြီးတော့ ခါးခါးသီးသီး ငြင်းလောက်အောင်လည်း မဆိုးဘူးထင်လို့ "

ပိုင်ဆု ခေါင်းခါသည်။ ဘယ့်နှယ်မဆိုးရမှာလဲ။ ပိုင်ဆု အနေနှင့် ယွန်းယွန်းကို လက်ထပ်ဖို့ မည်သို့မျှ စိတ်ကူး၍ မရပါ။ မျက်စိထဲမှာ သျှ

[illegible]သလိုမျိုး ကလေးပေါက်စလို ချစ်ဖို့ ပဲ ကောင်း သည်။

"အိမ်ထောင်ရေးဟာ ဒီလောက် တိမ်တိမ်လေးတွေးလို့ ဘယ်ရပါ့မလဲ ကိုဆက်ရာ"

"အတွေးနက်လွန်းတော့လည်း အလုပ်မဖြစ်ဘူးကွ"

"ဟော . . . ကိုဆက်နဲ့ ကိုပိုင် ဘာတွေ ကျိတ်တိုင်ပင်နေကြတာလဲ"

ခိုးစံထိုက်က ဧည့်ခန်းတွင်းသို့ ခုန်တော့ ပေါက်တော့မည့် ပုံစံဖြင့် ဝင်လာရင်း မေးခွန်းပ· တစ်ခါတည်း ထုတ်သည်။

"လိုက်တယ် . . . ယွန်းယွန်းက မင်းနဲ့ တော့ အလိုက်ဆုံးပဲ"

"ဘာလိုက်တာလဲ . . . ကိုဆက်"

ဆက်မော်က ဖေဖေ့ဆန္ဒကို ပြောပြလိုက်သည်။

"ဟာ . . . ကိုပိုင်ကြီး ပွတာပဲ"

"ဘာ . . . မင်းက ဘာကိုပွတာပဲ ရတာတုန်း"

"မိန်းမလည်း ရမယ်၊ အမွေလည်း ရမယ်၊ ကိုယ့်ဘက်က ဘာနာစရာရှိလဲ"

"ဒါကြောင့် မင်းနဲ့ ယွန်းယွန်းနဲ့ လိုက်ပါတယ်လို့ ပြောတာ"

"နေပါဦး . . . ယွန်းယွန်းက ဘာတဲ့ လဲ"

"ယွန်းယွန်းက ဘာတဲ့ မှ မလဲဘူး၊ ကိုပိုင်က အိမ်ပေါ်ကဆင်းသွားမယ်တောင် ပြောနေပြီ"

"ညံ့ပါ့ ကိုပိုင်ရာ၊ လူချွင်းလဲလို့ မရဘူးလား"

"မင်းက ကြိုက်လို့ လား"

"ကြိုက်လို့ တော့ ဘယ်ဟုတ်ပါ့မလဲ၊ မိန်းမ ကောင်း သိပ်ကြိုက်စရာမလိုပါဘူး၊ ဘယ်သူ ယူယူ မိန်းမဆိုတာ မိန်းမဒုက္ခတော့ ပေးမှာ ပဲ"

"အေးကွ . . . အဲဒါ ဟုတ်တယ်"

ဆက်မော်က ထောက်ခံသည်။

"သိပ်ဟုတ်တာပေါ့၊ မုညံ့မွမ်စီလုပ်မယ်၊ ငွေ ဖြုန်းမယ်၊ ယောက်ျားကို ညြဖာပေးမယ်၊ ဘယ် မိန်းမပဲယူယူ အဲဒါတွေကျ အတူတူပဲ၊ နားပူမှာ ချင်း တူတူပဲဟာ၊ ယွန်းယွန်းယူလည်း မဆိုးပါ ဘူး"

ပိုင်ဆုက ထိုင်နေရာမှ ထရပ်သည်။

"ဒါကဘယ်လဲ"

"ခြံထဲဆင်းမလို့၊ မနေ့က ပျိုးထားတဲ့ အပ င်လေးတွေ ရေသွားလောင်းဦးမယ်"

"ဒီမှာ ယွန်းယွန်းအကြောင်း ပြောရတာက က် ပိုပြီးစိတ်ဝင်စားသေးလား"

"ဒါပေါ့ . . . ယွန်းယွန်းကိုလက်ထပ်ဖို့ ဘယ် လိုမှ စိတ်မဝင်စားဘူး"

"ကိုပိုင် . . . တကယ်နော်"

"အေး . . ."

"ဒါဖြင့် ကျွန်တော့်ပြောပေး"

ဆက်မော်၏ အာမေဋိတ်သံက ပိုကျယ်၏။

"မင်းကြိုက်လို့ လား"

"ပြောပြီကော . . . အိမ်ထောင်ပြုတဲ့ အခါမှာ ဦးနှောက်ကို ကြပ်ကြပ်သုံးပေးရင် ချစ်တာတွေ ကြိုက်တာတွေ မလိုပါဘူးလို့"

ဖိုးစံ၏ စကားမဆုံးမီပင် ပိုင်ဆု အိမ်ရှေ့တံခါးသို့ ရောက်နှင့်၏။ ဖိုးစံနှင့်ဆိုတော့လည်း သဘော မတူနိုင်ပြန်။ မသကာ ကိုဆက်နှင့် ဆို

မှ ပျော်တုတ်တုတ်ရယ်။

*

"ဟဲ့တ် . . . ကန်မကလေး၊ ခွေးရှိဒယ်"

မာလီရန်ကနား၏ အလန့်တကြားသံကြောင့် ပိုင်ဆု ခြံဝသို့ လှည့်ကြည့်လိုက်၏။

အမျိုးသမီးတစ်ဦး။

အမျိုးသမီးတစ်ဦးဟု ပဲ ဆိုရမည်။ သူမက ဆယ်ကျော်သက်ချာတိတ်မလေး အရွယ်မဟုတ်။ ဆံရုံမှုကား မောင်းတက်ထိုးထားပေမယ့် သေသေချာချာ မထားသည့် ခြံတံခါးကို သူမ ရဲရဲတင်းတင်း ဖွင့်ဝင်လာပုံက သူ့အိမ်သူ ပြန်လာသလိုပါပဲလား။

ဘယ်က အမျိုးသမီးပါလိမ့်။

"ဝေါင်း . . ."

ဖောဖောက ဘယ်ချောင်မှာ ခိုနေမှန်းမသိ

သည့် ရော်ကျာက ဟိန်းခနဲ ဖျက်လေသည် ။ ရော်ကျာ ဟောင်လျှင် မည်သည့်အခါမျှ "ဝုတ် . . . . ဝုတ်" သံမထွက်ချေ။ သူ့အသံက ကျားဟိန်းသံတမျှ ကြောက်စရာကောင်း၏။ အကောင်ကလည်း ထွား၏။ ပြီးတော့ အင်းခွေးကြီးမို့ မျက်နှာထားကလည်း ဆိုးသည် ။ ယွန်းယွန်းက ဆိုလျှင် ပိုင်ဆုခွေးကြီး 'ရော်ကျာ'ကို . . .

"မျက်နှာကလည်း မှုန်ကုပ်ထားလိုက်တာ သူ့သခင်အတိုင်းပဲ၊ ဟွန့် . . . ဆယ့်နှစ်ရာသီမှုန်ကြီး"ဟု ခေါ်တတ်ချေ၏။ ရော်ကျာကို မည်သည့်သူစိမ်းမဆို သွေးပျက်မတတ် ကြောက်ကြ၏။

"ရော်ကျာ"

ပိုင်ဆု အသံကိုမြင့်၍ ခေါ်လိုက်သည် နှင့် ရော်ကျာ ရောက်သည့်နေရာမှ တုံ့ခနဲရပ်သည် ။

... ငြိုသမီး လွှကျကြီး သတိပဲလစ်နေပြီ ... ။ အသင်နှင့်အမြင်က လုံးဝ လွဲလေ ...

သမီးသမီးက ခြံဝင်းထဲသို့ တော်တော် ... ငင်ပြီးနေပြီ၊ ကွန်ကရစ်ကားလမ်းဘေး ... တောင့်တောင့်လေး ရပ်နေသည် ။ ... သုံးပေခန့်အကွာတွင် ... ဘာကစ်ခြေစုံရပ်ကာ ပေစောင်း စောင်းကြ ... နေသည် ။ ပိုင်ဆုနှင့် ရန်ကနားတို့ ... ... သို့ လှည့်၍ ခန့် ပြိုင်တူရောက်လာသည် ။

"..."

ရန်ကနားက ... လည်ပတ်ကို ဝင်ဆွဲ ... သည် ။

"... မှာ ဘာလ်ရှိသေးပဲ၊ နင်အရမ်းဝင်လာရ ... ကန်မကလေး၊ ခွေးဆွဲမယ်နော်၊ နင်တ ... ဖြစ်မယ်"

ရန်ကနား၏ ... အမျိုးသ ... မီးက ခန့်ခန့်ကလေးပြုံးသည် ။

"ခွေးရှိရင် ကြိုးချည်ထားဖို့ ... ကောင်းတာပေါ့၊ ကိုက်တတ်တဲ့ ခွေးဆိုတာ ... တ်ထားလို့ ဘာယ် ဖြစ်မလဲ"

"နားဒိုခြံထဲ နာဒိုလွှတ်ထားတာနော်၊ အပြ ... စ်မရှိဘူး"

"ခုလို လူဝင်လာတော့ အချိန်မီမထိန်းနိုင်ရ ... င် ခွေးဆွဲမှာ ပေါ့"

"ဟေး . . . နင် ဘာလို့ ဝင်လာသလဲ"

"ကိစ္စရှိလို့ လာတာ"

"သူများ ခြံထဲ စွတ်မဝင်ရဘူးလေ၊ ဝင်ခွင့် ... တောင်းရတယ်"

"ဒီခြံထဲကလူတွေရဲ့ အကူအညီကိုလိုချင်လို့ ... လာတဲ့ သူ ဆိုရင်တော့ ခြံရှင်ရဲ့ ...

...ကို ဆက်ရှုမယ်ဆို ဝင်ခွင့်တောင်းရမယ် ... အကူအညီပေးဖို့ လာတဲ့ သူပဲ၊ ခွင့်တောင်းစရာ မရှိဘူး"

"နာဒို့ အကူအညီမလိုဘူး"

ရန်ကနားနှင့် အမျိုးသမီးတို့ အချီအချ ပြောနေကြ သည် ကို ပိုင်ဆု ခပ်လှမ်းလှမ်းမှ ကြည့်နေ သည် ။ အမျိုးသမီးက သတ္တိတော်တော်ကောင်းပုံရ၏။ ခွေးကြီးတစ်ကောင်လုံး ခုန်းခန့် ရောက်လာပုံ ကမိန်းမသားမဆိုထားနှင့် ... ကောက်ရိုတန်ရုံယောက်ျား သားတောင်တန်းခ... ချင်စရာ။ သူမကတော့ တုံ့ခန့်ခြေစုံ ရပ်ကား ခပ်တည်တည်ပါပဲ၊ သည်းထိတ်ရင်ဖို လန့်သွားဟန်လည်း မရှိ။

ပြီးတော့ သူက အကူအညီပေးဖို့ လာသည် ဆို... ဝင်ခွင့်တောင်းစရာမလိုဘူးတဲ့။ အင်း.. မိန်းမသားအများ စုတွင် ကြုံခဲ့ဆုံခဲ့မည့် အမျိုးအစားထဲက ကောင်မလေး။

"ဒီအိမ်မှာ ဦးပိုင်ဆုထိုက် ဆိုတာ ရှိသလား"

သူမ မျက်နှာက ပြုံးသည့်ချိုသည့်ဘက်သို့ ရောက်ပါသည် ။ ပျူငှာဖော်ရွေလိုသည့် သဘောကို ဆောင်ထားသည် ။ သို့ပေမဲ့ စကားလုံးနှင့် လေယူလေသိမ်းတို့ က တိကျပြတ်သား၏။

"ရှိတယ် ... ရှိတယ်၊ အဲဒါ ကိုပိုင်ပဲ"

ရန်ကနားက ပိုင်ဆုထံသို့ လက်ညှိုးထိုးပြသည် ။

"ကျွန်တော် ပိုင်ဆုပါ၊ ဘာကိစ္စရှိပါသလဲခင်ဗျ"

ပိုင်ဆု ရှေ့သို့ရောက်လာကာ အမျိုးသမီးနားတွင် ရပ်၍ နှုတ်ဆက်ပြုံးကိုပြုံးသည် ။

...ကိုမှာပါ နဲ့ ကားလိုင်စင်ကောက်ရလို့ ... သိန္နဲ့ လာပို့တာပါ"

"ဟာ ... ကျေးဇူးတင်လိုက်တာ"

ပိုင်ဆုရှေ့သို့ လက်ကမ်း၍ လှမ်းပေးနေသည့် သက်ကိုင်သားရေ အိတ်ပြားလေးကို ပိုင်ဆု ဝမ်းသာအားရ လှမ်းယူသည်။ မျက်နှာတစ်ခုလုံးလည်း ရွှင်ခနဲ ချိုသွားအောင် ပြုံးပြလိုက်သည်။ တကယ့်ကို ကျေးဇူးတင်မိလေ၏။ မှတ်ပုံတင်တို့ ၊ ကားလိုင်စင်တို့ ဆိုတာက ပျောက်သွားပြီဆိုလျှင် အသစ်ပြန်လုပ်ဖို့ လွယ်ကူလှသည် မဟုတ်ချေ။

"ကျေးဇူးပါပဲခင်ဗျာ၊ ဝမ်းလည်း သာပါတယ် အိမ်ပေါ်ကိုကြွပါဦး"

"နေပါစေတော့၊ ရှင့်ပစ္စည်းတွေသာ စစ်ကြည့်ပါဦး"

ပိုင်ဆုက သားရေအိတ်ပြားလေး၏ ဇစ်ကို ဆွဲဖွင့်သည်။ ရန်ကုန်ကနားက ... သွား ပြီမို့ အမျိုးသမီးက စိတ် ... ရ၏။ တောတောင်ပိုင်းကတော့ ဘယ် ... မကြောက်ဘူး ပြောပြော၊ တောင့်တောင့်က လေးတော့ ရပ်နေမိသည် သာ။

သက်သောင့်သက်သာ ဖြစ်သည် မို့ ရပ်နေသည့်ဟန်က နွဲ့လျသွားသည်။ ပိုင်ဆု၏ ပန်းဆိုးမျက် စိက ကိုယ်လုံးအလှကို ကွက်ခနဲမြင်၏။

"ဟိုနေ့က ကျွန်တော် ခါးပိုက်နှိုက်ခံရတာယ် ထင်တာခင်ဗျ"

ပြောရင်းက အိတ်ပြားလေးထဲသို့ နှိုက်၏။

အဲသည် နေ့က လူကလည်း ရှုပ်သည်။ ပိုင်ဆုကိုယ်တိုင်ကလည်း မေ့ဆသွားသည် ဟု ဆိုရ မည်။ လက်တစ်ဝါးခန့် မရှိတရှိ အိတ်ပြားလေးကို ဘောင်းဘီနောက်ဘက်ထဲမှ ယိုးထည့်မိ၏။

[illegible]နဲ့ ကိုရင် ယူသွားမှာ ပေါ့၊ မ သက်သာသော ရွက်ကျခဲ့တာမို့သာ ကျွန်မ ကောကာရ တာပေါ့"

သက်ရွှေးစင်ကာဖိုးထဲသို့စင်ခါနီး ဝေါခနဲ ပြုဆင်းလာသည့် ရုပ်ရှင်ကြည့်ပရိသတ်ကြီးကြားထဲမှာ သူနောက်ဘက်အိတ်ထဲက သားရေအိတ်ကို မည်သူနှင့်တိုက်မိပြီး ရွက်ကျသွားမှန်း မသိ လိုက်ပါ။ ရုပ်အကျီအိတ်ထဲမှာ ခုနှစ်ဆယ့်ငါးကျပ်တန် တစ်ရွက်ကျန်ခဲ့သေးလို့ သာ ဆိုင်ထဲတွင် အရှက်မကွဲခြင်းဖြစ်လေ၏။

အိတ်ပြားလေးထဲတွင် ခုနှစ်ဆယ့်ငါးကျပ်တန် ငါးရွက်ရှိသည် ကိုတော့ မှတ်မှတ်ရရရှိ၏ ငါးကျပ်တန်၊ ကျပ်တန်နှင့်အကြွေစေ့တွေကိုတော့ မမှတ်မိပါ။ သိပ်လည်း များ သည် မှ မဟုတ်တာ။

"ရှိပါတယ်ခင်ဗျ။ ဒီမှာ မှတ်ပုံတင်လေး ကားလိုင်စင်ပါ"

"ပိုက်ဆံတွေလည်း စစ်ကြည့်ပါဦးလေ"

အားနာပါးနာနှင့် ပင် ပိုင်ဆု ဘုတ်ကြည့်သည်။ ခုနှစ်ဆယ့်ငါးကျပ်တန် ငါးရွက်နေသည်။

"ဟုတ်ကဲ့ စေ့ပါတယ်"

ပြောပြောဆိုဆို ခုနှစ်ဆယ့်ငါးကျပ်တန် ငါးရွက်ကို ဆွဲထုတ်သည်။

"ဘယ်လိုမှ သဘောမထားပါနဲ့ ခင်ဗျာ၊ ကျေးဇူးလည်း အရမ်းတင်ပါတယ်၊ လမ်းစရိတ် လို့ ပဲ သဘောထားပါ"

ပိုင်ဆု ကမ်းပေးသည့် ခုနှစ်ဆယ့်ငါးကျပ်တန် ငါးရွက်သည် မြေပြင်သို့ မွေးခနဲကျလေ၏။ လက်ဝါးတစ်ဖက်က ပုတ်ချလိုက်သည်

“ပိုက်ဆံအိတ်တစ်ခု လမ်းပေါ်ကကောက်ရလို့ ၊ ပိုင်ရှင်ထံကို တာဝန်သိသိလာပို့တာပါ၊ လိပ်စာကလည်း ပါနေတော့ ရှာရလွယ်တယ်လေ၊ ဟိုဘက်ခြံကိုလည်း လာစရာရှိလို့ လမ်းလည်း ကြုံနေတာပါ၊ လမ်းစရိတ်မကုန်ပါဘူး”

စကားကို မရိုင်းအောင် ယုအောင်ကြည့်ပြောပေမယ့် မျက်နှာပြင်ကဒေါသဖြင့် ရဲခနဲ ဖြစ်သွား သည် ။

“ဟာ . . . ဆောရီး၊ ကျွန်တော် တောင်းပန်ပါတယ်၊ ကျေးဇူးတင်လို့ ပါ”

မိမိအပြုအမူက တစ်ဖက်သားကို စော်ကားသလို ဖြစ်သွားပြီမို့ ပိုင်ဆု တကယ်ပဲ အားနာသွား ရသည် ။

“ကျေးဇူးတင်တယ်ဆိုရင် ဆပ်ခွင့်ကြုံတဲ့တစ်နေ့မှာ ပြန်ဆပ်ပေါ့၊ မဆပ်လည်း ရပါတယ်”

“ဟုတ်ကဲ့ . . . ဆပ်ခွင့်ကြုံပါစေလို့ ဆုတောင်းပါ့မယ်”

“ကျွန်မ သွားတော့မယ်”

“ကောင်းပါပြီ၊ ကျွန်တော့်အပြုအမူ ရိုင်းသွားရင် ခွင့်လွှတ်ပါ၊ နာမည်လေး တစ်ဆိတ် လောက် ကျွန်တော် ကျေးဇူးတင်လို့ ပါ”

“ကြုံတဲ့ အခါတော့ ပြောတာပေါ့”

အမျိုးသမီးက လာလမ်းအတိုင်း ချာခနဲ လှည့်ပြန်သည် ။ ပိုင်ဆု အားနာလွန်းစွာ ငေးကြည့် ကျန်ရစ်လေ၏။

“အင်း . . . တကယ့်မာနနဲ့ သတ္တိခဲထဲကပဲ”

မှတ်ချက်တစ်ခုကို ချပြစ်သည် ။ ရင်ထဲမှာ ကျေနပ်ကြည်နူးသွားမိ၏။ ပိုင်ဆု၏ [illegible]တ်ကို ကသည် လိုအကျင့်စရိုက်မျိုးကို သဘော

105/880

ကျတတ်လေ၏။

"မလိုဘဲ အသိမပြောဘူး၊ အပိုမလုပ်ဘူး၊ အိမ်က ရွှေယွန်းနွယ်တို့ နဲ့ များ ဖြင့်ကွာပါ့"

ယွန်းယွန်းတို့ ကတော့ မလိုဘဲပြော၊ အပို ... ယွန်းယွန်းနှင့် ပတ်သက်လာသမျှ အပြောအဆို အမူအရာ အကုန်လုံးသည် အပို တွေချည်းဟု ပိုင်ဆုမြင်၏။

ဘာခင်အားဖြင့် ကြုံလိုက်ရသူ အမည်မသိ ကျေးရူးရှင်မလေးကို ပိုင်ဆု လေးစားချီးကျူးမိ လိုက်ပါတော့သည်။

"ဟဲ ဟဲ ...ရယ်ရတယ်၊ သိပ်ရယ်ရတာပဲ ... ဟင်းဟင်း"

သည် အသံကို ကြားလိုက်ရကတည်းက ဂြိုဟ်ဆိုးဝင်ပြီမှန်း သိလိုက်၏။ ဗေဒင်မေးစရာ မလိုပါ။ ရာဟု ဂြိုဟ်နှင့် စနေဂြိုဟ် နှစ်လုံးပူး ဝင်ပြီဟု သာ ပြောချင်တော့သည်။

"[illegible]"

လက်သီးဆုပ်ကာ ... [illegible] ကျသည်။

"နာတာယ်ဟု "

"နာအောင်ထုတာ၊ နာတယ်ဆိုတော့ ယွန်းယွန်း ရည်ရွယ်ချက် အောင်မြင်ကာပေါ့"

ပိုင်ဆု သက်ပြင်းမောကို ချ ဖြစ်၏။

ဒီချာတိတ်မ သူ့ကို ငြင်းထားသည် မို့ စိတ်ကောက်ပြီး မခေါ်လည်း နားငြီးသက်သာတာ ပဲ ဟု ထင်ထားပေမယ့် တစ်နေ့ ဘူးသည် နှင့် အရင်အချိုးပြန် ဖြစ်၏။ ရှက်ရကောင်းမှန်း နာရကောင်း မှန်းလည်း မသိပါတော့။

အသိဉာဏ်ပြည့်ဝံ့သည့် လူကြီးတစ်ယောက်အနေနှင့် ဆိုရသော်အရှက်မှည်းနှာ သည်းခြေ ကင်း၏။ ရိုးသားဖြူစင်သည် ...

လေးတစ်ယောက်သာနေမှာ [illegible] ၏ [illegible] ပေါ်နှင့်သော [illegible] စရာကောင်းလောက် အောင် နိုးသားရှာ၏။

ငင်ခင် ယွန်းယွန်းကို လူကြီးအုပ်စုထဲ သွင်း၍ ရေသလို ကလေးအုပ်စုထဲမှ မထုတ်သေးဘဲ ထားလို့ လည်း ဖြစ်သည်။ ဆယ်ကျော်သက်နှင့်တော့လည်း လူကြီးတစ်ပိုင်း ကလေးတစ်ဝက်အရွယ်ပဲ လေ။

"ဘယ်ထွက်သွားတာလဲ၊ ယွန်းယွန်း၊ စကားပြောမယ့်ဥစ္စာလာနားထောင်ရမှာ ပဲ"

"နေပူတယ်ဟ"

"ဩော် ... ဩော် ... အဲဒီနေက စောစော တုန်းကတော့ ပူရှာတော်မမူဘူး"

စောစောတုန်းက သည် နေရာမှာ ပဲ ဗိုင်ဆု နှင့် အိုးအဖိုးသမီးတို့ ရပ်၍ စကားပြောခဲ့သည်ကို [illegible]ယွန်း တစ်နေရာရာကတွေ့သွားကြော င်းလေးများ၏။

"လာပါဟ ... [illegible] စောကလည်း ပူတော့ပူ [illegible] သာ တာပေါ့၊ ကြာတော့ လည်း [illegible] လဲ"

"ယွန်းယွန်းတောင် နေပူထဲမှာ ပဲဥစ္စာ"

"လိမ္မာပါတယ် ညီမလေးက၊ ပီတောက်[illegible] မှာ ထိုင်မယ်၊ ပြီးရင် နင်ပြောချင်တာပြော [illegible] က သည်းခံခွင့်လွှတ်နားဆင်ပေးမယ်၊ ဟုတ်လား"

"ရပါတယ် ... ရပါတယ်၊ ဒီလောက်တော့ ယွန်းယွန်းတို့ က သဘောထားကြီးပါတယ်"

ဗိုင်ဆု လက်မောင်းကို လာဆွဲကာ ဒေ[illegible] ဆွဲလုနီးပါး နို၍ လိုက်လာသည်။ ယွန်းယွန်း သည် လို ကလေးဆန်တာလေးတွေ [illegible] ယ် မိဆိုးလေးအဖြစ် ချစ်စရာလေးတွေ...

... ယွန်းယွန်းကို ပိုင်ဆု ချစ်ပါသည်။ မွေးချင်းအရင်းအချာ မရှိသည့် ဖိုလည်း သနား သည်။

သို့ပေမဲ့ အိမ်သူဇနီးအဖြစ် ဘယ်လိုလက်ခံနိုင်ပါ့မလဲ။

*

"ကဲ . . . ပြောတော့"

"သိပ်ရယ်ရတာပဲ"

"ဟုတ်လား . . . ဟား ဟား ဟား"

ပိုင်ဆု အော်ရယ်သည်။

"ဒါ ဘာဖြစ်တာလဲ"

"ရယ်ရတယ်ဆိုလို့ ရယ်လိုက်တာ"

"ကိုပိုင် ရယ်ရတာမဟုတ်ပါဘူး။ ယွန်းယွန်းရယ်ရတာကို ပြောတာ"

"ဒါဖြင့်လည်း ရယ်လေ"

"အပြီး . . ."

ရော် . . . ခက်သည့် ဝေါက်ကျော်မ။ အဖျို အရွယ်လေးပဲ၊ ခိုးခိုးခစ်ခစ် ချစ်စရာလေးများဖြစ် အောင် ရယ်ပါတော့လား။

"ယွန်းယွန်း ရုပ်ရှင်တကား ကြည့်လိုက်ရတယ်"

"အဲဒီကားက ရယ်ရတာလား"

"ဒါပေါ့ . . . ဓာတ်လိုက်မင်းသားက မင်းသမီးကို မျက်လုံးကြီးပြူးပြီး ခေါ်တောတစ်သိန်းအားနဲ့ ကြည့်တယ်"

"အင်း . . ."

"အဲဒါ ဘယ်လောက်ရယ်ရသလဲ"

"ငါဖြင့် နည်းနည်းမှ မရယ်ရဘူး"

"ကိုပိုင်ကတော့ ဘယ်ရယ်ရမလဲ၊ အဲဒီမင်း

သားက ကိုပိုင်ပဲဟာ"

"ဘာ"

"စောစောကလေ တွေ့လိုက်ပါတယ်၊ ဦးပိုင်ဆုတို့ မျှား မိန်းကလေးတစ်ယောက်ကို တွေ့ပြီး ပြုံးပြထားလိုက်တာ အောက်သွားတွေ အစ်ချောင်းမှ မရှိဘူး"

"ဟင် . . . နင် . . . ငါ့ကို နွားပြာကြီးလို့ ပြောတာလား"

"ယူသော်ရ၏ . . . တဲ့"

"နင့်ကို အဲဒါတွေကြောင့်မုန်းတာ၊ ကြီးမှန်းမသိ ငယ်မှန်းမသိ စကားပြောသိပ်ရိုင်းတာပဲ"

"ဟင် . . . ကိုပိုင်"

ယွန်းယွန်း မျက်လုံးဝိုင်းလေးနှင့် ကြောင်ဒူးစူးငေးကြည့်သည် ။ မျက်ဝန်းအိမ်မှာ မျက်ရည်စတွေ အိခနဲဝိုင်း၏။

"ကိုပိုင်ကို နွားနဲ့ နှိုင်းချင်တာ မဟုတ်ပါဘူး"

သည် စကားကို အွတ်မျှောင်းညှင်သာစွာ ပြောသည် ။

"ကြားမှူးထားတဲ့ စကားပုံတစ်ခုကို အကောင်းလုပ်ပြီး သုံးကြည့်တာ"

အဲဒါသာကြည့်တော့ . . ။ ပိုင်ဆု ရယ်ချင်သွားရ၏။

"ယွန်းယွန်း ရိုင်းသွားရင် တောင်းပန်ပါတယ်"

"ဟာ . . . ငိုတာကိုး၊ မငိုပါနဲ့ ယွန်းယွန်းရ"

ပါးပြင်ပေါ်သို့ စီးကျလာသည့် မျက်ရည်စများကို ယွန်းယွန်းက လက်ခုံဖြင့်သုတ်၏။ သနပ် ခါးကို ညီညီပြေပြေလိမ်းပြီးမှ ပါးကွက်နှစ်ခုထပ်တင်ထားသည့် ပါးဝင်းဝင်း

1137880

ပေါ်မှာ မျက်ရည်စက်တို့ ဖြင့် ဟိုကွက်သည် ကွက် ဖြစ်လျက်နေ၏။ သည် လိုဆိုတော့လည်း ပိုင် ဆု ရင်ထဲက မကောင်းနိုင်ပါ။

"ဟဲ့ပါ . . .ငါ ဘယ်လိုမှ သဘောမထား တော့ပါဘူး၊ မငိုနဲ့ တော့၊ မေမေမြင်ရင် စိတ်မ ကောင်းဖြစ်နေဦးမယ်"

မေမေက သူ့သမီးကိုသာ မျက်ရည်စက်လ က်နှင့် တွေ့လိုက်ရလျှင် ယွန်းယွန်းက ဘာမှ မ ဖြစ် ဘဲမေမေက သတိများ တောင်လစ်မြော သွားနိုင်၏။ သမီးကို အဲသည့် လောက်ထိ သ ည်းသည့်မေမေ။

"ငိုတာနဲ့ တောင်းပန်တာက တစ်ကန့်စီပါ ကိုပိုင်"

"ဖေဟာ . . ."

မျက်ရည်စတွေက သနပ်ခါးပါးကွက်ကြား များ ပေါ်တွင် မသွေ့ခြောက်သေးပါ။ သို့ပေမဲ့

၊ ငိုမျက်ဝန်းက ချက်ချင်းကြီး တင်းမာခက်ထ န်သွားသည်။

"ဒီမှာ ကိုပိုင်"

"ဘာတုန်း"

"ယွန်းယွန်းကို မုန်းသတဲ့ လား၊ ရပါတယ်၊ မုန်းပါ . . . အဲဒါ"

"ဟာ . . . ဟော့ . . .ဟော့"

ခါးသားအရေပြားကို လိမ်ဆွဲတော့ နားလ ည်နာ၊ ယားလည်း ယား၏။

"မုန်းလိုက်ဦးကွ"

နားရွက်ကို ဖျာအမှတ်နှင့်များ လိပ်ပစ်သ လားမသိ။ ပူထူကာ မခံနိုင်အောင် နာလွန်း၏။

"မုန်းဦးလေ"

နာသီးဖျားလေးကို ဆွဲညှစ်တော့ ပိုင်ဆု မျ က်ရည်များ ပင်ဝဲသည်။

"ကောင်း . . . ဟောင်း . . . ကိုယ့်ညီမလေးကို မုန်းတဲ့ အစ်ကို၊ အဲဒါ သက်သက်ညှာညှာ ဒဏ် ပေး တာ သိလား"

ပိုင်ဆု နားရွက်နှင့် နားခေါင်းတို့ နီရဲကာ နာ လှ၏။ ခါးသားဗိုက်ခေါက်က နီမနီ မသိရပေမ ယ့် သူလည်း နာသည် ပင်။

"အရမ်းပဲဟာ"

"မုန်းပြန်ပလား"

"ပိုတောင် မုန်းသွားသေးတယ်"ဟု ပြောမိ လျှင် ထပ်လိမ်ဆွဲခံရဦးမှာ မို့ ပိုင်ဆု ရှောင်နေလို က်ရ သည်။

အဲဒါတွေပေါ့ ပိုင်ဆု မကြိုက်တာ။

အစ်ကိုတွေက မွေးစားသားတွေမို့ သွေး သားမတော်စပ်မှန်းလည်း သူအသိ။ အရွယ်က လေး ကလည်း ရ လာပြီ။ ခုလို . . . ကျောထု ဗို က်ခေါက်လိမ်ဆွဲ၊ ပန်းမှာ ထိုးလေးနှိပ်လိုက် ဆို တာမျိုး၊ လက်မွန်းတာတီး တရှင်းကန်း ဆိုတာ မျိုးတွေ မလုပ်သင့်ဘူးဆို တာလောက်တော့ သိဖို့ ကောင်းသည်။

အသိဉာဏ်ကိုက ဖျင်း၏။

ပိုင်ဆု မျက်မုန်းကျိုးစွာ တွေးမိသည်။ အစ ကမှ မယူချင်ရသည့်အထဲ၊ ခုဆို စိတ်ကုန်၏။ စိတ်ပျက်၏။ "ဒီကောင်မလေးကို မယူရင် အား နဲ့ ခုတ်သတ်မယ်" ဟု ဖေဖေက ပြောလာလျှင် တောင် သူ့ကိုမယူဘဲ အသေခံဖို့ ဆုံးဖြတ်ချက် ကျလေ၏။

"ကိုပိုင်က ယွန်းယွန်းကို မယူချင်ဘူးလို့ ဖေဖေ့ဆီမှာ ငြင်းထားတာလေ"

"အဲဒါ ဘာဖြစ်စလဲ၊ ခုပိုတောင်ငြင်းဦးမယ်" . . . ဟု ရင်ထဲမှာ ကျိတ်ပြောလိုက်သည်။ ဖွင့် ပြောဖို့ တောင် စိတ်မရှိတော့သည် ထိ စိတ်ကု

ကိုပိုင့်သန္တကို ဆန့်ကျင်ရရင်းပြီးရော၊ ကိုပိုင် ဝိတ်ဆင်းရဲအောင် လုပ်ရရင်းပြီးရော၊ ဒီမှာ ကိုပိုင် … ယွန်းယွန်းကတော့ မငြင်းပါဘူး ဖေဖေရယ် … လို့ ကို ပြောဦးမယ်၊ ကိုပိုင် ပြောမယ် ဖေဖေက ဒေါသတွေထွက်ပြီး ငယ်ငယ်တုန်းကလို ထရိုက်တာမျိုးများ ဖြစ်ရင် ဝင်ဆွဲလိမ့်မယ် မထင်ပါနဲ့ ၊ အတို အဆောင်သေသေချာချာ လုပ်ပြပါ့မယ်"

လက်ညှိုးငေါက်ငေါက်ထိုးကာ စိတ်တိုင်းကျ ရန်တွေ့ပြီးမှ ကျောကို အုန်းခနဲ တစ်ချက် အုပ်ခဲ့ကာ ခွေးရူးလိုက်ခံရသည့်နှယ် ပြေးထွက်သွားလေတော့သည် ။ ပိုင်ဆု ခမျာ နင့်ခနဲ ပြဲခါကာ ကျောအောင့်၍ ကျန်ရစ်ခဲ့၏။

"ခွေးဆိုးမလေး"

ယွန်းယွန်းမကြားနိုင်တော့မှန်း သိပေမယ့် တစ်ပေါက်ကျည်းပေါက်နှင့်။ ကျန်နိုင်ခဲ့ရာ တော့ သည် ။

"နင့်ကို ယူမယ့်အစား ငါကိုယ်ငါ သတ်သေမယ်"

သည် ကလေးဆိုးကို အိမ်ရှင်မနေရာတွင် ဘယ်လိုထားရမလဲ။

"တော်တော် အီသွားသလား ကိုပိုင်"

စိုးစံ ရုတ်တရက် ရောက်လာ၏။

"မင်းတွေ့လိုက်သလား"

"ဟုတ်ကဲ့ . . . ခါးရော၊ နားရွက်ရော၊ နားခေါင်းရော ကျောကုန်းဆိုတာတော့ တဗုန်းဗုန်းပဲ"

"အေးလေ . . . အသားနာမတော့ ဒေါသထွက်တယ်၊ ဖေဖေတို့ မေမေတို့ မျက်နှာကိုသာ ထောက်ရရင် ဖနောင့်နဲ့ လိမ့်ပေါက်ပြီးမှ လည်

[illegible]ချင်ကြလို့"

"[illegible]ဆိုးတဲ့ ကောင်မလေး၊ ကြီး လေ ဆိုးလေပဲ"

"မိန်းကလေးတဲ့ ကွာ လျှပ်စီးကို လက်နေ သလားပဲ၊ လမ်းလျှောက်ရင်လည်း အပြေးအလွှား၊ စိတ်ကလည်း အရူးသာသာရယ်"

"မေမေ အလိုလိုက်လွန်းလို့ ဒီကောင်မလေး ပျက်စီးနေတာ"

"ဒါနဲ့ များ တောင် မင်းက ယူချင်သေးသတဲ့"

"ကျွန်တော်က ကိုပိုင့်လို နှိပ်စက်မခံရအောင် ကြည့်ရှောင်တတ်တယ်"

"တော်ပါပြီကွာ၊ သူ့အကြောင်း စိတ်ကိုပျက် ရော"

ပိုင်ဆု ရင်ထဲမှာ ချက်ကျွင်စူးရှသည် အထိ ချဉ်တူးမိလေ၏။ [illegible] ည် ဖို့ သူရှိန်းစိုင်းမှုလေသာအတွက် [illegible] သွားသည့် ကောင်းကွက်ကလေးကိုပင် အမှတ် မပေးချင် တော့ပါ။

ဘယ်သူ ဒီလောက် သည်းခံနိုင်ပါ့မလဲ။

*

ရုတ်တရက်ဆိုတော့ . . .

"ဒီအမျိုးသမီးကို မြင်ဖူးလိုက်တာ"

သည် လောက်ပဲ တွေး ဖြစ်၏။ ဟိုရက်တွေ အတွင်းမှာ လည်း မေမေ့ ပျောက်ပျောက်ပဲ လေ။

"မှတ်မိပါတယ်နော် ဦးပိုင်ဆု"

နဲ့နဲ့ ကလေးရုပ်ကာ ချိုလှသည့် အပြုံးနှင့် ပေမယ့် စူးရှထက်မြက်သည့် မျက်ဝန်းတွေကို တွေ့လိုက်ရမှ ချက်ချင်းကြီး မှတ်မိသွားရလေ

၏။

"ဟာ . . . မှတ်မိပါတယ်၊ ကိုယ့်ကျေးဇူးရှင်ပဲ"

ပိုက်ဆံအိတ် လာပို့သည့် အမျိုးသမီး။

ကိုယ့်အိတ်ကိုယ် ပြန်ရစဉ်က ကျေးဇူးတင်လိုက်သည်။ စိတ်ဝင်စားလိုက်သည်။ အထင်ကြီး လေးစားမိလိုက်သေးသည်။ မိမိပေးသည့် ငွေတွေကို ပုတ်ချသွားတော့ သူ့စေတနာကို စော်ကားမိလေခြင်း ... ဟူ၍ အတိုင်းမသိ အားနာသွားခဲ့ရသည်။

"အယ်ကိုလာတာလဲခင်ဗျား ကိစ္စပြီးရင် ကျွန်တော် လိုက်ပို့ပေးပါရစေ"

"ပြီးတော့ ပြီးပါပြီ"

လက်ထဲမှာ ပွေ့ပိုက်ထားသည့် စာအုပ်လေးငါးအုပ်ကို မြှောက်ပြ၏။

"စာအုပ်တွေ လာဝယ်တာ"

"ဪ . . . ဘာတွေလဲ"

"မဂ္ဂဇင်းတွေပါ"

"ဟုတ်လား . . . မဂ္ဂဇင်းကို အပိုင်ဝယ်ဖတ်တဲ့ သူတော့ ရှားတယ်ဗျာ၊ တကယ်"

"ဘာဖြစ်လို့လဲ"

"ခုခေတ်မှာ စာအုပ်ဆိုရင် ငှားဖတ်ကြတာများတယ်လေ၊ မဂ္ဂဇင်းဆိုတာက အပိုင်သိမ်းထားသင့်တဲ့ စာအုပ်မဟုတ်လား"

"အစပိုင်းတော့ ငှားဖတ်တာပဲ၊ ထွက်သမျှမဂ္ဂဇင်းအကုန်လုံးမှ မဝယ်နိုင်တာ၊ ငှားဖတ်ပြီးမှ သိမ်းထားသင့်တဲ့ မဂ္ဂဇင်းကို ပြန်လိုက်ဝယ်ရတာ"

ပိုင်ဆုက လက်မှ နာရီကို မြှောက်ကြည့်သည်။

“အနှိမ်းရှိနေသလား”

“မုန့်ကျွေးမလို့ လား”

“ပါးစပ်တောင် မဟရဲတော့ပါဘူး၊ ခြေမထိ မြင်လွန်းလို့”

အမျိုးသမီးက မပွင့်တပွင့် ရယ်သည်။

“နီးနီးနားနား ပြည်သူ့မုန့်တိုက်မှာ ပဲ ကျွေးပေါ့”

“ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်”

“မုန့်စားရမယ့်သူက မတင်တော့ဘူးနော်၊ ပိုက်ဆံအိတ်လာပြန်ပို့တဲ့ ကျေးဇူးနဲ့ ချေလိုက်ပြီ”

“ဟာ . . . ဒီလိုသဘော မထားပါဘူး”

သုံးဆယ်တစ်လမ်းထဲမှ လမ်းလျှောက်၍ ထွက်လာကြသည်။

“စာအုပ်တွေ ကျွန်တော့်ကို ပေးပါလား၊ ကိုင်ခွဲမယ်”

“ရော့”

စာအုပ်တွေ လှမ်းပေးပြီးတော့ ရယ်ပြန်၏။

“လောကွတ်အဖြစ် ပြောမိတာ ဆိုရင်တော့ ဦးပိုင်ဆု မှားသွားပြီ၊ ကျွန်မက တကယ်ပေးကိုင် လိုက်တာ”

“ရပါတယ်၊ အားနဲ့သူဦးစားပေးစနစ်ပေါ့”

“အဲဒါ အနောက်တိုင်းကျေးမှုလား”

“ကောင်းလည်း ကောင်းမယ်၊ ကိုယ့်နိုင်ငံနဲ့လည်း သင့်လျော်မယ်ဆိုရင် ဘယ်ယဉ်ကျေးမှုပဲ ဖြစ်ဖြစ် လက်ခံသင့်တာပဲ မဟုတ်လား”

ပြည်သူ့မုန့်တိုက်ထဲသို့ ရောက်လာသည်။

“ဘာစားမလဲ”

“ကျွေးတဲ့ သူရဲ့ စေတနာအလျောက်ပါပဲ”

ပိုင်ဆု ရယ်နေလိုက်မိ၏။ ယွန်းယွန်းလို မလိမ်မိုး မလီမွှာမနူးမနပ်ကလေးတော့ မဟုတ်ချေ။ လူမှုရေးကျွမ်းကျင်ကာ အစစပါးရည်နပ်ရည်နှင့် လူလားမြောက်နေသည့် အမျိုးသမီး တစ်ဦးဟု မှတ်ချက်ချမိလေသည်။

"ကိုယ့်ကျေးဇူးရှင် နာမည်တောင် ကိုယ်မသိသေးဘူး"

"အစစအတော့ နှောက်ခံ့ုမှို မရှိတော့ဘူးဆိုပြီး မပြောဘဲ အားခဲ့တာပါ"

"ရန်ကုန်မြို့က ကျွဲးကျွဲးလေးမဲ့ဗျာ"

"ခုပုံအတိုင်း ဆိုရင်တော့ မကြာခဏ ဆုံဖြစ်တော့မှာ ပဲ"

"ဘာဖြစ်လို့ လဲ"

"ဦးပိုင်ဆုတို့ နဲ့ ကပ်ရပ်ခြံမှာ အလုပ်ရတယ်လေ"

"ဟုတ်လား"

"ဘာအလုပ်လဲ ဆိုတာ မေးရမှာ အားနာနေတယ် မဟုတ်လား"

"အဟဲ"

ပိုင်ဆု အားနာပါးနာရယ်သည်။

"သိတော့လည်း သိချင်နေတယ် မဟုတ်လား"

"ဆိုင်းဘုတ်ထောင်ပြီး ဗေဒင်သာ ဟောတာတော့ဗျာ"

"အဲဒီအိမ်မှာ လူမမာတစ်ယောက်ရှိတာ သိလား"

"ဪ . . . ဟိုချာတိတ်"

"ဟုတ်တယ်၊ သူ့အတွက် Attandence ဆိုပါတော့"

"နာ့စ် မဟုတ်ဘူး လား"

"ဟင့်အင်း . . . ချာတိတ်က နစ်အမြဲမလို ဘူး၊ တစ်ခါတစ်ရံ ရောဂါသည်းမှ လိုတာ၊ နစ် တစ်ယောက် အမြဲထားရမယ် ဆိုတော့လည်း စျေးကြီးမယ်လေ၊ နေ့ရောညပါဆိုရင် တစ်နေ့ကို ခြောက်ဆယ့်ငါးကျပ်"

"သူတို့ သူ့ဒွေးတွေပဲ"

"ပိုက်ဆံပေါပေမယ့် သုံးရုံပဲ သုံးသင့်တယ် လေ၊ ဖြုန်းပစ်ရင် ငွေတွင်းများ တောင် ခန်းနိုင် တာပဲ"

"ကျွန်တော့်ကျေးဇူးရှင်က ဘာတွေ ကူညီ လုပ်ကိုင်ပေးရမှာ လဲ"

နာမည်မသိသေးသည့် မို့ နာမ်စားအဖြစ် "ကျွန်တော့်ကျေးဇူးရှင်" ဟု သုံးလိုက်သည်။ အမျိုး သမီးကလွှတ်လပ်ပေါ့ပါးစွာ ရယ်သည်။

"သက်မာ . . .တဲ့"

"ဟာ . . . နာမည်လေး လှတယ်"

စကားကို တိုက်ရိုက်မပြောပေမယ့် သဘောပေါက်ကြသည့် အဖြစ်ကို ပိုင်ဆု သဘောကျသွား လေ၏။

"အလုပ်ကတော့ ချာတိတ်နားမှာ နေပေးဖို့ ပါပဲ၊ သူက တစ်ယောက်တည်းဆိုတော့ သိပ်ငြီး ငွေ့နေမှာ လေ၊ ရေပတ်တိုက်ပေး၊ ထမင်းကျွေး၊ တာအုပ်တွေဖတ်ပြ၊ သူမပျင်းရအောင် အဖော်တစ် ယောက်အဖြစ် နေပေးရမယ် ပေါ့လေ၊ ဒီအတွက် တစ်လကိုလေးရာ့ငါးဆယ်"

"မနည်းဘူးလား၊ တစ်နေ့ကို ဆယ့်ငါးကျပ်"

"ရတဲ့ သူက နည်းတယ်ထင်ချင် ထင်နိုင်တာပေါ့၊ ပေးရမယ့် သူ့အဖို့ ကျတော့ များ မယ်

...မျှ ... အသားငါးငှက်စားဖို့ ကောင်းတယ်။"

"ဒဲဒီလိုဆို ကျွန်မ ဘယ်အလုပ်ရတော့မလဲ"

သက်မာကို လှစ်ခနဲ တစ်ချက်ကြည့်လိုက်မိသည်။ အလုပ်လုပ်ဖို့ လိုအပ်နေပုံရသည်။ အခုခေတ် အစား အပြင်အဆင်က မဖူလုံမှုကိုညွှန်း၏။ ဘာကြောင့်မှန်းမသိ ပိုင်ဆု သနားသွားမိသည်။

"ဖြစ်ပါ့မလား"

သက်မာပြုံးသည်။

"ကျွန်မအသက် နှစ်ဆယ့်လေးနှစ်ရှိပြီ"

"ဟာ ... တကယ်ပဲ မထင်ဘူး"

"ယွန်းယွန်းထက်တော့ ကြီးမယ်လို့ ထင်အားပါတယ်၊ ဘယ်လောက်ဆိုတာတော့ မမှန်းတတ်ဘူး"

"ဘယ်သူလဲ ယွန်းယွန်း ဆိုတာ"

"ကျွန်တော့်ညီမလေး"

"ဘယ်လောက်ရှိပလဲ"

"ဆယ့်ရှစ်နှစ်"

"ဘယ်နှတန်းလဲ"

"ဒုတိယနှစ်"

"ကျွန်မ ဘွဲ့ရတာ သုံးနှစ်ရှိပြီ၊ ယွန်းယွန်း လုပ်လို့ မဖြစ်တဲ့ အလုပ်ကို ကျွန်မ လုပ်နိုင်ဖို့ ဒီအသက်ဒီပညာနဲ့ မလုံလောက်ဘူးလား"

"တခြားအလုပ် ဘာလို့ မလျှောက်တာလဲ"

"လေးရာငါးဆယ်ပေးပြီး ထမင်းပါကျွေးမယ့်သူရှိရင် ပြောလေ"

ဟုတ်တာပဲ ... ဟု တွေးမိလေ၏။ ယခုနှင့်

[illegible] ပေါင်းတော့ ခြောက်ရာ [illegible] နှုန်းလောက် သွားကိုက်သည်။ [illegible]သည် သခင်နှင့် အလုပ်မျိုးကို လွယ်လွယ်ကူကူ [illegible]မှာ ရှာတွေ့နိုင်ပါမလဲ။ ခက်ခက်ခဲခဲ ရှာပြီး ရနိုင်ပါမလား။

"မသက်မာကို ကျွန်တော်သဘောကျသွားပြီ"

"ရှင်"

"ဪ . . . ပွင့်လင်းတယ်၊ ခေတ်မီတယ်၊ ရဲရင့်ထက်မြက်တယ်၊ သတ္တိကောင်းပုံရတယ်"

"ဒီလောက်မြှောက်ရင် မြောက်ပါပြီ"

"အကောင်းပြောတာပါ၊ ကျွန်တော်က မိတ်ဆွေ အပေါင်းအသင်းတွေထဲမှာ ခပ်နုံနုံပါလာရင် သိပ်စိတ်မရှည်ချင်ဘူး"

"ဒါတော့ရှင်၊ လက်များ တောင် အတိုအရှည် မညီတဲ့ ဟာ"

"လိုအပ်လို့ သည်းခံပေးရမယ်၊ ဖိဖိရှည် ပေးရမယ်ဆိုလည်း ဖြစ်ပါတယ်၊ ဒါပေမဲ့ ထကယ် တမ်း ခင်ခင်မင်မင် ပေါင်းချင်တာကတော့ ခပ်ထက်ထက်ထဲကပဲ၊ ရယ်စရာလေးတွေ ဘာတွေ ပြောတတ်တဲ့ သူကိုလည်း သဘောကျတယ်"

"ဦးပိုင်ဆု ပေါင်းဖို့ သင်းဖို့ လူ မရှားဘူးလား"

"တရင်းတနှီးထဲက ရှားပါတယ်"

"လူ့ခွစာလို့ ရော အခေါ်မခံရဘူးလား"

"ဟင့်အင်း . . . မခံရဘူး၊ ဘာဖြစ်လို့ လဲဆိုတော့ ကျွန်တော်ခွကျတာ ကျွန်တော်တစ်ယောက် ပဲ သိတာကိုး"

"ဒီတစ်ခါတော့ နံ့သွားပြီထင်တယ်၊ သ

[illegible]

"ကျွန်ုပ်တော့်အလုပ်က လူအများကြီးနဲ့ ဆက်ဆံရတဲ့ အလုပ်ပါ။ ရင်ထဲမှာ ဘယ်လောက်ပဲ နာကျင်နေကျ အပြင်ပန်းကျတော့ ပျော်ရွှင်ရတာကိုး ကျွန်တော် ခံရတဲ့ လူဘယ်သိပါ့မလဲ။ ပြောနိုင်ဦးလေ၊ လိုအပ်ရင် သည်းခံစိတ်ရှည်တတ်ပါ ဘယ်လို"

"ရုပ်ရှင်မင်းသား လုပ်ပါလား"

"သရုပ်ဆောင်တော်တယ်လို့ ပြောချင်တာ ပေါ့"

"ခုကိုပဲ အကယ်ဒမီ ပေးလိုက်ပါပြီ"

"မသက်မာကိုကျတော့ တရင်းတနှီး ခင် တာပါ"

"ကျေးဇူးနဲ့ အတူ ယုံလိုက်ပါတယ်"

ရယ်သံလေးများ သာယာချိုမြိန်စွာ လွင့်ပျံ့၍ ထွက်လာတော့သည်။

*

ခမ်းနားလှသည့် ဧည့်ခန်းကျယ်ကြီးထဲမှာ သားရေဆိုဖာကြီးပေါ် ထိုင်အချ လှူက နှမ်းခန့ မြုပ်ဝင်သွားသည် ။ တစ်ကိုယ်လုံးပါ နစ်ဝင်သွားလေသလားဟု ထင်လိုက်မိ၏။ စိတ်ထဲမှာ အလိုလိုနေရင်း အားငယ်မိသလိုလို၊ မိမိ၏ ကိုယ်ခန္ဓာပဲ ရိုးရှင်းပုံစံမှ ကျဉ်းကျုံ့ဝင်တော့ အေးညှက် သွားသလိုလို ခံစားလိုက်ရသည်။

အေးမှာ ထိုင်နေသည့် မောင်လေး မျက်နှာကို လှမ်းကြည့်တော့ ဆီးရွက်လောက်ပဲ ရှိရှာ၏။ လေအေးပေးစက်ဖြင့် စိမ့်အေးနေသည့် အခန်းထဲမှာ တောင် မောင်လေး ချွေးပြန်နေသည် ။ ဖြစ်ရှာ မယ်လေ။ မိမိတောင်မှ စိတ်ငယ်သွားရသေးတာပဲ။

သနပ်ခါးရှုပ်အစလေးများကို တစ်စစီ လိုက်ကောက်ကောက် ပေါင်းစည်းပစ် လိုက်ရတော့သည်။ သမာအာဇီဝ တစ်ခုကို ဝမ်းရေးအတွက် လုပ်နေရတာ ရှက်စရာမဟုတ်သလို၊ ကြောက်စရာလည်း မရှိပါဘူးလေ။ မောင်လေးဘက်သို့ လှည့်၍ ပြုံးပြလိုက်သည်။

"တစ်မျိုးကြီးပဲနော် ....မမ"

"ဘာလဲ . . . ရှိန်နေသလား"

"ဟုတ်ကဲ့ .... သူတို့ က အရမ်းချမ်းသာ သာပဲနော်"

"ပိုက်ဆံရှိတဲ့ သူက ချမ်းသာတယ်၊ အိမ်ကောင်းကောင်း နဲ့ နေနိုင်မယ်၊ ကားကောင်းကောင်း စီးနိုင်မယ်၊ ပစ္စည်းကောင်းကောင်း သုံးနိုင်မယ်၊ ပိုက်ဆံမရှိတဲ့ သူ ဆင်းရဲမယ်၊ ဘာပစ္စည်းမှ မရှိဘူး၊ အဲဒါ အဆန်းမှ မဟုတ်တာ"

ဝါကျအဆုံးမှာ အောက်နှုတ်ခမ်းကိုကိုက်ပြစ်သည်။ သည်လိုအံကလေးခဲလိုက်ပြီးတိုင်းစကြာဝ [illegible] လွင့်ကျဲနေတတ်သည့် သတ္တိအစအန [illegible]တွေ ပြန့်လည်ပေါင်းစည်းမိမြဲပါ။ ဒါကြောင့်များ အံကို ခဏ ခဏ ခဲမိသလားမသိ။ ခုနေမှာ မှန်းတည့်ချိန်မို့၊ နောက်ဖေးသို့ကြည့်လျှင်တောင် အရိပ် ပျောက်နေ၏။

*

သက်မာတို့ မေမေမှာ သားသမီး ခြောက်ယောက်တိတိ ထွန်းကားခဲ့ပါသည်။ သက်မာက အကြီးဆုံး၊ မိသားစုထဲမှာ အငယ်ဆုံးမို့ နာမည်တောင် မခေါ်ရက်ပဲ၊ မောင်လေး [illegible] မောင်လေး ဟု သာ ခေါ်ရင်း နာမည်ပါ မောင်မောင်လေး ဖြစ်သွားရသည့် မောင်လေးက အငယ်

သုံး။

ဖေဖေမရှိခင်က သက်မှာတို့ မိသားစု သည် လောက်မချို့တဲ့ ရှိပါ။ မချို့တဲ့ ရှိပါ ဆိုပေမယ့် ပိုလို့ လျှံသည် တော့မဟုတ်။ ဖေဖေ့လခလေးမှာ အိမ်လခ၊ မီးဖိုး၊ ရေဖိုး၊ ဖေဖေ့လမ်းစရိတ်နှုတ်လိုက်သည့် အခါ မကျန်တော့သလောက်မို့ မေမေက အိမ်မှာ ဆီးယို၊ မရမ်းယိုတွေထိုး၊ ပလက်စတစ်အိတ် ကလေးတွေနှင့်ထည့်၊ မောင်နှမတွေ ကျောင်းသွားတော့ အတန်းထဲမှာ ရောင်းခဲ့နော်ဟု ပြော၍ ပေးလိုက်၏။

"ဟင့်အင်း . . . မရောင်းချင်ဘူး မေမေ၊ ရီမာ ရှက်တယ်"

ဒုတိယသမီး ရီမာက အဲသည် ကတည်းက ရှက်တတ်နေသည် ။ သူ့အသက်ကလေး ကြည့်တော့ ဖြင့် ဆယ်နှစ်သာသာရယ်။

"ဒါရှက်စရာလား ရီမာ မေမေတောင်မရှက်ဘူး"

သက်မှာကတော့ အဲသည် ကတည်းက သတ္တိကောင်းနေရပြီ။ မကောင်းလို့ လည်း မဖြစ်ဘူး လေ။ ဆယ့်နှစ်နှစ်၊ ဆယ့်သုံးနှစ်သာ ရှိသေးသည့် ကလေးဆိုပေမယ့် မေမေ့မှာ ဒါပြတိုးတိုးဖော်မို့ အိမ်မှာ မရှိတာလည်း သက်မှာ သိသည် ။ ရှိတာလည်း သက်မှာသိသည် ။

"နှင့်ဘာသာ ရှက်ချင်ရှက် မရှက်ချင်နေ၊ ငါ ရှက်တယ်ဘာဖြစ်လဲ"

အကြီးနှင့် အငယ်ပေမယ့် ရီမာက "နှင်" "ငါ" နှင့်ပဲပြောသည် ။ မေမေက ရိုင်းလှချည့်ဆိုကာ ပေါင်တွင်းကြောဆွဲဆွဲလိမ်တတ်၏။

ဖေဖေက အမြဲစစ်ကူပုံသည် မို့ ရီမာသည် နှင်တစ်ခွန်း ငါတစ်ခွန်းကို ဘယ်တော့မှ မဖျောက်။

[illegible]ကျောင်း ဖိုက်ဆံမရဘူး"

"မရချင် နေပေစေ"

"ဟဲ့ကောင်မလေး၊ ယူသွား"

ဒါမျိုးကျတော့ ဖေဖေက ရီမာ့ကို အလိုမလိုက်ပြန်တော့။ မေမေသည် သားတွေ သမီးတွေကို စည်းနှင့်ကမ်းနှင့် ဆုံးမချင်သည် ။ သို့ပေမဲ့ အချိန်ပေး၍ ဆုံးမနိုင်သည် တော့ မဟုတ်။ ကြုံလျှင်ကြုံသလောက်သာပြောသည် ။ ဖေဖေကတော့ အလိုလိုက်ချင်က လိုက်နေတတ်သလောက်၊ အချို့နေရာတွေ ကျအာဏာကိုသုံးတီး။

စင်စစ် . . . သက်မာ၊ ရီမာ၊ ကြည်မာ၊ မောင်ကြီး၊ နီမာနှင့် မောင်လေး၊ မောင်နှမခြောက်ယောက်သည် စည်းစနစ်ကျသည့် ပုံပြင်သွန်သင်မှုအောက်တွင် ကြီးပြင်းခဲ့ရသူများ မဟုတ်ချေ။

"သက်မာက သမီးကြီးနဲ့ မေမေ [illegible] ယ်၊ အဖေယ်တွေက [illegible] သမီးကြီးပဲ ထိန်းသိမ်းစောင့်ရှောက်ပါကွယ်"

"မေမေက ပုံအပ်သည့် ။ အနှစ်မရှိသည့် တောမှာ တော့ သက်မာက ကြက်ဆူပင် ဖြစ်နေ ချေ၏။

★

လှေကားမှ တဝုန်းဝုန်း တဒိုင်းဒိုင်း ပြေးဆင်းလာသံကြောင့် သက်မာအတွေးစုထဲမှ လန့်နိုး သည် ။ ပြေးဆင်းလာသူက အငယားဖားယား နိုင်လွန်း၏။

"တောတောကတည်းက ဆင်းလာဖို့ ပဲ၊ နောင်နောင်ကျိကျနေလို့ "

ပြောပြောဆိုဆို ဆိုဖာတစ်ခုမှ ဝင်ထိုင်သည် ။

မြောကောင် မောတယ်"

သူ့ဘာသာ ညည်းပြန်၏။

"တွေ့တဲ့ အတိုင်းပဲ၊ နောင်နောင်က သိုင်းဆိုးတယ်၊ အနားမှာ ရှိသမျှတွေနဲ့ ကောက်ပေါက်နေ လို့ ပြေးလာရတာ"

သက်မှာ ဘုရားတ, မိတော့သည်။

"လိုလေသေးမရှိအောင် အလိုလိုက်တာပဲ၊ ဒါပေမဲ့ ဘာတစ်ခုမှ စိတ်တိုင်းကျတယ် မရှိဘူး အမြဲ စိတ်တိုနေတယ်"

"ကျွန်မ ကြည့်ပေးရမယ်ဆိုတဲ့ ကလေးသား"

"ဟုတ်တယ် . . . နောင်နောင်လေ"

"ဪ . . . . နေမကောင်းတော့လည်း စိတ်အမှာ နပါ"

"အခု . . . . ငါ့တူမက နှစ်ဆယ့်ခုနှစ်ပေါက်ကဲ့ခြောက် [illegible] နှစ်အတွင်းမှာ ဆရာမ ပေါင်းနှစ်ဆယ့်ခြောက် ယောက်ရှိသွားပြီ"

အမှန်ကို ဝန်ခံရလျှင် သက်မှာ စိတ်ပျက်သွားရပြီ။ မောင်လေးကို လှည့်ကြည့်တော့ စောစောက ဆီးရှက်လောက် မျက်နှာလေးမှာ ဆီးပွင့်လေးလောက်ပဲ ကျန်၏။

"ဦးလေးနာမည်က ဦးကျော်၊ နောင်နောင့်မေမေရဲ့ တမည်ပါ၊ နောင်နောင် ငယ်ငယ်ကတည်း က နေလာတာ၊ နောင်နောင့်ကို ထိန်းခဲ့တာ"

"ဪ"

သက်မှာ လှုကဲ့ခတ်ပညာ ကျွမ်း၏။ လှုကဲ့ခတ်ပညာမှ မဟုတ်ပါဘူးလေ၊ ဤလောကကြီးထဲတွင် လည်ဝယ်နှံ့စပ်စွာ ကျင်လည်ဖို့ သက်မှာ ကျွမ်းကျင်၏။ ဘမင်တကာ လေ့ကျင့်မှု

ရာမလို ဘဲ အလိုအလျောက် တတ်လာရသည့်
ပညာတွေပါ။

သိတယ် မဟုတ်လား၊ သက်မာတို့ ဘဝက
ဝန်းခင်းလမ်းမှ မဟုတ်ဘဲ။ ရုန်းရင်းကန်ရင်းနှ
င့် လူဖြစ်ရသူပါ။ သက်မာကျွမ်းကျင်သည့် ပ
ညာကို ဤနေရာမှာ အသုံးချသည် ။ ရှေ့တွင်
ထိုင်နေသည့် အမျိုးသားကြီးကို အကဲခတ်၏။
လေ့လာ၏။

ရိုးသားပုံရသည် ဟူ၍ မှတ်ချက်ချ၏။

"ခြံစောင့်က ဆရာမရောက်လာတယ်လို့
ပြောတာတောင် ချက်ချင်းဆင်းမလာနိုင်တာ
ကိုသာ ကြည့်တော့"

"သက်မာလို့ပဲ ခေါ်ပါ ဦးလေး"

"အေးကွယ် . . . ရင်းနှီးတာပေါ့၊ မနက်ဖြန်
မှ အလုပ်ဝင်မယ်ဆိုသလားလို့ "

"ဟုတ်ကဲ့ ... ဒီနေ့လာတာက ညဘက်မရ
ပ်ဖြစ်ဘူးဆိုတာကို လာပြောတာ"

ပြောရင်းက လက်လွှတ်လိုက်ရသည့် ငွေ
သုံးရာကို သက်မာနမြောသွားမိသည် ။ နေ့
ရောညပါ ကြည့်ပေးနိုင်လျှင် တစ်လကို ခုနစ်
ရာ့ငါးဆယ် ပေးမည်တဲ့ ။ မနက်ရှစ်နာရီမှ
ညခြောက်နာရီ ဆိုလျှင် လေးရာ့ငါးဆယ်ပဲ ရမ
ည် ဖြစ်၏။

"အုပ်ထိန်းသူတွေက ခွင့်မပြုဘူးလား၊ ဟု
တ်တော့လည်း ဟုတ်ပါတယ်လေ၊ ညရေးည
တာ ဆိုတော့ ဒီမှာ မိန်းမအဖော်တွေတော့
ရှိပါတယ်"

"အုပ်ထိန်းသူဆိုတာက သက်မာပဲ ဖြစ်နေ
လို့"

"ဟော . . . မိဘမရှိဘူးလား"

"အဖေတော့ မရှိပါဘူး၊ အမေရှိပါတယ်"

"ဪ ... ညီကိုမောင်နှမများကော"

"ခြောက်ယောက်မှာ သက်မာအကြီးဆုံး ၊ ညီမတစ်ယောက်နဲ့ မောင်တစ်ယောက်ကလည်း အိမ်ထောင်ကွဲတွေ"

"အစ်ကိုက ဆယ့်ရှစ်နှစ်နဲ့ မိန်းမခိုးသွားတာဗျ၊ မကြာသေးဘူး"

မောင်လေးက ဝင်ပြောတော့ ဦးကျော် မျက်လုံးပြူးသွားရသည် ။

"ဒါဆို ... လေးယောက်ကျန်မှာ ပေါ့"

သက်မာ ခေါင်းညိတ်၏။

"ဒီတော့ အိမ်ကိုပစ်ထားလို့ မရဘူး"

"ဟုတ်တာပေါ့ကွယ်၊ ညရေးညတာအတွက် ထပ်ရှာရမှာ ပေါ့၊ တကယ်တော့ ညဘက်အတွက် ယောက်ျားလေးပဲ ကောင်းပါတယ်"

"သက်မာ ခဏတက်ကြည့်ချင်တယ်"

"ကြည့်လေ ... မနက်ဖြန်ဆိုရင်ပဲ အလုပ်ဝင်ရမယ့်ကိစ္စ၊ လာ ... ကလေးရော လိုက်ဦးမလား"

"ဟင့်အင်း"

မောင်လေးက ခေါင်းကို ကမန်းကတန်းခါ၏။

"လာ ... သမ္ဗုဒ္ဓေလေးတော့ ရွတ်ခဲ့"

သက်မာ ခပ်ခနဲ့ ရယ်လေ၏။

*

အပေါ်ထပ်သို့တက်သည့် လှေကားကြီးက သက်မာတို့ ငှားရမ်းနေထိုင်သည့် အိမ်တစ်လုံးလုံး တလောက်ကို ကုန်ကျမည်ထင်သည် ။ လှေကားလက်ရန်းမှာ ကနုတ်ပန်းဖော်၍ ထွင်းထုထားသည့် သစ်သားချောင်း လက်လှမ်း၏။ ဖုန်တစ်မှုန့်တစ်စက်မထင်။

"ကောင်းလိုက်တာ"

ချိတ်၍ အားကျကာ ဘယ်တော့များမှ ဤကဲ့သို့ နေနိုင်မလဲ . . . ဟု တွေးမိသေး၏။ သက်မာ ကောင်းကောင်း ဝတ်၊ ကောင်းကောင်းစား၊ ကောင်းကောင်း နေချင်သည် ။ သည် လိုနေနိုင်ဖို့ အတွက် ကြိုးစားလို့ ရပါမည်ဆိုလျှင် ကြိုးစားချင်၏။

စိတ်ကူးလေးယဉ်၍ မှ မဆုံးမိ . . .

"ဒုန်း"

ကိုယ်လိမ်းပေါင်ဒါဘူးဟာ သက်မာရှေ့သို့ လာကျသည် ။ သက်မာ လှစ်ခနဲမော့ကြည့်၏။ ဖွင့်ထားသည့် တံခါးအတွင်းမှ ခြင်ကွင်းက မျက်ဝန်းထဲသို့ တန်းခနဲဝင်သည် ။

ဘီးတပ်ကုလားထိုင်ပေါ်မှာ ထိုင်နေသည့် နောင်နောင်။ သက်မာနှင့် ဦးကျော်ကို ပမာမခန့် လှမ်းကြည့်နေ၏။ သက်မာကြမ်းပေါ်သို့ က်ချင်းခေါင်းငုံ့ရှာသည် ။ သက်မာရှေ့မှာ ကျပြီး လိမ့်ထွက် သွားသည့် ပေါင်ဒါဘူးက လှေကားထိပ် ပထမဦးဆုံး လက်ရန်းတိုင်နားမှာ ရပ်တန့်နေ၏။

သက်မာ ခပ်သွက်သွက်သွားကာ ပေါင်ဒါဘူးကို နောက်ပြန်ကန်ချလိုက်တော့သည် ။ လှေကား တစ်လျှောက်လုံး လိမ့်ဆင်းသွားသည့်အသံက သက်မာ၏ သတ္တိကို နိုးဆွလေ၏။

ဦးကျော်က မျက်လုံးပြူးနေသည် ။ ဘယ်လို မိန်းကလေးလဲ။

"ဦးလေးနေခဲ့"

အသံပြတ်နှင့်ပြောကာ အခန်းထဲသို့ ခပ်ရဲရဲဝင်သည် ။ အိပ်ခန်းတံခါးရွက်ကို ခြေထောက်ဖြင့် နောက်ပြန်ကန်၍ ပိတ်၏။ "ဒုန်း" ခနဲ တံခါးပိတ်သောအသံက ဦးကျော်၏ ဝဖိုင်သော ခန္ဓာကိုယ် ကြီးကို တွန့်ခနဲ ဖြစ်သွား

စေတော့သည်။

"ဘာကယ်ကြမ်းတဲ့ သူငယ်မပဲ"

ဦးကျော် ရင်ဖိုကာ တံခါးဝမှာ စောင့်နေလေ၏။

"ပစ် လိုက်လေ . . . ပေါက်ခွဲလိုက်"

နောင်နောင်က ရေသူမ ခေါင်းလိမ်းဆီမွှေး ပုလင်းနှင့် ရွယ်ထားသည်။ သက်မှာ မျက်နှာက ထိမထင်။

"ဘာလဲ . . . နမြောသလား"

"ဒါမျိုး ဆယ်ဒါဇင်ခွဲပစ်နိုင်တယ်"

"ခွဲပေါ့၊ မင်းအဖေပိုက်ဆံနဲ့ ဝယ်ထားတာပဲ

"ခင်ဗျားမျက်ခွက်ကြီးကို စွတ်ပစ်မှာ "

"မင်းနဲ့ ငါနဲ့ ဘယ်သူက ထိအောင်ပစ်နိုင်မလဲ၊ ဘယ်သူက လွတ်အောင်ရှောင်နိုင်မလဲ

လောင်းမလား"

ပုလင်းက အခုတ်နံ့ရံကို လာမှန်ကာ ခွမ်းခနဲကွဲလေ၏။ သက်မာက ဘေးသို့လွတ်ရုံလေး ရှောင်သည်။ ခနိုးခနဲ့ ပြုံး၏။

"မင်းလွဲသွားပြီ နောင်နောင်၊ မင်းက ငါ့ကို ထိအောင် မပစ်နိုင်ပေမယ့် မင်းကိုကျတော့ ငါက အဲဒီကုလားထိုင်ပေါ်ကနေဆွဲမပြီး ကိုင်ပေါက်ပစ်လိုက်နိုင်တယ် သိလား"

"ခင်ဗျား ဘယ်သူလဲ"

"မင်းရေချိုးဖို့၊ ထမင်းစားဖို့၊ ဆေးသောက်ဖို့၊ စည်းကမ်းချပြီး ဇွတ်လုပ်ပေးမယ့် ဆရာမပဲ၊ ငါ့နာမည် သိချင်သေးသလား၊ သက်မာ . . . တဲ့၊ သက်ပျော့ မဟုတ်ဘူး "

"သွား . . . ထွက်သွား၊ ဘာဆရာမမှ မလိုချင်ဘူး"

"မင်းလိုချင်တာ မလိုချင်တာ ငါဂရုမစိုက်ဘူး၊ မနက်ဖြန်ကစပြီး ငါလာမယ်၊ ဒီနေ့တော့ မြင်ဖူးရုံ ဝင်ကြည့်တာ"

"ဘယ်တော့မှ မလာခဲ့နဲ့ . . . သွား"

"စိတ်ချ . . . မနက်ဖြန် ရှစ်နာရီရောက်မယ်"

"ဦးလေးကျော် . . . ဦးလေးကျော်"

နောင်နောင် ကျူးအော်သည်။ ဦးကျော် တံခါးကိုဖွင့်၍ ကမန်းကတန်း ပြေးဝင်လာ၏။

"ဘာလဲ . . . နောင်နောင်၊ ဘာဖြစ်လဲ"

"ဒီမိန်းမကို အဲဒီပြတင်းပေါက်ကနေ ပစ်ချလိုက်စမ်းဗျာ"

"ဟာ"

ဦးကျော်စိတ်ရှုပ်သွားရ၏။ ခက်တဲ့ သူငယ်မပဲ၊ အရင်ဆရာမတွေတုန်းက တချို့ဆို လေးငါး လ၊ တချို့ကျ တစ်ပတ်ဆယ်ရက်ခတော့ခံသေး၏။ သည် သူငယ်မ အလုပ်မှ မဝင်ရသေးဘူး၊ ရောက်ရောက်ချင်း ဆောက်နဲ့ ထွင်းတော့တာပဲ၊ ကျိတ်တွေးနှင့် စိတ်ပျက်သွားရသည်။

ဆရာကြီးနှယ်

ဘယ်လိုသူငယ်မမျိုးများ ရှာငှားတယ်မသိဘူး၊ ဒါ မိန်းကလေးတဲ့ လား။

ဦးကျော် တကယ်ပဲ ပြတင်းပေါက်မှ ပစ်ချချင်တော့သည်။

"ဘာဖြစ်လို့ သူများကို ခိုင်းနေသလဲကွ၊ မင်းကိုယ်တိုင် ပစ်ချပါလား"

"ဘီလူးမကြီး . . . သရဲမကြီး"

နောင်နောင် ကျူးအော်၏။

"ချီးကျူးတယ် နောင်နောင်၊ မင်းဟာလူကြီးလူကောင်းရဲ့ သား၊ မိကောင်းဖ

ခင်သား ဝီသပါ ပေတယ်၊ လူလိမ္မာသား ယဉ်ပါးတဲ့၊ လူမိုက်သားရမ်းကား . . .တဲ့ ”

“ဒီမိန်းမကြီးအသံ မကြားချင်ဘူး ဦးလေးကျော်”

“မကြားချင်ပေမယ့်လည်း ငါကတော့ ပြောမှ ပဲ၊ မင်းအလိုမရှိပေမယ့်၊ မင်း မကြားချင်ပေမယ့်လည်း ငါပြောစရာရှိရင် ပြောမှာ ပဲ၊ မင်း တော်တော် လိမ္မာတဲ့ ကလေးပဲ၊ တကယ်ဆို ဒီလောက် စိတ်ဆိုးနေတာ မင်းနေရာမှာ ငါသာဆိုရင် မိုးမွှန်အောင်ဆဲမှာ ၊ မင်းက မဆဲဘူး၊ ဘီလူးမကြီး သရဲမ ကြီးဆိုတာလောက်ပဲ ပြောတယ်၊ ဒါကြောင့်ပြောတာ၊ မင်းဟာ မိကောင်းဖခင်သားလို့ ”

သက်မာဆိုသည့် အမျိုးသမီးကို ဦးကျော် အံ့ဩမဆုံးရှိချေတော့သည် ။ နောင်နောင်လည်း ဦးကျော်နည်းတူ မျက်လုံးအပြူးသားဝိုင်းလျက် တအံ့တဩ ဖြစ်သွားရလေ၏။

“မင်းဟာ ခုဆို လူကြီးလူကောင်းသားပဲ ဖြစ်နေသေးတယ်၊ မင်းရဲ့ ဒေါသတွေကိုသာ မင်းထိန်းနိုင်ယင် မင်းကိုယ်တိုင် လူကြီးလူကောင်းဖြစ်မယ် . . .သိလား”

“မသိဘူး”

လွယ်လွယ်နှင့် လျှော့မပေးချင်သည့် မို့ ဆန့်ကျင်ပြောပေမယ့် နောင်နောင့်လေသံ သိသိသာ သာ လျှော့သွား၏။

“မင်း လူကြီးလူကောင်းဖြစ်ပြီး မင်းဘဝကြီးတစ်ခုလုံးကောင်းဖို့ ငါလာမှာ ၊ ငါ့အကျိုးဆိုလို့ တစ်လလုံးမှ လေးရာ့ငါးဆယ် ရတာပဲ ရှိတယ်၊ တကယ်ဆိုရင် မတန်ဘူး၊ ငါ့အာက်က အများကြီး နာတယ်၊ ဒီထက်ပိုရတဲ့ အလုပ် မရမချင်း ငါလာမှာ ပဲ”

“ပိုရတဲ့ နေရာတွေ့ရင် ခင်ဗျား အလုပ်ထွ

ဂ်မှာ လား"

"ဒါပေါ့၊ ငါလူပဲကွ၊ လူဆိုတာ ကိုယ့်ပတ်ဝန်းကျင်ကို ကောင်းဖို့ သိရမယ်၊ ကိုယ်ကောင်းဖို့ သိရမယ်၊ ကိုယ်ကောင်းဖို့ မှ ကိုယ်မသိရင် လူဘယ်ဟုတ်မလဲ၊ မိန်းမသားတစ်ယောက်ကို လေးရာ့ငါး ဆယ်ထဲပေးပြီး မင်းအဝကြီး စိုပြည်ဖို့ အပြုအစုခံရမယ့် ကိစ္စမှာ မင်းဘက်က အရမ်းမြတ်တယ်၊ ဒါကိုမှ မင်းမသိရင်မင်း လူဆိုရင်တောင် လူညံ့"

"အရင်ဆရာမတွေ ဘယ်လောက်ပေးရလဲ ဦးလေးကျော်"

"နေ့ခင်းချည်းဆိုရင် လေးရာ့ငါးဆယ်ပဲ နောင်နောင်"

"ကြားလား . . . အမျိုးသမီး၊ လေးရာ့ငါးဆယ်ပေးရင် လူတိုင်းလုပ်တယ်"

"ငါက လူတိုင်းထဲကလူမှ မဟုတ်တာ၊ မင်း ဒီနေ့ငွားရင် လေးရာ့ငါးဆယ်နဲ့ ရမယ်၊ မတိုးနိုင် ဘူးဆိုပြီး မနက်ဖြန်ကျမှ စိတ်ပြောင်း၊ ပြန်လာခဲ့ပါ လာခေါ်ရင် ကိုးရာရမှ လုပ်နိုင်မယ်၊ မင်းစဉ်း စားဖို့ အချိန်တစ်မိနစ်ပဲပေးမယ်"

သက်မာ . . . နောင်နောင့်ကို ကျောခိုင်းလိုက်၏။ တံခါးရွတ်ကို သက်သောင့်သက်သာ မှီနေလိုက်သည် ။ နေပုံထိုင်ပုံက သူ့အိမ်သူ့ရာ၊ သူ့အိပ်ခန်းထဲမှာ လွတ်လပ်စွာ နေနေသည့်နှယ်၊ ငြိမ်းငြိမ်းချမ်းချမ်း ရှိလှ၏။

လက်ထဲမှ နာရီကို မြှောက်ကြည့်သည် ။ တစ်မိနစ်ပြည့်ပြီ။ သက်မာ ပြန်လှည့်ကာ နောင်နောင့်ကို ကြည့်၏။ ဘီးတုပ်ကုလားထိုင် လက်ရန်းကို တင်းကျပ်စွာ ဆုပ်ထားသည့် နောင်နောင့် မျက်ဝန်းတွေ အရောင်မှိန်နေရတော့သည် ။

"ဘယ်လိုလဲ နောင်နောင်"

"ခုကာစဦး အလုပ်ဝင်တော့"

"ဖြစ်တယ် . . . နေ့တစ်ဝက် ကျိုးပေမယ့် ဆယ့်ငါးကျပ်အပြည့်ပေးရမယ်"

နောင်နောင် ဘာမှ ပြန်မပြောဘဲ အံကြိတ်နေသည်။

"အောက်ထပ်က သက်မာရဲ့ မောင်လေးကို တစ်ခုခုကျွေးပါဦးလေး၊ သက်မာကိုကျွေးဖို့ မလိုပါဘူး"

ဦးကျော်ကို လှမ်းပြောရင်း နောင်နောင့်နားသို့ ကပ်လာသည်။

"ပထမဆုံးလုပ်ရမှာ က နံစော်နေတဲ့ မင်းတစ်ကိုယ်လုံးကို ရေပတ်တိုက်ဖို့ ပဲ၊ ရေချိုးခန်းပြပါ ဦးလေး"

ဦးကျော်က ရေချိုးခန်းတံခါးကို ပြေးဖွင့်သည်။ ဇလုံ၊ ဆပ်ပြာခွက်၊ မျက်နှာသုတ်ပဝါ စသည် တို့ ကိုပြသည်။

"ထားခဲ့လို့ ရရင် သက်မာ မောင်လေးအားဖို့ ဦးလေးသွားစီစဉ်လိုက်ဦးမယ်"

"ထားခဲ့ပါ"

ဦးကျော် အောက်ထပ်သို့ ဆင်းသွားသည်။ ရေဇလုံနှင့် မျက်နှာသုတ်ပဝါတွေနှင့် သက်မာရောက်လာတော့ နောင်နောင် သူ့ခုတင်နားမှ မရှိတော့ပါ။ လှည်းဘီးကို လက်နှင့်လှည့်ကာ ပြတင်းပေါက်နားဆီ ရောက်နေ၏။

သက်မာ တစ်ချက်ပြုံးကာ လှည်းကို ပြန်တွန်းလာခဲ့သည်။

"ချမ်းတယ် . . . မတိုက်ချင်ဘူး"

"ရတယ်လေ၊ မင်းအဖေပြန်လာရင် ငါ့အတော့ ဆယ့်ငါးကျပ် တောင်းမှာ ပဲ၊ မင်းရှုံးတာပေါ့"

"ခင်ဗျား တာဝန်ကျေမယ်ဆိုပြီး"

လူပိပိ တာဝန်သိချင်တာပေါ့ကွ၊ မင်းက ခွင့်မပြုတော့လည်း လူပီသစွာ သက်သာခိုလိုက်တော့မယ်၊ နှံစော်နေမှာ က မင်းပဲ၊ ငါမှ မဟုတ်တာ"

"တိုက်မယ်ဗျာ၊ မြန်မြန်လုပ်"

"ရတယ်"

"ဒီမှာ . . . ဒေါ်သက်မာ"

"ဘာတုန်း"

"စကားပြောရင် ငါလို့ မပြောပါနဲ့ ၊ မကြိုက်ဘူး"

"ဖြစ်တယ်လေ၊ မင်းက အလုပ်ရှင်ပဲ၊ မင်းပြောစေချင်သလို ပြောပေးဖို့ က ငါ့တာဝန်ပဲ"

"လာပြန်ပလား၊ ဒီငါကြီး"

"ဘယ်လိုပြောရမှာ လဲ"

"ငါကလွဲရင် ကြိုက်သလိုပြော"

"နောင်နောင်"

"ဘာတုန်း"

"မမအသက် နှစ်ဆယ့်လေးနှစ်ရှိပြီ၊ စိတ်ပညာအမိကနဲ့ ဘွဲ့ရထားတယ်၊ နောင်နောင်က ရှိလှမှ နှစ်ဆယ်ပေါ့၊ နောင်နောင့်ကို ပြုစုယုယမယ့် မွေးစားအစ်မ တစ်ယောက်ကို ဈေးပေါပေါနဲ့ ကောက်ရပြီလို့ သဘောထားနော်"

စကားပြောရင်းက သက်မာသူ့အလုပ်ကို ကျွမ်းကျင်စွာ လုပ်သည် ။ နောင်နောင်က အားနာ သွားသလို လှစ်ခနဲ ပြုံးပြသည် ။

"အဲဒီလို မပြုံးမိတာ နှစ်နဲ့ ချီနေပြီ"

သူ့ဘာသာဆက်ပြောပြီး ပြုံးနေပြန်၏။

"အချိုးကျရုံမကဘူး၊ လှပါတယ် နောင်နော

ငါ့ ခင်းကာလူချော့ပဲဟာ"

"အယ်"

နောင်နောင် ရှက်ရယ် ရယ်သည်။

"နောင်နောင် ခုလိုရယ်တာ မမအတွက် ဗိုးနပ်(စ်) ဆုငွေလို့ သဘောထားပါတယ်၊ လခလည်း တိုးမပေးပါနဲ့၊ ခဏခဏပဲ ပြုံးပြ"

"အဟီး . . . ရယ်ရတာ ရယ်စရာကြီး"

"ပြောလိုက်တာကွ၊ စကားအဆန်းတွေ၊ ရယ်ရတာ ရယ်စရာကြီးရယ်လို့ ပဲ၊ ရယ်စရာပြောတာ မရယ်ရလို့ ရယ်ဖောင် ရယ်ရသေးတယ်ဆိုတာ ကျနေပြီ"

နောင်နောင် ဟက်ဟက်ပက်ပက်ရယ်လေ၏။

*

သံယောဇဉ်ဆိုတဲ့ နှယ်ပင်လေးတွေ

"နွေခေါင်ခေါင်ကြီး မိုးရွာတော့မှာ ပဲ"

စိတ်ထဲက တွေးလိုက်မိပေမယ့် ဖွင့်မပြောဖြစ်ပါ။ ခုတလော ယွန်းယွန်းကို ခပ်ခွာခွာလေး နေပေးနေရသည် ။ အစကတည်းက သူ့သည်းညည်းကို အခံဆုံးဖြစ်သည့် ပိုင်ဆုကို ယွန်းယွန်း အမြဲ ဗိုလ်ကျတတ်၏။

သူ့ကိုမယူချင်ပါဘူးဟု ငြင်းထားမှ ပိုဆိုးနေတော့သည် မို့ မရှောင်လို့ ကို မဖြစ်ပါ။

ယွန်းယွန်းက ဧည့်ခန်းမှာ ထိုင်၍ သူ့အင်္ကျီတွေကို ချုပ်နေသည် ။ စုတ်လို့ ပြလို့ ပဲလား၊ အာကြောင့်မှန်းတော့ မသိ။ စုတ်လို့ ပြန်ချုပ်

သည် ဆိုလျှင် တော်တော်မိန်းကလေး ပီသသည့် အလုပ် မဟုတ်လား။ ယွန်းယွန်းနှင့် မိန်းမပီသမှုဟူသည် က ပြဒါးတစ်လမ်း သံတစ်လမ်း။

ပိုင်ဆု မမြင်ချင်ယောင်ဆောင်ကာ နည့်ခန်းကိုဖြတ်လျက် စာကြည့်ခန်းထဲ ဝင်ခဲ့၏။ မနေ့က စကားပြောထားသည့် တိုက်တစ်လုံးအတွက် ပုံစံဆွဲ၍ နမူနာပြရဦးမည်။

"ကိုပိုင်"

"ဟော . . . ဖေဖေ၊ ကျွန်တော် ပုံစံဆွဲမလို့၊ ဖေဖေနဲ့ တိုင်ပင်ချင်နေတာနဲ့ အတော်ပဲ"

ဦးကျော်ထိုက်က ကန်ထရိုက်လုပ်ငန်းဖြင့် နာမည်ရသည် ။ ဇနီး ဒေါ်ခင်ဆွေလေးဘက်မှ စီးပွားဥစ္စာ အလျှံပယ်ပါလာသည် မို့လည်း သူ့လုပ်ငန်း ပိုမိုတွင် ကျယ်ရသည် ။ သူများ မြေကွက်ပေါ်မှာ တိုက်ဆောက်ချင်လျှင်လည်း လိုက်ဆောက်ပေးသည် ။ မြေနေရာကောင်းကောင်း တွေ့လျှင်လည်း ကိုယ့်ဘာသာဝယ်ထား၊ တိုက်လှလှလေး ဆောက်ပြီးမှ အဆင်သင့် နေလိုသူတို့ ကိုလည်း ပြန်ရောင်း သည် ။ ငွေစိုက်၍ အလုပ်လုပ်နိုင်သည် မို့ ငွေမစိုက်နိုင်သူတို့ထက် ပို၍ အကျိုးဖြစ်ထွန်းသည် ။ ဖခင်၏ လက်ငုတ်ကို ခြေရာနင်း၍ လိုက်နိုင်သူက ပိုင်ဆု တစ်ယောက်တည်း ရှိပါသည် ။

"ဆွဲပါကွာ မင်းသဘောပဲ၊ မင်းက ဗိသုကာပဲဟာ၊ ဖေဖေတို့ က ဘာဘွဲ့မှ မရခဲ့ဘဲ မျက်စိနဲ့ တတ်ရတာ၊ မင်းက စနစ်တကျ သင်လာခဲ့ရသူပဲ"

"ကျောင်းစာလည်း ကျောင်းစာအလျောက်၊ လက်တွေ့လည်း လက်တွေ့အလျောက်ပေါ့ ဖေဖေရ"

ဦးကျော်ထိုက်က သဘောကျစွာပြုံးသည် ။

သူ့သားတွေထဲမှာ ပိုင်ဆုတစ်ယောက်ပဲ ဘွဲ့ရသည် ။ ဓါတုကာပညာရပ်နှင့် အင်ဂျင်နီယာဖြစ်ခဲ့၏။ ဆက်မော်က ဆယ်တန်းတောင် မအောင်ပါ။ ဆယ်တန်းကို လေးနှစ်ဆက်တိုက်ကျပြီး ကျောင်းထွက်ထား၏။ စိုးစံက ဆယ်တန်းတော့ အောင်ပါသည် ။ မေဂျာတွေထဲမှာ အမှတ်အနည်းဆုံး ဘာသာရပ်နှင့်မို့ ဘွဲ့ရသည့်တိုင် ထွန်းထွန်း ပေါက်ပေါက် မှ ဖြစ်ပါ့မလားဟု တွေးပူနေရသည် ။

"ကိုစိုးက ကျောင်းတက်နေရတာကို အကြောင်းပြပြီး အလုပ်ထဲမှာ နည်းနည်းလေးမှ ကူဖော် လောင်ဖက်မရဘူး၊ ကိုဆက်ကမှ ကူရှာသေးတယ်"

အကူအညီရသည် ဆိုပေမယ့် ဆက်မော်ခမျာ ခိုင်းမှ လုပ်တတ်၏။ ထိုးထွင်းဉာဏ်မရှိ၊ သည် တော့ ဟိုသွားပါဦး၊ ဒီသွားပါဦး၊ ဒီဟာဝယ်ပေး၊ ဟိုဟာဝယ်ပေးဆိုသည့် လက်တိုလက်တောင်း ကြီးလို ဖြစ်နေရရှာ၏။

"အကူအညီရတယ် ဆိုတာတောင် ခိုင်းမှ လုပ်တတ်တော့ မျက်နှာမလွှဲရဘူး"

"မဆိုးပါဘူး မေမေရ၊ ကိုဆက်ကို နည်းနည်းပါးပါး ဟိုလွှတ်ဒီလွှတ် လွှတ်နိုင်တော့ ကျွန်တော့မှာ တာဝန်အများကြီးပေါ့ သွားပါတယ်"

"မင်းကတော့ မင်းပညာနဲ့ မင်း လုပ်စားနိုင်ပါပြီ၊ ဟိုနှစ်ကောင်အတွက် ငါရင်လေးတယ်"

"မေမေပဲ အလိုလိုက်ထားခဲ့တာလို့ မေမေကတော့ ပြောမှာ ပဲ"

ပြောလည်း ပြောစရာပါ။

ဆက်မော်ကို မွေးစားစဉ်က ဆက်မော် ဆယ့်သုံးနှစ်သားလောက် ရှိနေပြီ။ ဦးကျော့်ထိုက်

က သားရင်းလား ထင်မှတ်မှားရလောက်အောင်ဝင် အလိုလိုက်ခဲ့၏။

"ဆွေလေးနဲ့ အိမ်ထောင်မကျခင်က ရထားတဲ့ သားကိုများ မွေးစားတယ်လုပ်ပြီး ပြန်ခေါ်တာလား"

မိတ်ဆွေတွေက အဲသည် လိုတောင် မေးယူရသည် တဲ့ လေ။

"ကိုယ်တာဝန်ယူပြီဆိုမှ ကျေးဇူးတင်ခံရအောင် မွေးမှ ပေါ့ဗျ၊ မွေးစားသားရယ်လို့ ပစ်စလက် ခတ်ထားရင်၊ ကိုယ့်မှာ ကျွေးမွေးလိုက်ရတယ်၊ လူလားမြောက်တော့ မွေးစားသားက စိတ်တွေနာလို့ ဆိုရင် ဘယ်ကောင်းပါ့မလဲ" . . ဖြေရှင်းရမြဲပါ။

ဦးကျော်ထိုက်က ခေါခင်ဆွေလေးကို အမြဲအရေးပေးကာ အလိုလိုက်တတ်၏။ သမီးပေါက်စ "ယွန်းနွယ်လေး" ကိုလည်း ချစ်လိုက်တာ တုန်ပါရော။

"ဆွေလေးကမှ သားမမွေးတာ၊ ဆွေလေးသာ သားမွေးရင် မွေးစားစရာ ဘယ်လိုမလဲ"

မိတ်ဆွေတွေကို သည် လိုလည်း အကြိမ်ကြိမ် ပြောရ၏။ ခေါခင်ဆွေလေး အဖို့မှာ လည်း "မွေးချင်းမွေးဦးမှာ ပေါ့" ဟူ၍ မပြောနိုင်ရှာပါ။ ယွန်းနွယ်လေးကို မွေးတော့ ကလေးကထွား၊ သားဦးမို့ မိခင်က မညှစ်တတ်၊ ရေမြွှာပေါက်ပြီး ကလေးတော်တော်နှင့် လိုက်မလာတော့ ညှပ်ဆွဲရ သည် ။

တိုက်ဆိုင်လာသည့် မတော်တဆ ကံတရားကြောင့် သားအိမ်ကွဲသွားရသည် ။ ဗိုက်ကိုခွဲ၊ သားအိမ်ကို ထုတ်ပစ်လိုက်ရသည် ။ ခေါခင်ဆွေလေး နောက်ထပ် သားသမီးမရနိုင်တော့ပါ။

"သားတွေချည်း သုံးယောက်ဆိုရင် ဘယ်

လောက်အားကိုးရမလဲ၊ ကိုယ့်အလုပ်ကလည် သွားလိုတယ် ဆွေလေးရဲ့"

"တစ်ယောက်မှ အသုံးမကျရင်ကောရှင်"

"ဒီတော့လည်း လျစ်လျူရှုလိုက်ရုံပေါ့"

"ကိုထိုက်က ပစ်နိုင်မှာ မို့လား"

"မကောင်းရင် ဘယ်တတ်နိုင်မလဲ"

ဒေါ်ခင်လေးဆွေက သားတွေကို ဦးကျော်ထိုက်လောက် မသည်းပေမယ့် ကိုပိုင့်အပေါ်ကျတော့ နည်းနည်းဝိုသည်။

"ကိုဆက်တုန်းကလည်း အသစ်အဆန်း ဖြစ်နေတယ်လေ၊ သားဦး၊ အရှူးဆိုတဲ့ စကားပုံလို ပေါ့၊ ကိုစိုးကျတော့လည်း အငယ်ဆုံးလို ဖြစ်နေပြန်ရော၊ အလတ်ဖြစ်နေရတဲ့ ကိုပိုင့်ခမျာ၊ အလတ်ဆို တဲ့ အတိုင်း လတ်ကျန်ရရှာတယ်ရှင်။"

ငယ်စဉ်ကတည်းက ဆက်မော်နှင့် ဖိုးစံတို့ ပူဆာလျှင် ရတာများ သည်။ စာမကျက်လို့ လည်း သိပ်မဆူပါ။ ပိုင်ဆုမို့ စာမေးပွဲမှာ အမှတ်နည်းမလာနှင့် ဦးကျော်ထိုက် ဆူလို့ မဆုံးရှိချေတော့သည်။

"ကိုထိုက်ကတော့လေ တရားကို မတရားဘူး"

အားလုံးထဲမှာ ယွန်းနွယ်လေးကိုတော့ အလိုအလိုက်ဆုံးပါ။ သမီးရင်းကို ဖူးဖူးမှုတ်တာကျ တော့ ဒေါ်ခင်ဆွေးလေး ကိုယ်တိုင်အလိုတူအလိုပါ။ သားသုံးယောက်လုံးကို အသက်ကလေး တွေရမှ မွေးစားသည် ချည်းမို့ သုံးယောက်လုံး ယွန်းနွယ်လေးထက်ကြီးကြသည်။

ဖခင်၏ အလိုလိုက်မှုကို အများ ဆုံးခံရသည့် ဆက်မော်က ဆယ်တန်းမအောင်ပါ။ ဒုတိယ အလိုလိုက်ခံရသူ ဖိုးစံက ဆယ်တန်းတော့

အောင်သည် ၊ အမှတ်မကောင်းချေ။ တစ်ခါမျှ မျက်နှာသာ မရခဲ့သူ ပိုင်ဆုသည် သာလျှင် ထူးချွန်စွာ အောင်မြင်ခဲ့လေ၏။

"သူတစ်ယောက် ထွန်းထွန်းပေါက်ပေါက် ဖြစ်တာ အမှတ်လည်း မီသားနဲ့ ၊ သူ့ဝါသနာပါတဲ့ အ တိုင်း ဆရာဝန်လုပ်ပါစေသားကိုထိုက်ရယ်"

မေမေ ဝိုင်းပြောပေးတာတောင် မရ။

"အဖေက ကွန်ထရက်လုပ်ငန်းမှာ သစ္စာသမာဓိနဲ့ ကြီးပွားနာမည်ရနေတာ၊ အင်ဂျင်နီယာပဲ သွား၊ ဗိသုကာလုပ်"

တစ်ချက်လွှတ် အမိန့်ကိုချ၏။

တစ်ခုတော့ရှိသည် ။ အလိုလိုက်မခံရသူ ပိုင်ဆုက သူ့ဆန္ဒနှင့်မညီလျှင် ဖခင်ကို အပြိုင်ပြန်၍ ဆွေးနွေးသည် ။ အမိန့်ချမှ ပဲ လက်ခံတတ်သည့်ဘဉ်က ပါလာခဲ့လေသည် ။

"ဖေဖေလည်း ကိုဆက်အတွက် စိတ်ပူတယ်၊ ဒီကောင်ကြီး အိုးတိုးအတနဲ့ ၊ ကိုစိုးကမှ လည်လည်ဝယ်ဝယ် ရှိသေးတယ်"

"မထင်ပါနဲ့ ဖေဖေ၊ ကိုဆက်အ/တာက ရိုးသားမှုကိုပြတာပါ၊ လူက ထုံပေမယ့် သုံးလို့ ရသေး တယ်၊ ဖေဖေ့သားအငယ်ကောင်သာ လူလည်"

သွေးသားရင်းချာတွေလို ချစ်ကြ ရင်းနှီးကြသည် မို့ ဝေဖန်စရာရှိလျှင်လည်း မညှာကြပါ။

"အေးကွ . . . ဒီကောင် သူ့ကိုယ်သူ အနေချောင်အောင် သိပ်လုပ်တတ်တယ်၊ ယွန်းယွန်းနဲ့ ဆိုလည်း ရန်မဖြစ်ဘူး"

ယွန်းယွန်းနဲ့ ရန်အဖြစ်ဆုံးက ပိုင်ဆု၊ ယွန်းယွန်းကို သူနဲ့ ပေးစားပါလို့ ၊ ဖေဖေ့ကို ပြောပေး ပါတဲ့ . . . ဆိုသည့်စကားကိုတော့ ပိုင်ဆု ပြန်မပြောဖြစ်တော့ပါ။

ဖေဖေ စိတ်ဆိုးလိမ့်မည်ဟု ထင်၏။ ဖေဖေက ယွန်းယွန်းကို ညီမလေးအရင်းလို သဘောထားဖို့ တဖွဖွသင်ကြားခဲ့သည် လေ။ ပိုင်ဆုနှင့် သဘောတူကာမှ တူရော။ ပိုင်ဆုကသာ လိုချင်ပါသည် ဟု စ/ပြောလာလျှင် ခြေထောက်နှင့်များ ထကန်မလားမသိနိုင်ချေ။

"ဟော"

အင့် . . .အီး . . .ဟူသည့် ငိုသံကြီးကြောင့် ဦးကျော်ထိုက်နားစွင့်လိုက်သည် ။

"ယွန်းယွန်း ထင်တယ်"

"ဒီအိမ်မှာ အာခေါင်ခြစ်ပြီး အသံပြဲနဲ့ ငိုတတ်တာ ဖေဖေ့ သမီးကလွဲရင် မီနီမတောင် အဲဒီလို မငိုဘူး"

မီနီမဆိုသည် က ခြံထဲက မွေးထားသည့် ခွေးမလေးပါ။ ပိုင်ဆု . . . သည် လိုပြောတော့ ဦးကျော် ထိုက် သဘောကျစွာရယ်၏။

ဘူသမီးကို ရက်ရက်စက်စက် ပြန်၍ ငြင်းလာဟူ၍ ဦးကျော်ထိုက် စိတ်မဆိုးပါ။ မည်သူ တမ်းပြောတတ်ပေမယ့် ပိုင်ဆု အကြင်နာကြီးသည် ကို သိနေသည် မို့ပါပဲ။

ခုပဲကြည့်လေ . . . လုပ်လက်စအလုပ်တွေ တန်းလန်းထားခဲ့ကာ ပိုင်ဆုအိမ်ရှေ့ ဧည့်ခန်းသို့ ထွက်သွားပါလေပြီ။

*

"ဘာဖြစ်နေတာလဲ အာပြဲခြောက်"

"ငိုတာ . . . ငိုတာ"

"ငိုတာတော့ သိတာပေါ့၊ ဘာဖြစ်လို့ ငိုတာလဲ လို့ မေးနေတာ"

"ငိုတာဟာ ငိုချင်လို့ ပါတဲ့ ရှင့် ဦးပိုင်ဆုကြီးရဲ့ . . .အီး"

ယွန်းယွန်း အော်ငိုပြန်သည် ။

"ဆယ့်ရှစ်နှစ်ရှိနေပြီ၊ ဒီလိုပဲ အောင်ငိုနေရသေးလား၊ မိဘသာ ပိုက်ဆံ မရှိရင် နင့်အရွယ်က အလုပ်လုပ်လို့ ရပြီ"

"မိဘက ဘာဖြစ်လို့ ပိုက်ဆံရှိနေသေးလဲ၊ ယွန်းယွန်း အလုပ်မလုပ်တာ အပြစ်လား"

"တော်တော့ . . . မငိုနဲ့"

"ငိုမယ်"

"နင် မရှက်ဘူးလား"

"ရှက်ရင် အစကတည်းက အောင်ငိုမလား"

"အေး . . . ကောင်းတယ်၊ ငို . . . ငို"

"ကိုပိုင် ငိုခိုင်းတိုင်း ငိုရမှာ လား၊ မငိုဘူး"

"ငိုပါနော်၊ ညီမလေးက သိပ်လိမ္မာတာပဲ၊ ငိုပါကွာ၊ ငိုသံလေး နားထောင်ချင်လို့"

ငိုပါဆိုလျှင် မငိုဘူးဆိုသည် မို့ ပိုင်ဆုက ငိုမို့ ကို အတင်းတိုက်တွန်းသည် သမီးငိုသံကြောင့် အနားသို့ ရောက်လာသည့် မေမေက မောင်နှမနှစ်ယောက်ကိုကြည့်၍ ပြုံးလေ၏။

"မငိုပါဘူးဆို"

"ငိုပါကွာ"

"တစ်သက်လုံး မငိုဘူး"

"ပြောစကားဆို နားကိုမထောင်ဘူး၊ ငိုပါဆိုတာ မငိုရင်နေပေါ့"

ပိုင်ဆု ကျိတ်ပြုံးလျက် လှည့်အထွက် . . .

"ကိုပိုင်"

လှမ်းခေါ်တော့ လှည်ကြည့်ရပြန်သည် ။ ယွန်းယွန်းက ဝတ်ပြီးသား ဘလောက်စ်ပွပွလေး ပေါ်မှာ အင်္ကျီတစ်ထည်ကိုထပ်ဝတ်သည် ။ ပိုင်ဆု ခွီးခနဲ ရယ်မိတော့သည် ။ စောစောကပဲ ဒီအင်္ကျီကို ယွန်းယွန်း ထိုင်ချုပ်နေသေးသ

ည် ။ မှုနေလို့ ကျဉ်းပစ်တာ ဖြစ်နိုင်၏။ ယွန်း ယွန်းတို့ အချုပ်အလုပ် တော်ပုံက လိုသည် ထက် ပိုကျဉ်းသွားကာ အင်္ကျီက စေ့မရတော့။

"ဘာလုပ်မလို့ ခေါ်တာလဲ"

"ထိုင်ကြည့်နေ"

"ဟုတ်ကဲ့"

ကြယ်သီးတွေကို မရမက တပ်၏။ မူလက အင်္ကျီလုံ့လုံ့လဲလဲ ထူထူထဲထဲမို့ အပေါ်က တစ်ထပ် အပ်ဝတ်သည် ကို ပိုင်ဆုထိုင်ကြည့်သော်လည်း အမြင်မတော် မဖြစ်ပါ။

"ဟင့် . . . ဟင့် . . ."

ကောက်ညှင်းထုပ်လို့ ဖြစ်ကာ ကျပ်စည်းနေသည့်အင်္ကျီကို ဝတ်ပြီးမှ ယွန်းယွန်း အံကြိတ်၍ ညစ်ထုတ်နေသည် ။

"ဒါဘာလုပ်တာလဲ"

"အသားတွေ တက်လာအောင် ညှစ်တာ"

"ရမလား၊ အင်္ကျီက ဒီလောက်ကျပ်နေတာ"

"စုတ်အောင်လို့ "

"ကတ်ကြေးနဲ့ ညှပ်ပါလား"

အင့်ခနဲ ထပ်အညှစ်မှာ အင်္ကျီက ဗြိခနဲ ပြဲလေ၏။

"ကြည့်စမ်း . . . အင်္ကျီအကောင်းကြီး"

"အဲဒါ ကိုပိုင် ဝယ်ပေးထားတဲ့ အင်္ကျီ၊ ကိုပိုင့်ကိုမုန်းလို့ "

"ဟောဗျာ၊ ငါက ဘာလုပ်လို့ မုန်းရမှာ လဲ"

"ကိုယ့်ညီမကျတော့ အကောင်းတစ်ခွန်းမပြောဘူး၊ ဟိုဘက်အိမ်က မိန်းမကျတော့ သွားတွေဖြူပြုံးဖြီးယဝါစာလေးတွေ ရွတ်ပြ"

"သြော် . . . ဟား ဟား"

ပိုင်ဆု အော်ရယ်၏။ ညနေက သက်မာနှင့် လှမ်းစကားပြောနေသည် ကို ယွန်းယွန်း မြင်သွား သည် ထင်ပါရဲ့ ။

"သွား"

အကျီစုတ်ကို ချွတ်ယူကာ လုံးထွေး၍ ပေါက်ပစ်လိုက်တော့သည် ။ မေမေက သူ့သမီးကြံဖန်စိတ်ဆိုးပုံကို သဘောကျကာ ရယ်လို့ မဆုံး။

"ကိုပိုင့်ကို စိတ်ဆိုးတာနဲ့ ကိုပိုင် ဝယ်ပေးထားတဲ့ အကျီကို ဆုတ်ပစ်ရသလား သမီးရယ် ၊ ပြီး တော့လည်း အကျီဆုတ်ပုံက ရာမှ ရာ၊ မကျပ်ကျပ်အောင်သီပြီးမှ ရအောင်ဝတ်၊ ညှစ်ထုတ်သတဲ့ ၊ သမီး လေးကတော့လေ"

ပိုင်ဆု ရယ်ချင်စိတ်ကို အောင့်ကာ စာကြည့်ခန်းထဲသို့ ပြန်ဝင်လာခဲ့ပါတော့သည် ။

*

"ကိုပိုင်ရေ"

"ခင်ဗျာ မေမေ"

ဆွဲလက်စအိမ်ပုံစံကို ချထားခဲ့ရပါ၏။ မေမေ့ကိုသာ သဘောခင်းမညီလျှင် ပြန်ဆွေးနွေးတတ် ပေမယ့် မေမေ့ကို ဆိုလျှင် ပိုင်ဆုအမြဲဦးစားပေး၍ ဆက်ဆံခဲ့ပါ၏။ငယ်စဉ်ကတည်းက မေမေက သိပ်အရောမဝင်ခဲ့သည့်မို့လည်း မေမေ့ထက် ပိုရှိန် ပိုလန့်ရသည် ။

"ထမင်းစားကြစို့"

"ဟုတ်ကဲ့"

မေမေက မနက်စာထမင်းတော့ ကိုယ့်ကိစ္စနှင့်ကိုယ် စားချင်သည့်လူက ကြိုက်တဲ့ အချိန်ဝင်စားသွား၊ ညစာထမင်းကျလျှင် မိသားစုခြောက်ယောက်လုံးဆုံစားမှ ကြိုက်တတ်သည် ။ မေမေ ရော သားတွေပါ ထမင်းစားချိန်ကျလျှင် မည်သည့်အလုပ်ကိုပဲ

လုပ်နေပစေ၊ ချထားခဲ့ရသည် ချည်း။

"ယွန်းယွန်းကို ထမင်းစားခေါ်လို့ မရဘူး"

ပိုင်ဆု ပြုံးလိုက်သည် ။

"စိတ်ကောက်တုန်းပဲလား"

"အေး . . .ကိုပိုင် လာချော့မှ တဲ့ "

"ကျွန်တော် သွားခေါ်လိုက်ပါ့မယ်"

"အေး . . . အေး၊ မီးဖိုဘက်ကနေ ခြံထဲဆင်းတဲ့ တံခါးဝမှာ "

တစ်ခါတစ်ရံတော့ ယွန်းယွန်း ကရိကထ လေးများကို စိတ်ရှည်စွာ ခံယူချင်မိပေမယ့် တစ်ခါ တစ်ရံတော့ ပိုင်ဆု စိတ်ပျက်မိလေ၏။ သက်ပြင်းမောကိုချလျက် မီးဖိုထဲသို့ ဝင်ခဲ့သည် ။

မရွှေယွန်း လုပ်နေပုံကိုသာ ကြည့်တော့။

သစ်သားတံခါးရွက်ကိုမှီလျက် ခြေဆင်းထိုင်နေသည် ။ ခြေဖျားချင်း တစ်ဖက်နှင့်တစ်ဖက် အဆက်မပြတ်ပွတ်ကာ တအင့်အင့်နှင့် အော်နေ၏။ ယွန်းယွန်း ခြေဖျားလေးတွေ နီရဲကာ အသားနီ တောင်လန်လုလု။ ဘယ်လောက်ကြာကြာ ပွတ်တိုက်ထားပြီးမသိ။

"ဒါဘာလုပ်နေတာလဲ"

"ခြေချင်းလိမ်ပြီး စိတ်ကောက်တာ၊ ကိုပိုင့်ကို မုန်းလို့ "

"ငါက ဘာလုပ်လို့ မုန်းနေရတာလဲ"

"ယွန်းယွန်းကို မျောက်လွှဲကျော်မလို့ ဘာဖြစ်လို့ ပြောရတာလဲ၊ ယွန်းယွန်းအတင်း လူတကာ ကို ဘာဖြစ်လို့ လျှောက်ပြောနေရတာလဲ၊ ကိုပိုင့်ကို အရမ်းစိတ်ဆိုးတယ်"

"ဩော် . . . ဒါလား"

ညနေက ခြံစည်းရိုးကိုကျော်၍ သက်မာနှင့် စကားပြောဖြစ်ကြသည် ။ ဒါကိုယွန်းယွန်း ဘ

လုပ်နေပစေ၊ ချထားခဲ့ရသည် ချည်း။

"ယွန်းယွန်းကို ထမင်းစားခေါ်လို့ မရဘူး"

ပိုင်ဆု ပြုံးလိုက်သည် ။

"စိတ်ကောက်တုန်းပဲလား"

"အေး . . .ကိုပိုင် လာချော့မှ တဲ့ "

"ကျွန်တော် သွားခေါ်လိုက်ပါ့မယ်"

"အေး . . . အေး၊ မီးဖိုဘက်ကနေ ခြံထဲဆင်းတဲ့ တံခါးဝမှာ "

တစ်ခါတစ်ရံတော့ ယွန်းယွန်း ကရိကထ လေးများကို စိတ်ရှည်စွာ ခံယူချင်မိပေမယ့် တစ်ခါ တစ်ရံတော့ ပိုင်ဆု စိတ်ပျက်မိလေ၏။ သက်ပြင်းမောကိုချလျက် မီးဖိုထဲသို့ ဝင်ခဲ့သည် ။

မရွှေယွန်း လုပ်နေပုံကိုသာ ကြည့်တော့။

သစ်သားတံခါးရွက်ကိုမှီလျက် ခြေဆင်းထိုင်နေသည် ။ ခြေဖျားချင်း တစ်ဖက်နှင့်တစ်ဖက် အဆက်မပြတ်ပွတ်ကာ တအင့်အင့်နှင့် အော်နေ၏။ ယွန်းယွန်း ခြေဖျားလေးတွေ နီရဲကာ အသားနီ တောင်လန်လုလု။ ဘယ်လောက်ကြာကြာ ပွတ်တိုက်ထားပြီးမသိ။

"ဒါဘာလုပ်နေတာလဲ"

"ခြေချင်းလိမ်ပြီး စိတ်ကောက်တာ၊ ကိုပိုင့်ကို မုန်းလို့ "

"ငါက ဘာလုပ်လို့ မုန်းနေရတာလဲ"

"ယွန်းယွန်းကို မျောက်လွှဲကျော်မလို့ ဘာဖြစ်လို့ ပြောရတာလဲ၊ ယွန်းယွန်းအတောင်း လူတကာ ကို ဘာဖြစ်လို့ လျှောက်ပြောနေရတာလဲ၊ ကိုပိုင့်ကို အရမ်းစိတ်ဆိုးတယ်"

"ဪ . . . ဒါလား"

ညနေက ခြံစည်းရိုးကိုကျော်၍ သက်မာနှင့် စကားပြောဖြစ်ကြသည် ။ ဒါကိုယွန်းယွန်း ဘာ

ယ်ကကြားပါလိမ့်။

"သူကမေးလို့ ပါ၊ ဟို . . . ချောချောလှလှချာတိတ်မလေးက ယွန်းယွန်းဆိုတာလားတဲ့ ၊ ဒါကြောင့် ငါကဟုတ်တယ်၊ ဆိုးလိုက်တာမျောက်လွှဲ ကျော်မလေးလိုပဲလို့ ပြောလိုက်တာ၊ နင်မဆိုး ဘူးလားလို့ ၊ ဟုတ်တာပြောတာ"

"မေမေရေ . . ."

ဒေါ်ခင်ဆွေလေး ပြေးဝင်လာသည် ။

"သမီးလေးက ဘာလုပ်ချင်လဲ ပြောလေ မေမေ့ကို"

"ကိုပိုင်က ယွန်းယွန်းအတင်းတွေ ခြံတကာလည်ပြီး ပြောတယ် မေမေရဲ့"

အမေကို တိုင်ကာ ခြေချင်းလိမ်ပြန်၏။ ဒေါ်ခင်ဆွေလေးက ပိုင်ဆုကိုလှည့်ကြည့်သည် ။ ပိုင်ဆု ခုကျလိုက်တာမပြောပါနှင့်တော့၊ ဒီဂိုး လေး။

"မျောက်လွှဲကျော်ဆိုတာ ချစ်လို့ ခေါ်တာပဲ ယွန်းယွန်းရာ၊ နားလည်မှ ပေါ့"

မေမေ့ကိုလည်း ရှည်ရှည်ဝေးဝေး ရှင်းပြမနေချင်တော့ပါ။ ယွန်းယွန်း စိတ်ကောက်ပြေဖို့ပဲ အရေးကြီးသည် ။ ယွန်းယွန်း စိတ်ကောက်ပြေပြီဆိုလျှင် မေမေ့ ပြဿနာက လုံးဝ ရှိမည်မဟုတ်တော့ ပါ။

"ကိုယ့်ညီမလေးမို့ ကိုယ်ချစ်လို့ ခေါ်တာပဲဟာ"

"ချစ်ရင် ဖိုဘီကိတ်လို့ ခေါ်ပါလားလို့ "

ပိုင်ဆု ရယ်မိတော့သည် ။ စောစောက စိတ်ပျက်နေတာတွေလည်း ပျောက်ကုန်၏။ ကလေးမှ တကယ့်ကလေးလေးလိုကို နေတော့တာပဲ ယွန်းယွန်းရယ်။

"ကဲလ . . . . နိဘိဂါတ်လေး၊ ကိုပိုင့်ညီမလေး။ ထမင်းဆာလွန်းလို့ ဗိုက်တောင်အောင့်နေရှာ ပြီ၊ ထမင်းစားရအောင်နော်"

"တစ်ချက်ထုရမှ "

"ထု . . .ထု"

ကျောကိုလှည့်၍ ပေးတော့ ဗုန်းခနဲထု၏။ ပိုင်ဆု ကျောကော့တက်သွားသည် ။

"ကျေနပ်ပြီလား"

"ဟင့်အင်း"

ဗိုက်ခေါက်ကိုဆွဲလိမ်ပြန်သည် မို့ နားလည်နာ၊ ယားလည်း ယား၊ ပိုင်ဆု မအီမလည် ရှုံ့မဲ့တွန့်လိမ်နေမှ ဒေါ်ရွှေယွန်း စိတ်ပြေတော်မူလေသတည်း။ ဒီလိုကလေးဆိုးကို ဘယ်လိုလုပ်ပြီး လက်ထပ် ချင်ပါ့မလဲ။

*

အစ်ကိုသုံးယောက်လုံး အရင်းမဟုတ်မှန်း ယွန်းယွန်း သိသည် ။ စင်စစ် ....ယွန်းယွန်းတို့ မ ၂ ၁ မောင်နှမလေးယောက်ဟု ဆိုရပေမယ့် လေးယောက်လုံးသည် တစ်ဦးနှင့်တစ်ဦး၊ မည်သို့မျှ သွေးသား မတော်စပ်သည့် သူစိမ်းမောင်နှမတွေပါ။ သို့ပေမဲ့ ယွန်းယွန်းမှာ က ချစ်စရာဆိုလို့ သည် သူစိမ်းအစ်ကို သုံးယောက်ပဲ ရှိသည် မို့ သုံးယောက်လုံးကို ယွန်းယွန်း ချစ်သည် ။

အားလုံးထဲမှာ ကိုပိုင့်ကို အချစ်ဆုံး။

သုံးယောက်လုံးကလည်း ယွန်းယွန်းကို ချစ်ကြသည် ဟု ယွန်းယွန်း ယုံ၏။ ကိုပိုင်က ပိုတောင် ချစ်သေးသည် ဟု ပိုယုံသည် ။ ကိုပိုင်သည် ယွန်းယွန်းကို တစ်ချက်ကလေးမှ အကောင်းမပြောပေမယ့် ယွန်းယွန်းကို ကိုပိုင်သည် သာ ကရိကထ အခံဆုံး ပါ။

"မုန်းတယ် . . .ကိုပိုင့်ကို မုန်းတယ်"

တစ်ယောက်တည်း အံကြိတ်၍ ပြောမိသည် ။ ခုတလေတော့ ကိုပိုင့်ကို အရမ်းမုန်းနေသည် ။

"ဟိုမိန်းမနဲ့ တွေ့မှ ပိုတောင်ဆိုးလာသေးတယ်"

ကိုပိုင် ခုတလော ယွန်းယွန်းအပေါ် သိပ်ကို စိမ်းကားနေသည် ။ တစ်ချက်ကလေးမျှ မျက်နှာ သာမပေးပါ။

"သူ့ဘာသာရည်းစားထားချင်ထားပါလား၊ ခုတော့ . . . သူ့ရည်းစားထားချင်တိုင်း သူများကို အလကားနေရင်း ဆူနေတယ်"

သက်မာဆိုသည့် အမျိုးသမီးအပေါ်လည်း မုန်းလိုက်တာ လွန်ပါရော။

"အလုပ်က ပြန် လာပြီဆိုရင် ခြံထဲဆင်းရတာ အမော"

ယွန်းယွန်း ပြောလည်း ပြောစရာပါ။

"ဟိုမိန်းမကလည်း ဒီအချိန် ခြံထဲ ဘာဆင်းဆင်းလုပ်တယ်မသိဘူး၊ လူနှာစောင့်ဆိုရင်လည်း ကိုယ့်လူနှာနှား ကိုယ်နေပါလား"

သက်မာကလည်း ညနေစောင်းပြီဆိုလျှင် ခြံထဲရောက်ရောက်နေတတ်သည် ။ ငါးပေသာ မြင့် သည့် အုတ်နံရံကိုကျော်ကာ ဘာစကားတွေ ဒီလောက်ပြောနေကြမှန်းမသိ။

"အဲဒီ အုတ်တံတိုင်းကြီးကို ဆယ်ပေအမြင့်ကာပစ်မှ ဖြစ်မယ်"

စိတ်ကူးပေါက်ရုံနှင့် လူကခြံထဲသို့ ရောက်လာသည် ။ ဟိုဘက်ခြံနှင့် သည် ဘက်ခြံကို ခြား ထားသည့် အုတ်နံရံများ သို့ ရောက်လာသည် ။ အုတ်စည်းရိုးနှင့် ယွန်းယွန်းအရပ်နှင့် ကျတော့ နှာ ခေါင်းနားဆီမှာ ရှိ၏။ ယွန်းယွန်း

အရပ်က ငါးပေနှင့်ငါးလက်မလောက်ရှိသည်

။

"နောင်နောင်နဲ့ တောင် မတွေ့ရတာကြာပြီ

"

ယွန်ယွန်းနှင့် နောင်နောင်တို့ သည် ငယ်စဥ်ကလေးဘဝတည်းက တစ်ခြံနှင့် တစ်ခြံကူး၍ ဆော့ကစားခဲ့ကြ၏။ နောင်နောင်ကားတိုက်မှုဖြစ်သွားပြီးသည့် နောက်ပိုင်းမှာ ယွန်းယွန်း မကြာခဏ သွားသွားစကားပြောသေးသည်

။

နောက်တော့ . . . နောင်နောင်က အမြဲလိုလို စိတ်တိုကာ ဒေါသတွေချည်းထွက်နေတတ်သည့်မို့ ယွန်းယွန်း မရောက်တော့။

"ဟော . . ."

နောင်နောင့် လှည်းကလေး။ သက်မာဆိုသည့် အမျိုးသမီးက တွန်း၍ ခြံထဲမှာ လျှောက်

သွားနေသည်။

"ယွန်း . . . ကိုပိုင် မရှိတဲ့ အချိန်မှာ လူနာနဲ့ ခြံထဲဆင်းတယ်၊ ကိုပိုင်ရှိတဲ့ အချိန်ကျတော့ သူတစ်ယောက်တည်းဆင်းတယ် . . . ညီမြ"

"သိုမြ" ဆိုသည့် စကားကို မည်သို့စတင် ပေါ်ပေါက်သုံးစွဲလာကြမှန်း ယွန်းယွန်း မသိပါ။ ရှေးခတ် ရုပ်ရှင်ကားတစ်ကားထဲကလား ရှေးခတ် သီချင်းတစ်ပုဒ်ထဲကလား . . . ယွန်းယွန်း သေ သေချာချာ မသိပါ၊ ယင်းစကားလုံး၏ သက်ရောက်သော အဓိပ္ပာယ်ကိုတော့ ယွန်းယွန်းသိ၏။

ဘွားဘွား ရှိတုန်းကတည်းက အိမ်ဖော်မိန်းကလေးတွေ ယာဥ်မောင်းတို့ ၊ ဥယျာဥ်မှူးတို့တွေ မြင်သာသည့်နေရာမှာ သီချင်းလေးဆိုလိုက်၊ လမ်းကလေးလျှောက်လိုက် လုပ်နေလျှင် ဘွားဘွား က . . .

"ဟဲ့ . . . မိန်းကလေးဆိုတာ ကူခြေနဲ့ နေရတယ်၊ ညိုမြလုပ်မနေနဲ့ " ဟူ၍ ပြောတတ်၏။

ယောကျ်ားတစ်ဦးရေ့မှာ ဟန်ရေးတပြပြ လုပ်နေသည့် မိန်းကလေးကို 'ညိုမြ' ဟု ခေါ်ကြောင်း ယွန်းယွန်း မှတ်မိထားလေသည်။

"ဟောတော့ . . . ဒေါ်ညိုမြ ဘယ်ရောက်သွားတယ် မသိ"

နောင်နောင် တစ်ယောက်တည်း လှည်းကလေးပေါ်မှာ သူ့အိုးကလေး သူတွန်း၍ လျှောက် သွားနေသည်။

"နောင်နောင်ရေ . . . ဟေး . . . နောင်နောင်"

ယွန်းယွန်း လှမ်းခေါ်သည်။ နောင်နောင်တို့ ခြံက မြေမညီပါ။ အနိမ့်ပိုင်း ဆင်ခြေလျှောများ ဆီသို့ ရောက်သွားသည့်အခါ ယွန်းယွန်း မတွေ့ရတော့ပါ။

"ခုံခုပြီး ကြည့်ရမလားကွယ်"

"ဟိုဟိုသည် သည် ကြည့်မိ၏။

"ဟာ . . . ဟုတ်ပြီ၊ ဟိုမာလကာပင်ပေါ်က တက်ကြည့်ရင် အမှန်ပဲ၊ ဒီစီ . . . ဒီစီ"

သည် လောက်မလကာပင်တော့ ယွန်းယွန်းတို့ ကအပျော့။ တက်နေကျ။ ယွန်းယွန်း မာလကာ ပင်ပေါ် စွေ့ခနဲရောက်သည်။ မာလကာပင်က အခုတ်စည်းရိုးနား ကပ်ပေါက်နေသည် မို့ တစ်ဖက်ခြံကို အပေါ်စီးမှ ထင်းခနဲ တွေ့ရလေ၏။

"နောင်နောင်ရေး . . ."

"ဝေး . . . နောင်နောင်"

နောင်နောင်သည် ယွန်းယွန်းထက် နှစ်နှစ် ကျော်ကျော်ကြီးသည်။ သို့ပေမဲ့ မည်သူမှ ဗိုလ်မ ထား၊ ဆရာ, မတင်ချင်သူ ယွန်းယွန်းက

နောင်နောင်ပဲ ခေါ်ဖြစ်ခဲ့၏။

"ကိုနောင်ခေါ်ပါ သမီးရယ်၊ ကိုယ့်ထက်ကြီးတာကို"

မေမေက သွန်သင်ဖူးပေမယ့် ယွန်းယွန်း လက်မခံပါ။

"ဟင် ... မေမေကလဲ၊ ယွန်းယွန်းက သူနဲ့ ကစားရမယ့် ဟာကို၊ သူ့ကို ရိုသေနေရရင် ယွန်းယွန်း ရှုံးရောပေါ့"

ယွန်းယွန်းသည် လိုပြောတော့ မေမေကရယ်၏။ ယွန်းယွန်းဆန္ဒဟူသမျှ ထာဝရလိုက်လျော တတ်သူ မေမေက ထပ်ဆင့်စကား မဆိုတော့ပါ။ ခေါ်စေသတည်းပဲပေါ့။ နောင်နောင့် မေမေကိုတော့ အားနာပါးနာ ပြောသေးသည် ။

"ကိုနောင် ခေါ်ပါဆိုတာ ပြောမရဘူး ချီရယ်"

"ခေါ်ပါစေ ဆွေ၊ ပိုရင်းနှီးတာပေါ့၊ သူတို့က ကစားဘက်တွေပဲ"

အဲသည် ကတည်းက နောင်နောင်ပဲ ခေါ်ခဲ့တာ။

"နောင်နောင်ရေး ..."

"ဟော ... ယွန်းယွန်းပါလား၊ လိမ့်ကျဦးမယ်"

နောင်နောင်က ယွန်းယွန်းဆီသို့ ဦးတည်၍ သူလှည်းကလေးကို လိမ့်လာသည် ။

"ယွန်းယွန်း လိမ့်မကျပါဘူး၊ နောင်နောင်သာ လှည်းကို ဂရုစိုက်"

နောင်နောင်က ယွန်းယွန်းနားသို့ ရောက်လာသည် ။ ယွန်းယွန်းကို မော့ကြည့်၏။

"လာမလည်တာ ကြာပါရောလား၊ ယွန်းယွန်း"

"ယွန်းယွန်းက လာလည်ချင်တာပါ၊ နောင်နောင်က အမြစိတ်တိုပြီး တွေ့ကရာ တွေပေါက် ခွဲနေတော့ ယွန်းယွန်း ဘယ်လာချင်မလဲ"

"အခု မခွဲတော့ဘူးကွ၊ စိတ်လည်း မတိုတော့ဘူး"

"ဟုတ်လား၊ အဲဒါဆို လာလည်မယ်"

"အခုလာမလား ရှမ်းခေါက်ဆွဲကျွေးမယ်၊ မမက ရှမ်းခေါက်ဆွဲသွားယူနေတယ်၊ ငါ့မှာ လည်း နှင့်လိုပဲ အစ်မတစ်ယောက်ရထားတယ်၊ နှင်သိပြီးပြီလား"

"သိသားပဲ"

"မမနဲ့ မိတ်ဆက်ပေးမယ်၊ လာခဲ့ပါလား"

"ဟင့်အင်း . . . မလာချင်ဘူး"

"ဘာဖြစ်လို့ လဲ . . . ရှမ်းခေါက်ဆွဲစားရအောင်"

"အခု မလကာသီးစားမလို့ ၊ နောင်နောင်လည်း စားဦးမလား၊ ခူးချလိုက်မယ် ဆီးဖမ်း"

"ငါက ဘယ်ဖမ်းနိုင်မလဲကွ"

"လက်ကဖမ်းတာပဲဟာ"

"လက်ထဲရောက်မလာရင် ဘယ်မိမလဲ"

"ရောက်အောင်ပစ်ပေးမယ်"

"အေး . . . ငါ့လက်ထဲကိုရောက်အောင်ပစ်"

ယွန်းယွန်းတို့ အိမ်မှ မာလကာသီးက အသီးထွား၍ အသားပွကာ ချိုလည်း ချို၏။ နောင်နောင် နေကောင်းစဉ်ကဆို အမြဲခူးစားနေကျ ။ မစားရတာကြာပြီမို့လည်း နောင်နောင် စားချင် စိတ်ပေါက်မိ၏။

"ပစ်တော့မယ်နော်"

"အေး . . ."

 နောင်နောင်က လက်နှစ်ဖက်ကို အသင့်ခံ

ထား၏။

"ဟေး . . . မလုပ်နဲ့"

အော်သံကြောင့် လှမ်းကြည့်လိုက်တော့ သက်မာ။

ရှမ်းခေါက်ဆွဲပန်းကန်ကို ဇွန်းထဲထည့်သယ်လျက်ပြေးလာသည်။

"မလုပ်နဲ့ . . . မပစ်လိုက်နဲ့ နော်၊ နောင်နောင်က ယောင်ယမ်းပြီး လိုက်ဖမ်းရင် ချော်လဲသွားမှာ စိုးလို့"

ဟွန်း . . . မုန်းပါတယ်ဆိုမှ ပိုမုန်းအောင်လုပ်ပြန်ပြီ။ ယွန်းယွန်းပဲ ဘယ်ရမလဲ။ သူ့စကားကို ဘာဖြစ်လို့ နားထောင်ရမှာ လဲ။

"ရော့ . . . ဒါဖြင့်ခင်ဗျားဖမ်း"

မာလာကာသီးကို သက်မာ ကိုင်ထားသည့် ဇွန်းထဲသို့ ပစ်ထည့်လိုက်တော့သည်။

"ဟော့ . . . ဟာ . . ."

ပန်းကန်ကို တည့်တည့်မှန်၏။ သက်မာ ယောင်ယမ်း၍ ဇွန်းကြီးကိုင်လျက်က လှုပ်ယိမ်းထိုး သွားတော့ ပန်းကန်က မြေပေါ်သို့ကျ၍ ကွဲလေ၏။

"ခစ် . . . ခစ်"

ယွန်းယွန်း သဘောကျစွာရယ်၏။

သက်မာ ဒေါသထောင်းခနဲထွက်သည်။ ကလေးမဟုတ်သူငယ်မဟုတ်၊ မာလာကာပင်ပေါ် တက်၊ ပြီးတော့ လုပ်ပုံကိုကြည့်ရိုင်းလည်းရိုင်း၏။ မိမိကိုယ်ကိုတောင် ချော်မလဲအောင် မနည်းကြီး သတိထားလိုက်ရသည်။

"အရမ်းပဲ"

စိတ်တိုတိုနှင့်ပြောပြီး နောင်နောင့်ကိုကြည့်တော့ ဦးရွှေနောင်ကပါ ရောရယ်နေချေသေး။

"ဘာရယ်တာလဲ နောင်နောင်"

"ယွန်းယွန်းက အဲဒီလိုပဲ မမရဲ့ ခွတ်မှ ခွတ်"

"ပန်ကန်လည်း ကျကွဲပြီ၊ ရင်ဘတ်မှာ လည်း ဆီတွေစဉ်ကုန်ပြီ"

သက်မာ မျက်စိမျက်နှာပျက်လေ ယွန်းယွန်း သဘောကျလေမို့ လက်ခုပ်လက်ဝါးတီး၍ ရယ်ပစ်သည်။

"ပန်းကန်ကွဲပြီး ဆီတွေစွန်းကုန်ပေမယ့် ခင်ဗျား က, တာလှပါတယ်ဗျ၊ ကြည့်လို့ ကောင်းတယ်"

အရွယ်ချင်းက မမျှသည် မို့ သက်မာ ဒေါသကို ထိန်းလိုက်ပါတော့သည်။ ပြီးတော့ သူက ဦးပိုင်ဆု ညီမလေးမဟုတ်လား။ နောင်နောင့် သူငယ်ချင်း။ ယွန်းယွန်းနှင့် ရန်ဖြစ်ရလျှင် ကိုယ်က အကြီးမို့ လွန်ရာကျဦးမည်။ အကျိုးမရှိ သည့်ပြင် မလိုလားအပ်သည့် ပြဿနာတွေ ပေါ်နိုင်သည်။

ခဏ္ဍိစ . . . ငါမနိုင်၍ သည်းခံရခြင်းသည် လည်းကောင်းဟူသည့်မူကိုပဲ သက်မာ ကျင့်သုံးလိုက် ပါတော့သည်။

"နောင်နောင်က ရှမ်းခေါက်ဆွဲစားမှာ လား၊ မာလာကာသီးစားမှာ လား"

"ရှမ်းခေါက်ဆွဲ အရင်စားမယ် မမ၊ ပြီးတော့မှ မာလာကာသီးစားမယ်၊ မမ သွားမယူပါနဲ့ တော့၊ ဦးလေးကျော်ကို ဖြစ်ဖြစ်နိုင်းပါ"

"အေး"

"ဦးလေးကျော်" ဟု လှမ်းခေါ်ကာ ပန်းကန်ကွဲနှင့် ဗန်းရောမြေပြင်ပေါ် လိမ့်သွားသည့် မာလာ ကာသီးကိုပါ ကောက်ပေးလိုက်သည်။

"ရေဆေးလာခဲ့နော်" ဟူ၍ လည်း မှာ လို

က်သေး၏။ ယွန်းယွန်းတို့ ကတော့ ရေမိုးဆေး မနေပါ။ ခူးပြီး လက်နှင့်ဟိုပွတ်သည် ပွတ်က ကိုက်စားလိုက်သည် ပဲ။

"မမကို ယွန်းယွန်းနဲ့ မိတ်ဆက်ပေးရဦးမယ်"

နောင်နောင်က လှမ်းပြောသည် မို့ သက်မာ နောင်နောင့်နားသို့ လျှောက်လာသည်။

"အဲဒါလေ နောင်နောင့်သူငယ်ချင်းပေါ့ မမ ရဲ့၊ နာမည်လေးက လှတယ်၊ ယွန်းနွယ်လေးတဲ့"

"မျောက်လွှဲကျော်လေးပါ"

ယွန်းယွန်း ဝင်ပြောတော့ နောင်နောင် ရယ်၏။

"ဦးပိုင်ဆု ညီမလေး မဟုတ်လား"

"ဟုတ်တယ် . . . ပေါ့ ယွန်းယွန်း၊ ငါ့အစ်မ လေ"

"သိပါတယ် . . . ဒေါ်သက်မာ"

ယွန်းယွန်းက လှည့်မကြည့်ဘဲ မာလကာ သီးကို အားရပါးရ ကိုက်စားနေလိုက်သည်။

"ဦးပိုင်ဆု ပြောထားတယ် ထင်တယ်"

"ကျွန်တော့်နာမည် ယွန်းယွန်း မဟုတ်ဘူး ဗျ၊ မျောက်လွှဲကျော်လို့ ကိုပိုင် ပြောထားတယ် မဟုတ်လား"

"ဩော် . . . ယွန်းယွန်းက အဲဒါကို စိတ်ခု နေတယ်ထင်တယ်၊ မမကတော့ အဲဒီလို မခေါ်ပါ ဘူးကွာ"

"ခေါ်ပါဗျ၊ ကျွန်တော်က မျောက်လွှဲကျော်ပဲ ဟာ"

"ယွန်းယွန်းက ဆိုးတယ် မမရဲ့"

နောင်နောင်က သက်မာကို အားနာပါးနာ

ပြုံး၍ ပြောၡ၏။

"တာတေလန် ပေါက်ကျော်မ ဆိုတာလေး လည်း ပြောဦးလေ"

"ပြောမလို့ ပဲ"

"ပြောပေါ့ . . . ယွန်းယွန်းကို လူတွေက ဆိုးတယ်လို့ ပြောကြတယ်၊ ယွန်းယွန်း တစ်ယောက် တည်းဆိုးတာကို၊ လူတွေအများကြီးမှုပြီး သည်းခံရတာ၊ မခံနိုင်ကြဘူး၊ ယွန်းယွန်းက အများ စု သည်းခံဖို့ တစ်ယောက်တည်းက ဆိုးပေးရတာ၊ လွယ်တယ်မထင်နဲ့"

"အေးပါ . . . ဟုတ်ပါတယ်၊ နင့်မှာ အပြစ်မရှိဘူး"

"ဘယ်ရှိမလဲ၊ အများ နဲ့ တစ်ယောက်ပဲဟာ၊ လူဆယ်ယောက်နဲ့ လူတစ်ယောက် ရန်ဖြစ်ရင် ဘယ်သူလွန်မလဲ"

"အဲဒါ အမှန်ပဲဥစ္စာ"

"ရှမ်းခေါက်ဆွဲ လာစားပါလား ယွန်းယွန်း"

သက်မာက ပြုံး၍ ဖိတ်ခေါ်၏။ ယွန်းယွန်း သွားဆံပင်တိုတိုလေးတွေကို ဝဲခနဲ ဝဲခနဲ ခါသည်။

"ယွန်းယွန်း ခေါက်ဆွဲမစားဘူး"

"မကြိုက်လို့ လား"

"ခေါက်ဆွဲစားတယ်ဆိုတာ သစ္စာမရှိတာ၊ ဘက်လိုက်တာ၊ မတရားလုပ်တာကို ပြောတာ။"

"အဲဒါသာကြည့်တော့ မမရေ၊ ဒီကောင်မလေးနဲ့ စကားကောင်းပြောလို့ မရဘူး"

"တစ်သက်လုံးက ဒီပုံစံပဲ နှောင်နှောင်၊ ခုမှ လူဆိုးစာရင်းထဲလာထည့်မနေနဲ့ ဘာလဲ၊ နှောင်နှောင့် ဗိုက်ထဲ ခေါက်ဆွဲဝင်နေပလား"

သူပြောချင်ရာပြောကာ တစ်ဖက်သား ပြန်မပြောနိုင်ခင် ဖုတ်ခနဲ ခုန်ချလိုက်တော့သည်။

"အမေ့ . . . အနိုင်နဲ့ ပိုင်းရအောင် ခုန်ချလိုက်တာ၊ လူ့ကို အီစလံဝေသွားတာပဲ"

ယွန်းယွန်းတစ်ယောက် ရှုံ့မဲ့သွားရတော့သည်။

*

"သမီး ယွန်းယွန်း . . . အဲဒီအုတ်ခုံလေး မနင်းနဲ့"

လှမ်းတက်မည့် ယွန်းယွန်းခြေထောက်လေးများ ရှုံ့ခနဲတန့်သွားရ၏။

မာလကာပင်ပေါ်မှ ပြုတ်ကျခဲ့သည့် မို့ယွန်းယွန်းတင်ပါးနှင့်ခြေထောက်မှာ ရှုံ့တွေပေလာ သည်။ မာလီရှန်ကနားက တောတောကလေးတင် သစ်ပင်တွေရေလောင်းထားသည်။ မာလကာပင်နှင့် မနီးမဝေးမှာ က ဖေဖေ့အချစ်တော် ပိန်းပန်းပင်တွေ။

ပိန်းပန်းဟူသည် က ရေကိုအလွန်ကြိုက်၏။ ရွှဲအိုင်နေအောင် လောင်းရသည်။ ပိန်းပန်းအိုး တွေဘက်မှ စီးကျလာသမျှရေတွေက မာလကာပင် တစ်ပိုက်မှာ လာစုတော့ ဗွက်ပေါက်နေ၏။ သည် ဗွက်ပေါ်မှာ ယွန်းယွန်းက ပြုတ်ကျသည်။ သည် တော့ . . . ယွန်းယွန်း နောက်ဖေးတံခါးမှ လှည့်ဝင်၏။

အိမ်ရှေ့ကဝင်လျှင် ဖိတ်ဖိတ်လက်နေသည့် ကြမ်းပြင်မှာ ရှုံ့ကွက်တွေထင်၍ အလုပ်ရှုပ်မှာစိုးလို့ ပါ။

"ကျော်သွားလေ ယွန်းယွန်း၊ ကျော်ပြီးဝင်ခဲ့"

"အဲဒါကဘာဖြစ်နေလို့ လဲ ဒေါ်ကြီး"

ထမင်းချက်သည့် ဒေါ်စိန် အုတ်ခုံလေးကို

လက်ညှိုးထိုးပြသည်။

"နော်မူးက ပန်းကန်ဆေးရင် ထမင်းစေ့တွေကို ဟိုပက်ဒီပက်လုပ်တာ ယွန်းယွန်းရဲ့၊ ဒီတော့ ကြွက်တွင်းတွေ ဖြစ်ကုန်တာပေါ့"

ယွန်းယွန်းတို့ အိမ်တွင် ဒေါ်စိန် စဖို့မှူး၊ နော်မူးက အဝတ်လျှော် မီးပူတိုက်၊ တစ်အိမ်လုံးကို ဖိတ်ဖိတ်လက်အောင်ရှင်း၊ ဟိုလူဒီလူ ခိုင်းသမျှ လုပ်ရသည့် လက်တိုလက်တောင်းကောင်မလေး။

"ဒီခုံအောက်မှာ ကြွက်တွင်းဖောက်တော့ အင်္ကျီတွေအတ်လိုက်လာလို့ အုတ်ခုံပြန်လုပ်ထား တာ ယွန်းယွန်းရဲ့၊ ခုပဲ"

နောက်ဖေးဘက်မှ မီးဖိုဆောင်သို့ဝင်လိုလျှင် သည် အုတ်ခုံလေးကိုပဲ နင်း၍ တက်ရသည်။ တစ်ထစ်တည်းသော လှေကားထစ်လေးဟုလည်း ဆိုနိုင်ပါ၏။ သူကိုမနင်းဘဲ အိမ်ကြီးပေါ်သို့ ဝင်မဖြစ်ပါ။ ကျော်သွားလျှင်တော့ ရသည် ပေါ့လေ။

ယွန်းယွန်းအိမ်ထဲသို့မဝင်သေးဘဲ ခြေစုံရပ်လျက် စဉ်းစားနေသည်။

ဖေဖေ ဦးကျော်ထိုက်သမီးမို့ သည် လို ဗဟုသုတမျိုးလေးတော့ ရှိသည် ပေါ့။ မခြောက်သေး သည့် အင်္ဂတေပေါ်မှာ ဖိနင်းချလိုက်လျှင် ခြေဖဝါးရာကြီး ချိုင့်ခွက်ဝင်၍ အမြဲထင်နေတတ်တာ၊ မာကျောသည့် အရာတစ်ခုနှင့် ရေးခြစ်ထားလျှင် ကျောက်ထက်အက္ခရာတင်သလို ဖြစ်သွားတတ်ကာ အင်္ဂတေခြောက်မှ ဖျက်လျှင် ဘယ်လိုမှ မရနိုင်တော့တာတွေ။

"ဒေါ်ကြီး"

"ဟော ... တက်မလို့ လား၊ လာလေ မီးဖိုထဲကတော့ ပေရေညစ်ပတ်သွားလည်း ပြန်ဆေးလို့ ရတယ်လာ"

"ဟင့်အင်း . . . ယွန်းယွန်း တစ်ခုမေးမလို့ "

"ဘာများ လဲ ယွန်းယွန်းရဲ့"

"ဒေါ်ကြီးတို့ ဒီအုတ်ခုံလေးကို အမြဲနှင်းလာလို့ "

"နှင်းတာပေါ့ သမီးရဲ့၊ ခြံထဲဆင်းပြီး ဟင်းချိုရွက်တို့ ငရုတ်သီးစိမ်းတို့ ခူးတိုင်း နှင်းမိတာပေါ့၊ ဒီဥစ္စာက နှင်းဖို့ လှေကားထစ်လိုမျိုးပဲဟာ"

"သိပြီ"

ယွန်းယွန်း ထခုန်တော့ ဒေါ်စိန်တောင်အံ့သြသွားရသည် ။

"ဒေါ်ကြီး . . . ယွန်းယွန်းလေ ချဉ်ပေါင်ကြော် အရမ်းစားချင်တာပဲ၊ သွားခူးပေးမလားဟင်၊ ကြော်ကျွေးနော်"

"ကြော်တောင်ပြီးနေပါပြီ ယွန်းယွန်းရယ်၊ ယွန်းယွန်းကြိုက်တတ်မှန်းသိလို့"

ဟောတော့ . . . ဒုက္ခပါပဲ၊ ခပ်ဝေးဝေးကို ခပ်ကြာကြာလေး သွားစေချင်လို့ နှင်လွှတ်တာလည်း မအောင်မြင်ပါလား။ ဉာဏ်စိမ်း ဉာဏ်ဝါလေးတွေရယ် ခေါင်းထဲက ထွက်စမ်းပါ။

"ဒေါ်ကြီး"

"ပြော . . . ဘာစားချင်ပြန်ပတုံး"

"မြင်းခွာရွက်သုပ်စားချင်လို့ ဒေါ်ကြီးရဲ့ "

"အတော်ပဲ၊ နော်မူး လက်ဆော့ပြီးခူးလာလို့ တောင် ဆူနေရသေးတာ၊ သုပ်လိုက်ရုံပဲ"

ငါ့နယ်နော် . . . လက်ဆော့ပြီး ကြိုခူးထားတဲ့ နော်မူးရဲ့ လက်ကိုသာ ဆူးစူးစေချင်တော့တာပဲ။

"ဘယ်မြင်းခွာရွက်လဲဟင်၊ အကြီးလား အသေးလား"

"အကြီးပေါ့ သမီးရဲ့"

"ဟင့်အင်း . . . ယွန်းယွန်းက သေးသေးလေးတွေပဲ စားချင်တာ"

"ဆေးမြင်းခွာရွက်လေးတွေလား"

"ဒါပေါ့ . . . ဆေးဖက်ဝင်မယ်၊ ဆီးကောင်းတယ်၊ သည်းခြေအေးတယ်တဲ့"

ဒေါ်စိန် ဟက်ဟက်ပက်ပက်ရယ်တော့သည်။ လူကြီးသူမလေးလုပ်ကာ ပြောနေပုံက ချစ်စရာလေးပါ။ ယွန်းယွန်းသည် မိဘနှင့် အစ်ကိုတွေပေါ်မှာ နည်းမျိုးစုံအောင် ဆိုးပြတတ်ပေမယ့် ဒေါ်စိန်တို့ နော်မူးတို့ အပေါ်ကျတော့ ကောင်းရှာသည်။

မည်သည့်အခါမျှ အမိန့်တစ်ခုနှင့် ခိုင်းလေ့မရှိပါ။ အချိုချွဲလေးဖြင့်သာ မိမိလိုချင်သည် ကိုဖြစ်အောင်ခိုင်းတတ်၏။ သူက စ၍ ချိုထားပါလျက် မထိမဲ့မြင်လုပ်လာလျှင်တော့ ယွန်းယွန်း မီးကုန် ယမ်းကုန်ကြွတတ်လေသ၏။

"ကဲပါ . . . ခူးပေးပါ့မယ်၊ ယွန်းယွန်း အပြောကောင်းလို့"

ဒေါ်စိန်က ဆန်ကာခုံးတစ်ခုကို ဆွဲယူကာ လှေကားတစ်အုတ်ခုံလေးကို ကျော်ဆင်းသွားတော့သည်။

"အဟဲ . . . အပိုင်ပဲ"

သံဆူးချွန်ရှာနေရလျှင်ကြာ၏။ မီးဖိုထဲခုန်ဝင်ကာ သားလှီးဓားကိုပဲ ယူလိုက်သည်။ ဘီလပ် မြေ မခြောက်သေးသည့် အင်တေစိုစိုကို ဓားဖြင့်ခြစ်၍ စာလုံးထွင်းလေတော့သည်။

ပျော်လိုက်တာ မပြောပါနှင့်တော့။

သူ့လက်ရေးဝိုင်းဝိုင်းလေးတွေကိုကြည့်ကာ ပီတိအလွန်ဖြစ်ရ၏။ ခေါင်းကလေး ဘယ်ညာ

ငုံ ၍ ရှုသောင့်မျိုးစုံမှ ကြည့်ကာ မျက်နှာပြင်တစ်ခုလုံး ပြုံးနေသည် ။

"မခြောက်ခင် သူများ တွေမမြင်အောင် သတင်းစာစက္ကူလေးနဲ့ ဖုံးထားလိုက်မယ်"

သတင်းစာအဟောင်းတစ်ရွက် ပြေးယူရပြန်သည် ။ ပြီးတော့ ရှုရှုလေးတင် ။တော်ပါပြီလေ . . . ဒေါ်ကြီးကို သည် လောက်နှိပ်စက်ရလျှင် တော်လောက်ပါပြီ။

"ဒေါ်ကြီးရေ . . . တော်တော့၊ ရပြီ . . . ရပြီ"

"ဒီလောက်လေးများ တော့ စားမနေပါနဲ့တော့ ယွန်းယွန်းရယ်"

"ဆေးဖြစ်ဝါးဖြစ် စားတာပဲဟာ၊ တော်ပါပြီ
"

"ဒေါ်စိန် အနားသို့ ရောက်လာသည် ။

"ဟဲ့ . . . သတင်းစာကြီးပါလား"

"အင်းလေ . . . ယွန်းယွန်း ထင်တာတော၊ သတင်းစာရှိနေတော့ ဘယ်သူမှ တက်မနင်းဖြစ်တော့ဘူးပေါ့"

"အေး . . . အေး၊ ကောင်းတယ်"

ဒေါ်စိန်က ကျော်တက် လာပြီမို့ ယွန်းယွန်း ကိစ္စလည်း ပြီးပြီ။

အိမ်ရှေ့သို့ သွားရန်အလှည့်မှာ . . .

"ဟောတော့ . . . ကိုပိုင်"

"မီးဖိုပေါက်ဝမှာ ကိုပိုင် မားမားကြီး ရပ်နေသည် ။

"သံပရာရည်သောက်မလား ကိုပိုင်"

မျက်နှာချို သွေးပစ်လိုက်၏။

"ကျီးကန်း ပက်လက်ပျံတော့မှာ ပဲ ယွန်းယွန်း၊ နင်ကိုယ်တိုင် ဖျော်ပေးမလို့ လား"

"ဒါပေါ့ ကုသိုလ်ယူမလို့ "

"အေး . . . သောက်မယ်ဖျော်"

"ကိုပိုင်က စားပွဲမှာ ထိုင်နေ"

"အေးပါ"

ပိုင်ဆုက ထမင်းစားပွဲမှာ သွားထိုင်သည် ။
ယွန်းယွန်းဘာကစပြီး လုပ်ရမှန်းမသိ။

"ဒေါ်ကြီး"

"ဘာလဲ သမီး"

"သံပရာရည်ဖျော်တာ သံပရာသီး
အရင်လှီးရလား၊ ဆားအရင်ထည့်ရတာလား"

ဒေါ်စိန် သဘောကျစွာ ရယ်သည် ။

"သကြားရည် အရင်ဖျော်ရတယ် သမီးရဲ့ ၊
ပြီးမှ သံပရာသီးကိုလှီးပြီး နည်းနည်းချင်းညှစ်၊
တစ်ခါတည်း အကုန်ညှစ်ချလိုက်ရင် သိပ်ချဉ်
သွားတော့ ခက်တယ်၊ ပြီးတော့မှ ဆားလေးန
ည်းနည်း ထည့်"

"ရှစ်ဆယ့်ခြောက်ခုနှစ်ထဲမှာ နှံ့သံပရာရ
ည်ကို သောက်ရဦးမှာ လား ယွန်းယွန်း ဖော
ကျွား ရရင် မနောင့်ပေါက်ခံရမယ်၊ ဆယ့်ရှစ်နှ
စ်ရှိပြီ သံပရာရည်တစ်ခွက် အဖြစ်ရှိအောင် မ
ဖျော်တတ်ဘူး လား"

"အဖိုးကြီး လုပ်မလို့"

"ကောင်းတယ်"

ပိုင်ဆု လှမ်းအော်ပြောတော့ ယွန်းယွန်း နှု
တ်ခမ်းစူကာ ခံပက်ပစ်လိုက်၏။

"စေတနာလည်း မရှိတော့ပါဘူး၊ ပြောပြီးစ
လစ် နံပါတ်တစ် ဖြစ်နေလို့ ဖျော်ရတော့မယ်၊
ဒုက္ခ"

ကျိတ်ညည်းရင်း ဖန်ခွက်တစ်လုံးကို အရင်
ဆုံး ကောက်ကိုင်သည် ။

"ဒေါ်ကြီးပြောတာ နည်းလည်း မကျဘူး၊

သကြားအရှင်ဖျော်ဖို့ ဖန်ခွက်ယူတာက စပြော မှ ပေါ့"

ဒေါ်စိန်ရယ်၏။ ပိုင်ဆုက ရှုံ့မဲ့နေသည်။

"ဟာ ... ကိုပိုင်၊ ထိုင်နေလေ ဘာယ်လဲ"

ပိုင်ဆုထ, လျှောက်လာတော့ ယွန်းယွန်း ပြေး၍ ပိတ်ဆီးထားသည်။

"ပန်းရန်ဆရာတွေ လာသွားသလား ဒေါ်စိန်"

"အေးကွယ် လာတယ်၊ ဒီလှေကားထစ်လေး လုပ်နိုင်းသွားတယ်ဆို"

"ဟုတ်တဲ့

"အကြောင်းဖောဖို့ အင်္ဂတေနည်းနည်းဖဲ့တော့ အောက်မှာ ဂလိုင်ကြီးတဲ့၊ ကြက်တွေ အောက်ထားလို့၊ အဲဒါ သိပ်အပန်းမကြီးတာနဲ့ တစ်ခုသုံး ဖျက်ချ၊ မြေကြွင်းဖို့ ပြီးမှ အသစ် လု ပ်သွား တယ်တဲ့၊ [illegible] မှာ သွားတယ်

"ဟုတ်လား ... ကောင်းတယ်၊ ကောင်းတယ်"

ပိုင်ဆု ရှေ့တစ်လှမ်းတိုးသည်။

"ကိုပိုင် မသွားပါနဲ့

"အုတ်ခုံသွားကြည့်မလို့

"မကြည့်ပါနဲ့၊ အဲဒါက ဘာအရေးကြီးတာ မှတ်လို့၊ ဒီမှာ ယွန်းယွန်း ဖျော်တိုက်မယ့် သံပရာ ရည်က ကိုပိုင့်တစ်သက်မှာ တစ်ခါမှ သောက်ဖူးတာ မဟုတ်ဘူး

"နင့်သံပရာရည်က နာရီပေါင်းများ စွာစောင့်သောက်ရမှာ၊ ခဏလေးပါ၊ သပ်သပ်ရပ်ရပ် ဖြစ်ရဲ့ လားလို့ ကြည့်မလို့

"ယွန်းယွန်းကြည့်ပြီးပါပြီ ကိုပိုင်ရဲ့၊ အရမ်း

ကောင်းတယ်၊ လူတွေ တက်မနင်းအောင် သတင်းစာလေးတောင် ဖုံးထားတာ"

ပိုင်ဆု ခါးထောက်လျက် မျက်ခုံးနှစ်ခု အထွန့်ကျိုးကျသွားရသည် ။ မရွှေယွန်း တစ်ခုခုရှုပ် ထားပြီထင်သည် ။ အင်္ဂဒေတွေကြားထဲမှ ဝုလင်းကွဲတွေ ထောင်ချင်ထောင်ထားမှာ ၊ ဒီအရှုပ်လေးက မဟုတ်တာဆို အကုန်လုပ်ရမှ ။

"အေး . . . အေး၊ ဒါဖြင့်လည်း ပြီးရော၊ မကြည့်တော့ဘူး

"အဟ . . . ကိုပိုင်က သိပ်ချစ်ဖို့ ကောင်းတာ

"ပေး . . .ငါသကြားရည် ဖျော်မယ်

"အဟဲ . . . သံပရာသီးပါလိုးနော် ကိုပိုင်

"သွားယူချေ

သံပရာသီးတွေက ပလတ်စတစ်အိတ်နှစ်ထပ်နှင့် လုံလုံဟုပ်။ [illegible] ရေခဲ သေတ္တာထဲမှာ ထည့်အေးထား[illegible] နည်းနည်းယူရမည်။ ယွန်းယွန်း ဖေ့ခမ္ဘာဆီ သွားတော့ ပိုင်ဆု သကြားရည်ခေါက်၍ ကျန်ရစ်၏။

ပိုင်ဆု ဖန်ခွက်ကို ချထားကာ အုတ်ခုံဆီသို့ လှစ်ခနဲရောက်၏။ သတင်းစာ စက္ကူကို ဆွဲလှန် လိုက်တော့ . . .

"ဒေါ်သက်မာ " . . .တဲ့ ။

လူတကာ နင်းကြမည့် လှေကားခုံမှာ သည်နာမည်ကို ယွန်းယွန်း ထွင်းထု၍ ထားပါသ တည်း။

"ဒါ ဘာလုပ်တာလဲ ယွန်းယွန်း

"မုန်းလို့

လူမိသည့် သူခိုးနှယ် ယွန်းယွန်း မျက်နှာ

လေး ပေါ်လာနေတော့ ဒေါ်ဇီနိုဗင် သနားမိ၏။

"ဘယ်သူ့ကိုလဲ၊ ငါ့ကိုလား

"နှစ်ယောက်လုံး

"နင့်ကို ဘာလုပ်လို့ မုန်းရတာလဲ

"အပြောအဆို၊ အမူအရာ၊ လုပ်ရှားဟန်၊ ပြောတဲ့ စကားလုံး အကုန်လုံးကို ကြည့်မရလို့ မုန်းတယ်

"နင် တော်တော်ရိုင်းပါလား ယွန်းယွန်း

"မရိုင်းပါဘူးနော်၊ ယွန်းယွန်းက ယဉ်ယဉ် အလေး မုန်းတာ၊ အဲဒီမိန်းမကို မုန်းတာကိုး၊ လူတွေဆင်းတိုင်း တက်တိုင်း ဖနောင့်ပေါက်ခံရအောင် သူနာမည်ကို ရေးထားတာ၊ ကိုပိုင့်ကျ တော့ မုန်းပေမယ့် ရေးမှ မရေးတာ၊ ကိုယ့်အစ်ကိုမို့ သိလား၊ ယွန်းယွန်း ဘယ်လောက်ယဉ် ကျေးလဲ

ဒေါ်ဇီနိုက သူ့ကို အလေးအနက် စိုက်ကြည့်လိုက် ခုမှ သဘောပေါက်ကာ ရယ်မိနေ၏။

"သက်မှာက နင့်ထက်ကြီးတယ်

"ဒါတော့ သူ့အမေက ယောကျ်ားစောစော ယူတာကိုး၊ စောစောမွေးလို့ ယွန်းယွန်းထက် ကြီးတာများ

"ကြည့်စမ်း . . . ဒါမိန်းကလေးပြောရမယ့် စကားလား

"ကိုပိုင် ဘာဖြစ်လို့ အင်ဂျင်နီယာလုပ်သေး လဲ၊ မြန်မာစာပါမောက္ခလုပ်ပါလား၊ ပြီးတော့ အဘိဓာန်နှစ်ခုထုတ်၊ တစ်ခုက ယောကျ်ားမပြောရ၊ နောက်တစ်ခုက မိန်းမ မပြောရ၊ ခုတော့ အဲဒီလို စာအုပ်မျိုးမှ မရှိသေး တာ ယွန်းယွန်း ဘယ်နားလည်မလဲ

"နင်တော့လေ၊ တစ်ခွန်းမခံကို ပြန်ပေါင်နေ တာပဲ

"စကားတတ်လို့ ချွေးနှေးတာပါ

"မေမေနဲ့ တိုင်မှ ဖြစ်တော့မယ်

"တိုင်ပါလား၊ မေမေကဆို အဲဒီမိန်းမကို ပို တောင်မုန်းသေးတယ်

"ဘာဖြစ်လို့ လဲ

"ကိုပိုင်နဲ့ ရည်းစားဖြစ်တော့မယ်တဲ့

"ဟာကွာ

ပိုင်ဆု စိတ်ပျက်လက်ပျက် ညည်းညူမိပါတော့သည်။

"ကိုပိုင့်ကိုမုန်းလို့ သံပရာရည် ဖျော်မပေးတော့ဘူး

"သွား . . . သွား

ယွန်းယွန်း ခြေဆောင့်ပြီး ထွက်သွားတော့ ဒေါ်စိန် ရယ်၍ ကျန်ရစ်၏။

"ခင်ဗျားကလည်း [illegible] က်အားပေး

"ကိုပိုင်ရယ် . . . ယွန်းယွန်းက ကလေးပဲဟာ

"ဒီကလေးက ကလေးမွေးလို့ ရတဲ့ အရွယ်ရောက်နေပြီ

"ကိုပိုင်ကလည်း ကွယ် ကိုယ့်ညီမလေးကို

ပြောပြီးမှ မှားသွားမှန်း သိလိုက်ရသည်။ စကားကတော့ လွန်သွားချေပြီ။ ခါတိုင်းဆို ယွန်းယွန်းကို သည် လောက်ထိ ရက်ရက်စက်စက် မပြောဖြစ်ပါ။ ခု . . . ဘာဖြစ်လို့ လဲ။

သက်မှာကို ထိလို့ လား။ သည် ကလေးဆီးနှင့်မှ အိမ်ထောင်ပြုရပါမည်ဟု၍ မေမေက ပြော ထားလို့ လား။ အလုပ်ကအပြန် အလုပ်ပို တစ်ခုကို ထပ်လုပ်ရမှာ မို့လား။

“ဒေါ်လင်းမြ ကျွန်သေးလား ဒေါ်စိန်၊ ယူ လေးစမ်းပါဗျာ၊ ဒီဟာကိုဖျက်ရဦးမယ်၊ အဲဒီ ကောင် မလေးဟာ အလုပ်ပိုတွေချည်းလုပ်တ ယ်၊ သံပရာရည်တစ်ခွက် အဖြစ်ရှိအောင် ဖျော် ဖို့ ကျတော့ မတတ်ဘူး

ဒေါ်သက်မာ ဆိုသည့် စာတန်းနှင့် အုတ်ခုံ လေးနားမှာ ပိုင်ဆု စိတ်ပျက်လက်ပျက်ကြီး ထို င်ချ လိုက်ပါတော့သည် ။

“သံပရာသီးမလေး

*

“နောင်နောင်

“ခင်ဗျား

“ဦးလေးကျော်ကတစ်ဖက် မမတစ်ဖက်တွဲ ရင် နောင်နောင်လှေကားကို ဆင်းနိုင်မလား

“မဆင်းနိုင်ဘူး ထင်တာပဲ

“စမ်းကြည့်ရအောင်ကွာ

“မဆင်းချင်ပါဘူး မမရယ်၊ ဒီကြွအင်းနေပါကို ကနေပဲ လှမ်းမျှော်နေချင်တယ်၊ ဒီအခန်းလေး ဟာကျွန်တော့်ကမ္ဘာပဲ၊ကျွန်တော့်အဖို့ ကမ္ဘာ လေးကျဉ်းနေတာပဲ ကောင်းတယ်

“အဲဒါ ဘယ်ဝတ္ထုထဲက စကားလုံးတွေလဲ

“ဟာဗျာ

နောင်နောင့် မျက်နှာလေး ရဲသွားသည် ။ အသားကဖြူဝင်းရသည့်အထဲ နေမထိလေမ ထိ ဖြစ်နေရသည် မို့ နုဖပ်နေသည့် နောင်နော င့်မျက်နှာလေးကို သက်မာ စိုက်ကြည့်မိ၏။

မိမိပျိုးခဲ့ရသည့် ပန်းကလေးတစ်ပင်။

သက်မာရင်ထဲမှာ ကြည်နူးခြင်းတွေ အတို င်းမသိ ဖြစ်ထွန်းရသည် ။ ခုဆို နောင်နောင် တော်တော်ကလေး ကျန်းမာ လာပြီဟု ဆိုရပါ

မည်၊ ကျန်းမာသည် ဆိုရာ၌ စိတ်ဓာတ်ရေးရာမှာ ရာနှုန်း ပြည့်ဖြစ်။

ကိုယ်ခန္ဓာမှာ တော့ ရောဂါဟူ၍ ထူးထူးထွေထွေ မရှိပြီ။ ခြေထောက်နှစ်ဖက်ကို အသုံးချ၍ မရသေးပါ။ သည် ခြေထောက်နှစ်ချောင်းက ကျိုးတာလည်း မဟုတ်၊ အရိုးအကြော အဆစ်တို့ ထိခိုက်ဒဏ်ရာရခြင်း မရှိပါဘဲ အသုံးချ၍ မရ ဖြစ်ရခြင်းပါ။

“နောင်နောင် စိတ်မဆိုးဘူးဆိုရင် မမ တစ်ခုမေးချင်တယ်

“မေးလေ . . . မမကို ကျွန်တော် ဘယ်လိုလုပ် စိတ်ဆိုးမလဲ၊ အစတုန်းကဆို၊ နှစ်ဆယ့်လေး နာရီမှာ အိပ်ချိန်ကလွဲရင် တစ်ချိန်လုံး စိတ်တိုး ဒေါသထွက်နေရတာ၊ တစ်ခါမှ မပျော်ဘူး၊ မမရောက် လာမှ ကျွန်တော် ပျော်လာတာ

“အရင်တုန်းက [illegible] မချော့ဘူးလား

“ချော့လွန်းအားကြီးလို့ နားပူပြီး စိတ်တိုတာ

“ကြားလိုက်ရရင်တော့ အဆန်းချည်းပဲ ဦးရွှေနောင်

“ဟုတ်တယ် ၊ ရေပတ်တိုက်မယ် ဆိုရင်လည်း ရေပတ်တိုက်ရအောင်နော်၊ ရေပတ်တိုက်မှ သန့်ရှင်းပြီး ကျန်းမာမှာ ၊ စိတ်လည်း ကြည်လင်တယ်၊ ဘာဖြစ်တယ် ညာဖြစ်တယ်နဲ့ စုံနေတာပဲ၊ နားကို ညည်းရော

“ဒါနဲ့ ပဲ အနားရှိတဲ့ ပစ္စည်းနဲ့ ကောက်ပေါက်ရော ဆိုပါတော့

နောင်နောင် ပြုံး၍ ခေါင်းညိတ်လေ၏။

“မမတို့ မိသားစုအကြောင်း ပြောပြမယ်နော်

နှောင်နှောင်သိချင်လို့၊ မမဖေဖေက ဘာလုပ်လဲ"

ရုံးမှာ ပဲ၊ စာရေးဆိုပါတော့၊ အလုပ်ကလည်း များ တယ်၊ အိုဗာတိုင်တွေလည်း ဆင်းရတယ်၊ အဖေလည်း တစ်နေကုန်ပင် ပန်းတော့ အိမ်ရောက်မှ နားရတယ်

"မမက အဖေလို့ ခေါ်တယ်နော်

"အဖေ၊ အမေလို့ ပဲ ခေါ်ခဲ့တယ်၊ ဖေဖေမေမေလို့ ခေါ်တာ နားထဲမှာ ပိုယဉ်တယ်လို့ ဘယ်သူက မှ လဲ သင်မပေးခဲ့ကြဘူးလေ၊ ကြီးလာတော့ သိပေမယ့် နှုတ်ကျိုးနေပြီ

"မမတို့ စီးပွားရေး မပြေလည်ဘူးလား

"ဘယ်ပြေလည်မလဲ။ အဖေလခထုတ်တဲ့နေ့ဆို အိမ်ကို ခေါက်ဆွဲကြော်နှစ်ထုပ် ဝယ်လာ တယ်၊ မိသားစုရှစ်ယောက် ဝေစားရတယ်၊ ရီမာကမဝလို့ ဘွဲ့ရလို့ အလုပ်ရရင် ပထမဆုံး ထုတ်တဲ့ လခကို ခေါက်ဆွဲကြော် အကန်ဝယ်စားပစ်မတဲ့ လေ

"အဲဒီ မမရီမာ ဘွဲ့ရပြီလား

"ဆယ်တန်းနှစ်ခါကျပြီး အိမ်ထောင်ကျသွားတယ်

"ခြော်

"သူ့အောက်ကြည်မာလည်း ဆယ်တန်းမအောင်ဘူး၊ အိမ်မှာ ပဲ အပ်ချုပ်ဆိုင်က ကော်ကပ် ပြီးသားအင်္ကျီတွေကို ဝက်သိုးလိုက်တယ်

"ဟာ . . . ဒီတစ်ခါ ကျွန်တော်ညံ့သွားပြီ၊ ဝက်သိုးလိုက်တယ်ဆိုတာ ဘာလုပ်တာလဲ မမ

"အပ်စောင်းချုပ်တာလေ၊ ဝက်သိုးထိုးတယ်လို့ လည်း ခေါ်တယ်၊ ဒီမှာ လေ . . . မမတို့ အင်္ကျီ မှာ "

သူ့အင်္ကျီခါးနားမှ နှုတ်ခမ်းသားချုပ်ရိုး

လေးကို ပြသည်။

"မမကြည်မာက ဘယ်အရွယ်လဲ

"နောင်နောင်နဲ့ ရွယ်တူလောက်ရှိမယ်

"ပြီးတော့ကော

"မောင်ကြီး၊ ဆယ့်ရှစ်နှစ်နဲ့ မိန်းမချိုးတဲ့ ကောင်လေး

"သူတို့ က ဘယ်မှာ လဲ

"အိမ်မှာ ပဲပေါ့၊ သူဌေးသမီးက တူနှစ်ကိုယ် တဲအိုပျက်မှာ နေရဆိုပြီး နိုးရာလိုက်လာတာ၊ အဝတ်စောင်းလည်း မသိတတ်၊ ထမင်းလည်း မချက်တတ်၊ တံမြက်စည်းလှည်းရင်တောင် ဖုန်မစင်ဘူး

"မောင်ကြီးဆိုတာကရော ဘာမှ မလုပ်ဘူးလား

"သူ့ယောက္ခမတွေက ပစ်ထားတယ်ကွယ့်၊ ပြန်မကြည့်ဘူး၊ ဒါပေမယ့် သူဌေးသမီးလေးက ကျွား ဆိုတော့ ဆိုက်ကားလည်း နင်းလို့ မဖြစ် ဟင်းရွက်တန်စွန်း ရောင်းလို့ လည်း မဖြစ်

"ဘာလို့ မဖြစ်တာလဲ

"သူဌေးသမီးက ရှက်လို့

"အလုပ်မရှိဘဲ အိမ်ထောင်ပြုတာကျတော့ မရှက်ဘူးလား

"အဲဒါပေါ့၊ လူဖြစ်ပြီး လူတိုင်းလူ့အသိဉာဏ်ရှိတာ မဟုတ်ဘူး ၊ လူ့အသိဉာဏ်ရှိမှ ဘယ်ဟာ ကိုရှက်၊ ဘယ်ဟာကိုမရှက်ရဘူးဆိုတာ စဉ်းစားဆုံးဖြတ်နိုင်တာ

"ဒါဖြင့် အဲဒီလင်မယားက ဘာမှ မလုပ်ဘူးပေါ့

"တစ်နေ့ တစ်နေ့ . . . သဲသဲရေ . . . မောင်ရေ . . . သဲသဲရေ . . . မောင်ရေ . . .

သက်မာဂ အမူအရာပါ လုပ်ပြသောကြောင့် နောင်နောင် သဘောကျစွာရယ်၏။

"အဲဒီလိုခေါ်နေတဲ့ အလုပ်ကို လုပ်တယ်၊ ထမင်းစားတယ်၊ ရေချိုးတယ်၊ မိုးချုပ်တော့ အိပ်တယ်၊ အဲဒါသူတို့ အလုပ်ပဲ

"နောက်တစ်ယောက်ကရော

"သူကနီမာ၊ စာတော်တယ်၊ ဒီနှစ်ဆယ်တန်းဖြေမယ်၊ သူအောင်နိုင်တယ်

"မောင်လေးက

"ခုနစ်တန်း၊ မောင်လေးကျတော့လည်း စိတ်အားငယ်တတ်တယ်

"အသက်ကလည်း ငယ်သေးတာကိုး

"သူ့အတွက် မမ မရှိလို့ မဖြစ်ဘူး၊ မောင်လေးအဖို့ က မမဟာ သူ့အမေပဲ

"သနားစရာပဲ

"မမတို့ လေ တစ်ခါမှ မချမ်းသာဖူးဘူး၊ မသေခင်မှာ ချမ်းသာဖူးတယ်ရှိအောင် ချမ်းသာသွားချင်တယ်

"သူဌေးသားနဲ့ ယူပါလား

"ဘယ်မလဲ သူဌေးသား၊ နောင်နောင် ရှာလာခဲ့လေ

လိုက်ရှာနေစရာ မလိုပါဘူးဗျာ၊ ဟောဒီမှာ ငတ်တုတ်ကြီးထိုင်လို့၊ မမဘေးနားမှာ တင် . . . ဟု ဆိုကာကိုယ့်ရင်ဘတ်ကို တဗုန်းဗုန်း ထုပြလိုက်ချင်မိ၏။ သို့ပေမဲ့ . . . သို့ပေမယ့်လေ . . . ကိုယ်က မစွမ်းမသန် ဒုက္ခိတ။

"ပြောမယ့်သာ ပြောတာပါ နောင်နောင်ရယ်၊ သူဌေးသားက ကြိုက်ရင်တောင် သူဌေးကြီး နဲ့ သူဌေးမကြီးက သဘောတူဖို့ မလွယ်ပါဘူး

ဖေဖေကတော့ တူကောင်းပါရဲ့၊ မေမေက

235/880

လည်း ရှိမှ မရှိတော့တာ၊ ဖွင့်ပြောချင်လိုက်တာ မမရယ်။

"မမတို့ မိသားစုမှာ မမတစ်ယောက်ပဲ ဘွဲ့ရတယ်

"မမတို့ မေမေကလည်း ကလေးများ လိုက်တာ .

"အေးကွာ

မိသားစုစီမံကိန်းနှင့် သားသမီး မည်မျှယူသင့်ကြောင်းစသည့် ဆောင်းပါးကို ကလျာမဂ္ဂဇင်းမှ သက်မာ ဖတ်လိုက်ရပါသည် ။ ပါမောက္ခဒေါက်တာမြမြ ရေးသားခြင်း ဖြစ်ပါသည်။ သည် ကိစ္စက တော့ နောင်နောင်နှင့် ဆွေးနွေးသင့်သည့်ကိစ္စ မဟုတ်သည် မို့ သက်မာ ဆက်မပြောဖြစ်တော့ပါ။

"မမဟာ လူ့ဘဝမှာ အထာညက်ပြီး လူ့ကျမ်းကြေခဲ့တယ်လို့ ဆိုရမယ်၊ ရှန်းရကာန်ရလွန်း

တော့ ဘဝပေးအသိပညာတွေကို အဘက်ပဲရတယ်

"ယုံပါတယ်၊ ဒါကြောင့် မမကို ကျွန်တော်လေးစားတာ

"ကိုယ်တော်လေး . . . လေးစားစရာ ဘာများ တွေ့လို့ လဲ

"ကျွန်တော်လိုကောင်ကို ပုံသွင်းသွားတာလေ၊ ကျွန်တော်မမနဲ့ တွေ့မှ လူစိတ်ပြန်ဝင်တာ

"အိပ်ရာထဲနဲ့ အိပ်ခန်းထဲက ဘီးတပ်ကုလားထိုင်ပေါ်မှာ ချည်း နေရတော့ ဒီလောက်တော့ ဖြစ်မှာ ပေါ့

"မမက ဆိုက်ကိုနဲ့ အနိုင်ယူသွားတာ

"ဒါ လူ့သဘာဝပဲ နောင်နောင်ရဲ့ ၊ လူဆိုတာက ကိုယ်က နိုင်ရရင် ဖိထောင်းချင်နေတာ

ကိုယ့်ကို လာထောင်းမယ့်သူနဲ့ ကျတော့လည်း ပြားပြားကိုဝတ်လို့

"ကျွန်တော့်ကို ဟိန်းဟောက်ပြီး ချုပ်ကိုင်သွားတာ မမတစ်ယောက်ပဲ၊ မမကျမှ ကျွန်တော် ရှုံးတာ

"ဆိုက်ကို သုံးတာလည်း ပါတော့ပါတယ်၊ ဒါပေမဲ့ သိပ်အထင်မကြီးနဲ့ ကွ၊ မမရဲ့ ပင်ကိုစရိုက် ကိုကလည်း ခပ်ကြမ်းကြမ်း၊ ငယ်ငယ်တုန်းက ကျောင်းတက်ရင်း မုန့်ရောင်းရတော့ အဲဒါကို လာ လှောင်ရင် ဖက်သတ်ပစ်ခဲ့တာ

နောင်နောင် သဘောကျစွာ ရယ်လေ၏။

"ကျွန်တော် လျှောက်မေးနေတာနဲ့ ပဲမမ စကားပြတ်သွားပြီ၊ စောစောက ကျွန်တော့်ကို ဘာမေးမလို့ လဲ

"ဩော် . . . နောင်နောင် ဘာဖြစ်လို့ လမ်းမလျှောက်နိုင်ဖြစ်သွားရသလဲဆိုတာ

"ဒါများ စိတ်ဆိုးစရာလား၊ မေး၊ မေးတော့လား စောစောက

"အားနာလို့

"နောင်နောင့်ကို ခင်သွားပြီလေ၊ မမက ခင်ရင်အားနာတယ်၊ မခင်ရင်တော့ နည်းနည်းလေး မှ အားမနာဘူး

"ယုံပါတယ် မမတော့၊ မင်းကပဲ ထိအောင်ပစ်နိုင်မလား၊ ငါကပဲ လွတ်အောင်ရှောင်နိုင် မလားဆိုပြီး ဒုက္ခိတကို စိန်ခေါ်တဲ့ မမ

နောင်နောင်က ရယ်၍ ပြောပေမယ့် သက်မာရင်ထဲ နင့်ခနဲ ဖြစ်သွားရသည် ။

"အဲဒီအတွက် မမ တောင်းပန်ပါတယ်၊ အဲဒီတုန်းက အဲဒီနည်းကို သုံးသင့်တယ်လည်း ထင်လို့ ၊ မမရဲ့ ပင်ကိုစရိုက်ကြမ်းတာရောပေါ့လေ တမင်ကို ခပ်ကြမ်းကြမ်း ဝင်ပစ်တာ

"အဲဒီနည်းကြောင့် မမကို ကျွန်တော် ဖြူသွားလို့၊ ခုလိုလိမ္မာတာပေါ့ မမရဲ့၊ စိတ်မကောင်း မဖြစ်ပါနဲ့ ၊ နားထောင် ကျွန်တော်ပြောပြမယ်

*

နောင်နောင် လူမှန်းသိတတ်ခါစ အချိန်ကတည်းက ချူချာခဲ့သည် ကို မှတ်မိနေရ၏။ ကိုယ့်ကိုယ်ကိုယ် ဘာရောဂါမှန်းတော့ မသိပါ။ မေမေက ပိုးမွှေးသလို မွေးကာ အမြဲယုယနေတတ် သည် ကိုလည်း မှတ်မိနေ၏။

"နွေဆိုလည်း ပူလွန်းလို့ အားကုန်ပြီး နွမ်းနွေနေတတ်တယ်၊ ဆောင်းဆိုလည်း ခဏခဏ အအေးမိပြီး ဖျားတယ်၊ မိုးတွင်းလေး တစ်ချက်တော့ နေကောင်းချင်သား၊ ဒါပေမဲ့ မိုးရေတစ်စက်မှန် တာနဲ့ ဖျားတယ် . . .

"ကျောင်းဆိုတာ တစ်ရက်နဲ့ ပျက်ရက်မှ ပျက်ရက်ကများ တယ်၊ တစ်နှစ်တန်းတန်း အောင် တာတောင် ကျွန်တော် ဉာဏ်ကောင်းလွန်းလို့ တဲ့ . . .

"စာမှ ဟုတ်တိပတ်တိ မကျက်နိုင်တာ၊ ထူးထူးချွန်ချွန် ဖြစ်ခွင့်မရဘူးပေါ့၊ သူများ တွေ မိုးထဲ လေထဲ ခုန်ပေါက်တော့ နေတာတွေကို . . .

"အဝေးကပဲ ငေးကြည့်ခဲ့ရတယ်၊ နည်းနည်းလေးဆော့တာနဲ့ မောတော့၊ ကိုယ့်ကိုယ်ကိုယ် အလိုမကျတဲ့ ရောဂါက အဲဒီထဲက စခဲ့တယ် ထင်ပါရဲ့ . . .

"ကျွန်တော် ငယ်ငယ်ကလေးတည်းက ဆိုးခဲ့တာ၊ မေမေက နားဝင်ချိုအောင် ပြောတတ်လွန်းလို့ ဒီလောက်ရယ်၊ မေမေသာ အဆုံးမ မတော်ရင် ကျွန်တော် ခုလောက်ဆို သေပဲသေပလား၊ ဘာတောပဲ လန်နေမလား၊ တစ်ခုခုပဲ

"ခုလည်း ဘာတောလန်လေးပဲဟာ

တစ်ခါတစ်ခါ သက်မာအပေါ်နွဲ့ဆိုးနှင့် ကျ စ်ကန်ကန်လုပ်ချင်စိတ်က မကုန်သေးပါ။ နော င် နောင် ဂျီကျလို့ ကတော့ သက်မာ မည်သည့် အခါမှ လျှော့မပေးခဲ့ပါ။ နောင်နောင် သူ့ကို ခ င်မှန်းသိလာ မှ ချော့တစ်မျိုး ခြောက်တစ်လှည့် ဖြင့် ပြုစုခဲ့ပါ၏။

"ယောက်ျားလေးဖြစ်ပြီး မိန်းကလေးထက် တောင် နုနေရတာကိုလည်း သိပ်ဒေါသ ဖြစ် တယ် မမရဲ့"

"ဆရာဝန်တွေက ဘာရောဂါလို့ ပြောလဲ"

"မွေးရာပါ နှလုံးရောဂါတဲ့"

"ဩော် . . ."

"နှလုံးက ဘာဖြစ်နေတယ်ဆိုတာ မသိပါ ဘူး၊ ရောဂါအကြောင်းနဲ့ ပတ်သက်ရင် သိပ်လ ည်း မသိချင်တာနဲ့ သေသေချာချာ မေးမထား ဘူး"

"ကြည့်လေ . . . ပြောပုံကိုက"

"ဟုတ်တယ်လေ၊ ရောဂါအကြောင်း သိဖို့ က ကျွန်တော့် အလုပ်မှ မဟုတ်တာ၊ ဆရာဝန်ရဲ့ အလုပ်ပဲ၊ ကျွန်တော်သိ တော့စိတ်ညစ်ရုံကလွဲပြီး အကျိုးမထူးနိုင်ဘူး၊ ဆရာဝန်က သိမှ ဆေးပေးကု သနိုင်မှာ "

"အေးကွ၊ အဲဒီနေရာမှာ မင်းကို မမ ထော က်ခံလိုက်ပြီ"

"ကျွန်တော် ဆယ့်ခြောက်နှစ်သားပေါ့၊ ဆ ယ်တန်းဖြေမယ့် နှစ်မှာ မေမေ ကားအက်ဆီးဒ င့် ဖြစ်တယ်၊ အဲဒီကားပေါ်မှာ ကျွန်တော်လည်း ပါတယ်"

"ဟင်"

"မေမေ ဆုံးသွားတယ် မမရယ်"

ဖြစ်မှ ဖြစ်ရလေ နောင်နောင်ရယ်၊ သက်

မှာ ရင်လဲ ဘယ်လိုမှ မကောင်းနိုင်တော့ပါ။ မေးမိတာ မှားပြီထင်ပါရဲ့ ။

သက်မာ၏ ဘဝတစ်လျှောက် ကိုယ့်မိဘ ကိုယ့်ညီအစ်ကို မောင်နှမမှ လွဲ၍ သူစိမ်းတစ်ရံစာ တစ်ဦးအပေါ် ကြင်နာငြိတွယ်သည့် သံယောဇဉ်ဟူ၍ တစ်မျှင်တစ်စမျှ မရှိခဲ့ဖူးပါ။

ဝတ္တမဆုံးအကြိမ်အဖြစ် နောင်နောင့်ကို ခင်တွယ်မိလေ၏။ နောင်နောင့်မျက်နှာ နုနုဖပ်ဖပ် လေးကို ကြည့်ကာ အကြင်နာတွေ သွန်ချမိတော့သည် ။ ဖြစ်နိုင်လျှင် နောင်နောင့် တစ်ကိုယ်လုံးကို ခြုံပေးလိုက်ချင်သည် ။ နောင်နောင့်ကို စူးငေးစွာကြည့်ရင်းက ရင်ထဲမှာ မချိတင်ကဲ ဖြစ်လာရသည် ။ သနားလိုက်တာ နောင်နောင်ရယ်။

"ကျွန်တော်က သတိလစ်နေတယ်၊ ဒါပေမဲ့ မှုန်းရုံပုံရုံပဲ၊ ဒဏ်ရာကြီးကြီးကျယ်ကျယ် မရဘူး . . .

"သတိရလာတော့ ဆေးရုံပေါ်မှာ ဘေးနားမှာ ဦးလေးကျော်ရှိတယ်၊ ကျွန်တော်က သတိရနေပြီ၊ ဒါပေမဲ့ လူက မလှုပ်နိုင်ဘူး . . .

"ဦးလေးကျော်က မသိဘဲ မေမေဆုံးတဲ့ အကြောင်း ဘေးခုတင်ကလူနာကို ပြောနေတယ်၊ ဘေးခုတင်က လူနာက ရောဂါသက်သာနေပြီလေ . . ."

"ဦးလေးကျော်ကလည်း ငုတ်တုတ်ထိုင်စောင့်နေရတဲ့ သူ ဆိုတော့ သူတို့ ချင်းချင်း စကားပြော ကြတာပေါ့ . . .

"အဲဒီမှာ ကျွန်တော် အရမ်းငိုတယ်"

"ဩော်"

"ဒီတော့မှ ကျွန်တော် သတိရနေတာ ဦးလေးကျော် သိသွားတာ"

"ဦးလေးကျော်လည်း စိတ်ကောင်းရှာမယ် မဟုတ်ဘူး"

"ဒါပေါ့၊ သူ့ကြောင့် ဖြစ်ရတယ်ဆိုပြီး အရှမ်းကို စိတ်မကောင်းဖြစ်တာ"

"ဘယ်လိုဖြစ်တာကို ပြောတာလဲ"

"ကျွန်တော် အရှမ်းငိုရင်းနဲ့ သတိပြန်လစ်သွားတယ်၊ ပြီးတော့ အဖျားဝင်လာတာပဲ၊ အဖျား ကတစ်ရှာခြောက်တဲ့"

မျှား လှချေလား"

နောင်နောင် ခေါင်းညိတ်ပြသည် ။ သက်မာက စိတ်ဝင်စားစွာ နားထောင်ရင်း စုတ်ကလေး တသပ်သပ် ဖြစ်နေရသည် ။

"ဆရာဝန်တွေက ပြောတယ်တဲ့ ၊ ကျွန်တော် မရနိုင်တော့ဘူးလို့"

"နောင်နောင့်ဖေဖေလည်း ဘယ်လောက် စိတ်ဆင်းရဲလိုက်မလဲနော်"

"ဒါပေါ့မမရာ၊ ဖေဖေဆိုတာ ညညမအိပ်ဘဲ စားပွဲခုံလက်သီးနဲ့ ထိုး၊ သည်းခြေဖျက် သွားသလားတောင် ထင်ရတယ်တဲ့"

"အင်း . . . ပြောပါဦး"

"တဖြည်းဖြည်းနဲ့ ကျွန်တော် အဖျားကျလာတယ်"

"အန်ကယ် ဘယ်လောက် ဝမ်းသာသွားရှာမလဲနော်"

"ဒါပေမဲ့ မမရာ၊ အဖျားသာပျောက်သွားရော လူတစ်ကိုယ်လုံးမှာ ခွန်အားဆိုလို့ တစ်စက်မှ မကျန်ခဲ့ဘူး၊ ဗမာလိုတော့ ချည့်သွားတဲ့ သဘောပေါ့"

"အင်း . . . အဲဒီကတည်းက . . ."

"ဟုတ်ကဲ့၊ အိပ်ရာထဲမှာ အနားယူရင်း ယူရ

င်းနဲ့ ကျွန်တော့်ခြေထောက်တွေဟာ ထောက်ဖို့ လှမ်းဖို့ အသုံးမကျတော့ဘူး ဖြစ်သွားရတာပဲ၊ ခုဆို လေးနှစ်တောင်ရှိပြီ"

"ဖြစ်မှ ဖြစ်ရလေ နောင်နောင်ရယ်၊ အာရုံကြောတွေ ဘာတွေနဲ့ များ ဆိုင်သလား"

"ဆိုက်ကိုနည်းနည်းပါတယ် ဆိုသလား မသိဘူး၊ မေမေ ဆုံးတာရယ်၊ လူက အားပြတ်သွား တာရယ်ပေါင်းပြီး မလျှောက်နိုင်တော့တာ"

"အားဖြန့်ပြည့်ရင် လျှောက်နိုင်မလား"

"မသိဘူး၊ အားကလည်း လေးနှစ်လုံးလုံး တစ်ခါမှ မပြည့်ခဲ့ဘူး"

"ခု တော်တော်ကောင်း လာပြီလို့ ဆရာဝန်

"မမနဲ့တွေ့မှ အစားမှန် ရေချိုးမှန်နဲ့ သွက် လန်းဆန်းလာတာ၊ မမကျေးဇူး"

"မတင်နဲ့ . . . မတင်နဲ့ ၊ လေးရာ့ငါးဆယ်ရလို့ လာလုပ်နေတာကွ"

"ကြည့်လေ . . . ဒါပဲပြောနေတယ်၊ မမ မျက်ဝန်းတွေထဲမှာ အကြင်နာကို ကျွန်တော် မတွေ့ဘူးများ မှတ်နေသလား"

"ဟင် . . .။

အာမေဋိတ်က ပွင့်မကျပေမယ့် ရင်ထဲမှာ အကျယ်ကြီးမြည်သွားရသည် ။ နောင်နောင်ရယ် လေ ပြုံးထားလိုက်တာများ ။ သူ့မျက်နှာ နုနုလေးက အချိုလွန်ပြီး ကြည့်လို့ ကောင်းလိုက်တာ မပြောပါနှင့်တော့။

ကိုယ်မေ့ပြီး ရုတ်တရက်ပေါ့လေ ထလျှောက်ဖြစ် သွားရင် ပြန်ကောင်းချင်ကောင်းမယ်တဲ့ "

နောင်နောင်က အားတက်သရော ပြောရှာ၏။ လှိုင်းထန်သွားသည့်ရင်ကို သက်မာက အပြုံးနှင့် မှလုံမလဲနှင့် ဖုံးဖိလိုက်ရသည်။

"ဒါဖြင့်လည်း မေ့လေကွယ်၊ ထလျှောက်လေ"

"ဘယ်မေ့ပါ့မလဲ၊ ခုမှ ပိုကောင်း သတိရနေသေးတာ"

"မမနဲ့ တွေ့မှ မမအတွက် ဒုက္ခိတမဟုတ်တဲ့ မိတ်ဆွေဖြစ်ချင်စိတ်တွေများ လေ၊ ကိုယ့်ဒုက္ခိတ ဘဝကို သတိရလေပဲ၊ မေ့ပြီးထလျှောက်ဖြစ်ဖို့ ဘယ်လွယ်ပါ့မလဲ မမရယ်" ဟု ဆက်မပြောဖြစ်တော့ ပါ။

နောင်နောင်သည် ဤကဲ့သို့ အိပ်ရာထဲမှာ

မလဲမိကဆို ကလေးသာသာလေး နဲ့ဆေးသည်။ ရင်ခုန်ရခြင်းဝေဒနာကို ဘယ်မှာ ခံစားဖူးပါ့မလဲ။ သည့်နောက်ပိုင်းမှာ ကော ရင်ခုန်ဖို့ အခွင့်အလမ်းက ဘယ်မှာ ရှိခဲ့လို့ လဲ။

မမနဲ့ တွေ့မှ . . ။

"တစ်ခုတော့ရှိတယ်တဲ့ ၊ရုတ်တရက်စိတ်ဆောင်ပြီးလမ်းထလျှောက်ဖြစ်ဖို့ ကလည်း သိပ်ဝမ်းသာစရာ၊ သိပ်စိတ်ညစ်စရာဆိုတဲ့ အရှိန်ပြင်းတဲ့ စိတ်လှုပ်ရှားမှုမျိုးနဲ့ မှ ဖြစ်မှာတဲ့ "

"အေးလေ"

"အဲဒီလိုဖြစ်သွားရင်လည်း အဲဒီဒဏ်ကို ကျွန်တော့် နှလုံးသားက ခံနိုင်ရည်ရှိချင်မှ ရှိမယ်တဲ့ "

"ဟင်"

"စကားပုံက ထိုင်နေအကောင်းသား၊ ထသွားမှ ကျိုးမှန်းသိတဲ့ ၊ ကျွန်တော့်ကျမှ ထိုင်နေ အကောင်းသား၊ ထသွားမှ အသက်ထွက်ဖြစ်သွားရင် ဘယ့်နှယ်လုပ်မလဲ"

"အို . . . ဖွဟဲ့ . . . နိမိတ်မရှိ နာမာမရှိ"

"ဟား ဟား . . . ရယ်ရတယ်"

နောင်နောင် အော်ရယ်သည် ။

"ကောင်းဆိုးလေး . . . ဘာဖြစ်လို့ ဒီလောက်ရယ်နေရတာလဲ"

"မမလောက် လက်တွေ့ကျတဲ့ သူက နိမိတ်တွေ ဘာတွေယုံတော့ ရယ်ရတာပေါ့"

"ဟုတ်ပါရဲ့ "

သက်မာရော၍ ရယ်မိ၏။ မိမိအဖြစ်က ရယ်စရာတော့လည်း အကောင်းသား။ နိမိတ်တွေ ဘာတွေကို ဘယ်တုန်းက ယုံခဲ့ဖူးလို့ လဲလေ။ ဒီကောင်လေးနဲ့ ကျမှ အပြောလေးတောင် မခံနိုင်အောင် ဖြစ်နေရပုံက . . .။

အရယ်က မပီပြင်တော့ပါ။ ဟန်မပျက် ဆက်ရယ်နေရပေမယ့် သက်မာရင်ထဲမှာ တုန်လှုပ် ချောက်ချားသွားရသည် ။ သံယောဇဉ်က လိုသည် ထက် ပိုနေပြီကို မည်သူမျှ မသိခင် ကိုယ်တိုင်သိရှိခံစားလိုက် ရပြီလေ။

"ရယ်ရတာ ပျော်တော့ ပျော်ပါရဲ့ ၊ မောတယ်"

"ဟင် . . . တော်တော့၊ မရယ်နဲ့ တော့ ၊ ဂလူးကိုစ်နဲ့ သံပရာရည်လေး ဖျော်ပေးမယ်နော်၊ မျက်စိလေး ခဏမှိတ်ပြီး နားလိုက်"

နောင်နောင် မျက်စိလေးတော့ မှိတ်သွားသည် ။

"ကောင်းမလေးတစ်ယောက်ယောက် ခေါ်ခိုင်းပါလားဗျာ"

"ဘာဖြစ်လို့ လဲ"

"ဦးလေးကျော်ဖြစ်ဖြစ်"

"အချဉ်အချို အဆင်မပြေမှာ စိုးလို့ မမပဲ ဖျော်ပါ့မယ်"

"ကလေးပေါက်စ ကျနေတာပဲဟာယ်"

ဖုံးဖုံးဖိဖိ ဆိုလိုက်ရပေမယ့် နှလုံးသားလွင်ပြင်မှာ ဆင်ဒေါကြီးတစ်ကောင် လောက် ထုထည် ကြီးမားနေသည့် သံယောဇဉ်အငြိအတွယ်တွေကို လုံအောင်ခြုံလွှမ်းနိုင်မတဲ့လား။ အတွယ်အတာ စကားလုံးတွေက ဆိတ်သားရေလောက်တောင်မှ 'အလျားအနံမရှိတာ နှောင်နှောင်ရယ်။

*

ဟင့်အင်း ... မရဘူး မမ၊ မောတယ်"

နှောင်နှောင် စိတ်ပျက်လက်ပျက် ပြောရှာ၏။

ဘေးတွင် တစ်ဖက်တစ်ချက်စီ ကွဲထားကြသည့် ဦးကျော်နှင့် သက်မာတို့ မျက်နှာတွေ ဖျက်သွားကြသည် ။ နှောင်နှောင့်ကို ကြည့်တော့ မျက်နှာတစ်ပြင်လုံး ချွေးသီးချွေးပေါက်တွေနှင့်။

"ဒါဖြင့်ပြန်ထိုင်မယ်၊ ဦးလေးကျော် ပြန်တင်ပေးပါနော်"

"အေး"

ဦးကျော်က နှောင်နှောင့်ကို ဖွေ့ခနဲ မွေ့ ချီလိုက်၏။ နှောင်နှောင့်ကမှာလေးလို ဖြစ်နေရသည့် ဘီးတပ်ကုလားထိုင်ပေါ် သွားတင်ပေးသည် ။ အိပ်ရာထက်မှ လွှဲလျှင်သည် ကုလားထိုင်ပေါ်မှာ ပဲ နှောင်နှောင် နေခဲ့ရ၏။ လေးနှစ်ဟူသည့် ကာလကို နာရီဖွဲ့ရပါလျှင် ကုလားထိုင်မှာ ရှိနေရသည့် နာရီများက အိပ်ရာနှင့်

ပေါ်ရှိ နေရသည့် အချိန်ထက် နှစ်ဆလောက် ရှိမည်ထင်၏။

နောင်နောင် ခွေခွေလေး မှိန်းနေသည်။

"သံပရာရည်သောက်မယ်နော် . . . နောင်နောင်"

"မသွားပါနဲ့ မမရယ်"

သက်မာ၏ လက်ကို ဖမ်းဆွဲထားသည်။ မိခင်၏ လုံချည်စကို တန်းတန်းစွဲကိုင်လျက် အားကိုး တကြီး ဖြစ်နေရှာသည့် သားငယ်နှင့် ပင် တူသေးတော့။

နောင်နောင်ရယ် . . . မင်းကိုမသနားဘဲ ဘယ်လိုနေနိုင်ပါ့မလဲ၊ သက်မာ သက်ပြင်းမော ကို ချ၏။

"ဦးလေး သွားယူလာခဲ့မယ်"

ဦးကျော်က သံပရာရည်သွားယူပေးဖို့ ထွက်သွားသည်။ နောင်နောင် မှိန်းနေ၏၊ သက်မာက နောင်နောင့် မျက်နှာနွမ်းနွမ်းနုနုလေး ပေါ်မှ အကြည့်ကို လွှဲဖယ်မရနိုင်အောင် ဖြစ်နေရသည်။

မနက်က . . .

သက်မာ၏ အကြံပေးချက်၊ မိသားစု ဆရာဝန်၏ ခွင့်ပြုချက်ဖြင့် နောင်နောင့်ကို ကုလားထိုင် နှင့်အတူ ပန်းခြံထဲထုတ်လာကြသည်။

"ဒီပန်းတွေကြားထဲ မရောက်တာ လေးနှစ်ရှိပြီ မမ"

နောင်နောင် ကြေကွဲစွာ ပြောရှာ၏။

"အဝေးက ငေးမျှော်နေရတာနဲ့ ပန်းပွင့်တွေကြားထဲ ဝင်ထိုင်ရတာနဲ့ အရသာချင်း မတူဘူး"

မက်မောနှစ်ခြိုက်စွာ ပြောခဲ့ရှာ၏။

"ဦးလေးကျော်နဲ့ တွဲပြီး နောင်နောင့်ကို လမ်းလျှောက်သင်ပေးရရင် မကောင်းဘူးလား"

ခြေထောက်က မြေမှာ ဒရွတ်ဆွဲကာ မည်သို့မျှ အသုံးချ၍ မရမှန်း နောင်နောင် သိသည်ပေါ့။ သို့ပေမဲ့ မမအတွက်မို့ ကြိုးစားကြည့်ချင်သည် ။ နောင်နောင်သည် မမဘေးတွင် ယှဉ်လျက်ကိုယ့်ခြေ ထောက်ပေါ် ကိုယ်ရပ်နိုင်ချင်၏။

"ဖြစ်ပါ့မလား"

ဦးကျော်ကတော့ စိုးရိမ်ရှာသည် ။

"နောင်နောင် ကြိုးစားကြည့်ချင်တယ်"

ဦးကျော်ကို စေ့စေ့ကြည့်ကာ နောင်နောင်ပြောပုံက တကယ့်ကို အလေးအနက် ရှိလှ၏။ ဦးကျော်နှင့် သက်မာတို့ တစ်ဖက်တစ်ချက် ဝင်တွဲကာ မြေပြင်မှာ ရပ်နိုင်းသည် ။ နောင်နောင် မရပ်နိုင် ပါ။ တစ်ကိုယ်လုံး၏ အ လေးချိန်ကို ဦးကျော်နှင့်သက်မာတို့ [illegible] တွေပေါ်မှာ တွဲလောင်းခို ဆွဲချ လိုက်သကဲ့သို့ သာ ရှိချေ၏။

"လေးလားဟင်မမ"

"ရတယ် နောင်နောင်"

ခြေတစ်လှမ်းမျှ မလှမ်းရဘဲကပင် နောင်နောင် အားအင်တွေကုန်ခန်းသွားရသည် ။ သို့ပေမဲ့ အံကိုကြိတ်၍ အားတင်းသည် ။ မာန်သွင်းသည့်အပြုံးကို ပြုံး၏။

"ကျွန်တော် ငယ်ငယ်က မေမေ ဆုံးမဖူးတာ တစ်ခုရှိတယ်။ သိလား မမ"

"ဘာတဲ့ လဲ"

"ကျွန်တော် ဒီလိုမဖြစ်ခင်ပေါ့၊ ဆယ်တန်းတက်တဲ့ နှစ်၊ ဆယ့်ခြောက်နှစ်သားမှာ "

"ဆိုပါဦး၊ ဘယ်လိုဆုံးမခဲ့သလဲ"

"ကျွန်တော်က အသက်နဲ့ မလိုက်အောင်လွှားတော့ လူပျိုကြီးဖားဖားဆို တာတွေထက်တောင် ပိုပြီး လူကြီးစာရင်းဝင် နေသေးတယ်၊ ကျွန်တော်က ဂီတာလေး တဒေါင်ဒေါင်တီး၊ သီချင်းတွေ ဟစ်ဆိုတော့ ရ ည်းစားထားတတ်လာမှာ မေမေက စိုးတယ်ထ င်ပါရဲ့"

"မင်းစိတ်ကလည်း ယောက်ယက်ခတ်စ ပြု သလားမှ မသိတာ"

"ရိုးရိုးသားသားပါ မမရာ၊ တကယ်ပြော တာ၊ မေမေကသာ စိုးရိမ်ပြီးပြောတာ၊ သား .. .တဲ့ ၊ မိန်းမတစ်ယောက်ကို လက်ထပ်နိုင်ဖို့ မ သေချာဘဲနဲ့ စိတ်ကူးယဉ် အပျော်မကြံပါနဲ့ တဲ့ ၊ ကိုယ့်မှာ နှမ မရှိပေမယ့် အမေရှိတယ်တဲ့ ၊ မိ န်းမသားဆိုတာ မိခင်မျိုး ...တဲ့ "

"နောင်နောင့် မေမေက သမီးချင်း စာနာတ တ်တယ်နော်"

နောင်နောင် မတ်တတ်ရပ်လျက်သားမှ ခြေတစ်လှမ်းမရွေ့ဖြစ်သေးပါ။

"လက်ထပ်နိုင်မယ်၊ လက်ထပ်ချင်တယ်ဆို တာ သေချာမှ ချစ်သူထားပါတဲ့ ၊ ဒါပေမဲ့ ကိုယ့် ခြေထောက်ပေါ် ကိုယ်မရပ်နိုင်ခင်မှာ ဘယ် တော့မှ လက်မထပ်ရဘူးတဲ့ "

ဩော် ... နောင်နောင်ရယ်။

နောင်နောင်ပြောချင်သည့် စကားအဓိပ္ပာ ယ်ကို သက်မာမချိတင်ဘဲ သဘောပေါက်သွား ရ တော့သည် ။

"အဟဲ"

နောင်နောင်က မချိရယ် ရယ်၏။

"ဒီတိုင်းဆိုရင် ကျွန်တော် ချစ်သူရှာလို့ မရ သေးဘူး မမရဲ့ ၊ လက်ထပ်လို့ လည်း မဖြစ်

သေးဘူး ဂျွန်ဝေါ်က ကိုယ့်ခြေထောက်ပေါ်မှာ မှ ကိုယ်မရပ်နိုင်သေးတာလေ . . . ဟဲဟဲ”

“နောင်နောင်ကလည်း ကွယ်”

ဟန့်ဟန့်တားတား ဆိုမိချိန်မှာ သက်မာရင်ထဲ ကြေကွဲသွားရသည် ။ သည် လိုနှင့်ပဲ . . . နောင်နောင့်ကို ဦးကျော်နှင့်သက်မာတို့ ဖြည်းဖြည်းတွဲ၍ လျှောက်ကြသည် ။ နောင်နောင့်ခြေထောက် တွေက မြေပြင်မှာ ဒရွတ်တိုက်၍ ပါလာ၏။

“နည်းနည်းလောက် မြှောက်ကြည့်ပါလား နောင်နောင်”

မမက ပြောတော့ နောင်နောင့်တစ်ကိုယ်လုံး လက်ကျန်ခွန်အား ရှိစုမဲ့စုလေးတွေကို ခြေဖျား ဆီသို့ ပို့သည် ။ အကြွေးအဆန့်ကို တာဝန်ယူရသည့် ဒူးဆစ်ဆီသို့ ပို့သည် ။ ပြီးတော့ . . . နောင်နောင် ကြိုးစား၍ မ/၏။

မရ၊ ဆံချည်တစ်ပင်စာ မြှောက်ကြွမလာ။ ဟူး . . . လူရောစိတ်ပါ တကယ့်ကို ပင်ပန်းလိုက် တာ၊ နောက်တစ်ကြိမ် ကြိုးစားပြန်သည် ။ နောက်တစ်ကြိမ် . . . နောက်တစ်ကြိမ်။ ပြီးတော့ . . . ကြိမ်ဖန်များ စွာ။ ကြိုးစားမှုက အရာမထင်၊ ခွန်အားတွေ အချည်းနှီးဆုံးရှုံးရလေ၏။

“မော . . . မောပြီ မမ”

နွမ်းဟိုက်သံနှင့် ဟန်မဆောင်နိုင်စွာ ပြောချမှ နောင်နောင် ကုလားထိုင်ပေါ်သို့ ပြန်ရောက် သည် ။ ခုတော့ နောင်နောင်က မျက်စိမှိတ်လျက် မှိန်းရင်းက အားကုန်မတတ် ကြိုးစားလိုက်ရတာ တွေကို ပြန်တွေးနေ၏။ အတွေးထဲမှာ မမ မင်းမူလွှမ်းသည် ။

ကိုယ့်ခြေထောက်ပေါ် ကိုယ်မရပ်နိုင်ပါလား မမရယ်။

နောင်နောင် မျက်စိမှိတ်ထားသည် မို့ သက်မာက နောင်နောင့်ကိုပဲ မဆုံးနိုင်အောင် ငေးကြည့် နေမိ၏။ ပင်ကိုက အသားဖြူရသည့်အထဲ၊ အိပ်ခန်းကလေးကို ကမ္ဘာလုပ်နေရသည် မို့ နေမထိလေမ ထိဖြစ်ကာ နောင်နောင့် ပါးပြင်လေးတွေ ဖြူနုဥနေသည် ။

နှာတံပေါ်ပေါ် မျက်ခုံးစိမ်းစိမ်း၊ နှုတ်ခမ်းကအောင်တင်းစေ့ကာ ယောက်ျားပီသစွာ ချောသည့် နောင်နောင်၊ မျက်စိမှိတ်ထားတော့ စင်းစင်းကျနေသည့် မျက်တောင်များက ထူထဲရှည်လျား၏။

ကောင်ချောလေး။

ဘူဌေးသား လူချောလေး၊ အသက်နှစ်ဆယ်၊ ဉာဏ်ကောင်းပါလျက် ဆယ်တန်းဖြေခွင့်တောင် မရလိုက်သည့် ဒုက္ခိတလေး နောင်နောင်ရယ်၊ သံယောဇဉ် နွယ်မျှင်လေးတွေနဲ့ အကြင်နာ အတိုင်းအစလေးတွေ ... ။ "ဘောင်" တစ်ထည်ဖြစ်အောင် ရက်လုပ်လို့ နေ့ဥမင်းတစ်ကိုယ်လုံး လွှမ်းခြုံပေးလိုက်ချင်ပါရဲ့ ချာတိတ်ရယ်။

နောင်နောင့်မျက်စိ ဖျတ်ခနဲ ပွင့်လာ၏။

"မမ"

"ဟင် . . . နောင်နောင်"

"ကျွန်တော် မျက်စိမှိတ်ထားပေမယ့် မမ ကျွန်တော့်ကို ကြည့်နေတာမြင်တယ်"

သက်မာ ရှက်သွေးဖြင့် မျက်နှာရဲသွားရသည် ။ သို့ပေမဲ့ ချက်ချင်းပြင်နိုင်၏။ သက်မာတို့က ရင်ထဲရှိသမျှ ထိန်းထားနိုင်သည့်အရွယ်။ အာရုံကြောတို့ ကို ဦးနှောက်ဖြင့် ကွပ်ကဲစီမံရာ၌ ပံ့ပိုးကူညီ နိုင်သည့်ပညာ၊ အသိဉာဏ်၊ အတွေးအခေါ်တွေကလည်း အပြည့်။ ပြီးတော့ . . . သက်မာဘဝက ရှန်းကန်ခဲ့ရသည် လေ။ အပြ

ည့်။ ပြီးတော့ . . . သက်မာဘဝက ရုန်းကန်ခဲ့ရသည် လေ။

"မမနဲ့ တွေ့မှ ကျွန်တော့်စိတ်တွေ နူးညံ့လာတယ်"

"လိမ္မာလာတာပေါ့ကွ"

"မေမေဆုံးပြီးကတည်းက ကျွန်တော် သိပ်ဆိုးသွားတာ၊ တစ်ချိန်လုံး စိတ်ကို ဒေါသထွက်

"ရောဂါကြောင့် ဖြစ်ရတာပဲ နောင်နောင်ရဲ့ မင်းက လူရိုင်းလေးမှ မဟုတ်တာ"

"ဖေဖေကလည်း အလုပ်သိပ်များ တော့ ၊ ဆရာဝန်၊ ဆရာမ၊ ဦးလေးကျော်တို့ နဲ့ ချည်း နေရ တယ်"

"ဒါနဲ့ ပဲ နှစ်ဆယ့်ခြောက်ယောက် ပြောင်းခဲ့ တယ် ဆိုပါတော့"

"မမနဲ့ကျမှ ကြည်တာ"

"မကြည်လို့ ရမလား၊ တို့ က မင်းအက်ဲ ဝိုဆိုးပြလိုက်တာကိုး"

"မမကို တွေ့ခါစကလေ . . ."

"လန့်သွားသလား"

"မျက်နှာလေးနဲ့ တောင် မလိုက်ဘူး၊ တာကယ့်မိန်းမကြမ်းကြီးလို့ "

"တို့ ဘဝက နောင်နောင့် ဘဝလို မစင်းမချောဘူးကွယ့်၊ ဒီတော့ လိုအပ်ရင် ရိုက်တတ်တယ်၊ ကြမ်းတတ်တယ်၊ နှန့်ရမလား ဖြစ်တယ်"

"ဒါပေမဲ့ မမရဲ့ စရိုက်မှန်က ကြင်နာတတ်ပါတယ်"

"မထင်နဲ့ နောင်နောင်၊ ကြင်နာတတ်သလို ရက်စက်ဖို့ လည်း ဝန်မလေးဘူး၊ ဆောဆောက

ပြောခဲ့သလိုပေါ့၊ ဘဝက အကွေ့အကောက်တွေ များ လွန်းတယ်၊ ဒီကွေ့မှာ ဒီတက်နဲ့လှော်၊ ဟိုကွေ့မှာ ဟိုတက်နဲ့ လှော်၊ ကြုံသလိုနဲ့ပစ်ရတော့ စရိုက်မှန်ဆိုတာကို မရှိတော့ဘူး၊ ဖြစ်ချင်တာ ဆိုတာမျိုး လည်း သိပ်မရှိတော့ဘူး၊ ဖြစ်သင့်တာကို ဖြစ်အောင်လုပ်လိုက်ရတာမျိုးတွေချည်းပဲ"

"မမဘဝကို ငြိမ်းငြိမ်းချမ်းချမ်း ရှိစေချင်လိုက်တာဗျာ၊ တကယ်ပါ၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ဪ . . . တစ်ဖက်သားကို ကူညီချင်ပါတယ်ဆိုတဲ့ လူကိုယ်တိုင်က ကိုယ့်ခြေထောက်ပေါ်မှ ကိုယ်မရပ်နိုင် . . ."

"တော်တော့ နောင်နောင်"

သက်မာ ထိုင်နေရာမှ ထလာခဲ့သည် ။ နောင်နောင့် ဘီးတပ်လှည်းကလေးဘေးမှာ ကပ်၍ရပ် ၏။ နောင်နောင်က ရီဝေစွာမော့ကြည့်နေသည် ။

"အမောပြေပလား"

နဖူးပေါ်ဝဲကျနေသည့် နောင်နောင့် ဆံပင်လေးတွေကို သပ်တင်ပေးနေမိတော့သည် ။

"ဂလူးကိုစ်နဲ့ သံပရာရည်က မမ အကြွင်းနာလောက် အစွမ်းမထက်ပါဘူး"

"နောင်နောင် ပြုံး၍ ပြော၏။

"ဆံပင်တွေတောင် ရှည် လာပြီနော်၊ ညှပ်ဦးမှ ပဲ"

"မမညှပ်ပေး"

"ရမယ် . . . ကြွက်သိုက်လောက်တော့ ဖြစ်မယ်"

"ကိုယ့်ခြေထောက်နဲ့ ကိုယ်လျှောက်ပြီး ဆံပင်ညှပ်ဆိုင်သွားချင်တယ်ဗျာ"

"ဖြစ်လာမှာ ပေါ့ကွာ"

ဦးကျော်က သံပရာရည်ဖန်ခွက်ကိုကိုင်၍ ပန်းခြံကွယ်မှ ထွက်လိုက်၏။ သည် နှစ်ယောက်၏ သံယောဇဉ်ကို ဆရာကြီးသိထားဖို့ ပြောမှ ဖြစ်တော့မည်။

*

အချစ်မမည်သော အချစ်

"မေမေကဆို အဲ့ဒီမိန်းမကို ပိုတောင်မုန်းသေးတယ်၊ ကိုပိုင်နဲ့ ရည်းစားဖြစ်တော့မယ်တဲ့"

ယွန်းယွန်းသည် ဆင်အိပ်ရာဆိတ်နှိုးလုပ်ခဲ့လေသလား။ သက်မာကို ပိုင်ဆု သဘောကျတာ တော့အမှန်ပါ။ အသက်အရွယ်အားဖြင့် နှစ်ဆယ့်လေးဆိုတော့ တည်ငြိမ်ရင့်ကျက်သည့်အပိုင်းကို ရောက်ပြီဟု ဆိုရမည်။ ပြီးတော့ ဘွဲ့လည်း ရပြီးပြီ။ အသိဉာဏ်အားဖြင့်လည်း ပြည့်စုံပြီဟု ဆိုနိုင် သည်။

စကားပြောလျှင် တီကျရေရာ၏။ ချက်ဆို

နားခွက်က ဒိုးပေါက်ပြီးသား။ စကားလုံးကို ခေါင် အဆို့မသုံးဘဲ ကွက်တိကွက်တိ ပြောချနိုင်သည် ။ နောင်နောင့်ကို ပြုစုရာ၌ လည်း ကျွမ်းကျင်ပုံ ရ၏။

နောင်နောင့် ဖေဖေ ဦးရဲနောင်ကပင် ချီးကျူးလူရသည် ။

"နောင်နောင်လည်း လူနာစောင့် နှစ်ဆယ့်ခြောက်ယောက်ပြောင်းခဲ့တာ သက်မာနဲ့ ကျမှ အဆင်ပြေတော့တယ် . . .

"နောင်နောင်စားဖို့ လည်း တစ်နေ့တစ်မျိုး လုပ်ကျွေးနေတာ၊ သူ့လက်ရာကျမှ ပဲ နောင်နောင် တခံတွင်းတွေ့သတဲ့ ၊ ခုဆို နည်းနည်း တောင် ဝ လာပြီ"

သည် စကားအရ အချက်အပြုတ်မှာ လည်း ကျွမ်းကျင်ကြောင်း သိသာသည် ။ စီးပွားရေး အနေနှင့် ကျတော့ မတောင့်တင်းရာ။ သည့်လို မတောင့်တင်းတာကိုပဲ ပိုကြိုက်သေးသည် ။ မိန်းမက ပိုက်ဆံချမ်းသာ ဝင်ငွေကောင်းဖြစ်နေလျှင် အိမ်ဦးနတ်ဩဇာကျဆင်းတတ်သည် ။ ရုပ်ရည်အနေနှင့် ကျတော့ . . .

မျက်နှာသွယ်ဆင်းပုံ၊ မျက်နှာပြင်တွင် ရှိ မျက်ခုံးမျက်လုံး နှာတံ စသည် တို့ တစ်ခုမျှ ပြောစရာ မရှိ။ ကိုယ်လုံးကိုယ်ထည် အားဖြင့်လည်း သွယ်လျပါးလျားပေမယ့် ပိန်ချည့်ချည့်မဟုတ်၊ တစ်ခုပဲ ပြောစရာရှိသည် ။

သက်မာ အသားညိုသည် ။

ကြည့်မကောင်းအောင်
မည်းချိတ်နေတာမျိုး မဟုတ်သည် မို့ အညိုရောင်အသားသည် ခွင့် လွှတ်နိုင်ဖွယ် အခြေအနေမှာ ရှိ၏။

"ငါ ဘာဖြစ်လို့ ဒါတွေ လျှောက်တွေးနေရတာလဲ"

တစ်ယောက်တည်း ရက်ကိုးရက်ကန်း ပြုံး မိလေ၏။

"ဟာ . . . ကိုပိုင်၊ ဘာတွေပြုံးနေတာလဲ၊ သွားပေါက်ချင်တာလား"

စိုးစံက ရယ်ကာမောကာ ဝင်လာသည်။

"တို့ လုံးပို့ကြီး မရှိးတော့ဘူး"

"ငါ့အရွယ်ဟာ ဟိုင်းနေပလား ကိုစိုး"

"ဆယ့်ရှစ်နှစ်သမီးအတွက်တော့ ဟိုင်းတာ ပေါ့"

"နှစ်ဆယ့်လေးနှစ် ဘွဲ့ရအမျိုးသမီးတစ် ယောက်နဲ့ ဆိုရင်ကော"

"ဟာ . . . နေနဲ့ လ ရွှေနဲ့ မြ၊ ငါးပိနဲ့ လော က် ရွှေနဲ့ ကျောက်၊ ပြီးတော့ . . . အင်း၊ တိုင်း၍ ရက်သည့် ပက်ကလာမိုးရွာသည့်နှယ် အခန့် သင့်၊ ရေကန်အသင့် ကြာအသင့်"

"မင်းဟာတွေကလည်း မဟုတ်သေးပါဘူး"

"ဒါဖြင့်မိုးရွာတုန်းရေခံ"

တွေ့ကရာတွေ ဖွတ်ပြောနေပြန်၏။

"ကဲကွာ"

ပိုင်ဆုက လက်သီးနှင့်ထထိုး၏။ မနာပေမ ယ့် စိုးစံရှုံ့မဲ့ပြသည်။

"အဲဒါပေါ့ နွားပို့သန်လှ နွားအိုပေါင်ကျိုး ဆိုတာ"

ပိုင်ဆု ဆက်မထိုးတော့ဘဲ ရယ်လိုက်မိလေ ၏။

"ကိုပိုင် ကြိုက်နေတာ သက်မာလား"

"ဟေ . . . ဒီနှာမည်ကို မင်း ဘယ်တုန်းကကြားဖူးထားတာလဲ"

စိုးစံက အိမ်ကပ်သူမဟုတ်ပါ။ နှောင်နှောင် ကောင်းစဉ်ကတည်းက စိုးစံ တစ်ဖက်ခြံသို့

အရောက်အပေါက်နည်းတတ်သည် ။ သို့ပေမဲ့ . . . ယွန်းယွန်းကလဲလျှင် နောင်နောင်နှင့် အခင်ဆုံး လူက သူဖြစ်နေရသည် ။ စိုးစံတို့ က သည် လို လည်လည်ပတ်ပတ်ရှိတတ်၏။

"ကြားဖူးရုံလောက်က လွယ်ပါတယ် ကိုပိုင်ရဲ့ ၊ တွေ့ဖူးဖို့ ပဲ လိုတော့တယ်၊ ရုပ်လေး ဘာလေးမိရဲ့ လား"

"အသားတော့ညိုတယ်"

"သွားပြီ၊ အဝတ်အစားအရောင်ရွေးရမယ်၊ ခြေထောက်သနုပ်ခါးလိမ်းရမယ်၊ အသားညိုတဲ့ မိန်းမတွေဟာ အသားဖြူတဲ့ မိန်းမတွေထက် သနုပ်ခါးပိုကုန်တယ် ခုခေတ်ကြီးမှာ ၊ ဘယ်သူမှ ကွမ်းယာ တစ်ကမ်းမှာ တစ်မံ့စိမ့်လာထိုင်မကြည့်ဘူး၊ မြင်းတစ်ပြေးက လှစ်ခနဲကြည့်၊ ကြိုက် သလား၊ ကြိုက်ရင် ပြီးပြီ ဒါပဲ"

"မင်းဟာကလဲ မဟုတ်သေးပါဘူးကွာ"

"ကျွန်တော်တို့ ကတော့ ဖြူမှ "

"မင်း ယွန်းယွန်းကို ကြိုက်နေတာလား"

"ဟာ . . . မကြိုက်ပါဘူး"

"ဒါနဲ့ မင်းပြောပေး . . . ဆို"

"သချာနည်းနဲ့ တွက်လိုက်တာလေ ကိုပိုင်ရဲ့ ၊ ယွန်းယွန်းကို လက်ထပ်ရလို့ အရှုံးမှ မရှိတာ၊ အဲဒါကို ကိုပိုင်သဘောပေါက်စေချင်လို့ ပြောတာပါ"

"ကိုဆက်က ပြောတယ်"

"ဘာတဲ့ လဲ"

"ယွန်းယွန်းကို ရအောင်ငြင်းတဲ့ "

"ဟား ဟား . . . ရအောင်ယူပဲ ကြားဖူးပါတယ်ဗျာ၊ သူ့ကျမှ အဆန်း၊ ဘာဖြစ်လို့ တဲ့ လဲ"

"အဲဒါမေးစရာလိုတဲ့ မေးခွန်းမှ မဟုတ်တာ ယွန်းယွန်းကို မကြိုက်ဘူးဆိုရင် ဘာကြောင့်

လဲ ဆိုတဲ့ မေးခွန်းမလိုဘူး၊ မကြိုက်စရာတွေ က ပေါလောကြီး”

“ကိုပိုင်က အိမ်ထောင်ပြုဖို့ စဉ်းစားပြီလား”

“မှန်တာပြောရင် အစကတော့ မစဉ်းစားပါ ဘူး”

“ဒီစကားက ခုတော့ စဉ်းစားပြီလို့ ဆိုလို တာပေါ့”

“ထားပါတော့၊ ဖေဖေကလည်း အိမ်ထောင် ပြုဖို့ ပြော လာပြီမို့”

“ကိုဆက်က သုံးဆယ်တောင်ကျော်ပြီထင် တယ်”

“မကျော်သေးပါဘူးကွာ၊ ပြည့်ရုံပါ”

“ကိုဆက်ကို ဖေဖေ ဘာဖြစ်လို့ အရင်မစဉ်းစားတာလဲ မသိဘူး”

“ရှင်းပါတယ်၊ ဖေဖေ စဉ်းစားတာက မင်း တို့ ငါတို့ ဘယ်အရွယ်တွေ ရှိကုန်ကြပြီလဲ ဘာ လဲ ညာလဲဆိုတာကို စဉ်းစားတာမှ မဟုတ်တာ ”

သည် စကားကို ပြောရင်း ဝင်လာသူက ဆ က်မော်။ အဆင်ပြေစွာ ဝင်ပြောနိုင်သည် ဆို တော့ ရှေ့ပိုင်းမှ စကားတွေ အကုန်ကြားပြီးပုံ ရလေ၏။

“လာ . . . ကိုဆက်”

စိုးစံက ပိုင်ဆု ခုတင်ပေါ် ပြောင်းထိုင်ကာ သူ့ကုလားထိုင်ကို ဆက်မော်အတွက်ပေးသည် ။ ဆက်မော် ဝင်ထိုင်၏။

“ဖေဖေ စဉ်းစားတာက ယွန်းယွန်း ဘယ် အရွယ်ရောက်ပလဲ၊ ရည်းစားထားတတ် ကာ နီးပ လား၊ တွေ့ကရာနဲ့ ထားသွားမလား၊ သူ့ သည်းညည်းကို တစ်သက်လုံး ခံမယ့်ကောင်ထဲ

က ဘယ်သူ ရှိမလဲ၊ အဲဒီကောင်ဟာ တော့ထဲ ကမဖြစ်ရဘူး၊ အဲဒါတွေ စဉ်းစားတာပဲ၊ ကိုပိုင့် ကိုတွေ့တယ်၊ ဒါပဲ၊ သားတွေ အစီအစဉ်လိုက် သွားဖို့ စိတ်ကူးတာမှ မဟုတ်တာ"

"ဖေဖေ့ကို အထင်မလွဲပါနဲ့ ကိုဆက်၊ ယောကျ်ားလေးတွေ အတွက်တော့ မပူတဲ့ သဘောဖြစ်ပါလိမ့်မယ်"

"အေးပါ၊ ငါ နားလည်ပါတယ်၊ ဖေဖေ့ကို အပြစ်တင်တာ မဟုတ်ပါဘူး၊ ယွန်းယွန်းအတွက် ပူပန်လို့ ကြည့်ရင်း ကိုပိုင့်ကို တွေ့သွားတယ်လို့ ပြောတာပါ"

"ကိုဆက် အိမ်ထောင်ပြုဖို့ အစီအစဉ် မရှိသေးဘူးလား"

"ငါလား . . ."

ဆက်မော် ရက်ပြုံးပြုံးသည်။

"မိန်းမပဲ ရရင်တော့ ယူချင်ကြမယ်၊ ဒါပေမဲ့ မယ့်မိန်းမတစ်ယောက်ရဖို့ အတွက် ဘယ်လို အားထုတ်မှုမျိုးမှ မလုပ်ချင်ဘူး"

"ဟောဗျာ . . . ဟား ဟား"

"စိုးစံ အော်ရယ်၏။

"ရမယ် . . . ရမယ် . . . နောက်ထပ် သုံးဘဝလောက်ကူးပြီးမှ လား"

"နောင်နောင် ဘယ့်နှယ်နေသေးလဲ ကိုပိုင်၊ အရင်လိုပဲလား"

ဆက်မော်က နောင်နောင့်အကြောင်း သတိရသွား၏။

"အခြေအနေတိုးတက်လာတယ် ခေါ်ရမယ်၊ နှုတ်ဆို အပြင်တွေဘာတွေတောင် ထွက်လည်နေ ပြီ"

"ဟေ . . . ဟုတ်လား၊ ဘယ်လိုထွက်လဲ"

"ဟားနဲ့ တင်ခေါ်သွားမယ်၊ ပန်းခြံလိုနေရာ မျိုးကျတော့ လှည်းပေါ်တင်ပြီး လျှောက်တွန်း တာပေါ့"

"ဟာ . . . ရက်စရာကြီး"

စိုးစံက ရှုံ့မဲ့ပြောသည်။

"လမ်းမလျှောက်နိုင်တာဟာ ရောဂါတစ်ခု ပဲ ကိုစိုး၊ ဘာရှက်စရာရှိလဲ၊ မင်းဖျားတုန်းက ရှက်ခဲ့သလား"

"မတူဘူးလေ ကိုပိုင်ရ"

"လောကကြီးမှာ ဘယ်ဟာကို ရှက်ရမယ်၊ ဘယ်ဟာကို မရှက်ရဘူးဆိုတာ ခွဲခြားသိဖို့ လိုပြီ"

ဆက်မော်က ဒူးဆစ်ကို လက်ညှိုးဖြင့်ခေါ က်ရင်း ဧရာမ လူကြီးဟန်ဖြင့် ဝင်ပြောတော့ စိုးစံ ရယ်ပြန်၏။

"ကိုဆက်ဆိုရင် မရှက်ဘူးဟေး"

"ကောင်းကျိုးတစ်ခုခု ဖြစ်လွန်းဖို့ ဆိုတဲ့ ဘ ယ်လိုကိစ္စမျိုးကိုမှ ငါမရှက်ဘူး"

လမ်းမလျှောက်နိုင်တာ ရှက်စရာမဟုတ် ပေမယ့် ကိုဆက်ပြောပုံကြီးကတော့ အချိုးတ ကျ မရှိ လှဟု ပိုင်ဆုတွေးလိုက်မိသည်။ ကိုဆ က်ကတော့ ဒီလိုပါပဲလေ။ သားတွေထဲမှာ အကြီးဆုံး၊ သူ့စွမ်း သူ့စကိုကျတော့ ဘယ်နေ ရာမှ မပြနိုင်။ စကားပြောလျှင်တော့ လောကကြီး၊ ခေတ်ကြီးနှင့်ကို ကိုင် ပေါက်ကာ ဆင်ခြေရာလောက် စကားလုံးတွေ သုံးတတ် ၏။

သည် အစ်ကိုနှင့် သည် ညီအတွက် ပိုင်ဆု ရင်ထဲမှာ စေတနာတွေအများကြီးရှိလေ၏။

*

“နေကောင်းလားဟေ့ နောင်နောင်”

“ဟော . . . လာ ကိုပိုင်”

“အန်ကယ်ရော”

“ဖေဖေက အလွန်အလုပ်များ တဲ့ သူပဲ ကိုပိုင်ရ၊ မမရောက်လာမှ စိတ်ချပြီး၊ ခုဆို ပိုတောင် အ လုပ်လုပ်သေးတယ်၊ တနင်္ဂနွေကြီးလည်း အ လုပ်သွားတာပဲ”

“အဲဒါ မင်းကောင်းဖို့ ပဲ၊ မင်းအတွက် ကျုံးရှာနေတာနေမှာ ပေါ့ကွ

“အန်ကယ်ရော”

“ဖေဖေက အလွန်အလုပ်များ တဲ့ သူပဲ ကိုပိုင်ရ၊ မမရောက်လာမှ စိတ်ချပြီး၊ ခုဆို ပိုတောင် အ လုပ်လုပ်သေးတယ်၊ တနင်္ဂနွေကြီးလည်း အ လုပ်သွားတာပဲ”

“အဲဒါ မင်းကောင်းဖို့ ပဲ၊ မင်းအတွက် ကျုံး
ရှာနေတာနေမှာ ပေါ့ကွ”

သက်မာက ခြံထဲမှာ နောင်နောင့်ကို လှည်းပေါ်တင်လျှောက် တွန်းနေစဉ် ပိုင်ဆု ရောက်လာ ခြင်း ဖြစ်ပါသည် ။ နောင်နောင့်ကို မနက်နေခြည်ထဲမှာ ထားပေးရမည်ဟု ဆရာဝန်က ညွှန်ကြားထား ပါသည် ။

နောင်နောင်က ရှပ်အင်္ကျီပွပွ၊ ဦးထုပ်ဆောင်းလျက် ဘောင်းဘီတိုလေးပဲ ဝတ်ထားသည် ။ ခြေထောက်တွေကို ပကတိအသားအတိုင်း၊ နေရောင်ခြည်ခံဖို့ လိုအပ်သောကြောင့် ဖြစ်ပါသည် ။ မလျှောက်မလှမ်းရသည် မှာ ကြာပြီမို့ နောင်နောင့်ခြေထောက်ကလေးတွေက ကြုံလှီနေရ၏။

“သက်မာ နားဦးလေ၊ တို့ တစ်လဲတွန်းမယ်
”

“ဟုတ်သားပဲ၊ မမ နားပါဦး၊ ချွေးတွေတော

င် ပြန်နေပြီ"

နေပူထဲ လှည်းတွန်းရတာ သူ့အလျှောက်တော့ ပင်ပန်းသည် ပင်။

"ပေး . . . သက်မာ"

"ဒါဖြင့် မမအအေးတစ်ခုခု သွားယူခဲ့မယ် နော်"

သက်မာက ပိုင်ဆုဘက်သို့ လှည်းလက်ကိုင်ကို လှည့်ပေးကာ ထွက်သွားလေ၏။ အဲဒါတွေ ပေါ့၊ တို့ သဘောကျတာ။

ပိုင်ဆု ရင်ထဲမှာ ကျိတ်၍ ချီးကျူးသည် ။ သက်မာသည် ပွင့်လင်း၏။ တိကျပြတ်သား၏။ မလိုအပ်သည့် အပြောအဆို အမူအရာတွေ မရှိ ။ သူနှင့်ပတ်သက်သမျှ လုပ်ရှားဟန်ကအစ ပိုင်ဆု အကြိုက်နှင့် ကွက်တိချည်းဖြစ်နေရသည် ။

"ရွှေယွန်းယွန်းတို့ များ အပိုအလောင်းတွေချည်း လုပ်တယ်"

ယွန်းယွန်းကို ဖျတ်ခနဲ သတိရသည် ။ စိတ်ထဲချဉ်သွားရ၏။ ကြည့်လေ . . . သူ့ပဲ စိတ်ကူးရ တယ်၊ လူတကာနင်းမည့် လှေကားခုံမှာ သက်မာနာမည်ကို စာထွင်းရသတဲ့ ။ သက်မာ မသိပေမယ့် ရင်ထဲမှာ အားနာသွားရလေ၏။

"ဒီပိတောက်ရိပ်ကို တွန်းခဲ့ပါလား ဦးပိုင်ဆု၊ နောင်နောင်လည်း နေပူထဲ တော်တော်ကြာနေပါပြီ"

သက်မာက ပိတောက်ရိပ်သို့ ဗန်းကလေး သယ်လာသည် ။ ပိတောက်ပင်ခြေမှာ ပတ်လည်ဝိုင်း ၍ ရိုက်ထားသည့် ခုံတန်းလေးပေါ်မှာ ဗန်းကိုချ၍ ဦးပိုင်ဆုနဲ့ ကျွန်မနဲ့ တစ်ဖက်စီတွဲမယ်"

နောင်နောင့်ကို ကိုင်မြှောက်ကာ မတ်တတ်

ရပ်ပေးကြ၏။ နောင်နောင့် ချိုင်းအောက်တွင် ပန်းလျှိုးကာ တစ်ဖက်တစ်ချက်စီတွဲသည်။

"နည်းနည်းမ/ကြည့်နော် နောင်နောင်၊ ရ လိုရငြားလှမ်းကြည့်၊ ဒီလိုပဲ အမြဲကြိုးစားနေရမှာ"

နောင်နောင်က ခြေထောက်ကို မ/သည်။ မြောက်သည် ဆိုရုံလေး ကြွပေမယ့် မြောက်လှမ်း ခြင်း မပြုနိုင်ပါ။ ဒရွတ်ဆွဲနှင့်ပင် ခုံတန်းလေးပေါ်သို့ ရောက်လာရသည်။

ခုဆို ခြေထောက်က ကြွတောင်ကြွ လာပြီ၊ ဆရာဝန်ကြီးက နောင်နောင့် ကြိုးစားမှုကို အ ရမ်းချီးကျူးတာ"

ဖြိုးကြည့်ကာ ပြောပုံမှာ စေတနာလေးတွေ တွေ့ရသည်။ သက်မာ မျက်ဝန်းသည် မေတ္တာ ရိပ် ဖြင့် အေးချမ်းမှုတွေဖြာထွက်နေသလား ထင်ရသည်။ သူတကယ့်ကို စေတနာမေတ္တာနဲ့ ပြုစုတာပဲ။ ပိုင်ဆု ရင်ထဲမှ နှလုံးသားအမှတ် စာရင်းတွင် သက်မာအတွက် အမှတ်တစ်မှတ် တိုးရပြန်ချေပြီ။

"နောင်နောင့် အကြိုက် သခွားသီးဖျော်ရည် လုပ်နေရတာနဲ့ နည်းနည်း ကြာသွားတယ်"

"ကောင်မလေးတွေ ခိုင်းပါဆိုဗျာ မမကလည်း၊ နေရာတကာ ကိုယ်တိုင်ချည်းပဲ"

"ဩော်ကွယ် . . . သူတို့ လည်း သူတို့ အလုပ်နဲ့ သူတို့ မအားကြရှာပါဘူး"

သခွားမသီးဟု ခေါ်သည့် အဝါရောင်သခွား သီးကိုအခွံခွာ ခပ်သေးသေးစိတ်၍ ဖျော်ရည် စ်ကာထဲမှာ သကြား၊ နို့စိမ်းတို့ ဖြင့် ရောဖျော်လာ ခဲ့၏။ အချိုအဆိမ့် အဆင်ပြေကာ သောက်လို့ ကောင်း လှ၏။

"ထမင်းဟင်းလည်း ချက်တတ်တာပဲလား သက်မာ"

"ဒါအထင်သေးတဲ့ မေးခွန်းပဲ ဦးပိုင်ဆု"

နောင်နောင်က ရယ်နေသည်။

"ကျွန်တော့် ညီမလေးဆို ခုပြီးသွား ထမင်းပွဲမှာ တောင် ငါးဟင်းပါရင် အရိုးထွင်ပေးမှ စားတတ်တယ်"

"ဒါတော့ ကိုပိုင့်မေမေက အရမ်းအလိုလိုက်လို့ ပါ၊ ယွန်းယွန်းက မဆိုးပါဘူး၊ အလိုလိုက်ခံရ လို့ ရေသာခိုနေတာပါ"

နောင်နောင်ကယွန်းယွန်းကိုခင်သည်။

"ဦးပိုင်ဆု စကားပြောရင် ကျွန်တော့်ညီမလေးဆိုတာ အမြဲပါတယ်နော်၊ တော်တော်ချစ်တယ် ထင်တယ်"

"သိပ်မှန်းတာပဲ၊ မျက်စိထဲရောက်ပြီး စိတ်ထဲမှာ အမြဲအချဉ်ပေါက်နေတယ်"

"အဲဒါ သိပ်ချစ်လို့ နေမှာ ပေါ့"

"ဟုတ်မယ် ထင်ပါရဲ့၊ ဘယ်လိုမြစ်စေကောင်းလား၊ ဒီအရည်အချင်းမျိုး ဘာဖြစ်လို့ မရှိတာလဲ နဲ့ အမြဲမလိုမကျပဲ ဒေါသချည်းထွက်နေရတယ်"

"သိပ်သေချာတာပေါ့၊ ဦးပိုင်ဆု ညီမကို သိပ်ချစ်လို့ ဆိုတာ"

"ကျွန်တော်တို့ ညီအစ်ကိုသုံးယောက်မှာ ချစ်စရာဆိုလို့ ဒီညီမလေးတစ်ယောက်တည်း ရှိတာပါ၊ အစကတော့ သူဆိုးတာ လေးတွေကိုပဲ ချစ်နေရတယ်၊ ခုတော့ . . . အဆိုးလွန်ပြီး လက်ရော ခြေထောက်ရော မြှောက်ထားရတယ်"

"ယွန်းယွန်းက စိတ်ရင်းလေး သိပ်ကောင်းတာ ကိုပိုင်ရဲ့"

"မင်းတစ်ယောက်ပဲ ချီးမွမ်းမယ့်သူရှိသေးတယ်"

"နောင်နောင်နဲ့ က သူငယ်ချင်းလား"

"အစတုန်းက အမြဲကစားခဲ့တာ မမရယ်၊ ခုတော့သူလည်း ဘယ်လာကစားချင်ပါတော့မလဲ"

"ကစားရမယ့် အရွယ်တွေမှာ လည်း မဟုတ်တော့တာ၊ သူလည်း သူ့စာတစ်ဖက်၊ ကျူရှင်တွေ နဲ့ ဆိုတော့ မကစားအားလို့ နေမှာ ပါ"

ယွန်းယွန်းနှင့် ပတ်သက်၍ သက်မာထံမှ ကြားရလျှင် စကားကောင်းလေးတွေချည်းပါ။ ညှာ တတလေး တွေးပေး၊ ပြောပေးသည် ချည်းပါ။ ရွှေယွန်းတို့ ကတော့ သက်မာကို လူတကာ ဖနောင့် ပေါက်ခံရအောင်တောင် လုပ်သတဲ့၊ တော်တော်ဆိုးတဲ့ ကောင်မလေး။

ဘာကြောင့်မှန်းမသိ၊ သက်မာကိုတွေ့လျှင် ယွန်းယွန်းကို တွေးမိ၊ ယွန်းယွန်းကိုတွေ့တော့ သက်မာအကြောင်း စဉ်းစား၊ အတွေးထဲမှာ သည် နှစ်ယောက်ကို အမြဲလည်း ယှဉ်ကြည့်မိသည် ။ ယှဉ်တိုင်းမှာ လည်း ယွန်းယွန်း နောက်ကောက်ကျသည် ချည်း။ မိန်းမသားချင်း တုပေမယ့် အသက်ရှုချင်း ကွဲကြသည် လေ။

"ကျွန်တော်လေး မမကို သိပ်သနားတာပဲ ကိုပိုင်"

"တို့ က ခြေနဲ့ လက်နဲ့ အပြည့်အစုံပါ ကိုယ်တော်လေးရဲ့"

"အဲဒီပြည့်စုံနေတဲ့ ခြေတွေလက်တွေက ကျွန်တော့်အတွက် ဒုက္ခလာခံနေရတာကို ပြောတာ ပေါ့"

"တစ်လကို လေးရာ့ငါးဆယ်ကြီးများ "

နောင်နောင်က သက်မာ ပါးစပ်ကို လှမ်းပိတ်သည် ။ သက်မာက နောင်နောင့်လက်ကို ဆွဲဖယ် ၍ ရယ်၏။

"တစ်နေ့ ထမင်းနှစ်နှပ်"

နောင်နောင်က ဗိတ်ပြန်သည် ။ သက်မာက ဖယ်ဝစ်ပြန်၏။

"ဟင်းကောင်းဆန်ကောင်းနဲ့"

"ပြောဗျာ . . . ပြောချင်တာသာပြောတော့"

"ပြောစရာတွေ အကုန်ပြီးသွားပြီလေ"

နှစ်ယောက်သား ရယ်ကြပြန်သည် ။ ရယ်စရာ ဟာသစကားလုံး မဟုတ်ပါဘဲ ရယ်နေကြခြင်း ကကြည်နူးမှုကို ညွှန်း၏။ ပိုင်ဆုငေးကြည့်ကာ နောင်နောင့်လို ခြေထောက်မသန်ဘဲ ချည့်ပစ်လိုက် ချင်စိတ် ပေါက်သွားရတော့သည် ။

သက်မာအလှက ညှို့ငင်ဆွဲယူသောအလှ။ စိုရွှန်း၍ ထူအမ်းအမ်းလေး ဖြစ်နေသည့် နှုတ်ခမ်း က သူများ တွေနှင့်မတူပါ။ မျက်ဝန်းညို ညိုက ရီဝေဝေ၊ မျက်ခုံးအဖြားကြီးကြောင့်များ သူ့အလှက ပိုမိုပေါ်လွင်လာရသလားဟု တွေ

မိ၏။ အသားညိုသည် ဆိုသော်ငြားညိုမှုကလှ၏။

"ဒီလို အသားရောင်မျိုးရဖို့ အင်္ဂလိပ်မတွေဆိုရင် နေပူကြီးထဲ တစ်ကိုယ်လုံးချွတ်ပြီး လှန်း ထားရတာ"

ကျိတ်တွေးထဲမှာ အမှတ်တွေ တိုးနေရပြန်သည် ။ နေရင်းထိုင်ရင်းက နောင်နောင့်အပေါ် မနာလိုချင်တော့ပါ။ ကံကောင်းတဲ့ နောင်နောင်ပဲ။

"နောင်နောင် သိပ်ကံကောင်းတာပဲ"

နှုတ်ဖျားမှ လွှတ်ခနဲ ထွက်သွားရလေ၏။

"ဟောဗျာ . . . ကိုယ့်ခြေထောက်ပေါ်မှ ကိုယ်မရပ်နိုင်တဲ့ လူကို"

"ဒါပေမဲ့ သက်မာလို ကရုဏာရှင်နဲ့ ဆုံရတယ်လေ"

"ဟုတ်တယ်၊ အဲဒီတစ်ခုတော့ ကံကောင်း တယ်"

"သူပြောတာမယုံနဲ့ ဦးပိုင်ဆု၊ ဒီချာတိတ်က ညာခိုင်းတတ်တယ်"

နှောင်နှောင် ရယ်ပြန်၏။ သိပ်ပျော်နေသလား။

"ကျွန်တော်လေ အစကဆို၊ ကိုယ့်ဘဝကို ယ် မကျေနပ်တာနဲ့ ပဲ စိတ်တွေအမြဲတိုနေတာ "

"သက်မာနဲ့ ကျမှ ပဲ အစွယ်ကျိုးသွားတယ် ဆိုပါတော့"

"ဒါပေါ့ ကိုပိုင်ရဲ၊ မမက ရောက်တဲ့ နေ့ကများ ကျွန်တော့် အိပ်ခန်းတံခါးကို ခြေ ထောက်နဲ့ ကန်ပိတ်တာ"

"မင်းလိုချာတိတ်ကို ပျော့တီးပျော့ညံ့သွား လုပ်ရင် ဘယ်မှာ ပြောစကား ဆိုကေး နား ထောင် မလဲကွ၊ မင်းထက်ပိုမိုက်ပြလိုက်မှ "

"သက်မာ နားရက်တွေဆိုရင် နှောင်နှောင် တစ်ယောက်တည်း ဖြစ်နေမှာ ပေါ့"

"အဲဒါ ကျွန်မမှာ နားရက်ရှိသလားလို့ သွ ယ်ဝိုက်မေးလိုက်တာ မဟုတ်လား၊ လိုရင်တို့ရှ င်း ပေါ့ ဦးပိုင်ဆုရဲ့ "

"ရိုးရိုးသားသား ပြောတာပါဗျာ"

သည် တစ်ကြိမ်တော့ ပိုင်ဆုက ရှက်ရယ်,ရ ယ်၏။

"မမရောက်တာ တစ်လခွဲရှိပြီ ကိုပိုင်၊ တစ် ရက်မှ မနားလို့ ဒီတနင်္ဂနွေတော့ နားကိုနားပါ လို့ မမကို ပြောရတယ်၊ အဲဒီနေ့ကျ ကျွန်တော် ကိုပိုင်တို့ ခြံထဲ လာနေမယ်"

" လာလေ . . .ယွန်းယွန်း ရှိတာပဲ"

"ကိုပိုင်ရော"

"ကိုယ်က ဆန်းဒေးတိုင်း အားတာ မဟုတ်ဘူး၊ တချို့နေ့တွေပဲ အနားယူတာ၊ ကိုယ့်အလုပ်က စနေရယ် တနင်္ဂနွေရယ် ပိတ်နေလို့ ဖြစ်တာမဟုတ်တာ"

"ဖေဖေလည်း တူတူပဲ"

"ဒါပေါ့ . . . ကုန်သည် ဆိုတာ၊ ကိုယ့်စီးပွားရေး ကိုယ်လုပ်တာပဲ၊ တစ်ရက်နားရင် တစ်ရက် အကျိုးမဲ့တယ်လေ"

"သူဌေးတွေများ တယ်လည်း လောဘကြီးတယ်၊ ဘယ်လောက်ပဲ ချမ်းသာနေနေ ရောင့်ရဲတယ်လို့ ကို မရှိဘူးနော်"

"ခွပ်ပြီဟေ့ . . . နှောင်နှောင်ရေ့၊ မင်းအဖေရော တို့ ရော ဝိသမလောဘသမားတွေ ဖြစ်ကုန် ပြီ"

နှောင်နှောင်ကတော့ ရယ်ဖို့ ပါပဲ။

"မင်းလည်း သက်မာစကားတစ်ခွန်းပြောရင် တစ်ခါရယ်မယ်လို့ များ ခံဌာန်ထားသလား . . . ဟော"

"ကျွန်မတို့လိုဆင်းရဲသားတွေ လောဘကြီးဖို့ များ ထားပါဦး"

"သက်မာက လောဘမကြီးဘူးလား"

"လှပဲရှင့် နေမလား၊ ကျွန်မတို့ လောဘထွက်တာက သဘာဝကျတယ်၊ မရှိသေးလို့ ရချင်တာ၊ ဦးပိုင်ဆုတို့လို အစစပြည့်စုံနေတဲ့ လူကဘာများ ထပ်လိုနေသေးသလဲရှင်"

"လိုနေတာတော့ အမှန်ပဲဗျ၊ နှောင်ကြိုတော့မှ ပဲ ဆွေးနွေးရဦးမယ်၊ ခုတော့ ပြန်ဦးမယ်၊ ယွန်းယွန်း စိန်ဂွန်းဈေးသွားမယ်တဲ့ ၊ လိုက်ပို့ဦးမယ်"

ပိုင်ဆု ထရပ်သည်။

"အင်မတန်ချစ်တဲ့ ညီမလေးကို မုန်းတယ် . . . မုန်းတယ် . . . မပြောပါနဲ့၊ သူမှာ ဖြင့် ဒီညီမလေး အလုပ်ချည်းပဲ"

သက်မာ ခပ်ပြုံးပြုံး ဝင်ပြောလေသည်။

"မမေက အမိန့်ချထားလို့ ခင်ဗျ၊ စေတနာရှိလွန်းလို့ မထင်နဲ့ "

"ဒီလိုဆိုတော့စေတနာက ကိုရေရှားရေ နိုင်လိုက်တာ"

"ဘယ်လောက်ချစ်တဲ့ ညီမလေးပဲ ဖြစ်ဖြစ်၊ ကိုယ့်အမေဖြစ်ဖြစ်၊ နောက်ဆုံး ချစ်သူရည်းစား ပဲဖြစ်ဖြစ်၊ မိန်းမတစ်ယောက် ဈေးဝယ်တာကို ဘယ်ယောက်ျားမှ လိုက်ပို့ဖို့ စိတ်မရှည်ဘူး၊ မတတ် သာလို့ လိုက်လျောရတာချည်းပဲ"

"ဦးပိုင်ဆုဇနီး ဆိုရင်ကော"

"သေချာတယ်၊ ဒရိုင်ဘာနေ့ ပလွှတ်မှာ "

"အလကား မမ၊ ကိုပိုင် ဖြီးနေတာ၊ အဲဒီလို အိုက်တင်ခံတာတွေကြောင့် ကိုပိုင် မစုံတာ သိလား"

"အကြေကောက်၊ ပန့်ကေ အမျိုးချောတွေ လာလွန်းလို့ ငါဆရာတော် ကျောင်းပေါ်က ကြိမ်အော်လို့ ချနေရတာပါ နှောင်နှောင်ရဲ့ "

နှောင်နှောင်က ဘုမသိ ဘမသိနှင့်ရယ်၏။ သက်မာက ဦးပုညရေးခဲ့သည့် စာအကြောင်း ပြန်ရှင်းပြလေ၏။

"တကယ့်စာအစစ်က ဗျာဆံဝိုက်၊ ဗျာဆံခါ အမျိုးတွေလာလွန်းလို့ . . .တဲ့ "

ဩော် . . . ဒါမျိုးလည်း သူတတ်လိုက်တာပဲလား ဒေါ်သက်မာ၊ ပိုင်ဆု ပြန်လာချိန်မှာ သက်မာက ချုပ်ကိုင်လွှမ်းမိုးလျက် လေထဲမှာ ပျံ့ဝဲ၍ လိုက်ပါသည့်နှယ် ခံစားရ၏။ လူမျိုးကြီးတွေ ရ

ည်းစားထားချင်ပြီဆိုတော့ ခွတီးခွကျ အလွန်နိုင်လေ၏။

*

"ဘာမှာ မလဲ သက်မာ"

"ဦးပိုင်ဆု မှာ ချင်တာမှာ ပါ"

"ကဏန်းလက်မကြော်၊ ဘဲခြေထောက်မှို၊ ဝက်သားရွှေဒင်္ဂါးကြော်၊ကောက်ညှင်းအချို၊ ကြက်ကင်၊ ငါးမန်းတောင်ဟင်းချို"

"တော်လောက်ရောပေါ့"

"ထမင်းမမှာ ဘူး၊ ဟင်းချည်းစားမှာ "

"ရင်ပူတယ်၊ ထမင်းမပါဘဲ ဟင်းချည်း မစားတတ်ဘူး"

"ဒါဖြင့် ထမင်းကြော်နဲ့ စားမလား"

"ထမင်းဖြူပဲ၊ အဲဒီပန်းကန်လုံးနဲ့ တစ်လုံးစာလောက်ရရင် တော်ပါပြီ"

သက်မာ ရှေ့မှာ ချထားသည့်တုကို ပိုင်ဆုက ကောက်ယူကာ လက်သုတ်ပဝါနှင့် သုတ်ပေး နေ၏။ စားပွဲခင်းဖြူဖြူကို ကြည့်ရင်း သက်မာ မိမိအိမ်မှ ခုံနိမ့်စားပွဲဝိုင်းလေးကို မြင်ယောင်၏။ စားပွဲလေးမှာ ချေးထုတွေ တက်နေပေမယ့်

မည်သူမျှတိုက်ချွတ်ဆေးကြောခြင်းမရှိ။

စားပွဲခင်း ခင်းဖို့ ဆိုတာ ဝေးရော။

ဟိုတစ်နေ့က နှောင်နှောင်နှင့်အတူ စကားပြောဖြစ်စဉ်က ဒီတနင်္ဂနွေ သက်မာ နားရက်ယူ မည်ဆိုတာကို ပိုင်ဆု သိသွားခဲ့၏။ ဒီနေ့မနက် အိမ်ရှေ့မှာ ကားကြီးထိုးဆိုက်တော့ နှောင်နှောင် အခေါ် လွှတ်လားတောင် ထင်မိသေးသည်။

နောက်တော့ ဦးပိုင်ဆု ဆင်းလာကာ . . .

"တခြားအရေးကြီးတဲ့ ကိစ္စနဲ့ သွားစရာ မရှိရင် သက်မာကို ကျွန်တော် နေ့လယ်စာ ကျွေးပါရ စေ"တဲ့ ။

ရုတ်တရက်တော့ ကိုယ့်နားထောင် ကိုယ်မယုံချင်ပါ။

"နောင်နောင်နဲ့ ပတ်သက်ပြီး အေးအေးဆေးဆေး စကားပြောချင်တာလေးတွေလည်း ရှိလို့ ပါ"

"ဒီအိမ်လိပ်စာ ..."

"ဦးလေးကျော်ကို လှည်ပတ်မေးခဲ့တာလေ"

"နောင်နောင့်ကိစ္စဆိုရင် အခုဆွေးနွေးလို့လည်း ရပါတယ်"

"ဦးပိုင်ဆုက သောက်ကော သောက်ဦးမလို့လား"

"ဟာ ... စကားအဖြစ် ပါသွားတာပါ၊ မသောက်ပါဘူး"

"ဒါဖြင့်နေ့လယ် ဆယ့်နှစ်နာရီကျမှ လာခေါ်ပါ၊ မနက်ပိုင်း ကျွန်မ ခေါင်းလျှော်တာ တို့ ဘာတို့ လုပ်စရာလေးတွေ ရှိသေးလို့ ပါ"

"ဝမ်းသာလိုက်တာဗျာ ... တကယ်၊ လာခဲ့မယ်၊ ဪ ... သက်မာတို့ မိခင်ကိုရော ခွင့်တောင်းရဦးမလား"

သက်မာပြုံးသည် ။

"ကျွန်မ မလိမ်မိုး မလိမ္မာအရွယ်၊ ကိုယ့်ကိုယ်ကိုယ် မထိန်းသိမ်းနိုင်ခင်မှာ ၊ အိမ်ပေါ်က ခြေတစ်လှမ်းဆင်းရင်တောင် မေမေ့ဆီ ခွင့်တောင်းခဲ့ပါတယ်"

"ဪ ... ဟုတ်ကဲ့၊ ကျေးဇူးပဲနော်၊ ကျွန်တော် ပြန်မယ်"

"စားရသောက်ရမယ့်လူက တင်ရမှာ ပါရှင်

။"

"သက်မာက သောက်ကော သောက်ဦးမလို့

လား"

"စပါ့ကလင်းသောက်မှ ထည့်မတိုက်တော့

ဘူးလားရှင့်"

သည် လိုနှင့် နေ့လယ်ဆယ့်နှစ်နာရီမှာ ပိုင်ဆု အထုပ်ကြီး အထုပ်ငယ်ဆွဲလျက် တစ်ခေါက် ရောက်လာသည် ။

"ဘာထုပ်တွေလဲရှင့်"

"သက်မာမေမေ့ဖို့ ပါ"

"ကျွန်မကတော့ သိပ်တော့ အားနာလှေမရှိဘူး၊ ဒီတစ်ခါတော့ အားနာတယ်"

"ဒီလိုပါ . . . အပြန်ကျ အိမ်ဖို့ ဆိုပြီး တစ်ခုခုဝယ်လာခဲ့ရင် နောက်ကျမှ စားကြရမယ်လေ ၊ အိမ်မှာ ရှိတဲ့ လူတွေ စားနှင့်ဖို့ ပါ၊ လူကြီးဆိုတော့လည်း စားဦးစားဖျားဆိုတော့ ပိုကောင်းတာပေါ့"

မောင်လေးက အထုပ်တွေကို ဟန်တောင်မဆောင်နိုင်ပဲ လာသိမ်းသည် ။

"ရှင် . . . လူမှုရေး တော်တော်ကျေညက်တာပဲ"

"ရှစ်စပ်က ကျင်ခြေလည်တဲ့ အဆင့်ထိ မရောက်ပါဘူး"

"တော်သေးတာပေါ့ရှင်"

သက်မာ ပြန်တွေးနေမိပါ၏။ ခုလောက်ဆို မေမေနဲ့ မောင်လေး စားသောက်လို့ တောင် ပြီးလောက်ပြီ။ မောင်လေးသည် အစားကောင်း မက်ရာ၏။ မေမေက လူကြီးမို့ မမက်ဘူးဆိုသည့် တိုင် သည် လို စားကောင်း သောက်ကောင်းတွေနှင့် ဝေးခဲ့တာ နှစ်ပေါင်း

အစိတ်လောက်တောင် ရှိခဲ့ပြီ ပဲ။

ရှေးဖြစ်ဟောင်း၊ အောက်မေ့ကာ တမက်တမော စားနေရှာပါလိမ့်မည်။

သက်မာရင်ထဲနင့်ခနဲ ဖြစ်သွားရ၏။ တကယ်ဆို မေမေ ဒီလိုဆင်းရဲဖို့ မကောင်းဘူးလား။

"ဘာတွေ တွေးနေလဲ သက်မာ၊ ရော့ . . . စပါကလင်းစပြီးသောက်"

ဖန်ခွက်ထဲသို့ ရေခဲထည့်ပေးသည်။ စပါကလင်းပုလင်း ဖွင့်ပေးသည်။ ငှဲ့ပေးသည်။ လက်ထဲ ထိတိုင် အရောက်လာထည့်သေးသည်။

"ဘာဖြစ်နေလဲ သက်မာ၊ ငိုင်တွေတွေနဲ့"

"မိန်းမသားတစ်ယောက်အကြောင်း တွေးမိလို့ ပါ"

"စပ်စုတယ်လို့ မထင်ဘူး ဆိုရင်တော့ ဘယ်သူ့ရဲ့ ဘာအကြောင်းလဲဆိုတာ မေးချင်သား ပဲ"

"မိန်းမသားတစ်ယောက် ရှိတယ်၊ အချစ်ရေးမှာ လူရွေးမှားခဲ့တယ်"

"သက်မာ မျက်ဝန်းတွင် မေမေ့ပုံရိပ် ထင်လာ၏။

"စောစောက ဦးပိုင်ဆု အအေးပုလင်း ဖောက်နေတာမြင်တာနဲ့ သွားသတိရတာပါ၊ အဲဒီအ မျိုးသမီးရဲ့ လက်ချောင်းလေးတွေဟာ ပုခက်လွှဲခဲ့ရတယ် . . .

"ဆေးလိပ် လိပ်ရတယ်၊ အင်္ကျီချုပ်ရတယ်၊ ထမင်းဟင်းချက်ရတယ်၊ အဝတ်လျှော်ရတယ်၊ ဆော်ဒါပုလင်း ဖောက်ပေးရတယ်၊ အရက်ငှဲ့ပေးရတယ်၊ အမြည်းကြော်ပေးရတယ် . . .

"သိပ်ကို အလုပ်လုပ်ခဲ့ရတဲ့ လက်ချောင်းလေးတွေပေါ့၊ အဲဒီအမျိုးသမီး ကွယ်လွန်ရင်တောင် သူ့လက်ချောင်းတွေဖြတ်ပြီး ပြတိုက်မှို

ချင်တယ် . . .”

“လက်ချောင်းဆယ်ချောင်းဟာ တစ်ချိန်တ ည်းမှာ အလုပ်ဆယ်မျိုးလောက်ကို ပြိုင်တူ လု ပ်ခဲ့ရတာ၊ ဟုတ်တယ် . . . အင်မတန်ချီးကျူး လေးစားဖို့ ကောင်းတဲ့ လက်ချောင်းတွေ . . .

“နောင်လာနောက်သားတွေ တအံ့တသြ လေ့လာသင့်လို့ ပြတိုက်မှာ ပဲ ထားသင့်တယ်”

“ကိုယ်မေးရင် သက်မာ စိတ်ဆိုးမလား”

“မေးလေ . . . ဆိုးသင့်ရင်တော့ ဆိုးရမှာ ပေါ့၊ ဆိုးမှာ ကြောက်ရင် မမေးနဲ့ ၊ မမေးဘဲ မ နေနိုင်ရင် စိတ်ဆိုးခံလိုက်”

ပိုင်ဆု ရယ်သည် ။

“အဲဒီအမျိုးသမီးဟာ သက်မာရဲ့ မိခင်လား

“စိတ်တော့ မဆိုးဘူး၊ ရင်ထဲမှာ နင့်ခနဲ အောင့်သွားတယ်၊ မေမေ့က ဒီကိစ္စဖြစ်တို့ မရှိ ဘူး”

“သက်မာ မေမေရော”

“ဆုံးပါပြီ”

“ဟင့်အင်း . . . ဆုံးခါနီး သွေးတွေအန်နေချိန်မှာ တောင် သက်မာ ငါ့ကို လာမပြုစုနဲ့ ၊ စာသွား ကျက်၊ သားသမီးတွေထဲ နင်တစ်ယောက်ပဲ စာတော်တာတဲ့ ၊ ငါ့လိုလူမျိုးတွေ့ရင် မကြိုက်နဲ့ တဲ့ ၊ အရက်ဖြစ်ဖြစ်၊ ဖဲဖြစ်ဖြစ် တစ်ခုခုကို မပြတ်နို င်အောင် စွဲလမ်းနေတဲ့ ယောကျာ်းကို မယူနဲ့ လို့ ပြောပြီး အသက်ပျောက်သွားရှာတာပါ၊ ဖခ င်ဟာ ဖခင်မေတ္တာနဲ့ ပါပဲ၊ ကျွန်မ စိတ်မနာပါ ဘူး”

သက်မာ မျက်ရည်မဝဲဘဲ ပြောသည် ကို ပိုင် ဆု အံ့သြလေးစားရပြန်၏။

"စားပါဦး၊ ဟင်းတွေ အေးကုန်မယ်"

သက်မာက တူကို ကျွမ်းကျင်စွာ သုံးနိုင်၏။

"မိန်းကလေးတချို့ တူမကိုင်တတ်ဘူးနော်"

ယွန်းယွန်းက တူကို ဘယ်တစ်ချောင်း ညာတစ်ချောင်းကိုင်ကာ ခက်ရင်းခွန်းသဖွယ် ထိုးကော်တတ်သည် ကို သတိရမိသည်။

"ကျွန်မက လူရဲ့ အရက်နဲ့ သိက္ခာပိုင်းကို မထိခိုက်တဲ့ အလုပ်တွေ အကုန်သင်ထားပါတယ်"

အစားစားရာ၌ သပ်ရပ်သည် ကိုလည်း သတိထားမိသည်။ အိမ်က ဒေါ်ရွှေယွန်းတို့ များဖြင့် ထမင်းဝိုင်း ထိုင်သည် နှင့် ဟင်းပန်းကန်တွေ သူ့ဘက်အကုန်တိုးခိုင်း၊ တစ်ခုစီ လျှောက်မြည်း မကြိုက်တာတွေကျ တွန်းပစ်၊ အို . . . ဒီကောင်မလေးကို တာတောလန်ပါတယ်။

"နောင်နောင့်အပေါ် [illegible] ပြောချင်လို့ ဆို၊ ပြောတော့လေ"

ပိုင်ဆု လည်ချောင်းရှင်းသည်။ စကားလုံးရွေးသည်။ ပြီးမှ ဖြည်းလေးစွာ ပြောလေ၏။

"ကိုယ်နဲ့ မဆိုင်ဘူးလို့ သက်မာ ထင်ရင်လည်း ထင်နိုင်ပါတယ်၊ နောင်နောင့်အပေါ် သက်မာ သံယောဇဉ် သိပ်တွယ်နေပြီလားဆိုတာကို အရင်ဆုံး မေးချင်တာပါ"

"သိပ်ကိုတွယ်နေပါတယ် ဦးပိုင်ဆု၊ ကျွန်မနဲ့ ခြေတစ်ဖက်စီဖြတ်လဲလို့ ရရင် လဲပေးလိုက်ချင်တဲ့ အထိပါပဲ၊ ချိုင်းထောက်ကိုယ်စီနဲ့ တော့ဖြစ်သွားမယ်၊ နှစ်ယောက်လုံး လမ်းလျှောက်လို့ တော့ဖြစ်သွားမှာ ပဲ"

ပိုင်ဆု ရင်ထဲ လေးသွားရတော့သည်။ လူဆန်စွာ မနာလိုချင်စိတ်တွေ ဖိစီး၏။

"ဘဝခရီးကို အတူလျှောက်ဖို့

"လေကုန်ခံလိုက်တာရှင်၊ နှောင်နှောင့်ကို သက်မှာချစ်နေသလား ဆိုလည်း ပြီးတဲ့ ဟာ

"ဟုတ်ပါပြီ၊ အဲဒီလိုပဲမေးပြီး ထားပါ

"သိပ်ကို ချစ်နေပါတယ်

"ဪ . . . ပွင့်လင်းပြီးကြပြီ ဆိုပါတော့

"ဟင့်အင်း . . . နှောင်နှောင် ကျွန်မကို ချစ်နေတာ ကျွန်မသိတယ်၊ ကျွန်မကလည်း ပြန်ချစ်တယ်၊ ကျွန်မပြန်ချစ်မှန်းလည်း နှောင်နှောင် သိတယ်၊ နှောင်နှောင် အဲဒီလို သိနေပြီဆိုတာလည်း ကျွန်မသိတယ်

"ဪ

ပိုင်ဆု "ဪ" ကြီးက မချိမဆံ့ ထွက်လာသည်။

"ဒါပေမဲ့ အဲဒီလို သိနေကြတာကို နှစ်ယောက်လုံး ဖုံးထားကြတယ်

"ဘာဖြစ်လို့ လဲ ဆိုတော့

"ကျွန်မတို့ နှစ်ယောက်ရဲ့ ဆက်ဆံရေးမှာ ထရံပါးပါးကြည်ကြည်လေးတစ်ချပ် ခြားနေပါတယ်၊ တစ်ဖက်နဲ့ တစ်ဖက် ထိုးဖောက် ဝင်ရောက်သွားမယ်ဆိုလည်း သိပ်လွယ်ပါတယ်၊ ဒါပေမဲ့ ဘယ်သူကမှ အဲဒီလိုလုပ်ဖို့ မကြိုးစားကြတော့၊ နားလည်မှုဆိုတဲ့ ထရံပါးလေးဟာ ဘယ်တော့မှ ချိုး ဖောက်ဖျက်ဆီးခံရမယ် မဟုတ်ပါဘူး၊ ဘာဖြစ်လို့ လဲဆိုတော့ ကိုယ့်ဘဝကိုယ် နားလည်ကြလို့ ပါပဲ

"ကျွန်တော် မရှင်းဘူး

"ဪ . . . ဦးပိုင်ဆုရယ်၊ နှောင်နှောင် အမြဲပြောပါရောလား၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်မှ မိန်းမယူမယ်ဆိုတာ

"အဲဒီစကားက စီးပွားရေးအတွက်ပဲ

"နှောင်နှောင့်မှာ စီးပွားရေးပြဿနာ မရှိပါ

ဘူး၊ သူက ဒုက္ခိတ ဖြစ်နေရတော့ ကိုယ့်ချစ်သူကို မနှစ်ရက်ရှာဘူး၊ နောင်နောင့်မေတ္တာက တကယ့်ကို ဖြူစင်တာ

“ဒါဖြင့် သက်မာဘက်ကျတော့ ယောကျ်ားလေးကဖွင့်မလာလို့ စောင့်နေရတာမျိုးလား၊ အဲဒီ လိုဆိုရင် ကျွန်တော်ကူညီ . . .

“ဟိုး . . . ဟိုး

သက်မာက ခပ်ပြုံးပြုံးနှင့်ပင် ဆက်ပြောသည်။

“ကျေးဇူးတင်ပါတယ်၊ နောင်နောင် ပြောလာရင်တောင်ကျွန်မ ငြင်းမှာ ပါ

“ချစ်တယ်ဆို

“အချစ်က အချစ်ပဲ၊ အချစ်အတွက်နဲ့ မိုက်မှားရဲ စွန့်စားကြတာ ကျွန်မတို့ အရွယ် မဟုတ်ဘူး

“နောင်နောင် ကျုံးမှာ ရှင်းပေါ့

“ကျွန်မငြင်းမယ့်အချက်တွေကို ဦးပိုင်ဆု အကုန်သိချင်တာလား

“ဆိုပါတော့

“ပထမအချက် . . . သူ ကျွန်မထက် လေးနှစ်ငယ်တယ်၊ ကိုယ့်ယောကျ်ားကိုယ်ရှိခိုးဖို့တောင် လိပ်ပြာမသန့် ဖြစ်နေရရင် ဘာသွားလုပ်မလဲ

သက်မာက သူ့ဘာသာသူ သဘောကျကာရယ်သည်။

“ဒါက ရယ်စရာပြောတာပါ၊ ကျွန်မ ရှင်းပြစရာမလိုပါဘူး၊ ဦးပိုင်ဆု နားလည်မှာ ပါ၊ ကိုယ့် ထက် အသိဉာဏ်မရင့်ကျက်တာတို့ ၊ မိန်းမက အရွယ်ကျတာတို့ . . .

“ကိုယ့်ယောကျ်ားကိုယ် အထင်မကြီးနိုင်

တော့တာတို့၊ ကျွန်မအမေဟာ အိမ်ထောင်ဘက် တစ်လခွဲတည်းနဲ့ လူရွေးမှားပြီဆိုတာ သိခဲ့တယ်၊ ဒါပေမဲ့ အရိုးမြေကျတဲ့ အထိ ဆယ့်ရှစ်နှစ်လုံးလုံး ပေါင်းခဲ့တယ်၊ တစ်ခုလပ်မ မဖြစ်ချင်ဘူးလေ

"နောက် . . .ရှိသေးလား

"ရှိတယ်၊ နောင်နောင့် ခြေထောက်က ဘယ်တော့ပြန်ကောင်းမယ် မသိဘူး၊ နောင်နောင် ဟာ အိမ်ထောင့်စီးပွားရေးကို ဦးဆောင်နိုင်တဲ့ သူ ဘယ်တော့မှ ဖြစ်မယ် မသိဘူး

"စီးပွားရေးပြဿနာမရှိဘူးလို့ ကျွန်တော်ပြောခဲ့ပြီပဲ

"ကျွန်မ လက်ထပ်မယ့်သူဟာ သူဌေးသား မဖြစ်စေချင်ဘူး၊ သူဌေးပဲ ဖြစ်စေချင်တယ်၊ မိဘ ချမ်းသာလို့ အမွေရတာ သူ့စွမ်းသူ့စမှ မပါဘဲ၊ နောက်ဆုံးတစ်ချက် ပြောလိုက်ရင် ဦးပိုင့်ဆု လက်ဖျား ခါသွားလိမ့်မယ်"

"ပြောပါဦး၊ ခုတည်းက လက်ကိုမြှောက်ထားလိုက်ပြီ၊ ခါဖို့ ရယ်ဒီပဲ

"ကျွန်မဟာ လူ . . . မှတ်ထားဦး၊ လူဆိုတာ အသိဉာဏ်ရှိတဲ့ သတ္တဝါ အသိဉာဏ်မရှိတဲ့ သတ္တဝါ တွေထက်ပိုပြီး အတ္တကြီးမားတယ်၊ အတ္တဆိုတဲ့ သဘောကိုက အသိဉာဏ်ရှိလို့ လည်း ပိုသဘောပေါက် ကြတယ်၊ အမှန်ကိုဝန်ခံရရင် ကျွန်မ ကိုယ်ကျွန်မ စိတ်မချဘူး၊ ခုကို့တခင်ပွန်းသည် တစ်ယောက် ကို ဘယ်နနှစ် ချစ်နေနိုင်မလဲ၊ အချစ်ဆိုတာ ရယူခြင်းမဟုတ်၊ ပေးဆပ်ခြင်း . . . ဘာညာဆိုတာ ကဗျာ ဆန်ဆန် စိတ်ကူးယဉ်ပြီး စကားလုံးကို လှလို့ ပြောနေကြတာပါ . . .

"ဘယ်လိုလူသားမှ ဆယ်နှစ်ပြည့်အောင် ပေးဆပ်ခြင်းသက်သက်နဲ့ နေနိုင်မယ် မထင်

ဘူး၊ ရယူလိုခြင်းကင်းတဲ့ မေတ္တာဆိုတာ သားသမီးအပေါ်မှာ ထားတဲ့ မိဘမေတ္တာတစ်မျိုးတည်းပဲ ရှိပါတယ်၊ ဆွေမျိုးညီကို မောင်နှမ သွေးသားတွေတောင် ရယူခြင်းနဲ့ ပေးဆပ်ခြင်းကို မျှမျှတတ ကျင့်သုံးရတာပါ

"ဇနီးမောင်နှံပဲဗျာ

"ဇနီးမောင်နှံဆိုတာ ချစ်ကြစို့ဆိုရင် ဆွေပစ်မျိုးပစ် မိဘတွေတောင်ပစ်ပြီး ချစ်ကြပါရဲ့၊ မုန်းကြစို့ဆိုတဲ့ တစ်နေ့မှာ တီခနဲ ပြတ်တယ်လေ၊ သူနဲ့ ကိုယ်နဲ့ ဘာဆိုင်တာမှတ်လို့၊ သူစိမ်းတွေ၊ ချစ်ကြစို့ဆိုရင် အတုမရှိ၊ မုန်းကြစို့ ဆိုရင်လည်း အတိုင်းမသိ ဆိုတဲ့ အမျိုးအစားပဲ ဦးပိုင်ဆုရဲ့

"သက်မှာ ကိုယ့်ကိုယ်ကိုယ် မယုံဘူးလား

"ကျွန်မ ဘယ်သူကိုမှ မယုံဘူး၊ ကိုယ့်ကိုယ်ကိုယ်လည်း မယုံဘူး၊ ဦးပိုင်ဆု ကြားဖူးမှာ ပါ၊ လောကကြီးမှာ ဘယ်အရာမှ မမြဲဘူးဆိုတော့၊ အချစ်လည်း မမြဲဘူး၊ မမြဲခြင်းသည် သာလျှင် မြဲ၏ တဲ့၊ မမြဲတာပဲ အမြဲရှိနေတတ်တာ

"ကျွန်တော့်လက်ဖျားကို သွက်သွက်ကြီး ခါပြီနော်

ပိုင်ဆုက လက်ဖျားကို တကယ်ခါပြတော့ သက်မှာပြုံးနေသည်။

"ဒါမျိုးတွေ လျှောက်တွက်နေလို့ နောင်နောင့်အပေါ် ချစ်တဲ့ အချစ်ကို မနက်နဲ့ ဘူး မထင်ပါနဲ့၊ ခြေတစ်ဖက်ချင်း ဖြတ်လဲပေးချင်တာ တကယ့်စေတနာပါ

"ယုံပါတယ်ဗျာ

"ကျွန်မအသက်အရွယ်၊ ကျွန်မ ဖြတ်လျှောက်ခဲ့ရတဲ့ ဘဝအတွေ့အကြုံတွေက ကျွန်မ ဦးနှောက်ကို အမြဲပေါလစ်ရှ်(အရောင်တင်) လုပ်ပေးတယ်လေ

"နောင်နောင့်ကို လက်လှမ်းဆုံးရှုံးရမယ်ဆို တော့ သက်မာစိတ်ထဲမှာ မထိနိုက်ဘူးလား

"ထိနိုက်သားပဲ

"ဒါပေမယ့် . . .

"ပူဆွေးဝမ်းနည်းပုံ မရလို့ လား

"ဆိုပါတော့

"ခုလို နွေညတွေမှာ ဦးပိုင်ဆု လရောင်ထဲ ထွက်မထိုင်ဖူးဘူးလား

"ထိုင်ဖူးတာပေါ့၊ သိပ်ကြိုက်ပါတယ်

"အိပ်ပစ်လိုက်ရမှာ မနှမြောဘူးလား

"သိပ်နှမြောတာပေါ့

"ဒါပေမဲ့ သန်းခေါင်ကျော်ရင်တော့ ဝင်အိပ် တာပဲ မဟုတ်လား

"မနက်ဖြန် အလုပ်လုပ်စရာတွေ ရှိသေးတ ယ်လေ

"ဒါပေါ့ . . . လူဆိုတာ လူ့တာဝန်နဲ့ လူ့ကိစ္စ တွေ အများကြီးကို ထမ်းဆောင်ဖို့ ရှိနေတယ်၊ နေ့ထွက်ရင် အလိုအလျောက်ကွယ်ပျောက်သွားမယ့် လ ရောင်ကို တမ်းတပြီး အိပ်ရေးပျက်ခံရင် ကိုယ် ပဲ ညောင်နာနာ ဖြစ်တော့မပေါ့

ပိုင်ဆု သဘောကျစွာ ရယ်၏။

"ပြောရဦးမယ်၊ ညောင်နာနာဆိုလို့၊ ကျွန် တော့်သူငယ်ချင်း ဆရာဝန် တစ်ယောက်ရှိတ ယ်၊ သူ့ဆေးခန်းကို အသက်လေးဆယ်လော က် အမျိုးသမီးတစ်ဦး လာတယ်တဲ့ . . .

"ကျွန်တော့်သူငယ်ချင်းက အစ်မကြီး ဘာဖြစ်သလဲဆိုတော့ . . .

"ခုတလော ပါးစပ်လည်း ပျက်တယ်၊ အိပ်ရ ေးလည်း နှစ်နှစ်ခြိုက်ခြိုက် မရှိဘူး၊ ညောင်နာ

နာ ဖြစ်နေတယ်ဝဲ့ . . .

"ကျွန်တော့် သူငယ်ချင်းက သြောင်နာနာဆို တာ ဘာမှန်းမသိလို့ တဲ့ ဗျာ

သက်မှာ တခစ်ခစ်ရယ်သည် ။

"ကျွန်တော်က ပြောပြရတယ်၊ သြောင်နာ နာဆိုတာ စားမဝင် အိပ်မပျော်၊ လူက ခွန်း အားမ ပြည့်၊ ဘာမှ လုပ်ချင်ကိုင်ချင်စိတ်မရှိ၊ တနုန်းနုန်း တခွေခွေနဲ့ ရောဂါမည်မည်ရရ မရှိ ဘဲ Unfit ဖြစ်နေတာလို့

"ဆေးတက္ကသိုလ်မှာ ရောဂါဗေဒသင်ရင် သြောင်နာနာဆိုတဲ့ ရောဂါ ထည့်သင်မပေး ဘူးလား မှ မသိတာ

"သင်တော့ သင်မှာ ပေါ့၊ ဓာဓာကပြော သလို Unfit တို့ Uneasy တို့ နဲ့ များ သင်မလား မသိဘူး၊ ဗမာစကားလုံးတွေကလည်း ရှပ်သား ၊ သြောင်နာနာဆိုတော့လည်း ခက်သားပေါ့

"ဒီဟင်းတွေ မကုန်လည်း ပိုက်ဆံလျှော့ယူ မှာ မဟုတ်တော့၊ မကုန်, ကုန်အောင် စားတာ ပဲ ရှင့်၊ မရတော့ဘူး၊ အစားအိမ်နည်းနည်း ငယ် နေတယ်

"ကျွန်တော့်ဗိုက်လည်း မဆံ့တော့ဘူး

"အစကတည်းက ကုန်နိုင်ရုံမှာ ဖို့ ကောင်း တယ်

"နောက်တစ်ခါကျတော့ လျှော့မှာ ပါ့မယ်

"ဩြော် . . . နောက်တစ်ခါကျွေးဖို့ ခုတည်း က စကားခေါ်လိုက်တယ် ဆိုပါတော့၊ အစားပြု ခေါ်ရင် အမြီးနန့်တတ်တဲ့ လူစားတော့ မဟုတ် ဘူး

"ဟာဗျာ၊ ကျွန်တော် ဒီလိုသဘောမထားပါ ဘူး

သက်မာရယ်နေ၏။

"မသိမဆိုင်တဲ့ အကြောင်းတွေ ဘာလို့ လျှောက်မေးနေတာလဲလို့ သက်မာ မသိချင်ဘူးလား

"သိစေချင်လို့ သိပ်ပြောနေချင်လည်း ပြောဝံ့ရှင့်၊ စကားပလ္လင်ခံစရာ မလိုပါဘူး

"ကျွန်တော် သက်မာကို တကယ်လန့်တယ်

သက်မာ ခပ်ပြုံးပြုံးလုပ်နေ၏။

"ကျွန်တော် သက်မာ မလိုက်လျောနိုင်ရင်လည်း စိတ်မဆိုးပဲ ခွင့်လွှတ်ပေးပါ၊ ကျွန်တော် သက်မာကို လက်ထပ်ချင်ပါတယ်

မိန်းမသားကို အားနာပေမယ် ပိုင်ဆု ခပ်ရဲရဲပဲ ကြည့်ပြောသည် ။ ဒီမိန်းမက ဒီလောက်မှ သတ္တိ မပြလို့ မဖြစ်ဘူးလေ။ ဒါတောင် ကျွန်တော် . . . ကျွန်တော်ဆိုသည့် စကားလုံးက နှစ်လုံးထပ်သွား ရသေးသည် ။

သက်မာ . . . ပိုင်ဆုကိုပြုံး၍ ကြည့်သည် ။ စိတ်ဆိုးဟန်မပြသလို ရှက်ရွံ့ဟန်လည်း မရှိ။ ပကတိ တည်ငြိမ်၏။

"အဲဒါ သက်မာရဲ့ ဆန္ဒကို သိချင်ပါတယ်

"ဒီကိစ္စက အခုတစ်ထိုင်တည်း ဆုံးဖြတ်လို့ရတဲ့ ကိစ္စမှ မဟုတ်တာ

"သက်မာ စဉ်းစားဦးမယ်ဆိုရင်ပဲ ကျွန်တော် ကျေနပ်ပါပြီ

"စဉ်းစားပါ့မယ်၊ ဘယ်လောက်ကြာအောင် စဉ်းစားနေမယ်ဆိုတာတော့ မပြောတတ်ဘူး၊ ကြာချင်လည်း ကြာမယ်၊ မြန်ချင်လည်း မြန်မယ်၊ ဆုံးဖြတ်ပြီးတဲ့ အခါမှာ ဦးပိုင်ဆု ဆန္ဒနဲ့ ကိုက်ညီ ချင်လည်း ကိုက်ညီမယ်၊ မကိုက်ညီချင်လည်း မကိုက်ညီဘူး၊ ကျွန်မ ကြိုးရှည်ရှည်နဲ့ ဖြန့်တာလည်း မဟုတ်ဘူး ၊ သိက္ခာတက်အော

ငှ် အချိန်ဆွဲတာလည်း မဟုတ်ဘူး

"ကျွန်တော် နားလည်ပါတယ်

"ဒါဖြင့်လည်း ပြန်ကြစို့၊ အိမ်မှာ မောင်လေးပုဆိုးနှစ်ထည်ချုပ်ပေးစရာ ရှိသေးတယ်

"အိမ်မှာ အပ်ချုပ်စက် ရှိလား

"မေမေ့ အမွေလေ၊ ဖေဖေနဲ့ အိမ်ထောင်ကျတော့ ဘွားဘွားက မေမေ့ကို အပ်ချုပ်စက် တစ်လုံးပဲ အမွေပေးလိုက်တယ်၊ နားက နားကပ်ပါ ချွတ်ယူထားလိုက်တယ်

"သက်မာဘွားဘွားက သက်မာလိုစိတ်မျိုး ထင်ပါရဲ့

"မပေးဘူး၊ မေမေကလည်း မတောင်းပါဘူး

"ဒါတော့ . . . ပေးသင့်တာပေါ့ဗျာ

"တကယ်တော့ အမွေဆိုတာ အချောင်ရတာပဲ၊ ကိုယ့်ဟာ ရှာခွင့် မရှိဘူး၊ ကိုယ်က အချောင် ရတာ၊ ကိုယ့်ချွေးနှဲစာကို မပေးချင်ခဲ့ပေါ့၊ အချောင်ရတာကိုတော့ ဒီလောက် လောဘမကြီး သင့်ဘူး။ အမွေမက်တဲ့ သူတွေ ကျွန်မ သိပ်မုန်းတာပဲ၊ စိတ်ဓာတ်က တကယ်အောက်တန်းကျတယ်

သက်မာမဲ့မဲ့ရွဲ့ရွဲ့ ပြောသည်။

ပိုင်ဆုက သက်မာကို တကယ်အံ့သြမိတော့သည်။ သူ့ကို လက်ထပ်ပါရစေ ပြောလိုက်သည့် ကိစ္စကို ထမင်းစား ရေသောက်လောက် သဘောထားလေသလား မသိ။ သည် ကိစ္စအတွက် ဘယ်လိုခံစားမှုမျှ မပြပါလား။

တော်ရုံတန်ရုံ အမျိုးသမီး မဟုတ်ပါလား။

ကားပေါ်တွင် အလာတုန်းကလိုပဲ သက်မာ ရှေ့ခန်းမှာ ပင်ထိုင်၏။ သာမန်မိတ်ဆွေ တစ်ဦး နှင့် အကြောင်းကိစ္စရှိ၍ သွားလာရသည့်မှန်

မှ တစ်စက်ကလေးမျှမပိုး ပိုင်ဆု အောင့်သက်သက်တော့ ဖြစ်မိသည် ။

"တစ်လိုင်တည်း ဆုံးဖြတ်နိုင်တာ တစ်ခုတော့ တောင်းဆိုရဦးမယ်

"ဦးပိုင်ဆုလည်း ခုတလော ဆန္ဒတွေ တယ်များ နေပါလား

"အဲဒီ ဦးပိုင်ဆု ဆိုတာကြီးကို ပြောချင်တာ

"လက်ထပ်ခွင့် တောင်းနေပြီ၊ မရင်းနှီးသေးဘူးလား

"ကျွန်မကမှ မဆုံးဖြတ်ရသေးတာ၊ ကိုကိုတွေ မောင်မောင်တွေ ခေါ်လို့ ဖြစ်မလားရှင့်

"သက်မာ နဲ့ စကားပြောရတာ၊ ရေခဲရေနဲ့ ဗြန်းခနဲ ဗြန်းခနဲ အပက်ခံရသလိုပဲ

"အေးစပ်စပ်ကြီး မဟုတ်ဘူး လား

" မဟုတ်ဘူး ၊ အေးလည်း အေးသွားတယ်၊ စပ်ဖျင်းဖျင်းလည်း နေတယ်

"တကယ်ပဲ စပ်ဖျဉ်းဖျဉ်းနိုင်တယ်၊ ကျွန်တော်ကလည်း ကိုကိုတွေ မောင်မောင်တွေ အဆင့်ထိ လောဘမကြီးပါဘူး

"နှောင်နှောင်တို့ ခေါ်တာမျိုးလောက်တော့ ရပါတယ်

"ယွန်းယွန်းလည်း ကိုပိုင်ပဲ ခေါ်တယ်

"ဒီနေ့အဖို့ တော့ ယွန်းယွန်း နာမည်ကြားမှ ကြားရပါတော့မလားလို့

ပိုင်ဆု ဘာမျှပြန်မပြောဘဲ ကားရှေ့ကိုသာ ကြည့်နေသည် ။

"နှောင်နှောင်တို့ ယွန်းယွန်းတို့ ခေါ်သလို ကိုပိုင်ပဲ ခေါ်ပါ့မယ်၊ ဗမာလူမျိုးဆိုတာ မုန့်ဟင်း ခါးဝယ်စားရင်လည်း ဟင်းရည်နှည်းနည်း တောင်းတယ်၊ အမဲအူပြုတ်သောက်ရင်

တောင် အရည်လေး ယပ်ယည့်ပါဦးတဲ့ ၊ ဒီ တော့ ကိုပိုင်လို့ လည်း ခေါ်ပါ့မယ်၊ ကျွန်မအ စား သက်မာလို့ လည်း ပြင်ပြောပါ့ မယ်၊ ဘယ့် နှယ်လဲ ဆရာကြီး၊ အဆစ်ပေးပါတယ်နော်

“ကျေးဇူးပါပဲ

သက်မာတို့ အိမ်ကိုရောက်တော့ သက်မာ က အိမ်ပေါ်တက်ပါဦးဟု ခေါ်သည် ။ မိမိအခြေအနေ၊ မိမိ မိသားစုကို မိမိအား လက် ထပ်ခွင့်တောင်းသူအတွက် အရှိကို အရှိအတိုင်း သိစေချင်သည့် စိတ်နှင့်ပါ။

ပိုင်ဆု အိမ်ပေါ်တက်ထိုင်သည် ။ ကြိမ်ကု လားထိုင်က သုံးလုံးပဲရှိကာ တော်တော်ကြီး ဟောင်း နွမ်းနေကြသည် ။

“သက်မာမေမေပါ ကိုပိုင်

သက်မာကိုလာခေါ်စဉ်က မတွေ့ခဲ့ရပါ။ ခု မှ သက်မာက အိမ်ထဲမှ သွားခေါ်ထုတ်လာသ ည်။ ငယ်စဉ်က ကောက်ကောက်လေး [illegible]ရှုံ့မည်ဟု ယူဆရပေမယ့် ယခုအခါတွင် ချုံးချုံးကျကာ ဘဝ၏ ရိုက်ပုတ်ထုထောင်းမှုကို သက်တမ်းနှ င့်အမျှ ခံစားရသည့်ပုံစံဖြင့် ညှိုးမှိန်နေသည့် အမျိုးသမီးကြီး အဖြစ် တွေ့ရလေ၏။

“သူက နောင်နောင်တို့ နဲ့ ကပ်ရပ်ခြကလေ မေမေ၊ ကိုပိုင်တဲ့ ၊ ယွန်းယွန်း အစ်ကို

“ဪ . . . အေးကွယ်

ပိုင်ဆု ပြုံးပြလိုက်ရပေမယ့် ရင်ထဲတွင် ဘ ဝင်မကျလှပါ။

“နောင်နောင်တို့ နဲ့ ကပ်ရပ်ခြံက . . . ဆို တာတော့ ပြောမှ ဖြစ်မည်။ နောင်နောင့်ကိုလ ည်း သက်မာမိခင် သိထားမည်အမှန်။ ဘယ့်နှ ယ်ကြောင့် ယွန်းယွန်း အစ်ကိုဆိုတာက ပါလာ ရသနည်း။

ယွန်းယွန်း ဆိုတာကို သည် အမျိုးသမီးကြီး

33/880

က သိထားလို့ လား။ သက်မာ အိမ်မှာ ယွန်းယွန်း အကြောင်း ပြောပြထားဖူးသလား၊ ယွန်းယွန်းအကြောင်း ပြောပြထားဖူးသည် ဆိုလျှင် မိမိ အ ကြောင်းကော ပြောပြမထားဘဲ နေပါ့မလား။

မောင်လေးက သစ္စာချိုင့်လေးတစ်ခုဆွဲ၍ ထွက်လာသည် ။

"ဘယ်လဲ မောင်လေး

"ဒီအစ်ကို သောက်ဖို့ လက်ဖက်ရည်သွားဝယ်မလို့ မမ

"ဟာ . . . နေပါစေ၊ မဝယ်ပါစေနဲ့ သက်မာ

ပိုင်ဆု အားနာပါးနာ ငြင်းသည် ။ အားလည်း နာ၏။ ဗိုက်ကလည်း တင်းနေပြီ။

"မဝယ်နဲ့ မောင်လေး၊ တို့ ဗိုက်တွေ တင်းနေပြီ

"သမီးကလည်း ကွယ်၊ စည့်သည် ကို

"စားလာကြပြီပဲ အမေရဲ့၊ အမေထပ်တိုက်ရင် သူက အားနာပါးနာနဲ့ သောက်ရဦးမယ်၊ ဗိုက်ပြည့်ပြီး ရင်တွေကယ်ကုန်မှ စေတနာက ဝေဒနာ ဖြစ်ဦးမယ်

"ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော် ဗိုက်မဆံ့တော့လို့ ပါ

"အေးလေ

အမျိုးသမီးကြီးက ရိုးရာပုံရသည် ။ အိမ်မှ ဖခင်မရှိကတည်းက သက်မာပဲ ဦးစီးကြိုးကိုင် နေပုံရလေ၏။

"အေးကွယ် . . . ဒေါ်ဒေါ်ကို ခွင့်ပြုဦး၊ ဒေါ်ဒေါ်က ခါးနာနေလို့ ကြာကြာမထိုင်နိုင်ဘူး

မောင်လေးက သူ့မိခင်ကို အလိုက်တသိ လာတွဲကာ အိမ်ခန်းထဲသို့ ပို့လေ၏။

"မောင်လေးက လိမ္မာပုံရတယ်နော်

"လိမ္မာပါတယ်၊ ဒါပေမယ့် ဉာဏ်သိပ်မကောင်းဘူး

"တခြားညီကိုမောင်နှမတွေရော

"သက်မာအောက် ရီမာက အိမ်ထောင်ကျပြီး ယောက္ခမနဲ့ နေတယ်၊ သူ့အောက် ကြည်မာက အဖေ့အစ်မကြီး၊ သက်မာတို့ ကြီးတော်ပေါ့။ နေမကောင်းလို့ သွားပြုစုနေတယ်

"ဪ . . . အဖေ့ဘက် ဆွေမျိုးတွေနဲ့ ခင်သားပဲနော်

"ခင်ပါတယ်၊ အဲဒီကြီးတော်က သက်မာတို့ကို စောင့်ရှောက်ပါတယ်၊ ကြည်မာ့အောက်က မောင်ကြီး၊ သူက အိမ်ထောင်ကျပြီး

"အဲသက်ငယ်ဦးမှာ ပေါ့နော်

"ဆယ့်ရှစ်နှစ်ပဲ ရှိသေးတယ်

"ဒီမှာ ပဲ နေလား

"ဒီမှာ ပဲ လင်မယား နှစ်ယောက်လုံး ဘာအလုပ်မှ မလုပ်ဘူး၊ အားရင် လျှောက်လည် နေတာပဲ

"သူ့မိန်းကလေးကရော

"ကောင်းမလေးလည်း ဆယ့်ရှစ်နှစ်ပဲ၊ သူတို့ များ တော့ အိမ်ထောင်ကျတာ သိပ်လွယ်တယ် ကိုပိုင်ရဲ့၊ ထမင်းတစ်အိုးဖြစ်အောင် မချက်တတ်ဘူး

"ပြီးတော့ . . . မောင်လေးလား

"နီမာ ရှိသေးတယ်၊ သူက ရှစ်တန်း၊ သမဝါယမက ဒီနေ့ခွဲတမ်းမဲနှိုက်ရမယ်ဆိုလို့ စောစော တည်းက ထွက်သွားတာ၊ ပြန်မရောက်သေးဘူးလား မောင်လေး

"စောစောက မောင် တစ်ခေါက် ပြေးကြည့်ပြီးပြီ၊ တာအုပ်ပုံကြီးက တစ်ထောင် လောက် ရှိတယ်၊ နီမာက အောက်ဆုံးနားမှာ မရသေးဘူး

"ပြီးတော့မှ မောင်လေး၊ စုစုပေါင်း ခြောက်ယောက်ရှိတယ်ကိုပိုင်

"ရီမာက အိမ်ခွဲသွားပေမယ့် ယောက်မရတော့ ခြောက်ယောက် ပြန်ဖြစ်တာပေ့ါ

"ဟုတ်ကဲ့ . . . အမေပါဆိုရင် ခုနစ်ယောက်၊ အဲဒါ သက်မာရဲ့ တာဝန်တွေပါပဲ

မလွယ်ပါလား၊ ပိုင်ဆု ရင်ထဲ နည်းနည်းတော့ မောသွားသည် ။

"တကယ်လို့ သက်မာ အိမ်ထောင်ကျရင် မောင်ကြီးတို့ လင်မယား တာဝန်ကိုတော့ သက်မာ လက်လွှတ်မှာ ပါ၊ အမေရယ်၊ ကြည်မာ၊ နီမာနဲ့ မောင်လေးတို့ တာဝန်ကိုတော့ သက်မာပဲ ဆက်ယူရ မှာ

"အင်းလေ . . . သူတို့ မှာ လည်း သက်မာ အားကိုးပဲ ရှိရှာတာကိုး

"သက်မာ မစဉ်းစားရသေးခင် ကိုပိုင့် တောင်းဆိုချက်ကို ပြင်ချင် ပြင်နိုင်ပါတယ်

"ကိုယ် မပြင်ပါဘူး သက်မာ

သူ့အမေနဲ့ သူ့ညီမနှစ်ယောက်၊ သူ့မောင်တစ်ယောက် တာဝန်ယူရမှာ ကြောက်၍ မိန်းမတစ် ယောက်ကိုလက်မထပ်ချင်တော့ပါဟု နောက်ဆုတ်ရမှာ ကျတော့ အလုပ်မဟုတ်ပါ။ သို့ပေမဲ့ တာဝန် မသေးတာတော့ အမှန်ပါပဲ။

သက်မာ သူ့မိသားစုကို တမင်ပြဟန်တူ၏။

ကိုယ်က ရာနိုင်ဖွေနိုင်၍ ဉာတကာနစ္စသင်္ဂဟော ဆိုပြီး အဝေးမှ ထောက်ပံ့ရတာ မတောင်း တာလှပါ။ အိမ်ပေါ်တင် စောင့်ရှောက်ရမ

ည် ဆိုလျှင်တော့ ဝန်လေးလှ၏။ သည် လို မိသားစု တစ်ပြု ယောင်ကြီးနှင့်တော့ ပိုင်ဆု ရှုပ်ရှုပ်ယှက်ယှက် မနေလို။ သူ့အမေ တစ်ယောက်တည်းဆို တော်သေး၏။

ခယ်မတွေ ယောက်ဖတွေနှင့် ကျတော့ မနေချင်။ လွယ်တော့မလွယ်ဘူးဟု တွေးမိလေ၏။ သက်မာက သူ့မိသားစုကို ရိုးသားစွာ ထုတ်ပြပြီမို့ ကိုယ့်ဘက်ကလည်း ပြောစရာတွေ ရှိလာရတော့ သည် ။

*

"မေမေ့မှာ မွေးစားသား သုံးယောက်ရှိတယ်၊ ဆက်မော်ထိုက်၊ ပိုင်ဆုထိုက်နဲ့ စိုးစံထိုက်

" နာမည်တွေကတော့ အညွှန့်ချည်းပဲ

မွေးစားသားပါဟု ကြေညာသည် ကို သက်မာ အံ့သြဟန်မပြတာ ဆန်း၏။

"ကိုပိုင့်မေမေက ကိုပိုင့်ကို ယွန်းယွန်းနဲ့ ပေးစားဖို့ ရည်ရွယ်တယ် မဟုတ်လား

"ဟင် . . . သက်မာ ဘယ်လိုသိလဲ

သက်မာက လက်ထဲမှ ပဲတစ်ဆုပ်ကို ခိုတွေ ဆီပစ်ကျွေးရင်း ပြုံးလေသည် ။

နောင်နောင့် ခွင့်ပြုချက်ဖြင့် သက်မာ တနင်္ဂနွေတိုင်း နားခွင့်ရသည် ။ သက်မာ နားခွင့် ရသည့်နေ့တိုင်း ပိုင်ဆုနှင့်တွေ့ကြ၏။ သည်နေ့တော့ ရွှေတိဂုံဘုရားဦးမှာ ခိုစာလာကျွေး ဖြစ်လေသည် ။

"ဘယ်လို သိစရာလိုဦးမလဲ ကိုပိုင်ရဲ့ ၊ မွေးစားသားသုံးယောက်၊ သမီးရင်းတစ်ယောက် ဆိုရင် မွေးစားသားတွေထဲက တစ်ယောက် ယောက်နဲ့ ပေးစားဖို့ ပဲ ရှိတာပေါ့

"ကိုယ်နဲ့ မှ လို့ ဘာဖြစ်လို့ ထင်ရလဲ

"ကိုဆက်မော်က ဆယ်ကာန်းမအောင်ဘူး၊ ကိုစိုးစံက ရိုးရိုးဘွဲ့ပဲရမယ်၊ အလုပ်လည်း မကြိုးစားချင်ဘူး၊ အင်ဂျင်နီယာအောင်ပြီး တကယ်အလုပ်လုပ်နေတာက ကိုပိုင် တစ်ယောက်တည်း၊ ကိုပိုင့် ကိုမှ မရွေးရင် ညံ့လို့ ပေါ့

"ကိုဆက်တို့ ကိုစိုးတို့ အကြောင်းကျတော့ ခကာ ဘယ်လိုသိပြန်တာလဲ

"သက်မာ တရားခံလား ကိုပိုင်၊ စစ်လိုက် ဆေးလိုက်တာ

"ဟာ . . . မဟုတ်ပါဘူး၊ အံ့ဩလို့ ပါ

"ခုတလော ကိုပိုင် တော်တော်ညံ့နေတယ်၊ နောင်နောင်နဲ့ စကားမစပ်မိဘဲ နေမလား၊ ရိုးရိုး စင်းစင်းလေးကိုပဲ မတွေးတတ်နိုင်ဘူး ဖြစ်နေတယ်

"ဟုတ်ပါရဲ့ ၊ သက်မာနဲ့ တွေ့မှ ကိုယ့်ဦးနှောက်လည်း အလုပ်မလုပ်တော့ဘူး ထင်တယ်

"နှလုံးသားက စကားပြောလွန်းလို့ တော့ ဟုတ်မယ်မထင်ပါဘူး၊ ဦးနှောက်က လုပ်သက် ခွင့် ယူသလားမှ မသိတာ

သက်မာစကားပြောပိုင်လှသည် မို့ ပိုင်ဆု သဘောကျစွာ ရယ်သည် ။ နိုတွေကို ပဲတွေစက်ပက် ကျွေးနေသည့် သက်မာကို ငေးကြည့်နေမိ၏။ သက်မာလှပါသည် ။ တစ်နေကုန် ထိုင်ငေးနေလောက် သည့် အလှမျိုးတော့ မဟုတ်ချေ။ သို့ပေမဲ့ ခွဲမက်စရာ ကောင်းသည် ။ အသိဉာဏ် ဗဟု သုတ ပြည့်စုံသည် ။ အလကားနေရင်း စိတ်ကောက် နွဲ့ဆိုးဆိုးနေမည့်သူမျိုး မဟုတ်။

ဦးပိုင်ဆုကတော်အဖြစ် ပွဲထုတ်လျှင်လည်း တင့်တယ်၏။ သူက ဘွဲ့နှင့်ပညာနှင့် မဟုတ်လား။ မိဖုရားချောင်စီမံနိုင်းဦးမလား ကျွမ်းကျင်

၏။ ဇနီးကောင်းတစ်ယောက်ဖြစ်ဖို့ အရည်အချင်း တွေသက်မာမှာ အပြည့်။

သက်မာတစ်ယောက်တည်း ကွက်ကြည့်လိုက‌တော့ ဆိုစရာအပြစ်မရှိပါ။ သူမောင်တွေညီမ တွေကသာ ဘယ်လိုပုံစံမျိုးရှိမည် မသိနိုင်။ တစ်ဦးနှင့်တစ်ဦး လေ့လာအကဲခတ် ညှိနှိုင်းသည့် သဘောဖြင့် တစ်ပတ်တစ်ခါ ဆုံ ဖြစ်၏။ သို့ပေမဲ့ ပိုင်ဆုက သူ့တောင်းဆိုချက်ကို ထပ်မလောသလို သက်မာကလည်း အဖြေမပေးသေးပါ။

"ကိုပိုင်က သားလိမ္မာတစ်ယောက်ဆိုတော့ ကျောင်းတုန်းက ချစ်သူမထားခဲ့ဘူးဆိုတာ သက်မာ ယုံပါတယ်

"တကယ် မထားခဲ့တာပါ၊ ဖေဖေက ရည်းစားရှိတဲ့ နေ့မှာ အိမ်ပေါ်က ခေါင်းနဲ့ ဆင်း . . . ဆို လို့

"ကျောင်းပြီးတော့လည်း အဖေ့အလုပ်ထဲ ဝင်ကူလိုက်ရတယ် မဟုတ်လား၊ အိမ်ထောင်ရေး လည်း စဉ်းစားမိပုံမရဘူး

"ဒါလည်း အမှန်ပဲ

"ယွန်းယွန်းနဲ့ ပေးစားချင်ပါတယ် ဆိုတော့မှ လန့်ဖျပ်ပြီး အိမ်ထောင်ရေးကို စဉ်းစား တာ

"ဖြစ်နိုင်ပါတယ်

"ကိုယ့်အသက်အရွယ်ဟာ အိမ်ထောင်ပြုဖို့ အချိန်တန်ပြီ ဆိုတာလည်း သတိရသွားလို့ ကိုယ့် ပတ်ဝန်းကျင်မှာ ဝေ့ဝဲရှာလိုက်တော သက်မာကို သဘောအကျဆုံးမို့ . . .

"အဲဒါလည်း ဖြစ်နိုင်ပါတယ်၊ သက်မာကို ရွေးတာက နောက်တစ်ချက် နှစ်ချက်လောက် ရှိနိုင်ပါသေးတယ်

"ဘာတွေဖြစ်မယ် ထင်သလဲ

"ယွန်းယွန်းနဲ့ ပေးစားမယ်ဆိုတော့ ကိုပိုင် လန့်တယ်လေ၊ သက်မာကိုတွေ့တော့ သက်မာက ယွန်းယွန်းနဲ့ အကုန်လုံးဆန့်ကျင်ဘက် ဖြစ်နေတယ်၊ ယွန်းယွန်းကိုလန့်လေ သက်မာက ကိုပိုင့် မျက်စိထဲ ဝင်လေ

"ပြီးတော့ကော

"ယောက်ျားဆန်တာပေါ့ ကိုပိုင်၊ နောင်နောင့်ကို သက်မာ ပြုစုပေးနေတာတွေ တွေ့မယ်၊ ယောက်ျားဆိုတာ အပြုအစုအယုအယက ကြိုက်တတ်ပါဘိသနဲ့ နောင်နောင့်ကို မနာလိုဖြစ်တာ လည်း ပါမယ်၊ ကိုပိုင်သတ္တိရှိရင် ဝန်ခံပါ

"ဗဒင်သာ ဟောစားတော့ ဒေါ်သက်မာ

"ကိုပိုင် သက်မာကို မချစ်ပါဘူး

"ဘယ်လိုပြောလိုက်တာလဲ သက်မာ၊ ဟောဒီရင်ဘတ်ကြီး ကိုခွဲချပြီး အချစ်တွေပြရမလား

ဟု အားတက်သရော ပြန်ပြောဖို့ ပိုင်ဆု ဝန်လေးနေရတော့သည်။

"သင့်တော်တယ်ထင်လို့ ရွေးတာပဲ၊ အဲဒီအတွက် သက်မာ စိတ်မဆိုးပါဘူး၊ သက်မာ ကိုပိုင့် ကို ရွေးရင်လည်း အဲဒီလိုပဲရွေးမှာ ပဲဟာ

"ကိုယ့်ကို စဉ်းစားစ ပြုပလား

"ပြုပါပြီ

"အမှတ် ဘယ်လောက်ပေးမယ် စိတ်ကူးလဲ

"တစ်ရာပဲပေးရမှာ ပေါ့

"ခု ဘယ်လောက်ရပြီလဲ

"လေးဆယ်

"အောင်မှတ်ဆိုပါတော့

"သက်မာ ဘွဲ့ရတဲ့ အထိ အတန်းတိုင်းမှာ

ဂုဏ်ထူးတစ်ခုတော့ ပါတာပေါ့ချည်းပဲ"

"ဪ . . . ဂုဏ်ထူးမှတ်ရမှ လက်ခံမယ် ဆိုပါတော့၊ သက်မာက အိမ်ထောင်ရေးကို ဝိနှာဘာသာရပ်လို့ သဘောထားသလား၊ သိပ္ပံဘာသာရပ်လို့ သဘောထားသလား"

"သိပ္ပံပေါ့"

"ဒါဖြင့်ရှစ်ဆယ်ပြည့်ဖို့ နောက်ထပ် လေးဆယ်တောင်လိုသေးတာပေါ့၊ အိမ်ထောင်ရေးကို သိပ္ပံဘာသာရပ်လို့ သဘောထားရင် အချစ်ရေးကျတော့ ဝိဇ္ဇာလား"

"ဒါပေါ့"

"နောင်နောင် ဘယ်နှမှတ်ရထားလဲ သက်မာ"

"ခုနစ်ဆယ့်ငါး"

"ဪ . . . ဂုဏ်ထူးထွက်နေတာပဲ"

"ကိုပိုင် ရှစ်ဆယ်ရောက်အောင် ကြိုးစားနိုင်ရင်တော့ ဂုဏ်ထူးချင်းအတူတူပနော်။ ကိုပိုင် ကတိတည်ပြည့်မှ နောင်နောင့်ကို ကျော်နိုင်မှာ "

"ရှင်းပါ့ ဒေါ်သက်မာ"

ပိုင်ဆု ရင်ထဲ အောင့်သက်သက် ဖြစ်သွားရတော့သည် ။ နောင်နောင့်ကို ဂုဏ်ထူးထွက်အောင် ချစ်နေပါသည် ဆိုသည့် အမျိုးသမီးကို အိမ်ထောင်ပြုလို့ ဖြစ်ပါ့မလား။ သက်မာနှင့် ပတ်သက်၍ ရင်ထဲ မကျေညက်စရာ ဒုတိယအကြိမ် ဖြစ်ရတော့သည် ။ သူ့မိသားစုနှင့် ပတ်သက်စဉ်က ပထမအ ကြိမ်။

ပိုင်ဆု မျက်နှာ ကွက်ခနဲ ပျက်လေ၏။

"မနောလိုဖြစ်ရင် ကိုပိုင် စိတ်ထားနေရာ ရောက်သွားမှာ ပေါ့၊ အဲဒီလို မဖြစ်နဲ့ လေ"

"ကိုယ်က လက်ထပ်ပါရစေ ခွင့်တောင်းထားတဲ့ အမျိုးသမီးက တခြားယောကျ်ားလေး

တစ်ယောက်ကို ချစ်နေပါတယ်ဆိုတာကို ကိုယ်က ပျော်ရမှာ လား သက်မာ"

"အမြင်ရှင်းမှ ပေါ့ ကိုပိုင်၊ အဲဒီယောက်ျားလေးကို သက်မာလက်မထပ်နိုင်တာ သေချာနေတာ ပဲ၊နောက်ပြီး ကိုပိုင်ကိုယ်တိုင်ရော သက်မာကို အချစ်ပေးလို့ လား၊ အချစ်ကို အချစ်နဲ့ ဝယ်မှ ရတယ် ကိုပိုင်၊ ကိုယ့်အချစ်ပေးမှ သူ့အချစ်ကို ရတယ်၊ ကိုယ့်ဦးနှောက်က လက်ခံတဲ့ မိန်းကလေးကို ရွေးရင် ကိုယ့်ကိုလည်း ဦးနှောက်နဲ့ လက်ခံတဲ့ မိန်းမသားမျိုးပဲ ပြန်ရမှာ ပေါ့၊ ဝိသမလောဘ ထွက်တာဟာ စီးပွားရေးမှာ မှ မကောင်းတာ မဟုတ်ဘူး ၊ အချစ်ရေး အိမ်ထောင်ရေးမှာ လည်း မကောင်းဘူး"

ဘုရားမှ ပြန်ဆင်းလာကြတော့ အတွေးကိုယ်စီနှင့်မို့ စကားသံတိတ်နေကြတော့သည် ။ ပိုင်ဆု အဖို့ ဒီနေ့ သက်မာနှင့်တွေ့ရတာ ရင်ထဲ အီလည်လည်ရှိလှချေ၏။

"ဘယ်သွားဦးမလဲ သက်မာ"

"ကိုပိုင့်သဘောလေ"

"သက်မာသွားစရာ လာစရာ ကိစ္စလေးတွေ ရှိရင် ပို့ပေးမလို့ပါ"

"မရှိပါဘူး"

"ဒါဖြင့် ပြန်မလား"

"ကိုပိုင့် သဘောပါဆို"

ပိုင်ဆု ကားပေါ်တက်၍ မောင်းထွက်ခဲ့သည် ။ သက်မာတို့ အိမ်ဘက်သို့ပင် စိတ်က ဦးတည် ပြီးသား ဖြစ်နေရတော့သည် ။

"ကိုပိုင့် တောင်းဆိုချက်ကို ပြန်ရုပ်သိမ်းချင်ရင် သက်မာကို အားမနာနဲ့ နော် ကိုပိုင်"

"ဘာကိုဆိုလိုတာလဲ သက်မာ"

“ကိုပိုင့် ကြည့်ရတာ သက်မာကို တစ်နေ့တခြား စိတ်ပျက်လာသလားလို့ ပါ”

“ကိုယ်မရုပ်သိမ်းပါဘူး၊ အဲဒါအားနာလို့ လည်း မဟုတ်ပါဘူး”

“ကိုပိုင်ဟာလေ တကယ့်ကို လူကောင်းတစ်ယောက်ပဲ”

“ဒါအမှတ်တိုးတာလား”

သက်မာ ပြုံးနေသည် ။

“မချစ်ဘဲနဲ့ အိမ်ထောင်ကျတယ်ထားဦး ကိုပိုင့်လိုလူကောင်းတစ်ယောက်ဟာ လက်ရှိအိမ်ထောင်အပေါ်မှာ သစ္စာရှိမှာ ပဲ၊ သံယောဇဉ်တွယ်မှာ ပဲ၊ ကိုပိုင့်ကို သက်မာ နမြောလိုက်တာ တကယ်ပဲ”

“ဘာဖြစ်လို့ လဲ”

“ဪ . . . ကိုပိုင့်လို လူကောင်းလူတော်တစ်ယောက်ဟာ ကိုပိုင့်ကို အလွယ်ချစ်တဲ့ မိန်းမ မျိုးနဲ့ ရသင့်တာပေါ့၊ သက်မာနဲ့ များ လက်ထပ်ဖြစ်ရင် ကိုပိုင့်ဘက်က နစ်နာတယ်၊ အဲဒါကြောင့် နမြောပေးတာ”

“ကျေးဇူးတင်ပါတယ် သက်မာ”

သက်မာတို့ အိမ်ရှေ့သို့ ရောက်လာသည် ။ ပိုင်ဆုက ကိုယ်မဆင်းတော့ဘူးနော်၊ ဒေါ်ဒေါ်ကို နှုတ်ဆက်လိုက်တယ်လို့ ပြောပါ . . . ဟု ပြော၏။ သက်မာက ပြုံး၍ ခေါင်းညိတ်ပြလိုက်သည် ။ ပြီး တော့ ခေါင်းကလေးငဲ့၍ ကြည့်ပြန်၏။ ကားပေါ်မှ ဆင်းတော့ ချစ်စရာ အပြုံးလေးတစ်ပွင့်ကို ခြွေချ ခဲ့လေ၏။

“ကိုပိုင်ရေ . . . အမှတ်ငါးဆယ်”

ပိုင်ဆု မျက်နှာ လင်းခနဲတော့ ကြည့်သွားသည် ။ ကိုယ်က သိပ်ချစ်နေတဲ့ ၊ ကိုယ့်ကိုလည်း သိပ်ချစ်နေတဲ့ မိန်းကလေးကများ အခုလို

အမှတ်တိုးပေးသွားရင် ဘယ်လောက် ပျော်စရာ ကောင်းမလဲ။ ကိုယ်က သိပ်ချစ်နေသော၊ ကိုယ့်ကိုလည်း သိပ်ချစ်နေသော မိန်းကလေးမျိုးတော့ ပိုင်ဆု မှာ မရှိ။

ကိုယ်ကချဉ်၍ ကိုယ့်ကိုလည်း ပြန်ချဉ်နေသူတစ်ဦးတော့ ရှိသည် ။

"ယွန်းယွန်း"

ခုတလော ယွန်းယွန်းကို မေ့တော့တွေများတောင် ဖြစ်နေ၏။

"ကျောင်းတွေတောင် ဖွင့်ပြီပဲ၊ ဒီကောင်မလေး ရည်းစားတွေ ဘာတွေများ ရပလားမပြော တတ်ဘူး"

ရင်ထဲ ထိတ်ခနဲ ပူလေ၏။

*

အချစ်လွန်နဲ့ဆိုး

ခုတလော ကိုပိုင့်ကို နည်းနည်းလေးမျှ ကြည့်မရပါ။ အစက ချစ်ထားတာလေးတွေတောင် တစ်စစီပဲ့ကျသွားပြီထင်သည် ။

"ဒီတဖြင့် သူ့ကို အစ်ကိုတွေထဲမှာ အချစ်ဆုံး"

ကိုပိုင့်ကို ယွန်းယွန်း တကယ်အချစ်ဆုံးပါ။ ကိုဆက်နှင့် ကျတော့ အသက်က ဆယ့်သုံးလေးနှစ်ကွာနေသည် ။ ယွန်းယွန်း ဆော့ချင်ကစားချင်သည့်အရွယ်မှာ ကိုဆက်က တကယ့်ကို လူပျို ကြီးဖားဖား၊ ဘယ်လိုလုပ် သွားကစားရမလဲ။

ကိုစိုးနှင့်ကျတော့ အသက်သိပ်မကွာလှပါ။ သို့ပေမယ့် ကိုစိုးက လူလည်။ အစားစားချင်လျှင် တော့ချော့ပြီ . . .

"ယွန်းယွန်းရေ . . . ညီမလေးရေ . . . သိပ်လိမ္မာတဲ့ ကလေးလေးရေ"

ယွန်းယွန်း လက်ထဲမှ ချော့ကလက်ကို ညာတာပါတေးနှင့် လုလိုလု။

"လက်သုပ်စုံရောင်းမယ် ကိုစိုးဝယ်နော်"

သည် လို ကစားဖော်ညှိတိုင်း . . .

"ကက်ဗြူရီတစ်တောင့်ကျွေးမှ "

ဟုသို့ပြောတတ်သေးသည် ။ ယွန်းယွန်းရောင်းသည့် လက်သုပ်စုံကို ဝယ်မည့်သူ မရှိလျှင် ယွန်းယွန်းခမျာ ကက်ဗြူရီကို တစ်တောင့်လုံး ထုတ်လာရသည် ။

"ချော့ကလက်နဲ့ လက်သုပ်စုံနဲ့ ရောရောင်းမယ်"

"ရောမထုတ်နဲ့ ကွာ ညီပတ်တယ်၊ ချော့ကလက် အရင်ရောင်း၊ ရော့ . . . ပိုက်ဆံ"

ကြွေပန်းကန်ကွဲတွေ အဆုပ်လိုက် ချပေးတော့ ယွန်းယွန်းက ခုန်ပေါက်၍ ရောင်းသည်။

"ချော့ကလက်ကုန်ပြီ၊ လက်သုပ်စုံဝယ်စားဦး"

ခြံထဲမှ ပန်းရောင်စုံ၊ သစ်ရွက်ရောင်စုံတို့ ဖြင့် လိုးထားသော ယွန်းယွန်း၏ လက်သုပ်စုံကို ကိုစိုးက နှာခေါင်းရှုံ့၍ ကြည့်သည် ။ သူ့ပါးစပ်ထဲမှာ ချော့ကလက်တွေက ပလုတ်ပလောင်း။

"ပိုက်ဆံကုန်ပြီ"

"မရဘူး ဝယ်ရမှာ ပဲ"

"ဒီမှာ ကြည့် . . . ချော့ကလက်ဝယ်လိုက်လို့

ကုန်ပြီ"

ရုပ်အကျီအိတ်တွေရော ပုဆိုးခါးပုံစပါမကျ န် ခါပြစ်၏။

"ဝယ်ရမှာ ပဲ"

"အေး . . . ဝယ်မယ်၊ ပိုက်ဆံသွားရှာလိုက် ဦးမယ်"

"မြန်မြန်ရှာခဲ့နော်"

"ပိုက်ဆံရတဲ့ အလုပ်ဆိုတာ ပင်ပန်းတယ် ဟ၊ သိပ်မြန်မြန်မလုပ်နိုင်ဘူး"

"မရဘူး မြန်မြန်သွားရှာခဲ့"

"အေး . . . အေး"

ကိုစိုး ကျောကော့၍ ပြေးလေသတည်း။ မ လာ . . . မလာနှင့် မစောင့်နိုင်၍ အော်ငိုသည့် အချိန်တွင် ကိုစိုးကို တစ်အိမ်လုံး အနှံ့ရှာလို့ မ ရတော့၊ ခြံထဲမှ အိမ်ဖော်တန်းလျားလေးတွင်

သွားပုန်းနေတတ်ကာ စားထားသည့် ချော့က လက်တွေကို စားမြုံ့ပြန်လို့ မဆုံးတော့ချေ။

မေမေက သား သုံးယောက်ကို ချော့ကလ က်လို မုန့်မျိုးကျစည်းနှင့်ကမ်းနှင့်ပဲ ကျွေးသည် ။ ယွန်းယွန်း အတွက်သာ သူတို့ အိပ်ခန်းထဲရှိ သီးသန့်ရေခဲသေတ္တာထဲမှာ အပြည့်၊ အလျှံပယ် ။

ကိုပိုင်ကကျတော့ မေမေ ခွဲဝေပေးသည့်အ ခါတွင် တစ်ယောက်တည်း မစားရက်ရှာ။

"ယွန်းယွန်း ရော့၊ ငါဝေစုထဲက နည်းနည်း ယူ"

တစ်ဖက်သားထံမှ အခွင့်အရေးယူရမည် ဆိုလျှင် ဘာလေးတစ်ခုဖြစ်ဖြစ် ယွန်းယွန်း အ လွန် ပျော်တတ်၏။

"များများ ပေး ကိုပိုင်ရာ"

"တစ်ယောက်တစ်ဝက်"

"ယွန်းယွန်းက ဗိုက်ကြီးအကြီးကြီးတွေ့လား၊ ကိုပိုင့်ဗိုက်က သေးသေးလေး၊ ယွန်းယွန်းကို ပိုကျွေးနော်"

သူ့အသိဉာဏ်လေး ပိစိကွေးနှင့် ညာချသည် ကိုပဲ ကိုပိုင်က ချစ်လို့ မဆုံး ရှိတတ်ချေသည်။

"အေး . . . အေး . . . ရော့ယူ"

တကယ်ပဲ ကျွေးရာ၏။ ယွန်းယွန်းသည် အာဟာရဖြစ်ထွန်းသည့် အစာများကို အများကြီး လည်း စားရသည်။ ခဏ ခဏလည်း စားရသည် မို့ ယော်ငယ်ကဆို လုံးနေအောင်ဝသည်။ ဗိုက်ကလေး ကိုရွဲလို့၊ ကိုပိုင်က မပိန်ပေမယ့် အရွယ်လေးရလာတော့ ဗိုက်က ချပ်ချပ်ရပ်ရပ်နှင့်မို့ ယွန်းယွန်း ပြောစရာကို ဖြစ်နေရတော့သည်။

ကိုပိုင်သည် ယွန်းယွန်းထက် ရှစ်နှစ်တိတိကြီးပေမယ့် ယွန်းယွန်း၏ ကစားဖော် ဖြစ်ခဲ့ရလေ၏။

"လက်ဖက်ရည် ရောင်းမယ်"

ကားဝင်လမ်းဘေးမှ မြေနီရွှံ့စေးတွေကို တုတ်နှင့်ကော်၍ ရေဖျော်၊ ထမင်းရည်အပေါ်ယံ တင်းနေသည့် ကော်ဖတ်တွေကို မလိုင်လုပ်ကာ ရောင်းတော့လည်း ကိုပိုင်ပဲ ဝယ်သောက်မည့်သူ ရှိ၏။

"တကယ်သောက်နော်"

"အေးပါ"

ယွန်းယွန်း စိတ်ကျေနပ်စေရန်အတွက် အောက်နှုတ်ခမ်းအတွင်းသားကို လျှာဖြင့်ထိုး၍ 'ယသွတ် . . . ယသွတ်' မြည်အောင် လုပ်ပြရသေးသည်။ ယွန်းယွန်းထံမှ လက်သုပ်စုံ ဝယ်စားရ လျှင် ငရုတ်သီး စပ်ပြရသည်။

"ရှူး . . . ဝါး . . . စပ်လိုက်တာ"

သည့်ထက် နည်းနည်းလေး ကြီးလာပြန်တော့ ယွန်းယွန်းတစ်မျိုး ဆိုးတတ်လာသည်။

"အိမ်စာတွေ အများကြီးပဲ ကိုပိုင်ရာ၊ သင်္ချာတွေတော့ ကိုပိုင်ပဲ တွက်ပေးတော့"

"နင့်ဘာသာ တွက်မှ နင်တတ်မှာ ပေါ့"

"တတ်ပါတယ်၊ တတ်ပြီးသားတွေမို့ ခိုင်းတာများ ၊ ဒီမှာ တခြားအိမ်စာတွေ များ လွန်းလို့"

သင်္ချာတွေတွက်ပေးပြီးတော့လည်း တစ်မျိုး။

"My Family (ကျွန်ုပ်၏ မိသားစု) ဆိုတဲ့ ခေါင်းစဉ်နဲ့ အက်ဆေးတစ်ပုဒ်ရေးပေးဦး ကိုပိုင် ရာ"

"ဟာ . . . တော်ပြီ တော်ပြီ၊ နင့်ဘာသာရေး "

"ဒီမှာ မအားလို့ ပါဆို"

"ငါက သင်္ချာဆယ်ပုဒ်တွက်ပြီးပြီ၊ နင်ဘာပြီးပလဲ"

"ဘာသိလို့ လဲ၊ သမိုင်းဆိုတာ အကျိုးနဲ့ အကြောင်းနဲ့ စဉ်းစားဆင်ခြင်ရတဲ့ ဘာသာရပ် တဲ့ ၊ ကိုချာပြောတယ်၊ စာကျက်ရင်းစဉ်းစား နေတာ"

"ဘာဖြစ်ဖြစ် မရေးဘူးဟာ"

"ဟောဒီမှာ မေမေရေ . . . ကိုပိုင်ပေါ့"

မေမေက သမီးအသံကို လှစ်နဲ့မကြားလိုက် နှင့် ရောက်လေရာအရပ်မှ လုပ်လက်စအလုပ် ကို ပစ်ချပြေးလာသည် ချည်း။

"အက်ဆေးလေးတစ်ပုဒ် ရေးခိုင်းတာ မရေးပေးဘူး"

"သူ့ဘာသာမရေးရင် သူ့အင်္ဂလိပ်စာ ဘယ်တော်တော့မလဲ မေမေ"

"ရေးပေးလိုက်ပါ ကိုပိုင်ရယ်၊ ကျောင်းမှာ ဖြေဖို့ခန်းလို့ သင်နေရတာပဲ၊ အင်္ဂလိပ်စာ မတော် တော့လည်း ဘာဖြစ်လဲ"

မေမေက သမီးကို ချစ်ရာ၌ အဲသည် လိုကို မျက်စိစုံမှိတ်ကာ ချစ်တတ်၏။ မေမေ့ကိုကျတော့ ကိုပိုင် ပြန်မပြောချင်ပါ။ သားရင်းမဟုတ်ပါဘဲ စေတနာထားနိုင်သူ၏ ကျေးဇူးတရားကို သိတတ်ရ မည်။

"ကိုပိုင်ရေးပေးလိမ့်မယ်၊ မငိုနဲ့ သမီး တိတ်"

မေမေက အပိုင်ချည်ပြောကာ ထွက်သွားတော့သည် ။

"ဒါငိုစရာလား"

"ဝါး"

စောစောက မျက်နှာပေါ် လက်ဝါးနှစ်ဖက်အုပ်၍ ကိုယ်ကလေး သိမ့်သိမ့်တုန်အောင် ရှိုက်နေ သူက လက်ဝါးနှစ်ဖက်ကို ဖွင့်ချလိုက်သည် ။

"ဘယ်မှာ ငိုလို့ လဲ"

"အရွယ်နဲ့ မလိုက်အောင် မူရာမာယာ များတယ်၊ နင်မို့တတ်နိုင်တယ် ယွန်းယွန်းရယ်"

တစ်စာကုံးတစ်ပုဒ် ထပ်ရေးပေးရပြန်တော့ ယွန်းယွန်း တခစ်ခစ်ရယ်လေ၏။

"ယွန်းယွန်းကလေ သူများကို ညာခိုင်းရတာ ဝါသနာပါတယ်"

"ကောင်းပါတယ်"

ရှစ်တန်းတွင် ယွန်းယွန်းစာမေးပွဲကျလေ၏။

ကျောကိုထု၏။ ခါးသားကိုဆွဲလိမ်၏။ လက်မောင်းသားတွေကို ကုတ်ခြစ်၏။ ပြီးတော့မှ ပခုံးကို ကုန်းကိုက်လေ၏။

"ခွေး ...ဟဲ့ ခွေး"

ပါးစပ်ကသာပြောရဲသည် ။ ယောင်လို့ များမတွန်း လိုက်လေနှင့် ...

"ကိုပိုင် လက်သီးနှင့်ထိုးတယ်" ဟု ဂုံးတိုက်တော့သည် ။ လီစယ်ရမလား၊ ပလီပလာပြောရ မလား၊ မုယာမာယာများ ရမလား ယွန်းယွန်း အလွန်ကျွမ်းကျင်၏။

"နှင်ဆိုးပုံက လွန်လွန်းတယ်"

"ကိုပိုင်ကလည်း ယွန်းယွန်းကိုများ အကောင်းမြင်ပါဦး"

"ကောင်းမှ မကောင်းတာ"

"ကောင်းပါတယ် ကိုပိုင်ရဲ့ ၊ ကိုပိုင်က လက်သီးကြီးနဲ့ ထိုးရင်တောင် ယွန်းယွန်းက မားလေးနဲ့ ပြန်ခုတ်ရုံပဲလုပ်မှာ "

"ပြောပုံကိုက သွားဟာ . . .သွားဟာ၊ တစ်ခါတစ်ခါ ငါဒီအိမ်က ထွက်တောင်ပြေးချ

င်တယ်"

ပိုင်ဆု အဲသည် လောက် စိတ်ပျက်သွားပြီ ဆိုလျှင် ယွန်းယွန်း ပြန်ချော့တတ်သည် ။

"မပြေးပါနဲ့ ကိုပိုင်ရယ်၊ နောက်ကို ပြန်မဆိုးတော့ပါဘူး"

"တကယ်လား"

"တကယ်ပေါ့၊ နောက်ကို ပြန်မဆိုးတော့ဘူး၊ ရှေ့ပဲဆက်ပြီး ဆိုးတော့မယ်လေ"

ပိုင်ဆု စိတ်ပျက်လက်ပျက်နှင့် ထွက်သွားပြီ ဆိုလျှင် ယွန်းယွန်း ကြေကွဲစွာ ငေးကျန်ခဲ့ရသည် ။ ချစ်လို့ ပါ ကိုပိုင်ရယ်၊ ယွန်းယွန်း ချစ်လို့ ဆိုးတာပါ။ ရင်ထဲမှာ တောင်းပန်မဆုံး ရှိရလေ၏။

ကိုပိုင့်အခန်းလေး ဝင်ရှင်းပေး၊ ကိုပိုင့်စာအုပ်တွေ ထပ်ထားပေး ဆိုတာမျိုးနှင့် ချော့ရာ၏။

"ကိုပိုင် . . . ခေါ်မယ်ကွာ၊ ခေါ်နော်"

ပိုင်ဆု စကားမပြောဘဲနေလျှင် ယွန်းယွန်း မနေတတ်ပါ။ ကိုပိုင့်ကို အစ်ကိုသုံးယောက်ထဲမှာ အချစ်ဆုံးပါပဲ။ ကိုပိုင်ကလည်း ယွန်းယွန်း သည်းညည်းဆို သိပ်ကိုခံတတ်ခဲ့သူပါ။

ခုတော့ ကိုပိုင် လုံးဝအချိုးပြောင်းသည် ။ ယွန်းယွန်းကို အတတ်နိုင်ဆုံး ရှောင်နေသည် ။ ဖုတ်လေသည့် ငါးပိလို လုပ်ထား၏။ ယွန်းယွန်း ဘယ်ကျေနပ်ပါ့မလဲ ကိုပိုင်ရယ်။

*

"ဖေဖေ"

"ဘာလဲသမီး"

"ကိုပိုင် အလုပ်မကြိုးစားတော့ဘူး သိလား၊ ကွန်ထရက်တွေကို မျက်နှာလွှဲခဲ့ပစ် လုပ်နေ

တယ်"

"အမယ် . . . သမီးက ဘယ်လိုသိတာလဲ"

ဖေဖေက ယွန်းယွန်းကို ချစ်စနိုးနှင့် ပြုံးကြည့်သည်။

"ကွန်ထရက်နဲ့ တိုက်ဆောက်တယ်ဆိုတာ၊ စနေ တနင်္ဂနွေ နားနေရင် ဘယ်အလုပ်ပြီးပါ့မလဲ ဖေဖေရဲ့ "

"ဖေဖေတို့ မနားပါဘူး၊ ဖေဖေတို့ က နားလိုက်ရင် အလုပ်ကြမ်းလုပ်တဲ့ ပန်းရံတို့ မဆလာ သယ် အုတ်ခဲသယ်သမားတွေလည်း ဘယ်မှာ နေ့တွက်ရမလဲ၊ တစ်နေ့လုပ်မှ တစ်နေ့စားရရှာတာ၊ သူတို့ က နေ့တိုင်း အလုပ်လုပ်ချင်ရှာတာ"

"ကိုပိုင်လေ တနင်္ဂနွေတိုင်း အလုပ်မသွားဘဲနေတာ၊ ငါးပတ်ရှိပြီ၊ အဲဒါလေ ရည်းစားနဲ့ လျှောက်လည်နေတာ"

"ဒီကောင်ကလား"

"အစစ်ပေါ့ ဖေဖေ ရဲ့ "

ထုံးစံအတိုင်းကိုပိုင့် အပေါ်ဆိုလျှင် ဖေဖေ ဒေါသပိုထွက်၏။ သမီးနှင့် မေးစားပါမည် ဆိုတုန်းခါးခါးသီးသီး ငြင်းခဲ့တာ၊ ဒါကြောင့်ကိုး . . . ဟု တွေးမိလေသည်။

"သူ့ရည်းစားက ဘယ်သူလဲ"

"ဟိုဘက်ခြံလေ၊ နှောင်နှောင့်ကို ဖေဖေသိတယ် မဟုတ်လား"

ကိုပိုင့်အပေါ် ဒေါသထွက်စေရန် ကုန်းတိုက်ရမည်မို့ ယွန်းယွန်း ဖေဖေ့ကို ပို၍ပြနေ၏။

"နှောင်နှောင်က ယောကျ်ားလေးပဲ သမီးရဲ့၊ ကိုပိုင့်ရည်းစား ဘယ်လိုဖြစ်မလဲ"

"ဖေကလည်း "

ဖေဖေကိုတောင် ဝီအောင်မခေါ်တော့ပါ။

အသံက 'ဖေ'ဟု တစ်ခွန်းတည်း ထွက်လာသည်။

"နောင်နောင့်ကို လာပြုစုနေတဲ့ လူနာစောင့်"

"ယောက်ျားလူနာကို မိန်းမက စောင့်ရလို့လား"

"ဆေးရုံတွေမှာ တော့ ဘယ်စောင့်ရမလဲ၊ ခုဟာက ကိုယ့်အိမ်ကိုယ်ပဲဟာ"

"အဲဒီမိန်းမနဲ့ လား"

"သိပ်ဟုတ်တာပေါ့ ဖေဖေရဲ့ ၊ တနင်္ဂနွေတိုင်း လျှောက်လည်နေတယ်၊ ကြာကြာနေရင် ဖေဖေ့ သား ဆံပင်တွေပါ တစ်ချောင်းချင်း ကျွတ်ကုန်လိမ့်မယ်၊ သိလား"

"ရည်းစားထားတာနဲ့ ဆံပင်ကျွတ်တာနဲ့ ဘာဆိုင်လို့ လဲသမီးရဲ့"

"ဟိုမိန်းမက အကုန်ချူမှာ ၊ ကိုဝိုင့် ဆံပင်ကိုတောင် ဆွဲနုတ်ပြီး သူ့ခေါင်းပေါ်စိုက်မှာ ၊ အဲဒီ မိန်းမက ဆံပင်ခပ်ပါးပါး"

မေမေက ဗီရိုရှင်းနေရာမှ ထလာသည် ။ အဖေကြီးက ပက်လက်ကုလားထိုင်နှင့် သတင်းစာ ဖတ်နေတုန်း၊ သမီးက ကြမ်းပြင်ပေါ် ဒူးတုပ်ကလေး လာထိုင်ချွဲနေတော့ ကြည့်ကောင်းကောင်း နှင့် ပီတိဖြစ်ဆဲ သမီးစကားကြောင့် ဗီရိုဆက်မရှင်းဖြစ်တော့ပါ။

"ဘယ်မလဲ ဒီကောင်၊ ခေါ်လိုက်စမ်း ဆွေလေး"

"နေပါဦး ကိုထိုက်ရယ်၊ ဒေါသကလည်း ရှေ့ဆုံးက"

"သမီးပြောတာ သေချာနားထောင်ပါဦး ဖေဖေရဲ့"

"ပြော ....ပြော"

"အဲဒီ မိန်းမက ဆင်းလည်း ဆင်းရဲတယ်၊ အသားလည်း မည်းတယ်"

ဆင်းရဲတာနှင့် အသားမည်းတာကို မဆီမဆိုင် တွဲပြောတော့ ဒေါ်ခင်ဆွေလေး လှစ်ခနဲ ပြုံး သည် ။ သမီးဟာကလေးမှ တကယ့် ကလေးလေးလိုပါပဲလား။

"သမီးပြောတာ အမှန်တွေနော်"

"အမှန်တွေပါ၊ သမီး ကျိန်မယ်"

"မကျိန်ပါနဲ့ သမီးရဲ့ ၊ ဖေဖေ ယုံပါတယ်၊ ဆွေလေးသွားခေါ်ချေ"

ဒေါ်ခင်ဆွေလေးက အောက်ထပ်သို့ ဆင်းခေါ်ရလေ၏။ နှစ်ထပ်တိုက်ကြီးမှာ က အပေါ်ထပ် တွင် အိပ်ခန်းနှစ်ခန်းပဲသုံး၏။ ဖေဖေနှင့် မေမေက တစ်ခန်း၊ ယွန်းယွန်းက တစ်ခန်း၊ အခန်းပိုတွေ အပေါ်ထပ်မှာ ကျန်သေးပေမယ့် သားတွေကို အောက်ထပ်မှာ ပဲ တစ်ယောက် တစ်ခန်း ပေးထားလေ သည် ။

"ကျွန်တော် ရောက်ပါပြီ ဖေဖေ"

ပိုင်ဆု အခန်းဝမှာ ရပ်နေသည် ။ ကိုယ့်မိဘပေမယ့် အိပ်ခန်းထဲသို့ စွတ်ခနဲ ဝင်မလာပါ။ အခန်းဝမှာ ခြေစုံရပ်နေ၏။

"လာပါဦး ကိုယ်တော်"

လေသံကြားကတည်းက ဖေဖေ ဆူတော့မည်မှန်းသိသည် ။ ဘေးနားမှာ ယွန်းယွန်းလည်း ရှိ သည် ။ ယွန်းယွန်း မျက်နှာပေးက ထီမထင်ဆိုတော့ ခွေးဆိုးမလေး ကုန်းတိုက်ထားပြန်ပြီထင်သည် ။

"ထိုင်စမ်းပါ အသေအချာ"

အိပ်ခန်းက ကျယ်လွန်းသည် မို့ အခန်းထဲမှာတင် ဆိုဖာဆက်တီတစ်စုံရှိသည် ။ ပိုင်ဆု သွားထိုင် တော့ ဖေဖေလည်း ပက်လက်ကုလားထိုင်

င်မှ ထလာသည် ။ ပိုင်ဆုနှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင် သည် ။ ယွန်းယွန်းက ဖေဖေ့နားတွင် လာထိုင်သည် ။ ဒေါ်ခင်ဆွေလေးက မျက်နှာပူ အားနာချင်မိ၏။

သည် အရွယ်ကြီး အဆူခံရမည် ဆိုတော့ ကာယကံရှင် ရှက်ရာမည်။ ပြောသည့်စကားတွေ ကိုလည်း ကြားချင်၏။ ဗီရိုဆီသို့ ပြန်သွား ၊ ရှင်းလင်းရာတွင် လုံးဝစိတ်မပါတော့ပေမယ့် အလုပ်ထဲ အာရုံစိုက်ထားဟန်ဆောင်ကာ နားကိုသာ တွင် တွင် စွင့်တော့သည် ။

လူက ကျောပေးအနေအထားနှင့် လက်နှစ်ဖက်က အင်္ကျီတွေ ပြန်ခေါက်နေလေ၏။

"မင်း ဘယ်ကောင်မလေးနဲ့ ကြိုက်နေတာလဲ"

"ခင်ဗျာ"

မျှော်လင့်မထားသည့် မေးခွန်းမို့ ပိုင်ဆု လှ 377/880

ဝအံ့အားသင့်၏။

"ကောင်မလေး မဟုတ်ဘူး ဖေဖေ၊ ကောင်မကြီး၊ အသက်က နှစ်ဆယ့်လေးနှစ်တဲ့ ၊ ဘွဲ့ရပြီးပြီ"

နားနားကပ်၍ တိုးတိုးလေး ပြောသည် မို့ ဘာပြောလိုက်မှန်း ပိုင်ဆု မသိပါ။ ပိုင်ဆု သေသေ ချာချာ သိတာတစ်ခုသည် မိရွှေယွန်း ကုန်းတိုက်ထားပြီ ဆိုတာပါပဲ။

"မင်းကောင်မကြီးက ဘယ်သူဘယ်ဝါသမီးလဲ"

ယွန်းယွန်းက ကောင်မကြီးဆိုတော့ ရောယောင်ပြီး ဖေဖေပါ ကောင်မကြီး ခေါ်မိလျက်သား ဖြစ်သွားရလေ၏။ ဖေဖေ့ အမှားကို ယွန်းယွန်း ခစ်ခနဲရယ်၏။

"ကောင်မကြီးဆိုတာ ဘယ်သူလဲ ဖေဖေ"

"ဘာအကြောင်းကြောင်း လုပ်နေတာလဲ၊ မင်း ဘယ်သူနဲ့ ကြိုက်နေသလဲလို့ မေးနေတာ"

"ဘယ်သူနဲ့ မှ ကြိုက်မနေပါဘူး"

"မင်းငါ့ကို ဖြောင်လိမ်ရဲသလား ပိုင်ဆု"

မွေးစားသားတွေပေမယ့် အရေးပေးကာ ကိုဆက်၊ ကိုပိုင်၊ ကိုစိုး ခေါ်ခဲ့သည့် ဦးကျော်ထိုက်က ဒေါသထွက်ပြီမို့ ပိုင်ဆုဟု ခေါ်၏။

"မလိမ်ပါဘူး"

"သက်မာ ... ဆိုတာ ဘယ်သူလဲ"

"ဟိုဘက်ခြံက နောင်နောင့်ကို လာပြုစုနေတဲ့ လူနာစောင့် အမျိုးသမီးပါ"

"မင်း ကြိုက်နေတယ် မဟုတ်လား၊ မလိမ်နဲ့"

"မလိမ်ပါဘူး ဖေဖေ၊ ကျွန်တော်က သဘောကျနေပါတယ်"

"ဘာဖြစ်လို့ ကြိုက်မနေပါဘူးလို့ ပြောခဲ့သလဲ"

"ဖေဖေက ဘယ်သူနဲ့ ကြိုက်နေသလဲ မေးလို့ ပါ၊ အပြန်အလှန် မေတ္တာမျှသေးတာ မဟုတ် တော့ သက်မာနဲ့ ကြိုက်နေပါတယ်လို့ ပြောလို့ မရပါဘူး၊ ကျွန်တော်ကသာ သဘောကျနေတာပါ၊ သူက လက်မခံသေးပါဘူး"

"အောင်မာ ... ကြီးကြီးကျယ်ကျယ်၊ သူက လက်မခံသေးပါဘူးဆိုပဲ၊ မွဲချင်တဲ့ ခွေး ပြာပုံတိုး"

ပိုင်ဆုခေါင်းငိုက်စိုက် ကျသွားရတော့သည် ။ ဖေဖေ့စကားက အလွန်မှန်ပါသည် ။ သက်မာနှင့် လက်ထပ်ဖြစ်လို့ ကတော့ ပြာပုံတိုးရမည့်ကိန်းပါပဲ။ ဖေဖေ သဘောမတူ မကြည်ဖြူ၍ ပြတ်ပြတ် တောက်တောက် လုပ်မည်ဆိုလျှင် မိမိသည် ဗိသုကာဘွဲ့ကြီးပိုက်ထားသည့် အ

လုပ်လက်မဲ့။

သည် လို အလုပ်လက်မဲ့ဆိုလျှင် သက်မာ စိတ်ထား ဘယ်လိုရှိမလဲ။ သိထားဖို့ တော့ လိုပြီ။

"မိန်းမတစ်ယောက်ကို ယူရတာနဲ့ လူတွေ တစ်လှေကြီး လှည်းပေါ်တင် နဖားကြိုးတပ်ပြီး ဆွဲမယ် စိတ်ကူးလား"

ပိုင်ဆု မျက်နှာမေ့လာ၏။

မစာစောကတော့ ယွန်းယွန်း ကုန်းတိုက်ပြီပဲ ထင်ထားခဲ့၏။ ယွန်းယွန်းဆိုလျှင် သက်မာ အကြောင်းလောက်ပဲသိမည်။ သက်မာ မိသားစုအကြောင်းထိ လိုက်မသိနိုင်ပါ။

ဖော်ကောင် ဘယ်သူဖြစ်မလဲ။

"ခင်းကို ပြန်ကြိုက်ရင်လည်း ငါဒီလောက် ဒေါသမဖြစ်ပါဘူး၊ ခုတော့ နှောင်နှောင့်ကို ကြိုက်နေတယ်ဆို"

"နှောင်နှောင့်ကို ချစ်နေတာပါ"

"စကားမကာပ်နဲ့ ပိုင်ဆု"

"မကာပ်ပါဘူး၊ သူ ကြိုက်တော့ ကျွန်တော့်ကိုပဲ ကြိုက်ပုံ ရပါတယ်"

"တော်စမ်း"

ဦးကျော်ထိုက် ဒေါသထွက်တာ မြင်ရခဲ့သည် မို့ ဒေါခင်ဆွေလေး အတော်အံ့ဩမိ၏။ ဦးကျော်ထိုက်လောက် စိတ်ရှည်တတ်သူရှား၏။ ခုတော့ ဒေါသအမျက် ချောင်းချောင်းထွက်၊ ထွက်မည် ဆိုလည်း ထွက်ချင်စရာပါ၊ ရှက်တာလည်း ပါမည်။

သမီးကိုကျတော့ ခါးခါးသီး ငြင်းရဲသည်လေ။ ဦးကျော်ထိုက် မပြောနှင့် ဒေါခင်ဆွေလေး တောင်ရှက်သည် ။

"တဖြည်းဖြည်း နားချရတာပေါ့ကွာ၊ သမီး ကိုချစ်တော့ ချစ်ရှာပါတယ်၊ ဆိုးလွန်းလို့ လန့် နေ တာဖြစ်မှာ ပါ"

သည် လို နားချထားလို့ သာ ဖြေနေရသည် ၊ သမီးကိုငြင်းရဲသည့် မွေးစားသားမို့ ဒေါ်ခင် ဆွေ လေးစိတ်ထဲ ဘယ်ကြည်ပါ့မလဲ။

"မင်းကိုကြိုက်တာ ဘာကြိုက်တာလဲ၊ ဗိသု ကာဆိုတာ ကြိုက်မှာ ပေါ့၊ တစ်နှစ် တစ်နှစ်မှ ဝင်ငွေသောင်းချီပြီး ရှာနိုင်တာကို ကြိုက်မှာ ပေါ့ ငနွားရဲ့ "

"မေမေပြောတာ မှန်ပါတယ်"

ပိုင်ဆု ကိုယ်တိုင်လည်း ဤကဲ့သို့ပင် ခံယူပြီးသားပါ။ သို့ပေမယ့် သက်မာလို မိန်းမ သားက လက်ထပ်ပါမည်ဟု ကတိပေးပြီးလျှင် အိမ်ရှင်မကောင်း ဗိသုကာ၊ သစ္စာရှိစွာ၊ ကိုယ်ကျင့်တရားကို စောင့်ထိန်းလျက် အိမ် ထောင်တစ်ခု သာယာအောင် ဖန်တီးနိုင်လိမ့်မ ည်ဟု ယုံ၏။

သက်မာကို ပိုင်ဆု တစ်ခါမှ လျှော့မတွက်ခဲ့ ပါ။

"အဲဒါတွေ သိရဲ့ သားနဲ့ မင်း ဘာမှန်တာလဲ "

ပြောရလျှင် မေမေ ယုံမည်မထင်။ ပိုင်ဆု ဘာမျှမမှန်ပါ။ အိမ်ထောင်ပြုဖို့ အရွယ်ရောက်ပြီဟု မိမိကိုယ်မိမိ သတိထားမိ ချိန်မှာ အိမ်ထောင်ဖက်အဖြစ်ရွေးရာတွင် သ က်မာကို တွေ့ရှိသဘောကျသွား ခြင်းပါပဲ။

မေမေ့ကို သည် လောက်ထိ လုံးစေ့ပတ်စေ့ မည်သူပြောပြထားပါလိမ့်၊ မိမိက မပြောတာ သေချာ၏။ သက်မာကလည်း ပြောမည်မထင်။ ဤနှစ်ယောက်အပြင် ဘယ်သူ သိနိုင်ဦးမလဲ။

"မင်း နွားဖြစ်မှာ တွေးမိရဲ့ လား။

ခေါင်းမွေးတွေ ကျွတ်ထွက်ကုန်မှာ စိုးရိမ်ရ ကောင်းမှန်း သိရဲ့လား"

နှောင်နှောင်မှား ဖုန်းဆက်တိုင်မလား။ နှောင်နှောင်ကတော့ သက်မာအကြောင်းကို စုံ စေ့စွာ သိနိုင်သူ။

"မင်းကွာ . . . အရိုးဆုံး အလိမ္မာဆုံး သတ် မှတ်ထားကာမှ မင်းက အရင်ဆုံး ဖောက်ပြ တာ ပေါ့လေ"

"ပညာစုံလို့ ကြင်လျှာလောင်းရွေးတာ၊ ဗွေ ဖောက်တာလား ဖေဖေ"ဟု မေးကြည့်ချင်သ ည် ။ မိန်းမယူတာ မလုပ်သင့်တဲ့ အလုပ်လား။ ဒီလိုသာ ပြစ်မှုစာရင်းသွင်းရလျှင် အဘိုးတွေ အဖေတွေကို ရှော စွဲချက်မတင်သင့်ဘူးလား။

"အဘိုးတွေ အဖေတွေ လျှောက်ခဲ့တဲ့ လမ်း ဟောင်းကြီးပေါ် ကျွန်တော် ခြေတစ်လှမ်းချရုံ ရှိပါသေးတယ်"ဟု ပြောပြချင်၏။ သို့ပေမဲ့ ဖေ ဖေ ဆွေ့ဆွေ့ခုန်သွားမှာ စိုးသည် မို့ မြို့နေလို က်သည် ။ ရင်ထဲမှာ တော့ နည်းနည်းလေးမှ မ ခံချင်ပါ။

"သက်မာနဲ့ ပဲ လက်ထပ်မယ်"

ဆုံးဖြတ်ချက်ကို ကျိတ်ချသည် ။ အစက မ နိုင်မလုံဖြစ်နေရသည့် ဆုံးဖြတ်ချက်က ယခုမှ နိုင်မြဲသွားရတော့သည် ။ သက်မာသည် မိသား စုများ တာကလွဲလို့ သားရင်တွေ ခါးခါးသီးသီး ငြင်းပယ်စရာ အချက်မရှိဟု မြင်၏။

"မြင့်စေချင်လို့ ဘုံပေါ်တင် ဖင်အေးတယ် လို့ ခုန်ချ . . . ဆိုတဲ့ ကောင် ခွေးကောင်"

ဖေဖေ ဆူသမျှ ဆဲသမျှ တစ်နာရီနီးပါး ကြိ တ်မှိတ်ခံရသည် ။

"မင်း နွားလုပ်ချင်တာကို တားမရလည်း မ တားဘူး၊ မင်းတစ်ကောင်ပဲ နွားဖြစ်ခံ၊ ငါတို့ မ ပါစေနဲ့ ၊ မင်းမှတ်ထားဖို့ က အဲဒီကောင်မ

လေးနဲ့ ယှုတဲ့ နှေဟာ ငါတို့ မိသားစုနဲ့ လုံးဝပြတ်တတ်နှေ့ ပဲ"

ဖေဖေ ယတိပြတ်စကားကို ဆိုလေပြီ ။

"သက်မာက သူဌေးချေးမ ဖြစ်ချင်တာ မဟုတ်ဘူး ၊ သူဌေးကတော် ဖြစ်ချင်တာ" ဟု သက်မာ ပြောခဲ့ဖူးသည် ။ ကိုယ်ပိုင်အရည်အချင်း မရှိဘဲ မိဘချမ်းသာလို့ သူဌေးသားဖြစ်နေရသူကို သက်မာ အထင်မကြီးပါ။ ဖေဖေက စွန့်လွှတ်ပြီဆိုတော့ ပိုင်ဆုမှာ 'အလုပ်' အတွက်ပါ ပြဿနာတက်ရမည် ဖြစ်လေ၏။

"ဘယ်လိုလဲ ပိုင်ဆု၊ တစ်ထိုင်တည်း ဆုံးဖြတ်နိုင်ရင် ခုချက်ချင်း ဆင်းသွားချင်လည်း ဖြစ်တယ်"

ပိုင်ဆု ရင်ထဲမှာ နင့်ခနဲ အောင့်သွားရသည် ။ မျက်နှာပြင်တွင် ဖိန်းခနဲ ဖြစ်ကာ ရှက်လည်း အလွန်ရှက်သွားသည် ။ ဖေဖေ နှင်ချပြီပဲ။ ယောကျာ်းမာနဖြင့် ထိုင်နေရာမှ ဖြုန်းခနဲ ထရပ်သည် ။

"ပညာစုံပြီပဲလေ၊ မင်း မာနထားမှာ ပေါ့"

စောစောက ဒေါသတွေ ထွက်နေသည့် ဖေဖေ၊ လေသံချက်ချင်းလျော့သွားသည် ။ ပိုင်ဆုကို မကြည့်ဘဲ မျက်နှာကို ခပ်လွှဲလွှဲလုပ်ကာ ဝမ်းနည်းစကား ဆိုရှာ၏။ အသံတွေတောင်တုန်နေ၏။ ခုနေသာ ဖေဖေနှင့် မျက်ဝန်းချင်းဆုံခွင့်ရလျှင် မျက်ရည်ဝဲနေတာကိုများ တွေ့ရမလား။

ပိုင်ဆု ကျောက်ရုပ်ဖြစ်နေတော့သည် ။

"ပြန်ထိုင် ကိုပိုင်၊ ကိုယ့်အဖေက စိတ်ဆိုးလို့ ပြောတာကို မင်းကပြန်ပြီး စိတ်မလုပ်နဲ့လေ"

ဒေါ်ခင်ဆွေလေး ရောက်လာကာပိုင်ဆု ပခုံးကို ဖိချ၏။ ပိုင်ဆု ပြန်မထိုင်ဖြစ်ဘဲ တောင့်

တောင်ကြီး ရပ်နေသည် ။ ရွှေလှမ်းဖို့ ခြေထောက်တွေကို သံယောဇဉ်ကြိုးက နိုင်မြဲစွာ တုပ်နှောင်ထား သည် ။ သည် ခြေထောက်တွေကိုပဲ မာနက ဆွဲခေါ်နေသည် ။

မာနနှင့် သံယောဇဉ် ဘယ်သူကပိုပြီး အင်အားကြီးမလဲ။

ခွန်အားကြီး အင်အားစုနှစ်ခု ရင်ထဲမှာ တိုက်ပွဲပြင်းထန်စွာ ဖြစ်လေ၏။

"ကိုထိုက်ကလည်း ကိုယ့်သားတွေကို ချစ်ရဲ့ သားနဲ့ ဒီလောက် စိတ်မဆိုးပါနဲ့ ၊ သားအဖချင်းပဲ ဖြည်းဖြည်းဆွေးနွေးလည်း ရတဲ့ ဟာကို"

ဦးကျော်ထိုက် သားတွေကို ချစ်ရှာ၏။ ဒေါ်ခင်ဆွေလေး မသိဘဲ နေပါ့မလား။ အထူးသဖြင့် တစ်ခါမျှ အဆူအပူမလွတ်သည့် ပိုင်ဆုကို ပိုချစ်လို့ ပိုကောင်းစေချင်လို့ စည်းကမ်းပိုတင်းကျပ်နေ တာ။

အခြေအနေက သိပ်တင်းမာလာတော့ ယွန်းယွန်း မျက်နှာပျက်နေရ၏။ ကိုပိုင် အိမ်ပေါ်က ဆင်းသွားရတဲ့ အထိတော့ မဖြစ်စေချင်ပါ။

မကောင်းတတ်၍ သာ အခြေအနေကို ဝင်ထိန်းရပေမယ့် ဒေါ်ခင်ဆွေလေး စိတ်ထဲမှာ မကျေနပ်ပါ။ ကိုပိုင် ကျေးဇူးတရားကို သိတတ်ဖို့ ကောင်းသည် ။ ပညာစုံလို့ အိမ်ပေါ်ကဆင်းဖို့ အသင့်ဖြစ် နေရသည့် ပုံစံမျိုးဆိုလျှင် ကိုပိုင့်ကို မွေးကျွေးသုတ်သင်ခဲ့ရသမျှ အလကားပဲပေါ့။

"ဒီမှာ ကိုပိုင်၊ မေမေ ပြောမယ်"

ပိုင်ဆု မတ်တတ်ရပ်ဆဲ။ မည်သူ့ကိုမျှ မကြည့်ဘဲ ခေါင်းငုံ့နေသည် ။ မာနနှင့် သံယောဇဉ်တို့ ကလည်း ရင်ထဲမှာ အပြင်းအထန်။

ဦးကျော်ထိုက်က မျက်နှာလွှဲဖြဲလွှဲလျက်။

"သား တွေ့ထဲမှာ ကိုပိုင်ပဲ ဘွဲ့ရတယ်၊ ပညာတတ်တယ်၊ မင်းအဖေ စီးပွားရေးလုပ်ငန်းမှာ မင်းတစ်ယောက်ပဲ အကူအညီရတယ်၊ မင်းအဖေဟာ အသက်ငါးဆယ်ကျော်နေပြီ၊ ကျုရှုယ်ကို ရောက် လာပြီ၊ သားသမီးကို ပြန်အားကိုးရမယ့်အရွယ်ကို ရောက်နေပြီ၊ မင်းကို ပြုစုစောင့်ရှောက်ခဲ့တဲ့ ကျေးဇူးကို မဆပ်ချင်နေပါ"

ပိုင်ဆု ဒေါ်ခင်ဆွေလေး မျက်နှာကို လှစ်ခနဲ မော့ကြည့်သည် ။ ပြီးတော့ ချက်ချင်း ပြန်ငုံ့၏။

"စိတ်အနှောင့်အယှက် ဖြစ်အောင်တော့ မလုပ်သင့်ဘူး၊ ဒါမေမေက မိခင်တစ်ယောက်အနေနဲ့ ဆိုးမတာ"

မာနစိတ်သည် တို့ အကျအဆုံးများ စပြုသည် ။

"သမီးမိန်းကလေးမှ မဟုတ်တာ သားယောကျ်ားလေးတစ်ယောက်ကို တုတ်နဲ့ ရိုက်ပြီး မိန်းမပေးစားလို့ ရမတဲ့လား"

ယွန်းယွန်းနှင့်ကိစ္စအတွက် အကျပ်မကိုင်ပါဟု ဆိုချင်ဟန်တူ၏။

"မင်းပညာ မင်းအသက်အရွယ်နဲ့ အိမ်ထောင်ပြုသင့်တာလည်း မှန်တယ်၊ မိဘစိတ်တိုင်းကျ အကောင်းဆုံး မဟုတ်ပေမယ့် အပြစ်ကြီးကြီးမားမား မရှိတဲ့ မိန်းကလေးကို မင်းယူမယ်ဆိုရင် ဘယ်အကြောင်းပြချက်နဲ့ တားမလဲ ကိုပိုင် . . .

"အကောင်းဆုံး မဟုတ်လို့ ဆွေးနွေးမယ်၊ လူကြီးဆိုတော့ စေတနာပိုလေ ဒါသဖြစ်လေ၊ စကားလုံးက မချိုဘူး၊ ဒီလောက်ကလေးပြောတာကို မင်းဆတ်ဆတ်ခါ နာသင့်သလား၊ ဒီလောက်ထိ ဖြစ်သင့်သ

လား"

ဒေါ်ခင်ဆွေလေး လေသံက မပျော့သလို မာလည်း မမာပါ။ ပုံမှန်ဆုံးမနေသလို အေးဆေး သည် ။ ဒေါ်ခင်ဆွေလေးထံ အကြည့်တစ်ချက်ရောက်ပြန်၏။

သောကရော ဒေါသပါ ကင်းနေသည့် အမျိုးသမီးကြီးတစ်ယောက်ဦး၏ တည်ငြိမ်ရင့်ကျက် မှုကိုတွေ့ရသည် ။ ဦးကျော်ထိုက်ကို ကြည့်မိပြန်၏။ မျက်စိမျက်နှာပျက်ကာ တည်ငြိမ်မှု လုံးဝပျောက် ဆုံးနေသည် ။ မျက်နှာပြင်မှာ ခံစားမှုမျိုးစုံပေါ်လွင်၏။

ကြေကွဲဝမ်းနည်းခြင်း၊ ဒေါသအမျက်ချောင်းချောင်းထွက်ခြင်း၊ ပြီးတော့ မာန၊ ပြီးတော့ အားငယ်မှု၊ ဆန့်ကျင်ဘက်ဝေဒနာတွေ အားပြိုင်နေ ကြသည် ။ မည်သည့်အင်အားစုက နိုင်သည် ဖြစ်စေ၊ ဖေဖေ့ မျက်နှာ စစ်မြေပြင်သည် အပျက်အစီးတို့ ဖြင့် ကျန်ရစ်ခဲ့မည်သာ ဖြစ်ပါ၏။

သံယောဇဉ်သည် မာနစစ်သည် အားလုံးကို ချေမှုန်းသုတ်သင်သည် ။ ပိုင်ဆု ကုလားထိုင်ပေါ် သို့ ပြန်ထိုင်ချလိုက်တော့သည် ။ လူကောင်းဖြစ်ရတာ မလွယ်ပါလား၊ စွန့်လွှတ်ရတာတွေ အများကြီး ရှိ၏။

"သုံးယောက်ထဲမှာ ကိုပိုင် အလိမ္မာဆုံးလို့ မင်းအဖေ အမြဲပြောတယ်၊ မင်းကိုလည်း အားအကိုးဆုံး"

ဒေါ်ခင်ဆွေလေးက ပိုင်ဆုပခုံးပေါ် လက်တစ်ဖက်လာတင်ကာ ပြုံးပြ၏။

"ကဲ . . .ကဲ . . . သွားနားချေတော့၊ မိဘနဲ့ သားသမီးပဲ၊ ဘယ်ကိစ္စမဆို ဖြည်းဖြည်းဆွေးနွေး လည်း ရတာပဲ၊ သွား . . . နားတော့ ကိုပိုင်"

ခေါသံကြောင့် သမင်လည်ပြန်လှည့်ကြည့်သည်။ ယွန်းယွန်း။

"ယွန်းယွန်း . . .ကိုပိုင့်ကို ကြိုက်နေတာ မဟုတ်ဘူး သိလား"

ကမ္ဘာမီးလောင်ချိန်မှာ ဆီမီးခွက်က ထတောက်၏။

"ဒါပေမယ့် ကိုပိုင့်ကို ခေါသက်မာနဲ့ နည်းနည်းမှ သဘောမတူဘူး"

"အဲဒါငါ့ကိစ္စပါ"

"အဲဒီ ငါ့ကိစ္စဆိုတာကြီးကို ဖြစ်တဲ့ နည်းနဲ့ဖျက်မယ်"

"နင် ဆယ်ဘဝ စောင့်ဖျက်လည်း မဖျက်ဘူး"

စိတ်ပေါက်ပေါက်နှင့် ပြောချမိ၏။

"ဟင်း"

ယွန်းယွန်း နှာခေါင်းရှုံ့၍ မျက်စောင်းထိုးသည် ။ လက်ထဲမှာ ကိုင်ထားသည့် စာအုပ်လေး တစ်ခုကို ကြမ်းပြင်ပေါ်သို့ လွှတ်ချကာ ခြေဆောင့်လျက် အခန်းထဲသို့ ပြန်ဝင်သွားတော့သည်။

ပိုင်ဆု လှမ်းကြည့်၏။

"ဟင်"

ပိုင်ဆု အိပ်ခန်း၊ ပိုင်ဆု အိပ်ရာပေါ်၊ ခေါင်းအုံးအောက်မှာ အမြဲထားလေ့ရှိသည့်ပိုင်ဆု ဒိုင်ယာရီလေး။

"ခွေးမ . . . ဒါကိုခိုးဖတ်ပြီး ဖေဖေ့ကို တစ်ခုမကျန်သံတော်ဦးတင်တာ"

ဖြစ်နိုင်လျှင် လှသတ်ချင်၏။ လူဆိုရာ၌ ယွန်းယွန်းဆိုသည့် မြေခွေးစိတ်နှင့် ကောင်မလေး ကိုပါပဲ။

*

"ကိုပိုင်"

"ဘာတုန်း"

ယွန်းယွန်း မျက်နှာ မချိုမချဉ်နှင့် အနား ရောက် လာပြီဆိုလျှင် မဟုတ်တာ တစ်ခုခု လု ပ်ထား ပြီးလျှင်သော်လည်းကောင်း၊ လုပ်ဖို့ သော်လည်းကောင်း ဆိုတာ ဗေဒင်မေးစရာ မ လိုပါ။ ယွန်းယွန်း မျက်နှာ ပြုးစိစိဖြစ်နေသည် ။

"နင် ဘာမဟုတ်တာတွေ လုပ်ထားပြန်ပြီ လဲ"

"အမယ် . . . မလုပ်ရသေးပါဘူး"

"ဒါဖြင့် လုပ်မလို့ ပေါ့လေ"

"မြန်မြန်ပြောစမ်း ယွန်းယွန်း၊ နင် ဒီမျက်နှာပေးမျိုးနဲ့ ငါနားရောက်လာရင် ငါ သိ ပ်ကြောက်တယ်"

"ကိုပိုင်ဟာလေ . . . ယွန်းယွန်းဆို အကော င်းကို မပြောဘူး၊ ဒီကဖြင့် စေတနာနဲ့ . . .ရော့"

ယွန်းယွန်း နှုတ်ခမ်းစူကာ ပိုင်ဆုရှေ့သို့ အ ထုပ်တစ်ထုပ်ပစ်ချသည် ။

"ဘာလဲ"

"ဖွင့်ကြည့်လေ၊ ကိုပိုင့်အတွက် ယွန်းယွန်း ရဲ့ လက်ဆောင်"

ပိုင်ဆုက အထုပ်ကို လှမ်းကြည့်သည် ။ ရု တ်တရက်မဖွင့်ရဲပါ။ ဟိုတစ်ခါလည်း သည် လို ပဲ စက္ကူကတ်ဘူးတစ်ခု လက်ဆောင်ပေးပြီးပြီ ။ လက်ဆောင်ဆိုလို့ အဟုတ်မှတ်ပြီးဖွင့်လိုက် တော့ စက္ကူဘူးထဲမှ ရောမဖားပြုပ်ကြီးတစ် ကောင် ခုန်ထွက်လာသည် ။

"ဟဲ့ . . . ဟဲ့" ဖားပြုတ်ကို ကြောက်သည် မ ဟုတ်ပေမယ့် ရုတ်တရက်ဆိုတော့ လန့်သွားရ သည် ။

"ခစ် . . . ခစ် . . .ယောကျ်ားကြီးလုပ်ပြီး ဖားပြုပ်လေးတောင်ကြောက်တယ်ဟေ့"

ယွန်းယွန်း လက်ခုပ်လက်ဝါးတီးကာ အော်ရယ်တော့သည်။

"ယွန်းယွန်း . . .နင်ပဲ မရှုံ့မရှာ မကြောက်မရွံ့ ဒီဖားပြုပ်ကြီးကို"

ပိုင်ဆု ဖားကို လိုက်ဖမ်းကာ လွှင့်ပစ်ရသည်။

"အဲဒါလေ နှောင်နှောင်က ယွန်းယွန်းဖို့ တဲ့၊ လက်ဆောင်တဲ့၊ နှောင်နှောင် ပေးတာ သိပ်မသင် က်ာလို့ ကိုပိုင့်ကိုညာပြီး ဖွင့်ခိုင်းတာ"

အဲသည် လိုဆိုးသည့် ယွန်းယွန်း၊ ခုလည်း အထုပ်တစ်ထုပ်လာပေးနေပြန်၏။

"ဖွင့်ကြည့်ပါဆို ကိုပိုင်ကလည်း "

"နင့်တော့ ခပ်လန့်လန့်ပဲ"

ပိုင်ဆုက အထုပ်ကို မဟီတဟီဖြေ၏။

"ဟာ . . . အထပ်တွေကလည်း များ လိုက်တာ"

စက္ကူတစ်ထပ် ဖြေပြီးနောက် နောက်တစ်ထပ်၊ သည် တစ်ထပ်ဖြေလို့ ပြီးပလား မှတ်ပါတယ်၊ နောက်ထပ် အထပ်ပေါင်းများ စွာ။

"စိန်လက်စွပ်မို့လို့ ဒီလောက် စက္ကူတွေ အထပ်ထပ်ထုပ်ထားရတာလား"

"ဆယ်ထပ်လောက်ဖြေပြီးတော့ စက္ကူညိုထူထူနှင့် အိတ်ကြီးတစ်လုံး"

"ဖောက် လိုက်လေ ကိုပိုင်ရဲ့ "

အိတ်ကို လှပ်ကြည့်တော့ ခပ်ချောင်ချောင်မို့ ထိပ်ဘက်ကပဲ ဆွဲဆုတ်လိုက်သည် ။ စက္ကူ အဖြူ ရောင်နှင့် အိတ်တစ်လုံးထွက်လာပြန်၏ ။ အိတ်ကို စမ်းကြည့်တော့ ခပ်ပျော့ပျော့မို့ ပိ

တ်စတို့လို ပစ္စည်းမျိုး ဖြစ်နိုင်သည် ဟု ခန့်မှန်းမိ၏။ မဟုတ်ကဟုတ်က အကောင်ဇလောင်တော့ မဖြစ်နိုင်။

စက္ကူဖြူအိတ်ကို တစ်ခါဆွဲဆုတ်တော့ ပန်းပွင့်ရောင်စုံလှလှလေးများ ပါသည့် အိတ်တစ်ခု။

"ပြီးပဲ မပြီးနိုင်ဘူးဟာ"

ပိုင်ဆု စိတ်မရှည်တော့ပါ"

"ပြီးပါတော့မယ်၊ ဆက်ဖွင့်ပါ"

ဖွင့်ရပြန်၏။ အိတ်ပွင့်သွားသည့်အခါမှာ . .

"ဟင် . . . ဒါငါ့စွပ်ကျယ် မဟုတ်လား"

စွပ်ကျယ်တစ်ထည် လုံးထွေးလျက် ထွက်လာ၏။

"နင် ရှုပ်ကို ရှုပ်တယ်"

ပိုင်ဆု ဒေါသဖြစ်ဖြစ်နှင့် လွှင့်ပစ်လိုက်တော့သည်။

"ဖြေပါဦး၊ စွပ်ကျယ်ထဲမှာ ပါတယ်"

စွပ်ကျယ်လုံးကလေးကို သွားကောက်လာကာ ပိုင်ဆုလက်ထဲ ထည့်သည်။ ပိုင်ဆု စိတ်တိုလှ ပြီ ဖြစ်ပေမယ့် မတတ်သာစွာ ဖြေရပြန်၏။

တရွက်ကလေးတစ်ခုနှင့် ကျပ်တန်ကလေးတစ်ရွက်။

"ကိုပိုင် . . ."

ကိုပိုင့် စပို့ရှပ်ကို ပိုက်ဆံပေးပြီး ဝယ်ပါတယ်၊ ယွန်းယွန်း ယူလိုက်ပါပြီ။

အချစ်ဆုံးညီမအလိမ္မာလေး

ယွန်းယွန်း"

မော့ကြည့်တော့ ယွန်းယွန်း လစ်ပြီ။ စပို့ရှ

ပ်ကို ဝတ်ကျွင်းပေးပြီး ဝယ်သတဲ့ ။ ဘယ်စပို့ရှ ပ် ပါလိမ့်။ ပိုင်ဆု ယွန်းယွန်းကို လိုက်ရှာသည် ။ သစ်အိမ်လုံးသာ နံ့ရော၊ မတွေ့။ သူ့အိပ်ခန်း ထဲမှာ ဝင်ပုန်းနေပြီ ထင်သည် ။ အိပ်ခန်းထဲထိ တော့ ပိုင်ဆု ဝင်မရှာပါ။ အရွယ်ကလေးတွေ ရှလာတော့ မောင်နှမဆိုပေမယ့် သွေးသားမ တော်စပ်သည် မို့ စည်းလေးတောင်လေးနှင့် နေရသည် လေ။

နေနှင့်ဦး . . .

မေမေနှင့်မေမေကို သွားတိုင်မို့ ကျတော့လ ည်း မကောင်းပြန်။ ပိုင်ဆု စိတ်ထဲ အောင့်သ က်သက်နှင့် ကြိတ်မှိတ်ခံနေရသည် ။ ကိုယ့်ဗီ ရိုကိုသာသွားဖွင့်ကာ စပို့ရှပ်တွေ စစ်ကြည့်သ ည် ။ သုံးလေး ထည်တော့ လျော့နေ၏။ လျှော် ထားပြီး မခြောက်သေးသည် မို့ ဗီရိုထဲ ပြန်မ ရောက်သေးတာတွေ လည်း ရှိတော့၊ အတိအ

ကျ မပြောနိုင်၊

"ခွေးဆိုးမလေး"

ဒေါပွနေသည် မို့ ဘာမျှလုပ်လို့ မရ၊ သည် လိုပဲ ငုတ်တုတ်ထိုင်နေရသည် ။ ဒေါသကို ဖွင့် အံခွင့် မရဘဲ အစိမ်းသက်သက် အောင့်ခံနေရ သည့် အဖြစ်က ဆိုးလှ၏။ ပိုင်ဆု မျက်နှာရှုံ့မဲ့ နေတော့သည် ။

*

"ကိုပိုင်ရေ ထမင်းစားကြစို့"

"ကျွန်တော် မဆာသေးဘူး မေမေ"

အခန်းဝမှာ ရပ်၍ မေမေက ခပ်ပြုံးပြုံး ခေါ် နေသည် ။

"မရဘူး၊ မင်းညီမလေးက ကိုပိုင်မလာရင် ထမင်းမစားတော့ဘူးတဲ့ စောင့်နေလို့ "

နိုပ်စက်လိုက်ကျ။ ပိုင်ဆု စိတ်ကုန်လွန်းစွာ

လျှောက်လာ၏။

"အစ်ကိုတွေထဲမှာ မင်းကို သူတော်တော်ချစ်ရှာတယ်"

ကောင်းပါ၊ သမီးက ဆိုးဆိုး၊ အမေက ဟဲ့ တစ်ချက်မဟန့်သည့်အပြင် သမီးလုပ်သမျှ အကောင်းထင်၊ လိုက်လည်း လိုက်သည့် သားအမိ။

"မကြီးမငယ်နဲ့ ကွယ်၊ ဒီအရွယ်ရောက်မှ စပို့ရှပ်တွေ ဘောင်းဘီရှည်တွေ ဝတ်ချင်ရပြန်သတဲ့ လေ"

"ခင်ဗျာ"

"စပို့ရှပ်" ဟူသည့်အသံကြားတော့ ပိုင်ဆုကိုယ်ကြီး မတ်သွားရသည် ။ ထမင်းစားခန်းဆီ သို့ သွားရာတွင် ခြေကပိုသွက်သွားရလေ၏။

*

"ဟော"

အစစ်ပေါ့။ ပိုင်ဆု စပို့ရှပ် Addidas ဟူသည့် တံဆိပ်နှင့်အကောင်းစား ၊ တစ်ခါလား ဝတ်ရသေးသည် ။ အကျႌအနုဝတ်ကာ ထမင်းစားပွဲတွင် ထိုင်နေ၏။ မျက်နှာက ခပ်မော့မော့ ခပ်ပြုံး ပြုံး။

"ယွန်းယွန်း လှသလား ကိုပိုင်"

ရင်လေးများ တောင် ချိုပြနေချေသေး၏။ ပိုင်ဆု ဒေါသတွေကို မချိမဆံ့ ပြန်ထည့်လိုက်ရ၏။ ညီမလေးအတွက် စပို့ရှပ်တစ်ထည်ကို နှမြောတတ်သည့် အစ်ကိုမျိုး မဟုတ်ပါ။ ယွန်းယွန်း လိုချင် သည် ဟု ပူဆာသမျှ သူ့မုန့်ဖိုးထဲက ဝယ်ဝယ်ပေးခဲ့ရတာတွေက သည် စပို့ရှပ် တန်ဖိုး သုံးလေးဆ လောက်ရှိသည် ။

သည် စပို့ရှပ်တိုမှ ဝတ်ချင်လှပါသည် ဟု တောင်းယူလျှင် ပေးမိမှာ မလွဲ။ ခုလို မပြောမ

ဆို၊ စည်းမရှိ ကမ်းမရှိ လုပ်တာမျိုး ကျတော့ ပိုင်ဆု စိတ်ဆိုး၏။ ညီအစ်ကိုချင်း၊ သူ့ပုဆိုးကောက်ဝတ်၊ ငါ့ပုဆိုးကောက်ဝတ် ဆိုတာမျိုးတောင် ပိုင်ဆု ဝါသနာမပါ။ စည်းလေးကမ်းလေးနှင့် နေချင်သည်။

"ဟင် . . . ကိုပိုင်၊ ယွန်းယွန်း မလှဘူးလား"

"အင်း . . . မဆိုးပါဘူး"

အီလည်လည်ပုံစံကြီးနှင့် ခေါင်းကို မညိတ်ချင် ညိတ်ချင်ညိတ်လေ၏။

"သမီး စပို့ရှပ်က ယောကျ်ားတွေ ဝတ်တဲ့ ပုံစံကြီး"

ဖေဖေက ခပ်ပြုံးပြုံးပြောသည်။

"ကိုပိုင့်အကျီလေ ဖေဖေရဲ့၊ ယွန်းယွန်းက တစ်ကျပ်နဲ့ အတင်းဝယ်တာ၊ ဘောင်းဘီက တော့ ခဏငှားဝတ်တာ၊ လျှော်ပြီးမှ ပြန်ပေးမယ်"

ထိုင်နေရာမှ ထရပ်ပြတော့မှ ၊ လား . . . လား . . . ပိုင်ဆု ဘောင်းဘီရှည်ပါပဲလား။

ရှေ့မှာ ရှိသည့် ထမင်းပိုင်းကို ဆောင့်၍ ခွပစ်လိုက်ချင်တော့၏။ လွန်လွန်းပြီ။ ယွန်းယွန်း ဆိုးပုံက ဆိုးတာသက်သက်မကတော့ သိပ်ကို ရိုင်းသွားပြီ။ ထမင်းပိုင်းကို မှောက်ပစ်ဖို့ က လူကြီးတွေ လည်း ပါနေသည် မို့ မလုပ်သင့်ဘူးဆိုလျှင်တောင် ပိုင်ဆု ထမင်းဝိုင်းမှ ထသွားချင်သည်။

စားလက်စထမင်းကို သည် တိုင်း ထားပစ်ခဲ့ချင်သည်။

သို့ပေမယ့် ဆန္ဒပြရာရောက်မည်။ မိရင်း ဖရင်းနှင့် နေခွင့်ရသူမဟုတ်တော့ စိတ်ထဲရှိသမျှ ပေါက်ကွဲပြသခွင့် မရပါ။ သိသိသာသာ အရှုံးသာမဲ့သွားရသည့် ထမင်းကို ငေါင်းငုံ့လျက်သာ

စားနေရသည်။

မှိုချနေရသည့် ပန္နည်းများ သည် ထမင်းတွေ ဟင်းတွေမဟုတ်ပါ။ ဒေါသတွေ၊ မခံမရပ်နိုင် ဖြစ်ရတာတွေ။ စိတ်လွတ်ကိုယ်လွတ် မဖြစ်ရသည် မို့ မကျေချမ်းနိုင်သမျှ ဒေါသတွေက ယွန်းယွန်း အပေါ်သို့မှ စုပြုံကျရောက်တော့သည်။

ယွန်းယွန်း ရှင်းပြနေတော့ ဖေဖေနှင့် မေမေက ရယ်မဆုံး ဖြစ်နေချေသေး၏။

"သူ့အစ်ကိုလတ်ကို ကြံဖန်ဗိုလ်ကျပုံကတော့လေ"

မေမေ့ရယ်သံ ချိုလွန်း၏။

*

"ရော့ . . . ကိုပိုင့်ဘောင်းဘီ၊ လျှော်ပြီးပြီ"

"ဟာ"

မျက်စိရှေ့ရောက်လာသည့် ဘောင်းဘီခေါက်ကို ပိုင်ဆု ပုတ်ထုတ်ပစ် လိုက်လေ၏။ ယွန်း ယွန်းလုပ်ပုံကို ကြည့်လေ၊ အစ်ကို့ဘောင်းဘီကို ယူဝတ်၊ လျှော်ပြီးတော့ ပြန်ပေးသတဲ့။ သည် ဘောင်း ဘီကို အစ်ကိုတလဲ ညီမတလဲ ဝတ်ရမှာ တဲ့ လား။

"ဟင် . . . ဘာဖြစ်လို့ လဲ၊ သန့်ပါတယ်၊ လပ်စ်ဆပ်ပြာနဲ့ တောင် တိုက်လျှော်ထားတာ"

"ရေမွှေးနဲ့ ပဲ ပြုတ်ထားပစေဦး၊ နင့်အဘသာပဲဝတ်တော့၊ နောက်ကို ကြိုက်တာရှိရင်လည်း ပြောပါဟာ၊ အသစ်ဝယ်ပေးပါ့မယ်၊ ငါ့ဟာတွေ ယူယူမဝတ်ပါနဲ့ ၊ တောင်းပန်ပါတယ် "

ပိုင်ဆု စိတ်ပျက်လက်ပျက် ညည်းညူတော့သည် ။ ယွန်းယွန်း ခါးထောက်မျက်မှောင်ကြုတ် နှုတ်ခမ်းစူ၍ ကြည့်သည် ။

"ဒါ ရှိတဲ့ သဘောလား"

"ဘာသဘောပဲဖြစ်ဖြစ်၊ နင့်မှာ ဦးနှောက်ရှိရင် စဉ်းစားကြည့်၊ အစ်ကိုတလဲ ညီမတလဲ ဝတ်လို့ ကောင်းမလား"

"ယွန်းယွန်းက နေတာလဲ မဟုတ်"

"နေတာမှ ပြုတ်လျှော်ပစ်ရင်ရသေးတယ်၊ ယောက်ျားချင်းဆို အကြောင်း မဟုတ်ဘူး လို့ ပြောလို့ ရသေးတယ်၊ ငါက ညီအစ်ကိုချင်းတောင် စွပ်ကျယ်ကအစ အရောရော အနှောနှော ကြိုက် တာ မဟုတ်ဘူး"

"ကိုပိုင် အရမ်းကြီးကျယ်တာပဲ"

"အေး . . . နင်သိရင် ပြီးရော"

ပိုင်ဆု စိတ်တိုတိုနှင့် ပြောချ၏။

"မိန်းမက ယောကျ်ားတွေ ထက်ထူးပြီး ဘာတွေ ယုတ်ညံ့နေလို့ လဲ၊ ကိုပိုင်က တစ်သက်လုံး မိန်းမ မယူဘဲ နေမှာ လား"

"ဘာဆိုင်လဲဟ"

"မိန်းမကိုရှုံ့ရင် ကျွန်မ မယူနဲ့ ပေါ့"

"ငါမိန်းမရရင်လည်း ငါနဲ့ ငါ့မိန်းမနဲ့ ဘောင်းဘီကို တစ်ယောက်တလဲ ဝတ်လို့ ရမလား၊ နင် ဗုဒ္ဓဘာသာ မြန်မာမိန်းကလေးပဲ၊ ဒီလောက်မှ မသိဘူးလား"

"မိန်းမတွေကို ယုတ်ညံ့တဲ့ အမျိုးအစားလို့ သတ်မှတ်ခံရတာ နည်းနည်းမှ မကျေနပ်ဘူး၊ သိလား"

"အဲဒါခိုင်ထူးဆီးရိုးစ်"

"ကိုပိုင် စကားလွဲမပစ်နဲ့ နော်၊ ကိုပိုင့်ကို သိပ်မုန်းတာပဲ"

"ငါကလည်း ချစ်ပါလို့ မပြောပါဘူး"

"သိပါတယ်၊ ညီမကိုတော့ ဘယ်ချစ်မလဲ၊

သူတို့ ရည်းစားတွေပဲ သူတို့ ချစ်ကြမှာ ”

“အေး . . . ဟုတ်တယ်”

“ယွန်းယွန်းလည်း ယွန်းယွန်းကို ချစ်မယ့် ရည်းစားတစ်ယောက်လောက် ရှာကိုရှာရဦးမယ်”

“ဘာ . . ကလေးက ကလေးဘာသာ မနေဘူး”

“အဲဒီကလေးကို အစ်ကိုတွေက မချစ်တော့၊ ကလေးကို ချစ်မယ့် ရည်းစားရှာရမှာ ပေါ့”

“နင် တယ်ခက်ပါလား ယွန်းယွန်း”

“ခက်တယ်ဆိုတာ မလွယ်လို့ ပေါ့၊ ကိုပိုင် မသိရင် မှတ်ထား”

ကြမ်းပြင်ပေါ် ပြုတ်ကျနေသည့် ဘောင်းဘီ ထုပ်ကလေးကို ကောက်ယူကာ ယွန်းယွန်း ခြေဆောင့်၍ ထွက်သွားတော့သည် ။ သည် လို ဆိုတော့လည်း ပိုင်ဆု မနေသာ။ တစ်ဖွတ်ထိုး စိတ်နှင့် တွေ့ကရာတွေ လျှောက်လုပ်ရင် မခက်လား။

“ယွန်းယွန်း နေဦးလေ၊ ညီမလေး”

ဘယ်လိုခေါ်ပေမယ့် မရတော့ပါ။ ယွန်းယါန်း လှစ်ခနဲ ပျောက်သွားသည် ။ ယွန်းယွန်းက ပုန်းရလျှိုးရမည်ဆိုလျှင် သိပ်မြန်၏။ သူကျွမ်းကျင်သည့် လုပ်ရပ်လေ။ လှစ်ခနဲဆို ပျောက်သွား အောင် သူအလွန်လုပ်တတ်ချေ၏ ။

★

“ဟဲ့ . . . ယွန်းယွန်း”

တစ်အိမ်လုံး အနှံ့ရှာလည်း မတွေ့။

ဒေါ်စိန်ကိုတောင် ယွန်းယွန်း အခန်းထဲ သွားရှာနိုင်းသေးသည် ။ မရှိဘူးတဲ့ ။ တစ်အိမ်

လုံးမှာ မရှိလျှင် ခြိထဲရောက်နေမှာ ပဲ အတွေး နှင့် ခြံထဲဆင်းလာတော့ ထင်သည့်အတိုင်း။

ဒေါ်ရွှေယွန်းက မာလကာပင်ပေါ် ရောက် နေသည် ။

"ဆင်းခဲ့စမ်း ယွန်းယွန်း"

"ဆင်းဖို့ တက်တာမှ မဟုတ်တာ"

"ဒါ မိန်းကလေးအလုပ်လား"

"ဟောတော့ မိန်းကလေးမလုပ်ရတဲ့ အလု ပ်တွေက များ လှချည်လား၊ အစ်ကို့ ဘောင်းဘီ ယူမဝတ်ရတဲ့၊ မာလကာပင်မတက်ရဘူးတဲ့ "

"မာလကာပင် တက်တယ်ဆိုတာ နင်သိ လား"

"မသိဘူး"

"သေတာကို ပြောတာ"

"ကိုပိုင် အဖြီး"

"တကယ်ပြောတာ၊ မာလကီယားတယ်တဲ့၊ မာလကစျာန်ကြွတယ်တဲ့ ၊ မာလကကုဇ်တ ယ် တဲ့ ၊ မာလကာပင် တက်တယ်တဲ့ ၊ အဲဒါ သေတာကိုပြောတာ"

"ဟင် . . . ယွန်းယွန်း မသေချင်သေးဘူး၊ လူ့ပြည်မှာ အရမ်းပျော်တယ်"

ဖမ်းပါ ဆီးပါလည်း မပြော၊ အေးအေးဆေး ဆေးလည်း ပြန်မဆင်း၊ ပိုင်ဆု မော့ရပ်နေရာ သို့ ဝုန်းခနဲ ခုန်ချလိုက်တော့သည် ။ ဆီးဖမ်းဖို့ အဆင်သင့် ဖြစ်မနေသေးသည် မို့ ပိုင်ဆုပါ ရော၍ နှစ် ယောက်လုံး လဲကျသွားရတော့သ ည် ။

"ချွေးမလေး လုပ်လိုက်ရင် အရမ်းချည်းပဲ"

နှစ်ယောက်လုံး နာကျင်ကုန်ရလေ၏။

"ဟင့် . . . နာတာချည်းတူတူ ယွန်းယွန်းက အဆူခံနေရတယ်၊ ကိုပိုင် နည်းနည်းမှ မတာ

ရား ဘူး”

“အော့”

ခါးသားကို လာဆွဲလိမ်သည် မို့ ပိုင်ဆု ကျောကော့သွားရပြန်၏။ နှိပ်စက်လိုက်ကွ ဒေါ်ယွန်း ယွန်းရေ . . .။

*

ကိုပိုင် တကယ်စိတ်ဆိုးသွားပြန်တော့ ယွန်းယွန်း မနေနိုင်ပြန်”

“ကိုပိုင်”

ပိုင်ဆု လုံးဝလှည့်မကြည့်ချေ။

“ခေါ်နေတယ်ကွ”

ကြည့်လေ . . . အစ်ကို့ကို ပြောပုံက "ခေါ် နေတယ်ကွ” တဲ့ ။ သူ့ကိုယ်သူ ယောကျ်ားမှန်း မိန်းမမှန်းမှ သိရဲ့ လားမသိ။ သည် ပေါက်ကျော်မ၏ ရှေ့ရေးက ရင်လေးဖွယ်အ တိ။

“ကိုပိုင် . . . လို့ ဆို”

ကျောကို အုန်းခနဲ လာထုတာလောက်က တော့ ထုသားကျနေပြီမို့ အရေးမလုပ်တော့ပါ၊ သို့ပေမဲ့ ရင်ထဲက ကလီစာအတွဲထဲမှ ဘယ် တော့ ဘာတစ်ခု ပြုတ်ကျမည်မသိ။

သည် ပေါက်ကျော်မနှင့်တော့ အသက်ရှည် ရှည် နေရဖို့ တောင်မလွယ်။

“ကဲကွာ”

ခါးသားကို လိမ်ဆွဲပြန်၏။

ယားလိုက်တာ လွန်ပါရော။ အံ့ကြိတ်၍ တ င်းနေလိုက်သည် ။ ယားသည် ဆိုလျှင် ထပ်ဆွဲ နေ ဦးမည်။

“ထုလို့ လည်း မနာ၊ ကလိထိုးလို့ လည်း မ ယား၊ အသားတွေထုံနေပုံထောက်တော့

အရေပြား ရောဂါပဲ ဖြစ်ရမယ်"

ပိုင်ဆု ရယ်ချင်သွားမိ၏။ သို့ပေမဲ့ မရယ်၊ လှည့်ကိုမကြည့်ဘဲ နေလိုက်သည်။

"ကိုပိုင်ရာ . . . စိတ်ကောက်ပြေတော့ကွာ၊ ယွန်းယွန်းမနေတတ်ဘူး၊ အရမ်းပျင်းတယ်"

သနားသလိုလိုတော့ ဖြစ်မိသား၊ ဘယ်လောက်ပဲ မုန်းတယ် ပြောပြော၊ ချဉ်တယ်ဆိုဆို၊ စင်စစ် . . . ချစ်စရာဆိုလို့ သည် ညီမလေး တစ်ယောက်ပဲ ရှိသည် လေ။

ယွန်းယွန်းကို ပိုင်ဆု တကယ်ပဲ ချစ်ပါသည်။ ဆိုးလွန်း၍ ဒဏ်မခံနိုင်သည် မို့ မုန်းနေရသည် သာ။ တစ်ခါတလေ သူကလိုက်လျောတုန်း လွယ်လွယ်နှင့်လျှော့ပေးလို့ မဖြစ်။ ဖွဲ့တင်း၍ တည်ထား ရပေမယ့် ပိုင်ဆု စိတ်ပြေနေပြီ ဖြစ်လေ၏။

"ယွန်းယွန်းကလေ ဒီဘဝမှာ သိပ်ပျော်တာ"

"ဘယ်ဘဝတုန်းက မပျော်ခဲ့လို့ လဲ ခွေးဘဝတုန်းကလား"

စကားမပြောဘဲ မနေနိုင်တော့၍ ပြောဖြစ်သွားရ၏။ သူ့ကို ခွေးနှင့်နှိုင်းပေမယ့် စိတ်မဆိုး တတ်ချေ။ ယွန်းယွန်းမှာ အဲသည်လို ချစ်စရာကောင်းသည့် အကျင့်ကလေးများ ရှိနေသည်။

"အကောင်းပြောတာပါ ကိုပိုင်ရဲ့၊ ဖေဖေနဲ့ မေမေ ရှိတယ်၊ ချစ်စရာကောင်းတဲ့ အစ်ကိုတွေ ရှိတယ်၊ ယွန်းယွန်း သိပ်ပျော်လို့ နည်းနည်းပါးပါး ဆိုးတာ သည်းခံပါလား ကိုပိုင်ရာ"

"နင်ဆိုးတာက နည်းနည်းမှ မဟုတ်တာ"

"ဒါဖြင့် ကိုပိုင်က တစ်သက်လုံးမခေါ်တော့ဘူးလား"

"မခေါ်တော့ဘူး"

"ကောင်းပါတယ်၊ အစ်ကိုတွေကမှ မခေါ်တော့တာ ရည်းစားထားတာပဲ ကောင်းတယ်"

ယွန်းယွန်း နှုတ်ခမ်းစူ၍ ထွက်လာခဲ့တော့သည် ။ ဘယ့်နှယ်ဒီလောက် ချော့မှ တော့ ပြေပါ တော့လား၊ ကိုပိုင် ခုတလောကို ကြီးကျယ်နေတယ်။

"ဟဲ့ . . .ယွန်းယွန်း"

ယွန်းယွန်းကျိတ်ပြုံး၏။ ရည်းစားထားမှာကျတော့ ကိုပိုင်အလွန် တိုထွာသည် ။

"ခေါ်နေတယ်ဟ"

"နေစမ်းပါ၊ ရည်းစားစာ ရေးမလို့ တွေးနေတာ၊ ဖီလင်အောက်တယ်၊ လာမခေါ်နဲ့"

"နင့်အရွယ်က ရည်းစားထားရမယ့် အရွယ်လား"

"အောင်မယ် . . . ယွန်းယွန်းသူငယ်ချင်း ရွှေစင်ဆိုရင် တစ်ပြိုင်တည်း နှစ်ယောက်"

"အဲဒါမိန်းမကောင်း အကျင့် မဟုတ်ဘူး "

"ကိုပိုင်ပဲ ပြောတယ်၊ ယွန်းယွန်းက မကောင်းဘူးဆို၊ သိပ်ဆိုးတယ်ဆို၊ မိန်းမဆိုးပဲဟာ၊ မိန်းမကောင်း အကျင့်မရှိလည်း ဘာအရေးလဲ"

"ဒါပြောတာ မဟုတ်ဘူး "

"ဘာဖြစ်ဖြစ်"

"ဖေဖေနဲ့ တိုင်ပြောလိုက်မယ်"

"ကိုပိုင်က သည်းညည်းမခံလို့ ၊ သည်းညည်းခံမယ့်သူ ရှာရတာပါလို့ ပြောမှာ ပေါ့"

"ကိုဆက်တို့ ကိုစိုးတို့ ကျရင် နင် ဒီလိုပဲ ဆိုးသလား"

"ကိုဆက်က ပျင်းစရာကြီး၊ ကိုစိုးက လူလည်"

"ငါတစ်ယောက်ပဲ ရွှားဆိုပါတော့"

"အေးအေး . . . နေပါရစေ ကိုပိုင်ရာ၊ ကျေးဇူးပြုပြီး တစ်ယောက်တည်း ထားခဲ့စမ်းပါ"

"နင် ရည်းစားမထားဘူးလို့ ကတိပေး"

"ထားမလို့ ပါဆို ပထမဆုံး စိတ်ကူးထဲ ပေါ်လာတာတော့ နှောင်နှောင်ပဲ"

"တောက် . . ."

ပိုင်ဆု ဒေါသတွေ အလုံးလိုက် အရင်းလိုက် ထွက်လေ ယွန်းယွန်းပျော်လေ။

"နှောင်နှောင်ရေ . . .လို့၊ ယွန်းယွန်းကို သည်းညည်းခံမလား၊ အလိုလိုက်မလား၊ ယွန်းယွန်း ဆိုးသမျှ အပြုံးမပျက် နေမလားလို့ . . ."

"ယွန်းယွန်းမှ လစ်လပ်လျက်ရှိသော ရည်းစားတစ်နေရာအတွက် ခန့်ထားပေးမယ်လို့ . . ."

"ကောင်းတယ် . . . သိပ်ကောင်းတယ်၊ အဲဒီအတိုင်းရေးလိုက်မယ်၊ စာရွက်ပြာပြာလေး နဲ့ . . ."

"ပြီးတော့ မာလကာပင်ပေါ်တက်ပြီးဟိုဘက်ခြံထဲပစ်ချလိုက်ရုံပဲ၊ တော်လိုက်တဲ့ ငါ့ဦးနှောက် ကလေး၊ အလွန်ကောင်းဗျရီးဗွဒ်"

"တော်စမ်း ယွန်းယွန်း"

"တောင်းပန်ပါတယ် ကိုပိုင်၊ ကျေးဇူးပြုပြီး ဒေါသမထွက်ပါနဲ့ ကဗျာဆန်ဆန် စကားလုံး လှ လှလေးတွေကို မေ့သွားမှာ စိုးလို့ ပါ . . ."

"အင်း . . . လစ်လပ်လျက်ရှိသော ရည်းစားတစ်နေရာ . . . အင့်"

ပိုင်ဆုက ပါးစပ်ကို လှမ်းပိတ်လိုက်တော့ သည် ။ ဂူးဂူးဝါးဝါးနှင့် အတော်ကြီးရုန်းကန်မှ လွှတ်ပေးသည် ။

"အလိုလိုက်မယ့်သူမှ မရှိဘဲ"

"ငါ့ကို ဒီလောက်စိတ်တိုင်းကျ နှိပ်စက်နေရတာ မကျေနပ်သေးဘူးလား"

"ကိုပိုင် သည်းခံတာက ဆောင့်ကြီးအောင့်ကြီးကို၊ ပြောလေဒေါသမထွက်ပါဘူးလို့"

"အေး . . . မထွက်ဘူး"

"မျက်လုံးမပြူးပါဘူး"

"မပြူးဘူး"

"ပြူးပြူးလေးနေပါ့မယ်"

"အေးပါဟာ"

"ကိုပိုင် . . . ဘုရားဆူး"

"မြွေကိုက်"

"ကိုက် . . . ကိုက်"

"ယောက်ျားကတိနော်"

"နင့်ဟာက မလွန်လွန်းဘူးလား၊ ပေးတယ်ဟာ ယောက်ျားကတိ"

"ဒီလိုဆို ရည်းစားထားဖို့ ဘယ်လိုတော့မှာလဲလို့၊ ယွန်းယွန်း ကလည်း မထားချင်ပါဘူး၊ ကိုယ့်အစ်ကိုတွေကိုပဲ ချစ်ချင်တာ"

"နင်လည်း ကတိနော်"

"မိန်းမကတိ"

"ဘာလဲ မမြဲဘူးလား"

"ကတိပါဆိုမှ မြဲမှာ ပေါ့၊ ကိုပိုင်ပေးတော့ ယောက်ျားကတိ၊ ယွန်းယွန်းပေးတော့ မိန်းမကတိ"

လက်သွိုးလေးထောင်ထောင်နှင့် ပြောနေပုံက တကယ့်ကို ချစ်စရာကလေး ပေါက်စဟန်လေး နှင့်မို့ ပိုင်ဆုက ငယ်ထိပ်ကို ခေါက်ခနဲ

ခေါက်ချလိုက်တော့သည် ။

"အလားလား . . . နာတယ်"

"ဆောရီးကွာ . . . ချစ်လို့ ခေါက်တာ"

"ခေါက်ပါ . . . ချစ်လို့ ခေါက်တာများ ခေါက်သာခေါက်၊ ယွန်းယွန်းလည်း လေ ကိုပိုင့်ကို သိပ်ချစ်တာပဲ"

"အား . . . ခွေးမလေး"

လက်မောင်းသားကြီးက ယွန်းယွန်းပါးစပ်ထဲ အကွင်းလိုက်ပါ၏။

"ချစ်လို့ ကိုက်တာပါ ကိုပိုင်ရ"

လက်မောင်းမှ အနာကိုမေ့ကာ ပိုင်ဆု ခွီးခနဲရယ်မိတော့သည် ။ ဘယ်လို ပေါက်ကျော်မလေး မှန်းကိုမသိဘူး။

*

အချစ်၏ သီပ်သည်းခမျာ

"ပေးလေ သက်မာ၊ ကိုယ် လုပ်ပေးမယ်"

"ရပါတယ် ကိုပိုင်၊ ပြီးတောင်ပြီးလုပါပြီ"

ပိုင်ဆု ရောက်သွားတော့ သက်မာက လျှပ်စစ်မီးဖိုကြီးမှ ထွက်လာသည် ။

"ညည်သည် ကို အလုပ်လုပ်ရင်းပဲ ညှင်ခံရမယ် . . . အဟဲ"ဟု ဆိုကာ လျှပ်စစ်မီးဖိုကွိုင်ကြိုး ပြတ်နေသည် ကို ဆက်ဖို့ လုပ်နေသည် ။

"မီးသွေးဈေးတွေ တဖြည်းဖြည်းတက်လာတော့ လျှပ်စစ်နဲ့ ချက်ရတာကမှ တွက်သားကိုက်သေးတယ်၊ မီးမွှေးရလည်း သက်သာတယ်

”

“ယွန်းယွန်းတို့ တော့ မီးသွေးတစ်အိတ် ဘယ်ဈေးရှိမယ်ဆိုတာ သိမှာ မဟုတ်ဘူး ”ဟု တွေးမိ လိုက်သေးသည် ။ ဖွင့်ပြောလျှင် “ပါရပြန်ပြီ ဒီယွန်းယွန်း” ဟုဟု သက်မာ မျက်စောင်းလေး ချိတ်ကာ မလိုတမာ ပြောပါလိမ့်ဦးမည်။ ခုတလော သက်မာ အူတိုတတ်နေသည် ။

“ဝန်တိုမှ အချစ်စစ်” ဟူသည့်စကားသာ မှန်ပါလျှင် သက်မာကိုယ့်ကို ချစ်ပြီထင်သည် ။

“မီးမလာတဲ့ အခါကျတော့လည်း ဒီမီးဖိုက အသုံးမဝင်ပြန်ဘူး၊ ဈေးကလည်း ရာနဲ့ ချီပြီး ပေးထားရတော့ မသုံးဖြစ်ပြန်ရင်လည်း တွက်သားမကိုက်ပြန်ဘူး”

“သက်မာ ဘာမေဂျာနဲ့ အောင်ခဲ့တာလဲ”

“ဘာလဲ . . . တွက်လွန်းလို့ လား၊ သချာ ယူခဲ့ပါဘူးရှင်၊ သက်မာတို့ က တွက်တာချက်တာ ဝါသနာမပါပါဘူး၊စားဝတ်နေရေးက မတွက်မဖြစ် တွက်ရတာ”

ချက်ဆို နားကွက်က မီးတောက်ဆိုသကဲ့သို့ ပါးစပ်ဟရုံနှင့် အူမတွေ မြင်တတ်သည့် သက်မာ ကို ပိုင်ဆု အလွန်သဘောကျမိလေ၏။

“ထမင်းစားသွားပါလား ကိုပိုင်”

“ဟောဗျာ . . . သူ့မီးဖိုကဖြင့် ခုမှ ပြင်တုန်းရယ်၊ ဘယ်အချိန်စားသွားရမှာ လဲ”

“မနက်စာက ချက်ပြီးနေပြီ”

“ကိုယ်ဝင်စားရင် ဘယ်လောက်တော့မှာလဲ”

“လောက်ပါတယ်၊ မောင်ကြီးတို့ လင်မယားက ချက်ပြုတ်ပြီးကာမှ မစားတော့ဘူးဆိုပြီးထွက် သွားလို့ ”

"မကုန်နိုင်လို့ သွန်ပစ်ရမယ့်ဟူတူ ဆိုပါတော့"

"ညနေစာမှာ ထမင်းကြမ်းစားဖို့ ဝန်လေးတဲ့ လူတန်းစားမဟုတ်ပါဘူး၊ သက်မာတို့ အိမ်မှာ သွန်ပစ်ရိုးထုံးစံ ဘယ်တော့မှ မရှိဘူး"

"တကယ်ကျွေးရင် တကယ်စားမှာ "

"ကျွေးချင်လို့ ပဲ ပြောနေတဲ့ ဟာကို"

"စားမယ်ကွာ"

"စားမယ်တဲ့ ဟော့ ... ကြည်မာရေ မုန်လာချဉ်ရည်ကို ရေရောချင်ရောတော့"

နောက်ဖေးအက်သို့ လှမ်းအော်ပြောရင်း ရယ်နေသည် ။

"အများကြီးရှိတဲ့ ဟာကို ဘာလို့ ရောရမှာလဲမရဲ့ "

ကြည်မာက အိမ်ရှေ့ထွက်လာကာ ဒေါ်သည် ကို အားနာဖွယ်ပြောတော့လည်း သက်မာ ဆက်၍ ရယ်နေ၏။

"သက်မာကိုကြည့်လိုက်ရင် ရယ်နေတာများ တယ်နော်"

"ရယ်ပဲနေချင်တယ် ကိုပိုင်ရယ်၊ သက်မာက ငိုရမှာ သိပ်ကြောက်တယ်၊ ဒါကြောင့်မို့ အစစ အရာရာမှာ ဆုံးဖြတ်ချက်တွေ နှောင့်နှေးနေရတယ်။

ပိုင်ဆု နားလည်စွာ ခေါင်းညိတ်လိုက်မိတော့သည် ။ သူစဉ်းစားရပေမည်ပေါ့။ ထမင်းကျွေး တာကလည်း ရည်ရွယ်ချက်ရှိမည်။ သူတို့ မိသားစု၏ အနေအစားကိုသိအောင် ပြချင်တာလည်း ပါမည်။ သည် လိုဆိုတော့ သနားသွားရလေ၏။ သက်မာအပေါ်မှာ ရူးနှစ်စွာချစ်သည် ဟု မဆိုနိုင်ပေမယ့် သက်မာကို သဘောကျ၏။ နှစ်ခြိုက်၏။ လေးစားအထင်ကြီး၏။ ခု

တော့ အသနားက ပိုလာပြန်ပါ ပြီ။

*

“စား အစ်ကို၊ မုန်လာချဉ်ရည်က ငါးနဲ့ ချက်ထားတာ”

မောင်လေးက ပိုင်ဆု ပန်းကန်ထဲသို့ ငါးရံ့တုံးလေး ခပ်ထည့်ပေးသည် ။ သဘောကောင်းသည့် ပိုင်ဆုကို သူတို့ မိသားစု တစ်စုလုံး ခင်နေကြပြီ ဖြစ်ပါ၏။

“ဟဲ့ . . . ချဉ်ရည်ဟင်းကို ငါးနဲ့ ချက်တာ သူဌေးတွေအိမ်မှာ အဆန်း မဟုတ်ဘူး ဟ”

သက်မာ နည်းနည်းတော့ရှက်သွားသလိုလိုမို့ မောင်လေးကို ရှက်ရယ်ဖြင့် ပြောသည် ။ မိမိတို့ ၏ နွမ်းပါးမှုအတွက် အစက တစ်ခါမျှမရှက်မိခဲ့ပါ။ ခုမှ ဘာကြောင့် ရှက်မိရပါလိမ့်။ ရှက်ရွံ့စိတ်လေး တွေ၊ ဝန်တိုမှုလေးတွေသည် သံယောဇဉ်ကြိုး၏ အစအနကလေးများ လားဟု တွေးမိလေ၏။

“ကိုပိုင်” ဟု ခေါ်ရတာကိုလည်း ချိုမြိန်လာသလိုလို။

“ကျွန်တော်တို့ အိမ်မှာ တော့ ဆန်းတာပဲ မမရဲ့ ၊ ခါတိုင်းဆို အချိုမှုန့်နဲ့ ချက်တာ”

“မုန်လာရွက်နဲ့ ချက်တာလည်း အဆန်းပဲဆိုတာပြောပါဦးလား၊ ခါတိုင်းဆို ကန်စွန်းရွက်ချဉ် ရည်”

“ဟုတ်တယ် အစ်ကိုရ၊ မုန်လာရွက်က ဈေးကြီးလို့ တဲ့ ဝယ်ခဲ့တယ်၊ ကြည်မာ အားကြီးကပ် စေးနဲ့တာ”

မောင်လေးက သက်မာတစ်ယောက်ကိုသာ မမဟု ခေါ်၍ ကြည်မာ၊ ရီမာ၊ နီမာတို့ ကျတော့ နာမည်ကို သည် အတိုင်းခေါ်သည် ။ ငယ်စဉ်ကတည်းက သွန်သင်ခဲ့ခြင်းမရှိသည် မို့ နှုတ်

ငါးပိသုပ်ထဲမှာ ငရုတ်သီးစိမ်းတွေ ဖွေးနေ၏။ သက်မာက ငရုတ်သီးစိမ်းတွေကို ကြိုးစားပမ်းစားဖယ်ပြီးမှ ပိုင်ဆု ပန်ကန်ထဲထည့်ပေးသည်။

"ရပါတယ် သက်မာ၊ စားနိုင်ပါတယ်"

ပြောရင်းက နဖူးပြင်မှ ချွေးသီးတွေကို သုတ် ဖြစ်၏။ မောင်လေးက သောက်ရေပြေးခပ်ပေး သည်။ ဟင်းအနေဖြင့် မုန်လာချဉ်ရည်တစ်ခွက်၊ စိမ်းစားငါးပိသုပ်တစ်ခွက်နှင့် ဘဲဥကြော်ပဲ ပါ၏။ ဒါတောင် ဘဲဥက အရေးပေါ်ကြော်လိုက်ပုံရသည်။ ဆန်ကလည်း ပိုင်ဆု စားနေကျဆန်နှင့် ကွာချင်တိုင်းကွာ၏။

"ဒီထမင်း၊ ဒီဟင်းမျိုးနဲ့ စားနိုင်ပါ့မလား" ဟု သက်မာသွယ်ဝိုက်စွာ မေးလိုက်ခြင်းပဲဖြစ်

စားမယ့်သာ စားနေရတယ်၊ မျိုလို့ ကို မကျဘူး၊ အိမ်မှာ အမေနဲ့ မောင်တွေ ညီမတွေကျတော့ တစ်မျိုး စားနေရတယ်မဟုတ်လား"

"ဟုတ်တယ်၊ မမ ဘာဟင်းနဲ့ စားခဲ့သလဲဆိုတာ မောင်တော့ ညနေတိုင်းမေးတာပဲ၊ ဟင်းတွေ အရမ်းကောင်းတယ်"

"တနင်္ဂနွေတစ်ရက်ပဲ ကိုယ့်မိသားစုနဲ့ ကိုယ်စားရတယ်လေ၊ ဒီထမင်းဝိုင်းကိုပဲ သက်မာမြိန်တယ်၊ ဟင် . . . ကိုပိုင်ဝပြီလား၊ နည်းလှချေလား"

စိန်နှားကာပ်ရောင်နှင့် ပါးပြောင်သည် ဟု ပဲ ဆိုချင်ဆိုပါတော့။ ပိုင်ဆု ဦးကျော်ထိုက် ဒေါ်ခင်ဆွေလေးတို့ ၏ မွေးစားသားဘဝ တစ်လျှော

က်လုံးတွင် ဒီနေ့လောက်ညှံ့သည့်ဆန်မျိုး တစ်ခါမျှ မစားဖူးခဲ့ပါ။ မှိုချလို့ ကိုမကျ။ လှတော သားလေနှင့်သာပြောရလျှင် ထမင်းက လည်ချောင်းအတွင်းသို့ မားသိုင်းကရ၍ ဆင်းသည် ။

"ကိုယ် ဒီကိုလာခါနီးလေးကျမှ စားလာခဲ့သေးတယ်"

စားလာခဲ့တာတော့ အမှန်ပါ။ သို့ပေမယ့် ထမင်းမဟုတ်ချေ။ ထမင်းစားလာခဲ့တယ်လို့ ပြောတာမှ လည်း မဟုတ်တာ၊ မိုင်ဆု ဝိနည်းလွှတ်လိမ်ရင်း ထမင်းကို လက်စသတ်သည် ။ လုံးဝဆက်စား လို့ မှ မရတော့တာ။

ဆန်ညှံ့တာက ထားပါတော့ ။ ဟင်းခွက်ငါးပိရည်ခွက်တွေမှာ တပ်ထားသည့် ဖွန်းများကို ထမင်းစားသည့်လက်တွေနှင့် ကိုင်ခတ်တော့ ဖွန်းတွေက ညစ်ပတ်နေသည် ။

"ထမင်းတော့ ဟုတ်မယ်မထင်ဘူး"

မိသားစုထဲတွင် အငယ်ဆုံးပေမယ့် သူ့အထက် အစ်ကိုနှင့် အစ်မတွေထက် ပို၍ လိမ္မာသည် ဆိုနိုင်သော မောင်လေးက ချဉ်ရည်ဟင်းကို ခပ်သောက်၏။ နှုတ်ခမ်းနှင့်ဖွန်းတို့ ဆုံရာတွင် မြည်သည့် 'ရှူး'ခနဲသံကြီးက ကျယ်လွန်း၏။

ပြီးတော့ ဖွန်းကို မိမိထမင်းပန်းကန်ထဲ ခါမကျဘဲ ဒီတိုင်းပြန်ထားတော့ ပါးစပ်ထဲမှ ပြန်ဝါလာသည့် ချဉ်ရည်ဟင်းတွေ ဟင်းပန်းကန်ထဲ ပြန်ရောက်သွားတော့သည် ။ နီမှာ ထမင်းဝါးသံ 'ပလပ် . . . ပလပ်' ကလည်း နားညည်းလောက်အောင်ကိုဆူသည် ။

"ဟင် . . .ကိုပိုင်"

"ခင်ဗျာ . . . သက်မာ ဘာမေးလိုက်တာလဲ"

"ထမင်းစားခဲ့တာတော့ ဟုတ်မယ် မထင်ဘူးလို့ "

"မဟုတ်ပါဘူး၊ မန္တလေးကြာဆံချက်ပါ၊ မေ

မေက ဒီနေ့ဘရိတ်ဖတ်စ်ကို ကြာဆံချက်လုပ်ပေး ပါတယ်"

အနားသို့ ရေဇလုံ ရောက်လာသည် မို့ လက်နှိုက်ဆေးလိုက်ရပေမယ့် ဆပ်ပြာခွက်မပါ။ တောင် လည်း မနေချင်တော့ပါဘူးလေ။ လက်ခပ်နံ့နံ့ကိုပဲ လက်သုတ်ပဝါထဲ ထည့်သုတ်လိုက်ရတော့သည် ။ သက်မာဖြင့် အားရပါးရစားလို့ ။

အပြုအမူ အကျင့်စရိုက် နေတတ် ထိုင်တတ်ပုံချင်း မတူသည့်သူတွေနှင့် တစ်အိုးထဲ တစ်အိမ်ထဲ နေလို့ ဖြစ်ပါ့မလား။

သက်မာ အပေါ်မှာ အသနားပိုရပြန်သည် ။ သက်မာသည် နောက်ချေးပုံထဲတွင် ပွင့်သည် ကြာပန်းလိုပါပဲလား။

*

"ကိုယ်တွေ ပူနေပါလား နောင်နောင်"

"မနေ့ကတည်းက"

"မမကို ဘာဖြစ်လို့ အခေါ်မလွှတ်တာလဲ"

"မမက လူကောင်းပဲ၊ မနားရလို့ ဘာမှ မဖြစ်ဘူး"

သက်မာမြည်တွန်တောက်တီးနေသည် ကိုခံယူရသည် ကပင် နောင်နောင့်အဖို့ အရသာ တစ် မျိုးပါ။

"ကြည့်ပါလား၊ အကောင်းပြောတဲ့ ဟာကို။ ဘာစပ်ဖြဖြလုပ်နေတာလဲ"

"မမဆူနေတာကို သဘောကျလို့ "

"နိုင်းကောင်းအောင် ချွဲမနေနဲ့ ကိုယ်တော်လေး"

"မနိုင်းချင်ပါဘူးဗျာ၊အနားမှာ လာထိုင်နေရင်ပဲ ကျေနပ်ပါပြီ"

"မထိုင်နိုင်ဘူးရှင့်၊ ရှင်စားဖို့ သောက်ဖို့ မီးဖိုထဲသွားပြီး စီမံရချဦးမယ်"

"ကောင်းမလေးတွေ နိုင်းပါ မမရဲ့ ၊ မမ ဘယ်မှ မသွားပါနဲ့၊ အနားမှာ နေစမ်းပါ"

"သူတို့ လုပ်ရင် အချိုးမကျမှာ စိုးလို့ ပါကွ"

မကျချင် နေပါစေ၊ မမ မသွားနဲ့ ဗျာ၊ ဒါပဲ"

"ဒါဖြင့်လည်း ပြီးရော၊ တော်ကြာမှ ငနိသလေး ပေါ့သလေးမလာနဲ့ "

"မလာဘူး"

သက်မာက ခုံလေး ဆွဲ၍ ခုတင်နားမှာ ဝင်ထိုင်သည် ။ နောင်နောင်က ခုတင်ပေါ်မှာ လှဲနေ၏။ သက်မာက ချည်စောင်ပါးလေး ခြုံပေးတော့ နောင်နောင် ပြုံးနေပြန်၏။

ယောက်ျားလေးတစ်ဦးကို မိန်းမသားတစ်ဦးက ပြုစုနေရသည် မို့ လူမြင်တင့်တယ်စေရန် နောင်နောင့် အခန်းတံခါးကို အမြဲတစေ ဖွင့်ထားပါသည် ။ ဇာခန်းဆီးလေးတောင် ချမထားပါ။ သည့် တော့ စကြံမှ ဖြတ်လျှောက်သွားတိုင်း လှမ်းမြင်နေရသည် ။

သက်မာအနေနှင့်က အခန်းဝကို ဘေးတိုက်အနေအထားမှာ ရှိ၏။ နောင်နောင်ကကျတော့ မျက်နှာမူလျက်သား။

"လာ . . . ယွန်းယွန်း"

နောင်နောင် လှမ်းခေါ်မှ သက်မာ လှည့်ကြည့်ဖြစ်သည် ။ ယွန်းယွန်းကို သက်မာ ပြုံးမပြဖြစ် ပါ။ ယွန်းယွန်းက မည်သူ့ကို ရယ်မဟုတ်။ အားလုံးကို ခြုံ၍ ပြုံးသည့်သဘောနှင့် ခပ်ပြုံးပြုံးလေး ဝင်လာ၏။ လက်ထဲမှ ပန်းစည်းကို လှမ်းပေးသည် ။

"လှလိုက်တာ ခြံထဲကလား"

"အင်းပေါ့"

နောင်နောင်က ပန်းစည်းကို သက်မာလက်ထဲ လှမ်းထည့်သည် ။

"ပန်းအိုးထိုးလိုက်ရမလား နောင်နောင်"

"ဟုတ်ကဲ့"

သက်မာ ထသွားသည် ဆိုပေမယ့် ဝေးဝေးလံလံတော့မဟုတ်ပါ။ ပန်းအိုးက စားပွဲပေါ်မှာရှိပြီ သား၊ ပန်းဟောင်းတွေ လွှင့်ပစ်ပြီး ပန်းသစ်စိုက်ဖို့ ပဲရှိသည် ။ ရေဆေးတာတို့ ဘာတို့ ကိုလည်း အိပ်ခန်းနှင့်တွဲလျက် ရေချိုးခန်းမှာ မင်လုပ်နိုင်၏။

"မနေ့က ယွန်းယွန်းနဲ့ ဦးလေးကျော်နဲ့ တစ်ဖက်စီတွဲပြီး လမ်းလျှောက်တယ်လေ"

"ဩော်"

"နောင်နောင့် ခြေထောက် တော်တော်ကောင်း ကြွနိုင်နေပြီ ဆရာဝန်ကလည်း တော်တော် အားတက်နေတယ်၊ ဒါပေမဲ့ ဒီလောက်မြန်မြန် မတိုးတက်သင့်ဘူးတဲ့ "

"နောင်နောင် ပင်ပန်းမှာ စိုးလို့ နေမှာ ပေါ့"

"ယွန်းယွန်းက စိတ်မြန်တယ်-မမရဲ့ "

သက်မာ ယွန်းယွန်းထံ အကြည့်တစ်ချက် လွှတ်ရသည် ။ အပြုံးတစ်ပွင့် ပို့ရသည် ။ သည်လောက်မှ မလုပ်လျှင်မကောင်းဘူး မဟုတ်လား။

"မမကတော့ နောင်နောင့်ကို မပင်ပန်းစေဘူးလေ။ ဒါကြောင့်များ တိုးတက်မှုနှုန်း နှေးသလား မသိဘူး"

ယွန်းယွန်းကိုပြုံး၍ ပြောရ၏။

နှုတ်လုံးသားချင်း စကားပြောသည် ဟု မဲ ထာင်စားရမလားမသိပါ။ သက်မာနှင့် ယွန်းယွန်းတို့ တစ်ယောက်နှင့်တစ်ယောက် ဟက်ဟက်ပ

က်ပက် မရှိကြသည် က သိသာလွန်း၏။

"ယောက်ျားပဲ တော်ရုံတန်ရုံဆို တောင့်ခံပေါ့၊ နောင်နောင်က ချွဲကောင်းတိုင်း ချွဲနေတာ"

သက်မာနှင့် ယွန်းယွန်းတို့ တစ်ယောက်နှင့် တစ်ယောက် ဟက်ဟက်ပက်ပက် မရှိကြဖြစ်နေ သည် ကို နောင်နောင် သတိထားမိလေ၏။

ဘာဖြစ်ကြတာပါလိမ့်။

တကယ်ဆို မမက သဘောကောင်းလိုက်တာ လွန်ပါရော။ သို့ပေမဲ့ မမသည် နူးညံ့သိမ်မွေ့ သဘောထားကြီးစွာ လိုက်လျောတတ်သူတော့ မဟုတ်ချေ။ ရောက်စတုန်းကပဲ ကြည့်ပါလား။

ယွန်းယွန်းလည်း တူတူ။ စိတ်ဓာတ်ကလေးက ရိုးဖြောင့်ပေမယ့် တစ်ခါတစ်ရံ သိပ်ချစ်စရာ ကောင်းပေမယ့် ဂျစ်ကန်ကန်လုပ်ကြ

ဆိုလျှင် နှစ်ယောက်မရှိပါ။

"မမနဲ့ ယွန်းယွန်းရှိတုန်း နောင်နောင် ခဏလမ်းလျှောက်ကြည့်ဦးမယ်"

"နိုင်ပါ့မလား၊ ဖြစ်ပါ့မလား နောင်နောင်"

ယွန်းယွန်းက ကိုယ်လုံးလှသည် ဆိုရုံကလေး ပြည့်သော သက်မာကို ဝေ့ဝဲစွာကြည့်၍ ပြောသည်။ သက်မာကို ရုတ်တရက်ကြည့်လိုက်လျှင် ပိန်ပိန်ပါးပါးဟု ဆိုရမည်။ သေသေချာချာကြည့်မှ ကိုယ်လုံးပါးပါးလျားလျားနှင့် ပြည့်ရ ဖြိုးရမည့်နေရာတွင် ပြည့်ဖြိုးစွာ အလှပေါ်လွင်ကြောင်း သိနိုင် သည်။

မြင်ရုံနှင့် ကိုယ်လုံးလှလှချောလားဟု ဆိုနိုင်သည့် အနေအထားမျိုး မဟုတ်ပါ။ သို့ပေမဲ့ ခုခေတ်က သည် လိုပြည့်ရုံကလေး ပြည့်သည့် ခပ်ပိန်ပိန် ကိုယ်လုံးကိုယ်ပေါက်ကိုမှ အင်တာနေရှင်နယ်ဘော်ဒီဟု ခေါ်တာ လှသည်

ထင်ကြသည့်ခေတ် မဟုတ်လား။

ယွန်းယွန်းကတော့ ဝဝကစ်ကစ်နှင့် ချစ်စရာလေးဟု ဆိုလျှင်လည်း ရသည် ။

"နိုင်ပါတယ်၊ ဘာဖြစ်လို့ လဲ"

"ယွန်းယွန်းက နိုင်ပါတယ်"

ယွန်းယွန်းက နိုင်ပါတယ်ဆိုတော့ သက်မာဘက်က နိုင်ပုံမလားဟူသည့် အဓိပ္ပာယ်ပေါ်၏။ သက်မာ ပြုံးလေသည် ။

"ယွန်းယွန်း ဘက်ခြမ်းနဲ့ ထပ်တူ စိတ်ချထားလိုက်တော့ ယွန်းယွန်းရေ"

သက်မာက ယွန်းယွန်းသို့ စကားတိုက်ရိုက် တစ်ခွန်းစပြောသည် ။ မျက်နှာက ခပ်ပြုံးပြုံးပါ ပဲ။ ယွန်းယွန်းလည်း လှစ်ခနဲပြုံးလိုက်သည် ။

"ယွန်းယွန်းဘက်ကလည်း မမဘက်နဲ့ ထပ်တူ စိတ်ချထား လိုက်လေ၊ ဒါပေမဲ့ ယွန်းယွန်းက မမနဲ့ လောင်းချင်တာ"

နောင်နောင့်ရင်ထဲ အလုံးကြီး ကျသွားရတော့သည် ။ စောစောတုန်းကတော့ ယွန်းယွန်းနဲ့ မမ ဘာကိုသဘောမကျဖြစ်နေကြပါလိမ့်လို့ ။ ခုတော့လည်း ပြောလို့ ဆိုလို့ ပါပဲလား။

"လောင်းလေ . . . ဘာကို လောင်းချင်တာလဲ"

"တစ်ယောက်တည်းတွဲရင် ဘယ်သူက နိုင်နင်းပြီး ဘယ်သူက မနိုင်မနင်း ဖြစ်မလဲဆိုတာ"

"ယွန်းယွန်းရှုံးမှာ ပေါ့၊ မမက နောင်နောင့်ကို တစ်ယောက်တည်းတွဲနေကျ"

"နောင်နောင့်ကို မဟုတ်ဘူး ၊ ကိုပိုင့်ကို"

"အဲဒါကြီးတော့ မလောင်းကြပါနဲ့ ဗျာ၊ ကိုပိုင် အချောင်ဒုက္ခိတ ဖြစ်နေရဦးမယ်"

နောင်နောင်က ခြေကိုကြိုးစား၍ မြောက်ရင်း ပြောသည် ။ ခြေထောက်က ကွဲတော့ ကွဲသည် ။ ပြန်ချရာတွင် ကြိုးနှင့်တွဲလောင်းကြီး ဆွဲထားသည့် သစ်သားချောင်းတစ်ခုနှယ်၊ ချိန်သားမကိုက်ပါ။ ကျချင်ရာနေရာမှာ ကျ၏။ မိမိကျစေလို့ သည့်နေရာမှာ မကျပါ။

"ခြေထောက်ကို အသုံးမချနိုင်ဘဲ ဖြစ်ရဖို့ များ လွယ်ကလွယ်နဲ့ နောင်နောင်ရဲ့ ၊ မသကာ ဒူးဆစ်လေးကျိုးပေးရုံပေါ့"

ယွန်းယွန်း တခစ်ခစ် ရယ်သည် ။ နောင်နောင် ရောရယ်ပေမယ့် သက်မာ မပြုံးမရယ်နိုင် ဖြစ်နေသည် ။

"ယွန်းယွန်း ဘာအဓိပ္ပာယ်နဲ့ ပြောတာလဲ"

ကျိတ်တွေးဖြင့် မျက်လုံးလေးကျ အတွန့်ကျိုးနေရသည် ။

"မမကိုမှီပြီး ရပ်နေဦး နောင်နောင်ရေ၊ ဦးလေးကျော်ပြေးခေါ်ဦးမှ ၊ ဒီလှေကားကြီးပေါ်ကနေ တော့ ပွေ့မချနိုင်ဘူးကွ၊ မိန်းမဖြစ်ရတာ အသုံးကိုမကျဘူး"

ယွန်းယွန်း လှေကားမှ ပြေးဆင်းသွားသည် ။

"ယွန်းယွန်းဟာ တကယ့်ကလေးစိတ်လေးပဲ၊ သိပ်ခင်စရာကောင်းတယ်"

"နောင်နောင်နဲ့ တော်တော်ခင်ကြသလား"

"ကစားဖက် ရန်ဖြစ်ဖက်တွေပဲ မမရဲ့ ၊ ခင်တာပေါ့"

"ဒါပေမယ့် ရီးသားကြတယ်နော်"

သက်မာကို အားပြု၍ မှီနေရာမှ ပင် သက်မာကို နောင်နောင်စူးစိုက်ကြည့်လိုက်၏။

"ကျွန်တော်ဟာ ယွန်းယွန်းကိုမှ မဟုတ်ပါဘူး၊ ဘယ်မိန်းကလေးတစ်ယောက်ကိုမှ မရိုးမသားပြစ်မှားဖို့ အရွယ်မတိုင်ခင် ဒုက္ခတဖြစ်ခဲ့ရတာပဲ မမရာ"

"ကြည့်စမ်း . . . ဒီလိုသာမဖြစ်ရင် ကိုယ်တော်လေးက ခုဆို အတွဲနဲ့ ပေါ့လေ"

"ခုလည်း အတွဲနဲ့ ပါပဲ မမရဲ့"

"ဘယ်သူလဲ မင်းအတွဲ"

"မမလေ"

"ဟင်"

သက်မာမျက်နှာသိသာစွာပျက်သည်။

"မမကို တွဲထားရတာ၊ မမကို အားပြုပြီး မှီအားရတာ၊ မမက ကျွန်တော့်အတွဲ မဟုတ်လို့ ဘာတုန်း"

ကောင်းဆိုးလေး။ ရင်ထဲက ဝေဒနာတွေ ပွင့်ထွက် လာပြီးမှ ဆင်ခြေလျှော့အတိုင်း မျောပစ် လိုက်တာ မသိဘူးများ မှတ်နေသလား။

ခက်တာက ကောင်လေးနားမှာ ရှိနေတာကိုပဲ ပျော်နေရသည့်အဖြစ်ပါပဲ။ မလွယ်ဘူး ချာတိတ်ရယ်။

*

"ခဲလုံးတွေနဲ့ နော် နောင်နောင်၊ ချိုင်းထောက်ကို သတိထားပြီးထောက်"

"လဲတော့လည်း ထူပေါ့ မမရာ"

နောင်နောင်က ကလေးဆိုးကြီးလို ပြောသည်။

ချစ်လိုက်ရတာ မမရယ်၊ ဘယ်လိုချစ်မှန်းကို မသိဘူး၊ အဲဒီလို မသိတာမို့ ပြောလည်း မနေတော့ ပါဘူး။

နောင်နောင့်မျက်နှာ တအားပြုံးနေသည်။

သည် နေ့ နောင်နောင့်ကို မင်္ဂလာဒုံဥယျာဉ်ထိ ကားနှင့်တင်၍ ခေါ်လာခဲ့သည် ။ ပန်းခြံထဲသို့ နောင်နောင် ချိုင်းထောက်နှင့်လျှောက်ဝင်ခဲ့၏။

နောင်နောင့် ခြေထောက် အခြေအနေက သိသိသာသာကြီးကို တိုးတက်လာခဲ့ပါသည် ။ ခုဆို ချိုင်းထောက်နှစ်လုံးသုံးလျှင် တစ်ဖက်သားအကူအတွဲ မပါဘဲ ကိုယ့်ဘာသာလျှောက်နိုင်သည် ။ မတ်တတ်ရပ်နိုင်သည် ။

ဦးရဲနောင်ကဆိုလျှင် သက်မာကို ကျေးဇူးတင်လွန်းသည် မို့ စိန်လက်စွပ်တစ်ကွင်းတောင် ဆုချပြီးသွားပါပြီ။

ကျေးဇူးတင်တယ် သမီးရယ်၊ တကယ်ပြောတာ၊ ဆရာဝန်ကလည်း ပြောတယ် သူ့ဆေး ဘယ်လောက်စွမ်းစွမ်း သက်မာရဲ့ အပြုအစုနဲ့ စိတ်ဓာတ်စစ်ဆင်မှုကြောင့် ဒီလောက်တိုးတက်လာ တာတဲ့ "

"နောင်နောင့် ကုသိုလ်လည်း ပါမှာ ပါ အန်ကယ်"

"ပါတယ်ပဲ ထားဦးကွယ်၊ ငါ့တူမကြီးရဲ့ ကျေးဇူးကတော့ ဆပ်လို့ မကုန်ဘူး" . . တဲ့ ။

နောင်နောင့်ဘေးမှာ လျှောက်လိုက်လာရင်း သက်မာအတွေးတွေ တွေလာ၏။

"သက်မာလည်း ဝမ်းသာနေတာပါ အန်ကယ်၊ နောင်နောင့်ကို အကူအတွဲမပါဘဲ သူ့ခြေထောက်ပေါ် သူ့ဘာသာ ရပ်နိုင်စေချင်ပါပြီ"

ဆိုတော့ . . .

"အဲဒီဆန္ဒတော့ မြန်မြန်မပြည့်စေနဲ့ ကွယ်၊ နောင်နောင်က သူ့ခြေထောက်ပေါ် သူရပ်နိုင်တဲ့ နေ့ဟာ ဖေဖေ ချွေးမရတဲ့ နေ့ပဲတဲ့ ၊ ကြုံးဝါးနေတာ "ဟု ပြန်ပြောခဲ့သည် ။ အဲသည်အချိန်က သက်မာ မျက်နှာလေး ရဲတက်သွားရသလို၊ ခုလည်း ရဲတွက်လာရလေ၏။

"ကြည့်ပါဦး၊ သူ့အမျိုးသားလေးကို ဘယ်လောက်ချစ်သလဲ၊ ချိုင်းထောက်ကြီးနဲ့ မင်္ဂလာဒုံဥယျာဉ်အထိကို ခေါ်လာတာပဲ"

ဖြတ်လျှောက်သွားသည့် အသက်ကြီးကြီးစုံတွဲတစ်တွဲထံမှ ဝေဖန်သံ ထွက်လာတော့ သက်မှာ ချက်နှာ ရှိန်းကနဲ ပူရပြန်၏။ သူများတွေကတော့ ထင်ကြတော့မှာ ပဲ။

"ကြားလိုက်သလား မမ"

နောင်နောင် စပ်ဖြဖြနှင့် လှည့်မေးသည် ။ နောင်နောင် အရမ်းပျော်နေပါ၏။ ခုလို လူတောသူ တောထဲ မရောက် လာလေးနှစ်ရှိပြီလေ။

"ဟင် ... မမကြားလိုက်သလား"

"ဘာလဲ၊ မကြားပါဘူး"

"မကြားတာပဲ ကောင်းပါတယ်"

ဥယျာဉ်ထဲတွင် အချို့နေရာတွေက မြေညီပေမယ့် အချို့နေရာတွေကျတော့ တော်တော်ဆိုး သည် ။ ဆိုး သည် ဆိုရာ၌ ခြေထောက်သန်စွမ်းသူများ ၊ ကျွမ်းကျင်စွာအသုံးချနိုင်သူများ အဖို့ တော့ မဆိုးဘူးပေါ့လေ။ ချိုင်းထောက်သစ်သားချောင်းနှင့် လျှောက်လှမ်းရသူအဖို့ မှာ ခဲလုံးပေါ် ချိုင်း ထောက်ချမိလျှင် ယိုင်လဲသွားနိုင်၏။

"မောပလား နောင်နောင်"

"မောတယ်"

နောင်နောင် တကယ်လည်း မောနေပါသည် ။ နောင်နောင့်အဖို့ က ခြေထောက်မသန်ရုံမက မွေးရာပါ နှလုံးရောဂါတစ်မျိုး ကလည်း ရှိသေးသည် လေ။

"ဒါဖြင့်ဦးလေးကြီးကို လှမ်းခေါ်လိုက်တော့မယ်နော်"

"ဟုတ်ကဲ့ . . . မမကို ဒုက္ခရှာတာပါဗျာ"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ နောင်နောင့်ရယ်"

မင်္ဂလာဒုံဥယျာဉ်သို့ လာရာတွင် သက်မာ၊ နောင်နောင်နှင့် ယာဉ်မောင်း၊ စုစုပေါင်း သုံးဦးတည်း လာခဲ့ကြသည် ။ နောင်နောင်က ချိုင်းထောက်နှင့် တတ်နိုင်သလောက်လျှောက်၊ မလျှောက်နိုင်တော့လျှင် ယာဉ်မောင်းကို အချက်ပြကာ

အီးတပ်ကုလားထိုင်ယူလာခဲ့ခိုင်းပြီး လျှောက်တွန်းဖို့ စီစဉ်ခဲ့ပြီး ဖြစ်ပါသည် ။

တစ်ဖက်တစ်ချက် ယှက်သန်းနေသည့် ဝါးညွှန့်များက အမိုးသဖွယ် ဖြစ်နေ၏။ သည့် နေရာမှာ မြေလည်း အလွန်ညီသည် ။ ကုန်းတက်ကလေးကတော့ နည်းနည်းရှိ၏။ သို့ပေမယ့် အလှဆုံးနဲ့ အသာယာဆုံးနေရာလေးပါပဲ။

လှည်းကို လမ်းဘေးကပ်ရပ်ပေးထားကာ နောင်နောင်က မျက်စိလေးမှိတ်၍ အနားယူနေသည် ။ သက်မာ ဘေးမှ ရပ်စောင့်ရင်း နောင်နောင့် မျက်နှာနုနုလေးကိုငုံ့ကြည့်နေမိသည် ။

"ချစ်စရာကောင်းတဲ့ နောင်နောင်ရယ်"

ရင်ထဲမှ ဆန္ဒကိုသာ မသိမ်းကြေးဆိုလျှင် နောင်နောင့်နဖူးလေးကိုတောင် ငုံ့မွှေးချင်မိ၏ ။ နောင်နောင့်ကို သက်မာ အလွန်ချစ်ပါသည် ။ ချစ်သည် ဆိုရာ၌ မောင်လေးတစ်ယောက်လို၊ ကိုယ့်ကို အားကိုးနေရှာသည့် လူငယ်လေး၊ ကိုယ်က ပြုစုစောင့်ရှောက်ရမည့်အရွယ် မရောက်သေးသူလေးလို၊ မိခင်စိတ်ဖြင့် ပေးဆပ်ခြင်း မေတ္တာ ပြည့်ဝစွာဖြင့် ချစ်မိပါ၏ ။

သည် လိုချစ်မိရာ၌ သွေးသားမတော်စပ်ပါ

ဘဲ၊ သွေးသားရင်း ချာနယ် ချမ်းပါသည့် ဆို တော့ သက်မှာ အချစ်မှာ အဖြူရောင်သက်သ က် မထသာသတော့လည်း အမှန်ပါ။

“မမ ကျွန်တော့်ကို ကြည့်နေတယ် မဟုတ် လား”

နောင်နောင် မျက်စိမဖွင့်ဘဲ ခပ်ပြုံးပြုံးမေး သည် ။

“အမောပြေပလား နောင်နောင်၊ မင်းမျက်စိ မဖွင့်ဘဲ ကြည့်နေမှန်း ဘယ်လိုသိလဲ”

“ကျွန်တော် . . . မျက်စိမှိတ်ထားလည်း မ မကို မြင်နေတာပဲဟာ”

“မင်းရင်ထဲမှ နှလုံးသားကိုကျတော့ မင်းရ င်ခွဲမပြဘဲ မမမြင်နေရတယ် မောင်မောင်ရယ် ဟု ပြန်မပြောဖြစ်တော့ပါ။

“မမ ဘာတွေတွေးနေလဲဟင်”

“မင်းမြေမှာ [illegible] တယ်၊ မင်းအသက်ကို [illegible] စ် လိုက်တယ်”

နောင်နောင့်ရင်ထဲ နင့်ခနဲ ဖြစ်သွားရသည် ။ မမသည် လိုပဲ မညာကြေး ပြောပြောချတတ် ကျင့် လေး ရှိတာကိုပဲ နောင်နောင် သိပ်ချစ်နေ ရတာဗျာဟု ပြောချလိုက်ချင်သည် ။

“အဲဒီလို လုပ်ပြီးတော့ရော”

“အြော် . . .ခုလိုဥယျာဉ်ထဲ လာတဲ့ အခါမှာ မင်းဘေးမှာ မင်းရဲ့ ဇနီးပါမယ်၊ သားသမီးတွေ ပါမယ်”

“အဲဒီအချိန်မှာ ကျွန်တော့်ရင်ထဲမှာ ဘယ် လိုခံစားနေရမယ်ထင်သလဲ”

“ပျော်နေမှာ ပေါ့”

“ခုလည်း ပျော်တာပါပဲ၊ ခုကို့ထဘာဝထိ ရှ

တွေမြင်ပေမယ့် ကျွန်တော် မရှက်ပါဘူး မမ၊ ဒါဟာ ငါးပါးသီလနဲ့ လည်း မငြိစွန်းဘူး၊ မရှက်ရဘူးလို့ မမပဲ ပြောခဲ့တာလေ"

"ဒါပေါ့ကွယ်၊ လိမ်းမလျှောက်နိုင်တာဟာ ရှက်စရာမှ မဟုတ်တာ"

"ကျွန်တော့်ကို လျှောက်တွန်းနေရတာကျတော့ မမ မရှက်ဘူးလား"

"မင်းကို ဒုက္ခပေးနေတာမှ မဟုတ်ဘဲ၊ ကူညီနေတာပဲဟာ ဘာရှက်စရာရှိလဲ နောင်နောင်၊ ဂုဏ်တောင်ရှိသေးတယ်"

"အဲဒီစိတ်ဓာတ်ကို လေးစားနေရတာပဲ မမရယ်"

သက်မာက ဘေးနားမှာ ရပ်နေသည် မို့ သက်မာမျက်နှာက အမြင့်ဗိုင်းကျနေ၏။ နောင်နောင် မျက်စိဖွင့်ကြည့်သည် ။ နွေနေ၏ အပူရှိန်က လုံးဝလျော့ကျသွားသည် ။ နေခြင်းကြေ

င်တောက် လေမင်းကြီး [illegible] မ မရယ်။

သိပ်ချစ်တယ်။

ပထမဆုံး ခြေထောက်တွေ ပြန်ကောင်းလာဖို့ လိုသည် ။ ပြီးတော့ ကျောင်းပြန်တက်၊ ဆယ်တန်းပြန်ဖြေ၊ နောင်နောင်သာ ဖြေလို့ ကတော့ နှစ်ချင်းပေါက်အောင်မှာ မလွဲ . . .

အသက်မွေးဝမ်းကျောင်း၊ တက္ကသိုလ်တွေမတက်တော့ဘူး၊ အချိန်တွေ ကြာတယ်၊ ဘွဲ့မြန်မြန် ရအောင် မေဂျာတစ်ခုခုယူ . . .

. . . ပြီးတော့၊ ဖေဖေ လုပ်နေတဲ့ စီးပွားရေးလိုင်းထဲပဲဝင်၊ ဘွဲ့ရဖို့ က လေးနှစ်၊ စီးပွားရေးတစ်နှစ်လောက်လုပ်ဆိုရင် ငါးနှစ်၊ ခြေထောက်က ချက်ချင်း ပြန်ကောင်းသွားရင်တောင် ငါးနှစ် တော့ကြာမယ် မမ . . .

ဒီခြေထောက်တွေက ဘယ်တော့မှ ကောင်း

မယ်မသိတော့ ခက်တယ်၊ ယားပါတော့၊ တစ်နှစ် လောက်နဲ့ ကောင်းမယ်ဆိုရင်တောင် ခြောက်နှစ်၊ အဲဒီခြောက်နှစ်၊ မမစောင့်နိုင်ပါ့မလား၊ မမကို ကျွန်တော် လက်ထပ်ချင်တယ် . . .

"အဲဒီစကားတွေ မမကို ဘယ်လိုပြောရမလဲ၊ ဒီပါးစပ်ထဲက ဘယ်လိုပြောထွက်နိုင်ပါ့မလဲ။

"ပြန်ကြစို့ . . . မမ"

"မင်းစိတ်ထဲမှာ အပြောင်းအလဲလေး ဖြစ်ရဲ့ လား"

"ဖြစ်ပါတယ်၊ ဒီဥယျာဉ်ကို ကျွန်တော် တစ်ခါမှ မရောက်ဖူးတာ"

"မနက်ဖြန်ကျရင် မယ်လမုဘုရား သွားဖူးကြဦးစို့"

"ကျွန်တော့်ကို လူတွေတောထဲ သိပ်သွင်းချင်တာတွေနော် မမ၊ မမ "ကျော်ကြားလို့ နေရာ ပေါင်းစုံကို လိုက်ပို့နေတာလေ"

"မင်း ရှုပဲ နောင်နောင်၊ လူဆိုတာ လူတွေထဲမှာ ရောနှောနေချင်တာပေါ့၊ လူဟာ လူ့ဆန္ဒာ နေရမှ လူ့ဘဝမှာ နေရကျိုးနပ်တယ်"

"မမ စေတနာတွေကို ဆယ်သက် ကျွန်ခံဆပ်ရရင်တောင် ကျေမှာ မဟုတ်ဘူး "

"မကျေမယ့်တူတူ မဆပ်နဲ့ တော့ကွာ"

သက်မာ လှည်းလေးကို တွန်းလာသည် ။ နေကပူသည် မို့ လှည်းကို တွန်းရသူလည်း မော သည် ။ လှည်းပေါ်မှာ ထိုင်စီးရသူလည်း ချွေးပြန်နေသည် ။ နောင်နောင့် ခြေထောက်တွေက နေပူထဲ ခံနိုင်သလောက် ခံပေးဖို့ လိုအပ်သည် မို့ သည် လိုပဲ ချွေးထွက်ခံနေရပါတော့သည် ။

"မောင်နမဖြစ်ရမယ်"

"ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ လင်မယား"

ဝေမန်သံက အနီးကပ်မို့ နှစ်ယောက်သား နားနှင့်ဆတ်ဆတ်။

"ကောင်လေးက အရမ်းငယ်တယ်၊ မိန်းမ ယူရမယ့် အရွယ်မှ မဟုတ်တာ"

နောင်နောင်သည် အသက်က ငယ်ရသည့် အထဲ လူကမမောသယ်မို့ အိမ်တွင်းပုန်းရက်က များကာ နုသင့်သည့် ထက် ပိုနုနေရ၏။ သူ့ကို နှစ်ဆယ်ဟု မည်သူမျှ မထင်နိုင်ပါ။ ဆယ့်ခုနှစ် ဆယ့်ရှစ်လောက်ပဲ မှန်းကြမည်။

"သူဌေးသားဆိုတာ ဘယ်အချိန်ယူယူ ဖြစ်တာပဲ၊ မိန်းမတစ်ယောက်ကို ရှာကျွေးနိုင်ဖို့ အချိန်စောင့်စရာမှ မလိုတာ"

"မိန်းမက ကြီးတယ်"

"ဘာပဲဖြစ်ဖြစ် လင်မယားပဲ ဖြစ်ရမယ်၊ အစ်မတစ်ယောက်ဟာ [illegible] က် ဒုက္ခမခံဘူး"

"ခံချင်ခံမှာ ပေါ့ကွ၊ မင်္ဂလာဆောင်းထဲ ဝတ္ထုလေး တစ်ပုဒ် ပါဖူးတာနဲ့၊ တွေ့သမျှ မြင်သမျှ ဇာတ်လမ်း ထွင်ပြီး စိတ်ကူးယဉ်မနေနဲ့ ကွ"

"ဟ . . . ဝတ္ထုဇာတ်လမ်းဆိုတာ လူ့ဘဝထဲက ဆွဲထုတ်ယူရတာပဲဟာ"

စကားပြောနေသူ နှစ်ဦးက ပြောမနာ ဆိုမနာတွေ ဖြစ်ကြပါလိမ့်မည်။

"သူဌေးသားလို့ မင်းကို ဘယ်သူပြောလဲ"

"သူဌေးသားရုပ်ပဲ"

"သူဌေးသားရုပ်၊ ဆင်းရဲသားရုပ်ဆိုပြီး မှတ်ပုံတင်ထားတာ ရှိသလား"

"ကပ်မပြောနဲ့ ခွေးကောင်၊ မှတ်ပုံတင်မထားပေမယ့် အသိသာကြီး"

"လှင်းပါဦး စာရေးဆရာအလောင်းကြီးရယ်"

"အမြင်နိုင်ဆုံးက အဝတ်အစား အသုံးအဆောင်၊ ပြီးတော့ မျက်နှာပြင် ခံစားမှု၊ တချို့တွေ ကျတော့ ဖွင့်ပြောလို့ မရပေမယ့် သိသာနေတာတွေလည်း ရှိနေတယ်"

"မင်းဖြီးနေတာလည်း ဖြစ်နိုင်တာပဲ"

"လောင်းမလား"

"လောင်းပါပြီတဲ့၊ အမှားအမှန် ဘယ်လိုသိနိုင်မလဲ"

"သွားမေးမှာ ပေါ့"

"ခုနေ ဗေဒင်မေးရင် ပါးချခံရကိန်းရှိတယ်လို့ ဟောမလားပဲ"

"ပါးစပ်တစ်ခု ဘာလုပ်ဖို့ ထားသလဲ"

"စားဖို့"

"ခွေးကောင် . . . နှုတ်ချိုသျှိုတစ်ပါးအပ်ပါးရိုက်မခံရအောင် မေးမှာ ပေါ့၊ ဖြစ်ပါတယ်"

တစ်စခတ်စနှင့် ခြေသံတွေက ပိုနီးကပ်လာသလို အသံတွေကလည်း ပိုကျယ်လာသည် ။ မိမိ တို့ နှစ်ဦးကို ဝေဖန်နေမှန်းသိ၏။ လှည်းကို သည့်ထက် မြန်မြန်တွန်းဖို့ ကျတော့လည်း နှောင်နှောင် ပင်ပန်းရှာမည်။

ပြီးတော့ လှည်းတွန်းမိန်းမသားတစ်ဦး၏ ခြေလှမ်းဟာ လျှောက်ရုံသက်သက် လှမ်းနေသည့် ယောက်ျားကြီးနှစ်ဦး၏ ခြေလှမ်းကို မည်သို့မျှ ပြတ်ကျန်အောင် ချန်နိုင်ခဲ့မည်မဟုတ် ။ သည် တော့ မျက်နှာပူပူနှင့်ပဲ နားထောင်နေရ၏။ သြော် . . . လူတွေဟာ ကိုယ့်အမင်း ကိုယ်စားပြီး သူများ အ ကြောင်း တယ်လည်း စိတ်ဝင်စားကြပါလား။

လ ။ တော ၀ မ ၊ ၁ ချစ်စရာအကျင့်ကောင်းလေး

တွေ အများကြီး ရှိသလို မုန်းစရာအကျင့်ဆိုး တွေ လည်း အများကြီး ရှိနေ၏။

"လင်မယားဆိုတာသာ မုန့်ရင် ကောင် လေးက ချမ်းသာအမျိုးသမီးက ဆင်းရဲ"

သုံးနှုန်းသည့် နာမ်စားကပင် သက်မာနှင့် နောင်နောင်တို့ ၏ ကွာခြားမှုကို ပေါ်လွင်စေ သည် ။ နောင်နောင့်ကျတော့ "ကောင်လေး" တဲ့ ၊ သက်မာကျတော့ "ကောင်မလေး"ဟု ဘာ ကြောင့်မခေါ် ပါသနည်း။

အဖြေက ရှင်းပါသည် ။ သက်မာသည် ကောင်မလေးတစ်ယောက်မှ မဟုတ်တော့ဘဲ။

"မင်းခြေထောက်တွေ ပြန်ကောင်းသွားမ ယ်ဆိုရင်တောင် လေးငါးနှစ် ကွာဟနေတဲ့ အ သက်ကြီးကို ဘယ်လိုလုပ်ကြမလဲ နောင်နောင် ရယ်"

ရင်ထဲမှာ တွေးမိသည် ။ သက်မာလို လက်

တွေ့သမားက ရင်ထဲမှာ စကားတွေ အများကြီး ပြောနေတတ်ကြောင်း သူများ တွေကတော့ ထင်မှာ မဟုတ်။ သက်မာသည် သောကြာသ မီးပါ။ သောကြာသားသမီးများ စကားများ သ ည် ဟု ဆိုရိုးရှိ၏။ သက်မာသည် သောကြာပီ သ၏။ သက်မာ စကားအလွန်များ ပါသည် ။ သို့ပေမဲ့ ရင်ထဲမှာ သာ ပြောဖြစ်ပါသတည်း။

"ဒါဆိုပိုက်ဆံမကက်လို့ ပေါ့"

"တကယ်ချစ်ရင်လည်း ချစ်မှာ ပေါ့"

"ကောင်လေးက ဘာဖြစ်လို့ ယူမလဲ"

"ဒီဒုက္ခကို ခံနိုင်ဖို့ အတွက် အသက်ကြီးကြီး ဆင်းဆင်းရဲရဲထဲကမှ ရမယ်၊ ရွယ်တူဂုဏ်တူဆို ရင် လစ်ပြေးမှာ ပေါ့"

သက်မာ ဝိုင်ဆုကို လှစ်ခနဲ သတိရသည် ။ မိမိတွန်းနေရသည့် လှည်းပေါ်တွင် ကိုဗိုင်ကို

ဗာင်ကြည့်သည် ။ တွန်းကြည့်သည် ။

"ခုထက်အများကြီး ပိုပင်ပန်းမှာ ပဲ"

တွန်းချင်စိတ်တောင် ရှိပါ့မလားမသိ။ ခုလို လှည်းပေါ်တင်၍ တွန်းရမည်ဆိုလျှင် ဝန်လေးမိ ပေမယ့် ပိုင်ဆု အေားနားမှာ ကပ်လိုက်ပြီး လက်မောင်းကို မှီနွဲ့စွာခို၍ လမ်းလျှောက်ချေပါ ဆိုလျှင် နောင်နောင့်ထက်ပင် ပို၍ အားကိုးချင်မိသေးသည် ။

"မင်းကိုချစ်တာက ပေးဆပ်ချင်တဲ့ မေတ္တာသက်သက်ပဲ နောင်နောင်ရယ်၊ ကိုပိုင့်ကိုကျတော့ ချစ်တယ်လည်း မဆိုသာ၊ မချစ်ဘူးလည်း မဟုတ်၊ ရယူပိုင်ဆိုင်ထားသင့်တဲ့ ခင်ပွန်းတစ်ဦးလို့ "

ဂိတ်ဝ ထွက်ပေါက်လို့ ရောက်လာခဲ့သည် ။

"မောပလား မမ"

"မမောပါဘူး နောင်နောင်ရဲ့ "

ကားလမ်းကို ဖြတ်ကူးဖို့ မလိုပ်။ သည့် ဘက်ခြမ်းရှေ့နားမှာ ပင် ကားရပ်ထားသည် ။ ဟိုင်းလပ်စ်လေးချိတ်မို့ နောက်ဘက်တွင် လှည်းကိုတင်ကာ ရှေ့ပိုင်းမှာ နောင်နောင်ရော သက်မာပါ ထိုင်နိုင်သည် ။ ကားမောင်းသည့် ဦးလေးကြီးက နောင်နောင့်ကို ကားပေါ်မွေ့တင်ပေးရပါမည်။

"ဒီ . . . ဒီမှာ ခင်ဗျ"

ခေါ်သံကြောင့် လှည့်ကြည့်တော့ အမျိုးသားနှစ်ဦး။ စောစောက ဝေဖန်ရေးသမျှား ပင် ဖြစ်ပါလိမ့်မည်။ နောင်နောင်လည်း သဘောပေါက်သည် မို့ မျက်ခုံးနှစ်ခုကို အတွန့်ချိုးချလိုက်သည် ။ နောင်နောင် မကြည်ပါ။

"အပဲ"

တစ်ယောက်က မျက်နှာချိုသွေးသည် ။

"ဘာအပဲလဲ၊ ခင်ဗျား လူပြက်လား"

နောင်နောင် ဘုမှတ်လိုက်၏။

"ဒီလိုပါ ခင်ဗျာ၊ တစ်ခုလောက် မေးပါရစေ"

"နောက်ကနေ လိုက် လာပြီး လျှာချောင်နေတာ ခင်ဗျားတို့ နှစ်ယောက်ပဲ မဟုတ်လား"

"ကျွန်တော်က စာပေဝါသနာရှင်ပါ"

"စာပေဝါသနာရှင်ဆိုရင် စာရေးပါလား၊ စာဖတ်ပါလား"

"ရေးပါတယ်၊ ဖတ်လည်း ဖတ်ပါတယ်"

"သူများကြောင်း စိတ်ဝင်စားတာနဲ့ စာပေနဲ့ ဘာမှ မဆိုင်ဘူး၊ စာပေဝါသနာရှင်ဆိုတာ သူများ အကြောင်း အကောင်းပြောစရာလည်း မလိုဘူး၊ အဆိုးပြောစရာလည်း မလိုဘူး"

"ဟာ . . . မပြောပါဘူး ခင်ဗျ၊ ဟို . . . ဝေဖန်ကြည့်တာ လောက်ပါပဲ"

"ခင်ဗျား စာပေဝါသနာရှင်ဆိုတော့ မကြိုက်နိုင်ဘူး၊ အတင်းပြော ဝါသနာရှင်ပဲ ဖြစ်မယ် သွား ဗို့ မမ"

သက်မာက လှည်းကို ကားဆီသို့တွန်းသည်။

"ကျွန်တော်တို့ လက်ဖက်ရည်တိုက်ကြေးလောင်းထားလို့ ပါခင်ဗျာ၊ တစ်ခုလောက် မေးပါရစေ"

"ခင်ဗျား တော်တော်ပက်စက်တဲ့ လူပဲ၊ ကျွန်တော်တို့ နှစ်ယောက်ရဲ့ ဘဝဟာ ခင်ဗျားပါးစပ် ထဲမှာ လက်ဖက်ရည်တစ်ခွက်ဖိုးပဲတန်အောင် လုပ်ပစ်တယ်"

"ဒီသဘောမဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော့်အထင်မှန်, မမှန်သိချင်တာလေးပါ"

ဘေးမှ ကပ်လျှောက်လိုက်လာကာ ဗောင်းတောင်းပန်ပန်ပြောနေတော့သည် ။

နှောင်နှောင် ဓါးသတွေ အရမ်းလွှတ်နေသည် ။ ဖြစ်နိုင်လျှင် လက်သီးနှင့် ထထိုးပစ်ချင်၏။

လူတွေဟာ စပ်စုဖို့ နဲ့ အတင်းပြောဖို့ ဝါသနာကို လူဆန်စွာ မဖျောက်နိုင်ကြဘူးလား။

"ခင်ဗျား ဒီလောက် အနှောင့်အယှက်ပေးရရင် ကျေနပ်တော့ဗျာ"

နှောင်နှောင် လက်သီးလေးဆုပ်၍ အံကိုကြိတ်လိုက်၏။ ဒီခြေထောက်တွေက မသန်တော့ခုနေ လက်သီးနှင့် လှမ်းထိုးလျှင် မီနိုင်ပေမယ့် သူ့ပြန်ထိုးလျှင် ကိုယ်မရှောင်မတိမ်း လည်စင်း၍ ပေးသလို ဖြစ်နေမည်။ ခြေထောက်တွေ သန်လို့ တတော့ ဘာအရေးလဲ၊ သူလည်း ယောက်ျား၊ ကိုယ်လည်း ယောက်ျား။

စောစောက ပြောသံတွေ ကြားနေရကတည်းက လက်သီးနဲ့ ပြေးထိုးချင်တာ၊ မတတ်သာစွာ သည်းခံနေပါလျက်၊ သည် ထိလိုက်နှောင့်ယှက်တာတော့ သည် လူတွေ ဂွန်ဂွန်းပြီ။

"သွားတော့ဗျာ၊ ခင်ဗျားတို့ "

"ဟုတ်သားပဲ၊ ရှင်တို့ ကလည်း ကျွန်မတို့ဘာသာ ဘာပဲတော်တော် ရှင်တို့ အပူ ဝါသလား"

သက်မာလည်း စိတ်တိုလာသည် ။

"ကိုယ့်ကိစ္စပဲ ကိုယ်တွေးကြရင် ကောင်းမယ်"

"သိချင်တာလေး သိခွင့်ရရုံပါဗျာ၊ ကူညီပါ"

တောင်းတောင်းပန်ပန်တော့ ပြောရှာသည် ။ သူသိချင်တာကိုမှ သိခွင့်မရရင် ဒီနေ့ညအဖို့ အိပ်လို့ မှ ပျော်ပါမလားဆိုသည့် အခြေအနေမျိုးလိုပါ။

လှည်းက ကားနားသို့ ရောက်လာသည် ။ ကားမောင်း ဦးလေးကြီးကလည်း ခုမှ မြင်သ

ည် မို့ ကားပေါ်က ဆင်းလာ၏။ ဘေးနားမှ ဖွဲ့နပဲ သမားကလည်း မပြောလေ သိချင်လေ။ နောင်နောင်နှင့် သက်မာတို့ ကလည်း သိချင်လေ မပြောချင်လေ။ လူ့သဘာဝအတိုင်း ဆန့်ကျင်ဘက် အစွန်းတွေ ထွက်နေသည်။

ဦးလေးကြီးက နောင်နောင့်ကို ကျုံးပွေ့ရန်ပြင်ဆဲ . . .

“ဒီလောက် မေးမရပ်သောက်တော့ လူကြီးမိဘ တွေမသိအောင် တိတ်တိတ် . . .”

“ဟယ် . . . နောင်နောင်”

မေးသည့်လူက မခံချင်စိတ်ကို နှိုးဆွကာ မှင့်ထွက်လာအောင်ဖွင့်သည်။ နောင်နောင် တကယ် မခံချင်စိတ် နိုးကြွ၏။ ဒေါ်သသမီးက ဝန်းခန့်တောက်ကာ ကိုယ့်ကိုယ်ကိုယ် ခြေမသန်ပါလားဆိုတာ သတိမရ၊ ကျုံးပွေ့မည်ဆဲဆဲ ဦးလေးကြီးလက်ကို ဝဲဘက်လက်ဖျံဖြင့် ဖယ်ထုန်း၊ ရှေ့နားမှာ အမှိုက်ရှုပ်နေသည့် အမျိုးသားကို ယာလက်သီးဖြင့်ထိုး၊ တိုင်နေရာမှ ဝှန်းခနဲလည်း ထလိုက်သည် မို့ . . .

ဦးလေးကြီး လက်ကိုတော့ ဖယ်ထုတ်နိုင်သည်။ ခြေကမရပ်နိုင်ဘဲ ဝုန်းခနဲ ပြိုကျသည်မို့ ယာလက်သီးက ရည်ညွှန်းရာသို့ မရောက်ဘဲ လူတစ်ကိုယ်လုံး ဝုန်းခနဲ လဲကျသွားရပါတော့သည်။

*

“အဲဒါတွေကြောင့် နောင်နောင့်ကို အပြင်လောကထဲ ခေါ်ထုတ်မသွားချင်ခဲ့တာ”

“ကျွန်မမှားပါတယ် အန်ကယ်၊ ကျွန်မ ဆတ်ဆော့လို့”

အောက်ဆီကျင်ပိုက်၊ ဂလူးကို့စ်ပိုက်တို့ ဖြင့် ရှုပ်ယှက်ခတ်နေသည့် နောင်နောင့်ကို ယူကျုံး

မရ ငှာကြည့်ရင်း မျက်ရည်စတို့ စီးကျလာရ တော့သည်။

ဖြစ်မှ ဖြစ်ရလေ နောင်နောင်ရယ်။

သက်မာရင်ထဲ မချိတင်ကဲ ဖြစ်ရလေ၏။ နောင်နောင် ခုလိုဖြစ်ရတာ စိတ်၏ ပြင်းထန်စွာ လှုပ်ရှားမှုကို မခံမရပ်နိုင်လို့၊ စိတ်ကပြင်းထန်စွာ လှုပ်ရှားသွားရတာ သက်မာက လူတွေတောထဲ တိုက်တိုက်တွန်းတွန်း ခေါ်သွားမိလို့။

ခုဖြစ်နေပုံလေးက နောင်နောင်ရယ် . . . ရမှ ရပါဦးတော့မလား၊ သက်မာ အင့်ခနဲ ရှိုက်သည်။

"ဟူမကြီးလည်း စေတနာနဲ့ လုပ်တာပဲကွယ်၊ အန္တရာယ်အပြစ်မတင်ပါဘူး"

"အန္တရာယ် တားတဲ့ ကြားက ကျွန်မက ဇွတ်ပူဆာပြီး ခေါ်သွားမိတာပါရှင်"

"မဟုတ်ပါဘူးကွယ်၊ လူ့အော့ကိုက ပါးစပ် သရမ်းတယ်၊ တောင်ပြော မြောက်ပြောနဲ့ သူ တို့ အလုပ်လား"

ဦးကျော်က နောင်နောင့်ကို သနားစိတ်ထက် စပ်စုသူနှစ်ဦးကို ဒေါသစိတ်က ပိုနေသည်။

"ငါသွားသတ်ပြန်ရော . . ."

"စိတ်ကိုဖြေကြကွယ် ဘယ်လိုပဲဖြစ်ဖြစ် အမိက, ကနောင်နောင့် ရောဂါကြောင့် ပဲ၊ ဒီနေရာမှာ နောင်နောင် မဟုတ်ဘဲ တခြားကျန်းမာတဲ့ သူဆိုရင် ဘယ်လိုမှ ဖြစ်မှာ မဟုတ်ဘူး၊ ဒီတော့ ဘယ်သူ့မှာ မှ အပြစ်မရှိဘူး"

ဦးရဲနောင်က တရားနှင့်ဖြေကာ လူကြီးစကား ပြောရှာသည်။ သို့ပေမဲ့ လူကြီးလည်း ခံစား တတ်သူပါ။ မိမိသားရင်း၊ သေဖို့ နှင့်ရှင်ဖို့ သေဖို့ က များ နေသည် ကိုတော့ ဦးရဲနောင် မျ

က်ရည်တွေ ဝဲနေသည်။ အသံတုန်တုန်နှင့်ပင် တရားစကားကို ဆိုရှာ၏။

"ကျွန်မလေ နောင်နောင်ဟာ လေးနှစ်လုံးလုံး လူတွေနဲ့ အဆက်ပြတ်နေရှာတယ် ဆိုပြီး"

ဦးရဲနောင် မျက်ရည်ဝဲဝဲနှင့် ခေါင်းညိတ်၏။ သက်မာကာ မျက်ရည်စကို သိမ်းပြီးမှ စကားဆက်နိုင်သည်။

"ကြာကြာနေရင် စိတ္တဇတစ်မျိုး ဖြစ်လာမှာ စိုးလို့ ပါ အန်ကယ်ရယ်၊ ခုတော့ ကျွန်မ ကြောင့် ..."

"ဖြေပါတူမကြီးရယ်၊ ဖြေပါ"

ဖြေပါဟု ပြောသူက မဖြေနိုင်ရှာ။ သက်မာ လွှဲလိုမ်ငိုပစ်လိုက်ချင်သည်။ နောင်နောင်သာ တစ်ခုခုဆို ကိုယ့်ကိုယ်ကိုယ် ဒီတစ်သက် ဘယ်တော့မှ ခွင့်လွှတ်နိုင်မည် မထင်ပါ။

"နေကောင်းပါ နောင်နောင်လေးရယ် နောင်နောင့်ကို ကယ်ပါ ဘုရား"

ဆုတောင်းရင်းက ရင်ထဲနင့်နေရသည်။ မမ ဘယ်လိုဖြေရမလဲ နောင်နောင်ရယ်။ ခုနေ မမခန္ဓာကိုယ်က အစိတ်အပိုင်း တစ်ခုခုကို လိုးဖြတ်ဖောက် ထုတ်ပေးလိုက်ရလို့ နောင်နောင်သာ အသက်ရှင်မယ်ဆိုရင် ပေးချင်ပါတယ် နောင်နောင်ရယ်။

ငုတ်တုတ်ထိုင်ကြည့်ရုံနှင့် ဘယ်လိုမှ နေမရသည် မို့ နောင်နောင့်ခြေဖျားလေးတွေကို ဆုပ်ပေး နေမိ၏။ နောင်နောင့်အတွက် တစ်ခုခု လုပ်ပေးနေချင်သည် ။ နောင်နောင့်အတွက် ကြိုးစားပေးချင် နေမိသည် ။ သမားတော်ကြီးက ...

"ခုချိန်မှာ တော့ ငါးဆယ် ငါးဆယ်ပဲ ဦးရဲနောင်၊ ဟာ့တ်အတက်ခံရသွားတာ" ...တဲ့။

"ဒါကြောင့် အချိန်မီ ဆေးကုနိုင်လိုက်လို့၊ ဒီ့ထက်ဆယ့်ငါးမိနစ်၊ နာရီဝက် နောက်ကျရင် ဘယ်လိုမှ ဘာမှ မလုပ်နိုင်တော့ဘူး . . . ."

"ဒီ့ထက် နာရီဝက်လောက်စောပြီး ဆေးဝါးကုသခွင့်ရမယ်ဆိုရင်လည်း ကျွန်တော်တို့ ဘက်က ခုနစ်ဆယ့်ငါးရာနိုင်နှုန်းလောက်ဖြစ်နိုင်တာပေါ့လေ . . ."

"ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားမှာ ပါ . . . တဲ့။

ဆေးပေးတုသမူပါရဂူ၊ သမားတော်ကြီးနှင့် လက်ထောက်ဆရာဝန်တစ်ယောက်၊ သူနာပြုဆရာမတစ်ဦး၊ သုံးဦးက နောင်နောင့်ဘေးမှာ ထိုင်စောင့်နေကြ၏။ ဆရာဝန်တွေတောင် သည် လောက်စိတ်ပူနေတော့ ဦးရဲနောင်နှင့် သက်မာတို့ ဘယ်လိုနေရမလဲ။

ပန်းခြံမှာ ဒေါ်သထွက်ပြီး သတိလစ်သွားသည် နှင့် အိမ်ကို တရကြမ်းမောင်းချပြီး ပြန်လာ ဦးရဲနောင်မိတ်ဆွေ နောင်နောင့်ကို ကုသနေကျ သမားတော်ကြီးကို ဖုန်းဆက်၍ ပင့်၊ ဦးရဲနောင်ထံ ဖုန်းဆက်၊ ချက်ချင်း လုပ်နိုင်တာတောင်မှ ရဖို့ နှင့် မရဖို့ က မျှနေ၏။

"ဦးလေးကျော် ကျွန်မအိမ်ကို သွားပြောပေးပါလား၊ ကျွန်မ ဒီည မပြန်တော့ဘူး၊ ဆရာမနဲ့ တူ တူ စောင့်ချင်တယ်"

"အေး . . . . အေး၊ ရတယ်"

ဦးရဲနောင်က ပြန်ချင်ပြန်ပါဟု ပြောသည်။ မနက်ဖြန်ဆိုလည်း တနင်္ဂနွေနေ့ ဖြစ်သောကြောင့် သက်မာ နားရက်မို့အားနေသည်။

"ရပါတယ် အန်ကယ်၊ ကျွန်မ မနားတော့ပါဘူး၊ ကျွန်မ နည်းနည်းလေးမှ စိတ်မကောင်းပါဘူး"

ဦးရဲနောင်က ခေါင်းတညိတ်ညိတ် လုပ်သည် ။ သက်မာနဖူးတ်မှ ဖွင့်ပြောတာထက် ရင်တွင်းခံ စားချက်က ပိုကြောင်း နားလည်လိုက်ပါသည် ။

“လူကောင်းတွေပါ ရောဂါဖြစ်ကုန်ဦးမယ်၊ ထမင်းစားကြဦး”

ဆရာဝန်ကြီးကပြောသည် မို့ ထမင်းဝိုင်းသို့ ရောက်လာရပေမယ့် မည်သူမျှ ဟုတ်တိပတ်တိ မစားဖြစ်ပါ။ တစ်ဇွန်းနှစ်ဇွန်း ခပ်စားကာ ကော်ဖီသောက်ပြီး နောင်နောင့်နားပဲ ပြန်ရောက် လာကြသည် ။ နောင်နောင် ခုထိသတိမရသေးပါ။

ညနေခြောက်နာရီမှာ ဆရာဝန်ကြီးက ခဏပြန်သွားသည် ။ ဆရာဝန်ကြီး၏ လက်ထောက် ဆရာဝန် ကျန်ရစ်သည် ။

“ကျွန်တော် ဆယ့်နှစ်နာရီရောက်အောင် ပြန်လာခဲ့မယ်၊ ခင်းဗျားတို့ လည်း လူလဲနဲ့ စောင့်ပါ၊ အိပ်တဲ့ သူကအိပ်”

ပြောသွားပေမယ့် ဆရာဝန်ကြီး ပြန်ရောက်လာသည့် ညဉ့်သန်းခေါင်ချိန်ထိ ဦးရဲနောင်နှင့် သက်မာတို့ ငုတ်တုတ်ထိုင်ဆဲပါ။ လက်ထောက်ဆရာဝန်ကို အိမ်မှာ ပဲ အိပ်ရာခြင်းပေးကာ တစ်လှည့် အိပ်ခိုင်းရပါသည် ။

ဖြစ်ဖြစ်ချင်းတုန်းက . . .

“ဆေးရုံတင်မှ ဖြစ်မယ်” ဟု ဆရာဝန်ကြီးက ပြောသေးသည် ။

“ရှင်းရှင်းပဲ ပြောပါ ဆရာ၊ အခြေအနေ မကောင်းရင်တော့ မျက်စိအောက်မှာ ပဲ ထားချင်ပါ တယ်”

ဦးရဲနောင်က ရုပ်ပျက်ဆင်းပျက် မျက်နှာနှင့်မေး၏။

"ရှင်းရှင်းပြောရရင် သိပ်တော့ မကောင်းဘူးဗျာ" ဆိုသည် နှင့် ဆေးရုံမတင်ဖြစ်တော့ပါ။

မိုးလင်းခါနီးအချိန်မှာ နောင်နောင် အနည်းငယ် လှုးလွန့်သည်။

"ဆရာ . . . ဆရာ၊ သူလှုပ် လာပြီ"

မျက်တောင်ပင်မခတ် တစ်ရှိုမလပ် စောင့်ကြည့်နေသည့် သက်မာက အရင်ဆုံးသိ၏။

"ကျွန်တော်တို့ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းရပြီ ဦးရဲနောင်၊ သူ သတိရတော့မယ်"

သတိရတော့မယ်ဆို၍ လူနာစောင့်တွေ အကုန်လုံး စိတ်ထက်သန်စွာ ဝိုင်းကြည့်နေကြသည်။ နောင်နောင် ပထမဆုံးဒရစ်ပ်သွင်းထားသည့်လက်ကို ရှန်း၏။ သည့် လက်ကို အရင်ဆုံး လှမ်းထိန်း လိုက်သူမှာ သက်မာပင်ဖြစ်သည်။

နောင်နောင် မျက်ခွံလေးတွေ လှုပ်လာသည်။ ခေါင်းကို ဖြည်းဖြည်းယမ်းသည်။ နှုတ်ခမ်းလေး တွေ လှုပ်လာ၏။ မျက်စိမဖွင့်သေးပါ။

"မမ"

"နောင်နောင်"

ပထမဆုံးထွက်ကျသည့် စကားသည် "မမ" ၊ သက်မာ ဝမ်းသာလွန်းစွာ ထရပ်လိုက်မိသည်။

"မမရှိတယ် နောင်နောင်"

"ဖေဖေရော"

"ဖေဖေ . . . ရှိတယ် သား"

သတိရလျှင်ရချင်း အဖေကို မတ,ရကောင်းလားဟူ၍ အပြစ်မဆိုနိုင်ပါ။ မိဘတို့

၏ ထာဝရ စိုးဆင်းမြဲ မေတ္တာစုန်ရေဖြင့် ခွင့်လွှတ်နိုင်နေ၏။ သားလေး သတိရလာတာကိုပဲ ဝမ်းသာလှပါပြီ။

"မောတယ်"

"စကားမပြောနဲ့ နောင်နောင်၊ ဆရာဝန်ကြီးလည်း ရှိတယ်"

နောင်နောင် မျက်စိဖွင့်လာသည် ။ မတ်တတ်ရပ်လျက် ငုံ့စိုးကြည့်နေသည့် သက်မာမျက်နှာကို ၊ မြင်တော့ ယဲ့ယဲ့ပြုံးသည် ။ သက်မာ ပြန်ပြုံးပြလိုက်သည့်အပြုံးက ချိုလွန်းသည် မှ မပြောပါနိုင်တော့။

"ငြိမ်ငြိမ်နေနော်၊ ဒရစ်ပ်သွင်းထားတာ မကုန်သေးဘူး၊ မရုန်းနဲ့"

နောင်နောင် မျက်စိပြန်မှိတ်သွားသည် ။ ခု အချိန်မှာ မေမေ့ကို မမကို ပြောချင်တာတွေ အများကြီးပါ။ သို့ပေမဲ့ ပြောနိုင်သည့်ခွန်အား မရှိသေးသည် မို့ မှိန်းနေလိုက်ရသည် ။ မျက်စိဖွင့် ကြည့်စဉ်က လျှပ်စစ်မာတ်မီးများ ထိန်နေသည် ကို သတိထားမိ၏။ နေ့၏ အလင်းရောင် မဟုတ် တော့"

ညဘက်ကြီး . . . မမမပြန်ဘူး ထင်ပါရဲ့ ။

ပြန်ချင်ပြန်လေဟု ပြောနိုင်သည့်ခွန်အား မရှိလို့ သာ ငြိမ်နေရသည် ။ မမခုလို ပင်ပန်းနေတာ မကြည့်ရက်ဘူးဗျာ။

ဒီလောက် ညဉ့်နက်နေတာ၊ မေမေလည်း မအိပ်သေးဘူး၊ အိပ်ရေးပျက်ပြီး နေထိုင်မကောင်း ဖြစ်မှ ဖြင့် . . . ဟူသည့် အတွေးက ဒုတိယကျမှ ဝင်လာသည် ။ မေမေ့ကိုလည်း ဘာမှမပြောနိုင်။

နောင်နောင် အိပ်ပျော်သွားပြန်တော့သည် ။

★

"ဆရာဝန်ကြီးနဲ့ က ခုမှ ခင်ကြတဲ့ မိတ်ဆွေတွေမို့ တလေးတစား ခေါ်ပြောကြပေမယ့် ငယ်ပေါင်းတွေလိုပဲ ခင်မင်ရင်းနှီးတယ်"

ဦးရဲနောင်က သက်မာကို မကြည့်ဘဲ ပြောနေသည် ။ နောင်နောင် အိပ်ပျော်သွားစဉ်က သတိလစ်ပြန်ပြီလားဟု ဒိတ်ခနဲ ဖြစ်လိုက်ကြပေမယ့် ဆရာဝန်က အိပ်သွားတာပါ . . . ဆိုမှ အသက်ရှူမိကြလေ၏။

ခုထိ နောင်နောင် မနိုးသေးပါ။ အသက်မှန်မှန် ရှူနိုင်ပြီမို့ အောက်ဆီဂျင်ပိုက်ကိုလည်း ဖယ်လိုက် နိုင်ပြီ၊ ဒရစ်ပ်တွေလည်း ဖြုတ်လိုက်ပြီမို့ အမြင်ရ သက်သာသွား၏။

"နောက်ထပ် ကွန်ပလီကေးရှင်း တစ်ခုခု ဝင်မလာရင်တော့ ကျွန်တော်တို့ ဘက်က လုံးဝ နိုင်ပြီ"

ဆရာဝန်ကြီးရဲ့၊ နောင်နောင့် အသက်ကို လုယူခဲ့ရပါ၏။ စိတ်လည်း ချရပြီ။ အေးရုံတာဝန် များ လည်း ရှိသေးသည် နှင့် ဆရာဝန်ကြီး ပြန်သွားချိန်မှာ ဦးရဲနောင်က . . .

"တစ်ညလုံး အိပ်မှ မထားတာ မျက်နှာသစ်စရာလည်း မလိုတော့ဘူး ထင်ပါရဲ့ ၊ ပလုပ်လောက်ကျင်းပြီး ကော်ဖီသောက်ကြရအောင်" ဟု ပြောသည် မို့ နောင်နောင့် အခန်းထဲမှာ ဝင် လူနာနှင့် ခပ်ဝေးဝေး စားပွဲမှာ ကော်ဖီဝိုင်းကိုပြင်သည် ။ ဆရာဝန်နှင့် ဆရာမကို အရင်တိုက်၊ ပြီးတော့ . . .သူတို့ လူနာခုတင်နားရောက်သွားမှ ဦးရဲနောင်နှင့် သက်မာတို့ တစ်ခါသောက်၏။

ကော်ဖီဝိုင်းတွင် ဦးရဲနောင်က ဆရာဝန်ကြီး အကြောင်းမှ စကားစသည် ။ နောင်နောင့် အခန်းက ကျယ်သည် မို့ ဦးရဲနောင်နှင့် သက်မာတို့ ခပ်တိုးတိုး ပြောကြသည့် စ

ကားကို ဆရာဝန် နှင့်ဆရာမတို့ မကြားနိုင်ပါ။

"ဆရာဝန်ကြီး ပြန်တော့ အန်ကယ် ကား ပေါ်သိလိုက်ပို့တုန်း နည်းနည်းကြာသွားတာ သတိထားမိလား"

"ဟုတ်ကဲ့"

"နောင်နောင့် ကျန်းမာရေးအခြေအနေတွေကို ပြောပြတာ"

"သူ သက်သာလာမှာ မဟုတ်လား အန်ကယ်"

ဦးရဲနောင် ခေါင်းညိတ်၏။

"မသေနိုင်တော့ဘူး"

ယောက်ျားသားမို့ စကားကို တုံးတိပဲပြောသည်။

"အမယ်လေး ... ဝမ်းသာလိုက်တာ အန်ကယ်၊ တကယ်ပါ တကယ်ပါပဲ"

"အန်ကယ်လည်း သိပ်ဝမ်းသာတာပဲ"

"ဟုတ်ကဲ့ ... ကျွန်မတောင် ဒီလောက်ဝမ်းသာရင် အန်ကယ်က ပိုပြီးဝမ်းသာမှာ ပါ၊ အန်ကယ်တို့ မှာ က အမေတစ်ခုသားတစ်ခု"

"အဲဒါကြောင့်ပေါ့ကွယ်၊ အန်ကယ်က သားအတွက်အသက်ရှင်ပေးနေရသလို၊ သားအသက် ရှင်နေမှ လည်း အန်ကယ့်ဘဝ အဓိပ္ပာယ်ရှိမယ်"

"ဟုတ်ကဲ့"

"အန်ကယ့် အလုပ်က လွယ်လွယ်ပြောရင်တော့ ကုန်သည် ပေါ့၊ အမှန်ကတော့ ဂစ်ဖ်အင်တိတ်ခ်သဘော"

"ဟုတ်ကဲ့"

သားအတွက် စိတ်သက်သာရာ၊ ရသွားပြီမို့ သူ့အကြောင်းတွေ လျှောက်ပြောနေဟန်တူသ

ည်၊

"မြို့ထဲက ရုံးခန်းမှာ ဘယ်လိုတန်ဖိုးကြီး ပစ္စည်းမဆို၊ လာရောင်းရင် ဝယ်တယ်၊ လာဝယ်တဲ့ သူရှိရင်လည်း ပြန်ရောင်းတယ်၊ အိမ်၊ မြေ၊ ကား လက်ဝတ်လက်စား စိန်ရွှေလည်း ပါတယ်"

"ဟုတ်ကဲ့"

သက်မာ ပြန်ပြောစရာစကား မရှိသည် မို့ ဟုတ်ကဲ့ချည်းပြောနေရသည် ။

"ပွဲစားအကြီးစား ခေါ်မလား၊ အလွယ်ခေါ်တော့ ကုန်သည် ပေါ့လေ၊ ကုန်သည် ဆိုတာ စကားကို ရှုန်းရှုန်းဝေအောင် ပြောနိုင်ကြတယ်၊ လိပ်ကို ကြမ်းပိုးဖြစ်အောင် ၊ ကြမ်းပိုးကို လိပ်ဖြစ် အောင်ပြောတတ်ကြတယ်"

"အဲဒီအတိုင်းသာဆို အန်ကယ်က ကုန်သည် ပုံစံမဝင်ဘူးလို့ ပြောရမလိုပဲ"

"ဟုတ်တယ်၊ အန်ကယ်က စကားနည်းတယ်"

စကားနည်းတာတော့ အမှန်ပါ၊ သက်မာနှင့်တောင် ပြောဖြစ်လှသည် မရှိခဲ့။ သည် လောက် စကားနည်းသည့်လူက ဒီနေ့တော့ အရေးမကြီးသည့် ကိစ္စတွေ လျှောက်ပြောနေသည် ။

"နည်းဆို နားဝင်ချိုအောင် လှည့်မပြောတတ်ဘူး၊ ပြောလည်း မပြောချင်ဘူး၊ တချို့ကတောင် ဦးရဲနောင် သိပ်ခွကျတယ်လို့ ပြောတာပဲ"

သက်မာ အနေနှင့် ဦးရဲနောင်ကို လူဖြောင့်မို့ အပြောတိုသည် ဟု မြင်မိ၏။ ဦးရဲနောင်က သဘောကောင်းသည် ။ တပည့်တပန်းတွေအပေါ် ရက်ရော၏။ သက်မာကိုပင် စိန်လက်စွပ်တစ်ကွင်း ဘောက်ဆူးချပြီးပြီလေ။

"အန်ကယ့်စကားဟာ တူမကြီးအတွက်

နားအခံရခက်ရင်လည်း အန်ကယ့်ကို ခွင့်လွှတ်ပါ လို့"

"ရှင်"

"အန်ကယ်က စကားပြောရင် တဲ့ တိုးကြီး ပြောတတ်လို့"

ဘာပြောမလို့ ပါလိမ့်ဟု စူးစမ်းစွာ တွေးမိသည်။

"တကယ်တော့ နှောင်နှောင် ခုလိုမဖြစ်ခင်ထိ ကျန်းမာရေး သိပ်တိုးတက်လာတာလည်း တူမကြီးကျေးဇူးပါ"

ခုလိုဖြစ်ရသည့်အတွက် အလုပ်ကများ ထုတ်ပစ်တော့မလို့ လား။

"သားဟာ အိမ်ထောင်မပြုသင့်ဘူးတဲ့ ဆရာဝန်ကြီးက"

"ရှင်"

စကားတွေက အဆက်အစပ်မရှိလှပါ။

"ဒီခြေထောက်နှစ်ချောင်းက ဘယ်တော့ ပြန်လျှောက်နိုင်မယ် မသိဘူး မဟုတ်လား၊ ခုကိစ္စနဲ့ မသေတော့ဘူးဆိုပေမယ့် သူ့ခြေထောက်တွေက ကောင်းမှ မကောင်းတာ"

"ခုလိုဖြစ်တော့ ပိုဆိုးမှာ လား အန်ကယ်"

"ဆိုးပြီးသားဟာ၊ ပိုဆိုးဖို့ တော့ မရှိပါဘူး"

"ဪ"

"ဒါပေမဲ့ ဘယ်လိုမိန်းကလေးမျိုးဟာ ဒုက္ခိတတစ်ယောက်နဲ့ အိမ်ထောင်ပြုချင်မလဲ"

နှောင်နှောင့်ကို အချစ်နိုင်ဆုံးသော မေတ္တာဖြင့် အတိုင်းအဆမဲ့ ချစ်မိပါ၏။ နှောင်နှောင့် အပေါ် စေတနာတွေလည်း အပြည့်အလျှံ၊ သနားမိတာကျတော့ မပြောပါနှင့်တော့။ နှောင်နှောင့် အတွက်ဘာပဲလုပ်ပေးရ လုပ်ပေး

ရ လုပ်ပေးဖို့ အဆင်သင့်ပါ။ သည် အလုပ်သည် မိမိကို ယိနိုက်သည် ဖြစ်စေဦး ဝန်လေးမည်မဟုတ်။ ဖြစ်နိုင်လျှင် ခြေတစ်ချောင်းချင်းတောင် ဖြတ်လဲပေးချင်သည် အထိ။ တစ်ယောက်လျှင် ခြေတစ်ချောင်းစီ ဝေယူရမည်ဆိုလျှင်တောင် နောင်နောင့်အတွက် သဒ္ဓါပေါက်ပြီးသားပါ။

သို့ပေမဲ့ မိမိကိုယ်တိုင် နောင်နောင့်ကို လက်မထပ်လိုပါ။ မိမိလို အချစ်မျိုးနှင့် မိန်းမသားက တောင် လက်မထပ်ချင်ပါဘူး ဆိုလျှင် မည်သူ လက်ထပ်ချင်ပါတော့မလဲ။

သက်မာ သောက်လက်စ ကော်ဖီပန်းကန်ကို ချကာ ခေါင်းငုံ့ကျသွားရတော့သည် ။ ဘယ်လိုမှ ထိန်းမရသည့် မျက်ရည်တစ်စက်က ပေါင်ပေါ်သို့ကျသည် ။

“အချစ်သူရဲကောင်းလုပ်ပြီး ခုနေ ဘာပဲဖြစ်ဖြစ် လက်ထပ်မယ့် မိန်းကလေး ရှိရင်လည်း ၊ နောင်တစ်ချိန်မှာ အိမ်ထောင်ရေးဟာ ပြိုကွဲမှာပဲ၊ အန်ကယ်ပြောတာ ဖြစ်နိုင်ချေရှိရဲ့ လား တူမကြီး သက်မာ”

သက်မာ ခေါင်းညိတ်ပြသည် မို့ နောက်ထပ် မျက်ရည်တစ်စက်ကျပြန်သည် ။

“အန်ကယ့်အသက်အရွယ်၊ အသိဉာဏ်တို့နဲ့ ရှေ့ရေးနောက်ရေးတွေးပြီး နောင်နောင့်ကို ဘယ်လိုမိန်းကလေးမျိုးနဲ့ မှ သံယောဇဉ် မဖြစ်အောင် တားဆီးမယ်ဆိုရင် အဖေတစ်ယောက်အနေနဲ့ အန်ကယ်တရားတယ်လို့ ထင်တယ်”

“တရားပါတယ် အန်ကယ်၊ အန်ကယ်မှန်ပါတယ်”

“လက်ကိုင်ပဝါကို ခါးကြားမှ ထုတ်၍ မျက်ရည်စက်တွေကို သုတ်ရလေသည် ။ ခြော် . . . အန်ကယ်၊ သက်မာရဲ့ ရင်ထဲ နှလုံးသားထဲကို

လွင်းဖောက်မြင်သွားပြီပဲ။ ဒါပေမဲ့ အန်ကယ်ဟာ ရင်ထဲကိုသာ မြင်အောင်ကြည့်သွားပြီး၊ သက်မာရဲ့ ဦးနှောက်ကိုမှ လေ့လာမသွားပဲရှင် ။

မထူးတော့ပြီမို့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးဖို့ ပဲ သက်မာဆုံးဖြတ်၏။ သက်မာစိတ်က သက်မာဆိုသည့် အတိုင်း မာကျော၏။ တိကျပြတ်သား၏။ နှောင်နှောင့်အပေါ် မေတ္တာစေတနာ တွေရိုးသားစွာ ပိုမိသည့်အတွက် ရှက်စရာမဟုတ်ဟု လည်း မြင်သည် ။

သူ့သားကိုချစ်နေတာ၊ သူသိသွားတာပဲ၊ မုန်းနေတာကို သိသွားတာမှ မဟုတ်တာ၊ မျက်နှာပူ စရာ အားနာစရာလည်း မလိုဟု တွေးသည် ။ လည်ချောင်းထဲတွင် လိုက်ဆို့ကာ တနင်နင်ဖြစ် နေရသည့် ခံစားမှုများကို မျိုချ၊ မျက်ဝန်းအိမ်မှ မျက်ရည်စတွေကို မျက်တောင်ခတ်၍ သိမ်း၊ ပြီးတော့ အားတင်းလိုက်သည့် အပြုံးတစ်ပွင့်ကို ပွင့်၏။

“အဟဲ”

သက်မာ၏ ရယ်ကျဲကျဲကြောင့် ဦးရဲ့နှောင် မျက်ခုံးများ ပင့်တက်သွားလေ၏။

“ကျွန်မအသက်အရွယ်ဟာ အရာရာကိုနားလည်နိုင်တဲ့ အရွယ်ပါ အန်ကယ်၊ အန်ကယ် ဖြစ်စေချင်တာကို ပြောပါ၊ ကျွန်မ လိုက်နာဆောင်ရွက်ပေးပါ့မယ်၊ အဲဒီလို လုပ်ပေးရတာဟာလည်း နှောင်နှောင့်အတွက်ပဲမို့ ကျွန်မ လုပ်ကိုင်ပေးမှာ ပါ၊ အန်ကယ့်အတွေးနဲ့ ကျွန်မအတွေးဟာ တစ်ထပ်တည်း ကျပါတယ် အန်ကယ်၊ စေတနာအရာမှာ လည်း အန်ကယ့်ကို မမီရင်တောင် ဒုတိယ နေရာမှာ ကျွန်မရှိပါတယ်”

“ကျေးဇူးတင်လိုက်တာ သူမကြီးရယ်၊ တကယ်ပါ၊ အန်ကယ့်စကားတွေကို နားမလည်ရ

င် တစ်ဖက်သားအပေါ် စော်ကားသလို ဖြစ်မှာ စိုးလို့ "

"ကျွန်မ နားလည်ပါတယ် အန်ကယ်"

"ဒါဖြင့် ပွင့်ပွင့်ပဲ မေးပါရစေ"

"ဟုတ်ကဲ့ . . . မေးပါ"

"နောင်နောင်က တူမကြီးကို ချစ်နေပါပြီလို့ ဖွင့်ပြောပြီးပလား"

"မပြောရသေးပါဘူး၊ သူ . . ."

မျက်ရည်က စို့ခနဲ ဝဲပြန်သည် မို့ နှုတ်ခမ်းကို တင်းတင်းစေ့ကာ စကားကို တန့်ခနဲ ခဏ ရပ်ရသည် ။

"သူ့ခြေထောက်ပေါ် သူရပ်နိုင်မှ . . .တဲ့ "

"ဪ"

ဦးရဲနောင်ထံမှ မချိမဆံ့သံကြီး ထွက်လာသည် ။ ဖခင်မဟုတ်လား။ ဤကမ္ဘာတွင် ချစ်စ ရာ ဟူ၍ ဤသားတစ်ယောက်ပဲရှိသည် ။

နေ့ရှိသရွေ့ ကျုံးရှာနေရတာတွေကလည်း ဒီသားဖို့ ၊ ဆယ်တန်းနှစ်၊ ယခုလို မဖြစ်ခင်လေးမှာ ၊ ရည်းစားစိတ်တွေ ဘာတွေ ဝင်လာမည်စိုးသည် မို့ ဆုံးမခဲ့သည့်စကားကို သူဖြစ်ရပ်ကလေး နှင့် တဲ့ တိုးကြီးနှိုင်းပြောတော့ ဖခင်ရင်ထဲ ဘယ်ချိနိုင်ပါ့မလဲ။

"ဒါပေမဲ့ သူ့စိတ်ကို ကျွန်မ သိနေတယ်ဆိုတာ၊ သူသိနေပါတယ်၊ ကျွန်မရင်ထဲ ဘယ်လိုဆို တာလဲ သူသိနေမှာ ပဲလို့ ကျွန်မ ထင်ပါတယ်"

"အေးကွယ်"

ပွင့်လင်းမှုဆိုသည့် ပါးပါးကြည်ကြည် အတားအဆီးကလေး တစ်ခုတည်းက ချစ်သူနှစ်ဦး ကို တားဆီးထားသည် ။ သည် အတားအဆီးကလေးကို ချိုးဖျက်ဖို့ က အလွန်လွယ်ကူမ

ည်။ မည်သူကမျှ မချိုးမဖျက်ကြဘူးဆိုရင်လ ည်း ဤချစ်သူနှစ်ဦးမှာ တစ်သက်လုံး ဘယ် တော့မှ ပွင့်လင်းမှုကို ရကြ တော့မည်မဟုတ်ပါ။

"ကျွန်မအနေနဲ့ နောင်နောင့်ကို ဘယ်လိုမှ လက်မထပ်နိုင်ဘူးလို့ ပွင့်ပွင့်ပြောရင်၊ အန်က ယ် ကျွန်မကို နားလည်ခွင့်လွှတ်နိုင်မယ် ထင်ပါတယ်"

ဦးရဲနောင်က စားပွဲဝိုင်းကို လက်ဝါးနှင့် သာသာပုတ်သည်။

"နားလည်ပြီလားကွယ် . . . အဲဒီလို ပြော တာဟာ နောင်နောင့်အတွက် ပြောတာပဲဆို တာ အန်ကယ် သိတာပေါ့"

"ဟုတ်ပါတယ်၊ နောင်နောင့် အတွက်လည်း ပါပါတယ်၊ ကျွန်မအတွက်လ ည်း ပါပါတယ်၊ အန်ကယ်၊ နောင်နောင် ခုလို ခြေထောက်တွေ ရောဂါဖြစ်မနေဘူးပဲထားပါ၊ နောင်နောင့်ကို ဘဝဖော်အဖြစ် ရွေးလိုက်ရင်၊ ကျွန်မသူ့ဆီကမေတ္တာကို ရမယ်၊ ဥစ္စာကို ရချင် ရမယ် . . ."

"ဒါပေမဲ့ ကျွန်မဘက်က ဆုံးရှုံးနစ်နာရမှာ တွေ အများကြီးပါ၊ အိမ်ထောင်တစ်ခုကို အချ စ် တစ်ခုတည်းနဲ့ ခိုင်မြဲစေရမယ်လို့ ယူဆတဲ့ အရွယ်ကို ကျွန်မ လွန်ခဲ့ပါပြီ အန်ကယ်"

"ချီးကျူးတယ် တူမကြီး၊ တူမကြီးရဲ့ အ တွေးအခေါ် တွေကို အန်ကယ်လေးလည်း လေးစား တယ်"

"ဒီတော့ အန်ကယ်ဖြစ်ချင်တာကို အားမ နာပဲပြောပါ"

"အင်း . . . ရေရှည်မှာ မဖြစ်နိုင်မယ့်တူတူ ဆိုတော့၊ သံယောဇဉ်ကြိုး သိပ်မခိုင်ခင်မှာ . . ."

"ကျွန်မ အလုပ်ထွက်ရမလား အန်ကယ်"

"ဒီလိုမဟုတ်ပါဘူး၊ အန်ကယ့်ကို အတ္တသမားလို့ စွပ်စွဲပါ၊ နောင်နောင့်အတွက် တူမကြီး ရှိနေ ဖို့ လည်း လိုတယ်လေ"

"ကျွန်မ နားလည်ပါပြီ၊ ဖခင်မေတ္တာကို အတ္တဆန်တယ်လို့ ကျွန်မမစွပ်စွဲပါဘူး အန်ကယ် ။"

ရှေ့မှ ကော်ဖီပန်းကန်ကို လှည့်ပတ်ကြည့်နေမိသည် ။

ပန်းကန်ရွှေရေးပန်းခက်တွေကိုမမြင်၊ နောင်နောင့် မျက်နှာနုနုလေး ကိုပဲမြင်၏။

သက်မာ စောစောပိုင်းက အောင့်ထားသည့်မိသည့် အသက်ကို ခုမှ ရှူဖြစ်သည် ။ ပန်းကန်ထဲရှိ ကော်ဖီလက်ကျန်ကို မော့ချသည်။

"ကျွန်မ ... ကျွန်မရဲ့ စေတနာတွေကို တစ်စတစ်စသိမ်းပါမယ် အန်ကယ်၊ ဝတ္တရားဆန်တဲ့ ပြုစုမှုမျိုးကို အစားထိုးပါမယ်၊ ကျွန်မဟာ တစ်ချိန်ချိန်မှာ အိမ်ထောင်ပြုမယ့်သူ ဖြစ်ကြောင်း ..."

"သူ နားလည်အောင် ပြောပြပါ့မယ်၊ အဲဒီလို ပြုတဲ့ အခါမှာ နောင်နောင် ဘယ်လိုမှ မဖြစ်နိုင် ဘူး၊ တခြားတစ်ယောက်ကိုပဲ ဖြစ်မယ် ဆိုတာ ..."

"တစ်စတစ်စနဲ့ ဖြည်းဖြည်းချင်း နားသွင်းပါ့မယ်၊ သူ့စိတ်သူနိုင်ပြီ ခံနိုင်ရည်ရှိမယ့်နေ့၊ ရင့်ကျက်လာတဲ့ နေ့မှာ အလုပ်ထွက်ပါ့မယ် ..."

"အန်ကယ် ဖြစ်စေချင်တာ အဲဒါပဲ မဟုတ်လား အန်ကယ်"

"တူမကြီးရယ် ... ကိုယ်ထက်ငယ်နေလို့သာပဲ၊ ရှယ်တူတန်းတူဆိုရင်တော့ အန်ကယ် ထိုင်ရှိခိုးချင်လောက်အောင် ကျေးဇူးတင်တယ်

၊ အဲဒီကျေးဇူးကို အန်ကယ် တူမကြီး ဆပ်စေချင်တဲ့ နည်းနဲ့ ဆပ်မယ်"

"နောင်နောင့် ခြေထောက်တွေ ကြမ်းပြင်မှာ ဒရွတ်ဆွဲနေရာက တစ်လက်မလောက်ထိ မြင့်ကြွလာအောင် လုပ်ခဲ့နိုင်တုန်းက၊ နောင်နောင် အမြဲစိတ်တိုပြီး လောကကြီးနဲ့ ရန်ဖြစ်နေရာက . ."

"လူစိတ်သူစိတ်နဲ့ ပျော်ပျော်ရွှင်ရွှင်လေး ဖြစ်လာအောင် လုပ်ပေးခဲ့တုန်းက ကြိုးစားပေးရတဲ့ ကျွန်မကို ဖွဲ့ဆုအဖြစ် အန်ကယ် စိန်လက်စွပ်တစ်ကွင်း ချီးမြှင့်ခဲ့ပါတယ်"

ယခုတိုင် လက်မှာ ဝတ်ထားဆဲဖြစ်သည်။ စိန်တစ်လုံးကို ခုနစ်လုံးရံထားသည့် ခြယ်လက်စွပ် ကို သက်မာမြှောက်ပြသည်။

"အဲဒါက ကျွန်မရဲ့ လုပ်အားနဲ့ ကြိုးစားမှုကို ချီးမြှင့်တဲ့ ဆုမို့ ကျွန်မ လက်ခံခဲ့ပါတယ် အန်ကယ်"

ဦးရဲနောင် ခေါင်းတညိတ်ညိတ် ရှိချေ၏။

"ခုဟာက လုပ်အား မဟုတ်တော့ပါဘူး။ စေတနာ မေတ္တာနှလုံးသားနဲ့ ရင်းနှီးရတဲ့ ကိစ္စမို့ အန်ကယ့်ဆီက ဆုကြေးတစ်မျိုးမျိုးကို ကျွန်မ မယူပါဘူး"

"ဒီတော့ . ."

"ကျွန်မက အန်ကယ့်ကို ကူညီတာပါ၊ နောင်နောင့်ကို ကူညီတာပါ"

"ဟုတ်ပြီလေ"

"တစ်နေ့နေ့ တစ်ချိန်ချိန် ကျွန်မအတွက် စေတနာမေတ္တာအကူအညီမျိုး လိုလာခဲ့ရင် အန်ကယ် ပြန်ဆောင်ရွက်ပေးဖို့ ပါပဲ"

"စိန်လိုက် တူမကြီး၊ သမီးရင်းအပေါ်ထားတဲ့ မေတ္တာမျိုးနဲ့ အန်ကယ် ကူညီမယ်"

"လိုအပ်ခဲ့ရင်သာ ပြောတာပါ၊ မလိုအပ်ရင်လည်း ဒီစေတနာကြွေးကို ကျွန်မ ပြန်မတောင်း တော့ပါဘူး"

"အန်ကယ်ကတော့ တုံ့ပြန်ချင်လွန်းလို့ လိုအပ်လာပါစေလို့ ဆုတောင်းချင်ပါတယ်"

သက်မှာ ပေါ့ပေါ့ပါးပါးလေး ရယ်သည် ။

"အကူအညီ လိုပြီဆိုကတည်းက အခက်အခဲနဲ့ ကြုံလို့ ပေါ့ အန်ကယ်၊ အဟဲ . . . အန်ကယ့် ဆုတောင်းက ကျွန်မကို အခက်အခဲနဲ့ ကြုံပါစေ ဆိုတာမျိုး ဖြစ်နေပြီ"

"ဟာ . . . ဒီသဘော . . ."

"နောက်တာပါ အန်ကယ်၊ အန်ကယ်ရော ကျွန်မပါ စိတ်တွေ ချောင်ပိတ်မိနေကြတယ်လေ၊ ထွက်ပေါက်ပေါ့ အန်ကယ်"

"ဪ . . . အေးဟေး . . .ဟေး . . .ဟေး"

ဦးရဲနောင် ပလုတ်ပလောင်းရယ်သည် ။ ဦးရဲနောင် ရယ်သံကို သက်မှာက သဘောကျစွာ တခစ်ခစ်ရယ်လေ၏။ ရယ်သံတွေက ရွှင်ချိုပေါ့ပါးစွာ ပျံ့လွင့်မလာပါ။ စွတ်စိုထိုင်းမှိုင်းလျက်၊ သိပ်သည်းဆများက လေးလေးဝင်ဝင် ဖြစ်နေရလေ၏။

*

အချစ်လွန်အမုန်းဝေဒနာ

သည် လိုရန်ပွဲကလေးတွေက မကြာခဏ ဖြစ်ရပေမယ့်လည်း ယွန်းယွန်း အမှတ်မရှိ၊ စိတ်မနာ နိုင်ချေ။ ဒါလေးတွေထဲမှာ ပဲ ပျော်နေခဲ့ရသေးသည် ။

ခုတော့ . . .ယွန်းယွန်းရင်ထဲ စွဲနေအောင် နာရပြီလေ။ အရှက်ဆိုတာကိုလည်း ခုမှ ပဲ နားလည်စွာ ခံစားရတော့သည် ။ ကိုပိုင်သည် စကားတစ်ခွန်းကို မည်သူ့မျက်နှာမျှမထောက်ညှာ ရက်စက်စွာပြောထွက်ချေ၏။

“မသိအောင်ယူရင် သူခိုး၊ လုယူရင် ဓားပြ” . . .တဲ့ ။

ယွန်းယွန်းကပဲ ဖေဖေမေမေကို နှင့် ကိုကို တိတ်ကလေးတိုင်ပင်ပြီး လက်ထပ်ဖြစ်အောင် ကြိုးစား တော့မလိုလို။ သည် လိုလုပ်ရင် သူခိုး ပေါ့။ သူတို့ လက်ကိုင်ပဝါတွေ ဗေဒင်ဆရာဆီ ပို့၊ ဓာတ်ရိုက်၊ ကွဲအောင်ခွဲပြီးမှ ယွန်းယွန်းနှင့် လက်ထပ်ဖြစ်အောင် ကြိုးစားမည်ဆိုလျှင် ယွန်းယွန်း ဓားပြပေါ့။

“ယောကျ်ားတစ်ယောက်ကို သူခိုးလို ဓားပြလို၊ လုယက်တိုက်ခိုက်ယူမှ ရမယ့်သူလား”

မိန်းမသားမာနက ခုမှ ပဲ နိုးကြားလာသည် ။ မာနနှင့်အရှက်တို့ ပူးပေါင်းကာကိုပိုင့်အပေါ် စိတ်နာမိ၏။ စိတ်ပျက်စိတ်ကုန်သွားလားမသိ။ မျက်နှာချင်းလည်း မဆိုင်ချင်။ စကားပြောချင်စိတ် ဆိုလုံးဝမရှိ။ ကိုပိုင့်ကို ကြည့်ရမှာ တောင် ဝန်လေးနေသည် ။ မျက်နှာချင်းဆိုင်မိတိုင်း ရှက်လွန်းလှ ချေ၏။

ယောက်ျားတစ်ယောက်ဖြစ်ပြီး မိန်းမသား တစ်ဦးကို သူနိုးမားပြစ္စပ်စွဲ၏။ ပြောရက်ပြော ထွက်လွန်းသည် ။ ပြီးတော့ . . . ကိုပိုင်သည် သူစိမ်းမဟုတ်။ ဖေဖေ့ မွေးစားသား။ သူဘာဖြစ်လို့ ဟိုအကြောင်း ဒီအကြောင်းလေးတွေကို တောင် မထောက်ထားနိုင်တာတဲ့ လဲ။

အဖြေကရှင်း၏။ သက်မာ စိတ်မွှန်နေလို့ ပဲပေါ့။ သူသက်မာကို ဒီလောက်ချစ်၊ ဒီလောက်ဖြစ် အောင်သည်းလို့ ဘာပဲပေါ့လေ။

ယွန်းယွန်း ခုရက်ပိုင်းတွင် အရမ်းငြိမ်၏။ မည်သူ့ကိုမျှလည်း ဒုက္ခမပေးပါ။ ကိုယ့်ဘာသာ အေးအေးဆေးဆေးလေးပဲနေသည် ။

ကျောင်းတွေပြန်ဖွင့်ပြီမို့ ကျောင်းတက်ချိန်ကြောင့် အိမ်မှာ လည်း သိပ်မရှိပါ။ ကျောင်းက ပြန်လာတော့လည်း စာကျက်စရာရှိကျက်လိုက်၊ ဝတ္ထုဖတ်၊ ကတ်ဆက်နားထောင်၊ ဗီဒီယိုကြည့်၊ သူ့အလုပ်နှင့်သူ အချိန်ပြည့်လို့ ဖြစ်နေရ၏။ တစ်ခါတစ်ရံတော့လည်း သူ့အခန်းထဲမှာ အောင်းနေ တတ်သည် ။

ပြတင်းပေါက်နားတွင် ရပ်ကာ တစ်ဖက်ခြံသို့ ငေးနေတတ်၏။ စကားလည်း သိသိသာသာ နည်းသွားသည် ။

"သမီးလေးကလည်း ငြိမ်လိုက်တာ

မေမေကတောင် ပြောယူရသည် အထိ။

"သူများ တွေကို လိုက်ရှုပ်နေရတာ မောပြီ မေမေရယ် . . . အဟဲ"

မေမေ့ရင်ခွင်ကို ရယ်ကျဲကျဲလေးနှင့် ဝင်ခွေ့မှ မေမေ စိတ်တိုင်းကျသွားရသည် ။

"သမီးက နေ့ချင်းညချင်း လူကြီးဖြစ်သွားပြီ ပေါ့လေ

"ဒီနှစ်စာတွေကလည်း များ တယ် မေမေရဲ့

လျှောင်းမှုနိုင်တာနဲ့ ဘာအားသင်တာပဲ"

"ဒါကြောင့် မေမေပြောတာ၊ သူများ တွေက သမီးလေးကို ကလေးဆိုး . . . ကလေးဆိုးနဲ့ ပြောကြတာလေ၊ အချိန်တန်ရင် သူ့ဘာသာလိမ္မာသွားမှာ . . .လို့

"ဆိုးရတာမောပြီ မေမေရဲ့ . . . ယွန်းယွန်း အေးအေးဆေးဆေးပဲ နေချင်တော့တယ်

"ကြည့်ပါဦး . . . ပြောပုံလေးကို၊ မေမေ ချစ်လိုက်တာ

မေမေက သမီးကိုငုံနမ်း၏။ ယွန်းယွန်းသွားဖြလေးနှင့် ရယ်နေလိုက်သည် ။ မနေ့ကတော့ စနေနေ့မို့ ကျောင်းပိတ်၏။ ကျောင်းပိတ်ရက်ဆို အချိန်ပိုကများသောကြောင့် တစ်ဖက်ခြံကို ပိုင်ငေး ဖြစ်၏။ ညနေမစောင်းမစောင်းမှာ နောင်နောင်တို့ ကားခြံထဲသို့တရကြမ်း မောင်းဝင်လာတာ၊ ဦးလေးကျော်နှင့် ယှဉ်ကျောင်းဦးနောင်းကိုးကို နောင်နောင့်ကို အိမ်ပေါ်ခေါ်တင်သွားကာ၊ သက်မာ ခြေမကိုင်မိ လက်မကိုင်မိ ပျာယာခတ်ပါဖျော်သွားတာတွေ အကုန်တွေ့လိုက်သည် ။

"နောင်နောင် တစ်ခုခုဖြစ်ပြီ ထင်ပါရဲ့

ကစားဖက် သံယောဇဉ်နှင့် ထိတ်ခနဲတောင် ပူမိသေး။ ပြေးတောင်ကြည့်လိုက်ချင်သားပါ ။ သို့ပေမဲ့ မိမိရောက်သွားခြင်းဖြင့် နောင်နောင့်ကို ဘယ်လိုအကူအညီမျိုးမှ ပေးနိုင်မည်မဟုတ်။ သက်မာနှင့် မျက်နှာချင်းဆိုင်ရတာသာ အဖတ်တင်မည်မို့ မသွားဘဲ နေလိုက်သည် ။

"ဟွန်း . . . မိန်းမကိုက

သက်မာကို မည်သည့်ရှုထောင့်ကပဲ လှည့်ကြည့်ကြည့် ဘယ်လိုမှ ကြည့်မရ။

"စကားပြောလိုက်ရင် အနှောင့်မလွှတ် အားမလွှတ်

ခနိုးခနဲ့ ပြောတတ်တာမျိုးကို ယွန်းယွန်း နည်းနည်းမှ စိတ်မရှည်ချေ။

"ဒါကိုပဲ ဦးရွှေပိုင်တို့ က အဟုတ်ကြီးမှတ်လို့

စကားပဲ ဘယ်သူမပြောတတ်ပဲနေပါ့မလဲ။ လိုအပ်လာလျှင် ယွန်းယွန်းတို့ က ပိုတောင်ပြော တတ်သေး။ သူများ ထက်မကျွမ်းပဲရှိပါ့မလား။ စိတ်မရှည်လို့ တုတ်တိုးအိုးပေါက် တမင်ပြောချတော့ အပေါက်ဆိုးသတဲ့၊ အငေါ်တူးသတဲ့ ။

"ဦးရွှေပိုင် ဘာတွေထင်ကြီးနေတယ် မသိဘူး၊ ကျုပ်တို့ များ ဖြင့် အထင်ကြီးစရာတစ်ကွက် မှ မတွေ့ပေါင်၊ သူ့တစ်ကိုယ်လုံး အထင်သေးတွေနဲ့ ကို ဖုံးထားလိုက်တယ် . . . ကဲ

ယွန်းယွန်းတစ်ယောက်တည်း စကားပြောနေဖြစ်သည် ။ သက်မာပုံစံကို မထိတထိနှင့်မှ ယွန်းယွန်း မကြိုက်ရသည့်အခါ ကိုပိုင်က သက်မာမှ သက်မာ ဖြစ်နေတာရယ်၊ သူနှင့်သက် သက်ပြီး ယွန်းယွန်းကို ရက်ရက်စက်စက်ပြောချတာတွေရယ်ကြောင့် သက်မာကို ချဉ်တူးခါးနေအောင်မုန်း သည် ။

စင်စစ် . . .ကိုပိုင့်ကို ယွန်းယွန်း သိပ်ချစ်၏။ အစ်ကို သုံးယောက်ထဲမှာ အချစ်ဆုံး။ ဖေဖေ က ကိုပိုင့်ဆို မျက်နှာသာမပေးတတ်လို့ မို့ကို အသနားပိုရသေးသည် ။ ဖေဖေ စီမံသလို လက်ထပ်ဖို့ ထိကျ တော့ မျက်နှာလည်း မူ၊ ရှက်လည်း ရှက်၏။

ယွန်းယွန်းကိုယ်တိုင် လက်ထပ်လိုစိတ် မရှိပေမယ့် ကိုပိုင်က တူးတူးခါးခါးငြင်းတာ၊ သက် မာမှ သက်မာ ဖြစ်တာကျတော့ နည်းနည်းလေးမှ မခံချင်ပါ။ စော်ကားခံရလေခြင်းဟူ၍ ရင်ထုမနာ ဖြစ်ရသည် ။

ယွန်းယွန်းဘဝမှာ မရ၊ မသိ၊ မရှိ၊ မနိုင် ဆိုတဲ့ အရှုံးဝေဒနာ အနုတ်လက္ခဏာခံစားမှုက ကို ပိုင်နဲ့ ကျမှ ပထမဆုံး။

ရင်ထဲမှာ မျက်မျက်ကျင်ကျင်လေးတောင် ဖြစ်လာရသည် ။ ကျောင်းမှာ ဆို ယွန်းယွန်းအချစ် ကို ရယူပိုင်ဆိုင်ဖို့ အတွက် ဒူးထောက်သူတွေ ဒူးနဲ့ ဒေး။

"အဲဒါတွေကို လုံးဝ စိတ်မဝင်စားခဲ့ဘူး သိလား ခုတော့ ခင်ဗျားကြီးကြောင့် စာရင်းပြုစုပြီး အမှတ်ပေးစနစ်နဲ့ လူရွေးရတော့မလိုဖြစ်နေပြီ

ယွန်းယွန်း ခုလို ငြိမ်ကျသွားခြင်းမှာ ရင်ထဲက ဆွေ့ဆွေ့ခုန်လွန်း၍ ဖြစ်ကြောင်း မည်သူမျှမ ရိပ်မိ မသိရှိကြပါ။ ရင်ထဲမှာ လှိုင်းထန်လေ ပြင်ပက လှုပ်ရှားမှုက ရင်တွင်းလှိုင်းတံပိုးကို မမီနိုင် လေမို့ ဤကဲ့သို့ ငြိမ်ကျသွားတတ်ကြောင်း မည်သူမျှမသိ။ ယွန်းယွန်း လိမ္မာ လာပြီဟု သာ ဝမ်းသာအယ်လဲ ဖြစ်နေကြသည် ။ စင်စစ်. . . အဲဒါတွေက ယွန်းယွန်း အထင်ပါ။ ဆယ်ကျော်သက် သမီးကို အုပ် ထိန်းနေရသည့် မိခင်သည် သမီးကိုသည် လောက် လက်လွှတ်စပယ် ထားပါမည် တဲ့ လား။

"ဟိုဘက်ခြမ်မှာ ဆရာဝန်တွေလည်း ရောက်လာတယ်၊ အောက်စီဂျင်ဘူးကြီးလည်း မ.တင် သွားတာတွေ့တယ်၊ နောင်နောင် အခြေအနေ ဆိုးလား မသိဘူး မေမေ

"မှုတ်လား. . . သနားဖို့ ကောင်းတဲ့ ကလေးပဲကွယ်၊ ချမ်းသာရာရပါစေ

"ခုနေသွားလို့ ဘယ်ကောင်းမလဲ သမီးရဲ့ ၊ သူတို့ ကိုဒုက္ခပေးသလိုဖြစ်မှာ ပေါ့၊ ကိုယ့်အကူအညီ လည်း သူတို့လိုမှာ မဟုတ်တာ၊ တစ်ခုခု

ကူညီဖို့ ဆိုရင်တော့ သွားရမှာ ၊ ခုဟာက ဆ ရာဝန်တွေရော အစုံအလင်ဆိုတော့

"ဟုတ်တယ်. . ယွန်းယွန်းလည်း အဲဒါကြောင့် မသွားတာ

"သမီးလေးက တွေးတတ်ခေါ်တတ်လည်း ရှိတယ်၊ လိမ်လည်း တကယ်လိမ္မာတာ၊ အလို လိုက်ထားလို့ သာ နွဲ့ဆိုးလေးဖြစ်နေတာ၊ သ မီးကို မေမေ တကယ် အထင်ကြီးတယ်

"မေဟာတော့. . . မေမေက ယွန်းယွန်းကို အ ထင်ကြီးတယ်

"အင်းပေါ့. . . သားသမီးဆိုတာ မိဘဆီက အသိဉာဏ်၊ အတွေးအခေါ်တွေ အလိမ္မာတွေ ကို ဗီဇအမွေရခဲ့တာပဲ၊ ခပ်ဖျင်းဖျင်းမိဘကမွေး တဲ့ သားသမီးဟာ ထူးချွန်လာဖို့ တစ်ရာတစ် ယောက် ရှားတယ်၊ သမီးလေးက ဒီမိဒီဖရဲ့ သ မီးပဲ

"ဟာ . . . မေမေက သမီးကို ချီးကျူးသလို လိုနဲ့ သူ့ကိုယ်သူ ချီးကျူးတာ . . . ခစ် . . . ခစ်

မေမေနှင့် ခဏတာဖြုတ် စကားပြောပြီး ဟို ဘက်ခြံသို့ပင်ပြန်ခဲ့ေးမိသည် ။ ညဘက်တစ် ရေးနိုး မှာ ပြတင်းပေါက်မပိတ်ရသေးသည် ကို သတိရပြီး ထပိတ်တော့လည်း နှောင်နှောင့်အ ခန်းမှာ မီးတွေ ကို ထိန်ထိန်လင်းဆဲ။

ခြံတွေက ကျယ်ပေမယ့် မြေပိုမပုပ်အောင် ထောင့်နားကျကျ ဆောက်ရာတွင် နှောင်နှောင် တို့ အိမ်နှင့် ယွန်းယွန်းတို့ အိမ်တွေက နီးစပ် ထောင့်တွေမှာ ဆောက်ဖြစ်ကြသည် ။ သည် တော့ . . . မျက်စိ မမှုန်သေးသည့် လူငယ်တွေ အဖို့ တစ်အိမ်နှင့်တစ်အိမ် လှမ်းမြင်နေရ၏။ ပြီးတော့ နှောင်နှောင့် ခုတင်က ယွန်းယွန်း အိ ပ်ခန်းပြတင်းပေါက်မှ ကြည့်လျှင် အကုန်လုံးမ ဟုတ်တောင် တစ်စိတ်တစ်ပိုင်း တွေ့နေရသ

ည် ။

ပြတင်းပေါက်ချင်း ဆုံနေသည် မို့ ယွန်းယွန်း သူ့ပြတင်းကို ပိတ်မထားလျှင်တောင် ခန်းဆီ အမြဲချထားလေ့ရှိ၏။ နောင်နောင့် အခန်းမှာ က ခန်းဆီးမရှိပါ။

"ဟိုမိန်းမ တစ်ညလုံး တစ်မှေးမှ အိပ်ရဲလားမသိ

တစ်ချက်တစ်ချက် လမ်းထလျှောက်သည်ကို တွေ့ရသည် ။ သူနာပြုဆရာမကိုလည်း တွေ့ရ သည် ။ ဆရာဝန်ကြီးကိုလည်း တစ်ခါတစ်ခါ ဖြတ်သွားဖြတ်လာတွေ့ရသည် ။ ယွန်းယွန်း ပြတင်း ပေါက်မှာ ခဏလေးပြီး တံခါးပိတ်၊ ခန်းဆီး ချလိုက်ပေမယ့် တော်တော်နှင့် ပြန်အိပ်မပျော်ပါ။

မျက်နှာကြက်ပေါ်မှာ သက်မာ။

"ဒီမိန်းမကို ဘာဖြစ်လို့ မြင်နေရတာလဲ

သည့် အတွက် စိတ်တို၏။ ဒေါသထွက်၏။ ဒေါသထွက်တော့ မျက်စိကျယ်ကာ အိပ်ချင်စိတ် မရှိ။ မျက်စိကြောင်လေ သက်မာကို မြင်ယောင်လေ။ အမုန်းသံသရာ လည်နေသည် မို့ မိုးလင်းခါနီး ကျမှ ပြန်အိပ်ပျော်တော့သည် ။

*

ယွန်းယွန်း ကော်ဖီဆင်းသောက်ချိန်တွင် ကိုပိုင်က အချိန်မဟုတ်ပါဘဲ စောစောစီးစီး ထမင်း စားနေသည် ။ စောလှသည် တော့ မဟုတ်ဘူး ပေါ့လေ။ ဆယ်နာရီဆိုတာ တချို့လူတွေ မနက်စာစား သည့်အချိန်ပါပဲ။ သို့ပေမဲ့ ယွန်းယွန်းတို့ အိမ်မှာ နံနက်စာထမင်းကို ဆယ့်နှစ်နာရီထိုးမှ စားကျင့်ရှိ၏။

စားပွဲဝိုင်းမှာ ဝင်ထိုင်ပြီး ယွန်းယွန်း ကော်ဖီကရားကိုင့်တော့ ထမင်းစားနေသည့် ကိုပိုင် က တစ်ချက်လှမ်းကြည့်သည် ။ ယွန်းယွန်း

မမြင်ချင်ယောင်ဆောင်သည် ။

"နောက်ကျလှချေလား ယွန်းယွန်း

ကိုပိုင် ယွန်းယွန်းကို အားနာနေသည် ။သူ့စကားတွေ လွန်သွားမှန်းသိသည် ။ သည့် အတွက် ယွန်းယွန်း သူ့ကိုစကား မပြောဘဲနေတော့ အံ့သြလွန်းမက အံ့သြရ၏။ ယွန်းယွန်းက စိတ်ကောက်ပြီ ဆိုလျှင် ထုချင်ထု ကိုက်ချင်ကိုက် ဆိုတာမျိုးနှင့်သာ ဆန္ဒပြတတ်၏။ ဘယ်တော့မျှ စကားမပြောဘဲ မနေခဲ့ပါ။

ယွန်းယွန်း သည် လိုနေတော့ ပိုင်ဆု မနေတတ်သလိုဖြစ်ရပြန်၏။ ချော့ချင်လှပါသည် ။ ဘယ်လိုချော့ရမှန်းမသိ။ ချော့မိကာမှ ကိုယ့်စိတ်ကို ကိုယ်မနိုင်မှာ လည်း စိုးသည် ။

"ညက အိပ်ရေးပျက်လို့ လား ယွန်းယွန်း

ပိုင်ဆု ထပ်မေးသည် ။

"ပျင်းပျင်းရှိလို့ နှပ်နေတာပါ

သိမ့်မှန်နှင့် အေးဆေးစွာဖြေတော့ ပိုင်ဆု ပို၍ အံ့သြရပြန်သည် ။ ဒါ . . . ယွန်းယွန်းပုံစံ မဟုတ်ပါ။ ယွန်းယွန်း အစစ်မှ ဟုတ်ရဲ့ လားဟု ထင်မှတ်မှားရလောက်အောင် ပုံစံက ဆန့်ကျင်သည် ။

ယွန်းယွန်းတစ်ခွန်းမှ မဖြေဘဲ ခြေဆောင့်ထွက်သွားလျှင်တောင် သူ့ပုံစံမှန်မို့ အံ့သြစရာမရှိ၊ သာမန်ပြောရိုးပြောစဉ် ဘာသိဘာသာ နိုင်လွန်းသည် ။

ယွန်းယွန်းသိပ်ကို စိတ်နာသွားပြီလား။

ဒါတိုင်းဆို . . .

"ယွန်းယွန်းဖို့ မုန့်တွေ စုံစုံလင်လင် ကျန်ရဲ့လား၊ ဘယ်သူတွေ ဘာတွေ တီးပစ်ကုန်ပလဲဟင်" . . . ဆိုတာမျိုးနှင့် ခုန်ပေါက်ရောက်လာတတ်လာသည့် ယွန်းယွန်းက ခုတော့ ဏ္ဍငြိမ်ရ

လွန်းသည် ။ ကော်ပီဆို ငွပ်ခနဲ ငွပ်ခနဲ မျိုချတတ်သည့် ယွန်းယွန်းက ပန်းကန်နှုတ်ခမ်းနှင့် တော့ရုံလေး တော့ကာ သောက်လိုက်မှန်းတောင် မသိ။

ပန်းကန်ကို ဘေးသို့ဖယ်ကာ ထသွားပုံက ညင်သာလွန်း၏။ ခြေထောက်လှမ်းဟန်ကအစ သိမ်မွေ့၏။ ပိုင်ဆုစိတ်ထဲမကောင်းသည် နှင့် ငေးကြည့်ကျွန်ရစ်တော့ အပျိုရည် အပျိုသွေးတို့ ဖြင့် ညက်ညော နေသည့် မိန်းမလှလေးအဖြစ် မြင်မိလေ၏။

"ကျောင်းမှာ ဘယ်နှကောင် အရူးအမူး ဖြစ်နေမယ်မသိဘူး"

အစ်ကိုစိတ်နှင့် ဒေါသတောင် ထွက်လာရသည်။

"နေ့ချင်းညချင်း အပျိုဂိုက်ဖမ်းပစ်လိုက်တာ၊ ဒီကောင်မလေး ရိုးမှ ရိုးသေးရဲ့ လား

စားလက်စ ထမင်းက သိသိသာသာကြီး အရသာမဲ့သွားရသည် ။

"ခုလောက်ဆို သက်မာလည်း မျှော်လှရော့မယ်

သက်မာ သံယောဇဉ်လည်း ခိုင်မြဲစပြု၏။

"ဟူး . . . မိန်းမတစ်ယောက် ယူမလားလို့၊ ရည်းစားထားမယ် ကြံကာရှိသေးတယ်၊ တစ်ခါမှ လည်း မပျော်ရသေးဘူး၊ မိန်းမနှစ်ယောက် သုံးယောက် ယူကြတဲ့ သူတွေဆို ဘယ်လိုနေမယ်မသိ

ဇွန်းနှင့်ခက်ရင်းကို ယှဉ်လျက်မှောက်ချလိုက်သည် ။ မျက်ဝန်းထဲမှာ သက်မာတို့ အိမ်ကထမင်းဝိုင်းမှ ဟင်းပေလက်ကြီးဖြင့် ကိုင်ထားသည့် ဇွန်းညစ်ပတ်ကြီးတွေကို မြင်လာမိပြန်၏။

တော။

*

"ကိုပိုင် . . . သက်မာတို့ အိမ်လား

"အေး

"ဒါဖြင့် မသွားနဲ့တော့

"ဟေ . . . ဘာဖြစ်လို့ လဲ

စိုးစံက လာပြောတော့ ဘာဖြစ်လို့ ပါလိမ့် မှာ အံ့သြသွားရသည် ။ မေမေ့ အမိန့်နဲ့ များ အားချင် သလား။

"ကိုပိုင်သွားရင် တွေ့မှာ မဟုတ်ဘူး . . .တဲ့

"ဘယ်သူကလဲ

"ယွန်းယွန်းက

"ကြည့်စမ်း . . . ဘာတွေ ကတုန်းကတိုက် လုပ်ထားပြန်ပလဲ မသိဘူး

စောစောက အကြင်နာလေးတွေ ချက်ချင်း ပျောက်ကာ ဒေါသထောင်းခနဲ ထလာသည် ။ သူများကြားမှာ မတွန်းရမတိုက်ရလျှင် စားမဝ င် အိပ်မပျော်ဘူးလား . . .ဂြိုဟ်ဆိုးမလေး။

"မဟုတ်ပါဘူး၊ ကိုပိုင်လည်း သက်မာနဲ့ ပ တ်သက်ရင် တော်တော်သွေးဆူတတ်နေပြီ

"သွေးဆူတာသာ မင်းတို့ မြင်တယ်၊ သက် မာက ဘာမှ မလုပ်ဘူး၊ ဒီဂြိုဟ်မလေးချည်းပဲ လျှောက်ရှုပ်နေတာ

"စကားကို ဆုံးအောင်နားထောင်စမ်းပါဦး၊ သက်မာညက အိမ်မပြန်ဘူး"

"ဟင်"

"မှန်သွားပြန်ပလား ကိုပိုင်၊ ဆုံးအောင် နား ထောင်ပါဆို၊ မနေ့က နောင်နောင် တော်တော် နေမကောင်းဖြစ်တယ်၊ သက်မာ ရော၊ သူနာပြုဆရာမရော၊ ဆရာဝန်တွေပါ ခုထိ အဲ

531/880

ဒီအိမ်မှာ ရှိနေကြ တယ်တဲ့ ၊ ကိုပိုင်က သက်မာအိမ်ကို လိုက်သွားရင် အလကားပင်ပန်းနေမှာ စိုးလို့ ၊ တွေ့ချင်ရင် ဟိုဘက်ခြံကိုပဲကူးတဲ့ ၊ အဲဒါပြောတာ"

"သူ ဘယ်လိုလုပ်သိသလဲ၊ ဒါကို"

"ဒါတော့ တပည့်တော်လည်း မလျှောက်တတ်ဘူး၊ ကိုပိုင်အလကား မောကြောဆိုက်၊ မောတ် ဆီကုန်၊ ကားဘီးပွန်းမှာ စိုးလို့ စေတနာနဲ့ ပြောတာ . . .တဲ့ "

ယွန်းယွန်း စေတနာဆိုတာကိုတော့ ပိုင်ဆု မယုံကြည်နိုင်။ အမြဲလိုလို ချောက်တွန်းတက်တာ တစ်ခါမျှကောင်းကျိုးမပေးသူမို့ ယွန်းယွန်းဆို အကြောင်းကို မမြင်နိုင်ပါ။

"သူကိုယ်တိုင် ဘာဖြစ်လို့ မပြောတာတဲ့ လဲ

စိုးစံက ပခုံးကိုစုံတွန့်၊ မချိမချဉ်ပြုံးကာ လက်ခါပြသည် ။

"ကိုပိုင်တို့ စကားမပြောကြဘူး မဟုတ်လား"

"သူက အဲဒီလိုပဲ ပြောသလား"

"မပြောပါဘူး၊ ကျွန်တော်တို့ သတိထားမိတာပဲ၊ ယွန်းယွန်း ခုတလော ဘယ်သူနဲ့ မှ စကား သိပ်မပြောတာ"

"လုံးဝမပြောတာတော့ မဟုတ်ဘူး ၊ စောစောက ငါနည်းနည်း ပြောတော့ တစ်ခွန်းပြန်ပြော တယ်၊ ဟက်ဟက်ပက်ပက် မရှိဘူး"

"ဒီမှာ ကိုပိုင်၊ ကျွန်တော်တော့ ညီအစ်ကိုချင်း ဝေဖန်ချင် လာပြီ

"ပြောပါဦး"

"ဖေဖေနဲ့ မေမေကို အားမနာဘူးလား၊ ကိုပိုင် လုပ်နေတာတွေ အတွက် မျက်နှာမပူဘူးလား"

"မင်းတို့ က ဘေးလူဆိုတော့ အားနာနိုင်တယ်၊ မျက်နှာပူနိုင်တယ်၊ ငါကကာယကံရှင်၊ မျက်နှာပူ အားနာတာနဲ့ လိုက်လျှောလိုက်ရင် ဘဝပျက်တော့ ငါပျက်မှာ "

"အဲဒီဘဝကို ဘယ်သူတည်ဆောက်ပေးထားတာလဲဆိုတာ တွေးမိရဲ့ လား"

စိုးစံစကားက ပိသသလေးနှင့် ဘေးပစ်တာထက် အင့်ခနဲ နေအောင်ထိ၏။ တကယ်ဆို ဒီဘဝကို ဖေဖေနှင့်မေမေတို့ တည်ဆောက်ပေးထားတာကို စိုးစံတောင် သိတယ် စာနာနိုင်သည်။

"သူတို့ တည်ဆောက်ပေးထားတဲ့ ဘဝကို သူတို့ ကြောင့်ပဲ ပျက်ရဘယ်ဆိုရင်တောင် တန်ပါ တယ် ကိုပိုင်၊ ကိုပိုင် နစ်နာလှတယ် မဆိုနိုင်ပါဘူး"

"မင်းတို့ အဖို့ တော့ဟုတ်တာပေါ့ကွာ" ဟု ကျိတ်ပြောလိုက်မိ၏။ ဒီစကားက တစ်ဖက်သားကို စော်ကားရာရောက်သည် မို့ ဖွင့်မပြောဖြစ်ပါ။ ကိုယ့်မှာ တော့ ကိုယ့်ခံစားချက်နှင့်ကိုယ်။ တကယ် . . . တော့ကိုယ့်ကိုယ်ကိုယ် လူကောင်းဖြစ်အောင်ကြိုးစား၊ သိမ္မာအောင်နေ၊ စာတွေတတ်အောင် သင်ခဲ့ တာကိုက ကိုယ့်ဘဝကိုယ် မကျေနပ်လို့ ၊ လူဖြစ်လာရသည့်ဘဝကို မကျေမနပ်ကြီးနှင့် စခဲ့ရတာကို သူတို့မှ မသိဘဲလေ။

★

"နင် ခုတလောတယ်ငြိမ်ပါလား၊ မိယွန်း"

ယွန်းယွန်း ငြိမ်နေပုံက အိမ်မှာ သာမဟုတ်၊ ကျောင်းမှာ တောင် သိသိသာသာ။

"ဘာဖြစ်နေလို့ လဲ"

"ဝတ်ရည်ပြောတာ ဟုတ်တယ်၊ နင်သိပ်လ

ည်း မရယ်ဘူး၊ ပြောင်ကြီးတို့ အုပ်စုနဲ့ တောင်ရန်မဖြစ်ဘဲ သည်းခံနေတယ်၊ မျက်နှာလည်း နွမ်းသလိုပဲ”

ဝတ်ရည်စကားကို ခက်ခက်ခိုင်ကပါ ထောက်ခံသည် မို့၊ မိမိပုံစံက သိသိသာသာကြီး ဖြစ်နေပြီဟု နားလည်လိုက်ပါသည် ။ ယွန်းယွန်း နာနာကြည်းကြည်းလေး ပြုံးလေ၏။

“ကြည့်လေ . . . ပြုံးပုံကိုက ဝေဒနာနဲ့ ”

ခက်ခက်ခိုင် ထပ်ပြောမှ ယွန်းယွန်း တခစ်ခစ်ရယ် ဖြစ်၏။

“အဲဒီလိုလေးလည်း လုပ်စမ်းပါ၊ အခု ရယ်တာကမှ သဘာဝနည်းနည်းကျတယ်”

“နည်းနည်းပဲလား”

“အေး”

“ဟား ဟား . . .ဟား . . .ဟား”

ယွန်းယွန်းတ/ အော်ရယ်ပုံက ကျယ်ကျယ်လောင်လောင်မို့ အခန်းထဲရောက်နေသည့် ကျောင်းသူကျောင်းသားတချို့တောင် လှည့်ကြည့်သည် ။

“ဒီလိုဆို သဘာဝကျပလား”

“ခွေးမ၊ ဒီလောက် အော်ရယ်ရသလား၊ ပြောင်ကြီးတို့ တောင် စပ်ဖြဲဖြဲ ဖြစ်ကုန်ပြီ”

ပြောင်ကြီး ဆိုသည် မှာ အတန်းထဲမှ ငလောင်းအုပ်စု၊ ယွန်းယွန်းကိုဆိုလျှင် အသေရ ရ၊ အရှင်ရရ၊ ခြေသန်းလေးတစ်ချောင်းတည်းပဲ ဖြတ်ရရ လူဖြစ်ကျိုးနပ်ပါပြီဟု မရှက်မကြောက် လာဒိုပြတတ်သည့်ကျောင်းသား။

သူနာမည် တင်မောင်းထွန်းဦး ဆိုတာကို ဘယ်တော့မှ မခေါ်ဖြစ်ပါ။ ငယ်ငယ်ရွယ်ရွယ်နှင့် ထိပ်ပြောင်နေသူမို့ ပြောင်ကြီးပဲ ခေါ်ဖြစ်သ

ည်။

"နင်ကလည်း အစွန်းနှစ်ဖက်ကို ခုန်ကူးရသလား၊ ငြိမ်တော့လည်း ငြိမ်လွန်း၊ လောင်မယ့် လောင်တော့ အကျယ်ကြီး"

"ငါစိတ်ညစ်တယ်ဟာ"

"ဘုရားရေ . . . နင်ကများ စိတ်ညစ်စရာရှိလို့ လား၊ ငါတို့ ထင်တာက နင် ရည်းစားထားတော့ မယ် စိတ်ကူးလို့ အပျိုဂိုက်ဖမ်းနေတယ် ထင်တာ"

"နင်တို့ ထင်တာ မလွဲပါဘူး"

"ဘာ . . . နင်ရည်းစားရပလား ယွန်းယွန်း၊ ဘယ်ကောင်လဲ"

"ရည်းစားမထားကြေး" သစ္စာဆိုထားသည့် အုပ်စုမှာ ယွန်းယွန်းတစ်ယောက် စ/ ဖောက်ပြီထင်သည်။

"အရင်ဆုံး ရည်းစားထားတဲ့ သူဟာ သွားလေရာ ချော်လဲပါစေ၊ ခလုတ်တိုက်ပါစေ၊ ခွေးချေး ပုံ နင်းမိပါစေ၊ လူလယ်ကောင် လုံချည်ကျွတ်ကျပါစေ" ဟု သုံးယောက်သား စိတ်ဝမ်းလက်ညီ ကျိန်ထားကြသည် လေ။

"မရသေးပါဘူး၊ စိတ်ကူးရုံကူးတာ"

"နင် လူလယ်ကောင် လုံချည်ကျွတ်ကျမှာ မကြောက်ဘူးလား"

"နင့်တို့ ကျိန်စာသင့်မှာ စိုးလို့ ငါငွေခါးပတ်လေးတောင်ဝယ်ပြီးပြီ"

"ခါးပတ်ခေတ်ကဖြင့် ကုန်နေပြီ"

"ကုန်သွားတဲ့ ခေတ်ကို ပြန်လည်ဆန်းသစ်မှာ ပေါ့ဟ၊ ငါစပြီး ပတ်လိုက်ရင် လိုက်ပတ်ကြမှာ ပဲ"

"နင် ဘယ်သူ့ကို ကြိုက်နေတာလဲ မိယွန်း"

"ဘယ်သူ့ကိုမှ မကြိုက်ဘူး၊ လူတစ်ယောက်ကို စိတ်နာနေတာ၊ နာတာမှ ဟာ ပြောရင်း တောင်ရင်ထဲက တစစ်စစ်ကျင်လာတယ်"

"နင့်ကို ဘာလုပ်လို့ လဲ"

"အကြိမ်ကြိမ် စော်ကားတယ်

"ဟိုက် . . ဒုက္ခ၊ ဘယ်သူလဲ၊ ဘယ်ကောင်လဲ"

"ငါ့ကို ပက်ပက်စက်စက် ပြောတယ်ဟာ၊ သူခိုးစွပ်စွဲတယ်ဟာ၊ လက်သီးနဲ့ ထိုး၊ ခြေထောက် နဲ့ ကန်တာမျိုး မလုပ်ပေမယ့် သူ့ပါးစပ်ထဲမှာ ငါဟာ ရစရာကို မရှိတော့ဘူး"

"ဘယ်ကောင်လဲဆိုတာ ပြောဦးလေ"

"ကိုပိုင်"

"ဟောတော့ . . ."

ကိုပိုင့်ကို ယွန်းယွန်း အစ်ကိုအဖြစ် ဝတ်ရည်တို့ ခက်ခက်နိုင်တို့ သိထားကြပါသည် ။ မွေးစား အစ်ကိုမှန်းလည်း သိသည် ။ သူတို့ သိထားတာတွေက ကိုပိုင့်အပေါ် ယွန်းယွန်းဆိုးတာ၊ကိုပိုင် သည်းညည်းခံရတာတွေ။

"ဘယ်လိုဖြစ်ကြတာလဲ"

"သူနဲ့ ငါ့ကို ပေးစားမလို့ တဲ့ ကွာ၊ ဖေဖေက . . ."

"ဟဲ့"

သူငယ်ချင်းနှစ်ယောက် အံ့သြလွန်းသွားရသည်။

"ငါ့ကိုမလိုချင်တာ ငါစိတ်မဆိုးပါဘူး၊ ငါကလည်း ယူချင်စရာမှ မရှိဘဲ"

"နင် ဒီလောက်လှတာ"

"တစ်ခါ တစ်ခါ လှတာဟာ အသုံးမဝင်ဘူးကွ၊ သူကြိုက်တဲ့ မိန်းမက အသားတောင် ခပ်

ညို ညို"

"ဘယ်လိုဖြစ်တာပါလိမ့်၊ လူတစ်ရာမှာ တစ်ရာလုံးကိုချမေးကြည့်၊ အသားမည်းကို ဘယ်သူ ကြိုက်မလဲ"

"ဒီလိုလည်း မဟုတ်သေးဘူးလေ၊ နင့်လိုဆို အသားညိုတဲ့ မိန်းမတွေ ယောကျ်ားမရတော့ဘူးလား"

"ရတာပေါ့ကွ၊ သူ့ထက်ညိုတဲ့ ယောကျ်ားက ယူလိမ့်မယ်"

"မိန်းမကညိုပြီး ယောကျ်ားကဖြူတဲ့ စုံတွဲ တွေပြည့်လို့"

"တခြားအရည်အချင်းတွေ ကြိုက်လို့ ဖြစ်ချင်ဖြစ်မှာ"

"ဒါပေါ့ ဝတ်ရည်ရဲ့ ၊ အဲဒီမိန်းမမှာ ရှိတဲ့ အရည်အချင်းတွေ ပေါ့၊ ငါ့မှာ တစ်စက်မှ မရှိဘူး"

"ဘာတွေလဲ"

"အဲဒီအရည်အချင်းတွေကို ဝေါဟာရတစ်ခုတည်းနဲ့ အထိရောက်ဆုံး ပြောရရင် ဟန်ဆောင် ခြင်းလို့ ပဲ ငါပြောချင်တယ်"

"ပေါက်ပေါက်ရှာရှာ၊ ဟန်ဆောင်တာ အရည်အချင်းလား"

"မလုပ်ချင်ဘဲနဲ့ ဖွတ်လုပ်တာတွေကို ဟန်ဆောင်တာလို့ ပြောလို့ မရဘူးလား"

"မရဘူးကွ၊ တချို့ကဆို အဲဒါမျိုးကို လူလိမ္မာတဲ့ ၊ မလုပ်ချင်ပေမယ့် လုပ်သင့်ရင် လုပ်မယ်၊ အဲလိုမျိုး မဟုတ်လား"

"အေး . . . ဟုတ်တယ်၊ ဟုတ်တယ်"

"ခေါင်းသုံးတာပေါ့ကွာ၊ အကောင်းဘက်က ပြောရရင်တော့ လူလိမ္မာပဲ၊ အဆိုးဘက်က

မပြောမဖြစ် ပြောပေးရမယ် ဆိုရင်တော့ အကျွက်မြင် အကျွက်သမားလို့ ခေါ်ရမလား မသိဘူး ၊ အကျိုးရှိဖို့ အတွက် ကောင်းမှု ဖြစ်ထွန်းဖို့ အတွက် ကိုယ့်ဆန္ဒနဲ့ ဆန့်ကျင်ရင်တောင် ဆန္ဒကို မျိုသိပ် မယ်ဆိုတဲ့ လူစားမျိုး မဟုတ်လား"

"အေး . . . ဟုတ်တယ်၊ နှင်က သိလှချည်လား ဝတ်ရည်"

"သိဆို ငါ့အမေက ငါ့ကို အဲဒီလိုနေရမယ်တဲ့၊ ဒါမှ လိမ္မာတယ် ခေါ်သတဲ့ "

"အစစ်ပဲ၊ ငါလည်း စောစောက နှင်ရယ်သလို အော်ရယ်ချင်တာပဲ၊ မေမေ့ရှေ့ဆို ငါးခူပြုံးလေးနဲ့ ဒီလို . . ."

ခက်ခက်ခိုင်က ပြုံးပြနေသည် မို့ ခစ်ခနဲ ရယ်ရသေးသည် ။ ရှည့်လို ပြေးချင်ပေမယ့် မျဉ်းတစ် ကြောင်းတည်းကျအောင် လုပ်လီလုပ်လဲ့ လှမ်းရတယ်ကွာ၊ ကြွေ့ဆိုပဲ

ခွီးခနဲ ရယ်ဖြစ်ကြပြန်သည် ။

"ဒါ ဟန်ဆောင်ခြင်းတော့ နည်းနည်းပါမှာပဲ"

"ပါတယ်ပြောလည်း ရမှာ ပေါ့၊ ဒါပေမဲ့ အဲဒါကကောင်းသော အလုပ်မို့လို့ တဲ့ ၊ လူတိုင်းလက်ခံတယ်ကွာ"

"အေး . . . ဟုတ်တယ်"

"ဒါကြောင့်ပေါ့၊ ငါအခု အဲဒီလိုမျိုး ကျင့်ကြည့်နေတာ၊ ငါက ခုန်ပေါက်ချင်နေတာ၊ ဒါပေမဲ့ ငြိမ်ပစ်လိုက်တယ်"

"နှင်က ကိုပိုင့်ကို ကြိုက်နေလို့ လား"

"မှန်းနေတာ"

"ဒါဖြင့် ဘာလုပ်ဖို့ လိုသေးလဲ"

"လိုတယ်၊ သူ့ကိုနှိပ်စက်ဖို့ စစ်အေးတိုက်မလို့ ၊ ဖေဖေတို့ က ဇွေ့စပ်ပေးရင်တောင် ငါလ

က်ခံ လိုက်မယ်၊ သူဆွေ့ဆွေ့ခုန်ရင် ငါပျော်ပြီ”

“နှင့်ဟာကလည်း သူ့ကို ထွေးရရင်ပြီးရော၊ ကိုယ်တိုင်ချေးငှံ့ရင် ငှံ့ရပစေဆိုတာ ကျနေပြီ၊ သူချေးပေတာကနောက်၊ ကိုယ့်ပါးစပ်ထဲရောက်တာက အရင်”

“ဟာ . . . ရှိတယ်”

“အေး . . .ကိုပိုင် ဆတ်ဆတ်ခါဖို့ နှင်မကြိုက်ဘဲ လက်ခံမယ်ဆိုရင် နှင့်လုပ်ရပ်ဟာ ရှိစရာပဲ၊ နှင်မှ မကြိုက်တာ၊ သူ့ဘာသာ ကြိုက်တဲ့သူနဲ့ ယူပစေပေါ့”

“ငါကလည်း ယူစေချင်ပါတယ်၊ ဒါပေမဲ့ သူငါ့ကိုချော့ရမယ်၊ သူ့ရည်းစားမက ငါ့အောက်ကျို့ ရမယ်၊ သူတို့ ဖြစ်ချင်တာကို ငါ့ကို အရေးပေး မြှောက်စားပြီး တောင်းဆိုပါလား”

“နှင်ပြောတာ မဟုတ်သေးဘူး”

“ဟုတ်တယ်၊ အဲဒီလိုဆို ငါက လိုက်တောင်းပေးဦးမယ်၊ ခုတော့ ငါ့မကောင်းကြောင်းတွေ အပုပ်ချတာ ကောင်းသလား”

“နှင်က မိုလ်ကျချင်နေတာ”

“တစ်သက်လုံးက ကျလာတာပဲဟာ”

“အမြဲတော့ ဘယ်ရမလဲကွ”

“ရ . . . ရမယ်”

“နှင်က ကိုပိုင့်ကို ပိုင်ချင်နေတာ၊ လွှမ်းမိုးချင်နေတာပဲ၊ ဒါဆို နှင်သူ့ကို မုန်းနေတာ မဟုတ်ဘူး”

“မုန်းလိုက်တာမှ ခုနေ သူသေရင်တောင် ငါ့ငိုမှာ မဟုတ်ဘူး ၊ သူဟာမနဲ့ ကွဲရင်ပြီးရော။ ငါလူကြီးတွေစကား နားကိုထောင်ပစ်လိုက်ဦးမယ်”

“နှင်မှားနေပြီ ယွန်းယွန်း။ နှင့်ဘာဝ

ပျက်သွားမှာ ပေါ့၊ ကိုယ်မလိုချင်တဲ့ ယောကျ်ားကြီးနဲ့ တစ်သက်လုံး နေသွားရမှာ ”

“သူလိုချင်တဲ့ မိန်းမနဲ့ တစ်သက်လုံး ပေးသွားရင် ငါကျေနပ်ပြီ”

“ပေးမယ် ထင်သလား ယွန်းယွန်း၊ ယောကျ်ားပဲ ထပ်ယူတော့မရဘူးလား”

“ယူချင်ယူလေ ဟိုမိန်းမ သိက္ခာကျမှာ ပေါ့”

“နှင်နဲ့ တရားဝင်မင်္ဂလာမဆောင်ခင် နှစ်ရက်လောက်ကလေးစောပြီး ရုံးတက်လက်မှတ်ထိုးထားမယ်ကွာ၊ ဘယ်သူမှ မသိဘူးကွာ၊ ကဲလေ . . . ဘယ်နှယ်လုပ်မလဲ”

“သူဒီလောက်ပဲ ယုတ်မာမလား”

“ပြောလို့ ဘယ်ရမလဲ၊ နှင်တောင် ကပ်ဖုံလိုက်ကြံစည်နေသေးတာပဲ”

“အဲဒီလိုဆို သူ့ကို ငါ့လက်နဲ့ သတ်မယ်”

“နှင် တော်တော်ကျူရော”

“ကျူပစေ”

“လုပ်ပြန်ပြီ ယွန်းယွန်း၊ နှင်ချေးငုံဖို့ ပဲ တွေးနေတော့တာပဲ၊ မဟုတ်သေးပါဘူး”

“အေးလေ . . . နှင်ကောင်းကောင်း မွန်မွန်နေပေးလိုက်ပါဟာ၊ သူကြိုက်တဲ့ သူနဲ့ သူယူပြီး၊ နှင့်ကို တစ်သက်လုံးကျေးဇူးရှင်အဖြစ် အသိအမှတ်ပြုနေပါစေ၊ အဲဒီနည်းနဲ့ အနိုင်ယူစမ်းပါ”

“နှင်တို့ ပြောတာ ငါ့အမေ တစ်ခါတုန်းက ပြောဖူးသလိုပဲ၊ လူတစ်ယောက်ကို မုန်းရင်တဲ့ မေတ္တာပို့ရမယ်ဆိုပဲ၊ အဲဒီလူ ကျန်းမာပါစေ၊ ချမ်းသာပါစေပေါ့ဟာ၊ ကိုယ့်ကိုစော်ကားရင် သည်းခံတဲ့ ၊ မေတ္တာနိုင်နိုင် ပို့ရမယ်တဲ့ ၊ ဘယ်သူတရားပျက်ပျက်၊ ကိုယ်မပျက်ဘဲ မေတ္တာပွားများ ရင်၊ အဲဒီလူမှာ ကိုယ့်မေတ္တာဓား

မယ်ဆိုပဲ"

"ဟာ ... ဒါတော့ မရဘူးကွ"

"အေးလေ . . . မေတ္တာက ဘယ်တော့စူးမှန်းမသိဘူး၊ စောင့်ဖို့ လည်း စိတ်မရှည်ဘူး၊ ကိုယ့်လာစော်ကားရင် ပြန်ချလိုက်တာ မြန်တယ်"

ခိုးခိုးခစ်ခစ်သံလေးတွေ ထွက်လာပြန်သည်။ ယွန်းယွန်း ဘယ်လောက်ပဲ ငြိမ်နေသည်ဆိုဆို၊ ဗီဇကို ဘယ်ဖျောက်နိုင်ပါ့မလဲလေ။ ခုလို ဟက်ဟက်ပက်ပက်ကလေး ရယ်နေတာကိစ္စမရှိ တန်ကောင်ဘူး ထင်ပါရဲ့၊ အိမ်မှာ မှမဟုတ်တာ။

"အာပဲဖြစ်ဖြစ်ဟာ အပျိုကြီးဂိုက်ဖမ်းမနေနဲ့၊ ကလေးဟာ ကလေးလိုနေ"

"ငါလား ကလေး"

"အေးလေ . . . နင်က နင့်ကိုယ်နင် ကလေးဆို၊ အရင်တုန်းက ပြောခဲ့တာပဲ"

"နင်ငါ လူကြီးခဏဖြစ်ကြည့်မလားလို့"

"လုပ်မနေနဲ့"

"ဖြစ်ရင်လည်း ဖြစ်ပါစေတော့၊ တစ်ခါတည်း ခြောက်ဆယ်ကျော်ကို ခုန်ကူးလိုက်"

"ခွေးခိုင် . . . နင် ဖြစ်ပါလား၊ နင်ပဲ ရှစ်ဆယ်ကျော်ဖြစ်"

"မလုပ်ပါနဲ့၊ နင်တို့ ပြောတာနဲ့ ပါးတွေးတောင် ယားလာတယ်၊ ပါးရေတွန့်တော့မလား မသိဘူး"

လွင့်ပျံ့လာသည့် ရယ်သံလေးများကို ဆရာဝင်လာသည် မို့ အချိန်မီ ဘရိတ်အုပ်လိုက်ကြရတော့သည်။

*

"ဟုတ်ကဲ့ . . . ကျွန်တော် ပိုင်ဆုပါ"

တယ်လီဖုန်းပြောရင်း ဧည့်ခန်းမှာ ရှိနေသည့် ယွန်းယွန်းထံ လှစ်ခနဲ အကြည့်ရောက်သည် ။ ဧည့်ခန်းပန်းအိုးကို အကျအနထိုးလို့ ပါလား၊ ဘယ်တုန်းကမှ မလုပ်ဖူးခဲ့သည့်အလုပ်ကို စိတ်ပါ လက်ပါ လုပ်နေသည် ။ ဘေးနားတွင် စာအုပ်တစ်အုပ် ချထားသည် ။

မနေ့ကပဲ ကိုဆက်က . . .

"ဒီမှာ လေ Better Homes and Garedns တဲ့ ၊ ယွန်းယွန်း မှာ လိုက်လို့ မြို့ထဲက ရှာဝယ်ခဲ့ရ တာ" ဟု လာပြသောကြောင့် ဘာစာအုပ်လဲဟု လှန်လှော ကြည့်လိုက်ပြီးသားပါ။ အိမ်တွင်းပန်းအိုး အလှထိုးနည်းနှင့် ခြံအလှဆင်နည်းတွေပါသည့် စာအုပ်။

သည် စာအုပ်ကိုဖွင့်ကာ ပန်းအိုးကို ကြိုးစားပမ်းစား ထိုးနေသည့် ယွန်းယွန်း ပိုင်ဆုရင်ထဲ ပီတိတော့အဖြစ်သား၊ ညီမငယ်မိန်းမလေး လိမ္မာစပြုပြီလေ။

"ခင်ဗျာ"

စကားပြောခွက်ကို ကိုင်ထားပေမယ့် စိတ်က ယွန်းယွန်းဆီမှာ မို့ တစ်ဖက်မှ ဘာပြောလိုက် မှန်းမသိ။

"သက်မာပါ ကိုပိုင်၊ မကြားရဘူးလား"

"ဟာ . . . သက်မာလား၊ ဟုတ်ကဲ့ အသံတွေရောနေလို့ လိုင်းပူးနေသလား မသိဘူး"

" မဟုတ်ဘူး ၊ သက်မာကိုယ်တိုင်က တိုးတိုးပဲ ပြောနေတာ"

"နောင်နောင်တို့ အိမ်ကပဲ"

"အင်း . . . ပြောပါဦး"

"ကိုပိုင် အမှတ်ငါးဆယ်ရထားတာ မှတ်မိသေးရဲ့ လား"

"မမှိတ်မိဘဲ ရှိပါ့မလားဗျာ၊ ကျွန်တော်လို လိုလားလား ဖြေထားတဲ့ စာမေးပွဲပဲ"

"ကိုပိုင် စာမေးပွဲအောင်ပါပြီ"

"အောင်နေတာ အစောကြီးကတည်းကဆို"

"ခုအောင်တာက တစ်မျိုးလေ"

"ဂုဏ်ထူးထွက်သလား"

"တစ်ရာအပြည့်ပါပဲ"

"ဟာ . . . . သက်မာ ဝမ်းသာလိုက်တာ"

"ဒါပဲနော် . . . . ဆန်းဒေးမှ တွေ့မယ်"

"အခု ခဏကူးလာခဲ့လို့ မရဘူးလား"

"ဘယ်ကောင်းမှာ လဲ"

"ခဏလေးဖြစ်ဖြစ်"

"သိပ်ပိုမနေနဲ့ ၊ ဒီအရွယ်က ရေကျောက်ပေါက်ရမယ့်အရွယ် မဟုတ်ဘူး "

"ဝက်သက်ပါ"

"ရေကျောက်က အမာရွတ်ကျန်တယ်"

"မာလကာပင်နားကို ခဏလာမလား"

"ကိုပို"

"ကိုပိုင်ပါ၊ လာခဲ့နော် ခဏလေး"

"ကောင်းပါပြီတဲ့ ရှင့်"

တယ်လီဖုန်းချလိုက်တော့ ပိုင်ဆု မျက်နှာပြုံးနေသည် ။ ဆန္ဒတစ်ခုပြည့်ဝသွားသည် မို့ ဘဝ ကြည်နူးကာ ပီတိတွေကိုဖုံးဖိမရပါ။ သက်မာသည် ပိုင်ဆု လက်ထပ်ချင်သည့် အမျိုးအစား မိန်းမ သားပါ။ သည် မိန်းမသားကို လက်ထပ်ခွင့်ရပြီဆိုတော့ ပိုင်ဆု ပျော်သွားသည် ။

လိပ်ခဲတည်းလည်း ပြဿနာကြီးတစ်ခုကို ဖြေရှင်းပြီးသား ဖြစ်သွားရတော့မည်။ ဖေဖေ

ကို ဖွင့်ပြောပြီး ခွင့်တောင်းမည်။ ရသည် ဖြစ်စေ၊ မရသည် ဖြစ်စေ၊ သည် အရှုယ်မှာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ပြီ။

"ယွန်းယွန်း"

ဟိုအရင်တုန်းကအတိုင်း ယွန်းယွန်း ခေါင်းကို လက်ဝါးနှင့်တစ်ချက်ပုတ်လိုက်သည် ။ သည် လို လုပ်တိုင်း ယွန်းယွန်းခုန်ထကာ မိရာဖမ်းဆွဲ၍ ကိုက်တတ်မြဲ။ ခုတော့ . . . ခေါင်းပုတ်ခံရတာသူ, မဟုတ်သလိုပဲ။ ပန်းအိုးတွင်းရှိ သံဆူးမှာ ပန်းခိုင်ကို အားစိုက်၍ ထိုးနေသည် ။

"ကိုယ့်ညီမလေး" ဟူသည့် သံယောဇဉ်ဖြင့် သက်မာငါ့ကို ကတိပေးပြီး . . . ဟူ၍ ဝမ်းသာစကားကို ပြောမိလုဆဲဆဲပါ။ ယွန်းယွန်း၏ ဘာသိဘာသာ နိုင်လွန်းသည့် အသွင်ကြောင့် လုစ်ခနဲ သတိရသွားသည် ။ အဖေ ဒီလိုစီစဉ်ထားသည့် ယွန်းယွန်းကို သည် စကားသွားပြောလျှင် စော်ကား ရာ ကျတော့မည်ပေါ့ ။

မပြောသင့်ဘူး ထင်တယ်။

ယွန်းယွန်း မိန်းမပါးလေးမို့ တစ်ဖက်စကား ကြားရုံနှင့် သိမှာ အမှန်။ ကြားလိုက်မှာလည်း မလွဲ။ သိပြီးသားကိစ္စကို မပြောဘဲထားလို့ ရော ကောင်းပါ့မလား၊ ယွန်းယွန်း . . . ဖေဖေ့ကို မပြောဘဲနေမှာ မဟုတ်ဘူး ။ တရားဝင် အသိပေးလိုက်တာ ကောင်းတယ်ထင်ပါရဲ့ ။

"ဖေဖေက သက်မာ ဖုန်းဆက်တာ ယွန်းယွန်း ကြားလိုက်သလား"

ယွန်းယွန်း မော့မကြည့်ဘဲ ခေါင်းညိတ်ပြသည် ။ ပိုင်ဆုဘာဆက်ပြောရမှန်း မသိတော့ချေ။

"ယွန်းယွန်း ဒီနေ့ ကျောင်းမတက်ဘူးလား

"ဆယ်နာရီမှ ကလပ်စ်ရှိတယ်"

ပိုင်ဆု နာရီကိုမြှောက်ကြည့်သည် ။ ရှစ်နာရီ။ သည် လိုပုံမပြောင်းခင်ကဆို ဆယ်နာရီ ကျောင်း တက်ဖို့ ယွန်းယွန်း အိမ်က ကိုးနာရီခွဲ ထွက်မည်ဆိုလျှင် ကိုးနာရီမှ အိပ်ရာထတတ်သည်။

"ငါလိုက်ပို့ပေးရမလား"

"ကိုဆက် ပို့မယ်"

"ခြော် . . . စောစောကကိစ္စ မေမေ့ကို နည်းနည်းလောက် ကြိုပြောထားပေးပါ၊ မေမေ့ကို ရောပေါ့၊ ငါ . . . အစရခက်နေလို့ မေမေနဲ့ မမမေ ဆူမှ ပဲ ခံလိုက်တော့မယ်"

"ရပါတယ်"

"ကျေးဇူးပဲ၊ ငါ့အလုပ်က ပြန်လာလျှင် ယွန်းယွန်းကြိုက်တဲ့ ပန်းရိုးမ ဆီးထုပ်ဆယ်ထုပ် ဝယ်ခဲ့မယ်၊ ဟုတ်လား"

ယွန်းယွန်းခေါင်းမညိတ် ခေါင်းမခါ၊ ပန်းအိုးဘေးမှာ ခြွေချထားသည့် အရွက်ပိုတွေကို ကောက်သိမ်းကာ ထသွားတော့သည် ။ ပိုင်ဆု ခဏမျှ ငိုင်နေမိသေးသည် ။ သက်မာရှိရာသို့ လှမ်းရ သည့် ခြေထောက်တွေက သိပ်တော့မှ မသွက်ချင်ပါလား။

*

ကြိုးမှ ဝက်သက်ပေါက်ရတာ တကယ်မလွယ်ပါ။

တစ်ခြိန့်နှင့်တစ်ခြိကြားတွင် သံဆူးကြိုးနှင့် ပုဏ္ဏရိတ်စည်းရိုးက ငါးပေမြင့်သည် ။ မညှပ်ဖြစ် သေးသည့် ထိုးထိုးထောင်ထောင်အကိုင်းတွေနှင့်ဆိုတော့ ငါးပေနှင့် သုံးလေးလက်မခန့် ရှိနေ၏။ သက်မာအရပ်နှင့်ဆို တညီတည်း။

ဖိပြင်သဲကွဲစွာ မတွေ့ရ။ တွေ့တော့လည်း တွေ့နေရသည်။

"ကြာလိုက်တာ"

"ဆောရီးကွာ"

"ခွင့်တောင်းနေရသေးတာလား"

"မတောင်းရပါဘူး၊ ဘယ်သူ့ကိုလဲ"

"သိနိုင်ဘူးလေ"

"မာလကာသီး စားမလား"

"အို . . . ကလေးမဟုတ် သူငယ်မဟုတ်"

"ချိုတယ်"

"ဘာတွေ လျှောက်ပြောနေတာလဲ၊ သက်

"သက်မာကို သေသေချာချာ မတွေ့ရဘူးကွ၊ မထူးပါဘူး၊ မာလကာပင်ပေါ်ပဲ တက်လိုက်တော့မယ်"

ပိုင်ဆု မာလကာပင်ပေါ် ခွေ့ခနဲ ရောက်သွားသည် ။ ခုမှ သက်မာကို သေသေချာချာ တွေ့ရသည်။

မြေပြင်မှာ ရပ်၍ မော့ကြည့်နေသူသည် မိမိ၏ ချစ်သူ အသစ်ကျပ်ချွတ်ကလေးပါလား . . . ဟူသည့် ပီတိဖြင့် ပိုင်ဆုပြုံးပြသည်။

"ဂနာမငြိမ်လိုက်တာ၊ ဘယ်လိုဖြစ်နေတာလဲ၊ မျက်နှာပိုးလည်း မရှိဘူး"

သက်မာ မျက်စောင်းလေးခွေသည် ။ ချစ်သူတို့ ဘဝကို ရောက်ပြီဆိုတော့ ချစ်သူတို့ ၏

အပြူ အမူလေးတွေက အလိုလိုဖြစ်ပေါ်လာရလေသည်။

"သက်မာလည်း ဘာထူးလို့လဲ"

"ဘာလုပ်မလို့ ခေါ်တာလဲ"

"ကိုယ့်ရဲ့ လတ်လတ်ဆတ်ဆတ် ချစ်သူမျက်နှာကို ဦးဦးဖျားဖျား ကြည့်ချင်လို့"

"ကိုပိုင်က သက်မာကို ချစ်လို့လား"

"မချစ်ဘဲ နေမလား၊ သက်မာကရော"

"အဲဒီ အတိုင်းပဲပေါ့၊ ဒါပဲ မဟုတ်လား၊ သွားတော့မယ်"

"ဆန်းဒေးရောင်အောင် သုံးရက်တောင်စောင့်ရဦးမယ်၊ အဲဒီနေ့ကျ ရုပ်ရှင်ကြည့်မယ်နော်"

"ကိုပိုင် ခြေသွက်သားပဲ"

"ဟာကွာ"

ပိုင်ဆုမျက်နှာ ရဲခနဲ ဖြစ်ကာ ရှက်သွားရသည်။

"ရပါတယ်၊ သက်မာတို့ အိမ်မှာ ထမင်းစားနော်"

"ဒုက္ခများ ပါတယ်"

"အဲဒီဒုက္ခကို လိုလိုလားလား

ဇွန်းညစ်ပတ်ကြီးကိုမြင်သည်။ ဟင်းချိုကို ရှူးခနဲ သောက်ကာ ထမင်းပန်းကန်ထဲ ခါမချဘဲ ပြန်ထည့်တော့ ပါးစပ်ထဲမှ ပြန်ပါလာသည့် ဟင်းချိုလက်ကျန်တွေ အများ သောက်ပန်းကန်ထဲ ရောကုန်ရတာကို တွေးမိသည်။

"မနက်ဆယ်နာရီလောက်လာခဲ့နော်၊ သက်မာသွားတော့မယ်"

"သက်မာ"

လှမ်းခေါ်ကာ ပွပွဖောင်းဖောင်း မာလကာ

သီးတစ်လုံးကို ရှုး၍ ပစ်ပေးလိုက်သည်။

"လက်ဆောင်"

"ကျေးဇူးပဲ"

သက်မာလွှတ်ခနဲကိုက်ကာ ထွက်သွားတော့သည်။ ပိုင်ဆိုင်ပြီး ကျွန်ရစ်၏။ မာလာကာပင် ပေါ်မှ ခုန်ချပြီးမှ ရှက်ကိုးရှက်ကန်း ဖြစ်နေရလေသည်။ မိမိအပြုအမူသည် ကလေးကလား နိုင်လှချေ၏။

ဘယ်သူတွေ မြင်သေးသလဲ။

လှည့်ပတ်ကြည့်တော့ မတွေ့ပါ။ တော်ပါသေးရဲ့။ ကိုစိုးသာ မြင်သွားလျှင် မြေပြင်မှာ ဖင့် ဆောင့်ရယ်မည်ထင်သည်။ ဒါကြောင့်လည်း ပြောကြတာလေ။ ကြီးမှ ဇက် သက်ပေါက်လျှင် မလွယ် ဘူးလို့။

*

"ဟိုလူကြီးကို ဟိုမိန်းမက လက်ခံလိုက်ပြီကွ"

"ရှင်းသွားတာပဲ မီးယွန်း၊ နင်ပြောတာ အဓိပ္ပာယ်တော်တော်ပေါက်သွားတယ်"

"ကိုပိုင့်ကို ပြောတာပေါ့ကွာ၊ နင်တို့ ကလည်း"

ပလတ်စတစ်အိတ်ထဲမှ မရမ်းပြားကိုညှစ်ထုတ်၊ သွားလေးနှင့်ခြစ်ယူ၊ ပါးစောင်ကပ်၍ မြုံ့ လျက် ယွန်းယွန်း ဂရုမစိုက်သလိုပြောသည်။

"နင့်စိတ်ထဲ ဘယ့်နှယ်နေသလဲ"

"မနေပေါင်"

ခက်ခက်နိုင်က သေချာအကဲခတ်၏။

"အေးကွ . . . ကောင်စုတ် အစားတောင် မဖျက်ဘူး"

"ဘာလို့ မျက်ရမှာ လဲ"

"နည်းနည်းပါးပါး မခံချင် ဖြစ်သေးလား"

"ဒါတော့ ဖြစ်တာပေါ့၊ ဘယ်လိုပြောရမလဲ၊ တစ်နေ့တည်းမှာ လက်ဖက်ရည်သောက်တယ် ၊ လက်ဖက်စားတယ်၊ မန်ကျည်းရွက်နုနုလေးတွေ သုပ်စားတယ်၊ မာလကာသီးကြွပ်ကြွပ်စားတယ်၊ အဲဒီနေ့မှာ ဘာဖြစ်မလဲ"

"သေမှာ ပဲ"

ဝတ်ရည်ကပြောတော့ ယွန်းယွန်း ဆွဲဆိတ်၏

"တကယ် ဆိတ်ရလားဟ"

"မီယွန်းက သေတဲ့ အထိတော့ မဖြစ်ပါဘူး၊ ဆီးချုပ်ဝမ်းချုပ် ရှိတာတွေ အကုန်ချုပ်ကုန်မှာ ပေါ့"

"လေတွေ ဘာတွေ အောင့်မှာ ပေါ့ကွ၊ ဒီလောက်ဖျင်းရလား"

"ထားပါတော့၊ လေအောင့်တော့ ဘာဖြစ်မလဲ""

"နံကြိုးနံကြားထဲမှာ ဟိုနားကစူးစူး၊ ဒီနားကစူးစူး၊ အောင့်သက်သက်နဲ့ အခံရခက်တာပေါ့၊ အဲဒီလောက်ပါပဲ၊ ဘယ်သူမခံချင် မဖြစ်ဘဲ ရှိမလဲကွာ

အခိပတိလမ်းမကြီးဘေး၊ အကျော်ပင်ရိပ်ခုံတန်းလေးမှာ ခုံတန်းလေးမှာ တချို့စုံတွဲလေး တွေထိုင်နေကြသည် ။ ယွန်းယွန်းတို့ အုပ်စုကတော့ မည်သူမျှ အတွဲမရှိသေးသည် မို့ သုံးယောက်သား ထိုင်ကာ စကားတွေဖောင်နေအောင်ပြော၏။ ကျောင်းမှာ မူလပုံစံနှင့် ပြန်နေလိုက်ပြီမို့ ထွက်ပေါက်ရ ကာ အိမ်ကျပို၍ ကြာနေရနေသည် ။

"နင်က လက်ဖက်ဖီလင်၊ မန်ကျည်းရွက်ဖီ

လင်တက်တာတော့ ဟုတ်ပါပြီ၊ ဟိုမိန်းမက ခု ဆို ဘယ်လိုဖီလင်တက်မယ်မသိဘူးနော်”

သက်မာက နောင်နောင့်ကို ချစ်ပေမယ့် ပိုင်ဆုကိုသာ လက်ထပ်လိုကြောင်း၊ ယွန်းယွန်း ပြန်ပြောထားပြီမို့ ဝတ်ရည်နှင့် ခက်ခက်ခိုင်တို့ သိနှင့်ကြသည်။

“ချစ်သူကတစ်ယောက်၊ လက်ထပ်မယ့်သူက တစ်ယောက်ဆိုတော့ သူလည်း ခံစားရမှာပဲကွာ၊ သူ့ရင်ထဲမှာ တိုက်ပွဲဖြစ်မယ်”

“ခံစားရပစေ တန်တယ်၊ သူက ဆတ်ဆော့တာကိုး”

ခက်ခက်ခိုင်က အကြားနှင့်ပင် သက်မာကို အတော်မုန်းနေသည်။

“ရင်ထဲမှာ တိုက်ပွဲဖြစ်တော့ ဘာဖီလင်ခေါ်မလဲ”

“ရင်ထဲမှာ တိုက်ပွဲဖြစ်တော့ လူက မြောမြောလေးကျန်မှာ ပေါ့၊ ဟိုခင်းကွာ . . . အဲဒီနေ့မှာ မုန့်ဟင်းခါးစားမယ်၊ ကနစိုသီးစားမယ်၊ ပိန္နဲသီးစားမယ်၊ သရက်သီးစားမယ်၊ ချဉ်ပေါင်ဟင်း စားမယ်၊ လက်သုပ် ရေတ်သီးနှိုင်းချင်းနဲ့ ”

“တော်ပါတော့ . . . လုံလောက်ပါပြီ”

“အေး . . . အဲဒါတွေ အကုန်လုံးစားတဲ့ နေ့မှာ ဘာဖြစ်မလဲ”

“အသုဘချဖြစ်မယ် ထင်တယ်”

“မြောမြောလေး ကျန်မှာ ပေါ့ကွ”

“အဲဒါဆို ကနစိုသီးဖီလင်၊ ချဉ်ပေါင်ဟင်းဖီလင်”

“နင့်အစ်ကို ကိုပိုင် ကျတော့ရော”

“သူက ကြီးမှ ဝက်သက်ပေါက်တာ၊ ပဲသီ

တာရော ဂျိုက်သိုးရော အကုန်ပေါက်တာ၊ မချိမဆံ့ ဖြစ်မှာ ပေါ့"

"ခုလောက်ဆို သူငယ်နာ ဒေါင့်တန်းဆွဲနေပါပြီကွာ"

ဝါးခန် ရယ်သံက ကျယ်သည် မို့ အနားမှ ဖြတ်လျှောက်သည့် ကျောင်းသားအုပ်စုက တန့်ခနဲ လှည့်ကြည့်သည် ။

"ဟ . . . လော်စပီကာသေလို့ ဝင်စားကြသလား"

ကိုယ့်ရယ်ရှိန်နှင့် ကိုယ်မို့ ဘာမှ တောင် ပြန်မပြောဖြစ်လိုက်တော့ပါ။

*

ယွန်းယွန်း အပျင်းလွန်ကာ လူက လိမ်ပိန်နေရပါသည် ။ ကဆုန်လပြည့်နေ့က သောကြာ နေ့မို့၊ သောကြာ၊ စနေ၊ တနင်္ဂနွေ ကျောင်းသုံးရက်ကြီးများ ဆက်တိုက်ပိတ်၏။

"ဘယ်သူနဲ့ စကားပြောရမလဲ၊ ဘာလုပ်တမ်း ကစားရမလဲ"

တစ်ယောက်တည်း အဖော်မဲ့ကာ ပျင်းရိငွေ့န်းလှသည် ။ ဝတ်ရည်တို့ ခက်ခက်နိုင်တို့ ဆီ တယ်လီဖုန်းဆက်လျှင် ဖြစ်ပေမယ့် စကားပြောရင်း ဟီးဟီးဟားဟားတွေ ပါကုန်လျှင် အခက်။ အိမ်မှာ ကြိုးစားပမ်းစား နှစ်လလုံးလုံး ငြိမ်ပြထားတာတွေ အလကား ဖြစ်တော့မှာ ပေါ့။

ခါတိုင်းဆို . . .

ယောင်တတ်သည့် ဒေါ်စိန်နဲ့ခါးကို သွားတို့၊ ပါးစပ်မှ တစ်ခွန်းပြောလိုက်လျှင် ဒေါ်စိန်က အဲ သည် အတိုင်း လိုက်ပြောသည် ။ ဘာမှ မပြောဘဲ ခါးကိုတို့ ရုံသက်သက်ဆို ဒေါ်စိန် ပါးစပ်မှ ထွက် ချင်ရာတွေထွက်၏။

ယွန်းယွန်း ရယ်မဆုံး မျော်မဆုံးရှိရသည် ။

"ဒေါ်စိန်"

"အမေ့ . . . ကုလား နှုတ်ခမ်းမွေးကြီးကို ကြိုက်လို့ "

"ဒေါ်စိန်"

"အမေ့ . . . နှစ်ချောင်းပေါင်းတော့ အိကြာကွေး"

"ကြည်ပြာပန်း အပြာရောင် ငါးခါဆို ရမယ်နော် ဒေါ်စိန်"

"အမေ့ . . . ကြည်ပြာပန်း အပြာရောင် ကြည်ပါဗျန်းအပါရောင်"

ယွန်းယွန်း အူတက်မတတ် ရယ်ရသည် ။ ဒေါ်စိန့်ကို စ/လို့ ရီးသွားလျှင် နော်မူးနှင့် စိန်ပြေးနိုင်သည် ။ ခွေးရူးတိုင်ဦးနိုင်သည် ။ ရော်ဂျာကလည်း ကစားလို့ ကောင်းသည့် အဖော်ပါပဲ။

"ရော်ဂျာရေ . . . စိန့်" ဟု ပြောလိုက်လျှင် ခွေးပါးကပြေးနင့်နေ၏။

"နင်က လိုက်ရမှာ ၊ လာခဲ့ ခွေးဆိုး"

နားရွက်ကို ဆွဲခေါ်မှ လိုက်သည် ။ ရော်ဂျာကမိလျှင် မီရာ ဆွဲဟပ်သည် မို့ ယွန်းယွန်း လုံချည် တွေမှာ သုံးထောင့်အစုတ်ကလေးတွေနှင့် ဖြစ်နေရ၏။ အစ်ကိုတွေကို ဗိုလ်ကျ၊ ဖေဖေနှင့် မေမေကို ကပ်ချွဲ။

ပျော်စရာတွေမှ အစုံ အစုံ။

ခုတော့ . . . ငြိမ်ငြိမ်ဆိမ်ဆိမ်ကြီး။

"ငါနှယ် . . . မနေတတ်လိုက်တာ"

ပျင်းသည့်ရောဂါ သေတတ်လျှင် ယွန်းယွန်း တစ်ယောက်ပျင်းလိုက် သေလိုက်၊ လူပြန်ဖြစ် လိုက်၊ ပျင်းလိုက်၊ သေလိုက်၊ လူပြ

နံ့ဖြစ်လိုက်၊ မွှင်းလိုက်၊ သေလိုက် ဆယ်ဘဝလောက်ကူးပြီး လောက်ပြီ။ ခုနေ . . . ထင်တိုင်းကြဲစမ်းဆိုလျှင် ခိုင်ထူးသီချင်းကို အော်ဆိုမိမှာ အမှန်။

"မကျေနပ်ဘူး၊ လုံးဝမကျေနပ်ဘူး"

လက်ရှိမွှင်းဒုက္ခကို ယွန်းယွန်း နည်းနည်းလေးမှ မကျေနပ်ပါ။ ဘာလုပ်ရမလဲ။

"သိပြီ . . . ဉာဏ်သိပြီ"

ယွန်းယွန်း ခြံထဲသို့ ဆင်းလာသည် ။ ခြံထဲမှာ ရေစင်ရှိ၏။ ဇရာမ ထုသစ်ကြီးတွေနှင့် ဆောက် ထားသည် ။ မြင့်လည်း တော်တော်မြင့်၏။ ရေစင်ပေါ်မှာ က ရေတိုင်ကီကြီး။ ရေတိုင်ကီကြီး ပတ်လည် တွင် သုံးနှစ်ချောင်းလေးများ နှင့် စင်ကလေးထုတ်ထား၏။ ကိုပိုင်ကို ငယ်ငယ်က တက်ဆော့နေကျ နေရာလေး။

အပေါ်သို့တက်ရန် လှေကားမရှိပါ။ သုံးနှစ်ချောင်းလေးတွေကိုပင် တစ်ပေခန့်ခြားတ်၍ ဒေါက် တိုင်ကြီးမှာ ကပ်ရိုက်ထားတာကို နင်းတက်ရ၏။ ဤနေရာသို့ ယွန်းယွန်းတစ်ခါမျှမ ရောက်ဘူးပါ။

"ယွန်းယွန်းပဲ ဘာရမလဲ၊ ကိုယ့်ခြံထဲ ဆောက်ထားတဲ့ ရေစင်ပေါ် ကိုယ်တစ်ခါမှ မရောက်ဖူး ဘူးဆိုရင် ရာဇဝင်ရိုင်းတော့မပေါ့

"ယွန်းယွန်း . . . ကန့်လန့်သစ်သားချောင်းလေးတွေကို နင်းတက်ခဲ့သည် ။

"အလွယ်လေးနဲ့ ရောက်လာတယ်၊ ဒီထောက်လွယ်တာများ မေမေကဆို ကိုပိုင်တို့ တက်ရင် တောင် ရင်တမမနဲ့ "

ပတ်လည်စင်ကလေးက ကျယ်ကျယ်ပြန့်ပြန့်ရှိသည် ။ ယွန်းယွန်း လှဲအိပ်ချင်လိုက်တော့သည် ။

"ကောင်းလိုက်တာ၊ မိုးကောင်းကင်ကြီးကို အပြားလိုက်မော့ကြည့်ရတာ၊ ဒီအရသာမျိုး ဒီတစ်ခါပဲ ရသေးတယ်၊ ကျောင်းဖွင့်တဲ့ နေကျရင် မိခက်နဲ့ ဝတ်ရည် ကောင်စုတ်နှစ်ကောင်ကို ပြန်ကြွားရမယ်"

လေးလေးက တဖြုံးဖြုံး၊ အေးအေးချမ်းချမ်းက ရှိပါဘိ။

"ဒီအရသာကို အသိနောက်ကျလိုက်တာ၊ ငြိမ်ငြိမ့်လေး နေပြနေမှ ပဲ သိရသလားကွာ၊ ခုန်ပေါက်နေတုန်းက သိရင်ဘယ်လောက်ကောင်းမလဲ"

ကြည်နူးဆွတ်ပျံ့စိတ်ကလေးနှင့် ဘာကိုမှန်းမသိ လွမ်းသလိုလို ဆွေးသလိုလို၊ သီချင်းဆိုချင် စိတ်ပေါက်လာရသည် မို့ သီချင်းတစ်ပုဒ်ကောက်ဟစ်သည် ။ ယွန်းယွန်း ညို့ချက်ကမည်သည့် သီချင်း တစ်ပုဒ်ကိုမျှ အစအဆုံး မရပါ။ ဟိုတစ်စ သည် တစ်ပုဒ်ဆိုရင်းက အလွမ်းသီချင်းကိုမှ ဆိုချင်မိပြန် သည် ။

အလွမ်းသီချင်းဆိုလည်း မေခလာ သီချင်းတွေထဲက နှစ်ကြောင်းပဲ ရသည် ။

"ဒါပဲရတော့ ဒါပဲဆိုရုံပေါ့

သီချင်းစာသားတွေ အစအဆုံးမရပေမယ့်၊ အသံမှာ ယွန်းယွန်းက အကျိုးပေးကောင်းပါသည် ။ ယွန်းယွန်းအသံသည် ဆွေးမြည့်ဆွတ်ကျင်စွာ ကြေကွဲဖွယ်လေး လွင့်ပျံ့၍ လာဝါတော့သည် ။

"ဘယ်အချိန်ပြန်တွေ့ရမှာ လဲ ချစ်ဆုံးရယ်

...

ကူညီဖြေရှင်းပေးပါဦး ...

ကူညီဖြေရှင်းပေးပါဦး ...

ဘယ်အချိန်ပြန်တွေ့ရမှာ လဲ ချစ်ဆုံးရယ်"

ယွန်းယွန်း သည် နှစ်ကြောင်းပဲရလေ၏။

*

"ကိုပိုင် အမြန်လာခဲ့ပါတဲ့ ၊ ခရီးကလည်းဝေး၊ မလိမ်မိုးမလိမ်မှာ အရွယ်လေးလည်းဖြစ်ပြန် ဆိုတော့ ကိုပိုင့်အမေက စိတ်မချဘူးထင်ပါရဲ့"

သက်မာစကားကြောင့် ရက်သွားရသည် ။ ကိုပိုင် အမြန်ပြန်လာခဲ့ပါဟု ဖုန်းလာကြောင်း ဦးလေးကျော် လာပြောတော့ သက်မာ ခန့်ပြုံးပြုံးကာ ပြောချင်းဖြစ်ပါ၏။

"ယွန်းယွန်း ဘာတွေလုပ်ပြန်ပြီလဲမှ မသိဘာ"

နောင်နောင်က ယွန်းယွန်းအကြောင်းကို ကောင်းကောင်း သိသည် ။ သိဆို ယွန်းယွန်း၏ အ နှိပ်စက်ကို ဒီလိုမဖြစ်ခင်က သူလည်းအလူးအလဲ ခံခဲ့ရဖူးသည် လေ။

"ပြန်လိုက်ဦးမယ် နောင်နောင်၊ သွားမယ် သက်မာ"

"ဟုတ်ကဲ့"

"ကောင်းပါပြီရှင်"

နောင်နောင်က ရိုးရိုးသားသား ပြောပေမယ့် သက်မာက မချိုမချဉ်ပြောသည် ။ ဘာပဲဖြစ်ဖြစ် ကိုပိုင် ပြန်လာခဲ့ရပါ၏။

ခြံထဲမှာ လူစုလူဝေးကြီးကို အရင်ဆုံးတွေ့ရသည် ။ အိမ်ရှိလူကုန် ဦးအုန်းခင်၊ ရန်ကနားဖိုးထူးပါမကျန် ဒေါ်စိန်နှင့်နော်မူးအပါအဝင် မိသားစုနှင့်ဆိုတော့ ကိုးယောက်တိတိ။ ရေစင်ကို မော့ကြည့်နေကြသည် ။

"လုပ်ပါဦး ကိုပိုင်၊ ကိုဆက်ရော ကိုစိုးရော တက်ခေါ်ပြီးပြီ မဆင်းဘူး"

မေမေက ဆီးပြောသည် ။

"အပေါ်မှာ ယွန်းယွန်းလား"

"ဟုတ်တယ်၊ ကိုစိုး အပြင်ကအပြန်မှာ သီချင်းသံကြားတာနဲ့ မော့ကြည့်မိလို့ သိတာ"

"ဘာတက်လုပ်တာတဲ့ လဲ"

"ကလေးပဲကွယ်၊ ဆော့တာနေမှာ ပေါ့"

အဲဒီလို ဆော့တဲ့ ကလေးကို ကြက်မွေးတစ်ချောင်းလုံး ကုန်အောင်မှ မရိုက်ပစ်ကြဘဲ။

မေမေ့ကို အားနာသည် မို့ ဖွင့်မပြောဖြစ်ပါ။ စိတ်ထဲတော့ တိုသွားရသည် ။ တစ်ဖက်သားကို ဒုက္ခပေးဖို့ ဆိုလျှင် ဒီကောင်မလေးကို ဥာဏ်နီဉာဏ်နက် အလွန်ထွက်၏။

"မေမေလည်း အောက်ကနေ ချော့ခေါ်တာပဲ မရဘူး၊ မေမေကျတော့လည်း မတက်ရဲဘူး"

မေမေက ငိုချတော့မည်၊ မျက်စိမျက်နှာကို ပျက်လို့ ။

"ငါလည်း မလာရဘူးတဲ့ ကွ၊ ဖေဖေ တက်လာရင် ခုန်ချလိုက်မယ်ဆိုလို့ ၊ မင်းတက်ပြီး ချော့ခေါ်ပါဦး""

"ကျွန်မတို့ လည်း အောက်ကနေ လှမ်းချော့ခေါ်နေတာပဲ"

နော်မူးတောင် မနေရပါလားလား။ ဂြိုဟ်ဆိုး မလေးမွေပြီဆို အိမ်ရှိလူကုန်။ ခွေးမလေး စိတ်ပျက်လိုက်တာလွန်ပါရော။ ပိုင်ဆုက ခွင့်တောင်းမနေဘဲ သစ်သားချောင်းကလေးတွေမှ တက်လာ သည် ။

"ယွန်းယွန်း"

ကိုပိုင့်ကို တွေ့လိုက်ရတော့ ယွန်းယွန်း ပျော်သွားရသည် ။ ဒုက္ခရောက်သည့် လူစုလူဝေးထဲ ဒီလူကြီး ကျန်နေခဲ့လို့ ဘယ်ဖြစ်ပါ့မလဲ တကယ်တမ်း ညဉ်းဆဲကြေးဆို . . .

အဲဒီလူကြီးကိုအရင်ဆုံး နှိပ်စက်ချင်တာ မဟုတ်လား။

"လာ . . . အောက်ကိုဆင်းမယ်"

ယွန်းယွန်း ဘာပြန်ပြောရမှန်းမသိပါ။ အစက ရည်ရွယ်သည် မှာ မည်သူမျှ မသိခင် ပြန်ဆင်းဖို့ ပါပဲ။ ကိုစိုးက တွေ့သွားပြီး အော်ကြီးဟစ်ကျယ် ပြဿနာတွေ ရှုပ်ကုန်တော့ ခပ်တည်တည် တည်ဆက်ဖိန့်နေလိုက်တာ။ ခုကိုပိုင် ရောက် လာပြီ။ ဘာလုပ်ရင်ကောင်းမလဲ။

"ထလေ . . . အိပ်စရာနေရာ ဒီလောက်ရှားသလား"

"ယွန်းယွန်း . . . ဒီမှာ ပျော်လို့"

"ဒါပျော်စရာနေရာလား"

"ပျော်ချင်တဲ့ နေရာမှာ ပျော်မှာ ပေါ့၊ ကိုပိုင်နဲ့ ဘာဆိုင်လဲ"

"နင့်ခမည်းတော်နဲ့ မယ်တော်က အမိန့်ချလို့ လာခေါ်ရတာ"

"မလိုက်ဘူး ပြောလိုက်ပေါ့၊ ကိုပိုင့်ဘာသာပြန်ဆင်းသွား"

"နင်မပါဘဲ ဆင်းလို့ ရမလား"

"ရတယ် . . . မလိုက်ဘူး၊ သွား . . ."

"တယ်လေ . . . ငါနားရင်အုပ်မိတော့မယ်"

"သတ္တိရှိ အုပ်ကြည့်ပါလား"

နားရင်းအုပ်ချင်သူက ပြောရုံရှိသေး၊ ယွန်းယွန်းတို့ က လက်ပါပြီးနေပြီ။ ပိုင်ဆုကို လှမ်းထု၊ ဆွဲရိုက်၊ ကုတ်ဖဲ့ ၊ ကိုက်ဆွဲ၊ ထုထောင်း။

"တော်စမ်း"

ယွန်းယွန်းပဲ . . . ဒီလိုအမာန်အမဲတွေနဲ့ ဝင်လာလို့ ရမလား ကိုပိုင်၊ ရာဇဝင်ရိုင်းသွားမှာပေါ့။

"ကိုပိုင် ပြန်မဆင်းရင် ယွန်းယွန်း ခုန်ချလိုက်မယ်"

"ချလေ . . . ချလိုက်ပါလား၊ ကမ္ဘာမြေကြီးမှာ လူတစ်ယောက်စာပေါ့သွားရင် နည်းလား၊ လောကကြီးမှာ လည်း လူပိုတစ်ယောက်လျော့သွားမယ်"

"ကြည့် . . . သူရက်ရက်စက်စက် ပြောပြန်ပြီ၊ ကိုပိုင် ဘယ်လိုမှန်းကိုမသိပါ။ ငယ်ငယ်တုန်း ကဆိုသည် လို လုံးဝမဟုတ်ခဲ့ပါ။

"လှဲအိပ်မနေနဲ့ ၊ အိပ်ရက်ကြီး လိမ့်ကျသွားရင် ခြေကားရား လက်ကားရား ဖြစ်သွားမယ်၊ ထ/ထိုင်ချင်ထိုင်၊ မတ်တတ်ရပ်ချင်ရပ်၊ ပြီးတော့မှ ခုန်ချ"

မခံချင်စိတ်ဖြင့် ယွန်းယွန်း ထထိုင်သည် ။

"အမယ်လေး . . . ဘုရား . . . ဘုရား . . . ပြုတ်ပြုများကျသွားရင် ဆွေလေး ရင်ကျိုးပြီ ဖို

ထိုက်ရဲ့ ၊ လုပ်ပါဦး"

မေမေက မြေပြင်မှာ ရပ်လျက် ရေစင်ကို မော့ကြည့်ကာ ရင်ဘတ်စည်တီး ဖြစ်နေသည် ။

"သမီးလေး မတ်တတ်ထမရပ်နဲ့ လေ၊ အောက်ကိုငုံ့မကြည့်နဲ့ ၊ မူးပြီး ယိုင်ကျသွားမယ်"

မေမေက လှမ်းအော်သည် ။ ယွန်းယွန်းက ရေတိုင်ကီကြီးကိုမှီ၍ ရပ်ဆဲပါ။ အောက်ကို တော့ တကယ့်ကို ငုံ့မကြည့်ဝံ့ချေ။ အမြင့်မှ ငုံ့စီးကြည့်ရာ၌ မြင့်လွန်းလျှင် ယွန်းယွန်းသိပ်ကြောက်ပါသည် ။ ယွန်းယွန်း တက်နေကျ မာလာကာပင်က သည် လောက်မှ မမြင့်ဘဲ။

မြင့်တော့ မြင့်သည် ပေါ့လေ။ ယွန်းယွန်းက ထိပ်ဆုံးခေါင်ဖျားထိ တက်တာမှ မဟုတ်

တဲ့။ ငါးပေကျော်ရဲ့ ပုဏ္ဏာရိက်စည်းရိုးကို လွတ်ရုံကလေး မြင့်သည့်ကိုင်းပေါ်ထိပဲတက်တာ။ ခုဟာက အမြင့်ကြီးမှ တကယ့်ကို အမြင့်ကြီး။

“ဘာဖြစ်လို့ မျက်စိမှိတ်ထားတာလဲ ယွန်းယွန်း၊ ဖွင့်ကြည့်လေ၊ အောက်ကိုငုံ့ကြည့်၊ တကယ့် ကိုအမြင့်ကြီး”

ဘယ်လောက်ထိ မြင့်နေသလဲဆိုတာ တကယ်သိချင်လာသည် မို့ မျက်လုံးကို လှစ်ခနဲဖွင့်ကြည့်၏။ အမယ်လေး . . . ဘုရားဘုရား၊ အမြင့်ကြီးပါလား၊ ရင်ထဲမှာ လှစ်ခနဲအေး၊ ခေါင်းထဲက မိုက်ခနဲ ဖြစ်ကာ လူပါယိုင်သွားရ၏။

“လုပ်ကြပါဦး၊ သမီးလေး လိမ့်ကျတော့မယ်”

မေမေ့အော်သံက စူးခနဲ ထွက်လာသည် ။ မေမေကတော့ ယွန်းယွန်းတစ်ခုခုကို စိတ်ကောက် ကာရေစင်ပေါ်တက် ဆန္ဒပြသည် ဟုထင်ရှာ၏။ စင်စစ် . . . ယွန်းယွန်းက ဖျင်းလွန်းအားကြီးသည် မို့ အလုပ်မရှိ အလုပ်ရှာ တက်ခဲ့တာ။ မေမေ အရမ်းစိတ်ပူနေသည်ကို တွေ့ရတော့ ဆတ်ဆတ်ဆော့ဆော့ လုပ်မိသည့်အတွက် ယူကျုံးမရဖြစ်မိသည် ။

မေမေ့ကို သနားလိုက်တာ မပြောပါနှင့်တော့။

“လူ့ဘဝမှာ နေလို့ မပျော်တော့ဘူးဆိုရင်၊ လူတွေဟာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံတာ ပဲ၊ ယွန်းယွန်းလည်း လုပ်လေ၊ ငါမဆွဲပါဘူး”

ရင်ထဲ မျက်ခနဲကျင်၊ စူးခနဲရှ၊ နှလုံးသားတစ်ဝိုက်ဆီမှာ ဖြာခနဲ အောင့်သွားရ၏။ ကိုပိုင့်ကို ဆတ်ခနဲ လှည့်ကြည့်မိ၏။ စိုးရိမ်ပူပန်ခြင်းသောက အလျှင်းကင်းကာ၊ အေးဆေးတည်ငြိမ်နေသည့် မျက်နှာခပ်ချိုချိုကို တွေ့ရ၏။ ယွန်း

ယွန်း ဒေါသတွေထောင်းခနဲ ထသည် ။

အကြွင်နှာ ကင်းလိုက်တာ ကိုပိုင်ရယ်။

ရက်စက်လိုက်တာ၊ ဒီလောက် ယွန်းယွန်း အပေါ် မာကျောပြတ်တောက်လိမ့်မယ်လို့ ဘယ် တုန်းကမှ မထင်ခဲ့ပါဘူး။ အစ်ကိုတွေထဲမှ ကိုပိုင့်ကို ယွန်းယွန်း အချစ်ဆုံးပါ။ ယွန်းယွန်း ကိုလည်း တခြားအစ်ကိုတွေထက် ကိုပိုင်က ပို ချစ်တယ်လို့ ယွန်းယွန်းထင်ထားခဲ့တာပါ။ ကို ပိုင့်ကို ပြောချင် သည့်စကားတွေက အများကြီးပါပဲ။ ဘာကစ၍ ပြောရမှန်းမသိ။

ကိုပိုင့်အတွက် ပထမဆုံး ကျရသည့်မျက်ရည်။

ယွန်းယွန်း ခေါင်းအငုံ့တွင် မျက်ရည်တစ်စက်ကျသည် ။ လက်ကျန်မျက်ရည်တွေက ပါပြင် ပေါ်သို့ အသွယ်သွယ်။ ယွန်းယွန်း . . . လက်ခုံနှင့် အကြိမ်ကြိမ် ဖွတ်ပစ်သည် ။ မနိုင်ပါ။ စီး၍ စီး၍ ကျလာသည့် မျက်ရည်တို့ ဘည် ယွန်းယွန်း တစ်သက်တာလုံး စုဆောင်းထားသမျှ အကုန်လုံးပဲ စီးကျနေတော့သည် ထင်ပါရဲ့ ။

သည်းသည်းခိုက်ခိုက် ငိုကြွေးမိပါ၏။

ယွန်းယွန်း ဒီလောက် ငိုနေတော့ ပိုင်ဆု ဘာလုပ်ရမှန်းမသိ။

မိမိစကားတွေ ဒုတိယအကြိမ် လွန်သွားပြန်ပြီ။ ယွန်းယွန်းငုံ့၍ ငိုနေရာမှ မော့လာသည် ။ ပိုင်ဆုကို ကြည့်သည် ။

"ဟာ . . . ဘယ်လိုကြည့်လိုက်တာလဲ"

ဖွင့်မပြောဖြစ်ပေမယ့် ရင်ထဲ ဒိုင်းခနဲဆောင့်၏။ ယွန်းယွန်းသည် လိုတစ်ခါမျှ မကြည့်ဖူးပါ။ ခါတိုင်းဆို စူးစူးနဲ့နဲ့ အနိုင်ယူချင်သည့် အကြည့်မျိုး။ ကိုယ့်အစ်ကိုပေါ် ဗိုလ်ကျကာ ဆိုးတော့မည့် အကြည့်မျိုး၊ စိတ်ကောင်းဝင်သည့်အခါကျတော့၊ မောင်နှမချင်းချစ်သည့် ကြ

ည်ကြည်လင်လင် အကြည့်မျိုး။ ဒါမျိုးလေး တွေနှင့်သာကြည့်တတ်၏။

ယခုတော့ . . .

ယွန်းယွန်းအကြည့်မှာ အရှုံးဝေဒနာတွေပါ သည် ။ ညိုးမှိန်နွမ်းဖျော့သည် ။ အားငယ်ကြေ ကွဲ ခြင်းသရုပ်ကို ဖော်သည် ။ ဝမ်းနည်းပက် လက် မချိတင်ကဲ၊ ယူကျုံးမရဆိုသည့် လက်လွှ တ်ဆုံးရှုံး လိုက်ရသော အလျှော့ပေးခြင်းမျိုးနှံ့ ပေါင်းစပ်ပျော်ဝင်၏။

မျက်ဝန်းလေးတွေ အရောင်အဆင်းတောင် မရှိတော့ပါလားကွယ်။

"ကိုပိုင်"

ဘယ်လိုခေါ်လိုက်တာလဲ၊ ဘယ်လိုအသံမျိုး နဲ့ ခေါ်လိုက်တာလဲ ယွန်းယွန်း . . . ဟု မေးပစ် လိုက်ချင်၏။ ယွန်းယွန်း၏ "ကိုပိုင်" ဆိုသည့် အသံလေးသည် နှလုံးသားထဲမှ ဖိသိပ်မနိုင်၍ လျှံကျ လာသည့် အသံမျိုးလေး။

သည် အသံလေးက ယွန်းယွန်း လည်ချော င်းထဲမှ ခုန်ထွက်ကာ ကိုပိုင့်နားထဲသို့ စီးဝင်၏ ။ ရင်ထဲသို့တိုင် ရောက်၏။ နှလုံးသားကို ခိုင်ခို င်တုပ်နှောင်ကာ ဆွဲငင်ယူပြီးမှ မည်သည့်နေ ရာမှ ပြန် လည်ထွက်ခွာသွားသည် မသိ။ ပိုင် ဆု ရင်ထဲဟာခနဲ ကျန်ရစ်ခဲ့၏။

"ယွန်းယွန်း ပျင်းတာနဲ့ ဒီဝေါတက်ကစား တာ"

"ဪ"

သူဘယ်သူ့ကိုမှ စိတ်ဆိုး စိတ်ကောက်လုပ်ပြီး တက်လာတာမှ မဟုတ် ဘဲ၊ ဆန္ဒပြတာမှ မဟုတ်ပါပဲလား။

"အခု ပြန်မဆင်းရဲတော့ပါဘူး"

"ကိုကိုချီပြီး ချသွားပေးမယ်လေ၊ ညီမလေး

"

ဟို . . . ငယ်ငယ်တုန်းက အသုံးအနှုန်းလေး ပြန်ပေါ်လာသည် ။ မမျှော်လင့်ဘဲ ရုတ်တရက် သုံးလိုက်မိ၏။ ငယ်ငယ်ကဆို ယွန်းယွန်းကို "ညီမလေး" ဟု ပဲ အခေါ်များ သည် ။ ယွန်းယွန်းက အစ်ကိုတွေကို ကိုကိုဆက်၊ ကိုကိုပိုင်၊ ကိုကိုစိုး ဟု ခေါ်၏။ အစ်ကိုတွေက ကိုယ့်ကိုယ်ကိုယ် နာမ်စား အဖြစ် "ကိုကို" ဟု ထည့်ပြောကာ သုံးလေ့ရှိသည် ။ ငယ်စဉ်အသုံးအနှုန်းလေးက သိပ်ကို ကြည်မွေ့ ဖွယ်ပါ။

"ကိုကို"နှင့် "ညီမလေး"

ကြီးလာတော့ ညီမလေးထက် ယွန်းယွန်းခေါ်ဖြစ်သည် က များ လာ၏။ ယွန်းယွန်းကလည်း "ကိုကို" ကို အမြန်ခေါ်တော့ "ကို" တစ်လုံးပဲကျန်ကာ ကိုဆက်၊ ကိုပိုင်၊ ကိုစိုး ဖြစ်သွားရသည် ။ အစ်ကိုတွေကလည်း မောင်နှမတွေကြီးတောင်ကြီးမား ဖြစ်လာတော့ ကိုယ့်ကိုယ်ကိုယ် "ကိုကို" ဟု မသုံးဖြစ်ကြတော့ပါ။ "နင်" "ငါ" ပဲ ပြောကြတော့သည် ။

ငယ်တုန်းက အကြောင်းနာလေးတွေ ပြန်လည်ဆန်းသစ်၏။

"ယွန်းယွန်း ဆန္ဒပြတယ်ထင်လို့ ကိုပိုင်ရဲ့ပြီးခုန်ချခိုင်းနေတာ ယွန်းယွန်း သိပါတယ်"

"ညီမလေးရယ် . . . ကိုကို နောက်တာပါ၊ ချစ်လို့ ပါ"

"ယွန်းယွန်း . . . ခုန်မချရဲပါဘူး ကိုပိုင်"

"ကိုကိုချီသွားမယ်နော် . . . လာ"

ပိုင်ဆု လက်ကမ်းပေးသည် ။ ယွန်းယွန်းကိုယ်လေးနည်းနည်းရွေ့၏။ ပြီးတော့ . . .

"ဟာ"

"အမယ်လေး . . . သမီးလေး သေပါပြီ"

ယွန်းယွန်း လွင့်ခနဲ ခုန်ချလိုက်ပါသတည်း။

မြေပြင်မှာ နိုင်မြဲစွာ ရပ်နေရသည့် ဒေါ်ခင်ဆွေလေး ဘိုင်းခနဲလဲသည် ။ ဦးကျော်ထိုက်က ကောက်ပွေ့ရ၏။

"ဆွေလေး . . .ဆွေလေး"

ဆက်မော်က ကန့်လန့်သစ်သားချောင်းလေးတွေကို ဘယ်လိုများ လွှားခနဲ လွှားခနဲတက် လာသည် မသိ။ ရေစင်ပေါ်သို့ ချက်ချင်းရောက်၏။ သူ့နောက်မှာ စိုးစံက ထက်ကြပ်မကွာပါသည် ။ ဒေါ်စိန်၊ နော်မူးတို့ ခြေစုံခုန်နေမိသည် ။ ဦးအုန်းခင်၊ ရန်ကနားနှင့် ဖိုးထူးတို့က ဘာလုပ်ရမှန်းမသိ ဟိုပြေးသည် ပြေး။

အကယ်၍ သာ ပိုင်ဆု၏ လျှင်မြန်မှု တစ်စက္ကန့်နောက်ကျသွားခဲ့လျှင် ယွန်းယွန်းလေး အသက်မှ ရှင်နိုင်ပါတော့မလား မသိ။ အသက်ရှင်သည့်တိုင် ခြေကျိုးလက်ပြတ်၊ လူစဉ်မမီ ဒု ကွီတ မလေးဖြစ်သွားနိုင်သည် ။ ခေါင်းထိခိုက်ကာ စိတ္တဇဝေဒနာသည် လေးလည်း ဖြစ်သွားနိုင်သည် ။

အဖြစ်နိုင်ဆုံးကတော့ ခြေကားရား လက်ကားရားကျကာ ခေါင်းကွဲပြီး အသက်ဆုံးဖို့ ပါပဲ။

ခုတော့ ပိုင်ဆု လျှင်မြန်တာလည်း ပါသည် ။ ပိုင်ဆု၏ ခန္ဓာကိုယ် အစိတ်အပိုင်းတွေ အချိန်ထိ ကွက်တိ အလိုအလျောက် လှုပ်ရှားသွားတာလည်း ပါသည် ။ ပြီးတော့ ကုသိုလ်ကံကို အမိက ဟု တောင် ဆိုနိုင်ပါသည် ။ ပိုင်ဆုသည် ယွန်းယွန်းကို လှမ်းအဆွဲ ခါးလေးကို ကံကောင်းလွန်းစွာ ခိုင်ခိုင် ဖက်မိ၏။

ကျန်လက်တစ်ဖက်က
ရေတိုင်ကီအောက်ခြေ
ပတ်လည်သစ်သားချောင်း **ခပ်ကျဲကျဲတွေမှာ**

တစ်ချောင်းကို ဆွဲမိလိုက်၏။ အဝှယ်အတာဆိုလို သည် လက်တစ်ဖက်တည်း ရှိသည်။ လူနှစ် ယောက်လုံးက လေထဲမှာ ဝဲလျက်။ ပိုင်ဆုဘယ်နှမိနစ်၊ ဘယ်နှစက္ကန့်ကြာအောင် လူနှစ်ယောက် အလေးချိန်ကြီးကို လက်တစ်ဖက်တည်းနဲ့ ဆွဲနိုင်ထားနိုင်မှာ တဲ့ လဲ။

"ကိုပိုင်"

ဆက်မော်က တွဲလဲခိုထားသည့် ပိုင်ဆုလက်ကို အားဖြည့်ပေးသည်။ သူက လှမ်းဆွဲထား လိုက်၏။ စိုးစံက ရေစင်တိုင်ကြီးတွေကို ကန့်လန့်ခံထားသည့် ဒေါက်တွေ ယက်မတွေပေါ်သို့ ခဲရာခဲ ဆစ် ရောက်အောင်သွားရသည်။ ခြေထောက်က ယက်မတွေပေါ်နင်း၊ လက်က အပေါ်တန်းတွေကို ကိုင်ပြီး မြဲမြဲတော့မှ ကိုပိုင့်ခြေထောက်အောက်သို့ ပခုံးထိုးခံပေးလိုက်သည်။

စိုးစံပခုံးပေါ် ပိုင်ပိုင်နင်းမိသည့် အချိန်တွင် ယွန်းယွန်းကို မွေ့ဆဲက စင်ပေါ်သို့ရောက်အောင် ဆက်မော် အကူအညီဖြင့် လွယ်ကူစွာ တက်သွားနိုင်တော့သည်။

သားသမီးတွေအကုန်လုံး စင်ပေါ်ရောက်ချိန်ကျမှ ဦးကျော်ထိုက်က ကိုယ့်ကိုယ်ကိုယ် သတိ ထားမိတော့သည်။ ဇနီးသည် ကို နှစ်ခွန်းသာခေါ်ပြီး လျော့ရဲရဲ၊ မွေ့လျက်က ရေစင်ပေါ်သို့သာ မျက်လုံးအကြောင်သားနှင့် ငေးကြည့်နေမိသည့် အဖြစ်ပါ။

"ဆွေလေး . . . ဆွေလေး"

ခုမှ ပဲ ပါးကို တစ်ချက်နှစ်ချက် သာသာပုတ်၍ ခေါ် ဖြစ်၏။ ရေစင်ပေါ်မှာ တော့ မောင်နှမလေး ယောက်။

"ပေး . . . ကိုပိုင်'

 လက်သံသေနေမှာ စိုးသောကြောင့် ဆက်

မော်က ယွန်းယွန်းကို ပြောင်းချီဖို့ တောင်းသ
ည်။

"နေပစေ ... ရတယ်"

ခါးလယ်မှ ဖြတ်၍ ပခုံးနှင့် ထမ်းကာ လက်တစ်ဖက်နှင့် ထိန်း၊ အခြားလက်တစ်ဖက်က တန်းတွေကိုင်ကာ ပိုင်ဆုပဲ ချီဆင်းလာ၏။ အောက်ရောက်လို့ သေချာကြည့်တော့မှ ယွန်းယွန်း သတိလစ်နေမှန်း သိရသည်။

"ဘယ်လိုလုပ်လိုက်တာလဲ ညီမလေးရယ်၊ ကိုကိုရင်ကွဲအောင်လို့ လား"

*

"မမ"

"ဟင် ... ဘာလဲ နောင်နောင်၊ ဘာလုပ်ပေးရမလဲ"

"ဘာမှ လုပ်မပေးရပါဘူးဗျာ၊ ဒီတာဝန်စကားကိုချည်း ပြောမနေစမ်းပါနဲ့ "

နောင်နောင် မျက်စိမျက်နှာ ပျက်နေသည်။

"နောင်နောင် ခုတလော ပြန်ဆိုးလာတယ်"

"ဟုတ်တယ်၊ တခါတခါ လူသတ်ချင်တယ်၊ ကိုယ့်ကိုယ်လည်း သတ်ချင်တယ်"

"ကျွန်တော်က မေးမလို့ ၊ မမ ဘာဖြစ်နေ

တာလဲလို့"

"ဘာမှ မဖြစ်ရပါလားကွာ"

"ဒီမှာ ဒေါ်သက်မာ၊ စကားပြောရင် ကွတို့ ကွာတို့ ကျေးဇူးပြုပြီးမသုံးပါနဲ့ ခင်ဗျ"

နောင်နောင် စူစူပုပ်ပုပ်နှင့် ပြော၏။

"ဘာဖြစ်လို့ လဲ"

"ကိုယ့်ကိုယ်ကိုယ် အဘွားကြီး သိပ်လုပ်ပြ ချင်နေတယ်ပေါ့ ဟုတ်လား"

"လုပ်ပြသည် ဖြစ်စေဖုံးဖိသည် ဖြစ်စေ၊အ ဘွားကြီးဟာအဘွားကြီးပဲနောင်နောင်၊နောင် နောင်တို့ အရွယ်နဲ့ အပြိုင်နေပျိုချင်လို့ လည်း ဘယ်လိုမှ မရဘူး"

"ခင်ဗျားရှစ်ဆယ်ကျော်ပလား"

"အဲဒီလောက်ဆို ခုလို လူနာစောင့်အလုပ် ကို ဘယ်လုပ်နိုင်ပါတော့မလဲ"

"မဟုတ်သေးပါဘူးဗျာ၊ မမ ဘာဖြစ်နေတာ လဲ"

"နောင်နောင့်ကို ကိုယ့်မောင်လေးအရင်း လို မမ သိပ်ခင်တယ်၊ နောင်နောင့်ကို တိုင်ပင် စရာ တွေလည်း ရှိသေးတယ်"

တရင်းတနှီး တိုင်ပင်မယ်ဆိုတော့ နောင် နောင့်မျက်နှာလေး ဝင်းကနဲ လက်ရှာသည်။

"ပြော မမ၊ ဘာတွေ အခက်အခဲ ရှိနေလဲ"

"မမဟာ မမတို့ မိသားစုမှာ သမီးကြီးမို့ တာဝန်အရှိဆုံးလူ ဖြစ်နေတယ်"

"ဒါ ဟုတ်တာပေါ့"

"မောင်ကြီးကလည်း မိန်းမသာ ခိုးလာတာ ယ်၊ အလုပ်မရှိဘူးလေ၊ ရီမာကလည်း သူ့အိမ် ထောင်နဲ့ သူ၊ အိမ်ကို ပြန်မထောက်နိုင်ဘူး၊ မေမ မေကလည်း အသက်ကြီးတာရယ်၊ ကျန်းမာ

ရေး မကောင်းတာရယ်၊ စိတ်ဓာတ်ကျနေတာ ရယ်"

"နေဦး မမ၊ မမ မေမေက ဘာဖြစ်လို့ စိတ်ဓာတ်ကျနေတာတဲ့ လဲ"

"မမစိတ်ထင်တော့ အိမ်ထောင်ကျပြီး တစ်လခွဲမှာ လူရွေးမှားပြီဆိုတာသိပြီးကတည်းက ဖြစ်မယ်၊ ဒါပေမဲ့ မေမေဟာ ဆယ့်ရှစ်နှစ်လုံးလုံး အရိုးပြာကျ ပေါင်းခဲ့ပါတယ်"

"မမ ဖေဖေက ဘာဖြစ်လို့ လဲဟင်၊ ဆိုးလို့လား"

"ဆိုးတာတော့လည်း မဟုတ်ပါဘူး၊ မမအတွက်တော့ အကြင်နာကြီးမားတဲ့ ဖခင်ပါပဲ၊ မေမေ့ အတွက်ကျတော့ အားကိုးလောက်တဲ့ အိမ်ဦးနတ် မဟုတ်ဘူး လို့ ခေါ်ရမယ် ထင်တယ်"

"ပြောပါ မမ၊ ကျွန်တော် စိတ်ဝင်စားပါတယ်"

★

"ပါလာတဲ့ ဗိုက်ဆံလေး ကုန်သလောက်ရှိပြီ ကိုသက်၊ ခင်မာတို့ ဘာလုပ်ကြမလဲဟင်"

"ကိုယ်လည်း အလုပ်ရှာနေတာပဲ၊ ခင်မာလေးရယ်၊ ဘယ်ရုံးမှာ မှ လဲ အလုပ်မလိုဘူးဆိုတော့ ခက်နေတာပေါ့"

ကိုသက်ထွန်းက ဖနီးသည် ကို ရင်ခွင်တွင်းဆွဲသွင်းကာ ဆံပင်လေးတွေကို သပ်ပေးသည်။ ဖနီးကိုအလွန်ချစ်သည့် ခင်ပွန်းပါ။

ချစ်သည့်နေရာမှာ တော့ ငုံလို့ သာရလျှင် တကာယ်ငုံထားမည့်သူပါပဲ။

"ရုံးမှာ မရလည်း အပြင်အလုပ်ဆိုရင်ကော၊ ကိုသက် သူငယ်ချင်းပြောတဲ့ ဟာ . . ."

ကိုသက်ထွန်းက ဆယ်တန်းကို အခါခါကျပြီး ကျောင်းထွက်ရသူ၊ လက်ရေးတို တို့ လက်နှိပ် စက်တို့ ကျတော့လည်း မတတ်၊ တတ်အောင်သင်ဖို့ လည်း ငွေမရှိပါ။

ခင်မာလေး မိဘက ချမ်းသာသည် ။ ကိုသက်ထွန်းတို့ က ဆင်းရဲ၏။ ကိုသက်ထွန်းဖခင်က ရုံးတစ်ရုံးမှာ အထက်တန်းစာရေး။ ခင်မာလေးဖခင် ဦးမောင်ကလေး၏ လက်ရင်းတပည့်လို ဖြစ်နေရသည် မို့ အိမ်သို့အဝင်အထွက်ရှိသည် ။ ဦးမောင်ကလေး ခေါ်ခိုင်းသမျှ လုပ်ကိုင်ပေးရာတွင် သက်ထွန်းပါ အဆစ်ပါလာသည် ။

သည် လိုနှင့်သက်ထွန်း၊ ခင်မာလေးတို့ နီးစပ်မှုဖြင့် ချစ်မိကြသည့်အခါကျတော့ ဦးမောင်ကလေးတို့ ဘက်က လုံးဝသဘောမတူနိုင်ချေ။

“ကျေးဇူးရှိလို့ ကျေးဇူးဆပ်တာပဲ”

ဦးမောင်ကလေး ဇနီးက မျက်ရည်စက်လက်ဖြင့် ပြော၏။ သက်ထွန်းဖခင်ကို ဦးမောင်ကလေးတို့ က ရပ်ဆွေရပ်မျိုးလို ထာဝရ ပေးကျွေးစောင့်ရှောက်ခဲ့ရသည် ။ သက်ထွန်း၏ ကျောင်းစရိတ်ပင်လျှင် ဦးမောင်ကလေး ထောက်ပံ့မှုနှင့် မကင်းပါ။

“အမိုက်မ မိုက်လုံးကြီးပုံက ရင်ကျိုးတာပါပဲရှင်”

“သက်ထွန်း . . . ခင်မာလေးကို ခိုးပြေးသွားပါပြီခင်ဗျာ၊ ဆရာတို့ ဆန္ဒရှိသလို သာ အမိန့် ရှိပ” လာပြောကတည်းက တငိုတည်းငို၏။ သက်ထွန်းဖခင်ကို အပြစ်မဆိုပါ။ ဆိုနေလို့ ကလည်း အကြောင်းထူးမှာ မှ မဟုတ်တာ၊ မိုက်လုံးကြီးတာက ကိုယ့်သမီး မဟုတ်လား။

“သမီးကို တစ်ရက်လောက် ပြန်ခေါ်ပေးပါ။

ကျွန်မစကားနည်းနည်း ပြောချင်ပါတယ်၊ တစ်ရက်တည်းပါပဲ၊ ပြီးရင် သူသဘောအတိုင်းပါပဲ၊ သူဆန္ဒမပါဘဲနဲ့ ဖွတ်မခွဲပါဘူး ၊ ခွဲလည်း တစ်ရက်က နှစ်ရက် ဖြစ်ရမယ့်တူတူပါ၊ ကျွန်မမှာက သမီးအငယ်လည်း ရှိသေးတော့၊ ဒီကိစ္စမှာ ရေရှည်ကြည့် စီစဉ်ရမှာ ပါ၊ တစ်ရက်တော့ ဖြစ်အောင်ပြန်ခေါ်ပေးပါ"

အဆက်မပြတ် စီးကျနေသည့် မျက်ရည်စတွေကို သိမ်းရင်း စကားကို အေးအေးဆေးဆေးပဲ ပြော၏။ ခင်မာလေး အိမ်သို့ ပြန်ရောက်လာသည် ။ သက်ထွန်းက . . .

"မနက်ဖြန်ညနေ လာပြန်ခေါ်မယ်နော်" ဟု ကျိတ်မှာ ခဲ့၏။ ခင်မာလေးက "စိတ်ချ . . . ပြန်လိုက်ခဲ့မယ်" ဟု ကတိပေးသည် ။

မိခင်ကြီးက အိမ်ထောင်ရေး စီမံကိန်းအကြောင်းကို မိန်းခွန်းရှည်ကြီးနှယ် အကျယ်တဝင့် ရှင်းပြသည် ။

အဲသည် ညက ဘယ်သူမှမအိပ်ကြဘဲ မိုးအလင်း ဆွေးနွေးသည် ။

"အိမ်ထောင်ရေးမှာ အချစ်တစ်ခုတည်းနဲ့ မပြီးဘူး သမီးရယ်။ သားစဉ်မြေးဆက်အထိ ကြည့်ရမယ်"

ပြောသည့်စကားတွေကတော့ အများကြီးပါပဲ။ အမိကနိဂုံးချုပ်သော သက်ထွန်းသည် ပညာမပြည့်စုံ၊ ဥစ္စာမပြည့်စုံ၊ ပြီးတော့ လူစွမ်းလူစည့်သည် ။ ကိုယ်ရည်ကိုယ်သွေးမရှိ ။ နိုင်းမှ လုပ်တတ်သည့် ခပ်ဖျင်းဖျင်း အစားထဲက။

"သမီးကို ချစ်တာတော့ မေမေ သံသယမရှိပါဘူး"

ချစ်ရာမည်လေ။ ရွှေလိုဥထားသည့် သူဌေးသမီးကို စိတ်ကြမ်း ကိုယ်ကြမ်းနှင့် ဘဝကြမ်း

ကို လျှောက်နေရသည့် လူကြမ်းကြမ်းတစ်ဦး က မျိုမတတ် ချစ်တော့မပေါ့။

"ကိုယ့်သား ကိုယ့်သမီးတွေ လူဆင်းရဲ ပ ညာမဲ့လေးတွေ အဖြစ်ကြီးပြင်းလာမယ်၊ သမီး က အချစ်အတွက် ဘဝစွန့်နိုင်တယ်ထားဦး၊ သ မီးက ပေါက်ဖွားလာတဲ့ သားသမီးလေးတွေ ဧ ရာဝတီမြစ်ကို အလျားလိုက် ကူးရသလို၊ ဘယ် တော့မှ ကမ်းမကပ်နိုင်ဘဲ အမြဲရုန်းကန် ပင်ပ န်းဆင်းရဲနေမှာ မျိုး၊ သမီးလုပ်ခဲ့ရဲ့ မလား"

"တသက်လုံး လူညွန့်တုံးနေမယ်လို့ မေမေ့ ကို ဘယ်သူပြောလဲ"

"ဟယ်"

ခင်မာလေး တစ်ခွန်းပြန်ပက်၏။ မိခင်ကြီး ပါးစပ်အဟောင်းသားနှင့် ရင်ပွင့်ထွက်သွား သ လားထင်ရသည် ။ မိုးစင်စင် လင်းခဲ့ပါပြီ။ တစ် ညလုံး ဟောခဲ့သည့် တရားတွေလည်း အရာမ ထင် ပါလား။

"မေမေ့မှာ သမီးအငယ်ရှိသေးတယ်၊ မေ မေဟာ သမီးတွေ လုပ်ချင်ရာလုပ်၊ အချိန်တန် တော့ အိမ်ပေါ်ခေါ်တင်ဆိုတဲ့ အမေအပျော့စား ဆိုတဲ့ အသိစိတ်မျိုး၊ သမီးညီမလေးဆီ အဝင်မ ခံနိုင်ဘူး . . .

"မေမေ မကြိုက်တာ လုပ်ရင် ဖြတ်တယ်ဆို တာ၊ သမီးခုလိုမဖြစ်ခင်ကတည်းက မေမေ အကြိမ်ကြိမ် ပြောခဲ့ပြီ၊ သမီးမယုံဘူး၊ မေမေ့ ဆန္ဒကို ဆန့်ကျင်တယ်...

"မိုက်မိုက်မဲမဲ ဆိုးဆိုးရွားရွားကို ဆန့်ကျင် တယ်၊ ဒီတော့သမီးကိုမှ နမူနာလုပ်မပြရင် အ ငယ်မလည်း ဒီအချိုးပဲ ချိုးမှာ ပဲ"

သည် တုန်းကတော့ ခင်မာလေးမှာ ငယ်စိ တ်၊ မွန်နေသည့်အချစ်စိတ်တို့ ဖြင့် မာနတွေအပြည့် ပါပဲ၊ မိခင်ကို ပြန်မပြောပေမ

ယ့် . . .

"မေမေ့ အမွေလည်း မမက်ပါဘူး" ဟု ရင်ထဲမှ ကျိတ်ပြောနေသည် ။ မရလည်း နေပေါ့။ တူနှစ်ကိုယ် တဲအိုပျက်မှာ နေရ၊ ရွှေဘုံပေါ်မှာ စံရ၊ ချစ်တာပဓာန မဟုတ်လား။ တစ်နာရီတည်း မောင့်နဲ့ ချစ်ပါရစေ ဆိုတာတွေ။

"တကယ်လို့ သမီးမှာ မလွှတ်မကင်း ဖြစ်နေခဲ့ရင်တောင် သမီးစိတ်သာ ပြတ်ပစေ၊ မေမေ တာဝန်ယူတယ်"

နောက်ဆုံးစကားကို ဆိုချေ၏။

"ကိုသက်ကို ဒီလောက် အထင်မသေးပါနဲ့ မေမေ၊ သူ့အခွင့်အရေးသမား မဟုတ်ပါဘူး၊ သမီးမှာ လွှတ်လွှတ်ကင်းကင်းပါ"

"ဒါဖြင့်လည်း ပြုပြင်ပြောင်းလဲဖို့ ပိုလွယ်တာပေါ့ သမီးရယ်"

"သမီး . . . သူ့ကိုချစ်တယ်"

"ဩော်"

သည် "ဩော်" ကြီးက မချိမဆံ့ပါ။

"မေမေ့ကိုရော"

"တစ်မျိုးစီပဲ မေမေ၊ လူတိုင်း အိမ်ထောင်ပြုကြတာပါ"

မေမေတောင် အိမ်ထောင်ပြုခဲ့လို့ သမီးတွေကိုရတာပဲ . . . ဟု ရင်ထဲမှာ ဆက်ပြောသည် ။

"မေမေလည်း အိမ်ထောင်ပြုခဲ့ပါတယ် မှန်ပါတယ်၊ ဒါပေမဲ့ မေမေဟာ လူကြီးပေးစားတဲ့ သူ ကို လက်ခံခဲ့တာ၊ ထားပါတော့ ကိုယ်ကြိုက်ကိုရွေးဦး၊ လူကြီးတွေ လက်ခံနိုင်တဲ့ သူဆိုရင် မကောင်းဘူးလား"

"မေမေတို့ က ကိုသက်ကိုမှ လက်မခံတာ"

"လက်ခံနိုင်လောက်တဲ့ သူ မဟုတ်လို့ ပေါ့

ကွယ်၊ သမက်အဖြစ် တစ်သက်လုံး ဆက်ဆံသွား လောက်တဲ့ သူမှ မဟုတ်တာ"

သည် တုန်းကတော့ ခင်မာလေး မှန်နေသည် ။ မေမေသည် ကိုသက်ကို နှိမ်လွန်း၏။ မေမေ ကနှိမ်လေ ကိုသက် အပေါ်အသနားပိုလေ။ မေတ္တာတွေက တရဟော။

"လူ့လောကအကြောင်းကို သမီးမသိသေးဘူး၊ သိလာတဲ့ အချိန်မှာ နောင်တရမယ်"

သည် စကားကို မေမေ ရင်ကွဲပက်လက် ပြောသည် ။

"မေမေတို့ အနေနဲ့ အဆက်အဆံ မလုပ်နိုင်ဘူး"

"သမီးကသိုလ်ဖေ့ါ"

"ကောင်းပြီလေ"

မေမေ့မျက်ရည်တွေ ရုတ်ခြည်းခြောက်ခန်း၏။

ခင်မာလေး ဝတ်ဆင်နေကျ ခိုးရာလိုက်ရာတွင် ပါသွားသည့် စိန်လက်စွပ်နှင့် စိန်နားကပ် ဖြုတ်ခိုင်းတော့ ခင်မာလေး ခပ်မြန်မြန်ပင် ချွတ်ပေးသည် ။ သမီးကို နှမြောတာမှ မဟုတ်ဘဲ စိန်တွေ နှမြောတာဟု ရင်ထဲမှာ နာလိုက်သေးသည် ။

"မေမေတို့ ရှာထားတဲ့ ပစ္စည်း၊ မေမေတို့ ပေးချင်သလောက်ပဲ ပေးမယ်ဆိုရင် တရားတယ်ဆို တာ လက်ခံရဲ့ လား"

"လက်ခံပါတယ်"

ငွေသားတစ်ထောင်ကို ခင်မာလေးရှေ့မှာ ချသည် ။

"မိဘရဲ့ နောက်ဆုံးမေတ္တာပဲ၊ အဲဒါနောက်ဆုံးပဲ" ဟု ပြောကာ ညနေဘက် သက်ထွန်းအိမ်ပေါ်တက်လာတော့ အပ်ချုပ်စက်တစ်လုံး အ

ဆစ်ထည့်ပေးလိုက်သည် ။ ဒီလောက်ပါပဲ။

အဲသည် ငွေတစ်ထောင်နှင့် လင်မယားနှစ်ယောက် ပျော်လိုက်ကြတာ တစ်လပဲခံသည် ။ တစ်လတည်းကျော်ရော ငတ်ပေါက်တိုးပါလေရော။ သက်ထွန်း မိဘတွေက ခင်မာလေးကို ငြိုငြိုငြင်ငြင် မရှိပေမယ့် သူတို့ ကိုယ်တိုင်လည်း ပြည့်မှ မပြည့်စုံပဲ မဟုတ်လား။

"ဟင် . . . ကိုသက်၊ ကိုသက် သူငယ်ချင်းပြောတဲ့ အလုပ်"

ကြားထဲမှာ အတွေးတွေ ဝင်နေရသည် မို့ အကြာကြီးနေမှ ထပ်မေးဖြစ်သည် ။

"ဟိုကောင်ပြောတာ ဆိုက်ကားနင်းဖို့ တဲ့ ၊ ဖြစ်မလား ခင်မာလေးရယ်၊ သူဌေးသမက် ဆိုက်ကားနင်းလို့ အရပ်ရပ် နေပြည်တော် ကြားလို့ မှ မလျော် . . .

"ပင်ပန်းတယ်ကွာ၊ အဖေ့ကိုပဲ အဖေ့ရုံးမှာ

ပြောနိုင်းထားတယ်"

အဖေတို့ ခေတ်တုန်းကတော့ ဆယ်တန်းမအောင်ပေမယ့် စာရေးရသည် ။ သက်ထွန်း ခေတ် ကျတော့ ရုံးလုလင်တောင်အနိုင်နိုင်။ အလုပ်မရတော့ စိတ်ညစ်သတဲ့ ။ သက်ထွန်းရော သူ့အဖေပါ အရက်သောက်တတ်ကြတာကို သည် အိမ်ရောက်မှ သိရ၏။ စိတ်ညစ်လို့ အရက်သောက်ပေမယ့် မိန်းမကို တော့ကြင်နာသည် ။

"ကိုသက်ရယ် အရက်သောက်လို့ စိတ်ပျော်မယ်ဆိုရင် ခင်မာပါ ဝိုင်းသောက်မှာ ပေါ့၊ ခုတော့ ပိုက်ဆံကုန်တာပဲ အဖတ်ထင်တယ်"

ကလေးတွေက အချိန်တန်တော့ တစ်ယောက်ပြီး တစ်ယောက် ပေါက်ဖွားလာသည် ။ ခင်မာလေး စက်ချုပ်ရသည် ။ တစ်ခါတစ်ရံ စက်ကိုပေါင်းထားရသည် မို့ ဆေးလိပ်လည်း လိပ်ရ၏။

"အရောင်းအဝယ်လုပ်ဖို့ အရင်းအနှီးလေး ရအောင် အဲဒီစက်ကို ရောင်းလိုက်ရအောင်"

"မလုပ်ပါနဲ့ ကိုသက်ရယ်၊ မလွယ်တုန်းခ အပဲ ပေါင်ပါ၊ ဖြစ်အောင် ပြန်ရွေးမယ်၊ ခင်မာ့မှာ မိဘအမွေဆိုလို့ ဒါလေးတစ်ခုရထားတာ"

"ခင်မာလေးမိဘတွေ တကယ်ရက်စက်တယ်နော်"

"မေမေက စကားကုန်ပြောလိုက်တာပဲ၊ ခင်မာက နားမထောင်တာ"

"ထောင်လို့ ကော ဖြစ်မလားကွ၊ သူတို့ စကားကုန်က လင်မယားကွဲဖို့"

တစ်အိမ်လုံးမှာ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် ကြက်လိုယက်၍ ရှာနေကြရသည် မို့ ယဉ်ကျေး သိမ်မွေ့ခြင်း၊ နူးညံ့ညက်ညောခြင်းတို့ ဘယ်သူ့မှာ မှ မရှိကြပါ။ အချိန်လည်း မပေးနိုင်ကြ။ ဘဝက ကြမ်းသည် မို့ စိတ်ကြမ်းစရိုက်ကြမ်းတွေချည်း။

ချွေးမကို တစ်ချက်ကလေး မပြုံးပြခဲ့သည့် အဖေတောင် စကားပြောလျှင် အဆဲကလေး၊ အတိုင်းအထွာလေးက ဝသီပါမှ အပြောကတော့ ကြမ်းသည် ပင်။ ခင်မာလေးချော အရိုင်းတို့ တိုင်း ပြည်ကိုများ ရောက်နေသလား ထင်ရသည်။

အဆဲအဆို ဆိုတာသူတို့ အဖို့ လက်သုံးစကားပါ။ စကားကောင်းကိုလည်း ဆဲ၍ ပဲပြောၾ၏။

"ဆင်းရဲရတာ သောက်သုံးကို မကျဘူး"

"မတိုင်းပါနဲ့ ကိုသက်ရဲ့၊ ကြားရတာ နားမယဉ်လိုက်တာ"

"ဟာကွာ ဘယ်သူ့ဆဲတာလိုက်လို့"

"ကိုယ့်ဘာသာလည်း မဆဲပါနဲ့"

ခင်မာလေးအဖို့ စိတ်ဆင်းရဲလှပါသည် ဆို လျှင်တောင် စကားက သက်သာရာရနေသည် ။ တကယ့်ဖြစ်ရပ်က ပို၍ ဒုက္ခရောက်နေ၏။ ကလေးတွေကလည်း ခပ်ကြွမ်းကြွမ်းလေး တွေ ဖြစ်လာ သည် ။ ပထမတော့ ခင်မာလေး က သွန်သင်ပါသည် ။

ဆုံးမပဲ့ပြင်မည့်သူက တစ်ယောက်တည်း၊ နေ့ရှိသရွေ့ကြားနေရသည့် အဆဲအဆိုတွေက အမေ့ဆီက၊ အဘိုးအဘွားဆီက၊ ကြီးတော် တွေ ဦးလေးတွေဆီက။ ယဉ်ကျေးသော စ ကားကို တစ်ခွန်းလောက် ကြားရချိန်မှာ ၊ စ ကားရိုင်းတွေက ဆယ့်လေးငါးခွန်း ကြားရသ ည် ။ ဒီကလေးတွေ ယဉ်ကျေးပါဦးမလား။

"စကျက်ကြလေ၊ သမီးတို့ သားတို့ "

"နေဦး . . . ငါ့လာ နင်းကြစမ်းကွယ်၊ ရှိမာ . . . ဟိုကောင်မ ဘယ်မှာ တုန်း၊ နင်ကဝတော့ အလေးချိန်စီးတယ်"

"လမ်းမှာ ဆော့နေတယ်"

"အေး . . . အချိန်ရှိတိုင်း ကမြင်းကြ၊ သော က်သုံးကိုမကျဘူး၊ မောင်ကြီးရော"

"မရှိဘူးအမေ"

"ဟေ . . . ဘယ်သွားအလေလိုက်နေသလဲ"

ခင်လေး နားနှစ်ဖက်ကို လက်နှင့်နာနာပိ တ်လိုက်ရပါတော့သည် ။ ပြောလည်း မနေချင် တော့ ပါဘူး။ မကြားချင် နားပိတ်ထား။ ဒါပဲ မ ဟုတ်လား။

*

"မမတစ်ယောက်ပဲ ဆယ်တန်းအောင်တ ယ်၊ ဘွဲ့ရတယ်"

"မမဘဝကို သနားလိုက်တာဗျာ"

"ဒီတော့ မမလက်ထက်မှာ အောင်မြင်တဲ့ အိမ်ထောင်ရေးကို ပြန်လည်ထူထောင်ရမယ် နှောင်နှောင်၊ မမချစ်သည် ဖြစ်စေ၊ မချစ်သည် ဖြစ်စေ၊ အားကိုးလောက်တဲ့ လူကောင်းလူတော် တစ်ယောက်ကို လက်ထပ်ရမယ်"

"တွေ့ထားပလား မမ"

နှောင်နှောင် စိတ်ပူစွာ မေးသည်။ သက်မာက ခေါင်းညိတ်၏။

"ဘယ်သူလဲ . . . ဘယ်ကလဲ"

"ကိုပိုင်ပဲ နှောင်နှောင်"

"ခြော်"

ထင်တော့ ထင်လိုက်သားပါပဲ။ ထင်လည်း မထင်မိဘူး။

ကိုပိုင်လိုလူနှင့် မည်သို့ယှဉ်၍ အရွေးခံနိုင်ပါမည်နည်း။ ကိုပိုင်သည် နှောင်နှောင်နှင့် စာလျှင် အသက်ကြီးသူမို့ အသိဉာဏ် အဆင့်ပိုမြင့်သည် ဟု ပြောနိုင်သည်။ အလုပ်လက်ရှိ၊ အိုးရပြီးသား။ ကြိုးစားသည့် လူရိုးလူကောင်း အသောက်အစား အပျော်အပါးမရှိ။ ကိုပိုင်လိုလူကို မမ ရသည် ဆိုလျှင် နှောင်နှောင် မည်သို့သော လက်ကြမ်းကြီးဖြင့် ဆွဲခွာဖယ်ထုတ်ရက်ပါမည်နည်း။

"ဝမ်းသာပါတယ် မမ၊ ကိုပိုင်ဟာ လူကောင်းတစ်ယောက်ပါ၊ တော်လည်း တော်ပါတယ်"

တကယ့် စေတနာစကားပါ။ မမကို သိပ်ချစ်ပေမယ့် ခုလိုဒုက္ခိတဘဝနှင့် ဘယ်လိုလုပ် ချစ်ခွင့်ပန်မလဲ။

"မမ . . . ကိုပိုင့်ကို ချစ်သလားဟင်"

"အဲဒီမေးခွန်းကို မမ မဖြေချင်ဘူး"

"ဒါဖြင့် ကိုပိုင်ကရော"

“ဆယ်ကျော်သက်တွေလို အသည်းထဲမှာ စူးနစ်မြုပ်ဝင်နေတဲ့ အချစ်မျိုးနဲ့ တော့ ချစ်မယ် မထင်ပါဘူး၊ ကိုပိုင်က မမကိုသဘောကျတာ၊ ကြိုက်တာ ၊ မမရဲ့ လူလားမြောက်နေတဲ့ အတွေးအခေါ်၊ အသိဉာဏ်ကို ကြိုက်တာ၊ မမတို့ လက်ထပ်ဖြစ်ရင် မမတို့ အိမ်ထောင်ရေးဟာ လူမှန်နေရာမှန် ရွေးကြတဲ့ အိမ်ထောင်ရေးပဲ ဖြစ်မယ်”

“ပျော်ကြပါ့မလား မမရယ်”

“စိတ်ဆင်းရဲစရာတော့ ရှိမယ်မထင်ဘူး၊ စိတ်မညစ်တာကို ပျော်တယ်လို့ သတ်မှတ်ရရင်တော့ ပျော်ကြမယ်လို့ ပဲ ပြောရမယ်”

“အန်ကယ်တိုက်နဲ့ အန်တီဆွေလေးတို့ သဘောတူသတဲ့ လား”

“အဲဒါ သူ့ကိစ္စပဲ”

“ဟာ . . . ဘယ်ဟုတ်ဦးမလဲ”

“ကြည်ဖြူရင်လည်း ကောင်းတာပေါ့၊ မကြည်ဖြူလည်း ကိစ္စမရှိပါဘူး”

“မဟုတ်သေးဘူး မမ”

“နောင်နောင် . . . မမဟာ ကိုပိုင့်ကို လူကောင်းတစ်ယောက် အနေနဲ့ လည်း လက်ထပ်ချင် တယ်၊ နောက်ပြီး ကိုပိုင့်ကို အပိုင်သိမ်းဖို့ မမမှာ တာဝန်တစ်ခု ရှိနေတယ်”

“ဗျာ . . . ဘယ်လို”

“မမ ရစရာအကြွေးတစ်ခုရှိတယ်၊ အဲဒီအကြွေးအတွက် ကိုပိုင့်ကိုအပိုင်သိမ်းရမယ်၊ အဲဒါ . . . တာဝန်ပဲ”

“မဟုတ်သေးဘူး၊ မမမှားနေပြီ၊ လူတစ်ယောက်ကို ကြွေးနဲ့ သိမ်းလို့ ရမလား”

“ရအောင်သိမ်းမယ်၊ ပိုင်ပြီဆိုတဲ့ အခါမှာ ကြွေးသိမ်းပစ္စည်းဖြစ်ကြောင်းလည်း လူသိန

တ်ကြား ကြေညာရဦးမယ်"

နောင်နောင် ခေါင်းကို အခါခါ ယမ်းမိလေတော့၏။

*

"မဟုတ်သေးပါဘူး မမရယ်၊ မမလုပ်ပုံတွေဟာ ဟုတ်ကိုမဟုတ်သေးဘူး"

နောင်နောင်အဖျားအနာကင်းနေသည့် သာမန်အချိန်များ ဆိုလျှင် မမပြန်သွားပြီးနောက်၊ ဦးလေးကျော်က တာဝန်ယူသည် ။ ဦးလေးကျော်က နောင်နောင့်အခန်းထဲမှာ ညတိုင်းလာအိပ်သည် ။ ညဘက်ဆို နောင်နောင့် ဝေယျာဝစ္စသိပ်မရှိသည် မို့ ဦးလေးကျော် ကောင်းကောင်း အိပ်ရသည့်ရက်က များ ပါသည် ။ ယခုလည်း ဦးလေးကျော် အိပ်ပျော်နေ၏။

နောင်နောင် အိပ်လို့ မပျော်နိုင်ပါ။ ချစ်လှသည့် မမကို တစ်သက်တာ စွန့်လွှတ်ရတော့မည်မို့ ရင်ထဲမှာ နင့်နေသည် ။ ဆွတ်ဆွတ်ကျင်ကျင်ရှိလှသည် ။ မမ၏ အကြင်နာမျက်ဝန်းတွေကို မေ့မရ။

"မမ . . . နောင်နောင့်ကို ချစ်နေတယ် မဟုတ်လားဟင်"

သည် လို မေးချရဲ သည့်သတ္တိမရှိ။ ကိုယ်က ဒုက္ခိတ၊ ချစ်သူကို တစ်သက်လုံး နှစ်ထားလို့ ဘယ်ဖြစ်ပါ့မလဲ။ ချစ်ခွင့်ပိုင်ပိုင်မရသည့်တိုင်၊ လက်တစ်ကမ်း အကွာလေးမှာ မမကို မြင်တွေ့နေရ လျှင်ပဲ ကိုယ့်ဘဝ ပျော်စရာလေး လို ဖြစ်ခဲ့ရပါသည် မမ။

ခုတော့ . . . ပိုးတဝါး အပျော်လေးတောင် ကွယ်ပျောက်တော့မယ် မမရယ်"

မမလက်ထပ်ပြီးလျှင် ကိုဝိုင့်လိုလူက မမကို လူနာစောင့်လို အလုပ်မျိုး ဘယ်လုပ်ခွင့်

ပေးတော့မှာ လဲ။ အနားမှာ သာနေတဲ့ ငွေလမင်းကြီး ကွယ်တော့မယ်။

"ဒါပေမဲ့ မမရယ် . . . ကျွန်တော် . . ."

နှင်းဆီပန်းလေးတစ်ပွင့်ကို ချစ်လှချည်ရဲ့ ဆိုကာ ဖန်ပေါင်းချောင်ထဲ ယုယသည့်ထားလို့ ဖြစ် မလား။ နေမရ၊ လေမရ၊ ရေမရတဲ့ ဘဝမှာ နှင်းဆီပန်းလေး ခြောက်သွေ့နွမ်းရော်သွားတော့ မပေါ့။ သူနှင့်လိုက်ဖက်တင့်မောသည့် မင်္ဂလာပွဲထိုင်မှ မင်္ဂလာငွေဖလားထဲမှာ ပင် အေးချမ်းတင့်တယ်စွာ စံပယ်ပါစေတော့လေ။ ဒါမှ သူ့ဘဝလေး သက်တမ်းရှေ့ရှာမယ်။

တစ်ခါတစ်ရံမှာ အချစ်ဟူသည် ရယူပိုင်ဆိုင်လိုခြင်း ဆိုပေမယ့် ချစ်ရလွန်းသည့်အခါမှာ ချစ်သူကို စွန့်လွှတ်နိုင်တာမျိုးလည်း ရှိတတ်ချေ၏။

"နောင်နောင့်အချစ်က စွန့်လွှတ်ရဲတဲ့ သတ္တိနဲ့ပါ မမ"

ကိုပိုင့် ရင်ခွင်သည် မမအတွက် နားခိုရာကွန်း ဖြစ်နိုင်၏။ ကိုပိုင်မို့လို့ သာ နောင်နောင်ယှဉ် အရှုံးမခံလိုခြင်းလည်း ဖြစ်ပါသည်။ ကိုပိုင်ရိုးတာ၊ တော်တာ၊ ဖြောင့်တာ၊ သဘောထားမြင့် မြတ်တာတွေကို နောင်နောင် အစင်းသိသည် လေ။

မမနှင့် ကိုပိုင်တို့ အချစ်ရေးသာယာဖြောင့်ဖြူးမည်ဆိုလျှင် နောင်နောင် စွန့်လွှတ်ရကျိုးနပ်ပါ၏။ ရင်ကွဲခံရကျိုး နပ်ပါ၏။ သို့ပေမဲ့ သည် ချစ်ခရီးမှာ မမဘက်က တစ်ခုခုမှားယွင်းနေသည်။

"ကြွေးသိမ်းပစ္စည်း ဖြစ်ကြောင်းလည်း လူသိနတ်ကြားကြေညာရဦးမယ်" . . . တဲ့။

"မမမှာ ဘယ်လိုလျှို့ဝှက်ချက်တွေ ရှိနေသလဲ၊ ကိုပိုင်နဲ့ မမဟာ ဟိုအရင်တည်းက ပတ်သ

က် ခဲ့ဖူးတာတွေ ရှိမလား"

မဖြစ်နိုင်ပါ။

မမက ကိုပိုင့် ပိုက်ဆံအိတ်ကလေးကို ကောက်ရလို့ ကားလိုင်စင်ထဲက လိပ်စာအတိုင်း သွားပို့မှ သိကြရတာတဲ့ ။ နောင်နောင့်ဆီမှာ အလုပ်ဝင်ဖြစ်တော့လည်း ခြေချင်းတပ်ပြီး နီးစပ်ခင်မင် သွားရပါတယ်တဲ့ ။ ဒီလိုဆို မမတို့ ရဲ့ မိဘဘိုးဘွားလက်ထက်က ပတ်သက်မှုတွေ ရှိခဲ့လို့ လား။

"မမကို ပြောင်ဖွင့်မေးရင် ပြောပါ့မလား"

မမအတွက် စိတ်ပူ၏။ မမသည် တစ်ခါတစ်ရံခေါင်းမာစွာ ထင်ရာစွတ်လုပ်တတ်သည် ။ ပျော့ရင်ဖယောင်း၊ မာရင်သံချောင်းဆိုတာ မမလို လူစားမျိုး။ ယဉ်ကျေးသိမ်မွေ့ဖို့ နူးညံ့ညက်ညောဖို့ ဝါသနာ မပါလှပေမယ့် မမနေတတ်ပြောတတ်ရှိ၏။ ကြမ်းကြုတ်ဆိုလည်း ဖြစ်၏။ မမတစ်ခုခုကို လုပ်တော့မည့်ဆိုလျှင် မည်သူမျှ တားဍ်ရမည်မထင်။

မမစိတ်ထက်တာ နောင်နောင်သိသည် ။

"မမ စိတ်မချမ်းသာမှာ ကိုပဲ နောင်နောင် စိုးတာပါ"

တကယ့်ကို စိုးရိမ်မိပါ၏။ ကိုပိုင်နှင့် လက်ထပ်ပြီးနောက် ကိုပိုင့်ကို ကြွေးသိမ်းပစ္စည်းအဖြစ် ကြေညာပါပြီတဲ့ . . .

"ကိုပိုင်လိုလူကို လျှော့မတွက်ပါနဲ့ မမရယ်၊ အချစ်မပါပေမယ့် ဦးနောက်ရဲ့ ဆုံးဖြတ်ချက်နဲ့ သာယာတဲ့ အိမ်ထောင်ရေးကို တစ်သက်တာ ဖန်တီးချင် ဖန်တီးသွားမယ် . . .

"ကြွေးသိမ်းပစ္စည်းဘဝမှာ တော့ ကိုပိုင် ငြိမ်နေမယ်မထင်ဘူး၊ ဖြစ်ချင်ရာဖြစ်ပစေ လျှောက်ခဲ့ တဲ့ လမ်းကို နောက်ပြန်လှည့်မယ့်လူစားမျိုး . . .

"အဲဒီအခါမှာ မမဘဝပျက် ဒုက္ခရောက်ပြီး မကျန်ရစ်ခဲ့ပါဘူးလို့ ဘယ်သူအာမခံမှာ လဲ မမ၊ အဲသည် လိုဖြစ်မှာ ကို ဒီကောင်ကြည့်နေနိုင်မယ်များ ထင်သလား မမ"

နောင်နောင် တစ်ယောက်တည်း စကားပြောနေပေသည် ။ အိပ်ချင်စိတ်က လုံးဝမရှိ။ မျက်စိ ကိုစွတ်မှိတ်သည့်တိုင် မျက်ခွံနှစ်လွှာက ခေါင်းမာစွာရုန်းကန်းပွင့်လေ၏။ အိပ်ဖို့ နေးဖို့ မျက်ခွံကို တောင်ဇွဲမရသည့်အဖြစ် ။

"ခုနေ . . . လမ်းသာလျှောက်နိုင်ရင် ပြတင်းပေါက်ဆီကို သွားရပ်ပြီး လမင်းကြီးကို မော့ကြည့်နေချင်တယ်"

"အေးလေ . . . အဲဒီလို လမ်းလျှောက်နိုင်ရင်လည်း ချစ်သော မမကို ခုလို စွန့်လှုဖို့ မရှိပါဘူး"

အရှုံးဝေဒနာဟူသည် မည်မျှခံရဆိုးရွားကြောင်း ကာယကံရှင်ပဲ သိပါသည် ။

"ဟောဒီ ခြေထောက်ကြောင့်"

ခုတင်၏ ခြေရင်းကို ဒေါသဖြင့် ဆောင့်ကန်၏။ စိတ်ကသာ ကန်လိုက်သည် ။ ခြေထောက်က မရွေ့ပါ။ ဒေါသပိုထွက်လာသည် မို့ ထပ်ကန်ပြန်၏။ မရွေ့၊ မကြွ၊ တဖန်တလဲလဲ ကန်ကြောက်လေ၊ ခြေထောက်မကြွလေ စိတ်တိုလေမို့ ဒေါသတွေ ရေဆုအမှတ်ကို ကျော်၏ ။

"မမကို စွန့်လွှတ်ရတာလည်း သူ့ကြောင့်၊ ခုမမလက်ထပ်တော့မယ်၊ ငါဘာလုပ်ရမလဲ၊ ငါဘာလုပ်လို့ ကော ရဦးမှာ လဲ"

ပေါက်ကွဲခွင့်မရသည့် ဒေါသတွေ လျှံကျသည် ။ ရင်ထဲမှ လျှံတက်ကာ စီးဖိတ်ကျ၏။ နော

င် နောင့်ရင်ထဲ ပြောင်းဆန်ကာ အားရပါးရ ငိုကြွေးမိပါတော့သည် ။ ခြေထောက်တွေ ဒီလိုဖြစ်ကာ စတုန်းကတောင် မငိုခဲ့ပါသော နောင်နောင်၊ ခုတော့ ယူကျုံးမရ ဒုက္ခိတဘဝ အတွက် ပထမဆုံး ဖြေမဆည်နိုင်အောင်ရှိလေ၏။ သည်းသည်းခိုက်ခိုက်ငို၏။

ခြေထောက်က တန်မရသောကြောင့် မွေ့ရာကို လက်သီးနှင့်ပဲ တဝုန်းဝုန်း ထုရတော့သည် ။ အောက်နှုတ်ခမ်းက သွေးပေါက်ထွက်သည် ။ အပေါ်သွားဖြင့် ဘယ်လောက်ထိ ကိုက်ချလိုက်မိမှန်း မသိ။

"ဟောဒီခြေထောက်တွေကြောင့်"

မချိမဆန့် ကျုံးအော်သံကြောင့် ဦးလေးကျော် ငုတ်တုတ်တထိုင်လေသတည်း။

*

"ကိုပိုင် ရောက်မလာခင်မှာ ဘူ ဘာသီချင်းဆိုနေတယ်မှတ်လဲ"

"ငါဘယ်သိမလဲကွ"

"ဘယ်အချိန် ပြန်တွေ့ရမှာ လဲ . . . အချစ်ဆုံးရယ်၊ ကူညီဖြေရှင်းပေးပါဦး . . . တဲ့ "

"အဲဒါ ဘာအဓိပ္ပာယ်လဲ"

စိုးစံက သူ့ဝသီအတိုင်း ပခုံးနှစ်ဖက်ကို စုံတွန့်၏။

"ကောင်မလေး . . . ရည်းစားရှိပြီ ထင်တာပဲ"

"ဘယ်ကောင်လဲ"

"ရည်းစားရှိတယ်ဆိုတာတောင် အထင်ပဲရှိတာ၊ ဘယ်ကကောင်လဲလို့ ဘယ်သိမလဲ"

"မင်းက တစ်ကျောင်းတည်းတက်နေပြီး မသိဘူးလား"

ပိုင်ဆု မျက်နှာညိုပုပ်နေ၏။ ဘာကို ဘာကြောင့်မုန်းမသိ အလိုမကျဖြစ်နေသည် ။ တကယ် ဆို . . . သက်မာထံမှ လက်ထပ်ခွင့်ကို ရပြီးချိန်မှာ ပျော်နေသင့်သည် ။ ခုတော့ ပျော်ရသည် မရှိ။ စိတ် ညစ်ရှုပ်စရာတွေချည်း ကြုံနေရသည် ။ ဘာတွေကို စိတ်ညစ်စိတ်ရှုပ်နေတာလဲ ဆိုတော့လည်း အဖြေမရှိ။

ယွန်းယွန်း ကိုးလိုးကန့်လန့်လုပ်လို့ ဟု ဖြေလျှင်လည်း ယုတ္တိမရှိပါ။ ယွန်းယွန်း ဒီလို ထင်ရာလုပ်တတ်ခဲ့တာ သူ့သက်တမ်းနှင့်အမျှပဲလေ။ တစ်သက်လုံးက ဖွဲ့ဆိုးခဲ့သည့်ကလေး မဟုတ်လား။ ခုမှ ထူးပြီး စိတ်ညစ်နေဖို့ မရှိချေ ။

"ဘယ်သိမလဲ အဆောင်ချင်း တူမှ မတူတာ"

"မင်းသွားပြကြည့်ပါတော့လား"

"မသွားရဲပါဘူး၊ လူလယ်ကောင်လည်း ရှောင်တာ မဟုတ်ဘူး၊ အဲဒီကောင်းမလေးက တွေ့က ရာပြော တွေ့ကရာလုပ်နဲ့ "

"ခက်တာပဲ"

"ဖေဖေက ကိုပိုင်နဲ့ ကိစ္စ ထပ်ပြောသေးလား"

"မပြောဘူး"

"သက်မာနဲ့ ကိစ္စရော"

"ယွန်းယွန်းတိုင်လို့ ဖေဖေ သိပြီးပြီလေ၊ အခု သက်မာက ငါ့ကို လက်ထပ်ခွင့်ပေးပြီ"

" ဟာ . . . ကိုပိုင် တယ်စွံပါလား"

"အဲဒါဖေဖေ့ကို မပြောရသေးဘူး၊ ယွန်းယွန်းကို ပြောပေးပါလို့ ငါပြောလိုက်တယ်၊ ဖြန်မပြောတာလား၊ ဖေဖေက မသိချင်ယောင်ဆောင်နေတာလား မသိဘူး၊ ဘာမှ မပြောဘူး"

"ဖေဖေ စိတ်ဆိုးမှာ ပဲ"

"ဖေဖေ စိတ်ဆိုးမှာ ကို မကြောက်ဘူး၊ မေမေ့ မျက်နှာကို ဘယ်လိုကြည့်ရမလဲပဲ စဉ်းစား မရတာ"

"ပြဿနာရှာတာကိုး"

ပိုင်ဆု ဘာပြန်ပြောရမှန်းမသိပါ။ ပြောစရာစကားမရှိသည် မို့ စိုးစံနားမှ လှည့်ထွက်လာခဲ့ သည် ။

"ကိုပိုင် ဒီနေ့ သုံးဆယ့်ကိုးလမ်းတိုက်ကို မသွားဘူးလား"

"ဖေဖေ သွားတယ်"

လောလောဆယ်အားဖြင့် သုံးဆယ့်ကိုးလမ်းမှာ လေးထပ်တိုက်တစ်လုံး ဆောက်နေသည် ။ အင်းလျားမြိုင်မှာ တစ်ထပ်ခွဲတိုက်တစ်လုံး ဆောက်နေသည် ။ ဝင်ဒါမီယာထဲမှ တိုက်ကတော့ အဆောက်အအုံကြီးကို မွမ်းမံပြင်ဆင်ရခြင်း ဖြစ်ပါသည် ။

စိုးစံနားမှ ထွက်လာခဲ့ပေမယ့် လူက ဘယ်သွားလို့ ဘာလုပ်ရမှန်းမသိ၊ ယောင်ငန်းငန်းကြီး ဖြစ်နေသည် ။ ယွန်းယွန်း ကျောင်းတက်သည် မို့ တစ်အိမ်လုံးမှာ ခပ်ဆောက်ဆွဲသံ တိတ်နေ၏။

မနေတတ်လိုက်တာများ နော်။

အိပ်ရာထဲ မလှဲစဖူး လာလှဲသည် ။ ကျောမှာ ဟိုသည် လိမ့်နေရ၏။ ပိုင်ဆုတို့ က အလုပ်နှင့် လက်နှင့်ပြတ်ကာ လှဲလှဲခွေခွေ နေတတ်သည့် အမျိုးအစားမဟုတ်ပါ၊ တိုက်ဆောက်သည့် အဆိုသို့ မသွားရလျှင်တောင် ခြံထဲဆင်းပြီး သစ်ပင်စိုက်နေတတ်သူ၊ ခုတော့ သူ့အပင်လေးတွေကို ပစ်ထား တာလည်း ကြာပြီ။

"ယွန်းယွန်း ဖျင်းလို့ တက်ကစားတာပါ"

ဟိုနေ့ကပြောသည့် စကားသံလေးကို ပြန်ကြားသည် ။ သိုးငယ်လေးလို ယုန်ဖြူမလေးလို အပြစ်မဲ့နေသည့်မျက်ဝန်းနွမ်းနွမ်းလေးကို မြင်သည် ။

"ယွန်းယွန်း ပြန်မဆင်းရဲတော့ပါဘူး"

သည်-လိုပြောသည့်ကြားက ခန့်ချပစ်လိုက်၏။

"ယွန်းယွန်း . . . ဘာအဓိပ္ပာယ်နဲ့ အဲဒီလိုလုပ်တာလဲ"

တွေးမရပါ။ ခေါင်းပူလာရ၏။ သူ့ဘာသာခန့်ချပေမယ့်၊ ဘယ်လောက်များ ကြောက်သွားရသည် မသိ၊ မျက်လုံးလေးလန်၍ သတိလစ်နေရှာရ၏။

အဲသည် တုန်းကလောက် သနားစရာကောင်းတာမျိုး၊ ယွန်းယွန်းနှင့် ပတ်သက်၍ တစ်ခါမျှ မဖြစ်ဘူးခဲ့။

အဲသည် နေ့ကတော့ အရမ်းသနားသွားမိသည် ။ ယွန်းယွန်းသာ တစ်ခုခုကိုတောင်းဆိုကြည့်၊ ပိုင်ဆု လိုက်လျှောမိမှာ အမှန်ပါ။

ယွန်းယွန်းကို ခုတင်ပေါ် ချသိပ်ပေးပြီးသည့်တိုင် ဦးခေါင်းပိုင်းလေးကို ပွေ့ထားမိသည် ။ သို့ပေမယ့် သတိရသည် နှင့် ယွန်းယွန်း လူးလွန့်၍ ဖယ်သည် ။

ပိုင်ဆုကို စေ့စေ့ကြည့်သည် ။

"ကျေးဇူးတင်ပါတယ်"

တစ်ခွန်းသာပြောလျက် ကျောခိုင်းသွားတော့သည် ။ ပိုင်ဆုရင်ထဲ ဒုတိယအကြိမ် လစ်ဟာကျ သွားရ၏။ ယွန်းယွန်းသည် လိုကြည့်တာ နှစ်ခါရှိပြီ။ နှစ်ခါလုံးမှာ ပင် ရင်ထဲတွင် ရှိသမျှ အူသိမ်အူမ၊ အသည်းအဆုတ် ကလီစာတွေ အကုန်လုံးကို ဆွဲနုတ်ယူသွားသလို၊ ရင်ခွ

င်ဟင်းလင်းဖြင့် ကျန်ရစ်ခဲ့ သလို လစ်လစ်ဟာ ဟာ ခံစားရသည် ။

တန်ဖိုးကြီး ရတနာတစ်ခုကို လက်လွှတ် ဆုံးရှုံးလိုက်ရသလို နှမြောတသ၍ ကျန်ရစ်သ ည် ။

"အဲဒီလို ခဏခဏ မကြည့်နဲ့ ယွန်းယွန်းရ ယ်"

အိပ်နေရာမှ ဆတ်ခနဲ ထသည် ။ ကျောင်း ကို လိုက်သွားမည်။ ကျောင်းမှာ ယွန်းယွန်း ဘာတွေလုပ်၊ ဘာတွေကိုင်လို့ ဘယ်သူတွေနှင့် ပေါင်းနေသလဲ။

"ကိုပိုင် . . . ဖုန်း"

အိပ်ခန်းဝသို့ ရောက်ကာရှိသေး၊ စိုးစံက လာပြောသည် ။

"မင်းကျောင်းပြေးပြန်ပလား"

ယွန်းယွန်းတောင် ကျောင်းတက်ပါလျက် စိုးစံအိမ်မှာ ရှိနေသည် ကို ခုမှ သတိထားမိသ ည် ။

"အဆန်းလုပ်လို့ ကိုပိုင်ကလည်း ၊ ဟိုမှာ သက်မာဖုန်း"

သည် လိုဆိုတော့ စိုးစံကို ကျောင်းပြေးမှုနှ င့် ဆက်ဆုနေဖို့ အချိန်ဘယ်မှာ ရှိတော့မလဲ။

*

"ပိုင်ဆု ပါ"

"သက်မာပါ ၊ကိုပိုင် ဒီနေ့ အလုပ်မသွားဘူး လား"

"ဖေဖေသွားတယ်၊ အလကားထားခဲ့တာ တော့ မဟုတ်ဘူး ၊ အသစ်အပ်ထားတဲ့ ကွန်ထ ရက် နှစ်ခုအတွက် ပုံစံထုတ်ခိုင်းပစ်ခဲ့တာ"

"မအားဘူး ဆိုပါတော့"

"ဒီလိုလည်း မဟုတ်ပါဘူး"

"သက်မာက ကိုပိုင်အားရင် ဒီဘက်ခြံကူးခဲ့မလား မေးမလို့"

"ကိုယ်တို့ ကိစ္စ နောင်နောင်သိပလား"

"ပြောပြီးပြီ၊ ကိုပိုင့်ကို ကွန်ဂရက်ကျူးလေးရှင်း လုပ်မလို့ တဲ့၊ လက်ဖက်ရည်ပွဲနဲ့ ကြိုပါရစေ တဲ့"

"လာခဲ့မယ်လေ၊ ခြော် . . . စိုးစံကို ခေါ်ခဲ့လို့ ရမလား"

"ရပါတယ်၊ ဘာဖြစ်လို့ လဲ"

"နောင်နောင့်ကို အားနာလို၊ မျက်နှာနည်းနည်းပူတယ်လေ၊ သူခိုးသေဖော် ညှိတာပေါ့"

"ခေါ်ခဲ့လေ ဒါပဲနော်၊ အခု"

တယ်လီဖုန်းကိုချသည် ။ အခုလာခဲ့ပါ . . . တဲ့ ။

ဒါအမိန့်ပေါ့လေ။ ခေါ်တော့လည်း သွားရမည်သာ။ မိန်းမသားတစ်ဦးနှင့် ပတ်သက်ပြီဆိုတိုင်း လွှမ်းမိုးမှုတစ်မျိုးမျိုးကိုတော့ ခံရသည်သာ။ ခေါ်ပုံကို ကြည့်ပါလား အခု . . .တဲ့ ။

"စိုးစံ . . . ဟေး . . .စိုးစံ"

တကြော်ကြော် ခေါ်သည် ။ အိမ်ထဲ အနှံ့ရှာသည် ။ မတွေ့။

"ခုပဲ ရှိသေးတယ်၊ ဒီကောင်ဟာလေ လစ်ခနဲဆို ပျောက်ပျောက်သွားတယ်"

မတွေ့ပါဘူးဟု သဘောထားကာ တစ်ယောက်တည်းပဲ လာခဲ့ရတော့သည် ။ မူလကတည်းက ခြံကူးဘေးတံခါး မလွယ်ပေါက် မရှိခဲ့သည်မို့ ခြံဝင်းဝထိထွက်။ လမ်းမကြောင်းမှ လျှောက်ပြီးမှ တစ်ဖက်ခြံသို့ ဝင်ရ၏။

"ခရီးက ဝေးသားပဲ"

ဤသို့တွေးပြီးမှ စကားမုံတစ်ခုကို သတိရသည် ။ လာချင်လျှင် အနီးလေး၊ မလာချင်လျှင် ခရီးဝေး . . .တဲ့ ။

"မာလာကာပင်ပေါ်တက်ပြီး အကိုင်းက ခိုဆင်းလိုက်ရင်တော့ နီးမယ်"

သက်မာနှင့်တွေ့ဖို့ ရန်အတွက် ခရီးရှည်လည်း ရှိသည် ။ ခရီး တိုလည်း ရှိသည် ဟု တွေးမိ ပြန်လေ၏။

*

ဖိတ်ခေါ်ပြီးကာမှ ရောက်လာမှာ စိုးမိပြန်၏။

ထမင်းစားပွဲပေါ်တွင် နေ့လယ်စာ လက်ဖက်ရည်နှင့် မုန့်မျိုးစုံ ပြင်ဆင်ထားသည် ။ ခြောက် ယောက်စားပွဲရှည်တွင် ထိပ်ဆုံးကုလားထိုင်ကိုဖယ်၍ ၎င်းနေရာမှာ နှောင်နှောင်၏ ဘီးတပ်လှည်းကို ထားကာ နှောင်နှောင် ထိုင်သည် ။ ဘေးတစ်ဖက်တစ်ချက် စီတွင် ပိုင်ဆုနှင့် သက်မာတို့ ထိုင်ဖို့ ပြင်ထား၏။ သက်မာ ထိုင်နှင့်နေပြီ။

နှောင်နှောင့်ဆန္ဒဖြင့် သက်မာ စီစဉ်ပေးရခြင်းပါ။

သက်မာရော နှောင်နှောင်ပါ ကွက်လပ်ဖြစ်ခဲ့ ကုလားထိုင်ကို ငေးနေကြသည် ။ သည်နေရာ တွင် မကြာမီ ကိုပိုင် ရောက်လာတော့မည်လေ။ သည် ပွဲက နှောင်နှောင့် အရှုံးပွဲ၊ အချစ်ကိုစွန့်လွှတ် သည့်ပွဲ။ သက်မာ အနေနှင့်ကတော့ နှလုံးသားကို စတေးရပေမယ့် မိုခိုရာရင်ခွင်တစ်ခုကို ရယူပိုင်ဆိုင်မည့်သူမို့ အရှုံးနှင့် အမြတ်တို့ ဘဲစားဘဲချေဟု ဆိုလျှင် ရနိုင်ကောင်းသည် ။

အရှုံးမရှိ အောင်ပွဲခံမည့်သူက ကိုပိုင်။

အိမ်ရှေ့မှ လူခေါ်ခေါင်းလောင်းသံလေး စီခနဲထအော်၏။ သက်မာ ကိုယ်လေး မတ်ခနဲဖြစ်သွား၏။ နောင်နောင့်ကို လှစ်ခနဲ ကြည့်သည်။ နောင်နောင်က ပိုင်ဆု ထိုင်ရမည့်ခုံကိုပဲ ငေးနေ သည်။

"သွားဖွင့်ပေးလိုက်ပါ မမ"

မော့မကြည့်ဘဲ ပြောသည်။ နောင်နောင်ရယ် . . . သက်မာနောင်နောင့်ကို မချိတင်ကဲ ကြည့်မိပြန်၏။ နောင်နောင့်ရင်ထဲ ဘယ်လိုနေမလဲ။ ဘာဖြစ်လို့ ဒီလက်ဖက်ရည်ပွဲကို လုပ်ရတာတဲ့ လဲ။

ဦးလေးကျော် အပါအဝင် အလုပ်သမားတွေအားလုံးကိုလည်း သည် အခမ်းအနားသို့ လုံးဝ မလာပါနှင့်ဟု မှာ ထားသည်။ ဦးလေးကျော်က နောင်နောင်ပြောလျှင် တစ်ခွန်းပါပဲ။

တံခါးဖွင့်ပေးမည်သူ မရှိသည့်မို့ သက်မာလေးကန်စွာ ထရပ်သည်။ တံခါးသွားဖွင့်ပေးရန် ဝန်လေးနေ၏။

"သွားလေ မမ"

သက်မာဘာမျှမပြောဘဲ ထွက်လာသည်။

"သက်မာ"

ပိုင်ဆု ပြုံး၍ နှုတ်ဆက်သည်။ မိမိဘဝအတွက် အဖော်ဖြစ်၊ မိမိသက်မှတ်ထားသည့် အရည်အသွေးမျိုးနှင့် ပြည့်စုံသော အမျိုးသမီးကို ပိုင်ဆု တကယ်သဘောကျလေ၏။

"ကိုပိုင် တစ်ယောက်တည်းလား"

"စိုးစံ ရှာလို့ မတွေ့လို့"

"နောင်နောင် စောင့်နေတယ်"

"ဘာအဓိပ္ပာယ်တဲ့ လဲ"

"မပြောတတ်ဘူး၊ သူ ဖြစ်ချင်တယ်ဆိုတာနဲ့ သက်မာလုပ်ပေးလိုက်တာပါ"

ပိုင်ဆု အူကြောင်ကြောင် ဖြစ်နေရ၏။ ဘာဖြစ်လို့ လာခဲ့မိမှန်း ကိုယ့်ကိုယ်ကိုယ်ပင် မသိ။ နှောင်နှောင့်ကို အားနာတာ လည်း ပါမည်ထင်သည်။ ငြင်းပစ်ဖို့ အားနာသလို၊ မျက်နှာချင်းဆိုင်ဖို့ ကျတော့လည်း အားနာမိပြန်၏။

"ကိုပိုင် . . . လာပါ၊ ကိုစိုး မပါဘူး မဟုတ်လား"

"အေးကွ၊ ရှာမတွေ့ဘူး၊ နေကောင်းလား နှောင်နှောင်"

"မဖျားဘူး၊ ခေါင်းမကိုက်ဘူး၊ တစ်နေရာရာက နာကျင်မနေဘူး ဆိုတာကို နေကောင်းတယ် လို့ သတ်မှတ်ရမယ်ဆိုရင် နေကောင်းတယ်လို့ ပဲ ပြောရမှာ ပေါ့ ကိုပိုင်၊ တကယ်တော့ ဘယ်မှာ နေလို့ ကောင်းမှာ လဲ"

နှောင်နှောင် မျက်နှာညှိုးနေ၏။ သက်မာ ညွှန်ပြသည့်ခုံမှာ ပိုင်ဆု ဝင်ထိုင်သည်။

"ကိုပိုင့်ကို ကွန်ဂရက်ကျူးလေးရှင်း လုပ်မလို့ ပါ"

"ဒီလောက်ကြီး မလိုပါဘူးကွာ"

"ပြောချင်တာတွေလည်း ရှိလို့"

"ဩော် . . .အေး"

သက်မာ မျက်နှာတွင် သောကတစ်ခု ဖြတ်ပြေး၏။

"စားပါ ကိုပိုင်၊ မမလက်ရာ မြီးရှည်၊ မြီးမှ လက်ဖက်ရည်သောက်တာပေါ့"

သက်မာက ပိုင်ဆုရော နှောင်နှောင်ပါ စားဖို့ ပြင်ပေးသည်။ ခုလိုကျတော့လည်း သက်မာ စားပုံ သောက်ပုံက သပ်ရပ်နေပြန်၏။ သူ့အိမ်မှာ ကျတော့ ဖွန်းကို ဟင်းပေလက်ဖြင့် ကိုင်သည့် အထဲ သူလည်း ပါသည်။

"ကွန်ဂရက်ကျူးလေးရှင်း ကိုပိုင်"

နောင်နောင် လှစ်ခနဲ ပြုံးပြသည် ။ ပြီး
တော့ ချက်ချင်းပဲ ပြန်ညှိုးလေ၏။

"ကျေးဇူး"

"ကိုပိုင့်ကို တစ်ခုပြောချင်တယ်"

"ပြောပါ၊ တို့ တွေဟာ ညီအစ်ကိုလို
နေခဲ့ကြတာပဲ"

"မေးချင်တာပါ"

"မေးလေ"

"မမကို ချစ်သလား ကိုပိုင်"

မျှော်လင့်မထားသည့် မေးခွန်းမို့ ပိုင်ဆု န
ည်းနည်းခွကျသွားရ၏။ စင်စစ် . . .
ဤမေးခွန်းကို သူကိုယ်တိုင်တောင် မဆန်းစစ်
မိသေးပါ။ အချစ်ကို ပိုင်ဆု သိပ်ပြီး ဦးစားမ
ပေးချင်၊ မည်သူကိုမျှ လည်း ရင်နှင့်အသည်းန
င့် မချစ်ဖူးခဲ့။ လက်ထပ်ဖို့ အတွက် သည် လော
က်ချစ်ကြဖို့ မလိုဟု လည်း ထင်သည် ။

ဥပမာ . . . ဖေဖေနှင့် မေမေကိုပဲကြည့်၊
လူကြီးတွေပေးစားခဲ့သည့်ဇနီးမောင်နှံ၊ တစ်
ယောက် နှင့်တစ်ယောက် အပြန်အလှန် ဖေးမ
သည် ။ အကြင်နာကို ပြသည် ။ သစ္စာရှိကြသ
ည် ။ ခုချိန်ထိ အိမ်ထောင်ရေးက ချောမွေ့နေ
၏။ ပြီးပြီပေါ့ . . . ဘာလိုသေးလဲ။

"မညာကြေးနော် ကိုပိုင်"

နောင်နောင် ထပ်ပြောသည် ။

"အင်း . . . ကိုယ်နည်းနည်းရှည်ရှည်လေး
ပြောမယ်ကွာ"

"ပြောပါ"

"ကိုယ့်ဖေဖေနဲ့ မေမေကိုကြည့်"

"အန်ကယ်ထိုက်နဲ့ အန်တီဆွေလေးလား"

"အေး . . . သမီးရည်စားဖြစ်ပြီး လက်ထပ်

ခဲ့ကြတာ မဟုတ်ဘူး ၊ လူကြီးမိဘတွေ ပေးစားလို့ ယူခဲ့ကြတယ်၊ ဒီလိုလက်မထပ်ခင်မှာ . . .

"နှစ်ယောက်လုံးမှာ နှလုံးသားဇာတ်လမ်းလေးတွေ ရှိခဲ့ကြတယ်၊ တော်တော်ခိုင်ခိုင်မြဲမြဲ ဇာတ်လမ်းတွေပဲ . . .

"ဒါပေမဲ့ ခုချိန်ထိ ဖေဖေနဲ့ မေမေတို့ ရဲ့ အိမ်ထောင်ရေးဟာ ပြေပြစ်ချောမွေ့တယ်၊ ဘာပြဿနာမှ မရှိဘူး၊ အောင်မြင်တယ်လို့ ခေါ်ရမယ် . . .

"တစ်ယောက်နဲ့ တစ်ယောက် ကြင်နာကြတယ်၊ မေမေ တစ်ခါက ပြောဖူးတယ်၊ သူချစ်သူနဲ့ လက်ထပ်ဖြစ်ရင်တောင် ခုဘဝလောက် ပျော်မယ် မထင်ဘူးတဲ့ . . .

"ဒီတော့ . . . ကိုယ်ထင်တယ် နှောင်နှောင်၊ ရည်းစားထားဖို့ သက်သက်တော့ ချစ်သူရှာချင်ရှာ၊ အိမ်ထောင်ရေးအတွက်မှာ တော့ လူကောင်းရရင် လုံလောက်ပြီလို့ "

"ချစ်သူက အဖော်မွန်ကောင်း အရည်အသွေး ပြည့်နေမယ်ဆိုရင်ကော ကိုပိုင်"

"အတိုင်းထက် အလွန်ပေါ့ နှောင်နှောင်"

"အရည်အချင်းမဲ့နေတဲ့ ချစ်သူဆိုရင်ကော"

"ဆောရီးပဲ"

"ကိုပိုင်က ဗီသုကာပီပီ၊ အချစ်ကို အိမ်ဆောက်သလို ဆောက်ချင်နေတာပဲ၊ အိမ်ကောင်းရင် တော်ပြီ"

ပိုင်ဆု ပြန်မဖြေပါ။ မြီးရှည်ကို လက်စသတ်ကာ ပန်းကန်ကို ဘေးသို့ဖယ်လိုက်၏။ သက်မာ က လက်ဖက်ရည်ပန်းကန်လာချ၍ ငွေပေးသည် ။

"ကျွန်တော် မမကို သိပ်ချစ်တယ်"

"နောင် . . . နောင် . . ."

သက်မာ အလန့်တကြား ထအော်သည် ။ ပိုင်ဆုက သိပြီးသားကိစ္စမို့ မျက်နှာမပျက်ပါ။

"ဒါပေမဲ့ ကျွန်တော် လက်မထပ်နိုင်ဘူး၊ အဲဒါသိပ်ချစ်လို့ ၊ ချစ်လွန်းအားကြီးလို့ ၊ ကျွန်တော့် အမြတ်နိုးဆုံး ရတနာတစ်ခုကို ကျွန်တော့်ရင်ထဲကထုတ်ပြီး ကိုပိုင့်ဆီ အပ်ရမှာ ၊ ကိုပိုင်ဟာ လူရိုးလူကောင်း လူတော်ဆိုတာ ကျွန်တော် အသိအမှတ်ပြုတယ်၊ မမကို ကိုပိုင်နဲ့ မှ ပဲ စိတ်ချပါတယ်၊ ကျွန်တော် တကယ်သဘောတူတာပါ"

သက်မာ ခေါင်းငုံ့ကျသွားလေ၏။ ဘယ်လိုမှ ထိန်းမရတော့သည် မို့ မျက်ရည်စတွေ စီးကျ သည် ။ မရှိုက်မိအောင် ကြိုးစားရင်း နောင်နောင့် အသံကို နားစွင့်နေမိ၏။ ပိုင်ဆုက မျက်နှာပူအား နာ၊ မျက်နှာကို ဘယ်လိုထားရမှန်းမသိဘဲ ရှေ့သို့ငေးနေသည် ။ နောင်နောင်က မြီးရှည်ပန်းကန်ကို ဘယ်ညာလှည့်နေ၏။

နောင်နောင့်ရင်ထဲ ဘယ်လိုနေရှာမလဲ။ သက်မာ ရင်ထဲဘယ်လိုနေရှာမလဲ။ ချစ်သူနှစ်ဦး၏ ကွယ်တာမှုကို ပိုင်ဆု ဖြတ်တောက်ခုတ်ပိုင်းဖို့ ဝန်လေးသွားရလေတော့သည် ။ ကိုယ်တိုင်က မချစ်ဖူး ပေမယ့် ရင်ထဲမှာ စာနာနေမိ၏။

"ဒီလိုရှိတယ် နောင်နောင်၊ သက်မာကို ကိုယ်တကယ်သဘောကျတာပါ၊ ဒါပေမဲ့ မင်းတို့ချင်း အဆင်ပြေမယ်ဆိုရင်၊ ကိုယ် နောက်ဆုတ်နိုင်ပါတယ်"

နောင်နောင် ခေါင်းခါသည် ။

"ကိုယ့်ခြေထောက်ပေါ်မှ ကိုယ်မရပ်နိုင်တဲ့ အကောင်တစ်ကောင်ဟာ"

"နောင်နောင်ရယ် . . . တော်ပါတော့ မမ မကြားပါရစေနဲ့ တော့"

သက်မာ . . . သူ့ရှေ့မှာ ရှိသမျှ ပန်းကန်တွေကို တွန်းပစ်သည် ။ စားပွဲပေါ်သို့ မျက်နှာကို မှောက်ချကာ၊ အောင့်အည်းထားရသမျှ သွန်ချလိုက်တော့သည် ။ သက်မာ သည်းသည်းခိုက်ခိုက် ငိုရှာ၏။

"ကျွန်တော် စွန့်လွှတ်ရကျိုးနပ်ပါရစေ ကိုပိုင်၊ ကိုပိုင်နဲ့ ကျွန်တော်ဟာ ညီအစ်ကိုလို နေခဲ့ကြပါ တယ်၊ ကိုပိုင့်အကြောင်းကို ကျွန်တော် ကောင်းကောင်း သိပါတယ်၊ ကျွန်တော် သိပ်ချစ်တဲ့ မမကို ထိုက်ထိုက်တန်တန် ရင်ခွင်ထဲကို ကျွန်တော်ကြည်ကြည်ဖြူဖြူ လှူတာပါ ကိုပိုင်။"

ပိုင်ဆု . . . နောင်နောင့်ကို လှစ်ခနဲကြည့်သည် ။ ရင်ထဲ နင့်ခနဲ ဖြစ်သွားရပါ၏။ မျက်ရည်တွေ ဝဲလို့ ပါလား နောင်နောင်ရယ်။

"နောင်တစ်ချိန်မှာ ဘယ်လိုစိတ်ဆိုး စိတ်ဖျက်စရာအကြောင်းနဲ့ ပဲ ကြဲကြဲ မမကို ခွင့်လွှတ် ပေးပါ။ မမဘဝလေး တည်တံ့ခိုင်မြဲနေအောင်ကိုပိုင် သဘောထားကြီးပေးပါ"

ပိုင်ဆု ဘာပြန်ပြောရမှန်းမသိတိုင်း နောင်နောင့်ကိုပဲ စူးစူးဝေးဝေး ကြည့်မိ၏။ ညီလေးတစ် ယောက်လို သံယောဇဉ်ရှိခဲ့သူ၊ ယွန်းယွန်းနှင့် ကစားဖက်ကောင်လေး၊ ခြေနှစ်ချောင်းမသန်ရှာတဲ့ ဒုက္ခိတ။ ဖြစ်မှ ဖြစ်ရလေ နောင်နောင်ရယ်။

သက်မာထံ အကြည့်တစ်ချက် ရောက်ပြန်၏။

ငိုနေလိုက်တာ ရင်ကွဲမတတ်ပါလား သက်မာ၊ ဒီလောက် စိတ်ထိခိုက်နေတာဟာ၊ မင်း နောင် နောင့်ကို သိပ်ချစ်နေလို့ ပဲပေါ့၊

မင်းဘာဖြစ်လို့ ကိုယ့်ကို လက်ခံသလဲကွယ်။

"ကိုယ်ကတိပေးပါတယ် နောင်နောင်၊ ဒါပေမဲ့ သက်မာကို တစ်ခုပြောချင်တယ်၊ သက်မာ စကားကို ပြင်ချင်ပြင်ပါ၊ ကိုယ်စိတ်မဆိုးပါဘူး၊ ကိုယ်မင်းတို့ နှစ်ယောက်ကို မကြည့်ရက်ဘူး"

နောင်နောင့် မျက်နှာလေး လှစ်ခနဲ ကြည်သွားသည် ။ မျက်ရည်စတို့ နှင့် ပြည့်လျှံနေသည့် မျက်ဝန်းဖြင့် သက်မာထံ တမ်းတမ်းမွတ်မွတ် ကြည့်သည် ။ မျှော်လင့်ချက်ကလေး တလူလူနှင့် အားငယ်နေရှာသည့် ဒုက္ခိတကလေး။ သက်မာထံမှ အဖြေမရပါ။

ပထမဆုံးအကြိမ်အဖြစ် သက်မာကို ပိုင်ဆုနားမလည်နိုင်အောင် ဖြစ်သွားရလေ၏။ သက်မာကို အမြဲနားလည်ခဲ့သည် ။ သက်မာ လုပ်ရပ်ဆိုလျှင် တိခနဲပြတ်တာတွေကို အထင်ကြီးခဲ့သည် ။ ခံယူချက်တွေကို လေးစားခဲ့သည် ။ သက်မာ နေရာက ဝင်ကြည့်ပေးမိ၏။ သက်မာ နေရာတွင် မိမိသာဆိုလျှင် ဘာလုပ်မလဲ။

သက်မာ . . . နောင်နောင့်ကို မရွေးတာ မှန်သည် ဟု အမြဲယုံထားခဲ့ပေမယ့် သက်မာ၏ ရက်စက်ပြတ်တောက်မှုကို ပထမဆုံး အကြိမ်အဖြစ် ဝေဖန်ချင်လာသည် ။

နောင်နောင် ခေါင်းပြန်ငုံ့သွားသည် ။ မျှော်လင့်ချက်မရှိတော့ပြီကို နားလည်ဟန်ဖြင့် ခေါင်း ကငိုက်စိုက်ကြီးကို ကျသွားရတော့သည် ။ မဖြစ်နိုင်မှန်း သိပေမယ့် မျှော်လင့်ခဲ့မိ၏။ မမအကြောင်းနာ တွေကို အားကိုးကာ မဝံ့မရဲ မျှော်ကိုးလိုက်မိပေမယ့် မိမိဘက်မှ အနုတ်လက္ခဏာတွေသည် မမအကြောင်းနာကို ချေဖျက်နိုင်စွမ်းသည် အထိ အင်အားကြီးမားသွားပါပြီ။

"ဒါတွေကြောင့် မမကို ချစ်တယ်လို့ မပြော

ခဲ့တာ၊ ငြင်းမယ်ဆိုတာ ကြိုသိလို့ ၊ အငြင်းခံရမှာ ကြောက်လွန်းလို့ ၊ မပြောခဲ့တာပါ မမရယ်၊ ခု ဖွင့်ပြောရတာက နောင်တစ်ချိန်မှာ ကိုပိုင့်အပေါ် မမ သဘောထားတွေကို ဖော်ထုတ်တဲ့ အခါမှာ ကိုပိုင် စိတ်ပျက်သွားမှာ စိုးလွန်းလို့ . . .

"အဲဒီအခါမှာ မမ ဒုက္ခရောက်မှာ စိုးလွန်းလို့ ၊ ကျွန်တော် ဘယ်ပုံစံနဲ့ ကိုပိုင့်ရင်ခွင်ထဲ ထည့် ပေးလိုက်ရတယ်ဆိုတာ ကိုပိုင်ကြိုသိထားဖို့ ပြောမိတယ်၊ ကျွန်တော် မမအတွက်ပဲ ကြည့်ပါတယ်၊ မမအတွက်ပဲ စဉ်းစားပါတယ် မမရယ်၊ ဖြေသာလို့ ၊ ဖြေတတ်လို့ ၊ ဖြေနိုင်လို့ သက်သက်သာသာ စွန့်လွှတ်လိုက်တယ်လို့ များ မထင်လိုက်ပါနဲ့"

နောင်နောင့်ရင်ထဲမှာ
စကားတွေအများကြီး ပြောသည် ။ အသံထွက်မလာပါ၊ မမ ကြားမှာ စိုး သည် ။ မမ သောကကို ထုထည်ပိုကြီးမလာစေချင်ပါ။ မမ့်ကို ချစ်လိုက်တာမှ အချစ်နိုင်ဆုံး၊ အချစ်တတ်ဆုံး လူသားတိုင်းထက် ပိုချစ်တဲ့ ကောင်ပါဗျာ။

စိတ်ကို ခုန်းခုန်းချ လိုက်လေတော့၏။

"အန်ကယ်ထိုက် သဘောတူပါ့မလား"

ပုံမှန်အသံကိုရအောင် ထိန်း၍ ပြောလိုက်၏။

ကာယကံရှင် နောင်နောင် မပြောနှင့် ရယူပိုင်ဆိုင်မည့် ပိုင်ဆုတောင် နောင်နောင့် မချိတင်ကဲ ဝေဒနာကြောင့် ရင်ထဲမှာ လှိုက်လှဲလာရတော့သည် ။

"မညာကြေး . . . လို့ နောင်နောင်ပြောထားလို့ ကိုယ်အမှန်အတိုင်းပြောမယ်၊ ဖေဖေ စိတ်ဆိုး မှာ ပဲ၊ ဒါလည်း သက်မာကိုမကျေနပ်လို့ ၊ ကျေနပ်လို့ဆိုတဲ့ ပြဿနာ မဟုတ်ဘူး"

"ကျွန်တော် သိပါတယ်၊ ယွန်းယွန်း ပြသနာမဟုတ်လား"

"ဟုတ်တယ်၊ ဖေဖေက ကိုယ့်ကို ယွန်းယွန်းနဲ့ နားချဖူးတယ်၊ မင်းဘယ်လိုလုပ်သိလဲ"

နောင်နောင် မချိတရိနှင့် မဲ့ပြုံးလေး ပြုံးသည်။

"ထားပါတော့"

နောင်နောင် မဖြေပါ။ မေးခွန်းတစ်ခုကိုပဲ ထပ်မေးသည်။

"ကိုပိုင် ဘယ်လိုလုပ်မှာ လဲ"

"အိမ်ပေါ်က နှင်ချလည်း ဆင်းသွားဖို့ ထိ စိတ်ကူးပြီးပြီ"

"ဖြစ်ပါ့မလား"

"အိမ်ထောင်တစ်ခု ရပ်တည်နိုင်ဖို့ ကိုယ်ရှာလောက်တဲ့ ငွေကို ရှာနိုင်ပြီပဲနောင်နောင်၊ ကား တော့ စီးချင်မှ စီးရမယ်ပေါ့၊ တိုက်နဲ့ လည်း နေချင်မှ နေရမယ်ပေါ့"

"ဟုတ်ပါ့မလား ကိုပိုင်"

"ဘာကို ပြောချင်တာလဲ"

"ကိုပိုင့်နားမည်နဲ့ လွဲပြီးသော ခြံတွေ တိုက်တွေ၊ ဘဏ်အပ်ငွေသား . . ."

"နောင်နောင်"

ပိုင်ဆု လွှတ်ခနဲ ခေါ်လိုက်၏။ အံ့အားသင့်သွားသည် မှ ကိုယ့်ကိုတောင် ဆတ်ခနဲ မတ်လိုက် မိသည် ။ သက်မာတောင်အငိုတိတ်သွား၏ ။ ပိုင်ဆုရော သက်မာပါ နောင်နောင့်ကို ဝိုင်းကြည့်ကြ၏။

"မမနဲ့ ပတ်သက်လာတော့ ကျွန်တော် စပ်စုလိုက်မိတယ်၊ ဆောရီး ကိုပိုင်၊ အဲဒီပြသနာ

ဝေ့ ကြောင့် အန်ကယ်ထိုက်က မရမက လိုက်ခဲ့မှာ စိုးလို့ ပါ"

"မင်းဘယ်လိုသိသလဲ နောင်နောင်'

"ကိုစိုးသိတယ်"

"ကိုစိုးကရော ဘယ်လို သိနိုင်မလဲ"

"မွေးစားသားတွေဆိုတော့ ပေးသလောက်သာ ရမှာ ဆိုတော့သူ နည်းနည်းပါးပါး စိတ်ဝင်စား မှာ ပေါ့ ကိုပိုင်၊ စုံစမ်းရတာဘာခက်တာမှတ်လို့"

"မင်းကို ဘာဖြစ်လို့ လာပြောရမှာ လဲ"

"မမနဲ့ လက်ထပ်ဖြစ်စေချင်လို့ ၊ မမ ကောင်းစားမယ်ဆိုတာ သိစေချင်လို့ . . .'တဲ့ "

"သူက ဘာဖြစ်လို့ အဲဒီလောက် စေတနာပိုရတာလဲ'

"တယ်ရိုးပါလား ကိုပိုင်၊ ယွန်းယွန်းကို မျှော်လင့်လို့ နေမှာ ပေါ့"

"လူယုတ်မာ"

ပိုင်ဆု ဝုန်းခနဲ ထရပ်သည်။

"ပြန်ထိုင်ပါဦး ကိုပိုင်၊ နည်းနည်းစိတ်ရှည်ရှည်ထားပါ၊ ကျွန်တော်ကတော့ ဘယ်သူ့ကိုမှ ဘာမျှော်လင့်ချက်မှ မထားပါဘူး၊ မမအတွက် စေတနာပါ၊ မမကို ကိုပိုင့်ဆီမှာ ငြိမ်းငြိမ်းချမ်းချမ်း အပ်ချင်တာပါ"

ပိုင်ဆု ပြန်ထိုင်သည် ။ နောင်နောင် ဆိုသည့် အသက်နှစ်ဆယ်သာသာ ရှိသေးသည့် ချာတိတ် ကို တကယ်လေးစားသွားမိရတော့သည် ။ အရွယ်နှင့်မလိုက်အောင် စိတ်သဘောထားပြည့်တဲ့ ကောင်လေးပဲ။

"ဒီကိစ္စအတွက် ဝုန်းဝုန်းဒိုင်းဒိုင်း မပေါက်ကွဲပါနဲ့ ကိုပိုင်၊ ညီအစ်ကိုချင်း စိတ်ဝမ်းကွဲမှာလည်း စိုးတယ်"

ညီရင်းလို ချစ်ခဲ့ရသည့် ကိုစိုးကို ပိုင်ဆု လုံးဝစိတ်ပျက်သွားရတော့သည် ။ နောင်နောင်နှင့် ယှဉ်တော့ ကိုစိုးက လူယုတ်မာ။

"ကိုပိုင်ကလွဲရင် ကိုစိုးက ဒီနှစ်ပြီးရင် ဘွဲ့ရမယ်သူပဲ၊ ကိုဆက်ကိုတော့ စိတ်ပူပုံမရဘူး"

"အလကားကောင်။ သူနဲ့ ယွန်းယွန်းနဲ့ တန်သလား"

"ကိုပိုင်ကမှ မလိုချင်တာ"

"သူ့ဘာဖြစ်လို့ ညီမလေးအရင်းလို သဘောမထားနိုင်ရတာတဲ့ လဲ"

"သွေးမှ မစပ်ဘဲ"

"သူ . . . ယွန်းယွန်းကို ချစ်နေတယ်ဆိုတာ ကိုမှ လက်ခံနိုင်သေးတယ်၊ အမွေမရမှာ စိုးလို့ ရချင်တာကျတော့ ယောက်ျားတစ်ယောက်လို့ ခေါ်နိုင်ဦးမှာ လား၊ အဲဒီအောက်တန်းကျတဲ့ စိတ် ကြောင့် မတန်ဘူးလို့ ပြောတာ၊ ယွန်းယွန်း ကဆိုးပေမယ့် ကလေးလိုဆိုးတာ၊ ပုပ်ပုပ်ကျစ်ကျစ် မရှိဘူး"

စိုးစံကို ဒေါသထွက်မှ ယွန်းယွန်း ကောင်းကွက်လေးတွေကို မြင်မိ၏။

"ခွေးလိုမိုက်ရိုင်းတဲ့ ကောင်"

"ကိုပိုင် ဘာဖြစ်လို့ ဒီလောက် စိတ်တိုနေရတာလဲ"

"လုပ်ပုံကမှ မဟုတ်တာ၊ သားရေပေါ်အိပ် သားရေနားစား"

"ကျွန်တော်ပြောပါတယ်၊ သားရေပေါ်အိပ် သားရေနားစားလို့ အပြောခံရလိမ့်မယ်ဆိုတော့ သူက သားရေပေါ်ပဲ အိပ်ခွင့်ရတော့ သားရေနားပဲ စားရမှာ ပေါ့တဲ့ ၊ ကိုပိုင့်လို ကော်ဇော်ပေါ်မှ အိပ်ခွင့်မရတာတဲ့ "

"အဲဒါကရော ဘာအဓိပ္ပာယ်တဲ့ လဲ"

"မွေးစားပါတယ်ဆိုတဲ့ သားသုံးယောက်မှာ ၊ ကိုပိုင် တစ်ယောက်တည်း သားအရင်းဆိုတာ သူသိတယ်၊ ယွန်းယွန်းဟာ အန်ကယ်ထိုက် သမီးရင်း မဟုတ်ဘူး ဆိုတာလည်း သူသိတယ်၊ ယွန်းယွန်းက အန်တီဆွေလေး သမီးပဲ"

"ကိုယ့်မိသားစုထဲမှာ တောင် ဘယ်တော့မှ မဆွေးနွေးတဲ့ ကိစ္စကို ဒီကောင် လူတကာ လျှောက်ပြောနေရသလား၊ ခွေးထက်မိုက်တဲ့ ဥစ္စာရှုး၊ ဒီလိုကောင်မျိုးနဲ့ ယွန်းယွန်းကို တစ်သက်လုံး မရစေရဘူး"

ပိုင်ဆု ဒေါသတွေ မိုးမွှန်နေသည် ။ စားပွဲကို လက်ဝါးနှင့် တဖြန်းဖြန်းရိုက်ရင်း၊ စိတ်ဆိုးမာန်ဆိုး ပြောသည် ။ သက်မာက နှောင်နှောင် ဘာတွေလျှောက်ပြောနေတာလဲဟူ၍ နားမလည်နိုင်စွာ ငေးနေ၏။

"လက်ဖက်ရည် သောက်ပါဦး ကိုပိုင်"

အေးစက်နေပြီဖြစ်သည့် လက်ဖက်ရည်ကို ပိုင်ဆု တစ်ကျိုက်တည်းနှင့် မော့ချသည် ။

"မုန့်လည်း စားပါဦး"

"တော်ပြီ နှောင်နှောင်၊ ကိုယ်ဝပြီ"

"ကိုပိုင်တို့ မိသားစု ပြဿနာကို အေးအေးဆေးဆေး ရှင်းပါ၊ ကျွန်တော် မိသားစုထဲ ဝင်ကာန်း တိုက်သလို ဖြစ်မှာ စိုးတယ်"

"မင်းမှာ အပြစ်မရှိပါဘူး"

"ကျွန်တော် ဘာဖြစ်လို့ ဒါတွေ လျှောက်ပြောနေရသလဲ ဆိုတာကိုပိုင်ရော မမပါ သိချင်မှာ ပဲ ၊ ကျွန်တော် ထပ်ပြောပါရစေ၊ ကိုပိုင်နဲ့ မမကို တကယ်ကြည်ဖြူတာပါ၊ မမကို အိမ်ထောင် ရေးကံ ကောင်းဖို့ တကယ်စေတနာရှိတာပါ၊ ဒီတော့ အန်ကယ်ထိုက် မရမက

လိုက်ခဲ့လို့ ကွဲရရင်လည်း မမဘဝ နစ်မွန်းမှာစိုးတယ်၊ လက်ထပ်ပြီးမှ ကိုပိုင် မမကို စိတ်ပျက်ပြီး တစ်ခုခုဆိုရင်လည်း မမဒုက္ခ ရောက်မှာစိုးတယ်"

"မမက ကြွေးသိမ်းပစ္စည်းလို့ ကြေညာတဲ့အခါမှာ ကိုပိုင် ယောကျ်ားမာနနဲ့ မမကို စွန့်ပစ် လိုက်မှာ စိုးလို့ ပါ" ဆိုသည့်စကားကိုတော့ ငဲ့ညှာစွာ ချန်ထားလိုက်တော့သည်။

"ဖေဖေ လိုက်ခဲ့မှာ စိုးတယ် ဆိုတာကထားပါတော့ နောင်နောင်၊ လက်ထပ်ပြီးမှ ကိုယ်က သက်မာကို ဘာကိုစိတ်ပျက်ရမှာ တဲ့ လဲ"

"ခုပဲ ကိုစိုးကို ကိုပိုင် စိတ်အရမ်းဆိုးသွားပြီ၊ အဲဒီလို မမမဟုတ်တာ တစ်ခုခုကို လုပ်ပြီဆိုတာ သိလိုက်ရင် ကိုပိုင် စိတ်ဆိုးမှာ ပဲ၊ ကိုပိုင်လို လူရိုးလူဖြောင့်တစ်ယောက်ဟာ၊ မရိုးမသားကိစ္စတစ်ခုကို သာ သိရင် ဘယ်လိုမှ ခွင့်လွှတ်မှာ မဟုတ်ဘူး" ဟု ပြောလိုက်ချင်သည်။ သို့ပေမဲ့ ပြော၍ မဖြစ်ပါ။ အဲသည့်အခါမှာ ကိုပိုင် ခွင့်မလွှတ်နိုင်ဘဲ အိမ်ထောင်ရေး အဆင်မပြေဖြစ်လျှင် မမ တစ်ခုလပ်ဘဝ လေးနှင့် ဒုက္ခရောက်မှာ စိုးသည်။

နောင်နောင် . . . သက်မာထံ အကြည့်တစ်ချက်ရောက်သည်။ ဘာကြောင့်မှန်းမသိ၊ သက်မာ မျက်လွှာချသွား၏။

"မမ ချောက်ထဲ ခုန်ဆင်းတော့မယ် ဆိုရင် တောင်သိပ်ချစ်တဲ့ မမကို မတားရက်ဘဲ၊ ချောက်ကို သာ ရှေ့ပစ်ချင်တဲ့ စေတနာပါ မမရယ်၊ ရှေ့လို့ မရရင်လည်း အဲဒီချောက်ကြီးကို ညီညာတဲ့ မြေပြင်ဖြစ်တဲ့ အထိ ဖို့ ပေးချင်တဲ့ စေတနာပါ မမရယ်"

စားပွဲပေါ်တင်ထားသည့် မမ လက်ချောင်း

လေးတွေကို ကြည့်ကာ ရင်ထဲမှာ ပဲ ကျိတ်ပြောဖြစ် လိုက်တော့သည် ။ သည် စကားတွေကို အချစ်ခွန်အားဖြင့်တွန်းကာ မမ နားထဲသို့ သွင်းချင်၏။ မမ နားလည်စေချင်သည် ။ သက်မာထံမှ သက်ပြင်းချသံငွေ့ငွေ့လေးကို နောင်နောင် ဆဋ္ဌအာရုံဖြင့် ကြား၏။ အပြစ်ရှိစွာ ခံစားနေရသလို အရောင်ဖျော့နေမည့် မမမျက်ဝန်းများကို မမမျက်နှာငုံ့ထား သည် မို့ မမြင်ရပေမယ့် တတိယမျက်လုံးဖြင့် တွေ့၏။

တကယ်တော့ မမနှင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးချင်းမိ၏။ မမရုက်ရှာမည်။

မမသိက္ခာကို စော်ကားရာရောက်မည်။

လူတစ်ယောက်ကို ကြွေးနှင့် သိမ်းဖို့ ကြိုးစားနေသည့် မမ၊ အသိမ်းခံပစ္စည်းက နစ်နာမလား၊ သိမ်းသည့်လူက အဝပျက်မလား၊ မစဉ်းစားတော့သည့်မမ ၊ သူ့ထံမှ လျော်ကြေးကိုရယူဖို့ အတွက် ကိုယ့်ဘဝကြီးတစ်ခုလုံးနှင့် ရင်းလိုက်ရမည်ဆိုတာကို မမ မေ့နေလေရော့သလား။

ကိုပိုင်လိုလူကို လျှော့မတွက်ပါလေနှင့် မမ၊ ကိုပိုင်ဟာ လူကောင်းပါ။ လူကောင်းတွေဟာ မကောင်းတဲ့ လုပ်ရပ်ဆို ဘယ်တော့မှ ခွင့်မလွှတ်တတ်ပါဘူး။ ဒါတွေ မမ သိအောင်ဘယ်လိုပြောရ မလဲ။ ဒီတော့လည်း သွယ်ဝိုက်တဲ့ နည်းတွေနဲ့ ပဲ . . .

ချောက်ကိုတော့ ရှေ့လို့ ရမယ် မထင်ဘူး မရယ်၊ မြေညီအောင် ညှိပေးဖို့ ပဲ နောင်နောင် ကြိုးစားနေတာပါ။

"ပြောပါဦး နောင်နောင်၊ ကိုယ်က သက်မာကို ဘာကြောင့်စိတ်ပျက်ရမှာ တဲ့ လဲ"

"စိတ်မဆိုးပါနဲ့ ကိုပိုင်၊ ကျွန်တော်ပြောပါရစေ၊ ယွန်းယွန်းကို မရွေးမိတဲ့ အတွက် ကိုပိုင်

နောင်တရမှာ စိုးလို့ ပါ"

"ခုရွေးချင်ရင် ရသားနဲ့ မရွေးမှ တော့ နောင်တစ်ချိန်မှာ နောင်တရဖို့ ရှိသေးလား"

"ကျွန်တော် အစိုးရိမ်လွန်တာပါ၊ ယွန်းယွန်းကို ကိုပိုင် ချစ်ရဲ့ သားနဲ့ ချစ်ဖို့ မေ့နေတာမျိုး ဖြစ်မှာ စိုးတာပါ၊ မမနဲ့ လက်ထပ်ပြီးမှ ယွန်းယွန်း သံယောဇဉ်ကြိုး . . ."

"တော်တော့ နောင်နောင်၊ ကိုယ်ယောက်ျား ၊ ဗလောင်းဗလဲ မလုပ်တတ်ဘူး၊ ပြောင်းချင်ရင် ခုချိန်မှာ ပြောင်းဖို့ ပဲ၊ ခုချိန်မှာ မပြောင်းဘဲနဲ့ မိန်းမသားတစ်ယောက်ကို ပိုင်ပြီးမှ ပြောင်းရင် ကိုယ်လူ မဟုတ်တော့ဘူး"

"ကျွန်တော် တောင်းပန်ပါတယ်၊ အဲဒီအခါကျမှ စိတ်ကပြောင်းပြီး လူကမပြောင်းဘဲ နေရင်လည်း အိမ်ထောင်ရေးမသာယာမှာ စိုးပါတယ်၊ ကျွန်တော် အစိုးရိမ်လွန်တာပါလို့လည်း ပြောခဲ့ပါပြီ"

စိုးရိမ်တာကလည်း အမှန်၊ ကိုပိုင်စိတ်ပြောင်းသွားလျှင် ဘယ်လိုလုပ်မလဲ။ ပြောင်းချင်းပြောင်းပြီးလျှင် ခုလို မလွန်မီကပြောင်းနှင့်စေချင်သည်။

လွန်ပြီးမှ ပြောင်းလျှင် မမနစ်နာမည်လေ။

"ချီးကျူးပါတယ် နောင်နောင်၊ မင်း သက်မာအပေါ်ထားတဲ့ စေတနာတွေအတွက် ကိုယ်မင်းစိတ်ဓာတ်ကို လေးစားပါတယ်"

"မင်းကိုလည်း သက်မာက ချစ်နေတာပါ" ဆိုသည့် စကားကတော့ ပြောရန်မလိုပါ။ သူတို့ နှစ်ယောက် ဖွင့်မပြောကြပါဘဲ၊ နှလုံးသားချင်း နားလည်နေကြသည် လေ။ သို့ပေမဲ့ သက်မာက နှလုံးသားကို ဦးနှောက်ဩဇာခံအဖြစ် ဖန်တီးသည် ။ နောင်နောင်က အချစ်အတွ

က် အချစ်ကိုစွန့်လှူ သည် ။ သက်မာနှင့်စာလျှ င် နောင်နောင်ကတောင် အများကြီး ပိုလို့ လေးစားချီးကျူးဖို့ ကောင်း နေရပါပြီ။

"ကိုယ် ပြန်တော့မယ် နောင်နောင်"

ပိုင်ဆု ဒီတစ်ခါ ထရပ်တော့ နောင်နောင် မ တားပါ။ သူ့ခမျာကတော့ ထမရပ်နိုင်ပါ။ သက် မာ ကသာ ထရပ်သည် ။

"သက်မာ"

သက်မာ ပိုင်ဆုကို မော့ကြည့်၏။

"ကိုယ်ဟာ လူကောင်းဖြစ်ဖို့ အမြဲကြိုးစား ခဲ့တယ်၊ ဘယ်တော့မှ လူကြမ်းမဖြစ်ချင်ဘူး၊ သက်မာ စကားကို ပြင်မယ်ဆိုရင်ကိုယ်ခွင့်လွှ တ်ပါတယ်"

သည် စကားကို ဒုတိယအကြိမ် ထပ်ပြော ဖြစ်၏။

"ကိုပိုင့် တောင်းဆိုချက်ကို ကိုပိုင် ပြန်ရုပ် သိမ်းမယ်ဆိုရင်လည်း သက်မာ ခွင့်လွှတ်ပါတ ယ်"

"ကိုယ့်ဘက်ကတော့ ရုပ်သိမ်းလောက် အောင် ခိုင်လုံတဲ့ ပြဿနာ မရှိပါဘူး၊ ဒါပေမဲ့ သက်မာ ပြန်စဉ်းစားချင် စဉ်းစားပါဦး၊ ကိုယ် သက်မာရော နောင်နောင့်ကိုပါ သနားလို့ ပါ"

ဒီလောက်ပြော ဖြစ်၏။ ဒီလောက်ဆို ရှင်းပါပြီ။ ဒီ့ထက်ပိုရှင်းရလျှင်လည်း ရှုပ်ကုန် တော့မည်။

"ပြန်မယ်"

နှစ်ယောက်စလုံးကိုရော၍ နှုတ်ဆက်ကာ ပိုင်ဆု ထွက်လာခဲ့လေ၏။ သက်မာ မတ်တတ် ရပ် ဆဲ ကျန်ရစ်သည် ။

"မမက်စ္စတွေထဲ ဝင်ရှုပ်လို့ ကျွန်တော့်ကို စိ တ်ဆိုးလား မမ"

သက်မှာ နောင်နောင့်ကို ကြည့်သည် ။ ပြီးတော့ ပြုံးပြ၏။ ခေါင်းခါသည် ။ တကယ်လည်း စိတ်မဆိုးပါ။ နောင်နောင် ဘာပဲလုပ်ချင်လုပ်ချင်၊ ဘာပဲပြောချင်ပြောချင်၊ လုပ်ဖြစ်ဖို့ ပြောဖြစ်ဖို့ ကူညီချင်သည့် စေတနာပဲ ဖြစ်ထွန်းသည် ။

"မမကို ကျွန်တော် ချစ်တယ်" ဆိုသည့် စကားလေးကိုတော့ သက်မှာ နားထဲမှာ တစ်သက် လုံး သိမ်းထားလိုက်ပါတော့မည်။ နှလုံးသားဆီ သယ်ဆောင်မပို့တဲ့ အတွက် ခွင့်လွှတ်တော့ နောင် နောင်ရယ်။

*

အဖြူရောင်မေတ္တာ

"စိုးစံ ဘယ်သွားလဲ မေမေ"

ခါတိုင်းဆို "ကိုစိုး" ခေါ်နေကျ။ ဖေဖေနှင့် မေမေတို့ ကိုယ်တိုင်လည်း သည် လိုပဲ ခေါ်ခဲ့သည် ။ မွေးစားသားတွေ ဆိုပေမယ့် "ဖေဖေ , မေမေ" ပဲ ခေါ်ဖို့ လည်း သင်ခဲ့၏။

"သူ့ သူငယ်ချင်းတစ်ယောက်အိမ်သွားတယ်"

"ကျောင်းမတက်ဘူးတဲ့ လား"

"အဲဒီကနေ တက်မယ်တဲ့ ၊ တစ်ပတ်လောက်နေမယ်ပြောတယ်"

"တစ်ပတ် ဘာသွားလုပ်မှာ လဲ"

"သူ့သူငယ်ချင်းရဲ့ အိမ်သားတွေက နယ်ကို ကိစ္စနဲ့ သွားကြတယ်တဲ့ ၊ အဲဒါ တစ်ယောက်တည်းဖြစ်နေလို့ စာလည်း တူတူကျက်ရင်း အဖော်အဖြစ်လည်း နေပေးရအောင်လို့ ပြောတာပဲ"

"ဘယ်သူငယ်ချင်းလဲ မေမေ"

"ပြောတော့ ပြောသား၊ မမှတ်မိလိုက်ဘူး ကွယ့်၊ ကိုစိုးက ဒီလိုပဲ သူငယ်ချင်းတွေအိမ် သွား သွားအိပ်နေကျ၊ ဟိုကလည်း လာအိပ်လိုက်၊ သူက သွားလိုက်ဆိုတော့ မေမေလည်း မှတ်မှတ်ရရ မမေးမိဘူး၊ ဘာလုပ်မလို့ လဲ"

"မလုပ်ပါဘူး၊ တောတောကတွေ့ပြီး ခုမတွေ့လို့ ပါ"

မေမေ့ကို သည် လောက်ပဲ ပြောဖြစ်သည် ။ စာကြည့်ခန်းထဲသို့ ဝင်ခဲ့၏။ အလုပ်စားပွဲမှာ ထိုင်သည် ။ အိမ်ပုံစံကို ဘယ်လိုလုပ်အဲ့လို့ ရတော့မလဲ။

စိတ်ကမှ မပါတာ၊ ငုတ်တုတ်ထိုင်ရင်း စိတ်ဆိုးနေတော့သည် ။

"ဖေဖေ့ကို ပြောပြရ ကောင်းမလား"

မိမိစကားကြောင့် ဖေဖေ စိတ်ဆိုးပြီး နှင်ချမှာ ကျတော့ စိုးရိမ်သည် ။ ကျောင်းပြီးဖို့ ကသည် တစ်နှစ်ပဲ လိုတော့သည် ။ ဖေဖေက ကိုဆက်နှင့် ကိုစိုးကိုဆိုလျှင် သိပ်ဆူပူလေ့မရှိသည် မို့ နှင်ချချင်မှ လည်း ချမည်။ ဒါဖြင့် ပြောပြလိုက်ရမလား။

မဝေခွဲနိုင်ပါ။ ဝေခွဲနိုင်တာ တစ်ခုတော့ရှိသည် ။ ယွန်းယွန်းကို စိုးစံလိုကောင်နှင့် မည်သို့မျှ သဘောမတူနိုင်ပါ။ ဒီကောင်အလွန်အောက်တန်းကျ၏။ ကျောင်းကို သွားရှာလျှင် တွေ့မလားဟု တွေးမိပြန်၏။ တွေ့ပါပြီတဲ့ ဘာလုပ်မ

လဲ။ ဘာပြောရမလဲ။ လူလယ်ကောင် ဆွဲထိုးရမလား။

ဘာလို့ ထိုးတာလဲ ဆိုတော့ ဘယ်လိုဖြေမလဲ။ ဘယ်သူ့ကို မှ ဘာမှ မပြောဘဲ ကိုယ့်ဘာသာ အတတ်နိုင်ဆုံး ဖြေရှင်းလိုက်တာ ကောင်းမည်။ ဘယ်လိုဖြေရှင်းမလဲ။ ယွန်းယွန်းကိုသာ မိမိ လက်ထပ်လိုက်လျှင် ပြဿနာတွေ လျှော့ခနဲ ပြေသွားမည်။

သို့ပေမယ့် ကိုယ့်စကားကို ကိုယ်မပြင်ချင်။ ကိုယ့်တောင်းဆိုချက်ကို ကိုယ့်ဘာသာ မရုပ်သိမ်း ချင်။ ယောက်ျားတစ်ယောက်ဟာ ဒီလို ဗလောင်းဗလဲလုပ်ဖို့ သင့်သလား။

ပြီးတော့ ယွန်းယွန်း ကိုယ်တိုင်က မိုင်ဆုကို လက်ခံတော့မည် မထင်ပါ။

စိတ်က တွေလွန်းလှ၏။ အိမ်ပေါ်ကဆင်း။ ခြံထဲလျှောက်မည် စိတ်ကူးသည့်ကြားက ကား ပေါ်သို့ တက်ထိုင်လိုက်မိသည် ။ ကားမောင်းနေကျကားရော ယာဉ်မောင်းပါ ရှိသည် ။ ဖေဖေ ပြန်ဖို့ အတွက် အဆင်သင့်ပြီ။ ကျန်ကားတစ်စီးကို လျှောက်မောင်းလို့ ကိစ္စမရှိပါဘူးလေ။

ဝူးခနဲ မောင်းထွက်ခဲ့တော့သည် ။

*

"မင်းကို ကျောင်းကောင်းကောင်း ထားပေးမယ်၊ မင်းသူဌေးသားလိုနေရမှာ ၊ အဲဒီ ဦးဦးနဲ့ လိုက်သွားရမယ် အတွက်"

အတွက် ငယ်စဉ်ကပင် မိခင်ဆုံးပါးသွားသည် မို့ ကြီးတော်လက်ထဲမှာ ကြီးပြင်းရသည် ။

"ဖေဖေရော" ဟု မေးတိုင်း "မင်းအဖေသေပြီ၊ မင်းအမေ မသေခင်ကတည်းက သေတာ" ဟု သာကြီးတော်က ပြောခဲ့သည် ။

"ကျွန်တော် မလိုက်ချင်ဘူး ကြီးတော်"

"တို့ က ဆင်းရဲတယ် သားရယ်"

ကြီးတော်ကလည်း ထည့်ချင်ဟန်မတူပါ။ မျက်ရည်ပေါက်ခနဲ ကျလျက်ပြော၏။

"မင်း ကျောင်းနေချင်တယ်ဆို"

"ဒီဦးဦးက ကျွန်တော့်ကို ကျောင်းထားပေးမှာ လား"

"အေးပေါ့ကွယ်"

"ပိုက်ဆံကုန်မှာ ပေါ့"

"ကုန်ပါစေကလေးရယ်၊ ဦးဦးမှာ ကုန်စရာ ရှိပါတယ်"

သူဌေးဆိုသည့် လူကြီးက ဝင်ပြော၏။

"ပိုက်ဆံရှိရင် ကျွန်တော် ဒီမှာ ပဲ နေမယ် လေ၊ စာသင်ဖို့ ပေးပေါ့"

ကလေးအသိဉာဏ်နှင့် ကိုယ်ဖြစ်ချင်ရာ ကို ယ်ပြောကြည့်သည်။ ကြီးတော်က ခေါင်းခါသ ည်။

"ဖွင့်ပြောလိုက်ရအောင် ကိုကျော်ထိုက်"

ကြီးတော်က ဘာအဓိပ္ပာယ်မှန်း မသိသော စကားတစ်ခွန်းကိုဆို၏။ ဦးဦးက ခေါင်းခါပြန် သည်။

"ဒီလိုလုပ်ပါလား"

ကြီးတော်ကို လက်တို့ ခေါ်သွားကာ တိုင်ပ င်ကြသည်။ မယုံသင်္ကာဖြစ်ရမှန်း အတွက် မ သိပါ။ ကြီးတော်က သူဌေးဆီမှာ ပိုက်ဆံတွေ တောင်းနေသည် ဟု ပဲ ထင်သည်။

"လာဦး အတွက်"

ကြီးတော် လှမ်းခေါ်တော့ ပြေးသွားရသည် ။

"မင်းအမေ သေသွားတာ မင်းသိတယ်နော်"

"ဟုတ်ကဲ့"

"မှတ်မိလား"

"ဟုတ်ကဲ့"

အမေဆုံးတော့အတွက် ငါးနှစ်သားလောက်ရှိပြီ။ သုံးလေးနှစ်သာ ကြာသေးသည် ဆိုတော့ အတွက် မမေ့သေးပါ။

"မင်းအမေကိုရော မင်းသိလား"

"ကြီးတော်ပဲပြောတော့ အမေ့အရင် သေတယ်ဆို"

"အဲဒါအခု မသေသေးဘူးတဲ့ "

"အဖေ ဘယ်မှာ လဲ"

"ရှိတယ် . . . ဟိုအဝေးကြီးကို သွားနေတယ်၊ မင်းအဖေက သူဌေး"

ကြီးတော် ပြောသမျှ သူဌေးဦးဦးက နားထောင်နေသည် ။ မျက်နှာထားက ပျော့ပျော့ပျောင်း ပျောင်းနှင့် အတွက်ကို လိုလားဟန်ပြ၏။ သည် သဘောတွေကို အတွက် နားမလည်လှပေမယ့် အကြောက်အလန့် နည်းနည်းပြေသွားတာတော့ သိသည် ။

"မင်း နည်းနည်းကြီးလာရင် မင်းအဖေ ပြန်လာမယ်၊ ဒါမှ မဟုတ် မင်းအဖေဆီကို ဒီဦးဦးက လိုက်ပို့ပေးမယ်၊ ကြီးတော်တို့ နဲ့ နေရင် မင်းအဖေကို တစ်သက်လုံး တွေ့ရမှာ မဟုတ်ဘူး ၊ အဲဒီတော့ မင်းလိုက်သွားမှ ဖြစ်မယ်"

"ဦးဦးက ဖေဖေ့ကို သိလို့ လား"

"သိတာပေါ့ ကလေးရဲ့ "

ဦးဦးပြုံးပြီးဝင်ပြောတော့ အတွက် နည်းနည်းပိုပျော်သွားသည် ။ ဦးဦးက အသက်သာကြီး တာပြုံးလိုက်တော့

အရမ်းချောတယ်၊ လူပျိုလေးလိုပဲ . . . ဟု တွေးမိ၏။

"အဖေမသေတာ တကယ်လား ခင်ဗျ"

"အေး . . . မင်းနည်းနည်းကြီးလာရင် မင်းအဖေဆီပို့ပေးမယ်၊ အခု မင်းအဖေက ဟိုးအဝေး ကြီးမှာ အ လုပ်သွားလုပ်နေလို့ မအားသေးဘူး၊ လိုက်ခဲ့နော် . . . ကလေး"

"ဦးဦးစကားကို နားထောင်ပြီး လိုက်သွားအတွက်"

အဲသည် နေ့ကတော့ အတွက် ပေကပ်ကပ် လုပ်နေသေးသည် ။ နောက်နေ့မှာ အဝတ်အစား ကစားစရာ သေနတ်တို့ ၊ ဘောလုံးတို့ ၊ သံပတ်ပေးလျှင်ပြေးသည့်ကားတို့ အစုံဝယ် အားပေးကာ လက်ညှိုးထိုးသမျှ ဝယ်ကျွေးတော့ "လိုက်မသွားပါနဲ့ သားရယ်" ဟု ကြီးတော် ငိုထားလျှင်တောင် အတွက် နေခဲ့ဖြစ်မ

ည် မထင်တော့ပါ။ "ဖေဖေ" လို့ ခေါ်နော် အတွက် . . . ဟု ပြောတော့ တစ်ခါ ပေကပ်ကပ် လုပ်ချင်သေးသည် ။ "မင်းကို သားအရင်းလို မွေးစားမှာ ပဲ၊ အိမ်မှာ လည်း မင်းကို မွေးစားမယ့် မေမေရှိတယ်" ဆိုပေမယ့် မခေါ်ချင်သေး။ ဖေဖေ လာလျှင် ခေါ်ဖို့ ချန်ထားရဦးမည်ပေါ့။

*

"သူ့ကိုလည်း ဖေဖေ မွေးစားတာပဲ၊ ဆက်မော်ထိုက်တဲ့ ၊ ကိုဆက်လို့ ခေါ်နော်၊ မင်းထက်ကြီး တယ်"

အဖော်ရတော့ အတွက် ပိုပျော်သွားသည် ။

"ကိုဆက်က ဘာဖြစ်လို့ ဖေဖေ ခေါ်တာလဲ "

"ငါ့မှာ အဖေမှ မရှိတာ၊ ဒါပဲ အဖေပေါ့"

"က ျန ်တေ ဒ့်မ ၊ ၁ အဖေရှိတယ်၊

ဟိုးအဝေးကြီးမှာ တဲ့"

"မင်းအဖေက ဘယ်မှာ မှန်းမှ မသိတာ၊ ရှိတဲ့ အဖေကိုပဲ အဖေခေါ်ပေါ့ကွ"

ကိုဆက်က လူသားမြောက်စ ဖြစ်နေသည့် အရွယ်ပါပဲ။ အတွက်ဆိုသည့် နာမည်ကို တော်တော်နှင့် ဖျောက်မရ။ ပိုင်ဆု ထိုက်ဆိုသည့် နာမည်ကိုလည်း မေမေ့နေသည်။

"ကိုဆက် ကျွန်တော်နာမည် ဘယ်သူ . . ."

ကိုယ်နာမည် ကိုယ်မမှတ်မိ၍ သူများကို မေးရသည်။

"ကိုပိုင်လေကွာ"

"သုံးလုံးပါ"

"ပိုင်ဆုထိုက်"

"သိပြီ . . . သိပြီ"

နောက်မကြာခင် နောက်ထပ် အဖော်တစ်ယောက် ထပ်တိုးသည်။ ပိုင်ဆုထက် ငယ်၏။ စိုးစံက သူ့နာမည်လည်း သူမှတ်မိသည်။ ဖေဖေ၊ မေမေလည်း ခေါ်သည်။ ညီအစ်ကိုသုံးယောက်မှာ နှစ်ယောက် ခေါ်နေမှ ပိုင်ဆု မရဲတရဲ စခေါ်ရင်း ဖေဖေ မေမေနှုတ်ကျိုးသွားရတော့သည်။

"ကျွန်တော့်အဖေ ဘယ်တော့လာမလဲဟင်"

သည် မေးခွန်းကို မကြာခဏ ကျိတ်မေး ဖြစ်၏။

"မင်းဆယ်တန်းအောင်ရင် လာမယ်၊ ဆယ်တန်းမြန်မြန်အောင်အောင် ကြိုးစား၊ နောက်ထပ် ခဏခဏမမေးနဲ့၊ မင်းမေမေ ကြားရင် စိတ်မကောင်း ဖြစ်နေလိမ့်မယ်"

မမေးဖြစ်တော့ပေမယ့် အဖေနှင့် တွေ့ချင်လွန်းသောကြောင့် စာကိုဖိကြိုးစားခဲ့သည်။

ဆက်မော်နှင့်စိုးစံတို့ ကမိဘမဲ့တွေမို့မျော်စရာအဖေမရှိပါ။သူတစ်ယောက်တည်း ကျိတ်မျှော်ရသည် ။ အတန်းထဲမှာ ဆက်မော် ဘိတ်ချွေးဖြစ်နေပေမယ့် ဖေဖေ မဆူ၊ စိုးစံ အောင်ရုံလေ ဖြစ်နေ ပေမယ့် ဖေဖေမဆူ၊ ပိုင်ဆုမို့ အတန်းထဲ ဗိုလ်မစွဲလျှင် ဖေဖေ ဆူပြီ။

"မင်း ပထမ မရရင် မင်းအဖေဆီ တစ်သက်လုံးမပို့ဘူး"

သည် စကားကို ပိုင်ဆု အလွန်ကြောက်သည် မို့ ပိုကြိုးစားရသည် ။ မွေးစားသား သုံးယောက် မှာ ဖေဖေဟာ ငါ့ကိုမချစ်ဘူး၊ ကိုဆက်နဲ့ ကိုစိုးကိုပဲ ချစ်တယ်ဟု တွေးမိလေ၏။

"ငါကလည်း သူတို့လို အေးအေးဆေးဆေးမှ မဟုတ်တာ၊ ငါ့ကိုက ဂျစ်ကန်ကန်မို့ ထင်ပါရဲ့ " ဟု ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်ချရင်း ဆယ်တန်းမှာ အမှတ်ကောင်းကောင်း နှင့်အောင်ဖို့၊ အဖေနှင့် တွေ့ဖို့ သည် အချက် နှစ်ချက်နှင့်ပင် ပိုင်ဆု ဖင်ထောင်အောင် ကြိုးစားခဲ့ရပါလေ၏ ။

*

"သားကို ဖေဖေ ပြောစရာတွေ အများကြီးရှိတယ်၊ သားသိနားလည်နိုင်တဲ့ အရွယ်ကိုရောက်ပြီမို့ ဒီစကားတွေ ဖေဖေ ပြောတော့မယ်"

ပိုင်ဆု ဆယ်တန်းအောင်စာရင်းထွက်သည့်နေ့တွင် ဖေဖေက ပိုင်ဆုကို ကားပေါ်တင် မောင်း လာခဲ့ပြီး သားအဖ ဆွေးနွေးခန်းစသည် ။ လူရှင်းသည့် စားသောက်ဆိုင်တစ်ခုမှာ စားရင်းသောက် ရင်း အေးအေးဆေးဆေး ပြောပြလေတော့သည် ။

"သားဟာ ဖေဖေ့သားအရင်းပဲ၊ ဖေဖေဟာ သားရဲ့ အဖေအရင်းပဲ"

"ခင်ဗျာ"

"သား တက္ကသိုလ်မဖွင့်ခင် ရွာပြန်ပြီး မင်းကြီးတောင်ကို ပြန်မေးရင်လည်း မေးနိုင်တယ်၊ ဖြစ်ပုံက ဒီလိုသားရယ်"

ဇာတ်လမ်းလေးက သိပ်ကို ရိုးစင်းပါသည်။ ငယ်ရွယ်သူတွေ၊ အချစ်ကို မျက်ကန်းတစ္ဆေမကြောက်၊ ဗူးစမ်းရှာဖွေကြခြင်းပါပဲ။ မလိမ်မိုးမလိမ်မှာ အသိဉာဏ်မပြည့်စုံချိန်မှာ မဖြစ်သင့်တာတွေ ဖြစ်တတ်လေ၏။

"ဖေဖေက နှစ်ဆယ်ပြည့်ရုံလေး၊ မင်းမေမေက နှစ်ဆယ်တောင် မပြည့်သေးဘူး၊ နှစ်ယောက် လုံးကလည်း ဆင်းရဲတယ်ကွာ"

လူကြီးသူမတွေက "အချစ်နဲ့ မီးကို မကစားနှင့်" ဟူ၍ ဒါကြောင့် ဆုံးမကြတာ ထင်ပါရဲ့။ မီးကိုကစားလျှင် မီးလောင်သလို၊ အချစ်သည်လည်း လောင်မြိုက်တတ်သည့် သဘော ရှိပါသည်။

"အဲဒီတုန်းက ဖေဖေ မှတ်မိနေပါတယ် သားရယ်၊ မိန်းမယူပြီး ထမင်းစော်နေလို့ ..."

"ကုန်သည် တွေက ပစ္စည်းတွေ အရောင်းအဝယ်လုပ်တယ်ကွာ၊ ပစ္စည်းကများ တော့ ဘယ်ဖို့ လူလိုတယ်၊ အလုပ်ကြမ်းဆိုပေမယ့် ထမ်းခက တစ်ခေါက်ဆိုနှင့် နင့်နေအောင်ရမယ်၊ ထောင်နဲ့ ချီ ပြီးရမှာ "တဲ့။ သူငယ်ချင်းက ဆွယ်လာတော့ စိတ်ပါလာမိလေ၏။

မည်သည့်အမျိုးအစား ကုန်သည် မှန်းလဲ မသိ၊ ဘယ်ကနေဘယ်ကို သယ်ပို့ပေးရမှန်းလဲ မသိ၊ ပခုံးထမ်းအလုပ်သမားက ထမ်းခကို ထောင်ချီရမည်ဆိုတော့ ကျောဇ်ထိုက် တအံ့တသြကြီး များ ပင် ဖြစ်မိ၏။ ဗဟု သုတကလည်း မရှိ၊ တရားဥပဒေနှင့်လွတ်ကင်းရဲ့ လား ဆိုတာလည်း မတွေးတော တတ်ပါ။

"ဝိုက်ဆံရမယ်ဆိုရင် ဘယ်နည်းနဲ့ ရရ သိပ်လိုချင်နေတာပဲ သားရယ်၊ ခုဟာက လုဖို့ ယက်ဖို့ လည်း မဟုတ်ဘူး ဆိုပြီး ပါသွားတာ"

သူများ ယောင်လို့ ယောင်၊ အမောင်ရောက်မှန်း မြောက်မှန်းမသိဆိုသည့် အစားထဲက ဖြစ်ရ တော့သည်။ ဘာပစ္စည်းတွေထည့်ထားမှန်း မသိရသော ထင်းရှူးသေတ္တာကြီး များကိုကြိုးနှင့် ဆိုင်း၊ ဝါးလုံးလျှို၍ ထမ်းတက်ရသည့် နေရာက ရိုးမ။

"တောတွေ တောင်တွေ ဖြတ်ရပြီဆိုကတည်းက တရားဥပဒေနဲ့ မကင်းတော့ဘူးဆိုတာ သိလိုက်ပေမယ့် ပြန်လှည့်ရင် အသတ်ခံရမှာစိုးလို့"

ကုန်သည် အမည်ခံသူတွေက တရားဝင်ကိုင်ဆောင်သည့် လက်နက်တွေနှင့်ပါလား။

တပ်မတော်က ထိုးစစ်ဆင်တော့ ခွေးပြေး ဝက်ပြေးပြေးရတာပဲ၊ ဖေဖေ့ သူငယ်ချင်းဟာ တောင်စောင်းက လိမ့်ကျသွားလိုက်တာ ဘယ်ရောက်သွားမှန်း မသိတော့ဘူး . . .

"ဖေဖေကတော့ တောထဲမှာ မျက်စိလည်ပြီး အစာငတ်၊ ရေငတ်ဖြစ်နေတာ နှစ်ရက်လောက် ထိတော့ သိသေးတယ်၊ ငှက်ဖျားဝင်ပြီး သစ်ပင်တစ်ပင်အောက်မှာ လဲသွားတာပဲ . . .

"နောက်ဆုံး သိလိုက်ရတယ်၊ ဘယ်နှရက်ကြာအောင် သတိလစ်နေတယ် မသိဘူး၊ ဖေဖေ သတိရတော့ ရွာလေးတစ်ရွာကို ရောက်နေပြီ . . ."

"မြန်မာလူမျိုးတွေရဲ့ ချစ်စရာအလေ့အကျင့်လေးပေါ့ကွယ်၊ ဒုက္ခရောက်သူကို ကယ်တင်ကြ လေ့ရှိတယ် မဟုတ်လား၊ အဲဒီရွာမှာ ငှက်ဖျားမပျောက်နိုင်ဘဲ တက်ဖျား

ကျဖျားဖြစ်နေတာသုံးလတိ တိ . . .”

“နေကောင်းတော့လည်း လူကချည့်ပြီး ကျန်ခဲ့တယ်”

ကိုယ့်ကိုယ်ကိုယ်လည်း မသယ်နိုင်။ ရန်ကုန်ကိုလည်း ပြန်ချင်လှပြီ။ မိန်းမဖို့ ငွေစုချင်၍ မိုက်မိုက်မဲမဲ စွန့်စားသော်ငြား၊ ငွေလည်း မရ၊ လူက မသေရုံတမည် ကျန်သည့် အဖြစ်။

ခုဆိုအဖျားမပြတ်တာကချည်း သုံးလ၊ ရန်ကုန်ထိအောင်ပြန်ဖို့ ၊ ခွန်အားကလေး မွေးယူရတာ က နှစ်ပတ်ကျော်ကျော်။

“ရွာ ကလမ်းစရိတ် စုပေးလိုက်လို့ ပြန်ရောက်လာချိန်မှာ မင်းမေမေကို ဖေဖေ ရှာမတွေ့တော့ ဘူးသားရယ်”

ဖေဖေ အဝေးသို့ ငေးနေသည် ။ သုံးဆယ်ကျော် လေးဆယ်နားနီးအရွယ်မှာ ဖေဖေသည် အချစ်ဦးဝေဒနာဟောင်းကို ပြန်လည်ခံစားရရှာပါသည် ။ ဖေဖေ့ မျက်နှာ နွမ်းဖတ်နေပုံက တစ်စစီ ပုံကျတော့မထောက် ညှိုးသည် ။

ပိုင်ဆု မေမေ့ ရင်နာစရာ ဇာတ်လမ်းကို တွေးကြည့်နိုင်ပါသည် ။ ဖေဖေ ပြန်ရောက်မလာရုံနှင့် မေမေ အဘယ်ကြောင့် ရပ်ကွက်ထဲက ပြောင်းပြေးရပါသနည်း။

ရွာမှာ စကားပြောမချို။ စရိုက်ကြမ်းကြမ်းနှင့် တုတ်ထိုးအိုးပေါက် ပြောတတ်သည့် ကြီးတော် က သူ့သမီး၊ ပိုင်ဆုအစ်မဝမ်းကွဲကို ဆုံးမနေသံ ကြားဖူးသည် ။ ကြီးတော်ပြောပုံက တစ်တစ်ခွခွပဲ။

“အပျိုမှ ဖြစ်မယ်မကြံသေးဘူး၊ ရည်းစားထားဖို့ စိတ်မကူးနဲ့ ၊ ကမြင်းကြောထပြီး ရည်းစား သွားထားရင်လည်း ဗိုက်ကြီးတစ်လုံး ပူမလာစေနဲ့ ။ ဖြစ်လာလို့ ကတော့ သေမယ့်သာပြ

င်၊ မှိန်းနဲ့ ကို ထိုးသတ်မယ် . . .” တဲ့ ။

ကြီးတော်သည် ညီမ၏ အဖြစ်ဆိုးကို မည်မျှ နာကြည်းခဲ့ ရသည် မသိပါ။ သမီးကို ဆုံးမရာ မှာ တောင် အတိတ်၏ အငြိုးအတေးဖြင့် စကားလုံးတွေ ရိုင်းလွန်းလှချေ၏။

“မေမေ တစ်ခါတည်း နှောင်တရသွားတယ်၊ မသမာတဲ့ နည်းနဲ့ စီးပွားရှာဖို့ ရာသက်ပန် စွန့်လွှတ်ဖို့ ဘုရားမှာ သစ္စာပြုတယ်၊ ရိုးရိုးသားသား လုပ်ကိုင်စားရင်းက မင်းမေမေ သတင်းကို အမြဲ စုံစမ်းပါတယ်”

ဒေါ်ခင်ဆွေလေး ဖခင်သည် ဦးကျော်ထိုက်၏ ကျေးဇူးရှင်ဆရာရင်းဆိုလည်း မမှားပါ။ သူ့လုပ်ငန်းမှ ပန်းရန်သမားလေး ကျော်ထိုက်၏ ရိုးသားမှုကို သဘောကျခဲ့သည် ။ ဆွေမှဲမျိုးမှဲ တစ်ကောင်ကြွက်မှန်း သိသည့်အခါ အိမ်မှာလည်း အစောင့်အရှောက် ဖြစ်စေ၊ ရိုးသားကြိုးစားသူ တစ်ဦးအား ကူညီရာလည်း ရောက်စေသူ့ခြံထဲမှာ ခေါ်ထားခဲ့သည် ။ သူ . . . သည် ကို ကူညီမ, စနေသူ တွေလည်း အများကြီးရှိပါသည် ။

“ဆွေလေးအဖေက သဒ္ဒါတရားကို ကြီးတယ်၊ အပေးအကမ်း အလွန်ရက်ရောတယ်၊ ဒီတော့ တပည့်တပန်းလည်း ပေါတယ် . . .”

“ဒါပေမဲ့ ရိုးသားမှု ကြိုးစားမှု သူ ကူညီတာ၊ လူပေါ်ကြော့ဆိုရင် ကြည့်မရဘူး၊ သူကိုယ်တိုင်လည်း အလွန်အလုပ်လုပ်တယ် . . .

“မေမေ အခုလို တိုက်တွေဆောက်တဲ့ ကွန်ထရက်လုပ်ငန်းဟာ ယောက္ခမရဲ့ လက်ငုတ်လက် ရင်းပဲ . . .”

“မဆလာဖျော်၊ အုတ်ခဲသယ်တာကစပြီး မန်းရန်ကိုင်ရတဲ့ အထိ မေမေက အောက်သက်ကြေ လာတော့ ဒီလုပ်ငန်းကို လ

က်တွေနဲ့ ကျွမ်းကျင်ခဲ့တယ် . . ."

"နောက်ဆုံးမှာ ဆွေလေးနဲ့ ပေးစားခဲ့တာပဲ သားရယ်"

သည် နေရာတွင် ယွန်းယွန်း၏ နောက်ကြောင်းရာဇဝင်လေးက တစ်ခန်းတစ်ကဏ္ဍအဖြစ် ပါဝင်လာခဲ့ပါသည်။

မိဘတွေ စီးပွားချည်း ကျုံးရှာသည့်အခါ သားသမီးနှင့်ရင်အုပ်ကွာသည်။

"သူတို့ စားဖို့ သောက်ဖို့ ရှာရဖွေရတာနဲ့ ပဲ ပြန်ကိုမကြည့်အားပါဘူး"

ဆိုသည့် လက်သုံးစကားသည် သားသမီးကို လျစ်လျူရှုရာ ရောက်လေ၏။ သားတွေ သမီးတွေက မိဘနှင့် ရင်အုပ်ကွာခါ ဖြစ်ချင်ရာဖြစ်သည့် အခါကျတော့မှ . . .

"သားသမီးကုသိုလ် ဆိုးတယ်၊ တစ်ယောက်မှ ကောင်းကျိုးမပေးဘူး" ဟူသည့် စကားသည် ကုထုံးမဟုတ်ပါ။ ဆင်ခြေသာလျှင် ဖြစ်ပါ၏။

"မိဘလေးမျိုးရှိတယ်၊ တစ်မျိုးက သားသမီးကို ထိန်းသိမ်းစောင့်ရှောက်တယ်၊ ဒီကြားထဲက မတော်တဆ အမှားအယွင်း တစ်ခုခု ဖြစ်သွားခဲ့ရင် ရေရှည်အတွက် ဘယ်လိုကယ်တင်ဆယ်ယူရမယ် ဆိုတာလဲသိတယ် . . .

"တစ်မျိုးက ထိန်းသိမ်းစောင့်ရှောက်ရုံပဲ တတ်တယ်၊ ပြဿနာဖြစ်လာရင် အကောင်းဆုံး အဖြေကို မသိဘူး၊ ဘာလုပ်ရမှန်းမသိဘူး . . .

"နောက်တစ်မျိုးက ထိန်းသိမ်းစောင့်ရှောက်ဖို့ ကြိုမမြင်ကြိုမသိခဲ့ဘူး၊ ဖြစ်လာရင်တော့ အကောင်းဆုံးနည်းနဲ့ ဆယ်ယူထိန်းသိမ်းသွားတတ်တယ် . . .

“နောက်ဆုံးတစ်မျိုးက ထိန်းလည်း မထိန်းသိမ်းတတ်၊ မစောင့်ရှောက်တတ်၊ တစ်ခုခုဆိုလည်း ဘာမှ မလုပ်တတ်၊ မိဘအညံ့စားလို့ ခေါ်ရမယ် ...”

“ပထမအမျိုးအစားသာ မိဘနှင့်တူသော မိဘလို ဆိုနိုင်တယ် ....”

“ဒုတိယနဲ့ တတိယအမျိုးအစားတွေဟာ မဆိုးလှပေမယ့် ကောင်းတယ်လည်း မခေါ်နိုင်ဘူး။ ဆွေလေး မိဘဟာ တတိယအမျိုးအစားမိဘမျိုး”

မေမေသည် သူကိုယ်တိုင် မိဘစာရင်းဝင်တော့မှ မိဘဟူသည် အမည်ခံယူရုံသာ လွယ်လျက် မိဘနှင့်တူအောင် ကျင့်ကြံနိုင်ဖို့ ကျတော့မလွယ်ကြောင်း သိရသည်။ စင်စစ် မိဘဟူသည် အတုမဲ့ မေတ္တာကို သားသမီးများ အပေါ် ထာဝရ သွန်ချပေးနေမြဲပေမယ့် ... ပေးတတ်မှ အကျိုးရှိသလို၊ ခံယူရသည့် သားသမီးလည်း ယူတတ်မှ ရလေ၏။

“တိုတိုပြောရရင် သားရယ်၊ ဆွေလေးမှာ ပြဿနာဖြစ်တယ်၊ ပိုက်ဆံရှိ သူဌေးသားပေမယ့် အရက်သောက်၊ ဖဲရိုက်၊ မိန်းမလိုက်၊ ရှိသမျှ ဒုစရိုက်ဆယ်ပါး အကုန်ကျူးလွန်တဲ့ ကောင်မျိုးကို တစ်သက်လုံး သမက်တော်မသွားနိုင်ဘူး ...

“ကုရာနတ္ထိ ဆေးမရှိ ဖြစ်နေတဲ့ ဆွေလေးကို ဆေးခါးကြီးတစ်ခွက် တုတ်နဲ့ ရိုက်ပြီး တိုက်သလို မေမေနဲ့ ပေးစားခဲ့တာပဲ”

“ဒါဖြင့် ယွန်းယွန်းအမေက ဘယ်မှာ လဲ မေမေ”

“မူးမူးရူးရူးနဲ့ ကားမောင်းတာ ကားမှောက်ပြီးဆုံးတယ်”

“အဲဒါ ယွန်းယွန်း သိသလား မေမေ”

"မသိဘူး၊ တစ်သက်လုံးလည်း ပြောဖို့ မရည်ရွယ်ဘူး၊ ဖေဖေ သမီးရင်းလို သဘောထားပေ မယ့်၊ ပထွေးဆိုတဲ့ စိတ်ဝင်သွားရင် မကောင်းဘူး မဟုတ်လား"

ပိုင်ဆုနှင့် ယွန်းယွန်းတို့ သည် အဖေပါနှင့်အမေပါ။ သွေးမစပ်ပါသည့် မောင်နှမ ဖြစ်နေရလေ တော့သည် ။

"ဆွေလေးဟာ သဘောကောင်းချင်တဲ့ နေရာကျတော့လည်း အကြောင်းသားကွယ်၊ ဒါပေမဲ့ သူ့ဂုဏ်၊ သူ့သိက္ခာဆိုတဲ့ မာနလေးက မကုန်သေးဘူး"

"ဘာဖြစ်လို့ လဲ ဖေဖေ"

"သားမေမေ ဆုံးပြီး ငါ့သားတစ်ယောက်တည်း ဆင်းဆင်းရဲရဲ ကျန်ခဲ့တယ်ဆိုတာ ဖေဖေ သိသိချင်း ခေါ်မွေးဖို့ ဆွေလေးဆီမှာ ခွင့်တောင်းတယ်"

"မေမေက အစကတည်းက ဖေဖေ့မှာ မိန်းမရှိခဲ့ဖူးတာ သိသလား"

"ဖေဖေ ပြောပြတယ်"

"မေမေက ခွင့်မပြုဘူးလား"

"ပြုတော့ပြုတယ်၊ သားရင်း ဆိုတာတော့ လူသိမခံပါရစေနဲ့ တဲ့ ၊ ဖေဖေ့မှာ မိန်းမ ရှိခဲ့ဖူးတယ်ဆိုရင် သူ . . .သိက္ခာကျတယ်ပေါ့ကွယ်"

သြော် . . . ဒါကြောင့် မွေးစားသား လုပ်နေခဲ့ရတာကိုး။ ဒါဖြင့် ကိုဆက်နဲ့ ကိုစိုးရော . . . သည် အတွေးကြောင့် ဖေဖေ့ကို လှစ်ခနဲ ကြည့်မိ၏။ ဖေဖေ ပြုံးသည် ။ ပြီးတော့ သားအဖချင်း ရင်းနှီးစွာ ပိုင်ဆု ပခုံးကို လက်သီးနှင့် သာယာထိုး၍ ရယ်၏။ ဖေဖေသည် သားတွေကို တော်တော် လေး ရောရောဝင်ဝင် နေတတ်သူမို့ ခုလို အပုတ်အခတ်လေးတွေ ရှိတတ်၏။

"ကိုယ့်အဖေကို ဒီလောက် အထင်မကြီးနဲ့

ငှါသား မင်းတစ်ယောက်တည်း ခေါ်မွေးစားရ
င် ပတ်ဝန်းကျင်က စိတ်ဝင်စားပြီး
စပ်စုကုန်မှာ စိုးလို့ . . .”

“မီးခိုးကြွက်လျှောက် ပေါက်ကုန်မှာ စိုးလို့ ကို
ဆက်ကို အရင်ဆုံးမွေးစားတာ၊ ပြီးတော့မှ
မင်း၊ မင်းပြီးတော့ ကိုစိုး ဆက်တိုက်ကြီး မွေး
စားပစ်လိုက်တယ် . . .

“ကဲလေ . . . ဘယ်သူဘာပြောဦးမလဲ၊ ကို
ဆက်နဲ့ ကိုစိုးက မိဘမဲ့၊ သူတို့ ထဲမှာ ငှါသားပါ
ရောသွားရော”

“ဒါတွေကျတော့ မေမေက သဘောတူသ
သား”

“ ပြောခဲ့ပြီလေ၊ ဆွေလေးဟာ သဘော
ကောင်းတဲ့ နေရာကျတော့လည်း ကောင်းပါ
တယ်၊ သားတွေ မွေးစားထားတော့ လိမ္မာရင်
လည်း ဖေဖေ အားကိုးရတာပေါ့ . . .

“မလိမ္မာတော့လည်း ကျေးမွေးအောင့်ရော
က်ခဲ့သလောက်ဟာ ကုသိုလ်ပေါ့

ဖေဖေ သည် သားကြီးနှင့် သားငယ်ကိုကျ
တော့ တော်ရုံတန်ရုံ အပြစ်ကို ခွင့်လွှတ်နိုင်၏။
သားလတ်ကျမှ ခွင့်မလွှတ်နိုင်။ အားလုံးထဲမှာ
သားလတ်က အဆူအခံရဆုံးနှင့် မျက်နှာသာ
ပေး မခံရဆုံးပါ။ ခုတော့ ပိုင်ဆု သဘောပေါ
က် နားလည်ရပါပြီ။ ကိုယ့်သွေးကိုယ့်သား မ
ဟုတ်သူကျတော့ တော်ရုံတန်ရုံ ကြည့်နေနိုင်
သည် ။

သွေးရင်းလေ စေတနာပိုလေ၊ ကောင်းစေ
ချင်လွန်းလေ ပညတ်လေ . . . ဆိုသည့် သဘော
ဖြစ်ချေ၏။

“အဲဒါတွေ စောစောက ဘာဖြစ်လို့
ပြောမပြခဲ့တာလဲ ဖေဖေ

“သားငယ်သေးလို့ ၊ တွေးခေါ်မြော်မြင်နိုင်

တဲ့ ခွမ်းအားမပြည့်စုံခင် ဒါတွေ ပြောချလိုက်ရ င်၊ မင်းရဲ့ လမ်းကြောင်းဟာ တစ်မျိုးပြောင်းသွားနိုင်တယ် . . .

"ခုအချိန်မှာ တော့ သားရင်းဖြစ်ပါလျက် မကြည့်ခဲ့တဲ့ ဖေဖေ့ကို မင်းနားလည်နိုင်ပြီ လို့ ထင်တယ် . . .

"ဖေဖေ့မှာ ဆွေလေးကို ထောက်ထားညှာ တာရမယ့်အပိုင်းတွေ အများကြီးရှိတယ်

ပိုင်ဆု ကောင်းစွာ သဘောပေါက်ပါ၏။ လ က်မှဘဝမှာ ငွေပုံပေါ် ခုန်တက်ခွင့် ရလိုက်သ ည့် ဖေဖေ့အဖို့ ၊ ငွေပုံရှင်၏ မျက်နှာကိုတော့ ထောက်ထားရပါမည်။

"ဒါတွေဟာ ဘယ်သူ့ကိုမှ လျှောက်ပြောနေ ဖို့ မဟုတ်ဘူး- နော်၊ ကာယကံရှင်ဖြစ်တဲ့ ငါ့ သား သိထားဖို့ သက်သက်ပဲ

သားတွေကို ဘယ်သားကိုမှ "သား" ဟု ခေါ်ခဲ့ပါ။ ကိုဆက်၊ ကိုပိုင်၊ ကိုစိုး၊ ခေါ်သည်။ သည် နေ့ သားအဖဆွေးနွေးပွဲမှာ "သား" ချင်း ထပ်၍ တစ်ဝကြီး မိုးမွှန်အောင် ခေါ်ပစ်၏။ သ ည့် နောက်ပိုင်း တစ်ခွန်းမျှ မခေါ်တော့ပါ။ စော င့်စည်းရမည့် အပိုင်းတွေရှိသည် လေ။

သည် အကြောင်းတွေကို ဖေဖေနှင့် မေမေ သိသည် ။ ရွာမှ ကြီးတော်သိသည် ။ ကာယကံ ရှင် ပိုင်ဆု သိသည် ။ အခြားမည်သူမျှ မသိဟု ထင်ထားခဲ့ကြလေ၏။

"စိုးစံ ဆိုတဲ့ ခွေးကောင် ဘယ်လိုလုပ် သိသွားတယ် မပြောတတ်ဘူး

"ဖေဖေကဆို ဝေလာဝေး၊ မေမေကလည်း ပြောဖို့ မရှိ၊ ကြီးတော်ကိုကျတော့ စိုးစံ သိ တောင် မသိ၊ ပိုင်ဆုကလည်း မပြော။ သည် ကြားထဲက ဘယ်လိုလုပ် သိပါသနည်း။ သိလို က်သမှ ပိုင်ဆုသည် ဦးကျော်ထိုက်၏ သားအရ

င်းဆိုတာရော၊ ယွန်းယွန်းသည် သမီးအရင်း မဟုတ် ဆိုတာတွေရော။

သိအောင် စုံစမ်းထားသည် ဆိုကတည်းက မသမာမှုက ထင်ရှား၏။ သိပြီးပြီပဲ ထားပါဦး၊ သက်မာတို့ နောင်နောင်တို့ သိအောင် လာပြောပြသင့်သလား။ သက်မာနှင့် ပိုင်ဆုတို့ နီးစပ် စေချင်သည် ဆိုလျှင် တခြားနည်း သုံးဖို့ ရော မရှိတော့ဘူးလား။

ခုနေသာ စိုးစံကိုတွေ့လျှင် လက်သီးနှင့် အချက်ပေါင်းများ စွာ ထိုးမိမှာ အလွန်သေချာ၏။

*

ကားကို ဦးတည်ချက်မဲ့စွာ မောင်းလာခဲ့ပေမယ့် ရန်ကုန်တက္ကသိုလ် ဝင်းထဲသို့ ရောက်လာသည် ။ သိပ္ပံ အဆောက်အအုံ အလယ်ရုံးခန်း ရှေ့နားတွင် ရပ်၏။ ယွန်းယွန်း ဘယ်အချိန် ဘယ်အ တန်း တက်ရတာ၊ ဘယ်အခန်းတွင် ရှိနေမလဲဆိုတာ အလိုလို မှတ်မိနေသည် ။

တကူးတက အလွတ်ကျက်ထားသည် တော့ မဟုတ်ပါ။ ယွန်းယွန်းကို လာကြိုရသည့် နေ့များ တွင် ယွန်းယွန်း တစ်ခါတလေ အပြင်ထွက်စောင့်ပေမယ့်၊ ရုံခါဆိုသလို သူ့စာသင်ခန်းထဲမှာ ဆက်ထိုင်ချင်လည်း ထိုင်နေတတ်၏။

"နင်ကလည်း အောက်ဆင်းစောင့်ပါတော့လား"ဟု ပြောသည့်အခါ . . . "အို . . စကားပြော တာယွန်းယွန်း ဝါသနာပဲဟာ၊ ဘယ်သူမှ မရှိတော့တဲ့ အခန်းထဲမှာ သူငယ်ချင်းတွေနဲ့ စကားပြောရ တာ ဘယ်လောက် လွတ်လပ်သလဲ" ဟု ခံပက်တတ်သည် ။

"အောက်ထပ်မှာ မတွေ့ရင် အပေါ်ထပ်သာ တက်ခဲ့ပေတော့

ဘယ်နေ့ဆို ဘယ်အခန်းဆိုတာ ခဏခဏ

ပြောပြထားသည် မို့ အလွတ်မကျက်ရဘဲ မှတ်မိ နေသည် ။ သည် လို မှတ်မိနေမှန်းတောင် သတိမထားမိပါ။ ခြေလှမ်းတွေက အပေါ်ထပ်သို့ တက်နေ တော့မှ ယွန်းယွန်းနှင့် ပတ်သက်လာလျှင် အမှတ်တရ ဖြစ်စရာတွေ ကြောင်း ကိုယ်ကိုယ်ကိုယ် သိလိုက်ရသည် ။

စာသင်ခန်းဆီသို့ ဖြတ်လျှောက်ရတာ အူကြောင်ကြောင် နိုင်လှသည် ။ တက္ကသိုလ် အရှိန် အဝါက ကြီးမားစွ။ သက်ဆိုင်သူ မဟုတ်ပါဘဲ ကျောင်းတွင်းသို့ ဝင်မိလျှင် အလိုလို နေရင်း မျက်နှာ ပူသလိုလို။ ပြီးတော့ . . . ပိုင်ဆု အရွယ်က ကျောင်းသားအရွယ်လည်း မဟုတ်တော့ချေ။ ဆရာ အရွယ် ဖြစ်နေရ၏။ ကိုယ်က ဆရာမဟုတ်ပါဘဲ ဆရာဂိုက်ဖမ်းရလျှင်လည်း ကိုယ့်ဘာသာရှက်စရာ၊ ပိုင်ဆု ခြေလှမ်းတွေ မှားနေသည် ။

ကျောင်းတက်ချိန် မဟုတ်လျှင် ခြောက်သွေ့သေးသည် ။ ခုတော့ စာသင်ခန်းထဲမှာ ကျောင်းသူ ကျောင်းသားတွေအပြည့်။ ပိုင်ဆု ဖြတ်လျှောက်တော့ ကျောင်းသူကျောင်းသား တစ်ဝက်ခန့်က လှမ်းကြည့်၏။ ပိုင်ဆု မျက်နှာတွေ ဖျင်းခနဲ ပူသည် ။ ဖြတ်သာလျှောက်ခဲ့ရော၊ အခန်းဘက်သို့ ရဲရဲတောင် မလှည့်ဝံ့ပါ။

စကြိုတစ်ဆစ်ချိုး ကွေ့နားကျမှ ရပ်နေလိုက်သည် ။

"ယွန်းယွန်း တွေ့လိုက်မှာ ပဲ

ရှိသာရှိလို့ ကတော့ တွေ့မှာ အမှန်ပါ။ အပြင်က လူဖြတ်လျှင် ယွန်းယွန်းလို မစပ်စုက လှည့်မ ကြည့်ဘဲနေမတဲ့ လား။ ယွန်းယွန်း မတွေ့တောင် ဝတ်ရည်နှင့်ခက်ခက်ခိုင်တို့ တွေ့နိုင်သေးသည် ။

"ယွန်းယွန်း ထွက်လာလျှင် ဘာပြောမလဲ၊

ဒီကို ဘာအမိပ္ပာယ်နှင့် လာတာလဲ"

ကိုယ့်မေးခွန်းကို ကိုယ်မဖြေနိုင်ပါ။

"စိုးစံတစ်ကောင် အသုံးမကျလိုက်ပုံက အဲလို အဲလိုတဲ့ဟာ

သည် စကား ပြောလို့ လည်း မဖြစ်။ ယွန်းယွန်းထံ စိုးစံအကြောင်းကို တိုင်ရတောရအောင် ယွန်းယွန်းက စိုးစံ၏ အုပ်ထိန်းသူလည်း မဟုတ်။ စင်စစ် . . . စိုးစံကို တွေ့ချင်သည် ။ တွေ့လို့ က တော့ တွေ့သည့်နေရာမှာ ဆွဲထိုးပစ်မှာ အမှန်။ စိုးစံကိုတွေ့ချင်ပါလျက် ယွန်းယွန်း အခန်းရှေ့ ရောက်လာသည် ။ ယွန်းယွန်းကို လာတွေ့လောက်အောင် ခိုင်လုံသည့်အကြောင်း တစ်ချက်မျှ မရှိ။

"ယွန်းယွန်း လာမှ တွေ့ပါ့မလား၊ စကားနော လာပြောပေါ့မလား၊ လာမှာ ပဲ ပြေးကိုထွက်လာ မှာ ၊ အချိန်မဟုတ် အခါမဟုတ် လာကြိုတယ်ထင်ပြီး၊ အိမ်မှာ ဘာများ ဖြစ်လို့ ပါလိမ့် သူတွေးမှာ

ယောက်ယက်ခတ်သော အတွေးနှင့် သမ္ဘတ်အူလို နောက်ကျိရှုပ်ထွေးနေသော စိတ်ကြောင့် တစ်ယောက်တည်း အသံတိတ်စကားပြောဖြစ်လေ၏။

"ကိုပိုင် . . . ဘာဖြစ်လို့ လဲဟင်

အဲဒီလိုမေးရင် ဘယ်လိုဖြေမလဲ။

"ငါစိတ်ရှုပ်ရှုပ်ရှိလို့ ထွက်လာတာလို့ သာ ပြောချကြည့်၊ မိန်းမယွန်းတို့ က ဘယ်သူကြားကြား လက်ခုပ်လက်ဝါးတီးပြီး တော့ ကို အော်ရယ်မှာ

"ငါဘာပြောရင် ကောင်းမလဲ၊ သိပြီ . . ခုချိန် စိုးစံ ဘယ်အခန်းမှာ ရှိနေမလဲ မေးမယ်၊ ဘာလုပ်ဖို့ လဲ ဆိုရင်ကော၊ ကိစ္စလေး တစ်ခုရှိလို့ ပါလို့ ၊ အဲဒီကိစ္စကိုပြော၊ ပြောပြီးမှ ကိုစိုးရှိ

တဲ့ အခန်းကို ပြောမယ်လို့ အဲဒီချာတိတ် ဆိုးမက အကျပ်ကိုင်ဦးမှာ အသေအချာ၊ သူ့သူငယ်ချင်းတစ်ယောက်က အရေးတကြီး တွေ့ချင်လို့ ပါဟာ၊ ပြောသာ ပြောလိုက်စမ်းပါ၊ ငါ့မှာ အချိန်မရှိဘူး၊ သွားရဦးမယ်၊ ကောင်းတယ် . . . အဲဒီလိုပဲ ဖြေမယ်၊ ငါ့မျက်နှာ မျက်နှာပိုးသေနေမှ ဖြစ်မယ်

မျက်နှာပိုးသတ်ရာ၌ အသတ်လွန်သွားသည် ။ တည်ရုံထက်ပိုကာ ထန့်ထန့်တင်းတင်းကြီး ဖြစ်နေတော့သည် ။

"အမယ်လေးဟဲ့ . . . လူဦးရေသုံးဆယ်လေးသန်းမှာ သန်းနှစ်ဆယ်ကို သူရှာကျွေးရသလား မသိဘူး

ကောင်မလေးတစ်ယောက် ဖြတ်လျှောက်သွားသည် ။ သူတို့ ဘာသာ ပြောသလိုလိုနှင့် ပိုင်ဆု ကို ခွပ်သွားခြင်းပါ၊ ပြောချင်ရာပြော၊ ခွပ်ချင်ရာခွပ် ဒီနေ့အဖို့ ဒီမျက်နှာကြီးကို မပြင်နိုင်တော့ပါ။ ယွန်းယွန်း ထွက်မလာဘဲ ဝတ်ရည်နှင့် ခက်ခက်နိုင်တို့ ထွက်လာမှာ လည်း လန့်နေရသည် ။

သူတို့ ကလည်း ယွန်းယွန်း သူငယ်ချင်းတွေဆိုတော့ ဘယ်ခေလိမ့်မလဲ။ ပိုင်ဆုကိုတွေ့လျှင် ပိုင်ဆုက မနောက်ရ၊ သူတို့ ကချည်း စသည် ။ ယွန်းယွန်းကမှ အစ်ကို ,ကို မရှိသေးတာ၊ ပိုင်ဆု ခမျာ သူတို့ နှင့်တွေ့လျှင် အစခံလူသားလေးလို နေရစရာမရှိပါ။

ဝတ်ရည်သည် ခက်ခက်နိုင် လက်ထဲမှ လက်ကိုင်ပဝါကို ဆွဲယူကာ . . .

"ဒီပစ္စည်းက ဘုံပိုင်ပါဟဲ့၊ ကိုယ်ပိုင် လုပ်မထားပါနဲ့

"ကိုယ်ပိုင်"နှင့် "ကိုပိုင်" ကိုရောကျိတ်ကာ။ သည် လိုလည်း ပြောတတ်၏။ ခက်ခက်နိုင်

ကျတော့ . . .

"အိမ်ကိုကွာ ငါ့ဦးလေး ကပ်စေးနဲ လာလည်လို့ မုန့်ဖိုးဆယ့်ငါးပြား ပေးသွားတယ် သိလား၊ ရခဲဘိခြင်း၊ ငါတော့ ဆုကြီးတစ်ခုကို ထိုက်ထိုက်တန်တန် ပိုင်လိုက်တာပဲ

ဤသို့ဆိုကာ နာမည်ကို ကြံဖန်နှောက်တတ်၏။

"ဟော့ . . . မြန်မာစကားလုံးမှာ ဗိသုကာဆိုတာဘာလဲ

"ပိပြားနေတော့ မြင်လို့ မကောင်းဘူးလေ၊ သူ့ကို ကာပေးရမှာ ပေါ့၊ မိနေတဲ့ သူကို ကာကွယ်ပေးတာ ပိသုကာပေါ့

မဟုတ်က ဟုတ်က ပြောရမည်ဆိုလျှင် ယွန်းယွန်း သူငယ်ချင်း ဗိသုကာလုချေ၏။

ကျောင်းသားတွေ ဝေါခနဲ ပြုံးဆင်းလာသည် ။ အတန်းလွှတ်ပြီ။

"ကိုပိုင် . . . ကိုပိုင်"

ခေါ်သံကြား၍ လှည့်ကြည့်တော့ ဝတ်ရည်နှင့် ခက်ခက်ခိုင်၊ ယွန်းယွန်းမပါ။

"ဒီနေ့ ကိုဆက် လာကြိုမှာ ဆို၊ ယွန်းယွန်းက လေးနာရီခွဲကားမှာ ထားတယ်တဲ့

ဘယ်သူလာကြိုမယ်မှန်းတော့ မသိ၊ ပိုင်ဆုလာကြိုဖို့ မဟုတ်တာတော့ သေချာသည် ။ သို့ပေမဲ့ . . . လေးနာရီခွဲအထိ အတန်းမရှိ။ သည်အချိန် နောက်ဆုံးအချိန်မှန်း သေသေချာချာသိ၏။ သည် နေ့က အစောကြီးပြီးသည့်နေ့။

"ယွန်းယွန်း ဘယ်မှာ လဲ"

ရင်ထဲ ထိတ်ခနဲဖြစ်ကာ မျက်နှာထားနှင့်မေး၏။ ကောင်မလေးနှစ်ယောက် မျက်နှာမှာ သွေးတွေ ရုတ်တရက်ခန်းသွားသည် ။

"ဟို .. ကောင်းကောင်း နေမကောင်းလို့ အဆောင်မှာ သွားအိပ်နေတယ်"

ပိုင်ဆု ဒေါသတောင်းခန့်ထ၏။ နဂိုကတည်းက စိတ်ရှုပ်နေရသည့်အထဲ၊ ဒီကောင်မလေး နှစ်ယောက် ညာတာသေချာသည် မို့ စောစောက ဒေါသနှင့်ပေါင်းကာ လက်သီးနှင့် စွတ်ထိုးချင်စိတ် ပေါက်လေ၏။

"ယွန်းယွန်း ဘယ်မှာ လဲ"

ယွန်းယွန်း တစ်ယောက် မဟုတ်တာတစ်ခု ခုလုပ်နေပြီမှန်းတန်းခနဲ သိသည် ။

"အဆောင်"

"ယွန်းယွန်း ဘယ်မှာ လဲလို့ မေးနေတယ်"

"နေမကောင်းလို့ "

"ယွန်းယွန်း ဘယ်မှာ လဲ"

ဒေါသသံက ဟိန်းထွက်၏။ ကောင်မလေး တွေ မညာဝံ့တော့ပါ။ ခါတိုင်း သူ့ကို နောက်သမှု ပြောင်သမှု ရှက်ကိုးရှက်ကန်းနှင့် ငြိမ်နေတတ်သူ၏ မျက်နှာက လူသတ်တော့မည့်အတိုင်း ။ ကိုပိုင့် ကို သည် လိုမျက်နှာမျိုးနှင့် တစ်ခါမှ မတွေ့ဖူးပါ။

"အင်း . . . အင်းလျားထဲ သွားပါတယ်"

"ဘယ်ကောင်နဲ့ ချိန်းတွေ့သလဲ"

သည် မေးခွန်းကို မေးချဖို့ ကြိုတင်စီစဉ်မထားပါ။ ရင်ထဲ နှင့်ဦးနှောက်တို့ မည်သို့မည်ပုံ ညှိနှိုင်း ကြသည် မသိ။ နှုတ်ဖျားမှ တန်းခနဲ မေးချဖြစ်သည် ။

"သူငယ်ချင်း . . ."

"ဘယ်ကောင်နဲ့ ချိန်းတွေ့သလဲဆိုတာပြော"

"ဘိုဘိုမြင့်ထွန်း"

ပိုင်ဆု ဝတ်ရည်နှင့် ခက်ခက်နိုင်ကို စူးခနဲ တစ်ချက်ကြည့်လိုက်သည် ။ ငါသာမြွေပွေးဆို ရင် နင်တို့ ကို ပေါက်သတ်ခဲ့ပြီ ဆိုသည့်စကား ကို အကြည့်စူးဖြင့် သရုပ်ဖော်ခဲ့၏။ ချာခနဲ လှည့်ကာ လှေကားထစ်တွေကို နှစ်ထစ်ကျော်၍ ခုန်ခုန်ဆင်းခဲ့သည် ။ သူ့ကမူးရှူးထိုးအပြုအမူကို ကျောင်းသား တွေတအံ့တသြဖြစ်ကျန်ရစ်တာတောင် ရှက်မနေနိုင် ဆင်ခြင်မနေနိုင်။

ဘိုဘိုမြင့်ထွန်း . . . .တဲ့ ။

ဒီကောင့်ကို သိပ်သိတာပေါ့။ အရှက်မရှိ မျက်နှာရှူး၊ ယွန်းယွန်းဆိုရင် အသေရရ အရှင်ရရ။ အခုတုန်းကတော့ . . .

"အရှက်မရှိ သိပ်ချွဲတာ ကိုပိုင်ရဲ့ ၊ ယောကျ်ားဖြစ်ပြီး မျက်ရည်ကလည်း လွယ်ပေါ့၊ မိန်းကလေး တွေအနားမှာ ကပ်ကပ်ပြီး ပလီစီ ချောက်ချက်တွေ ပြောဖို့ နည်းနည်းမှ မရှက်ဘူး"

"နာမည်ကသာ ဘိုဘို၊ လူက ကပ်ပလီ၊ ကပ်ကပ်ပြီးပလီလွန်းလို့ လေ" တဲ့ ။ အစက ယွန်း ယွန်း ပြောခဲ့ဖူး၏။ ခုတော့ ကပ်ပလီနှင့် အင်းလျားသွားသတဲ့ ။ပိုင်ဆု သဘောသာဆိုလျှင် ကပ်ပလီ တို့ တောင် မခေါ်ချင်ပါ။ ပလီပဲ ခေါ်ချဖြစ်မည်ထင်သည် ။

ကားပေါ်တက်၊ ဦးကနဲမောင်း၊ စီးပွားရေးတက္ကသိုလ်ဘက်မှ ထွက်ကာ အင်းလျားလမ်းသို့ ပြန်ချိုး၊ ကားနှင့်သွားရသည် ကိုပင် ကြာသည် ထင်၍ ဆင်းပြေးရကောင်းမလားတွေးမိသည် ။

"ဟော . . .

ယွန်းယွန်း လွယ်အိတ်ကလေးလွယ်လျက် မပြေးရုံတမည်လျှောက်လာနေသည် ။

ခေါင်းငိုက်စိုက်နှင့်မို့ ကားဝင်တိုက်လျှင်

ဘောင် သိလိုက်မှာ မဟုတ်

"ယွန်းယွန်း . . ."

အနားမှာ ကျွီခနဲ ဘရိတ်အုပ်သံနှင့်၊ မိုးကြိုးပစ်သလောက် ခက်ထန်သည့် ခေါ်သံနှင့်၊ မီးပွင့် တော့မည့်မျက်လုံးများ နှင့် ကိုပိုင်ကို ယွန်းယွန်း ရုတ်တရက်တွေ့လိုက်ရသည် ။ ပိုင်ဆုကားပေါ်မှ ဒရောသောပါးဆင်းသည် ။ ဘေးချင်းယှဉ်ရပ်၏။

"ဘာဖြစ်လာတာလဲ . . . ပြော"

ယွန်းယွန်း ကိုယ်ကလေး ဆတ်ခနဲ တုန်သွားရသည် ။ တစ်သက်လုံးက ခံပက်လာပေမယ့် ကိုယ်က အပြစ်ရှိသည့်အခါမှာ လူတကာကို ကြောက်ရ၏။ ခေါင်းငုံ့ဆဲက မျက်ရည်စတွေ အီခနဲ ဝိုင်းလာသည် ။ ယွန်းယွန်း ကိုယ်လေး ဆတ်ခနဲတုန်သည် အထိ ကြောက်သွား

ပ ့လေ း မ ၂ ာ ယွန်းယွန်း ၏

တစ်သက်တာအတွင်း တစ်ခါမျှ မတွေ့ဖူး မမြင်ဖူးရသည့် ပုံစံပါ။

မည်သူ့ကိုမျှ အကြောက်အလန့်မရှိဘဲ ထင်ရာစွတ်တင်တတ်သူလေး၏ အပြစ်ရှိစွာ ခံစားလိုက်ရပုံက ပိုင်ဆု ရင်ထဲ နင့်ခနဲဝင်၏။ ဒေါသတွေ လျှောကနဲ ပြေကျသွားရတော့သည် ။ လည်ပင်း ညှစ်သတ်ပစ်လိုက်ချင်စိတ်က လွင့်ခနဲပျောက်၏။ သနားစရာကောင်းသည့် ညီမလေး၊ ဘယ်လို အဖြစ်ဆိုးနှင့်များ ကြုံလာသလဲ။

"ကိုကို့ကိုပေး"

ယွန်းယွန်းလက်ထဲမှ လွယ်အိတ်ကလေးကို လှမ်းယူသည် ။ တက္ကသိုလ်ကျောင်းသူဖြစ်မှ သည် အကျင့်ပျောက်သွားတာ။ ယွန်းယွန်း ဆယ်တန်းအထိ ကျောင်းကြိုပို့သူက သူ့လွယ်အိတ်ကို လွယ်ပေးရမြဲပါ။ ယွန်းယွန်း တံတော

င်ဆစ်လေးကို အနူးညံ့ဆုံးတွန်း၍ ကားထဲသို့ဝင်စေ၏။ ပွေ့တင်လိုက်ချင်စိတ်ပင်ဖြစ်သည် ။

ကားပေါ်မှာ ယွန်းယွန်း ခေါင်းငုံ့လျက် မျက်ရည်ကျနေသည် ။ ဘာတွေ ဘယ်အထိ ဖြစ်လာ သလဲ . . . ဟူသည့်အတွေးက ပိုင်ဆု ရင်ထဲ မီးထက်ပူ၏။ ယွန်းယွန်းကို တစ်ချက်လှည့်ကြည့် ရာတွင် နေကိုကြည့်ရတာထက် စူးစူးကျိန်းကျိန်း ဖြစ်၏။ ကားကို မောင်းထွက်ရာတွင် ခွန်အားမပါ။ တစ်ကိုယ်လုံးတွင် ရှိသမျှခွန်အားတွေ အကုန်လုံး ပျောက်ဆုံးသွားသည် ။

ကားအရှိန် ကနေးလိုက်မြန်လိုက်။ စတီယာရင်ကို ကိုင်လို့မှ ကိုင်မိမှန်းမသိ။

“ယွန်းယွန်းသာ တစ်ခုခုဆို လူသတ်ပြီးမှ ကြိုးစင်တက်မယ်”

အတွေးဆုံးတော့ မေးကြောကြီးတွေ တင်းနေသည် ။ ရှေ့တူရူသို့ ကြည့်နေပေမယ့် ဘာကိုမှ မမြင်ပါ။ ကားမောင်းတတ်သူ၊ ခမောင်းနေကျမို့သာ လက်တွေခြေထောက်တွေက အလိုအလျောက် လှုပ်ရှားခြင်း ဖြစ်၏။

“ယွန်းယွန်း ဘာမှ မဖြစ်ခဲ့ပါဘူး ကိုပိုင်၊ ကားကိုဂရုစိုက်မောင်းပါနော်”

တိုးလျှိုးသံလေး ထွက်လာသည် ။ ကိုယ့်စိတ် ကိုယ်ကား မောင်းသည့်အလုပ်ထဲ ပြန်ဆွဲနှစ် ရလေ၏။ ဟူး . . . တော်ပါသေးရဲ့ ၊ ဘာမှ မဖြစ်ခဲ့ဘူးဆိုပဲ။ ခုနေခါ . . .

“ယွန်းယွန်း မှားသွားပြီ ကိုပိုင်၊ ယွန်းယွန်း ဘဝဆုံးပါပြီ ” ဆိုသည့် ဝါကျလေး တစ်ကြောင်း လောက်သာ ထွက်လာကြည့်၊ ရှေ့တည့်တည့်မှ ကားကို ခေါင်းချင်းဆိုင်ပစ်လိုက်မိမည်ထင်သည် ။ ယွန်းယွန်းနှင့်ပတ်သက်၍ သည်မျှလေးနက်လွန်းနေမှန်း ကိုယ့်စိတ်ကိုယ် သတိမထားမိခဲ့ပါ။ ယခု ထက်တိုင်လည်း မှတ်မှ

တ်ရရမဖြစ်။

ကားကို မှန်မှန်ပဲ မောင်းလာခဲ့တော့သည် ။ အိမ်သို့သာ ရောက်ခဲ့ပြီ၊ မောင်နှမနှစ်ယောက် စကားတစ်ခွန်းမျှ ထပ်၍ မဆို ဖြစ်တော့ပါ။ ကားကို ပေါ်တီကိုအောက်တွင် ရပ်၊ တံခါးဖွင့် ဆင်း၊ ခေါင်း ပိုင်းက ပြန်တွေ့ လာပြီးမှ ယွန်းယွန်းဘက်တံခါးကို ဖွင့်ပေး။

လက်ဖျားလေးကို လှမ်းကိုင်၍ တွဲ၏။ သည် လိုကိုင်တွယ်ရသည် အခါ ရင်ခုန်ခြင်း ဆိုလို့ တစ်ခါမျှမဖြစ်ခဲ့ပါ။ အတူနေခဲ့တာ ယွန်းယွန်းတစ်သက်။

သည် နေ့ကျမှ ရင်ထဲလှုပ်ခနဲခုန်သည် ။ ယွန်းယွန်း ညက်ညောပျော့ပျောင်းစွာ ပါလာ၏။ အပေါ်ထပ်သို့တက်သည့် လှေကားကြီး၏ အောက်ဆုံးထစ်နားမှာ ယွန်းယွန်း လွယ်အိတ်ကို ပြန်ပေး သည် ။

"သွားတော့ ယွန်းယွန်း၊ နားလိုက်ဦး" ဟု စိတ်ထဲမှ ပြောသည် ။ အသံတွေ ဘယ်ရောက်ကုန် ပြီလဲ၊ ပျောက်ဆုံးသွားသည့် ခွန်အားတွေ ထဲမှာ အသံပါရောပါသွားသလား။ ယွန်းယွန်း အသွားကို မစောင့်တော့ဘဲ ကျောခိုင်းခဲ့၏။ ကိုယ့်အိပ်ခန်းထဲရောက်တော့ အဝတ်တောင်မလဲနိုင်၊ အိပ်ရာပေါ်မှာ ခြေကားရား လက်ကားရားပစ်လှဲချသည် ။

ရင်ထဲမှာ မုန်တိုင်းဝင်မွှေနေသည် ။ ဘယ်လိုမုန်တိုင်းမျိုးလဲ အမျိုးအမည်ဖော်၍ မရ။ ရင်ဘတ် ကြီးတစ်ခုလုံး ဖြောင်းဆန်နေတာသိသည် ။ ရင်ထဲမှာ ယွန်းယွန်းပဲရှိသည် ။ ယွန်းယွန်း ဘာတွေလုပ် လို့ ဘာတွေဖြစ်ခဲ့ပြီလဲ။

ဖြောင်းဆန်နေသည့် ရင်ဘတ်ကြီး ကွဲထွက်ကာ ရင်ထဲမှ ကလီစာတွေ တစ်စစီလွင့်ကုန်လျှင် တောင်လိုက်ကောက်ဖြစ်မည်မထင်ပါ။

စိုးစံကိစ္စကိုတောင် မေ့သွားရသည် ။ ပထမဆုံးအတွေးက ယွန်းယွန်း၊ ဒုတိယအတွေးက ယွန်းယွန်း ၊တတိယအတွေးက ယွန်းယွန်း။

"ချစ်စရာဆိုလို့ ဒီညီမလေးတစ်ယောက်ပဲရှိတယ်"

*

ယွန်းယွန်းရင်ထဲမချိပါ။

"ကိုပိုင် ဘယ်လိုထင်သွားပြီလဲ၊ ဝတ်ရည်တို့ မိခက်တို့ နဲ့ တွေ့ပြီးလို့ လိုက်လာတာပဲ ဖြစ်မယ်၊ ဘာဖြစ်ခဲ့သလဲ ပြော . . . လို့ မိုးကြိုးပစ်သံကြီးနဲ့ မေးပြီးကတည်းက ဘာမှ မပြောဘဲ တိတ်သွားလိုက် တာ၊ ယွန်းယွန်း ဒီလောက်မမိုက်ပါဘူး ကိုပိုင်ရယ်၊ ဒါပေမဲ့ နည်းနည်းတော့ မိုက်ပါတယ်၊ မေမေ့ကိုများ သွားတိုင်ပြောနေမလား။ကြိုက်တာဝတ်၊ ကြိုက်တာစား၊ ထင်သလိုသုံး၊ ဖြန်းရမှ ကျေနပ်မယ်ဆိုရင်လည်း တဝကြီးဖြုန်း၊ မိုက်မယ်တော့ မကြံနဲ့ ၊ လမ်းပေါ်မှာ တစ်စစီ ပုံကျနေရင်တောင် လိုက်မကောက်ဘူး . . .တဲ့ ၊ မေမေ ပြောဖူးတာ"

မေမေက သမီးကိုချစ်ရာ၌ အဆုံးစွန်ထိ အလိုလိုက်ခဲ့၏။ ဆိုးချင်သလောက်ဆိုးစမ်း၊ တစ်စက်ကလေးမျှ အပြုံးမပျက်။ ကျောင်းနေစဉ်မှာ ကျောင်းသူတစ်ယောက် မလုပ်သင့်မလုပ်ထိုက် တဲ့ အလုပ်တွေ လုပ်ရင်တော့ နည်းနည်းလေးမှ ခွင့်မလွှတ်ဘူး . . . တဲ့လေ။

"ဘွဲ့ရထားပြီး အလုပ်မလုပ်ဘဲနေလို့ မိန်းမဖျင်းကြီးအဖျင်းကြီးမမှတ်နဲ့ ၊ သမီးကို ရင်အုပ်မကွာ အမြဲနီးကပ်နေချင်လို့ . . .

"သမီးကို ဒီလောက်အလိုလိုက်နေတာ၊ မိခင်ကို တရင်းတနှီးနဲ့ သူငယ်ချင်းပေါင်း ပေါင်း

စေချင်လို့ . . .

"သူငယ်ချင်းတွေကမှ သုံးလေးငါးနှစ် ပေါင်းရတာ၊ သူငယ်တန်းကတည်းက ပေါင်းခဲ့တဲ့ သူငယ်ချင်းတောင် မေမေ့လောက် မရင်းနှီးဘူး . . .

"မေမေက သမီး သူငယ်တန်းမတက်ခင် မွေးကတည်းက ပေါင်းလာတဲ့ သူငယ်ချင်း၊ သေတဲ့ အထိ ပေါင်းသွားရမယ့် သူငယ်ချင်း" . . . တဲ့။

ထားပါတော့။ ကိုယ့်မှာ အပြစ်ကလေးက နည်းနည်းပဲရှိတာ၊ မေမေ့ကို တိုင်လည်း ရှင်းပြရ ပေါ့။ ဒါကို ဒီလောက်ကြောက်နေတာလည်း မဟုတ်ပါဘူးလေ။

ဘယ်ညာ ယူးလိုမ့်ထားသည် မို့ အိပ်ရာခင်းကြီး တစ်ခုလုံးကြွေမွလိမ်တွန့်နေ၏။ ခုလောက် ဆို ကိုဆက်ကျောင်းမှာ သွားကြိုနေမှာ ပဲ၊ ကိုဆက် ကားမဟုတ်ဘဲ ကိုပိုင့်ကားခင်တာ တာမို့ သမီးပါလာမှန်း မေမေ မသိသေးဘူးထင်တယ်၊ ဒါကြောင့် အခန်းထဲ ဝင်မလာတာနေမှာ ။

ယွန်းယွန်း အခန်းထဲမှ ထွက်လာသည် ။ ဟိုသည် ချောင်း၍ မေမေ့ကို ရှာသည် ။ မတွေ့ ။ မေမေ ဘယ်များ သွားနေပါလိမ့်။ အောက်ထပ်သို့ ဆင်းလာခဲ့သည် ။ ကိုပိုင့်ကိုကြည့်၏။ မတွေ့။ ကိုပိုင့် အခန်းဝမှာ သွားရပ်တော့ ပိတ်မထားသည့် တံခါးမှ တစ်ဆင့်ကြည့်တော့၊ ခုတင်ပေါ်ပိုးလို့ ပက်လက် လန်နေသည့်ကိုပိုင်။

"ကိုပိုင် . . ."

ပိုင်ဆု ဆတ်ခနဲခုန်ထသည် ။

"စကားနည်းနည်းပြောချင်လို့ ဧည့်ခန်းကို ခဏလာပါနော်"

လေသံတွေက ဘာကြောင့်မှန်းမသိ ပျော့

ပျောင်းလွန်းနေသည် ။ ပိုင်ဆု ထွက်လာ၏။ ဧည့်ခန်းမှာ လာထိုင်သည် ။ ယွန်းယွန်း တွန့်တွန့်ဆုတ်ဆုတ်ကလေးနှင့် ပိုင်ဆုဘေးမှ ကုလားထိုင် တွင် ဝင်ထိုင်၏။

ပိုင်ဆုက ရှေ့သို့ငေးကာ ယွန်းယွန်းက ခေါင်းငုံ့နေ၏။

ဘာကြောင့် ငိုချင်နေမှန်းမသိပါ။ ငိုစရာအကြောင်းလည်း မရှိပါဘဲ။

"ယွန်းယွန်းဘာမှ မဖြစ်ခဲ့ပါဘူး ကိုပိုင်"

သည် စကားကို ထပ်ပြောဖြစ်သည် ။ ကိုပိုင် ယုံစေချင်လွန်းလှ၏။ ကိုပိုင် မယုံမှာ ကိုသိပ်ကြောက်နေမိ၏။

"ယွန်းယွန်းလေ ..."

အကြည့်ခိုးနှင့် လှစ်ခနဲအမော့ ... ရှေ့တည့်တည့်သို့သာ ငေးနေသည့် ကိုပိုင့်ကို မျက်ရည် တွေကြားမှ ဝိုးတဝါးတွေ့ရသည် ။ မဒီသနို့လွန်းလှသည် ။ ကိုပိုင့်ကို ခုလို ဝိုးတဝါးမြင်ရ ကသည် ကို ပင်အဝေးကြီးဝေးနေရသလို ဆွတ်ဆွတ်ကျင်ကျင် ခံစားရသည် ။

ကိုပိုင်ရယ်။ ယွန်းယွန်းလေ ဘာမှ မဖြစ်ခဲ့ပေမယ့်၊ တစ်ခု ဖြစ်ခဲ့ပါတယ် ရှင်မှာ ဝန်ခံလိုက်ချင် သည် ။ အဲဒါက ဘာလဲဆိုတော့ ယွန်းယွန်းလေ ဒီနေ့ပဲ ကိုပိုင့်ကို ... ကိုပိုင့်ကို သိပ်ချစ်သွားမိပါပြီ ကိုပိုင်ရယ် ... ဆိုသည့် စကားကို ဘယ်လိုပြောထွက်နိုင်ပါ့မလဲ။ ပြောဝံ့နိုင်ပါ့မလဲ။

"ကိုပိုင် ... ယွန်းယွန်းလေ ... ရည်းစားထားတာမဟုတ်ပါဘူး၊ ယွန်းယွန်း လက်ခံသေး တာ မဟုတ်ပါဘူး"

ကြားမှ ကြားရဲ့ လား ကိုပိုင်ရယ်၊ ယွန်းယွန်းကို မုန်းရာကနေ စိတ်ပျက်စိတ်ကုန်၊ လုံးဝ

လျှစ်လျူရှုလိုက်ပြီလား၊ ယွန်းယွန်း အမိုက်မကို လှည့်တောင်မကြည့်ချင်တော့ဘူးလား။ မျက်ရည် စတွေစီးကျသည် ။ ကိုပိုင် သုတ်မပေးပါ။

"ယွန်းယွန်းက တစ်ခါမှ လည်း မျက်နှာသာမပေးခဲ့ပါဘူး၊ ဒီနေ့ စိတ်ညစ်နေသလိုလိုဖြစ်တာနဲ့ ၊ သူရောက် လာပြီး ခါတိုင်းလိုတွေ့ကရာတွေ လာပြောပြီး အင်းလျားမှာ ဘူးသီးကြော် လိုက်စားပါ အတင်းခေါ်လို့ "

သည် စကားတွေ အမှန်ဆိုတာ ကိုပိုင်ယုံအောင် ဘယ်လိုပြောရပါ့မလဲ။

ဘူးသီးကြော် ကောက်ဝါးတော့ အရသာမတွေ့။ ခုတလော ယွန်းယွန်း စိတ်ညစ်နေတာကြာပါပြီ။ ဟိုတစ်ခါ ရေစင်ကြီးပေါ်က နေခုန်ချကတည်းကပေါ့။ ယွန်းယွန်းကိုများ ချော့ခေါ်မလား လို့ မျှော်လင့်အားကိုးထားခဲ့သမျှ ကိုပိုင်က ရဲရဲသာခုန်ချလိုက် . . . ပို့ ရောင်ရောက်ခဲ့ခြက် ပြောတော့၊ ကိုပိုင် ယွန်းယွန်းကို အရမ်းမုန်းပြီ ဆိုတာ သိလိုက်ရကတည်းက ကိုပိုင့်ကိစ္စတွေထဲ ယွန်းယွန်း ကိစ္စတွေထဲ ယွန်းယွန်း ဝင်မရှုပ်တော့ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

ရှုပ်မိတဲ့ အပြစ်အတွက် ယွန်းယွန်း ဒဏ်ခံတာပါ။ ကိုပိုင်နဲ့ သက်မာကို လက်ကိုင်ပဝါတွေနဲ့ မာတ်ရိုက်ပြီး ကွဲအောင်ခွဲဖို့ အကြံအစည်ကိုလည်း လုံးဝ စွန့်လွှတ်လိုက်ပါတယ်၊ အဲဒီစိတ်ပုပ်ကလေး ကျေအောင် ယွန်းယွန်း ခြေကျိုးခံတာပါ ကိုပိုင်ရယ်။

ထိုင်နေရင်း အရမ်းစိတ်ညစ်တာနဲ့ ရေစပ်ကို ဆင်းသွားပါတယ်၊ တစ်ယောက်တည်းပါ။

ရေစပ်မရောက်ခင် ကန်းမြင့်လေး ဖြစ်ပြီးမှ ပြန်နိမ့်သွားလို့ ယွန်းယွန်းမျက်ရည်ကျရင်

တောင် သူများ မမြင်အောင် အဲဒီနေရာလေးမှာ သွားထိုင်တာပါ . . .

ဘိုဘို လိုက် လာပြီး ယွန်းယွန်း သူ့ဘက် စိတ်ပါတယ် ထင်သလားမသိပါဘူး ကိုပိုင်ရယ်၊ နောက်ကနေ လာဖက်တာနဲ့ ယွန်းယွန်း အတင်းရုန်းပြီး ပါးရိုက်ပစ်ခဲ့တာပါ။ ယွန်းယွန်း ချက်ချင်း ပြန်ပြေးလာခဲ့တာပါ။

မိန်းကလေးတစ်ယောက်ကို အခွင့်အရေးလေး တစွယ်တစရတာနဲ့ ငါ့ယောက်ျားပဲဆိုပြီး ရှိသမျှ အခွင့်အရေးတွေ သိမ်းကျုံးယူပစ်လိုက်တတ်တဲ့ လူစားမျိုးဟာ ကိုယ်ကျိုးရှာ ကိုယ့်တက် ကိုယ်ယက်၊ ကိုယ်ဖို့ တစ်ဖို့ တည်းသိတဲ့ အလကားလူ၊ နှမချင်းစာနာစိတ်မရှိ၊ အကြင်နာကင်းပြီး ရက်စက်ဖောက်ပြားတတ်တဲ့ သူဆို ယွန်းယွန်း သိလိုက်ပါတယ် ကိုပိုင် . . .

သူဟာ ယွန်းယွန်းကို ချစ်တယ်လို့ အမြဲပြောပါတယ်၊ ယွန်းယွန်း အချစ်[illegible] အတွက် ငိုပြဖို့ လည်း ဝန်မလေးတဲ့ သူပါ၊ ဒါပေမဲ့ အခွင့်အရေးသမား။ မိဘတွေကိုယ်တိုင်က သဘောတူကြည် ဖြူလို့ အခွင့်အရေးမှန်သမျှ လက်လှမ်းမီနေတဲ့ ကိုပိုင်က ယွန်းယွန်းကို မုန်းတယ် . . . မုန်းတယ် ပြောနေတဲ့ ကြားက . . .

ညှာတာတာ၊ စာနာတာ၊ ကြင်နာတာ ကိုပိုင်ရဲ့ ယောက်ျားပီသတဲ့ စိတ်ဓာတ်ကို ယွန်းယွန်း လေးလေးစားစား ကြည်ညိုသွားရပါတယ် . . .

အသံတိတ်ဖြေရှင်းချက်တွေကို ကိုပိုင် ဘယ်လိုကြားနိုင်ပါ့မလဲ၊ ဖွင့်ပြောရှင်းပြဖို့ လည်း ယွန်းယွန်းမှာ ခွန်အားမရှိပါဘူး၊ ယွန်းယွန်း ရင်ထဲမှာ နည်းနည်းလေးမှ မချိပါဘူး၊ ကြေကွဲဆို့နင့်ပြီး ယူကြုံးမရဖြစ်နေရပါတယ် . . .

ဘာဖြစ်လို့ လဲဆိုတော့ ကိုပိုင့်ကို ယွန်းယွန်း သိပ်ချစ်လွန်းလို့ ကိုပိုင့်ဆန္ဒတွေ အကောင်အထည်ဖော်ပေးဖို့၊ ကိုပိုင့်ကို အပြီးတိုင် စွန့်လွှတ်တော့မှာ မို့ပါ။

ပြောချင်တာတွေ အများကြီးပေမယ့် ပြောမထွက်ပါ။

"ကိုပိုင်"

သည် နာမည်ကိုပဲ ထပ်တလဲလဲ ခေါ် ဖြစ်၏။

"ကိုပိုင်နဲ့ မမသက်မာတို့ ကြားထဲမှာ ယွန်းယွန်း ဝင်မရှုပ်တော့ပါဘူး၊ ဖေဒင်ဆရာနဲ့ လည်း ဆက်မရိုက်ပါဘူး . . .

"ဖေဖေက ယွန်းယွန်း သဘောကို မေးတော့ ကိုပိုင်နဲ့ မမသက်မာကို မုန်းလို့ မနာလိုလို့ ဖေဖေ့ သဘောလို့ ပြောခဲ့မိတာ ကိုလည်း တောင်းပန်ပါတယ် . . .

"ယွန်းယွန်း ဖေဖေ့ကို ရအောင်ဖျောင်းဖျပေးပါ့မယ်၊ မမသက်မာနဲ့ အဆင်ပြေဖို့ ယွန်းယွန်း ပြောပေးပါ့မယ် . . .

"ကိုပိုင် ဘိုဘို့ကို ယွန်းယွန်း ပြန်မချစ်ပေမယ့်၊ သူက ချစ်တယ်ဆိုတာကို ယုံခဲ့မိပါတယ်၊ ယွန်းယွန်းကို ချစ်တယ်ဆိုတဲ့ သူက . . .

"ယွန်းယွန်းကို မညှာဘူး၊ ယွန်းယွန်းကို မုန်းပါတယ်ဆိုတဲ့ ကိုပိုင့်ဆီမှာ ကျတော့ အကြင်နာ တွေအများကြီးရပါတယ် . . .

"ကိုပိုင့် ကိုယွန်းယွန်း လေးစားပါတယ်၊ ကိုပိုင်နဲ့ မမသက်မာတို့ ကိစ္စ အဆင်ပြေအောင် ယွန်းယွန်းမဆိုးတော့ပါဘူး . . .

"ယွန်းယွန်းကို ခွင့်လွှတ်တယ်ဆိုရင် ဟိုတုန်းက ခင်မင်မှုမျိုးလေးတွေ ပြန်ပေးပါ ကိုပိုင်၊ ယွန်းယွန်းကို စကားပြောပါ၊ ယွန်းယွန်း တောင်းပန်ပါတယ်"

အင့်ခနဲ ရှိုက်သံထွက်မလာအောင် ကျိတ်ဟင်းထားရသည် မို့ ယွန်းယွန်း အသက်ရှူလို့ပင် မဝပါ။ ခေါင်းမော့ကာ ကိုပိုင့်ကို တွယ်တာလွန်းစွာ ကြည့်မိ၏။ ကိုပိုင့်အပေါ် တွယ်တာမိသည့် သံယောဇဉ်ကြိုးတွေ အထပ်ထပ် ရစ်ပတ်တွယ်နှောင်နေမိမှန်း ဒီနေ့ကျမှ တိတိကျကျ သိရသည် ။ ဒီနေ့ပဲ အကုန်လုံးကိုဖြေလျှော့ပေးလိုက်ရပါပြီ။

ဘယ်သူ့ ရင်ထဲ မချိတင်ကဲ မဖြစ်ဘဲနေမလဲ။

မျက်ရည်ကြားမှ ဖြတ်၍ ငေးနစ်စွာ ကြည့်နေမိသည် ။ ရိုးသား၍ ကြင်နာတတ်သော ယောကျ်ားကောင်းတစ်ယောက်၏ ပုံရိပ်သည် မျက်ရည်တွေကို ဖြတ်သန်းလာရပေမယ့် မျက်ဝန်းမှ တစ်ဆင့် နှလုံးသားတွင်းဆီထိတိုင် ရှုးဝင်နစ်မြုပ်လေ၏။

"ယွန်းယွန်း မဆိုးတော့ပါဘူး

ပိုင်ဆု တဖြည်းဖြည်း လှည့်လာသည် ။ ဒီမိမိုးမလိမ်မာပေမယ့် နွဲ့ဆိုးနင့်သာ အနိုင်ယူတတ် သူ၊ သဘောဖြူအူစင်းလေးကို သနားစရာတွေ့လေ၏။

"ညီမလေးရယ်" ဟု ခေါ်ကာ ကျုံးပွေ့လိုက်ချင်သည် ။ ငယ်စဉ်ကလို ပခုံးပေါ်ထမ်း၍ ချော့လိုက်ချင်သည် ။ ဒီအရွယ်ကြီးတွေ၊ သူစိမ်းမောင်နှမမို့ မသင့်တော်ပါဘူးလေ။ ပိုင်ဆု သက်ပြင်းမောကိုချ၏။

"မငိုပါနဲ့ ကွာ"

ပြောကာမှ မျက်ရည်တွေက သွန်ချလိုက်သလားထင်ရသည် ။

"ကိုကို ဒီနေ့ စိတ်လည်း သိပ်ရှုပ်နေလို့ ပါ။ ယွန်းယွန်းအတွက်တင် မဟုတ်ပါဘူး၊ တခြားစိတ် ရှုပ်စရာတွေလည်း အများကြီးဖြစ်တာယ်"

ဪော် . . . မမသက်မာနဲ့ အဆင်မပြေဘူး ထင်ပါရဲ့ ၊ ကိုပိုင်ရယ် . . . မမသက်မာဟာ ကိုပိုင့်ကို တကယ်ချစ်တဲ့ သူမဟုတ်လို့ ယွန်းယွန်း သဘောမတူတာပါ . . . ဟူ၍ မပြောချင်တော့ပါ။

"ဒါကြောင့်ပါကွာ . . . ယွန်းယွန်းကို စိတ်ဆိုးလို့ မဟုတ်ပါဘူး၊ ကိုယ့်ညီမလေးပဲ ကိုယ်မချစ် ဘဲ နေပါ့မလား၊ တိတ် တိတ်၊ နောက်ကိုလည်း ဆိုးချင်သလောက်ဆိုး ဟုတ်ပလား"

ယွန်းယွန်း ခေါင်းလေးပြန်ငုံ့၏။ ကိုပိုင် မချစ်ရင်နေပါစေ၊ မမုန်းဘူးဆိုရင်ပဲ ယွန်းယွန်း ဝမ်းသာလွန်းရလှပါပြီရှင်။

"ဟောကြည့် . . . ပြန်ရောက်နေပြီ"

မေမေက ရင်ဘတ်ကိုဖိသည် ။

"မေမေဖြင့် ကျောင်းမှာ သွားကြိုနေလိုက်တာ တစောင့်စောင့်နဲ့ ၊ ဟင် . . . မျက်ရည်တွေနဲ့ ပါလား၊ ကိုပိုင့်ကို စိတ်ကောက်ပြန်ပလား"

ပိုင်ဆုက ထိုင်နေရာမှ ထ၍ ဧည့်ခန်းဝမှာ ရပ်နေသည့် ဒေါ်ခင်ဆွေလေးထံ လျှောက်လာသည် ။

"ကျွန်တော် ဝင်ကြိုခဲ့တာပါ"

"ပြောရောပေါ့ကွယ်၊ ခုတော့ . . . ခါတိုင်း စောင့်နေကျနေရာမှာ လည်း မရှိ၊ ကျောင်းပေါက် ကြည့်တော့လည်း မတွေ့၊ မှန်ထူသွားတာပဲ၊ ငယ်ထိပ်ကို မြွေပေါက်သလားထင်မိတယ်"

"ကျွန်တော် ကိစ္စလေးတစ်ခုရှိလို့ အဲဒီဘက်ကြုံတာနဲ့ ယွန်းယွန်းကို ဝင်ကြိုလိုက်တာပါ၊ ဒီနေ့ စောစောပြီးမယ်မှန်းလည်း သိ . . . အဲ . . . ထင်လို့ "

"ခုမှ ပဲ အပူလုံးကြီးကျသွားတယ်၊ စောစောကဖြင့် လည်ချောင်းဝမှာ ကို ပူနေတာပဲ၊

မေမေ့ ရေတိုက်ကြစမ်းပါဦး၊ အေးအေးလေး တစ်ခွက်လောက်"

ယွန်းယွန်း ကမန်းကတန်းထကာ ရေခဲသေတ္တာထဲမှ ရေတစ်ပုလင်းနှင့် ဖန်ခွက်တစ်လုံးယူ လာ၏။ ဒေါ်ခင်ဆွေလေး အဆင်သင့် သောက်နိုင်ရန် ငှဲ့ပေးသည် ။

"တယ်လိမ္မာနေပါလား သမီးရဲ့ ၊ ကိုယ့်အစ်ကိုတွေကို စိတ်ကောက်တာနဲ့ ဗိုလ်ကျတာတစ်ခုပဲ ဆိုးနေသေးတယ်"

"ခုပဲ အဲဒါပြောနေရတာ မေမေရဲ့"

ပိုင်ဆုက ရယ်ရယ်ပြုံးပြုံးနှင့်မို့ ဒေါ်ခင်ဆွေလေး စိတ်ထဲ နည်းနည်းတော့ အေးသွားရသည် ။ ရေခဲရေကလည်း တစ်ကိုယ်လုံးရှိသွေးကြောမျှင်များကို ဖြာခနဲ စိမ့်ခနဲ ချမ်းမြေ့အေးငြိမ်းသွားစေဟန် တူ၏။

"ခု . . . ဘာဖြစ်လို့ ငိုရတာတဲ့ လဲ"

ပိုင်ဆုဘက်သို့ လှည့်မေးသည် ။ ပိုင်ဆုက သူတို့ သားအမိကို တစ်လှည့်စီကြည့်ကာ ပြုံးပြ၏။

"မေမေ့ သမီးက စိတ်ကောက်ပုံနည်းပြောင်းလိုက်တာပါ မေမေရဲ့ ၊ အရင်တုန်းက စိတ်ကောက်ရင် အပေါ်ယံကြောမို့ ဆောင့်အောင့်လုပ်တာ၊ ခုစိတ်ကောက်တာ အကြေကောက်ခေါ် တယ် မေမေရဲ့ ၊ အကောက်သေးသေးလေးတွေ အများကြီးစုထားတဲ့ အကောက်၊ ဟင်း ဟင်း . . . ယွန်းယွန်းတို့ များ စိတ်ကောက်တာတောင် ခေတ်မီတယ်၊ အကြေကောက်လေးနဲ့ "

မေမေက ပြုံးသည် ။

"လာ . . . သမီး၊ ကိုပိုင်က ချော့နေမှ ပဲ မေမေနဲ့ သံပရာရည် လိုက်သောက်ဦး"

မေမေက ယွန်းယွန်းအားသို့လာ၍ ဆွဲယူ၏။

မိခင်မေတ္တာကား အတိုင်းမသိ ငြိမ်းအေးချမ်းမြေ့ လွန်းလှ၏။ အဖြူရောင်မေတ္တာသည် သန့်စင်၏။ အေးစိမ့်၏။ ကြည်လင်ရွှန်းပကာ အဆိပ်အ တောက်ကင်းလေ၏။

အဖြူရောင်မေတ္တာနဲ့ ပဲ ချစ်ပါတော့မယ် ကိုပိုင်ရယ်။

*

အချစ်၏ အချစ်လွန်မေတ္တာ

“နားရှိလို့ သာကြားရတယ်၊ ကိုစိုး ဒီလိုစိတ်မျိုးရှိမယ်မထင်ဘူး”

“ဖေဖေက ဖေဖေ့သားအငယ်ဆုံးကို အချစ်ဆုံးဆိုပြီး ခုထက်ထိ ဘက်ပင်းတုန်း”

စောစောက မျက်ခုံးအတွန့်ချိုးလျက် မျက်နှာကြီးတည်နေသည့် ဦးကျော်ထိုက် ပြုံးကျသွား သည်။ ဒီအရွယ်ကြီးဖားဖားမှ သားအရင်းက မွေးစားသားအပေါ် ဖခင်က အချစ်ပိုရမည်လား ဟူ၍ မနာလိုဝန်တိုဖြစ်နေပုံကို သဘောကျသွားရလေ၏။

“ဟုတ်လို့ ပဲ သူ့မျက်နှာပူပြီး ရှောင်နေတဲ့

ဟာ"

"သူ့ဘာသာ ရိုးရိုးသားသား သွားတာရော မဖြစ်နိုင်ဘူးလား၊ ဒီကောင်က ဒီလိုပဲ ခြေထောက်ဖွေပေါက်တဲ့ ကောင်"

ဦးကျော်ထိုက်သည် သားသုံးကောင်တွင် အရင်းကို ပိုချစ်သည် ကားမှန်၏။ အမွေအနှစ်တော်တော်များများကိုလည်း ပိုင်ဆု နာမည်နှင့် လွှဲပြောင်းပြီးဖြစ်သည်။ သို့ပေမဲ့ ကိုဆက်နှင့် ကိုစိုးတို့ ကိုလည်း ချစ်သည် သာ။ ကိုဆက်က ဘဏ်ထိုင်းသည်။ ကိုစိုးက တက္ကသိုလ်တွင် စာမေးပွဲ မကျပေမယ့် ဆယ်တန်းကိုတော့ သုံးနှစ်ဖြေခဲ့ရသည်။ ပြီးတော့ ... ပိုင်ဆုလောက် အားမကိုးရ။

သည် လို အနုတ်လက္ခဏာလေးတွေ ရှိပေမယ့် သားဆိုးတွေမဟုတ်ကြပါ။ အိမ်လည်တတ် သည် ဆိုရာ၌ လည်း ပိုင်ဆုလောက်မကြပ် မနေခြင်းသာရှိသည်။ အိမ်ပစ်ပတ်ပတ်စားသော နှင့် စားချိန် မှ တက်လာကြသူများ မဟုတ်ကြပါ။

ကိုဆက် ဆိုလျှင် ဆယ်တန်းမအောင်သည်မို့ လူတကာနိုင်းဖတ်ကြီးလိုတောင် ဖြစ်နေရရှာ သည်။ သားဆိုးတွေမှ မဟုတ်ဘဲ အထိုက်အလျောက်တော့ ချစ်လေ၏။

"ယွန်းယွန်းနဲ့ လည်း တစ်အိမ်တည်းတူတူ နေရတာပဲဟာ၊ သူ့စိတ်ဖောက်ပြန်ရင် နည်းနည်း ပါးပါး ကပ်နှုးနိုင်တာပဲ၊ ခုတော့ အဲဒီလိုမှ မလုပ်တာ၊ ပါးစပ်ကသာ ..."

"ကျွန်တော့် ပြောပေးတွေဘာတွေ လုပ်မယ်၊ ဒီကောင်က အရှုတ်အနောက်ကလည်း သန့်တာ ကိုး၊ လက်တွေ့မှာ ကျတော့ ရိုးရိုးသားသားပါပဲကွ"

"ဒါဖြင့် မေမေနဲ့ ကျွန်တော့်ရဲ့ လျှို့ဝှက်ချက်

ကို သူ ဘာဖြစ်လို့ စပ်စပ်စုစု လိုက်စုံစမ်းထား သလဲ ပြီးတော့ မဆီမဆိုင် ဟိုဘက်ခြံမှာ ဘာဖြစ်လို့ သွားပြောသေးလဲ"

"ကိုစိုး ပြောတယ်ဆိုတဲ့ နောင်နောင့်စကား တစ်ဖက်နားပဲ ရှိသေးတယ်၊ ကိုစိုးကို မမေးရ သေးဘူး"

"နောင်နောင်က အရွယ်နဲ့ မလိုက်အောင် သဘောထားကြီးတဲ့ ကောင်လေးဆိုတာ ဖေဖေ သိပါတယ်"

"အေးပါ . . . နောင်နောင့်ကိုလည်း ကလိကမာလို့ ဖေဖေ မစွပ်စွဲသေးပါဘူး။အကြောင်း တစ်ခုရှိရမယ်၊ အဲဒီမြှုပ်ကွက်ကလေး ဘာလဲ ဆိုတာပဲ သိဖို့ လိုတယ်"

ပိုင်ဆုကတော့ သိပ်လက်မခံချင်ပါ။ ဖေဖေ က ညီအစ်ကိုချင်း စိတ်ဝမ်းကွဲမှာ စိုးသောကြောင့် ဟာဟာထေးထေးလုပ်နေသည် ဟု ပဲ ထင်၏။

"နို့ . . . မင်းက ယွန်းယွန်းကို မုန်းဆို"

"မယူချင်ဘူး ပြောတာပါ"

"ထားတော့ . . . မင်းမယူချင်တဲ့ ပေါက်ကျော်မကို သူ ယူချင်ယူပစေပေါ့ကွ၊ ကိုစိုးလည်း ဒီနှစ်ပြီးရင် ဘွဲ့ရမှာ ပဲ၊ သူစိမ်းနဲ့ စာတော့ ကိုယ့်လူရင်းဆိုရင် ပိုပြီးသည်းခံမှာ ပေါ့"

"အမွေမက်လို့ ယွန်းယွန်းကို ယူချင်တာကျတော့ ကောင်းမလား ဖေဖေ"

"ဟ . . . စည်းစိမ်ဥစ္စာဆိုတာ အလကားရရင် မယူချင်တဲ့ သူ ဘယ်သူရှိမလဲ"

"ယွန်းယွန်းကို အိမ်မှာ ခေါ်ထားပြီး သူကြိုက်တဲ့ သူနဲ့ သူပွေနေရင်ကော"

"အဲဒါဆွေးလေးအပူပါ၊ ပြီးရင် ငါမှုပါမယ်၊

မင်းအနေသာကြီးဟာ"

"ယွန်းယွန်းဟာ ကျွန်တော့် ညီမလေးပဲ ဖေဖေ"

"ဟော . . . ဟုတ်လား . . . ဟေး ဟေး"

ဦးကျော်ထိုက်က ရယ်များ ပင် ရယ်နေချေသေးသည်။

"ကိုပိုင် . . . ကိုပိုင်"

ညည်းသံနှင့်ခေါ်ပြီး ဆက်ရယ်နေပြန်၏။

"မင်း ယွန်းယွန်းကို ဥပေက္ခာပြုနိုင်တာလည်း မဟုတ်ဘဲနဲ့"

"သံယောဇဉ်ရှိပါတယ်လို့ ဖေဖေ့ကို ပြောထားပြီးသားပဲ"

"အေးပါ . . . အေးပါ"

ဦးကျော်ထိုက် တပြုံးပြုံးနှင့် ခေါင်းတညိတ်ညိတ်ဖြစ်နေသည်။ ပြီးမှ မျက်နှာကို တည်ပစ်လိုက်သည်။

"ဒီမှာ ကိုပိုင်၊ ယွန်းယွန်းကိစ္စ ခဏထား မင်းကိစ္စကိုပြောရမယ်၊ မင်းကို ယွန်းယွန်းနဲ့ ငါ သဘောတူထားတယ်၊ မင်းငြင်းတယ်၊ ထားတော့"

စကားကိုရပ်၍ ဆေးပြင်းလိပ်ကို မီးညှိသည်။

"မင်းကြိုက်တဲ့ ကောင်မလေးကို မင်းတင်ပြတယ်၊ ငါငြင်းတယ်၊ ကဲ . . . အဲဒါ ဘယ်လိုဆုံး ဖြတ်မလဲ"

"ကျွန်တော်နဲ့ တစ်သက်လုံးပေါင်းရမှာ"

"မင်းတစ်ယောက်တည်းပေါင်းရမှာ လား၊ ငါတို့ ကတော့ မပေါင်းရဘူးလား၊ ချွေးမနဲ့ ယောက္ခမဆိုတာစကား မပြောဘဲ မဆက်ဆံဘဲနေလို့ ရတဲ့ အမျိုးအစားလား"

"သက်မာကို ဖေဖေ ဘာမကြိုက်တာလဲဆို တာကျွန်တော် နားမလည်ဘူး"

"အေး . . . သက်မာကို မင်းဘာကြိုက်တာ လဲဆိုတာ ငါနားမလည်ဘူး"

"ဘွဲ့ရတယ်ဗျာ၊ ရင့်ကျက်တယ်၊ အသိဉာဏ်ရှိတယ်၊ ထက်ထက်မြက်မြက်ရှိတယ်၊ မီးဖိုချောင်ထဲထမင်းချက်ဦးဆိုလည်း ကျွမ်းတယ်၊ လူလယ်ခေါင် ထုတ်ချဦးမလား၊ ပြောတတ်နေတတ် ထိုင်တတ်နဲ့ ပွဲလယ်တင့်တယ်"

"မင်းပြောတာတွေထဲမှာ ထမင်းချက်နိုင်းလို့ ရတာလေး တစ်ခုပဲ ငါသဘောကျတယ်"

"ကျန်တာတွေကလည်း အရည်အချင်းတွေပဲ"

"မငြင်းပါဘူး၊ ငါပြောမယ် ကိုပိုင်၊ လူကောင်းတချို့ဟာ တော်ချင်မှ တော်မယ်၊ လူတော်တချို့ဟာ ကောင်းချင်မှ ကောင်းမယ်၊ လူကောင်းလူတော် ဆိုရင်တော့ အတိုင်းထက်အလွန်ပေါ့ . . .

"သက်မာဟာ လူတော်ကွ၊ လူကောင်း မဟုတ်ဘူး၊ လူကောင်းညှံ့နေတာ ကြိုးစားပြုပြင်ဖို့ လွယ်တယ်၊ လူတော်တွေကောက်ကျစ်ပြီဆိုရင် ပစ်ရရော"

"သက်မာ ဘာကောက်ကျစ်လို့ လဲ ဖေဖေ"

"မင်းရဲ့ သက်မာ ဘယ်သူလဲ မင်းသိရဲ့လား"

"ဦးသက်ထွန်း ဒေါ်ခင်မာလေးတို့ ရဲ့ သမီး"

"ခင်မာလေးကရော ဘယ်သူ့သမီးလဲ"

"ဦးမောင်ကလေးရဲ့ သမီး"

"ဦးမောင်ကလေးမှာ နောက်ထပ် သမီးတစ်ယောက်ရှိသေးတယ်၊ မင်းသိလား"

"မသိဘူး ဖေဖေ"

"ခင်ဆွေလေးတဲ့၊ ယွန်းယွန်းအမေ"

"ခင်ဗျာ . . ."

"ခင်မာလေးကို မိဘက အမွေပြတ်စွန့်ထားတာကွ၊ ဆွေလေးတစ်ယောက်တည်း အမွေတွေ သိမ်းကျုံးရတယ်၊ ဆွေလေးကရော ခြောက်ပြစ်ကင်းသလားဆိုတော့ မင်းသိတဲ့အတိုင်းပဲ၊ ဒီတော့ ခင်မာလေးက ကျေနပ်ပါ့မလား၊ ခင်မာလေးမကျေနပ်ရင် သက်မာကရော ကျေနပ်မလား"

"ဒါဖြင့် သက်မာနဲ့ ယွန်းယွန်းဟာ ညီအစ်မ တစ်ဝမ်းကွဲတည်းကွဲတာပေါ့ ဖေဖေ"

"ဒါပေါ့၊ ဒါပေမဲ့ သူတို့ နှစ်ယောက် တစ်ယောက်ကို တစ်ယောက်ကြည့်မရကြဘူး၊ ယွန်းယွန်း က မုန်းတာသဘာဝကျတယ်၊ ညီအစ်မမုန်းမှ မသိဘဲ၊ သက်မာက သိရဲ့ သားနဲ့ မုန်းနေတာ ကောင်း သလား"

"သိချင်မှ သိမှာ ပေါ့"

"ဟော့ကောင် . . . လူတိုင်းကို မင်းလို တုံးထင်မနေနဲ့ "

"ဒါဖြင့် မေမေရော သိလား"

"ငါပြောပြမယ့်ဆဲဆဲပဲ၊ ဒီနေ့မနက်ပိုင်း သိရင် ဆွေလေးဟာ ညနေပိုင်းကျရင် အမွေတွေပြေး ပေမယ့် ညီမ"

"ဒေါ်ခင်မာလေးက ဘာဖြစ်လို့ လာမတောင်းတာလဲ ဖေဖေ"

"တောင်းလို့ မရဘူးကွ၊ ဦးမောင်ကလေးက ဆွေလေးကိုငါနဲ့ မပေးစားခင်မှာ ရှိသမျှပစ္စည်း အားလုံး ငါ့နာမည်တွေနဲ့ အကုန်ပြောင်းခဲ့တော့ ငါပိုင်တွေချည်း၊ ငါပေးမှ ရမှာ၊ ငါကလည်း ရိုးရိုးသား သားလာတောင်းရင် သေသေချာချာပေးတယ်၊ ဆွေလေးကဆို မပြောနဲ့ တော့၊ ငါ့စိတ်ကို သူတို့ စိတ်နဲ့

နိုင်းပြီး မတောင်းရဲဘူး၊ မင်းကို တစ်ဖက်လှည့်နဲ့ ယူမလို့၊ ရှင်းပလားနွား"

ပိုင်ဆု အောင့်ခနဲတော့ ဖြစ်သွားရ၏။

"ဦးမောင်ကလေးကရော ဘာဖြစ်လို့ အဲဒီလိုလုပ်ခဲ့တာလဲ ဖေဖေ"

"သူ့သမီးမှာ ချွတ်ယွင်းချက်နဲ့ ဆိုတော့ ငါ့ကို ပစ္စည်းနဲ့ ဆွယ်ချင်တာလည်း ပါတယ်၊ ငါဟာ သူ့သမီးကို ဘယ်တော့မှ မပစ်ဘူးဆိုတာလည်း ယုံလို့ ပေါ့၊ ခုချိန်မှာ မင်းအမေရှိသေးရင်တော့ ငါကိုယ်ငါ အာမမခံနိုင်ဘူး၊ မိန်းမဆိုတာ တစ်ယောက်ယူ တစ်ဒုက္ခ၊ ဆယ်ယောက်ယူရင် ဆယ်ဒုက္ခပဲ၊ ပြီးတော့ ငါက ကျေးဇူးကန်းတတ်တဲ့ ကောင်လည်း မဟုတ်ဘူး ၊ အဲဒါတွေယုံလို့ ပေါ့ကွ"

"သူ့သမီးကြီးတော့ နည်းနည်းလေးမှ ထည့်မစဥ်းစားဘူးလား"

"စဥ်းစားချင်စဥ်းစားမှာ ပေါ့၊ ဒါပေမယ့် ဘယ်လိုက်ရှာရမှန်းမသိဘူး၊ ခင်မာလေးတို့ က ရန်ကုန် မှာ နေရေးစားရေး သိပ်ခက်တော့ သူ့ယောက္ခမတွေရဲ့ နယ်မှာ အကြာကြီးသွားနေသေးတာ၊ ငါနဲ့ ဆွေလေးကလည်း ရှာလို့ တွေ့တဲ့ နေ့မှာ ကြည့်မှာ ရှုမှာ ပဲလို့ ယုံရာတယ်၊ ငါ့ယောက္ခမကငါ့ကိုသိပ်ချစ် တယ်"

ပိုင်ဆု ပြုံးလိုက်မိသည် ။

"ဖေဖေကလည်း အရေးထဲ သားအဖချင်း ကပ်ကြွားနေပြန်ပြီ"

"မ င်းမှာ သားရရင်လည်း မင်းကြွားနိုင်အောင် ငါစီစဥ်တာပဲ၊ မင်းယောက္ခမကလည်း မင်းကို သိပ်ချစ်မှာ ပါ၊ ဘာဖြစ်လို့ လဲ ဆိုတော့ မင်းယောက္ခမက မင်းအဖေအရင်းကိုးကွ"

ဖြားဦးက သည် ဘက်လှည့်လာပြန်သည် ။ ခုချိန်မှာ ပိုင်ဆုယွန်းယွန်းကို ချဥ်မနေတော့ပါ။

အသနားကြီးသနားနေမိပြန်ဖြစ်ပါသည် ။ သို့ပေမဲ့ . . . သက်မာကို သဘောကျဆဲ ဖြစ်၏။ ပေးပြီး ကတိတစ်ခုကိုလည်း ယောက်ျားပီသစွာ စောင့်ထိန်းလိုသည် ။ ပြီးတော့ . . . ခေါင်းမာသူပီပီ၊ ဒီဘက် က သက်မာ အပေါ်မှာ မလိုလားလေ၊ ပိုင်ဆုအနေနှင့် သက်မာဘက်က မားမာရပ်ချင်လေပါ။

“မေမေ ဒေါ်ခင်မာလေးကို ရှာလို့ တွေ့တာကြာပလား”

“ဘယ်ကြာဦးမလဲ၊ မင်းက သက်မာ သက်မာ ဖြစ်လာတော့ မှ မိဘ ဘယ်သူလဲ လိုက်၊ လိုက်တော့ ခင်မာလေးဖြစ်နေတာ”

“သက်မာကို ဒေါ်ခင်မာလေးတို့ က ဘယ်လိုစိတ်ကူးတယ်တွေ ဘာတွေ မေမေ ဘယ်လို သိ သလဲ”

“လူတိုင်းကို မင်းကို ပေးမထင်နဲ့ လို့ ပြောထားတယ် မဟုတ်လား၊ ငါစုံစမ်းရတာက ရွှယ်တယ်၊ မင်းဟာ ငါ့သားအရင်း၊ ယွန်းယွန်းဟာ ငါ့သမီးအရင်း မဟုတ်ဘူး ဆိုတာက စုံစမ်းရ ခက်သေးတယ်၊ အဲဒါကိုတောင်သက်မာရအောင်သိသေးတာကွာ၊ လည်ပါတယ်၊ ပေါ့သေးသေး မထင်နဲ့ ”

“သက်မာ သိချင်မှ သိမှာ ပါ မေမေ”

“လုပ်ပြန်ပြီ၊ သားအဖချင်း ဒူးဖြတ်ကြေးလောင်းပြန်ရော့မယ်၊ ဒါတွေထားကွာ၊ ငါလည်း ဆွေလေးကို ခင်မာလေးအကြောင်း ပြောပြမှာ ပဲ၊ သူပေးချင်သလောက်ပေးပါစေ၊ သူ့အဖေ ထားခဲ့တာ ရဲ့ ဆယ်ဆလည်း မကတော့ဘူး ငါရှာထားတာ၊ သူ့အဖေ ထားခဲ့တာကို အကုန်လုံးပေးလိုက်ရင်တောင် ငါရှာထားတဲ့ ဆယ်ဆ ကျန်နေဦးမှာ ၊ ဒါ ကိစ္စမရှိပါဘူး၊ မင်းကို သက်မာနဲ့ ငါလုံးဝခွင့်မပြုနိုင်ဘူး၊ မင်း

လာသောင်မပေးဘူး၊ တောင်းမပေးဘူး၊ လိုချင်ရင် မင်းဘာသာနိုးပြေး ငါ့အသိအမှတ်မပြုဘူး၊ ခင်မာလေး လူရွေးမှားသလို မင်းမှားနေပြီ ကိုပိုင်"

"သူ့တုမအရင်းမှန်းသိရင် မေမေက ခွင့်ပြုချင်ပြုမှာ "

"မင်းကို ဆွေလေးက သိပ်သဘောကျတယ်၊ သူ့ဒီလောက် သဘောကျနေတဲ့ ကောင်ကို သမီးနဲ့ ပိုသဘောတူတော့မပေါ့၊ မင်းစဉ်းစားကြည့်လေ သမီးနဲ့ တူမ၊ ဘယ်သူ့အပေါ်ပိုမလဲ၊ ရှင်းရှင်း လေး"

မေမေ ပြောသည့်စကားတွေ အော်တော်များများကို ပိုင်ဆု လက်ခံနိုင်ပါသည်။ သက်မာ လူလည်ကျသည် ဆိုခြင်းက လွဲလို့ ပေါ့လေ။

"မင်းပိုက်ဆံအိတ်ကို လာပေးတာ အကောင်းမထင်ပါနဲ့၊ ဦးကျော်ထိုက် ဒေါ်ခင်ဆွေလေး အိမ် ထဲသို့ ဝင်ချင်လို့"

"သူကိုယ်တိုင်ပဲ ခါးပိုက်နှိုက်လုပ်လိုက်တာလား မေမေ"

ပိုင်ဆု သက်သက်မဲ့ရွဲ့မေးသည်။

"အဲဒါက တိုက်ဆိုင်မှု၊ မိတဲ့ အကွက်လေးကို ဖမ်းထွင်လိုက်တာပေါ့၊ နောင်နောင့်ဆီမှာ အလုပ်ဝင်တာလည်း မင်းနဲ့ ခြိချင်းကပ်နေတာ အဓိကဖြစ်ရမယ်"

"ကျွန်တော်ကလည်း ပိုက်ဆံအိတ်ကျမပျောက်ဘူးဆိုပါတော့၊ နောင်နောင်ကလည်း ခုလို ဖြစ်မနေဘူး၊ လူနာစောင့်မလိုဘူး၊ မေမေရယ် . . . အဲဒီလိုဆိုရင် သက်မာ ဘယ်လို လုပ်မလဲ"

နည်းလမ်းရှိမှာ ပေါ့ကွာ၊ လူတစ်ယောက် ပေါင်းချင်တာများ အလွယ်လေး

767/88ဗီ

အဆက်ဖြတ် ချင်လည်း အလွယ်လေး ဉာဏ်လေးတစ်ချက် ကစားရုံရှိတာ"

ဖေဖေက သားနှင့် ယွန်းယွန်းကို ဖြစ်စေချင်လွန်းသည် မို့ သက်မာအပေါ်မှာ အပြစ်ရှိသည် ထက်ပို၍ ပုံချနေသည် ဟု ပိုင်ဆုထင်သည်။

"သက်မာကို ကျွန်တော် တကယ်ယူတော့မယ်ဆိုရင် တကယ်ခိုးပြေးရမှာ လား ဖေဖေ"

"အေး . . . ငါ့အိမ်ပေါ်လည်း ခေါ်မတင်နိုင်ဘူး၊ မင်းမိန်းမယူမယ့်ကိစ္စကို ငါသိလည်း မသိချင်ဘူး"

ဖေဖေက ပြောသည့်အတိုင်း လုပ်လိမ့်မည်ဖြစ်ကြောင်း ပိုင်ဆု တကယ်ယုံကြည်၏။ သည် တော့ တစ်ခုတော့ စဉ်းစားရပြီလေ။ သက်မာက နိုးရာလိုက်ပါ့မလား။

*

"မမ ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ"

နောင်နောင် အိပ်ရာထဲမှာ ခွေနေသည်။ တစ်ယောက်တည်း ကျိတ်၍ တောင်းပန်နေရသည်။ မမ မသိအောင် နောင်နောင် လုပ်ခဲ့မိသည့် အလုပ်တစ်ခုရှိသည် လေ။

အဲသည် နေ့က နောင်နောင် အိပ်ပျော်နေသည် မို့ မမက ခြံထဲဆင်း၍ ကိုပိုင်နှင့် စကားပြော နေသည် ။ နောင်နောင် နိုးလာတော့ အနားမှာ ဦးလေးကျော်က ငုတ်တုတ်ထိုင်နေ၏။

"မမရော . . ."

"ခြံထဲမှာ ကိုပိုင်လာလို့၊ ခေါ်ပေးရမလား"

"နေပါစေ၊ ကျွန်တော့်နားချည်းဆိုတော့ ပျင်းမှာ ပေါ့၊ ဦးလေးကျော်လည်း သွားနားချင်

နား ပါ၊ ကျွန်တော့်ကိုသာ လှည်းပေါ်တင်ပေးခဲ့ပါ"

ဦးလေးကျော်က ပွေ့တင်ပေးပြီး "ထမင်းမစားရသေးဘူးကွ။ မင်းနိုးလာရင် လူမရှိမှာ စိုးလို့ စောင့်နေရတာ" ဟု ဆိုကာ အောက်ထပ်သို့ ဆင်းသွားသည် ။ နောင်နောင် တမင်နှင်လွှတ်လိုက်ခြင်း ပါ။ ပြတင်းပေါက်ဆီသို့ သွားကာ မမနှင့် ကိုပိုင်တို့ ကို ကြည့်ချင်သည် ။

ဘီးကလေးတွန်း၍ ပြတင်းပေါက်နားဆီသို့ လာခဲ့သည် ။ ဟိုဘက်ခြံ ယွန်းယွန်းအခန်း ပြတင်းပေါက်နှင့် မျက်နှာချင်းဆိုင်မို့ မမတို့ ကို မတွေ့မီ သူ့လိုပဲ ချောင်းနေသည့် ယွန်းယွန်းကို တွေ့သည် ။ ယွန်းယွန်းက လက်ဟန်ခြေဟန်ဖြင့် မမတို့ ရှိသည့်နေရာကိုပြသည် ။ ပြီးတော့ မဲ့ပြရွဲ့ပြ နှုတ်ခမ်းစူပြ မကျေနပ်နိုင်ကြောင်းကို သိသိသာသာပြ၏။

နောင်နောင်ကတော့ မြင်ကွင်းလေးကို ပီတိဖြင့်ကြည့်လိုက်နိုင်ပါသည် ။ ကိုပိုင်က ဘာတွေ ပြောမှန်းမသိ ဟက်ဟက်ပက်ပက်ရယ်နေသည် ။ မမ အဲဒီလိုရယ်နေတာကို မြင်ရလျှင် နောင်နောင် လူဖြစ်ကျိုးနပ်ပါပြီ။

မမကို လက်လွှတ်ဆုံးရှုံးရမှာ မို့ ရင်ထဲမှာ ဆွတ်ကျင်လွမ်းမောစိတ်ဖြစ်ထွန်း၏။ သို့ပေမဲ့ . . . အချစ်သည် ချစ်သည် ဆိုတာထက် အဆပေါင်းများ စွာ နက်နက်ရှိုင်းရှိုင်း ချစ်လာသည့် အခါမှာ ၊ အချစ်ကြောင့် အချစ်ကို စွန့်လွှတ်ရာတွင် ပီတိတစ်မျိုးကို ခံစားရပါသည် ။

"မမပျော်ရှာပါစေ"

ပီတိဖြင့် ကြည်နူးမိသည် မှန်ပေမယ့် ကြာကြာဆက်ကြည့်နေနိုင်သည့် စွမ်းအား မရှိပါ။ လှည်းကလေးကို တွန်း၍ ပြန်လှည့်လာခဲ့

သည်။

"ဒီကမ္ဘာမှာ ငါတစ်ယောက်တည်း"

အထီးကျန်ခံစားမှုကြောင့်

ထီးတည်းပဲနေချင်မိ၏။ အခန်းတံခါးကို ချက်ချ၍ သွားပိတ် သည်။ မည်သူမျှ ဝင်မလာစေလိုသောကြောင့်ပါ။ အခန်းထဲတွင် အဓိပ္ပာယ်မဲ့စွာ ဟိုသည် လျှောက်ချင် ပေမယ့် မလျှောက်နိုင်သူမို့ လှည်းကလေးကိုပဲ ဟိုသည် တွန်းနေရ၏။ ရှေ့တိုးလိုက် နောက်ဆုတ် လိုက်၊ ဘေးတွေ့လိုက်။

အခန်း၏ တစ်ဖက်စွန်းထောင့်တွင် စားပွဲနှင့်ကုလားထိုင်တစ်လုံးရှိ၏။ နောင်နောင်စားဖို့သောက်ဖို့ ပြင်ဆင်ပေးရန်၊ နောင်နောင့်အတွက် အခါမလပ် လိုအပ်မည့်ပစ္စည်းလေးတွေတင်ရန်၊ သည် စားပွဲတွင် အံဆွဲလေးခုရှိ၏။ တစ်ခုမှာ မမ၏ လက်ကိုင်အိတ်ကို မမ နေ့တိုင်းထည့်ထည့်ထား တာ နောင်နောင်တွေ့သည်၊

ရိုင်းပျလို၍ တော့ မဟုတ်ပါ။ မမကိုယ်စား မမလက်ကိုင်အိတ်ကို ကိုင်တွယ်ခွင့်ရလျှင်ပင် မမ၏ ကိုယ်ငွေ့နွေးနွေးလေးနှင့်တွေ့ထိခံစားရသလို ရင်ထဲမှာ လှိုက်ဖြာရသည် မို့ အံဆွဲသို့ သွားဖွင့် သည်။ မမ ပိုက်ဆံအိတ်ကို ထုတ်၏။ မမ ဆောင်ထားသည့် မှန်လေးထဲမှာ ကိုယ့်ရုပ်ကိုကြည့်သည်။

မမပစ္စည်းလေးတွေနှင့် တယုတယ ထိတွေ့၏။ မမနှင့်လက်တစ်ကမ်းစာ ပိုမိုနီးကပ်လာ သလိုပါပဲ။

"ဟော . . ."

မှတ်စုစာအုပ်လေး။ သူတစ်ပါးကိုယ်ရေးကိုယ်တာကို စပ်စုလိုလှသည် တော့ မဟုတ်ပါ။ မမ ဒိုင်ယာရီမို့သာ ဖတ်ချင်မိ၏။

"ဟင် . . .မမနဲ့ ယွန်းယွန်းဟာ ညီအစ်မတာ

စ်ဝမ်းကွဲသေးတာပေါ့"

ကိုယ့်အဒေါ်ဆိုပေမယ့် ပစ္စည်းခန်းမှာ မတရားသဖြင့် အပိုင်စီးထားသူကို ထောက်ထား မနေနိုင်ဘူး။

တစ်နေ့တစ်နေ့ . . . မမ စိတ်ကူးပေါက်ပေါက်လာတိုင်း ခံစားချက်ကလေးတွေ ချရေးထားသည် ။ ခံစားချက်တိုင်းမှာ ဒေါသတွေ ဖုံးနေသည် ။

အပြစ်မကင်းကြတာချင်းတူတူ၊ မိဘစိတ်ဆင်းရဲရတာချင်းအတူတူ၊ မေမေက ကျွံမိတဲ့ ခြေ တစ်ဖက်ကို နှုတ်ထဲက မနုတ်မိဘူး၊ နုတ်ယူသွားတဲ့ သူကတော့ ရေမိုးသန့်စင်လိုက်တာနဲ့ပဲ ခြောက်ပြစ် ကင်းရောလား။

မိဘမေတ္တာမှာ လည်း သူတစ်ယောက်တည်း၊ မိဘအမွေအနှစ်ကျတော့လည်း သူတစ်ယောက် တည်း၊ တယ်လည်း ပိုင်လိုက်ပါလား

ဒေါ်ခင်ဆွေလေး။ ပိုင်သထက်ပိုင်ချင်တော့ ကိုပိုင်ဆိုတဲ့ လူကိုတောင် သမက်တော်ဦးမလို့ ဆိုပဲ။ အကြွေးတွေ သိပ်များ နေပြီ ဒေါ်ခင်ဆွေလေး။ တစ်နေ့မှာ အတိုးနဲ့ ဆပ်ရရင် အသည်းနင့် ရင်နင့်ဖြစ်မယ်။

ဒေါ်ခင်ဆွေလေးဆီက ရစရာရှိတဲ့ အကြွေးကို ဘယ်လိုနည်းနဲ့ တောင်းရမလဲ။ မိဘမေတ္တာ ကြွေးက တမလွန်လိုက်တောင်းလို့ ဖြစ်မတဲ့ လား။ စည်းစိမ်ဥစ္စာကြွေးကလည်း သူပေးမှ ရမယ်ဆိုပဲ။ တစ်ခုတော့ ကျန်သေးတယ်လေ၊ ဒေါ်ခင်ဆွေလေး အလွန်မြတ်နိုးတော်မူတဲ့ သမက်တော်လောင်း လျာ။ သမက်ကိုပဲ ကြွေးဆပ်လိုက်တော့ရှင်ရေ့။

တစ်နေ့တာလေးတွေမှာ သူ့စိတ်ထဲ ခံစားရသမျှ ရေးချထားသည် ။ သူ စုံစမ်းသိရှိရသမျှ အချက်တွေ၊ သူလုပ်ဖြစ်အောင် လုပ်မည့်အလု

ပ်တွေ၊ ဟိုတစ်စ သည် တစ်စ ရေးထားပေမယ့် အားလုံး ဆုံးအောင်ဖတ်ပြီးသည့်အခါတွင် သမိုင်းတစ်စောင်လို အစမှ အဆုံး ခြုံငုံ၍ နားလည်သွားရပါတော့သည်။

"မှားနေပြီမမရယ်၊ မမမှားနေပြီ"

နောင်နောင် ဘာလုပ်ရပါမည်နည်း။ သူ့မှတ်တမ်းအဆုံးမှာ ကြေကွဲစရာကောင်းသည့် ခံစား ချက်လေးနှင့် နိဂုံးချုပ်ထားသေးသည်။

နောင်နောင်ရယ် . . . မင်း မမကို ချစ်နေတာ မမသိတယ်၊ မမလည်း မင်းကို ရင်နဲ့ အမျှပါ ကလေးရယ်။ ဒါကိုလည်း မင်းပြန်သိမှာ ပါ။

ဒါပေမဲ့ . . . ကဗျာဆန်ဆန် သုံးရရင်တော့ ကြိုသာကြိုမဆုံတဲ့ လမ်းပေမို့ ဆိုသလို၊ မမဟာ တာဝန်တစ်ရပ်ကို နှလုံးသားနဲ့ ရင်းပြီး ထမ်းဆောင်ဖြစ်ပါလိမ့်မယ်။

မမလက်ထပ်ဖြစ်တဲ့ နေ့မှာ မမဟာ နှလုံးသားမဲ့တဲ့ မင်္ဂလာသတို့ သမီးအဖြစ်နဲ့ ဟန်ဆောင် အပြုံးတွေ ဖွေးနေအောင် ခြွေချနေရချိန်မှာ ရင်ထဲမှာ မချိတင်ကဲ ငိုနေမှာ ပါဆိုတာ . . .

မင်းသိအောင် မပြောတော့ပါဘူး နောင်နောင်ရယ်၊ မင်းကို မမသိပ်ချစ်တယ် . . . တဲ့။

"မမ ခက်လိုက်တာဗျာ၊ ဒီကိစ္စကို နောင်နောင် ဘယ်လိုကူညီပေးရမလဲ"

မမသည် ကိုပိုင့်ကို ချစ်လို့ လက်ထပ်သွားပါ၊ နောင်နောင် ကြည်ဖြူ၏။ မချစ်ဘူးပဲထားဦး၊ ကိုပိုင်လိုလူမို့ အိမ်ဦးသခင် အဖြစ် ရွေးချယ်လိုက်ပါ၊ နောင်နောင် ကြည်ဖြူ၏။ ခုလို ခံယူချက်လွဲမှား ၍ အနောင်အထည်ဖော်ခြင်းသည် မမဘဝတစ်လျှောက်လုံး စိတ်ဆင်းရဲစေဖို့ ဖြစ်နိုင်၏။

ငါဘာလုပ်ရမလဲ။

မမစာအုပ်ကို နေရာမပျက် ပြန်ထား၊ အိပ်ခန်းတံခါးကို ပြန်ဖွင့်၊ အခန်းထဲမှာ ပဲ ဟိုသည် တွန်းရွှေ့နေစဉ် မမပြန်ရောက်လာသည်။

"ဟာ . . . ဘယ်တုန်းကနိုးနေလဲ၊ ဒီပေါ်ဘယ်သူတင်ပေးလဲဟင်"

မမ တကယ့်ကို ပျာပျာသလဲပါ။ နောင်နောင့်အပေါ်ထားသည့် မမအချစ်၊ မမစေတနာကို နောင်နောင် သံသယမရှိပါ။ မမအပေါ် အချစ်လွန်သည် မို့ မမ ဘာတွေပဲလုပ်လုပ်၊ ဘယ်တော့မျှ အပြစ်မပြောနိုင်ပါ မမ။ မမ နောင်နောင့်ကို လာပြုစုနေတာဟာ လခရလို့ ဆိုပေမယ့် မမရင်ထဲက အနှစ်ပြည့် စေတနာတွေကို ကျွန်တော့် နှလုံးသားနဲ့ ရင်းပြီး မြင်နေရတယ် မမရယ် . . .

ကျွန်တော့်ကို မမ ကူညီပြုစုတဲ့ ကျေးဇူးကိုလည်း ပြန်ဆပ်ချင်တယ်၊ ကျွန်တော်နှင့်အက မေတ္တာတွေ၊ စေတနာတွေကြောင့်လည်း ဘဝခရီးလေးကို သာယာဖြောင့်ဖြူးအောင် လုပ်ပေးချင် တယ်၊ ဘာလုပ်ပေးရမလဲ မမရယ် . . .

"ဘာလဲ နောင်နောင် . . . ငေးငိုင်ငိုင်နဲ့ နေမကောင်းဘူးလား"

"တစ်ခါတစ်ခါတော့လည်း ဖျင်းတာပေါ့ မမရယ်၊ နေလို့ ကောင်းပါတယ်၊ အင်းလေ . . . ကောင်းတယ်ပဲဆိုပါတော့၊ အဖျားမှ မရှိတာ၊ ဒါပေမဲ့ . . . ခြေနှစ်ဖက်လုံးသုံးမရတဲ့ ဒုက္ခိတတစ် ယောက် အဖို့ မှာ နေကောင်းတယ်လို့ ရှိပါ့မလားဗျာ"

"နောင်နောင်ရယ် . . . အဲဒီလိုမပြောနဲ့၊ မမစိတ်မကောင်းဘူး"

နောင်နောင့်နှုတ်ခမ်းလေးကို လာပိတ် အဲဒီအယုအယတွေကို ဘာဖြစ်လို့ ပြုရတာ

လဲဗျာ။ ဒီကောင်ရူးပြီးကျန်ရစ်ခဲ့အောင်လား၊ ရင်ကွဲပြီးသေအောင်လို့ လား . . . ဟု အော်ပြောလိုက်ချင်၏။ လက်တွေ့မှာ တော့ မ မျက်နှာ ငွေလမင်းကိုပဲ မော့ဖူးနေဖြစ်တော့ သည်။

*

"အဲဒါပါပဲ ဖေဖေရယ် . . . သားမှာ ရင်းနှီးတဲ့ သူငယ်ချင်း အပေါင်းအသင်းလည်း မရှိတော့၊ ဖေဖေ့ကိုပဲ သူငယ်ချင်းသဘောထားပြီး ရင်ဖွင့်ရပါတယ်၊ ရိုင်းတယ်လို့ ဖေဖေ မထင်ပါနဲ့နော်"

"ဘယ်ကထင်ရမှာ လဲ သား၊ ဖေဖေ့ကို တိုင်ပင်တာထက် ပိုကောင်းတဲ့ သူ ဘယ်မှာ ရှိနိုင်မလဲ"

အဲသည် တုန်းကသာ ဖေဖေ့ကို ဖွင့်မတိုင်ပင်ခဲ့လျှင် ကိုပိုင့်အတွက် လက်ဖက်ရည်ပွဲမှာ နောင်နောင် ခံနိုင်ရည်ရှိမည်မထင်ပါ။ ဖေဖေက နားဝင်အောင်လည်း ပြောတတ်သည်။ ဖြေသာအောင် လည်း တရားချတတ်သည်။

"သား မမအတွက် တစ်ခုခုလုပ်ပေးပါရစေ ဖေဖေ"

"သားရင်ထဲက ဆန္ဒကို သက်မာလည်း မသိဘဲမနေပါဘူး၊ သက်မာ သိရင် ကိုပိုင် သိမှာပဲ၊ သက်မာ ဖွင့်ပြောလိမ့်မယ်ထင်တယ်၊ သားက သက်မာကို အကာအကွယ်ပေးချင်တာမဟုတ်လား"

"ဟုတ်ကဲ့"

"ကိုပိုင့်ကို ပြောပြပေါ့၊ သား ဘယ်လိုအခြေအနေနဲ့ လက်လွှတ်စွန့်လှူလိုက်ရယ်ဆိုတဲ့ အကြောင်း"

"ဖြစ်ပါ့မလား ဖေဖေ၊ ကိုပိုင် ထထိုးမလားမှာသိ၊ သားကတော့ ထိုးချင်ရင်တောင် မထိုးနိုင်

ပါဘူး"

"မထိုးပါဘူးကွာ၊ မထိုးအောင် ပြောရမှာပေါ့"

စင်စစ် ဦးရဲနောင်ကိုယ်တိုင်က နောင့်နောင်နှင့် သက်မာကို သဘောမတူပါ။ မတူရသည့် အကြောင်းအချက်က အလွန်နိုင်လုံ၏။ နောင်နောင် ခုလို ဒုက္ခိတဘဝမှာ ရှည်ကြာနေလျှင် သက်မာ ဘယ်လောက်ပဲ ချစ်ချစ်၊ ရေရှည်မှာ အချစ်သည် မှေးမှိန်ပျောက်ကွယ်သွားမှာ မလွဲဟု ဦးရဲနောင် မြင်၏။ သက်မာမှ မဟုတ်ပါ။ ဒုက္ခိတအိမ်ထောင် ဖက်တစ်ဦးကို အဖော်ပြုနေရသူ မည်သူမဆို ယောက်ျားမိန်းမ, မဟူ သူ့ဘဝသူ ငြီးငွေ့လာမည်ပင်။ အထူးသဖြင့် သက်မာလို မိန်းကလေးက ပို၍ တောင် မြန်ဦးမည်ဟု ထင်သည် ။ နောင်နောင်နေကောင်းသွားပြီထားပါ။ အဲသည် အခါကျတော့ လည်း နောင်နောင့်လို တစ်ဦးတည်းသော သူဌေးသားက အသက်သုံးဆယ့်ငါး သုံးဆယ်ခြောက် လောက်တွင် သူ့ကိုယ်သူ လူမှီ ပေါက်သာသာပဲ မှတ်ထင်နေဦးမှာ။

ဖျတ်လတ်သွက်လက်ကာ နုသစ်ပျိုမျစ်သည့် အရွယ်မှာ ရှင်လန်းတက်ကြွစွာ ပျော်လို့ အယ်လိုမှ မဝနိုင်သေးပါ။ သက်မာကကျတော့ အသက်လေးဆယ်။ မိန်းမသား တစ်ရာတွင် ကိုးဆယ် ကျော်ကျော်က လေးဆယ်၏ နောက်ပိုင်းမှာ စိတ်ဓာတ်ကစပြီး ရင့်ရော်စပြုသည် ။

လူက လုလို့ အရွယ်တင်လို့ ၊ ကြည့်ရှုကောင်းဆဲပင်ဖြစ်စေဦး၊ စိတ်ဓာတ်က လူကို လိုက်မီမည် မဟုတ်တော့ချေ။ သက်မာအနယ်ထိုင် စိတ်ကျချိန်တွင် နောင်နောင်က ရှင်လန်းတက်ကြွဆဲ၊ ဘယ်လိုလုပ် ရှေ့ဆက်လက်တွဲကြမလဲ။

"ဒီနေရာမှာ စားစာခံတစ်ယောက်လိုတယ်ကွာ"

"ခင်ဗျာ . . .ဖေဖေ"

"သက်မာရဲ့ ဒိုင်ယာရီကို မင်း ခိုးဖတ်လိုက်လို့ သိရပါတယ် ဆိုတဲ့ ကိစ္စက ကောင်းမှ မကောင်း တာ၊ ကိုယ့်သားအဆိုးမဖြစ်ဖို့ အဆိုးဖြစ်ပေးမယ့် လူကြမ်းတစ်ယောက်လိုတယ်"

"ဘာဖြစ်လို့ လဲ ဖေဖေ"

"ကိုပိုင်က သက်မာကို ဘယ်နည်းနဲ့ မှ လက်ထပ်လို့ မဖြစ်ဘူး"

"သား နားမရှင်းဘူး ဖေဖေ"

"ကိုပိုင့်စိတ်လည်း သားသိသားပဲ၊ လူရိုးလူဖြောင့် စိတ်ကုန်ရင် ပြန်လှည့်ကြည့်မယ့်သူ မဟုတ်ဘူး ၊ ခေါင်းကလည်း မာမယ်၊ ယွန်းယွန်းကို မျက်နှာပြောင်ပြောင်နဲ့ အားမနာ ပါးမနာ ငြင်းတာ ကိုပဲကြည့်"

နောင်နောင် ခေါင်းညိတ်၍ ထောက်ခံလေ၏။

"သက်မာဖြစ်ဖြစ် ကိုပိုင်ဖြစ်ဖြစ် ဖေဖေ့ သားသမီးဆိုရင် သူတို့ နှစ်ယောက်ကို မယူခင်က ရအောင်ခွဲမယ်၊ ခွဲမရလို့ ညားကြရင် နောက်ပိုင်းမှာ ကွဲမှာ ပဲ"

"အဲဒီလိုနည်းနဲ့ မမ ဒုက္ခရောက်မှာ စိုးတာပါ"

"ဒါပေါ့၊ ကလေးတွေ ဘာတွေ ရပြီးမှ ဆိုရင် ကလေးတွေပါ အဆစ် ဒုက္ခသည် ဖြစ်ကြဦးမယ်၊ မိဘနှစ်ပါးကွဲပြားတာလောက်ကလေးတွေကို လမ်းဆိုးပေါ် တွန်းတင်တာ ဘယ်ရှိတော့မလဲ"

"ဟုတ်ပါတယ် ဖေဖေ"

“ဒီတော့ သားက ကိုဝိုင်းအားနာသလောက် အောင် တစ်ချိုးချပြီးပေး နောက်ပြီး ကိုဝိုင်းစိတ် ယွန်းယွန်းဘက်လှည့်သွားအောင် နောက် တစ်နည်းနဲ့ ဆွဲ”

“ကိုဝိုင်းက ယွန်းယွန်းဘက် စိတ်ပါသွားရင် မမနဲ့ အယ်လက်ထပ် ဖြစ်တော့မလဲ ဖေဖေ”

“သက်မာ ဝမ်းနည်းမယ်မထင်ပါဘူး။ မသ ကာ မခံချင်စိတ်နဲ့ ဆွေ့ဆွေ့ခုန်ရုံပါပဲ၊ သက်မာ လို မိန်းကလေးက အိမ်ထောင်ပြုဖို့ ကိုမသင့် တာ၊ အပျိုကြီးလုပ်သင့်တယ်”

“ဘာဖြစ်လို့ လဲ ဖေဖေ”

“ကိုယ့်အတွက်လိုအပ်လာရင် မချစ်ဘဲနဲ့ ချစ်နိုင်တယ်၊ ချစ်ရဲ့ သားနဲ့ လည်း မချစ်ဘဲနေနိုင်တဲ့ မိန်းကလေးပဲကွယ်၊ ဘဝမှာ အဖော်မလို ပါဘူး”

ဖေဖေက မမကို နှောင်နှောင့်နှင့်လည်း မဖြစ်စေချင်၊ ကိုဝိုင်းနှင့်လည်း မဖြစ်စေချင်။ ဖေဖေ့ စကားက မမကို အပြစ်ဖို့ သလို ပေမယ့် မမ ခုလို လူကြီးတွေနစ်မြုပ်ကြသည့် စက်ကွင်းထဲမှ လွတ်နေ ရတာကိုပင် နှောင်နှောင် ရာကြ၍ သနားသည်။

“ယွန်းယွန်းဘက် စိတ်လည်အောင် ဆွဲပေးပေမယ့် ကိုဝိုင်းကလည်ဦးမှ ကိုး ဖေဖေ”

“လည်တာမလည်တာ သူ့အလုပ်၊ သက်မာဘက် လှည့်နေတဲ့ မြားဦးကို လမ်းကြောင်းပြောင်း ပေးဖို့ က သားအလုပ်။ ဘာဖြစ်လို့ လဲဆိုတော့ ဒီမြားဦးက နောင်တစ်ချိန်မှာ သက်မာကို ဒုက္ခရောက် စေမယ့် မြားဦးမို့လို့ ”

“သားနားလည်ပါပြီဖေဖေ”

“ဒါကြောင့် အဆိုးဖြစ်ပေမယ့် လူကြမ်းလို ထယ်ပြောတာ၊ ကိုဝိုင်ပဲဟာ ယွန်းယွန်းကို မယူ

ချင် တာသေချာတယ် လားဦး၊ ညီမလေးလို သံယောဇဉ်က ရှိပြီးသားဆိုတော့ လွယ်ပါတယ် ကွာ”

ဖေဖေ တရားပြကောင်းသည် မို့ နေ့ခင်နေ့ ခံနိုင်ရည်မွေးယူနိုင်ခဲ့သည် ။ သို့ပေမဲ့ ချစ်တာ ကတော့ ချစ်တာပါပဲ မမရယ်။ရင်ထဲမှာ ရှုးနစ်မြုပ်ဝင်နေအောင် ချစ်ပါတယ်။

*

ဖေဖေ့ကိုပြောပြီးပါပြီ။ ဖေဖေက လုံးဝငြင်း၍ ခါးခါးသီးသီးပါပဲ၊ လုံးဝကို လက်မခံချေ။

“ကိုပိုင့် ဖေဖေ့သမီး ယွန်းယွန်းကလွဲလို့ ဘယ်သူနဲ့ မှ သဘောမတူဘူး”

ဖေဖေက ယတိပြတ်စကားဆိုသည် ။

“ဒါဖြင့် ယွန်းယွန်းသေသွားပါပြီတဲ့ ၊ ကိုပိုင်က တစ်သက်လုံး လူပျိုကြီးလုပ်ရမှာ လား ဖေဖေ”

ဖေဖေက ယော်စဉ်ကတည်းက သမီးဆိုပေမယ့် တရင်းတနှီး နေတတ်သူမို့ ယွန်းယွန်း ပြောရဲဆိုရဲရှိပါသည် ။

“မလုပ်ရပါဘူး၊ အဲဒီအခါကျရင် သူတခြားမိန်းကလေးကို လက်ထပ်နိုင်တယ်၊ ဒါပေမဲ့ သက်မာတော့ လုံးဝမဖြစ်စေရဘူး”

“ရှင် . . . မမသက်မာက ဘာတွေဆိုးနေလို့လဲ”

“ဩော် . . . သမီးက မမသက်မာတွေ ဘာတွေတောင်ဖြစ်နေပလား”

“ဒီလိုပဲခေါ်ရမှာ ပေါ့ ဖေဖေရယ်၊ အစ်မအရွယ်ပဲဟာ”

“သက်မာရဲ့ စိတ်ဓာတ်ကို ဖေဖေ နည်းနည်းမှ မကြိုက်ဘူး”

"ဘာဖြစ်လို့ လဲ ဖေဖေ"

"အတ္တအလွန်များ တဲ့ မိန်းကလေးပဲ၊ သူ့အတွက်သူကြည့်မယ်၊ ပြီးရင် သူ့မိသားစုကို ကြည့်မယ်၊ ဒါပဲ ပြီးပြီ၊ ကျန်တာ တစ်လောကလုံး ကျွမ်းထိုးမှောက်ခုံဖြစ်နေလည်း ပြန်ကြည့်မှာ မဟုတ်ဘူး"

"ဖေဖေသေသေချာချာမမြင်သေးတဲ့ လူတစ်ယောက်ကို ဖေဖေ ဒီလောက်ပြောနိုင်ပါ့မလား ဖေဖေရယ်"

"သေသေချာချာမြင်ဖူးအောင်ကြည့်ပြီးပြီ၊ သူ့ကို မွေးတဲ့ နေ့ကစပြီး ဒီနေ့အထိ သူ့အကြောင်း လည်း အကုန်စုံစမ်းပြီးပြီ၊ ကိုယ့်သားက ဒီလောက်သဘောကျနေတဲ့ မိန်းကလေးအကြောင်းကို ဖေဖေ သိအောင် မလုပ်ဘဲ နေမလား သမီးရဲ့"

ယွန်းယွန်း ယုံလိုက်ပါသည် ။ ဖေဖေသည် အောက်သက်ကြေ၏။ အစစအရာရာမြင်၏။ ဝိတ်ကောင်းစေတနာကောင်းလည်း ရှိသည် ။

သို့ပေမဲ့ ဖေဖေ့စိတ်က ပြတ်တတ်သည် ။ မဟုတ်တာ လည်း မလုပ်၊ မမှန်တာလည်း မပြော၊ ဖေဖေသည် တကယ့်ကို လူရိုးလူဖြောင့်ကြီးပါ။

အခု ယွန်းယွန်းက ကိုပိုင့်ကို သက်မာနှင့် လက်ထပ်ခွင့်ပြုပေးပါရန် ဖေဖေ့ထံ ကိုပိုင့်ကိုယ်စား လျှောက်ထားခြင်း ဖြစ်ပါသည် ။

"ကိုပိုင်က ပညာလေးတတ်ပြီး လုပ်ကိုင်စားနိုင်လာတော့ ဖေဖေသဘောကို ဂရုမစိုက်ဘဲ ထင်ရာလုပ်ချင်လည်း လုပ်ကြည့်ပေါ့"

"ဟင် . . . ဖေဖေက ဘာလုပ်ဦးမလို့ လဲ"

"ဖေဖေ သူ့ကို ခွဲခြမ်းပေးဖို့ စိတ်ကူးထားတာတွေ အကုန်လျှော့ပစ်မယ်၊ သူ တစ်ပြားမှ မရစေ ရဘူး"

"ကိုပိုင်လိုလူက အမွေမက်မယ်မထင်ပါဘူး

“ဖေဖေနဲ့ လည်း တစ်သက်လုံး အဆက်အဆံပြတ်ပဲ”

“ဒီလောက် မတောင်းမာပါနဲ့ လားဖေဖေ”

“သက်မာကို ဖေဖေ လုံးဝ မကြိုက်ဘူး”

“သမီးတော့ ဒီလောက်ဆိုးဆိုးရွားရွား မမြင်မိပါလား ဖေဖေ”

“သက်မာ မဆိုးပါဘူး ၊တော်တဲ့ ထက်တဲ့ အမျိုးအစားမှာ တောင် ပါပါသေးတယ်”

“ဒါနဲ့ များ ဖေဖေရယ်”

“စဉ်းလဲတယ် သမီး၊ နည်းနည်းမှ မဖြောင့်ဘူး”

ဦးကျော်ထိုက် သက်မာနှင့် သွားတွေ့ကာ စကားပြောပြီးပြီဆိုသည့် အချက်ကို ယွန်းယွန်းသိ အောင် ဘယ်လိုပြောရပါ့မလဲ။ ဆွေလေးအနေနှင့် ပြောချင်ပြော၊ မပြောချင်လည်း နေ၊ မိမိတက်က တော့ဤကိစ္စမပေါက်ကြားစေလိုပါ။

“အန်ကယ့်ဇနီး ဒေါ်ခင်ဆွေလေးကရော ခြောက်ပြစ်ကင်းလို့ လား အန်ကယ်” ...တဲ့။

အဒေါ်ရင်းတစ်ယောက်ကို သည် လိုပြောရက်ပြောထွက်၏။

“ဘိုးဘိုးဆုံးလို့ မေမေသွားတယ်၊ ဘွားဘွားက နှင်ချလို့ ပြန်လာရတယ်၊ ဘွားဘွားဆုံးပြန်တော့ တစ်ခါသွားပြန်တယ်၊ ဒေါ်ခင်ဆွေလေးက နှင်ချပြန်တယ်လေ”

*

အဲသည် တုန်းကတော့ ဒေါ်ခင်ဆွေလေး စိတ်တွေပူထူကာ ဝမ်းနည်းပက်လက် အချိန်ပါ။ ဖခင်ဆုံးစဉ်က မေမေကိုယ်တိုင် နှင်ချခဲ့သည်

နို့ မေမေဆုံးလို့ လာတော့လည်း နှင်ချမိသည်ပဲပေါ့။

"မမ မလာပါနဲ့ ၊ မမလာတယ်ဆိုတာသာ မေမေ တမလွန်ကသိရင် ဘဝကူးကောင့် ဖြောင့်မှာ မဟုတ်ဘူး "

မေမေဆုံးလို့ မမလာတုန်းက မေမေ သည် စကားကိုပဲသုံးခဲ့၏။

"ညည်းအမေ ဘဝကူးမကောင်းအောင် ငါ အသေမဖြောင့်အောင် ညည်းမျက်နှာ လာပြတာ လား"

မေမေက ဤသို့ပြောခဲ့၏။ မေမေသည် မမကို အလွန်စိတ်နာပါသည်။ တစ်ညလုံး နားသွင်း ပါလျက် နောက်တစ်နေ့မှာ သူ့ခင်ပွန်းက လာခေါ်တော့ ...

ဦးမောင်ကလေးကိုယ်တိုင် မျက်ရည်ကျ၏။ ယောက်ျားကြီးဖြစ်ပါလျက် ဖခင်မို့ မျက်ရည် မဆယ်နိုင်ရှာ။ တစ်အိမ်သားလုံး ငိုယိုတအားလိုက်ကြသည် မှာ ဤအိမ်တွင် လူသေသလားတောင် ထင်ရသည်။

"လိုက်မသွားပါနဲ့ သမီးရယ် ၊ သမီး တစ်သက်လုံး ဒုက္ခရောက်တော့မှာ ဖေဖေ မကြည့်ရက် လို့ ပါ"

မေမေက ဒေါသဖြင့် အငိုတိတ်သွားသည်။ စက်တစ်လုံးနှင့် ငွေတစ်ထောင်ကိုပေးသည်။ သည် အချိန်ထိ ဖေဖေ မျက်ရည်ကျဆဲ၊ တားဆဲ၊ တောင်းပန်ဆဲ။ ဖေဖေ မဟန်နိုင်လွန်းသည် မို့ အိပ်ရာပေါ်လှဲချလျက် မျက်ရည်ဖြိုင်ဖြိုင်ကျသည်။ အခန်းထဲတွင် မိသားစုကမ္ဘာ ပျက်နေချိန်မှာ သူ့ခင်ပွန်းက ဧည့်ခန်းတွင် ငုတ်တုတ်ထိုင်စောင့်နေ၏။

သည် ဘက်မှာ ကမိဘ၊ ဟိုဘက်မှာ က ချစ်သူ၊ လှေနံနှစ်ဖက်လုံးကို နင်းထားရသူမို့ နစ်ချ

င် လည်း နစ်စေတော့၊ တစ်ဖက်တည်းကိုပဲ ဇွ
တ်နင်းချလိုက်ချိန်တွင် မနင်းသည့်ဘက်မှ ခြေ
ကိုတော့ လွတ်အောင် ကြွလိုက်ရမည်ဖြစ်ပါသ
ည်။

ခင်မာလေးကတော့ သည် လိုပဲ ဆုံးဖြတ်သ
ည်။

သို့ပေမဲ့ . . . ဖခင်ဘက်ကကြည့်ပါ။ မိခင်
ဘက်ကကြည့်ပါ၊ ရင်ဘတ်ကြီးတစ်ခုလုံး ဟ
က် တက်ကွဲ၍ ကျန်ရစ်၏။

"ကိုးလလွယ်ပြီး ဆယ်လမှာ မွေး၊ ဖဝါးလ
က်နှစ်လုံး ပခုံးလက်နှစ်သစ်ကနေ လူဖြစ်အော
င်၊ ကျွေးမွေးသုတ်သင်ခဲ့တဲ့ အဖေနဲ့ အမေကို .

မေမေ ရှေ့ဆက်မပြောနိုင်တော့ပါ။ အသံ
ပျောက်သလို မျက်နှက်သားပါ ပျောက်သွားပါ
သည် ။ လုံးဝ မေ့မြောလျက်ကျန်ရစ်၏။ စိတ်မ
နာဘဲ ရှိပါ့မလား။

သည် ဖြစ်ရပ်တွေကို မျက်ဝါးထင်ထင်
တွေ့မြင်လိုက်ရသည့် ခင်ဆွေလေး စိတ်ထဲ
ရော ဘယ်လိုနေပါ့မလဲ။ ဖေဖေ ဆုံးစဉ်က မေ
မေ နှင်ချသလို မေမေဆုံးတော့လည်း ခင်ဆွေ
လေး နှင်ချဖြစ် သည် ။

ခင်မာလေး၊ နာမည်နှင့် လိုက်ဖက်စွာ စိတ်
မာ၏။ မိခင်၏ ရုပ်အလောင်းကို ထိုင်ကန်
တော့ ကာပြန်ဆင်းသွားလေသည် ။

"ခုမှ လာကန်တော့နေလို့ ကျေပါလိမ့်မယ်
အပြစ်တွေ၊ သူ လုပ်သွားတုန်းက မသေရုံတမ
ည် ကျန်ခဲ့တဲ့ အမေ"

တစ်ဆွေတစ်မျိုးလုံးက ခင်မာလေးကို မည်
သူမျှ မသနားပါ။ သည် ကတည်းက ညီအစ်မ
မတွေ့ကြတာ၊ ခင်မာလေးသည်
ဆွေပြတ်မျိုးပြတ်ဘဝနှင့် ဒုက္ခဆင်းရဲမျိုးစုံကို

ခါးစည်း၍ ခံခဲ့ရပါ သည်။

နှစ်တွေကြာလာတော့ ခင်ဆွေလေး ရင်ထဲမှာ အနာကျက်စပြုသည်။

မိမိကိုယ်တိုင် မေမေ့စကားကို နားဖြင့်ထောင်ခဲ့သည် ဆိုပေမဲ့ မေမေ့စိတ်ကြိုက် လိမ္မာခဲ့သည် မဟုတ်ပါ။ မေမေ စိတ်ဆင်းရဲစေမည့် မိုက်မဲမှုကို ကျူးလွန်ခဲ့ဖူးသည်။ မေမေက ...

"ဒီလို ဒီလိုလုပ်"ဟု ပြောသည့်စကားကို နားထောင်ခဲ့ခြင်း တစ်ချက်တည်းပင် မမထက် သာတာရှိ၏။ မေမေတို့ ဖေဖေတို့ ရှာခဲ့ဖွေခဲ့သည့် ပစ္စည်းကို ဖေဖေ့တို့ မေမေတို့ မသာထာ၍ မပေးတာရှိစေတော့၊ မိမိက အမွေအနှစ်အဖြစ် ရပြီဆိုသည့် အချိန်မှာ မမကိုလည်း ခွဲပေးသင့်သည် ဟု စိတ်ကောင်းရှိသူပီပီ တွေးမြင်လာနိုင်ခဲ့ပါသည်။

ပေးချင်ပေမယ့် မမ ဘယ်မှာ မှန်းမသိ။

ခုတော့ ... ကိုထိုက် ပြောတော့ခဲ့ပါပြီ။ ခင်မာလေးနဲ့ သူ့သားသမီးတွေကို တွေ့ပြီတဲ့။

သားတော်တောင် ကိုပိုင် လက်ထပ်ချင်သူ သက်မာဆိုတာ မမသမီး အကြီးဆုံးပဲ။ ကြုံရဆုံရ ပုံများ နှယ် ပြောမပြောချင်တော့ပါ။

ကိုထိုက် ကမျက်နှာသာနည်းနည်းမှ မပေးသည် မို့ ဂုဏ်ထုဖဉ်ပီပီ ကျေနပ်ခဲ့သေးသည်။

ကိုပိုင်သည် အဖေတူသား။ ရိုးသည် ဖြောင့်သည်။ ယောကျ်ား ပီသစွာ တက်ကြွကြိုးစားသည်။ ကိုပိုင်လိုလူနှင့် သမီးလေးယွန်းယွန်းကို ဒေါ်ခင်ဆွေလေး သဘောမတူဘဲနေပါ့မလား။ ပြီးတော့ ...

"ဆွေလေး ခွင့်ပြုမယ်ဆိုရင် ကိုပိုင့်ကို နည်းနည်းပါးပါး ခွဲပေးချင်တယ် ...တဲ့။

ကိုထိုက် တောင်းဆိုလာခဲ့သည်။

ဒေါခင်ဆွေလေး ကန့်ကွက်ရန်မရှိပါ။ မိမိဘက်မှ ပါလာသည့် အရင်းအနှီးတွေပေါ်မှာ တိုးပွား ခဲ့ရသည် ဆိုပေမယ့် ကိုထိုက် ကြိုးစား ရှာခဲ့ဖွေခဲ့လို့ တိုးတက်လာရသည် က ဆယ်ဆ မျှမကပါ။ ပေးပါစေ၊ ရသည့်သူသည် ရရှာပါစေ။

"တစ်ခုတော့ရှိတာပေါ့ ကိုထိုက်ရယ်၊ ကိုပိုင်နဲ့ သမီးလေးကို လက်ထပ်ပေးလိုက်ရင် စီးပွားဥစ္စာ ခေါင်းမကွဲတော့ဘူးပေါ့၊ သမီးလေးအတွက်လည်း တစ်သက်လုံး စိတ်ချရမယ်"

"ကိုယ်က ပြောချင်နေတာ ဆွေလေးရဲ့ ၊ အားနာလို့ "

"ဪ ကိုထိုက်ရယ် လင်မယားချင်းများ အားနာရတယ်လို့ ၊ ကိုထိုက်ဟာ ဆွေလေး ကျေးဇူးရှင်ပါ၊ ကိုထိုက်အားကိုးနဲ့ ဆွေလေးတို့ သားအမိ အသက်ရှင်ရပ်တည်ရတာပါ"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ"

"ကိုထိုက်သာ မကယ်တင်ခဲ့ရင် မေမေလည်း နောက်ထပ် စိတ်ဒုက္ခတစ်မျိုးတိုးမယ်၊ ဆွေ လေးလည်း ဘဝပျက်မှာ "

"ဒါတွေကို မပြောနဲ့ တော့ကွာ"

"သမီးလေးကိုလည်း သမီးရင်းနဲ့ မခြား . . . "

"ကိုယ့်လက်ထဲမှာ မွေးခဲ့တယ်၊ ဆွေလေးမကျန်းမာတော့ ကိုပဲသိပ်၊ ကိုယ်ပဲ နို့ဘူးဖျော်တိုက် နဲ့ ကိုယ်တိုင် ဒုက္ခခံခဲ့ရတာ၊ သမီးရင်းပဲပေါ့ ဆွေလေးရဲ့ "

"တစ်ခါတစ်ခါတော့ စိတ်မကောင်းဖြစ်မိတယ်၊ ဆွေလေးဟာ တစ်အိမ်တည်းတူတူနေ

တဲ့ ကိုယ်ကိုကို ဘာဖြစ်လို့ မျက်စိရှုန်းခဲ့ပါလိမ့်လို့"

"ကိုယ်ကမှ မတောင်းဆိုတာ၊ ဆွေလေးတို့မိန်းမသားဆို တာက တောင်းဆိုလာသူရှိမှ လက်ခံဖို့ ငြင်းပယ်ဖို့ စဉ်းစားကြရတာပဲဟာ"

"သိပါတယ် သူ့အသည်းမှာ ဒဏ်ရာကြီးနဲ့ဆိုတာ"

လေးဆယ်ကျော်ကာမှ ဒေါ်ခင်ဆွေလေး မျက်စောင်းထိုးဖြစ်သည် ။ အသံလေးကမူနွဲ့သွား သည် မို့ မျက်နှာတွေတောင် ပူမိ၏။ ရှက်ရယ်ရယ်ရင်း ဖုံးဖိရသည် ။

"ကိုယ်ကလည်း အသည်းမှာ ဒဏ်ရာကြီးနဲ့မို့သာ မျက်စိရှုန်းနေတာနေမှာ ပါ၊ နို့မို့ဆို . . ."

"တော်ပါ"

လေးဆယ်ကျော်ငါးဆယ်နားနီးမှ အချစ်ကပြန်လည်နှပျိုလာရသည် ။ သားရေးသမီးရေးဆွေးနွေးတော့မှာ ပဲ အမေနှင့်အမေ တို့ အချစ်ငယ်မှုပြန်ကြသည် ။

"ဒါဆိုဆွေလေးက ကိုယ့်ကို ချစ်တယ်ပေါ့"

"ကြည့်စမ်း . . . ကြည့်စမ်း၊ ပြောရုံလိုက်တာ ခေါင်းကဆံပင်ဖြူလည်း အားနာပါဦး"

"ဆံပင်သာဖြူတာ ပါးရေမှ မတွန့်သေးဘဲကဲပါ . . . ပြော၊ ကိုယ့်ကိုချစ်လား"

"နှစ်တွေ ဒီလောက်ကြာအောင် ပေါင်းလာခဲ့ပြီပဲဟာ မချစ်ဘဲနေမလား၊ ကိုထိုက်ကရော"

"ဒီမိန်းမတစ်ယောက်တည်း ချစ်စရာ ရှိတာကွာ၊ မချစ်ရင် ဒီလိုနေပါ့မလား"

"အလိုရှင် . . . ဘယ်လိုများ နေချင်သေးလို့လဲ"

"အချစ်နုလေးတွေ ရှာမှာ ပေါ့၊ ယောကျ်ား

ပဲ"

"ဘာယောက်ျားပဲလဲ၊ ဒါပဲနော် . . . ကိုးရိုးကားရားတွေ လုပ်မယ်မကြံနဲ့"

ဒေါ်ခင်ဆွေလေးက မိုက်ခေါက်လိမ်ဆွဲသည် မို့၊ မိုက်ခေါက်ကို လာလိမ်သည့် လက်ချောင်း လေးတွေကို ဖမ်းဆုပ်ရင်း ဦးကျော်ထိုက်သဘောကျစွာရယ်သည်။

"ဆွေလေး လက်ချောင်းလေးတွေက အကြောတောင်မပေါ်သေးဘူး၊ ငါ့မိန်းမ သိပ်နုတာပဲ၊ တကယ် အရွယ်တင်တယ်၊ ဆယ့်ခြောက်နှစ်နဲ့ ဘယ်လဲနိုင်ပါ့မလဲ"

အဲသည် နေ့က ကိုပိုင်နှင့် ယွန်းယွန်းကိစ္စတောင် ဆက်ပြောဖို့ မေ့သွားကြရသည်။ ပြောစရာ လည်း လိုတော့မည်မထင်ပါ။ ကိုထိုက်သဘောသည် ဆွေလေးသဘော၊ ဆွေလေးဆန္ဒသည် ကိုထိုက် ဆန္ဒ။

သည် လို ဖြောင့်ဖြူးခဲ့သည့် ပန်းခင်းလမ်းကလေးမှာ ဆူးတစ်ခက်ကျသည်။ သက်မာ . . .တဲ့။ ခုမှ သိရတာက သက်မာသည် ဘွမအရင်း။

"ဒီဆူးခက်ရှုပ်ရန်ကော" ဟူ၍ လက်လွတ်စပယ် ကောက်ချိုးလွှင့်ပစ်ရက်ပါ့မလား။

*

"မမကို သူရသင့်တာလေးတွေနဲ့ ခွဲပေးချင်တယ်၊ တွေ့လည်း တွေ့ချင်တယ် ကိုထိုက်ရယ်၊ ညီအစ်မချင်းပဲ ကွဲနေတာကြာပြီ၊ မမ တော်တော်ဆင်းရဲနေသလား"

"အင်း . . .သားသမီးတွေထဲမှာ သက်မာတစ်ယောက်ပဲ ဟန်ဟန်ပန်ပန်ရှိတယ်၊ ကျန်တာတွေ ကမလိမ္မာလှဘူး"

"သွားတွေ့ရင်ကောင်းမလားဟင်"

"မကောင်းသေးဘူး၊ ကိုပိုင်နဲ့ သက်မာကို ငွေနဲ့ ပေါက်ပြီး ခွဲတယ်ဖြစ်လိမ့်မယ်"

"မမက ဘာဖြစ်လို့ လာမတွေ့တာလဲ မသိဘူးနော်"

"ဆွေလေးက နှင်ချခဲ့ဖူးတယ်လေ"

"အဲဒီတုန်းကတော့ တစ်မျိုးပေါ့ ကိုထိုက်ရယ်"

"အမွေခွဲပေးချင်လို့ ဆွေလေး နှစ်နဲ့ ချီပြီး ရှာခဲ့ပါတယ်ဆိုတာ သက်သေမရှိဘူး၊ ယုံမှာလည်း မဟုတ်ဘူး"

"ခက်တာပဲ"

"စောင့်ကြည့်ဦးပေါ့၊ ကိုယ်ကတော့ သက်မာလုပ်ပုံကို နည်းနည်းမှ မကြိုက်ဘူး"

"ဟုတ်ပါရဲ့၊ ကိုယ့်ညီမနဲ့ လက်ထပ်မယ့်သူမှန်းလည်း သိနေသည်။ သူမှာ လည်း ချစ်သူရှိနေ တဲ့ ဟာ အလကားပြဿနာရှုပ်အောင် လုပ်နေတယ်"

"ကိုယ်သာ သက်မာနေရာမှာ ဆိုရင် ကိုပိုင့်ကို ဘာလို့ ဝင်လုနေမလဲ၊ အဒေါ်နဲ့ လာစမ်းတွေ့ ကြည့်မယ်၊ ကြည်ဖြူတယ်ဆို ပြီးပြီ၊ အဒေါ်က မာရေကျောရေ လုပ်ခဲ့ရင်တော့လည်း တစ်မျိုးပေါ့"

"သူ . . .သက်မာ ဘာဖြစ်လို့ အဲဒီလိုလုပ်တာလဲ မသိဘူး"

"အိုးနှောက်(ဦးနှောက်)က အောက်နှုန်းမှာ ပြနေလို့ နေမှာ ပေါ့၊ ဆွေလေး စိတ်ဆိုးချင်လည်း ဆိုးတော့၊ စိတ်ဓာတ်အောက်တန်းကျတယ်ခေါ်တယ်၊ ယွန်းယွန်းနဲ့ ကိုပိုင်နဲ့ အဆင်မပြေဘူးဆိုရင် တောင်ကိုယ်တော့ သက်မာနဲ့ သဘောမတူနိုင်ဘူး"

ဒေါ်ခင်ဆွေလေး စိတ်မဆိုးဖြစ်ပါ။ ကိုထို

က် ပြောတာမှန်တာပဲလေ။ ကိုထိုက် စကားတွေက ဝိဿလေးနှင့်ဘေးပစ်သလို ပေမယ့် လူရိုးလူဖြောင့်မို့ စကားကို တုံးတိတိဆိုခြင်းပါပဲ။ ခွင့်လွှတ် လိုက်ပါသည်။

"ဆွေလေးကိုကြည့်၊ ကိုထိုက်ကိုကြည့်၊ ကဗျာဆန်ဆန်ပြောရရင် နှစ်ယောက်လုံး အသည်း မှာ ဒဏ်ရာတွေနဲ့၊ ဒါပေမဲ့ . . . လူကြီးတွေက ဒီလိုဒီလို စီမံမယ်ဆိုတဲ့ အခါမှာ . . .

"နားထောင်လိုက်ကြတာပဲ၊ ခုခေတ်ကလေးတွေ ဘာဖြစ်လို့ အဲဒီလို မဖြစ်ကြတယ်မသိဘူး။ ခေါင်းကိုမာတယ်"

"ဟုတ်ပါရဲ့ ရှင်၊ ယွန်းယွန်းကလည်း တမှောင့်"

*

"မမေ သမီးကို ကိုပိုင်နဲ့ အတင်းပေးစားမယ်ဆိုရင် သမီး အိမ်ကထွက်ပြေးမှာ ပဲ"

"ဟဲ့ . . . ဒီလိုပဲ ပြောရသလား"

"ပြီးတော့ . . . မသက်မာနဲ့ မပေးစားရင် ယွန်းယွန်းကိုယ့်ကိုယ်ကိုယ် သတ်သေမယ်"

"ပြောလေ ကဲလေပါလား ယွန်းယွန်း၊ သမီး ကိုပိုင်ကို မလိုချင်တာက ထားပါတော့၊ သက်မာနဲ့ မပေးစားတာနဲ့ သမီးက ဘာဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် သတ်သေရမှာ လဲ မဆီမဆိုင်"

"ကိုပိုင်က မမသက်မာကိုပဲ လိုချင်တာ"

"သူလိုချင်တာရဖို့ သမီးက အသက်နဲ့ လောင်းပြီးတောင်းပေးရမှာ လား"

သက်မာနှင့် ယွန်းယွန်း ညီအစ်မတစ်ဝမ်းကွဲဆိုတာ ယွန်းယွန်း သိများ သိသွားလားဟု ဒေါ်ခင်ဆွေလေး အကဲခတ်သည်။ သည် ဆွေ

ရေးမျိုးရေးကိစ္စတွေက ခုလို ရှုပ်ထွေးနေချိန်မှာ ဖြေရှင်းဖို့ ကောင်းသေးသည် မဟုတ်ပါ။

"ကိုပိုင့်ကို သနားလို့"

ဒေါ်ခင်ဆွေလေး သက်ပြင်းမောကိုချ၏။ သမီးဖြစ်သူကို စူးစူးငေးငေးကြည့်သည်။

"မေမေ အဲဒီလိုမကြည့်နဲ့"

ဒေါ်ခင်ဆွေလေး ပြုံးလေ၏။

"ကြည့်ပါလား ပြုံးပြန်ပြီ"

ယွန်းယွန်း မလုံမလဲငြင်းသည်။ မေမေ့ရင်ခွင်ထဲ ခေါင်းသွင်း၍ မှီပစ်လိုက်သည်။ ဩော် . . . အေးငြိမ်းချမ်းမြေ့သွားလိုက်တာ။ ဘာကြောင့်မှန်းမသိ။ ယွန်းယွန်း မျက်ရည်ဝဲလေ၏။

"မေမေ့သဘောတစ်ခုတည်းနဲ့ မပြီးဘူး သမီးရဲ့ ၊ သမီး ဖေဖေ့ သဘောကလည်း ရှိသေးတယ်"

"ဖေဖေ့ကို သမီးပြောပြီးပြီ၊ မရဘူး၊ မေမေ ဝိုင်းပြောပေးပေါ့၊ ဖေဖေက မေမေပြောရင် အမြဲရ တဲ့ ဥစ္စာ"

"ဒီကိစ္စတော့ ရမယ်မထင်ဘူးကွယ်၊ သူ့သား . . ."

"ဟင် . . . မေမေ့သားလည်း ဟုတ်တာပေါ့၊ အတူတူ မွေးစားထားတာပဲဟာ"

ဒေါ်ခင်ဆွေလေး လွှတ်ခနဲ ထွက်သွားပြီးမှ စကားကျွံသွားကြောင်း သတိထားမိသည်။

"မေမေလည်း တူတူဆိုပေမယ့် သမီးဖေဖေက စိတ်ကြိုက်သားသုံးယောက်ကို သူ့ဘာသာသူရှာလာတာ၊ သူ့ဘာသာသူ ပုံသွင်းပြုစုတာ၊ ကိုဆက်နဲ့ ကိုစိုးက ပုံစံမဝင်ဘူး၊ ကိုပိုင်တစ်ယောက် ဖြစ်ထွန်းလာတော့ ဘယ်မှာ လွှယ်လွှယ်ကူကူ သဘောထားနိုင်မလဲသမီးရဲ့"

"ဟင့်အင်း . . . ဟင့်အင်း . . . မေမေ ပြော ပေးရမှာ ပဲ"

"သမီးက ကိုပိုင့်ကို မချစ်ဘူးလား"

ရုတ်တရက်ကြီး မေးချ၏။ ယွန်းယွန်း မျှော်လင့်မထားသည့် မေးခွန်းမို့ ရင်ထဲ အောင့်ခနဲ ဖြစ်သွားရာမှာ ဘာဖြေရမှန်းမသိ ဖြစ်နေရသည်။

"ဟင် . . .သမီးမှာ ချစ်သူရှိလို့ လား"

"အို . . . ဘယ်ကရှိရမှာ လဲ"

"ဒါဖြင့် . . . ကိုပိုင့်ကို သိပ်မုန်းနေလို့ ပေါ့၊ ကြည့်မရလို့ ပေါ့"

"ကြည့်လို့ ရပါတယ် မေမေရယ်၊ မုန်းလည်း မမုန်းပါဘူး၊ ကိုပိုင်က သမီးအပေါ်မှာ တစ်သက် လုံးကောင်းခဲ့လို့ သမီးက ဒီတစ်ချက်လေး ပြန်ကောင်းပေးချင်တာပါ"

"အင်း . . .သမီး . . . သမီး"

မေမေ့လက်ချောင်းတွေ ယွန်းယွန်းဆံပင်ထဲ တိုးဝင်လာသည် ။ ယွန်းယွန်းကိုယ်ကို ပိုကျုံ့ပစ် ကာ မေမေ့ရင်ခွင်ထဲသို့ တိုးဝင်သည် ။ ယွန်းယွန်းနားရွက်က မေမေ့ရင်ညွန့်မှာ မို့ မေမေ့ နှလုံးခုန်သံကို ကြားနေရသည် ။ မေမေသာ ယွန်းယွန်းကို လာဖက်ပြီး ခုလိုပဲ နားထောင်ရင် ယွန်းယွန်းရဲ့ ရင်ခုန်သံကို မေမေ ကြားတော့မှာ ပဲ။

လိမ်ပြောမလုံသည် မို့ ကိုယ့်ရင်ညွန့်ကိုယ်ဖိသည် ။ ရင်ထဲမှာ စူးစူးရှရှ မြတ်မြတ်ကျင်ကျင် ရှိနေ တာကို သတိထားမိပါ၏။ တကယ်တမ်း ကိုပိုင့်ကို လက်လွှတ်ရတော့မည် ဆိုမှ အဘယ်မျှ တွယ်တာ နေခဲ့မိကြောင်းကို သိရသည် ။

ကိုပိုင်ရယ် . . .

သိတာက အများကြီးနောက်ကျသွားရပါပြီ

။ စောစောသိလို့ လည်း သိပ်တော့ထူးမည် မ ထင် ပါ။ ကိုပိုင်က ယွန်းယွန်းကိုမှ မချစ်တာ၊ ဘာဖြစ်လို့ ပါလိမ့်နော်။

ယွန်းယွန်း မလှလို့ လား . . .

ယွန်းယွန်းဆိုးလို့ မုန်းတာလား။

"မေမေ"

"ပြောလေသမီး"

"ယွန်းယွန်းကို လူတွေ မုန်းကြလားဟင်"

"ဘယ်မှာ မုန်းလို့ လဲ၊ အားလုံးက ဝိုင်းချစ်နေကြတာပဲ"

"တချို့က မုန်းတယ် မေမေရဲ့ "

"ဘယ်သူလဲပြော"

"ဟင့်အင်း . . . ယွန်းယွန်း မသိပါဘူး၊ စိတ်ထင်ပြောတာပါ၊ ပြီးတော့လေ . . .ယွန်းယွန်း အရုပ်ဆိုးလားဟင်"

"ဒီလောက်လှတာ သမီးလေးရယ်"

ဦးကျော်ထိုက်က ယောက်ျားပီသကာ ကြည့်ကောင်းရုံပေမယ့် ယွန်းယွန်းအဖေက လှချော၊ ယွန်းယွန်းအဖေ ပျက်စီးရခြင်း အကြောင်းရင်းတွေထဲမှာ ချောတာလည်း အကြောင်းရင်း တစ်ချက်ပါပဲ။ ရုပ်ချောတော့ မိန်းမစွဲသည်။ ယောက်ျားမဟုတ်လား။ သူတို့ ယောက်ျားလေးတွေ အတွက် စကားပုံတွေမှ အပြည့်။

ယောက်ျားကောင်း မောင်းမတစ်ထောင်။

ငါးကြော်မြင်လျက်နှင့်မှ မနိုက်လျှင် ကြောင်မိုက်။

လူတစ်ယောက်သည် တစ်နေရာတွင် စည်းဝါးလွတ်ပြီးသည့် နောက် အခြားမည့်သည့် နေရာတွင် မှ စောင့်ထိန်းမနေတော့ပါ။ သည် လိုနှင့် ပျက်စီးရသည် ချည်။

ဒေါ်ခင်ဆွေလေး ငယ်စဉ်ကဆို မိန်းမချင်း

ပင် ငေးကြည့်ရသည် ။ အဖေဖျောနှင့် အမေလုတို့ မှ မွေးခဲ့သည့်သမီးလေး။ အဖေ့ဆီမှ ကောင်းတာလေးတွေ၊ အမေ့ဆီမှ ကောင်းတာလေးတွေ ရွေးယူ ထားသေးသည့်သမီး။

"အစားပုပ်လို့ ခါးလေးတုတ်နေတာတစ်ခုပဲပြောစရာရှိတယ်"

သည် နေ့ကာစ၍ ယွန်းယွန်း အစားမပုပ်တော့ဖို့ ဆုံးဖြတ်သည် ။ ဆိုးလည်း မဆိုးတော့ပါဘူး ကိုပိုင်ရယ်။ အဲဒါကိုပိုင့်ကို မမသက်မာဆီက ပြန်လုချင်လို့ မဟုတ်ပါဘူး။ ကိုပိုင်သဘောကျတဲ့ ပုံစံမျိုးလေး ယွန်းယွန်းရချင်လို့ ပါ ။

သက်မာ၏ ခါးကလေးက ကျင်နေသည် ။ ချိုင့်ခွက်၍ ဝင်နေသည် ။ မျက်နှာအလှချင်းကတော့ မည်သို့မျှ မယှဉ်သာကြောင်း ယွန်းယွန်းကိုယ့်ကိုယ်ကိုယ် အသိဆုံး။

"မေမေ ယွန်းယွန်း တမင်းကော အများကြီးစားရင် အမိန့်နဲ့ တားနော်၊ တော်တော့လို့ "

"ဟောတော့ . . . ဒါက ဘယ်လိုဖြစ်ရတာတုံး"

"သိပါဘူး မေမေရာ"

ယွန်းယွန်း လှစ်ခနဲ ထပြေး၏။

*

"ကိုပိုင်"

စကားမပြောဖြစ်သည် မှာ ကြာပြီမို့ ယွန်းယွန်းအသံ စီညံစီညံလေးကိုတောင် လွမ်းသလိုပါ။ သည် နေ့ စိတ်လိုလက်ရ လာခေါ်တော့ ပိုင်ဆုမျက်နှာ ဝင်းခနဲတောင် ကြည်သွားရသည် ။

"ကိုပိုင် ဒီနေ့ အလုပ်မသွားဘူးလား"

စနေနေ့မို့ ယွန်းယွန်း ကျောင်းပိတ်မယ်

ပိုင်ဆု အလုပ်က စနေနေ့မို့ မသွားဘဲ နေလို့ မဖြစ် ပါ။ ပိုင်ဆု သက်ပြင်းချသံက သိသိသာသာ။

"ဖေဖေက ရာဇသံပေးထားတယ်"

"ဟင် . . . ဘာတဲ့ လဲ"

"သက်မာကို လက်ထပ်ဖို့ စိတ်ကူးမလျှော့မချင်း အလုပ်မဆင်းနဲ့ တဲ့ "

"ဘာဖြစ်လို့ တဲ့ လဲဟင်"

"ခြော် . . . သက်မာနဲ့ လက်ထပ်ရင် အဲဒီအလုပ်တွေ လုပ်စရာမလိုတော့ဘူးဆိုတဲ့ သဘောပါ"

"ဟောတော့ . . . ဒုက္ခပါပဲ၊ ဖေဖေကလဲ ခက်လိုက်တာ"

ယွန်းယွန်း ညည်းပုံလေးကို သဘောကျကာ ပိုင်ဆု ယုံယုံပြုံးသည်။

"ဖေဖေက ငါ့ကို နားမလည်ဘူး"

"ဘာကိုလဲ"

"ငါစဉ်းစားနေတာကို အမွေမက်လို့ လို့ ထင်နေတယ်၊ ငါဘာအမွေမှ မမက်ဘူး၊ ဖေဖေ့ကို ကလန်ကဆန်လုပ်ရမှာ ဝန်လေးနေလို့ ဒီလောက်စဉ်းစားနေတာ"

"သူများ မိန်းမ ကြာခိုတာမဟုတ်တာဘဲ၊ အပျိုနဲ့ လူပျိုကြိုက်တဲ့ ဟာကို"

အဲဒါသာကြည့်တော့၊ ယွန်းယွန်းတို့ များ ပြောလိုက်လျှင် ဘယ်တော့မှ သက်သက်သာသာ မရှိပါ။ ဘွင်းခနဲ ရှင်းခနဲ နိုင်လှသည်။ သည် အပြောမျိုးလေးတွေက တစ်ခါကြားလျှင် အလွန်ချစ်စရာ ကောင်းသည်။ နှစ်ခါကြားလျှင် နားဝင်ချိုသည်။ သုံးခါလောက်ကြားမိသည့်အခါ ပေါက်ကျော်မ စကားပြောပုံကိုက ဟု ဆိုကာ ခေါင်းခေါက်ပစ်ချင်စရာကောင်းတော့သ

ည်။

"ငါမိန်းမတစ်ယောက်ကို နိုးပြေးမှ ရမယ် ဆိုရင် မယူချင်ဘူး၊ ငါ့တောင်းဆိုချက်ကို အလကား နေရင်းဖျက်ပစ်ရမှာ ကျတော့လည်း ရှုံ့ချည်နှပ်ချင်နိုင်တယ်"

"မသက်မာက ဘာပြောလဲ"

"တရားဝင် လက်ထပ်ထားချင်ထားပါတဲ့၊ ရုံးတက်လက်မှတ်ထိုးမယ်ပေါ့ဟာ၊ ပြီးတော့ ကိုယ့်အိမ်ကိုပြန်နေ၊ သူ့အိမ်သူပြန်နေ လူကြီးတွေကို စည်းရုံးလို့ ရမှ တူတူနေမယ်တဲ့"

မခွဲနိုင်မခွာရက် အသည်းပေါက်အောင် ချစ်လွန်းသူတွေသာ နိုးခွင့်မကြုံမှာ စိုးသည် မို့ ဤသို့ လုပ်ကြသည် ဟု ကြားဖူး၏။ ခုကိစ္စကတော့ မလိုအပ်သလိုကြီး။

"လက်ထပ်မထားဘဲ စည်းရုံးရေးဆင်းနေလို့ ကတော့ တစ်သက်လုံးစည်းရုံးတောင် ရမ 821/880 ယ် မထင်ဘူးတဲ့"

ဒီလိုဆိုတော့လည်း ဟုတ်သားပေါ့။ ယွန်းယွန်း ခေါင်းလေးညိတ်သည်။

"မိန်းမသားက ဒီစကားစပြောလာပါလျက်နဲ့ ငါက ဆုတ်ဆိုင်း ဆုတ်ဆိုင်း လုပ်ရမှာ ကျတော့လည်း မိန်းမသားကို အားနာတယ်"

အဲဒါလည်း ဟုတ်တာပါပဲ။

"ခက်တယ် ယွန်းယွန်း လောကကြီးမှာ လူကောင်းလုပ်ရတာ မလွယ်ဘူး၊ ယောကျ်ားကောင်းဖြစ်ဖို့ ကြိုးစားရတာက ပိုခက်တယ်"

"လက်ထပ်ပြီးရင် စာချုပ်တွေ ဘယ်သူသိမ်းမှာ တဲ့ လဲ၊ တစ်ယောက်တစ်စောင်လား"

"ဟင့်အင်း . . . တူတူနေခွင့်မရမချင်း နှစ်စောင်လုံး သူသိမ်းထားမယ်တဲ့"

မိန်းမသားဘက်က ပြောသည့်စကားပါပဲ။ သို့ပေမဲ့ ကိုပိုင့်ဘက်မှ နစ်နာသလိုလိုကြီးပါလား။ စာချုပ်တွေ သူ့ဆီမှာ ထားတော့ သူလုပ်ချင်သလို လုပ်ခွင့်ရှိသည် လေ။

"တစ်ခါမှ တောင် မမြင်ဖူးပါဘူး" ဟု တရားခွင်မှအဘောင်ထဲဝင်ငြင်းလျှင်လည်း ရ၏။ သက်သေက နောက်မှ ခေါ်။ လောလောဆယ်တော့ မိန်းမသားစကားကို ယုံကြမည်သာ။

"ကျွန်မသာလျှင် တရားဝင်မယားကြီးပါ" ဆိုတာမျိုးလည်း လုပ်နိုင်သည် ။ ကိုပိုင့်ခမျာ သက်မဲ့လက်ခုပ်ထဲကရေ ဖြစ်တော့မည်။

"ကိုပိုင်ပဲ နှစ်စောင်စလုံး သိမ်းထားရင်ကော"

"ဖြစ်မလားဟ၊ တစ်စောင်တောင် မပေးတဲ့ဟာ"

"ကိုပိုင် ဘာလုပ်မလဲဟင်"

"ငါအမွေမမက်ဘူးဆိုတာ မေမေ သိအောင် လက်ထပ်ဖြစ်လိမ့်မယ် ထင်တယ်"

"ဩော်"

"ဘာလုပ်ရမှန်းမသိသေးပါဘူးဟာ" ဆိုတာမျိုးတောင်မပြော။ ကိုပိုင် ဆုံးဖြတ်ပြီးပြီပဲ။

"ယွန်းယွန်း တတ်နိုင်တဲ့ အကူအညီဆိုရင် ပြောပါ"

"ရပါတယ်"

"ဘယ်နေ့ ဘာလုပ်ဖြစ်မယ်ဆိုတာ ယွန်းယွန်းကို ပြောနော်"

ကိုပိုင် . . . "ပြောမယ်" ဆိုသည့်ကတိကို မပေးရဲပါ။

မှန်တာကိုပြောရရင် ယွန်းယွန်းကို ကြောက်သည် ။ ယွန်းယွန်း ခုတလော အချိုးပြောင်းသည် ဆိုပေမယ့် တစ်သက်လုံး ယွန်းယွန်းအ

ကျင့်က သူတစ်ပါးကို ကသိကအောက်ဖြစ်အောင် လုပ်ရမှ ပျော်တတ်ကျင့်လေ။ သူ ကဖျက်ယဖျက် မလုပ်ဟု မပြောနိုင်။

ပိုင်ဆု ဘာမှ မပြောကတည်းက ယွန်းယွန်း သိလိုက်ပါသည် ။ ကိုပိုင် ယွန်းယွန်းကို မယုံဘူး နော်၊ အထင်သေးပါ ကိုပိုင်ရယ်"

*

အချစ်ကုဋေကုဋာ

မနက်ဖြန် မမ လက်ထပ်တော့မည်။

မမ မလာတာလည်း သုံးရက်ရှိပြီ။ မမရယ် . . . သုံးရယ်တစ်ခါ၊ လေးရက်တစ်ခါမှ ပဲ လာပါဟု နောင်နောင်ပဲ ပြောထားခဲ့သည် ။ မမ မလာပေမယ့် လစာပြည့်ပေးဖို့ တော့ ဖေဖေ့ကိုမှာ ထားပြီးသားပါ။

မမနှင့် ခွဲနေကြည့်ခြင်းပါ။ မခွဲနိုင်။ မမ မလာသည့်ရက်တွေမှာ လိမ့်နေအောင် ခံစားရသည် ။ ထမင်းစားပေမယ့် ဗိုက်မပြည့်၊ ရေချိုးလို့ လည်း မလန်းဆန်း၊ အိပ်နေတော့လည်း မပျော်သည် မို့ လူက တညှိုးညှိုး တနွမ်းနွမ်း။

“မမ မလာတဲ့ ရက်တွေမှာ နောင်နောင် နေကောင်းရဲ့ လား”

မမက သံယောဇဉ်ကြိုးကလေး တင်းရာ၏ ။

“နေကောင်းပါတယ်၊ ဗီဒီယိုကြည့်တယ်၊ ကတ်ဆက်နားထောင်တယ်”

“ဘာကားတွေလဲ”

“တရုတ်အချစ်ကားလေးတွေ၊ သိပ်ကဗျာဆန်တာပဲ၊ သီချင်းတွေလည်း ကောင်းတယ်”

“အမယ် . . . နောင်နောင်က တရုတ်စကားဖြင့်မတတ်ဘဲနဲ့ ”

“အင်္ဂလိပ်စာတန်းထိုးပေးတယ် မမရဲ့ ”

ဆယ်တန်းမဖြေဖြစ်လိုက်ပေမယ့် နောင်နောင် မေမေရှိစဉ်ကကွန်ဗင့်ကျောင်းထွက်မို့ မေမေ နှင့် အင်္ဂလိပ်လိုပြောကြတာများ သည် ။ နောင်နောင့်ကိုလည်း အပြောကျင့်ခိုင်းသည် ။ သည် တော့ နောင်နောင်က အင်္ဂလိပ်ကား တွေကြည့်လျှင်တောင် ရှစ်တန်းလောက်ကတ ည်းက တော်တော်လေး နားလည်၏။ အင်္ဂလိပ် စာတော်သည် မို့ စာအနေနှင့်လည်း ကျွမ်းကျင် သည် ။

တရုတ်ကားတွေမှာ စာတန်းထိုးပေးသည့် အင်္ဂလိပ်စာကလည်း အလွန်လွယ်သော ဝါကျ လေး တွေဖြစ်ပါသည် ။

“သီချင်းလည်း စာတန်းထိုးတာပဲလား”

“ထိုးတယ်၊ သိပ်ကဗျာဆန်တာပဲ၊ စကား လုံးလေးတွေသိပ်နုသိပ်လှတယ်”

“ဟုတ်လား . . . ဇာတ်လိုက်တွေက တော် လား”

“သိပ်တော်တာပဲ၊ အမူအရာလည်းကောင်း တယ်၊ မင်းသားတွေထဲမှာ ချင်းဟန် တော်တ

ယ်၊ မင်းသမီးတွေထဲမှာ တော့ လင်ချင်းရှာ"

နာမည်တွေကို အသံပီအောင် ခေါ်ပြသည်မို့ သက်မာရယ်၏။

"အဆိုတော်တွေကရော"

"ယောကျ်ားအဆိုတော်တွေတော့ မပြောတတ်ဘူး၊ မိန်းမအဆိုတော်ကတော့ သိန်းလွိုကြွင်း၊ ကောင်းတယ်မမရဲ့"

ဘာမှ မဖြစ်သလို မှုမျက်ပြောနိုင်သည် မို့ မမ တော်တော်လေး စိတ်ချသွားပုံရသည် ။ ဘယ် ဘာတ်နိုင်မလဲလေ၊ ကိုယ်မရှုးနိုင်သည့်ဝန်း တစ်ပွင့် ငွေဖလားထဲ အလှစိုက်ခံရမည်ဆိုလျှင် ကြည်ဖြူ ရုံပဲ မဟုတ်လား။

ဝင်စစ် . . . သည် လိုဖြစ်အောင် ဖေဖေက အများကြီးတရားပြဆုံးမခဲ့သည် မို့သာပါ။

"သားနဲ့ ဘယ်လိုမှ မဖြစ်နိုင်တဲ့ တူတူ . . ."

ဦးရဲနောင် သီးသန့်အဖို့ ကဒေဟာ ဘက်မှာ မည်သူနှင့်ပဲ လက်ထပ်ပစေ၊ သူ့သားနောင် နောင် နှင့်မဟုတ်လျှင် ပြီးရော။ နောင်နောင့် အဖို့ မှာ ကျတော့ မမကို သည် လောက်လောက် လွှတ်ပေးပယ် သဘောမထားနိုင်ပါ။

မမအတွက် အစစ စိတ်ချလက်ချ ဖြစ်ချင်သည် ။

"သားနဲ့ သံယောဇဉ် ဘယ်လောက်ကြီးနေတယ်ဆိုတာ လည်း သိတယ်၊ ယွန်းယွန်းဘက် စိတ်ပါသွားအောင်လည်း ဖေဖေတို့ သွေးထိုးပေးကြည့်ပြီးပြီ . . .

"ဒီကြားထဲက လက်ထပ်ဖြစ်မယ် ဆိုရင်တော့ ကိုပိုင့်လိုလူကောင်းတစ်ယောက်ကို ငါ့သား စိတ်ချတော့"

ဖေဖေ့စကားကို နောင်နောင် သံသယမရှိပါ။ နောင်နောင့်ဆန္ဒဖြင့် ဖေဖေ စီ

စဉ်ပေးသော ကိုပိုင့် သဘောထား စမ်းသပ်သည့် လက်ဖက်ရည်ပွဲကိုလည်း ကျင်းပပြီးပြီလေ ။ ခု . . . လက်ထပ် ကြတော့မယ်တဲ့ ။ ကိုပိုင်မို့လို့ စိတ်ချကြည်ဖြူလိုက်ပါသည် ။

နှောင်နှောင်မမ ဓာတ်ပုံလေးကို ခေါင်းအုံးအောက်မှ ထုတ်ကြည့်သည် ။

နှောင်နှောင် . . .

မင်းနဲ့ ပတ်သက်လို့ မမ အတတ်နိုင်ဆုံး လိုက်လျှောနိုင်တဲ့ လက်ဆောင်ဟာ ဒီဓာတ်ပုံလေး ပါပဲကွယ်။

ရေးထားသည့် စာတန်းက မမသဘောကို ရှင်းခနဲပြပါသည် ။ အောက်ခြေမှာ 'မင်းရဲ့ မမ' ဆိုတာမျိုး မရေးပါ။ တကယ်တော့လည်း နှောင်နှောင့်မမမှ မဟုတ်ဘဲလေ။ မနက်ဖြန်ဆိုရင်ပဲ ကိုပိုင့် သက်မာဖြစ်တော့မည်။

“အတတ်နိုင်ဆုံး လိုက်လျှောတာတဲ့ လာ

မမရယ်”

ဓာတ်ပုံလေးတစ်ပုံကိုတောင် ဖျစ်ဖျစ်မြည်အောင် ပေးရသည် ထင်ပါရဲ့ ။ နှောင်နှောင့်ရင်ထဲ တွင် ဘာမျှမရှိသလို လစ်ဟာနေသည် ။ လက်ဖျားတွေက အေးစက်ကာ ကျင်နေ၏။ နှုတ်ခမ်းတွေ လည်း တော်တော်ကြီးကို ဖြူသွားသည် ။ ကုနေကျ ဆရာဝန်ကြီးက အားဆေးလာသွင်းပေးသည် ။ ဆေးထိုးပေးသည် ။

“စိတ်ကို လှုကနိုင်ရင် တော်ရုံတန်ရုံ ပရိကဝေဒနာတွေ ပျောက်နိုင်တယ်၊ အာနာပါန လုပ်ပါလား နှောင်နှောင်၊ ထွက်သက်ဝင်သက်မှတ်တာလေ သမာဓိပေါ့

ဆရာဝန်ကြီးက တရားထိုင်ခိုင်းနေသေးသည် ။ တင်ပျဉ်ခွေမထိုင်နိုင်သည် မို့ ဝက်လက်အနေ အထားနှင့် နှောင်နှောင် တရားမှတ်ပါသည် ။ မရပါ။

"စိတ်ကို နှလုံးသားလေးမှာ ထား၊ အသက် ရှူသွင်းလိုက်တာကိုသိ၊ ရှူထုတ်လိုက်တာကို သိ၊ သတိကိုမြဲမြဲထား"တဲ့ ။

ထားတော့ ထားတာပါပဲ၊ လေးငါးခါ ရှူပြီး သည် နှင့် သတိလွတ်လေ၏။ ရင်ထဲမှာ မရှိ ဘူး မမရယ်၊ မမကို တစ်သက်တာ စွန့်လွှတ်ရ တော့မယ်။

"သတိက နှလုံးသားမှာ မမိရင် အသက်ရှူ လိုက်တိုင်း ဗိုက်ပိန်လိုက် ဖောင်းလိုက်ဖြစ်တာ ကို ရှုကြည့်ပါဦးလား

ထိုနည်းလည်းကောင်းပါပဲ။ မည်သည့်နေ ရာတွင် မှ သမာဓိမရ။ သမာဓိက မမဆီမှာ ပဲ တည် ၏။ သမာဓိက မမဆီမှာ ပဲတည်၏။ သို့ ပေမဲ့ . . . ရင်ထဲမှာ နင့်နေအောင် ကျွမ်း၊ လှိုက် နေအောင် လွမ်းပါလျက် အချစ်ဆုံးချစ်သူ၏ ကောင်းစားရေးမှာ နှလုံးသားကို စတေးပေးခွ င့်ရတာကိုပဲ ကြည်နူးမိလေ၏။

"မမ ပျော်ပါစေ

သည် တစ်ခုကိုပဲ စိုးရိမ်သည် ။ မမ မပျော် မှာ စိုးသည် ။ မမပျော်သည် ဆိုလျှင် နောင် နောင် ကျေနပ်ရပါပြီ။

"အချစ်အတွက် အချစ်ကို စွန့်လှူပေးရတဲ့ ကောင်းပါဗျာ

"မမအတွက်" ဆိုသည့် ဖြေဆေးကြောင့်ပ င် နောင်နောင့်နှလုံးသားက ခံနိုင်ရည်ရှိနေရ သည် ။ သတိလစ်တာမျိုး၊ အိပ်ရာထဲလဲသည် အထိ ဝေဒနာတိုးလာတာမျိုးမဖြစ်ပါ။ လွမ်းလျက် ကြေကွဲ လျက်က ကြည်နူးရသည် ။ ကြည်နူးပီတိတွေ ဝေနေသည့်မျက်ဝန်းမှာ လွမ်းမျက်ရည်တွေ ဝဲနေသည် ။

ရယူပိုင်ဆိုင်လိုခြင်းနှင့် စွန့်လွှတ်ကြည်ဖြူခြင်းတို့ အားပြိုင်ရာမှာ နော

ငနောင်တစ်ယောက် ကိုယ့်ရောဂါ ကိုယ့်မေ့နေရပါသည်။

"ဘယ်လိုခံနိုင်ရည်မျိုးနဲ့ ရင်ဆိုင်ရမလဲ မမရယ်

*

မနက်ဖြန် ကိုပိုင် လက်ထပ်ပါတော့မည်။

ဦးကျော်ထိုက်နှင့် ဒေါ်ခင်ဆွေလေးကို ကိုပိုင် မျက်စိမျက်နှာပျက်စွာ ခွင့်တောင်းလေ၏။

"ကျွန်တော် ဖေဖေနဲ့ မမမေကို အသိမပေးဘဲ မလုပ်ချင်လို့ ပါ၊ မနက်ဖြန် ကျွန်တော်နဲ့ သက်မာ ရုံးမှာ လက်မှတ်ထိုးလက်ထပ်ပါမယ်"

"ဘာ . . ."

ဖေဖေ ထိုင်နေရာမှာ ဝုန်းခနဲထ၏။

"ခွေးမျိုး"

ခြေထောက်တစ်ဖက် တန်းခနဲ ကွက်လာကာ ကိုပိုင့်ကိုကန်၏။

"အို . . . ကိုထိုက်"

ဒေါ်ခင်ဆွေလေး ခုန်ထလာကာ ကိုပိုင်ရှေ့မှ ကာသည်။ ကိုပိုင် မေမေ့ကို ကျေးဇူးတင်လွန်း စွာကြည့်၏။ ဘယ်လိုမိထွေးမျိုးက ဒီလောက် သဘောထားကြီးနိုင်မလဲ။

"ထိုင်ပါဦး ကိုထိုက်ကလဲ . . . ဖြည်းဖြည်းပြောလည်း ရတဲ့ ဟာကို၊ ကိုပိုင်ပြောတာ နား ထောင်ပါဦး"

"တစ်ခွန်းမှ မကြားချင်ဘူး၊ ခွေးကောင် . . . ခု ငါ့အိမ်ပေါ်ကဆင်း"

ကိုပိုင် ခေါင်းငုံ့နေသည်။

"ဆုံးဖြတ်ပြီးပြီဆိုရင်လည်း မေမေတို့ မတားတော့ပါဘူး"

မေမေ လက်လျှော့ရှာပြောတော့ ကိုပိုင် မျက်ရည်ဝဲချင်လာမိသည် ။ ဖေဖေ့ကိုထက် မေမေ့ကို အလွန်အားနာပါသည် ။ လက်ထပ်တော့မည့် သတို့ သားလောင်းတွင် ပျော်ရွှင်စိတ်ဟူ၍ တစ်စက် ကလေးမျှ မရှိပါ။ အရေးထဲ ယွန်းယွန်းလေး ဘယ်မှာ ပါလိမ့်ဟု မျက်ဝန်းဖြင့်ရှာမိသည် ။

မိမိကို ချစ်မနေ၍ သာ တော်တော့သည် ဟု ဖြေသာ၏။ ဘာပဲဖြစ်ဖြစ် ရှက်ရှာမှာ ပဲ၊ မခံချိမခံသာ ဖြစ်ရှာမှာ ပဲဟု သနားလို့ မဆုံးရှိချေ၏ ။ လူကဲခတ်ရာတွင် ကမ်းကုန်အောင်ညံ့ဖျင်းသည့်ကိုပိုင်လူရိုးကြီးကို ယွန်းယွန်း ခန်းဆီးကြားမှ ချောင်းကြည့်နေကြောင်း လူအကြီးမို့ မျက်စိ ရှုန်းလေ၏။

"ကိုထိုက်ရယ် . . . မိဘဝတ္တရားရှိပါတယ်"

သားအမိသားအဖသုံးယောက်တည်းမို့ ဒေါ်ခင်ဆွေလေးက စကားကို ဖြောင့်ဖြောင့်စွာပြောသည် ။ ဦးကျော်ထိုက်နှင့် ဒေါ်ခင်ဆွေလေးတို့ကြားတွင် လျှို့ဝှက်ချက်ဟူ၍ မရှိပါ။ တစ်ယောက် သိသမျှကျန်တစ်ယောက်က အကုန်သိသည် ။ သူများ တွေကိုတော့ ဖုံးတန်သရွေ့ ဖုံးကာ ဖွင့်တန်သရွေ့ ပဲဖွင့်သည် ထား၊ လင်နှင့်မယားကြားတွင် တော့ မည်သည့်ထိမ်ချန်မှုမှ မရှိ။

"မင်း ဘာကို ဒီလောက်မက်နေတာလဲ"

ပိုင်ဆု ခေါင်းငုံ့နေ၏။ ဖေဖေ မိုးမွှန်အောင် ဆူနေတာတွေကို မကြားတစ်ချက်ကြားတစ်ချက် နှင့်မျက်ဝန်းထဲမှာ ယွန်းယွန်းကို မြင်နေမိတာ ဘာကြောင့်မှန်း စဉ်းစားမရ။

သက်မာသည် ဒေါ်ခင်ဆွေလေး တူမအရင်းဖြစ်ကြောင်း၊ ဦးကျော်ထိုက် ကိုယ်တိုင် ပိုင်ဆုကို ဖွင့်ပြောပြီးပါပြီ။ အမွေကိစ္စ

တွေကိုလည်း ပြောခဲ့ပြီး ဖြစ်၏။

"ဆွေလေးဆီက အမွေမရလို့ မင်းဆီကလှည့်ယူဖို့ ကြံတာ၊ ဒါလည်း အမွေမက်လို့ ရချင်တာကနည်းနည်း၊ ကလဲ့စားချေချင်တာကများများ ဆိုတာ မင်းဒီလောက်မှ မသိဘူးလား၊ နွား"

ဦးကျော်ထိုက်က ပိုင်ဆုကို 'နွား'ဟု ထပ်တလဲလဲခေါ်၍ အကြိမ်ကြိမ် ဆူခဲ့ပြီးပါပြီ။

"ယွန်းယွန်းနဲ့ ပေးစားမယ်ဆိုတာသိလို့ သက်သက်ဝင်လုတာလည်း အထင်အရှား

သည် လိုလည်း ပြောပြီးဖြစ်ပါ၏။

ယွန်းယွန်းဆီမှ ဝင်လုကာ ကလဲ့စားချေ၍ သက်သက်နှင့် တော့ သက်မာ ဘူ့ဘဝကို စတေး လိမ့်မည်ဟု ပိုင်ဆု မထင်ပါ။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးသည် ဟု ဆိုချင်ဆိုတော့ ရာသက်ပန်မှီခို အားထားရမည့် ယောကျ်ားကောင်းတစ်ယောက်ကို အခွင့်သာနိုက်ရှေးလိုက်ခြင်းပဲဟု ပိုင်ဆု ထင်သည်။

တစ်ခုတော့ရှိသည် ပေါ့လေ။

သက်မာနေရာမှာ ပိုင်ဆုဆိုသာဆိုလျှင် ကိုယ့်ညီမတစ်ဝမ်းကွဲ နှင့်လက်ထပ်မည့်သူကို မိမိ ကလည်း ရင်နှင့်အသည်းနှင့် ချစ်မနေပါဟု ဆိုလျှင် ရှောင်ပေးမိမှာ အမှန်။ သည် တစ်ချက်တော့ အဝင် မကျလှပါ။ သက်မာဘက်က လှည့်တွေးပေးရပြန်တော့ မိခင်တွေ လက်ထက်ကပင် ဒေါ်ခင်ဆွေလေး ကဒေါ်ခင်မာလေးကို မညှာခဲ့တာ သက်မာကျမှ ယွန်းယွန်းကို ညှာနေစရာမလို။

"မေမေ မေးမယ် ကိုပိုင်၊ မင်း သက်မာကို သိပ်ချစ်နေသလား"

"အဲဒီလောက်မဟုတ်ပါဘူး မေမေ"

ပိုင်ဆု သွက်လက်စွာ ဖြေသည်။

"ဒါဖြင့် လက်ထပ်ဖို့ ကိစ္စ ဘာဖြစ်လို့ ဒီလောက် အရင်လိုရတာလဲ၊ မေမေတို့ က ယွန်းယွန်းနဲ့ ကိစ္စကို ဖုတ်ပူမီးတိုက်လုပ်နေတာလည်း မဟုတ်ဘူး"

ပိုင်ဆု မေမေ့ကို အရမ်းအားနာသည်။ မျက်နှာလည်း ပူသည်။ ယွန်းယွန်းကို ယူရမှာကြောက် လို့ သက်မာနှင့် အမြန်ဆုံး လက်ထပ်လိုခြင်း မဟုတ်ပါကြောင်းကို ရှင်းပြရပါလျှင် မေမေ ဒေါသပို ထွက်လိမ့်ဦးမည်။

"ကျွန်တော် မေမေ့ကို အရမ်းအားနာပါတယ်"

"အဲဒါထားပါ ကိုပိုင်၊ မေမေ မေးတာကို ဖြေပါဦး"

"မေမေတော့ စိတ်ဆိုးမှာ ပဲ၊ ကျွန်တော်ကလည်း စကားလှအောင်လှည့်မပြောတတ်ဘူး။ အမှန်တော့ ယောက်ျားမာနကို ပြချင်တာနဲ့ ဒီကိစ္စမြန်သွားတာပါ၊ သက်မာက နည်းနည်းလောတာ လည်း ပါပါတယ်"

"ယောက်ျားမာနဆိုတာ ဘာကိုပြောချင်တာလဲ ကိုပိုင်"

ဦးကျော်ထိုက်က မျက်နှာလွှဲနေသည်။

"မေမေကပြောပါတယ်၊ သက်မာကိုယူရင် အိမ်ပေါက်ဆင်းတဲ့၊ အမွေပြတ်တဲ့၊ သက်မာကို မယူရင် ကျွန်တော်ဟာ အမွေမက်တဲ့ ကောင် . . ."

"အိမ်ပေါက ဆင်းရမှာ ကြောက်လို့ တွယ်ကပ်နေတဲ့ ကောင် ဖြစ်သွားမှာ ပါ . . ."

"မေမေ ကျွန်တော့်ကို နားမလည်ဘူး၊ ဒီတစ်ခုပဲ ကျွန်တော် ဝမ်းနည်းပါတယ်"

ပိုင်ဆု အသံနည်းနည်းတုန်၏။ တံတွေးကို

မှိုမှိုချနေဖြစ်သည် မို့ လည်စေ့စလုတ်က ဆင်းလိုက် တက်လိုက်ဖြစ်နေသည် ။

ကိုပိုင် ဝမ်းနည်းသည် ဆိုတော့ ယွန်းယွန်း ငိုချင်လာရသည် ။

"ခု . . . ကိုပိုင့်မှာ ဘာအစီအစဉ်တွေရှိသလဲ"

"သက်မာအိမ်ကလည်း စိတ်ဆိုးနေပါတယ် မေမေ၊ ဖေဖေက သဘောမတူဘူး ဆိုလို့ ’

သည် စကားကိုတော့ အားလုံးလက်ခံကြပါသည် ။ သူစိမ်းတွေဆိုလျှင်တောင် စိတ်ဆိုး မှာမ လွဲ။ ခုတော့ ဒေါ်ခင်မာလေးက ဒေါ်ခင်ဆွေလေးအစ်မ ဖြစ်နေတာ၊ ပြီးတော့ ပိုင်ဆုက ဦးကျော်ထိုက် သားရင်းဖြစ်နေတာ၊ သည် အချက်တွေကြောင့် စိတ်ဆိုးဖို့ အကြောင်း ပို၍ ခိုင်လုံနေသေးသည် ။

"သက်မာဆန္ဒက ရုံးမှာ လက်မှတ်ထိုး၊ ကိုယ့်အိမ်ကိုယ်ပြန်နေ၊ လက်ထပ်ပြီးပြီဆိုတာ ဖြည်းဖြည်းမှ ပြောပြီး လူကြီးတွေကို နားသွင်းစည်းရုံးဖို့ ပါ"

"ငနွား . . . မင်းကို နွားများ လို့ ချည်တိုင်မှာ ချည်ရုံချည်ပြီး သူ့ကိုယ်သူကျတော့ မှဲ့ စွန်းမထင် အောင်ထိန်းလိုက်တာ၊ ဘယ်လောက်ပညာပါလဲ၊ မင်းလိုနွားမို့ ဦးနှောက်မရှိတာ"

ဦးကျော်ထိုက် မနေနိုင်လွန်းသည် မို့ တစ်ခွန်းဝင်ပြောပြန်၏။

"ကျွန်တော်က ဖေဖေနဲ့ မေမေ မသိဘဲ မလုပ်ချင်လို့ ဖွင့်ပြောတာပါ"

မထူးတော့ပြီမို့ ပိုင်ဆု ရေလည်အောင်ရှင်းပြ၏။ ဦးကျော်ထိုက် စိတ်ဆိုးနေပုံကတော့ ခုနေခါ သူ့မျက်လုံးတွေနား ဓာတ်ဆီပုံးရောက်လာလျှင် မီးထတောက်မလားမသိ။

"လက်ထပ်တဲ့ အတွက် အိမ်ပေါ်ကဆင်း ဆိုရင်တော့ မနက်ဖြန်ရုံးကအပြန်မှာ ပဲ အပြီး အပိုင် နိုးဖို့ ပဲ ရှိပါတော့တယ်"

"နေစရာနေရာရှိလား ကိုပိုင်"

မေမေ သံယောဇဉ်ကြီးစွာမေးသည် ။ ယွန်း ယွန်းကတော့ မျက်ရည်ကျနေရပါပြီ။ မနက်ဖြ န် ကိုပိုင် ဒီအိမ်ကြီးက အပြီးထွက်သွားတော့ မ ယ်ဆိုပါလား။ ဒီနေ့ဟာ ကိုပိုင့်ကို နောက်ဆုံးမြင်ရခြင်း၊ ကိုပိုင်နဲ့ တစ်အိမ်တည်း မှာ နောက်ဆုံးတူတူနေရခြင်းပါလား။

"မရှိသေးပါဘူး၊ ခုချိန်မှ စပြီး ရှာဖွေစီစဉ်ရ ပါမယ်"

"နောက်ဆုံး ပြီးသွားတဲ့ တိုက်မှာ အခန်းလွ တ်ကျန်နေသေးတာပဲ၊ အဲဒီမှာ သွားနေပေါ့"

"ကျွန်တော် မနေပါရစေနဲ့ မေမေ"

"ဟင်း ဟင်း . . . မိဘကို မာနထားတဲ့ ကောင် ခွေးလုံးလုံး ဖြစ်ဦးမယ်'

ဦးကျော်ထိုက် တစ်ခွန်းဝင်ပြောပြန်၏။ သ ည် စကားတွေကို တစ်ခွန်းမျှမကြားချင်ပါ။ နားမ ထောင်ဘဲလည်း မနေနိုင်သည် မို့ အနား မှာ ထိုင်နေဆဲ။ မျက်နှာကိုလည်း လွှဲထားဆဲ။ သည် ကြားထဲ က ဒေါသဟု နံ့ခနဲတစ်ချက်ထ တိုင်း တစ်ခွန်းဝင်ပြောဖြစ်နေရသည် ။

"ဘာဖြစ်လို့ ဒီလောက်မာနကြီးတာလဲ ကို ပိုင်၊ ကိုထိုက်ကို မင်းအဖေအဖြစ် အသိအမှတ် မပြုဘူးလား၊ မေမေ့ကို မင်းအမေလို့ သဘော မထားနိုင်ဘူးလား"

ဒေါ်ခင်ဆွေလေးက အဖြစ်မှန်တွေကို ပြောခြင်းပါပဲ။ သို့ပေမဲ့ အကြောင်းစုံမသိရှာသူ ယွန်း ယွန်းကတော့ လက်ဖျားခါရတော့သည် ။ ဖေဖေနှင့်မေမေသည် ကိုပိုင့်ကို

သားနှင့်မခြား ချစ်လှန်း ကြပါကလား။

ပိုင်ဆု ဘာမျှ ပြန်မပြောပါ။

"ပိုက်ဆံစုမိဆောင်းမိ ဘယ်လောက်ရှိလဲ"

"မုန့်ဖိုးထဲကစုထားတာ သုံးထောင်ကျော်ရှိပါတယ်"

ပိုင်ဆု အလုပ်ဝင်လုပ်နေပေမယ့် လခဟူ၍ ထုတ်မှ မယူဘဲ။ ကျောင်းသားဘဝတုန်းက လို ဒေါ်ခင်ဆွေလေးပေးသည့် မုန့်ဖိုးကိုပဲ ယူခဲ့သည် လေ။ သောင်းနှင့်ချီ၍ ဘယ်ရှိပါ့မလဲ။

"ကိုပိုင်ရယ် ... မင်း ပိုက်ဆံလေးသုံးထောင်နဲ့ ဘာသွားလုပ်မှာ လဲ"

ဒေါ်ခင်ဆွေလေး စိတ်မကောင်းစွာညည်းညူ၏။ ခုနေထုတ်ပေးလျှင်လည်း ယူမှာ မဟုတ်။

"ခက်တော့တာပဲ၊ ကိုပိုင် ဒုက္ခရောက်တော့မယ်"

ယွန်းယွန်း စိတ်ထဲပူသွားရသည် ။ ငွေလေးသုံးထောင်၏ သုံးစွဲနိုင်သည့် အတိုင်းအတာကို ယွန်းယွန်းသိ၏။ ဟိုတယ်လောက သက်မာနှင့်ပြိုင်ချင်သည် မို့ ယွန်းယွန်း အိမ်အလုပ်တွေဝင်လုပ်၊ ဈေးသွားစသည် တို့ လုပ်ကြည့်တော့ ပိုက်ဆံဆိုတာ လုံးဝ အသုံးမခံမှန်းသိပ်သိသည် ။

"ပိုင်ဆု ..."

မေမေ ခေါ်သနှင့် ခေါ်သည် ။ ပိုင်ဆု မော့ကြည့်၏။

"ယွန်းယွန်းကို ငါကိုစိုးနဲ့ ပေးစားမယ်၊ ဖြစ်တဲ့ နည်းနဲ့ ပေးစားမယ်၊ သူသွားနေတဲ့ အိမ်မှ သွားခေါ် လာပြီးတော့ကို ပေးစားမယ် သိလား ။

ပိုင်ဆု ဆတ်ဆတ်ခါနာလေသတည်း။

"ကိုပိုင်"

ယွန်းယွန်း ကျောင်းမတက်နိုင်ပါ။ အိပ်ရာထဲမှာ ခွေနေသည်။ မငိုပါဘဲ စီးကျနေသည့် မျက်ရည်တွေကို သုတ်လို့ မနိုင်ပါ။ ရင်ထဲမှာ ကြေကွဲနေသည်။ တော်တော်ကြာဆိုလျှင် ကိုပိုင် ဒီအိမ်ကြီးက အပြီးအပိုင် စွန့်ခွာသွားတော့မယ်လေ။

အာခေါင်တွေ ခြောက်နေသည်။ လည်ချောင်းတွေပူနေသည်။ ရင်ညွန့်နားဆီတွင် လေးလံ ဆို့နင့်နေပေမယ့် ရင်ခေါင်းကြီး တစ်ခုလုံးမှာ လစ်ဟာနေ၏။ အသည်းကြွေသည် ဆိုသည့် ကဗျာဆန် ဆန်စကားလုံးလေးကို ခုမှ ကိုယ်တိုင်ခံစားနေရသည်။

"ယွန်းယွန်း တကယ်ပဲ အသည်းတွေကြွေကုန်ပါပြီ ကိုပိုင်ရယ်၊ ကိုပိုင့်ကို စွန့်လွှတ်ဖို့ ဘယ်နှလုံးသားနဲ့ ခံစားနိုင်မှာ တဲ့ လဲ၊ အချစ်ကြီးချစ်တယ်ဆိုတာကို ယွန်းယွန်း ခုမှ သဘောပေါက် နားလည်ရပါပြီ၊ သိပ်ချစ်တာ၊ အရမ်းကြီး အများကြီးချစ်တာ၊ ဘယ်လိုမှ မခွဲနိုင်အောင် ချစ်မိတာပါ ကိုပိုင်ရယ်၊ မမသက်မာနဲ့ သဘောတူပေးဖို့ ဖေဖေနဲ့ မေမေကို ပြောပေးရတုန်းကလည်း ယွန်းယွန်း ရင်ထဲမှာ အောင့်နေတာပါ . . .

"ကိုပိုင့်ကို ချစ်လွန်းလို့ ကိုပိုင့်ဆန္ဒပြည့်ဝပါစေတော့လို့ ရင်ကွဲခံပြီး ပြောပေးခဲ့ရတာ . . .

"ခုတော့ ရင်ကွဲနာကျရပါပြီ

ယွန်းယွန်းအိပ်ရာခင်းတွေတွန့်လိမ်ရှုံ့တွနေ၏။ အလူးလူးအလှိမ့်လှိမ့်နှင့်မည်သို့မျှအောက် တည်ရာမရ။ ကိုပိုင့်မျက်နှာလေးကို နောက်ဆုံးအနေနှင့် ဆင်းကြည့်လိုက်ချင်သေးသည်။

"မထိန်းနိုင်တဲ့ ဒီအငိုမျက်နှာကြီးနဲ့ ဖြစ်မ

တဲ့ လား"

မနက်က ကော်ဖီလည်း ဆင်းမသောက် ဖြစ်၏။ ခုချိန်ထိ ဘာမျှမစားရသေးပေမယ့် ဆာလည်း မဆာ။ ကိုပိုင်နှင့် ဘယ်လိုမှ မခွဲနိုင်ပါ။ တကယ်တမ်း ခွဲရမည်ဆိုမှ ဘယ်လိုမှ မခွဲနိုင်တာ အသေအချာသိလာရသည် ။ ကိုပိုင့် မျက်နှာလေးကို မြင်နေခွင့်ရရင်တောင် ကိုပိုင့် အချစ်ကို မရပေ မယ့် သည် ထက်ဖြေသာပါဦးမည် ။

"ကိုပိုင်ရယ် . . .

သည် နာမည်ကိုသာ ထပ်တလဲလဲခေါ်ဖြစ်သည် ။ ခေါင်းအုံးပေါ်မှာ မျက်နှာကပ်ကာ သည်း သည်းခိုက်ခိုက် ငိုချလိုက်မိပါတော့သည် ။

*

"မမ"

"ဟင် . . . နောင်နောင် ဘာဖြစ်လို့ ဆင်းလာတာလဲ

ပိုင်ဆုနှင့် သက်မာတို့ လက်ထပ်ဖို့ အတွက် နောင်နောင်တို့ အိမ်မှာ ပဲ ဆုံကြရပါမည်။ သည် နေ့မနက် သက်မာရောက်လာကတည်းက သက်မာ နောင်နောင့် အခန်းသို့ တက်မသွားပါ ။ ဧည့်ခန်းထဲမှာ ပဲ ငုတ်တုတ်ထိုင်နေသည် ။

နောင်နောင် မနေနိုင်လွန်းသည် မို့ ဦးလေးကျော်ကို လှည်းတစ်ခေါက်ချ၊ သူ့ကိုတစ်ခေါက်ချီ ချနိုင်းပြီးမှ လှေကားရင်းမှ သူ့ဘာသာ တွန်း၍ လာခဲ့သည် ။ ဦးရဲနောင်က သားအခြေအနေကို စောင့်ကြည့်ဖို့ အလုပ်မသွားဘဲနေ၏ ။ ဦးရဲနောင်ဆန္ဒအရဆိုလျှင် သည် အိမ်ကို စုရပ်အဖြစ် မသုံးစေ ချင်ပါ။ နောင်နောင်က . . .

"ဒီအိမ်ကပဲ သွားပါ၊ မမရဲ့ နှသစ်လတ်ဆတ်တဲ့ နောက်ဆုံးမျက်နှာလေးကို နောင်နောင်

ကြည့်လိုက်ပါရစေ" . . . ဟု ခွင့်တောင်းရှာ၏။ နောင်နောင့်ကို မချိတင်ကဲ တွေ့ရတော့ သက်မာ ထွက်တောင်ပြေးချင်မိသည် ။ ဒေါသနှင့် မာနတို့ ပေါင်းစပ်မိသည့် လုပ်ရပ်တစ်ခုကို "မှားပါပြီ" . . . ဟု အော်ကာ ကမ္ဘာမြေအဆုံး လျှောက်ပြေးလိုက်ချင်သည် ။

"နောင်နောင်ရယ်

နောင်နောင့်လှည်းကလေးကို ပြေးထွန်းပေးမိ၏။

"မမအတွက် ကျွန်တော့်လက်ဖွဲ့"

"ဟင့်အင်း . . . မမ မယူပါရစေနဲ့ "

နောင်နောင်က သူ့လက်ထဲမှ လက်စွပ်ကလေးကို ချွတ်ပေးသည် ။ ကွယ်လွန်သူမိခင်ကြီး နောက်ဆုံးအချိန်ထိ ဝတ်ဆင်သွားသည့် လက်စွပ်ပါ။ နောင်နောင့်လက်ချောင်းတွေက ကြီးသည် မို့ လက်ဝဲဘက်

လက်သန်းမှာ ပဲ စွပ်ထားရသည် ။

"ယူပါ မမ၊ အဲဒါ မေမေ့လက်စွပ်"

"မယူပါရစေနဲ့ နောင်နောင်ရယ်"

"မေမေဆုံးတော့လေ . . . မေမေ့လက်က ကျွန်တော်ကိုယ်တိုင် ချွတ်ယူခဲ့တာ"

"အခု မမလက်ထပ်တော့မယ်ဆိုတော့ မေမေဆုံးစဉ်က ဘဝကြီးတစ်ခုလုံး ဟာကျသွားသလို . . ." ဆိုသည့် စကားကို တအားကြီးမျိုချလိုက်ရသည် ။ ဒုတိယအကြိမ် အကြီးအကျယ်ဆုံးရှုံးမှုကြီး မို့ နောင်နောင့်ရင်ထဲ ဘယ်လိုခံနိုင်ရည်မျိုး ထည့်ပြီးအသက်ရှင်ကျန်ခဲ့ရမှာ လဲ မမရယ်။

"အဲဒါကို နောင်နောင်ပဲဝတ်ထားပါ၊ နောင်နောင် ပေးချင်ရင်လေ ဟောဒီစပို့ရှပ်က ကော်ကြယ်သီးလေးတစ်လုံးဖြစ်ဖြစ် ဖြုတ်ပေးလိုက်ပါ၊ မမ တစ်သက်လုံး အမြတ်တနိုး သိမ်းထား

ပါ့မယ်"

"ယူပါ မမရယ်၊ ကျွန်တော် စိတ်ကောင်းအောင်"

"မမ အရမ်းငိုမိမယ် နောင်နောင်၊ မပေးပါနဲ့၊ မမ တောင်းပန်တာပါ"

နောင်နောင် သူ့လက်စွပ်ကလေးကို ကိုင်ထားသည် ။ သည် လက်စွပ်ကို သေမှ ချွတ်မယ်လို့ ဆုံးဖြတ်ထားခဲ့တာ။ မမ ကျွန်တော့် ကမ္ဘာလေးထဲက ပျောက်သွားရင် သေတာနဲ့ တူတူပါပဲ မမရယ်။ ယူသာသွားပါ။

သည် လောက်ရှည်သည့် ဝါကျကို မပြောနိုင်ပါ။ ရင်ထဲမှ တလှပ်လှပ်ဖြစ်ကာ မောလာသည် ။ လှည်း၏ ခြေနင်းခုံပေါ်မှ သူ့ခြေဖျားတွေကို ကြည့်သည် ။ ခြေသလုံးမှ တစ်ဆင့် ဒူးခေါင်းဆီသို့ ကြည့် သည် ။

"ဒီခြေထောက်တွေက ဘာဖြစ်လို့ သေနေရတာလဲ"

ရင်ထဲမှာ တအားကျုံးအော်လိုက်သည် ။ အသံမထွက်ပါ။ ဒူးဆစ်များကို နောင်နောင် လက် သီးနှစ်ဖက်နှင့် စုံထုပစ်လိုက်တော့သည် ။

"အို . . . နောင်နောင်"

သက်မာ ပြေး၍ ဆွဲ၏။

"မလုပ်ပါနဲ့ နောင်နောင်"

"ခြေထောက်နှစ်ချောင်းထဲ ဘာဖြစ်လို့ သေသွားရတာလဲ၊ တစ်ကိုယ်လုံး သေပါလား၊ အသက်ပျောက်သွားပါလား"

ရှိသမျှ ခွန်အားတွေ အကုန်သုံး၍ ကျုံးအော်ပစ်လိုက်သည် မို့ အသံထွက်လာ၏။

"နောင်နောင် ခွင့်မပြုရင် မမ ဒီကိစ္စကို ဖျက်မယ်"

သက်မာ မျက်ရည်ဖြိုင်ဖြိုင်ကျလျက်ပြော

၏။ မကြည့်ရက်ပါလား မောင်လေးရယ်။

"ဟင် . ".

နှောင်နှောင် လန့်ဖျပ်သွားရ၏။ မမ ဘယ်လိုပြောလိုက်တာလဲ၊ ဘယ်လို ပြောလိုက်တာလဲ ဗျာ။ အဲဒါငါးနှစ်သားတွေ ကစားတဲ့ ကိစ္စလား။

နှောင်နှောင် . . . မင်းစိတ်ကို မင်းဖြေ၊ မင်းမဖြေရင် မမဘဝဟာ လမ်းကြောင်းပြောင်းသွားတော့မယ်၊ မမဘဝလေးကိုပိုင် ရင်ခွင်မှာ ငြိမ်းချမ်းပါစေတော့လား။ မင်း မမကို ချစ်တယ်ဆို၊ သိပ်ချစ်တယ်ဆို . . .။

ချစ်ရင် မနစ်ရဘူး နှောင်နှောင်၊ မင်းဟာ တစ်ကိုယ်ကောင်း သမားလား၊ အချစ်အတွက် အနစ်နာမခံနိုင်ဘူးလား၊ မင်းအနစ်နာခံလို့ မင်းချစ်တဲ့ မမ ကောင်းစားမယ်ဆိုရင် မင်း မဖြေနိုင်ဘူး လား။

မကြာခင်မှာ ပဲ မမဟာ မင်းကို မေ့သွားနိုင်မှာ ပါ။ အနယ်ထိုင် အထာကျတဲ့ ချမ်းမြေ့ရိပ်မြို့ထဲ မှာ မိသားစုလေး သိုက်သိုက်ဝန်းဝန်း ဖြစ်လာတဲ့ အခါမှာ မမ မင်းကို မေ့နိုင်သွားမှာ ပါ။ ရှိပါစေ မမဘဝလေး ဖြောင့်ဖြူးပါစေ။

မင်းယောကျာ်း မဟုတ်ဘူး လား။

နှောင်နှောင် အံကိုကြိတ်၏။ ကိုယ့်ကိုယ်ကိုယ် သတိပေးပြီး တံတွေးကိုမျိုချသည် ။ နှုတ်ခမ်း နှစ်လွှာကိုဖွင့်၍ ပြုံး၏။ နှောင်နှောင် ဖြေချလိုက်ပြီးမှန်း သက်မာသိလေ၏။ နှောင်နှောင့် လှည်းဘေး မှ ခွာကာ ကုလားထိုင်မှာ လာပြန်ထိုင်သည် ။ ခေါင်းကိုငုံ့ထား၏။

ကျလာသည့် မျက်ရည်စတွေကို ကျိတ်သုတ်ပေမယ့် နှောင်နှောင်မြင်မှာ ပါ။

*

"ညီမလေး . . ."

ကမ္ဘာမြေကြီး၏ အလယ်ဗဟိုမှ ဆွဲငင်အားမျိုးနှင့် ညို့ယူဖမ်းစားလိုက်သည့် အသံကြောင့် ယွန်းယွန်း ခုတင်ပေါ်မှ ခုန်ထသည် ။ ကိုပိုင့်ဆီ ပြေးသွားမည်လုပ်ပြီးမှ စိတ်ကို ချက်ချင်းထိန်းလိုက် ၏။

ကိုပိုင် . . . တစ်ခါမှ ဒီလို အခန်းဝမှာ လာရပ်ပြီးမခေါ်ဖူးပါ။ ငယ်ငယ်တုန်းကတော့ တစ်မျိုး ပေါ့လေ။ အရွယ်ရလာတော့ ကိုပိုင် အလွန့်ထိန်းသည် ။ ခုတင်ပေါ်မှာ ငုတ်တုတ် ကလေးထိုင်ရင်း ကိုပိုင့်ကို လှမ်းကြည့်၏။ မျက်ရည်စက်တို့ ပိုးပိုးပေါက်ပေါက် ကျလေသတည်း။

"ဘာလို့ ငိုနေတာလဲ ညီမလေးရယ်"

အပိုစကားတွေကို မေးမိ၏။ သည အချိန်မှာ ယွန်းယွန်း ဘာလို့ ဒီလောက်ဝမ်းနည်းပက် လက်ငိုနေရသည့် ကို မေးစရာလိုမတဲ့ လား။ ပိုင်ဆု သိလိုက်ရပါပြီ။ ညီမလေး၏ နှလုံးသားတွင်း ဆီသို့တိုင် သိမြင်လိုက်ရပါပြီ။ နှလုံးသားချင်း စကားပြောတာ သိပ်ကို နောက်ကျသွားပြီ ညီမလေး ရယ်။

စောစောကလေးတင်ပဲ သက်မာ အဆင်သင့်ဖြစ်ပြီဆိုတဲ့ အကြောင်း ဖုန်းလှမ်းဆက်ပြီးပြီ ကိုကို ခုချက်ချင်းလာခဲ့မယ်လို့ ပြောလိုက်မိပြီ။ တကယ်တမ်း ခွဲရတော့မယ်ဆိုမှ ညီမလေးနဲ့ ဘယ်လိုမှ မခွဲနိုင်တာ၊ ညီမလေးအပေါ် ဘယ်အထိ တွယ်တာနေမိတယ်ဆိုတာကို သိရတော့ နောက် ကျကုန်ရပြီလေ။

ကိုကို လူအ၊ ကိုကို လူနုံ၊ လူဖျင်း၊ ဖေဖေ ပြောသလို ကိုကိုဟာ နွား၊ ဦးနှောက်မရှိ အသည်း နှလုံးမရှိတဲ့ သစ်သားရုပ်။ ကိုယ့်ရင်ထဲလည်း ကိုယ်မမြင်၊ ချစ်လှတဲ့ ညီမလေးရင်ထဲကို

လည်း မမြင်၊ ကိုကို အသုံးမကျလို့ မှားကုန်ပြီ ညီမလေးရယ်။

ဗိုင်ဆု ရင်ထဲမှာ မချိတင်ကဲ ရှိလွန်းလှချေ၏။

ယွန်းနွယ်လေးရယ် . . .

"အောက်မှာ စိုးစံရောက် လာပြီ၊ ဒီမနက်ပဲ ပြန်လာတယ်"

အရေးအကြီးဆုံး အသည်းစကားကို ပြော ခွင့်မသာပြီမို့ ဒုတိယအရေးကြီးသည့် စကား ကို ပြောရပါမည်။ အချစ်ဆုံးအချစ်ဦး။ ချစ်လို့ မှ ချစ်မိနေမှန်းမသိ၊ ကိုယ့်ကို ချစ်နေရှာပါ လားဆိုတာ လည်း နားမလည်၊ အဲဒီ ညီမလေး ကို ကံဆိုးသထက် ဆိုးစေမယ့် အဖြစ်ကိုတော့ မကျရောက် စေချင်ဘူး။

"အရှက်မရှိတဲ့ စပ်ဖြီးဖြီးမျက်နှာနဲ့ ။ သူ့ကို ငြင်းပါ၊ ညီမလေး လုံးဝငြင်းပါ၊ သူဟာ ညီမ လေး ကိုမက်တာ မဟုတ်ဘူး ၊ ပစ္စည်းသက်သ က်မက်တဲ့ ကောင် . . ."

"လူရွေးမမှားပါနဲ့ ၊ သူကလွဲပြီး လူကောင်း တစ်ယောက်ကို ညီမလေး ရွေးပါ . . ."

"ညီမလေး လူရွေးမမှားစေဖို့ ၊ ကိုကိုအနား မှာ ရှိပြီး အကူအညီမပေးနိုင်တော့တာကို ခွင့် လွှတ် ပါ၊ ကိုကို သွားတော့မယ်"

"ကိုကို"

ငယ်တုန်းက အခေါ်အဝေါ်လေးတွေလေ။ ကိုကို့ကျောကုန်းကြီးကို ခွစီးပြီး တခစ်ခစ် ရ ယ်မောပျော်ရွှင်ခဲ့ဖူးတဲ့ အချိန်က အသုံးအနှုန်း လေးဝါ ကိုကိုရယ်။

ယွန်းယွန်း ခေါင်းအုံးကို ဆွဲယူ၍ မျက်ရည် တွေ သုတ်သည် ။ ပြီးတော့ နာနာကျင်ကျင် လေးပြုံးရှာ၏။

"စိတ်ချသွားပါ ကိုကို၊ ကိုစိုးကို ယွန်းယွန်း မရွေးပါဘူး၊ ဒါပေမဲ့ . . . ကိုစိုးဟာ လူကောင်းပါ၊ အခြေအနေတွေကောင်းလာမလားလို့ ဖေ တနာနဲ့ လူဆိုးလုပ်ပေးရာတဲ့ ဓားစာခံပါ . . ."

"ဖေဖေ သိပါတယ်၊ ထားပါတော့ ကိုကိုရ ယ်၊ ဒါတွေကို နောက် ကိုစိုးနဲ့ ယွန်းယွန်း ကြုံဖြစ်ဆုံဖြစ်တော့မှာ ပဲ ရှင်းပြပါတော့မယ်"

"အင်းလေ . . . ကိုကို သွားမယ်၊ လိမ္မာပါ နော်"

ယွန်းယွန်း ခေါင်းညိတ်ပြသည် ။ ပိုင်ဆုချာ ခနဲ လှည့်ထွက်သွားတော့သည် ။ နောက်ကြောင်း ကို တစ်စက်ကလေးမျှ ပြန်မကြည့်ခဲ့ပါ။

*

ဦးရဲနောင်၊ ဦးလေးကျော်၊ သက်မာနှင့် နောင်နောင်တို့ ရှိနေသည့်ဧည့်ခန်းတွင်းသို့ ပိုင်ဆု ဝင်လာသည် ။ နောင်နောင့်ကို တစ်ချက်လှ စ်ခနဲကြည့်၏။ ရုပ်ပျက်ဆင်းပျက် မျက်နှာကို ရိပ်ခနဲပဲ တွေ့လိုက်ရသည် ။ နောင်နောင် ချက် ချင်းပြင်သည် ။ ပြီးတော့ ဖြုံးသည် ။

"မမကို လက်ဖွဲ့တာ မမက လက်မခံလို့ စိ တ်မကောင်းဘူးကိုပိုင်"

"နေပါစေကွာ"

မထိုင်တော့ဘဲ သက်မာကို လှမ်းကြည့်သ ည် ။ သက်မာမော့ကြည့်၏။ နောင်နောင့်ကို တစ် ချက်လှမ်းကြည့်သည် ။ ဆတ်ခနဲထရပ် ၏။ မည်သူ့ကိုမျှ နှုတ်မဆက်ပါ။ နှုတ်ဆက်နို င်စွမ်းလည်း မရှိပါ။

ပိုင်ဆုနောက်သို့ လိုက်ခဲ့ပါတော့သည် ။ သ က်မာသည် လည်း နောက်ပိုင်းကို တစ်ချက်က လေး တောင် ငဲ့ကြည့်နိုင်စွမ်းမရှိတော့ချေ။

"မုန့်ဖိုးထဲကစုထားတာ သုံးထောင်ကျော်ရှိပါတယ်"

ကိုကို့အသံကိုကြားမိ၏။ ကိုကို့မှာ ငွေလေးသုံးထောင်နဲ့ အိမ်ထောင်တစ်ခုကို ဘယ်လိုစမလဲ။

ယွန်းယွန်း ခုတင်ပေါ်မှ ခုန်ဆင်း၏။ မျက်ရည်စတွေကို လက်ခုံနှင့် ကမန်းကတန်းပွတ် သုတ်ပစ်ကာ လှေကားမှ တဒိုင်းဒိုင်း ပြေးဆင်းလာခဲ့သည်။

"ဘယ်လဲ"

ဖေဖေ လှမ်းမေးသည် ကို မဖြေအားပါ။ ကိုပိုင့်ကို မမီလိုက်လျှင်ခက်မည်။ ဖိနပ်တောင် မစီး နိုင်ဘဲ ခြံတံခါးဝသို့ ပြေးလေ၏။ မြတ်စွာဘုရား။

ခြံတံခါးကို သော့ကြီးခတ်ထားသည်။ ဦးအုန်းခင်က မားမားကြီးစောင့်နေ၏။

"ဖွင့်ပေးပါ ဦးလေး၊ ကိုပိုင့်ကို ပေးလိုက်စရာတစ်ခုရှိလို့"

အသက်မရှူနိုင်ဘဲ အမောတကောပြောရသည်။

"ရှိခိုးပါရဲ့ ဦးလေးရယ်၊ ဦးလေး အလုပ်ပြုတ်လိမ့်မယ်"

"ဘယ်နည်းနဲ့ မှ မဖွင့်နိုင်ဘူး ယွန်းယွန်း၊ ဆရာ့အမိန့်ပဲ"

ဖေဖေတို့ များ ရက်ရက်စက်စက်ကို ဖြတ်သည်။ နောက်မှ ပဲ အပြစ်တင်တော့မည်။ ခုတော့ မအားသေးပါ။ ခြံတံခါးက သော့ခတ်ထားပေမယ့် သံပန်းတွေနှင့်မို့ ခြေနှင့်နင်း၍ တက်လျှင်ရသည်။ ယွန်းယွန်း တွယ်တက်လိုက်သည်။

"မလုပ်နဲ့ ကလေး . . . ယွန်းယွန်း အဲဒီလို လုပ်ရင် ကြိုးနဲ့ တုပ်ထားတဲ့ "

လက်ထဲမှ ကြိုးခွေကြီးကို မြှောက်ပြ၏။

"ဟင် . . ."

သွားပါပြီ။

မမီတော့ဘူး ထင်ပါရဲ့ ။

ယွန်းယွန်း အိမ်ဘက်ဆီသို့ ပြန်ပြေးလာသည် ။ လမ်းက ဂဝံတွေကို ဖိခြေထားသည့်လမ်းမို့ ဂဝံအကြေစ ခဲလုံးသေးသေးလေးတွေ ခြေဖဝါးကိုစူးလေ၏။ နာလိုက်သည့်ဖြစ်ခြင်း။ သွေးတွေ တောင်ထွက်ကုန်ပလားမသိ။

အိမ်ပေါက်ဝသို့ လှမ်းကြည့်သည် ။ မည်သူမျှ မရှိပါ။ သော့ခလောက်တစ်ခုနှင့် ကြိုးတစ်ခွေ ကိုပြလျှင် လုံ့လုပြီဟု ဖေဖေ ထင်သလား။ စိတ်ချလက်ချ ရှိသွားပြီမို့ ထင်ပါရဲ့ ။ မည်သူမျှ

စောင့်ကြည့်မနေပါ။ ယွန်းယွန်း တိုက်ဘေးမှ ပန်း၍ မာလကာပင်ရှိရာသို့ပြေး။

ရောက်ရောက်ချင်း ပြေးတက်တော့ လျှော ကျ။ မောလို့ လည်း မောမှန်းမသိ။ ရင်ထဲမှာ လည်း တလှပ်လှပ်ခုန်၏။ ခါတိုင်း လွယ်ကူချောမောစွာ တက်နေကျ မာလကာပ င်ကိုသည် နေ့တော့ အတင်း ကုတ်ကတ်တက် ရသည် ။ ရောက်ပါပြီ။ တစ်ဖက်ခြံကို မြင်နိုင် သည့်နေရာသို့။

တစ်ဖက်တိုက်၏ မျက်နှာစာဆီသို့ လှမ်းကြည့်လိုက်သည် ။ နောင်နောင့်လှည်း။ ဟော . . . ဦးလေးကျော်က နောင်နောင့်ကို ပွေ့ ချီ၍ လာတင်ပေးသည် ။ နောင်နောင် သူ့လှည်းဘီးတွေကို လက်နှင့် အမြန်လှိမ့်တွန်း ၏။

ဦးလေးကျော် ဝင်တွန်းပေးတော့ ဂုတ်ထု

တ်သည် ။ ကိုပိုင်ရော။ နောင်နောင့် လှည်းဘီး အမြန် လိမ့်ရာဆီသို့ ကြည့်မှ ကိုပိုင်နှင့် မမသက်မာ၊ ခြံတံခါးဝနားသို့ တောင်ရောက်နေပြီ။ ဖေဖေ့မှာ ရှိသမျှ ကားတွေ စိတ်ကြိုက်မောင်းခဲ့သည့် ကိုပိုင်၊ ခုတော့ ကုန်းကြောင်းလျှောက်လို့ ။

"ကိုကို ပြန်လာပါ ခဏလေး၊ ဒီမှာ ပေးစရာရှိလို့"

ဆယ့်ကိုးနှစ်သမီး၏ ရှိသမျှခွန်အားတွေကို လည်ချောင်းထဲ စုပို့ကာ အသံကုန်ဟစ်၍ ခေါ်လိုက်သည် ။ ပိုင်ဆုနှင့် သက်မာပြိုင်တူလှည့်၍ ကြည့်ကြ၏။

"မမ"

နောင်နောင် လှည်းကလေးအမြန်တွန်း၍ လိုက်၏။

"ကိုကို ... ဒီမှာ ဒါလေး ယူသွားပါ"

မာလကာကိုင်းပေါ်တွင် တွယ်လျက် ဘာပေးမှန်းမသိမြှောက်ပြနေသည့် ယွန်းယွန်းကို ပိုင်ဆု တွေ့သည် ။

ယွန်းယွန်းလက်ထဲမှာ ဝတ်ထားသည့် စိန်လက်စွပ်ကလေးပါ။

ဒါလေးကို ထုခွဲလျှင် နှစ်သောင်းလောက်တော့ ရနိုင်၏ အိမ်ထောင်ဦးမှာ အသုံးလိုတာတွေ အများကြီးရှိမည်မဟုတ်လား။

"ကိုကို"

"မမ"

အသံနှစ်ခုက ပြိုင်တူထွက်လာ၏။ပိုင်ဆုက ယွန်းယွန်းရှိရာ မာလကာပင်နားဆီသို့ပြေး၏။ သက်မာက လှည်းဘီးကလေး အမြန်တွန်းနေရာသည့် နောင်နောင့်ထံသို့ ပြေးသည် ။

"မမ"

မမပြန် လာပြီ၊ ဟုတ်တယ် ငါ့ဆီပြန်လာတာပဲဖြစ်ရမယ်။

လှည်းဘီးကို တွန်းနေရတာကြာလှချည့်။ နောင်နောင်စိတ်မရှည်နိုင်။ ကိုယ့်ကိုယ်ကိုယ်သတိမထားမိလိုက်မိမှာ ပင် မြေပေါ်ခြေချ၍ ပြေးလေ၏။

"နောင်နောင်"

"မမ"

မျက်နှာချင်းဆိုင်၍ ပြေးသူနှစ်ဦး လမ်းခုလတ်မှာ ဆုံလေ၏။

"ညီမလေး"

"ကိုကို့အတွက် အသုံးလိုမယ်၊ ဒီဟာလေး ယူသွားပါကိုကို၊ ရော့ပါ . . . ယူပါ ကိုကို"

ယွန်းယွန်း စိတ်လှုပ်ရှားလွန်းသည် မို့ မာလကာပင်ပေါ်တွင် ခါတိုင်းလို ခြေတွေလက်တွေ မမြဲပါ။ အကိုင်းက ညွတ်ပဲ့ ညွတ်ပဲ့ ဖြစ်နေသည် ။

"ယူပါ ကိုကို၊ ညီမလေးကိုချစ်ရင် အဲဒါလေးယူသွားပါ၊ ကိုကို ထုခွဲပြီး သုံးပါ . . .ရော့"

"ဟေး . . ."

စိတ်အားထက်သန်လွန်းသည် မို့ တစ်ဖက်ခြံသို့ ကိုင်းကျနေသည့် အကိုင်းဆီသို့ ခုန်ကူးကာ စိန်လက်စွပ်ကို ပစ်ချပေးလိုက်တော့သည် ။ လူတစ်ကိုယ်လုံး တစ်ဖက်ခြံတွင်းသို့ ဖုတ်ခနဲကျ၏။ ပိုင်ဆု ဟေးခနဲအော်ကာ ပြေးပွေ့သည် မို့ မြေပြင်နှင့် မထိမိလေထဲမှာ ဖမ်းမိသည် ။ ပိုင်ဆု ရင်ခွင်ထဲ တစ်ကိုယ်လုံးပစ်ကျသည် မို့ အရှိန်ကို မထိန်းနိုင်ဘဲ နှစ်ယောက်လုံး လဲကျလေ၏။

"ညီမလေး . . .ယွန်းနွယ်လေး၊ ကိုကို မှားသွားပြီ၊ ဒီအမှားကို ကိုမပြင်ရင် "တစ်သက်

လုံး ယူကျုံးမရဖြစ်တော့မယ်၊ ကိုကို ဘယ်မှ မ သွားတော့ဘူး၊ ညီမလေးနဲ့ မခွဲနိုင်တော့ဘူး

"ကိုကို . . . ကိုကို

အခြားဘာစကားကိုမျှ မပြောနိုင်ပါ။ ကိုကို . . . ကိုကိုနှင့် သာခေါ်ရင်း နောက်တစ်ကြိမ် လွှတ်ထွက်သွားမှာ ကြောက်အားလန့်အားနှင့် ဖက်ထားမိတော့သည် ။ ပိုင်ဆုတလည်း ကြား လေ သွေးလျှင်တောင် ဝေးမှာ ကြောက်လှသည် မို့ လက်ထဲမှ မချနိုင်။

"ညီမလေးကို ကိုကိုချစ်တယ်၊ သိပ်ချစ်တယ်၊ အဲဒါကို အသိနောက်ကျလို့ "

သည် သို့ ပေါက်ကွဲကြပြီဆိုလျှင် ထိန်းသိမ်းကြဖို့ သတိဖို့ ရသည့် ပထမလူသားက မိန်းမသား ပါပဲ။

"ကိုကို . . . မမသက်မာ"

လဲပြိုနေရာမှ ကိုကို့ရင်ခွင်မှ ရုန်းထွက်သည် ။ သူစိမ်းချစ်သူမဟုတ်ပါဘဲ၊ တစ်သက်လုံးက အရိပ်ကြည့်အလိုလိုက်လာခဲ့ရသူ ညီမလေးပါလား . . . ဆိုသည့်အသိဖြင့် ပိုင်ဆု ညင်ညင်သာသာ သာလွှတ်ပေးသည် ။

"ကိုကို ယောကျ်ားမပီသရင်လည်း နေပါစေတော့၊ ကတိပျက်ရာရောက်ရင်လည်း ရောက် စေတော့၊ ညီမလေးနဲ့ ဘယ်လိုမှ မခွဲနိုင်တော့ဘူး၊ ကိုကို ညီမလေးကိုပဲချစ်တယ်၊ ကိုကို့ အချစ်ကို နားလည်လိုက်တာ နောက်မကျသေးပါဘူးနော်"

"မမသက်မာ . . ."

"သူ့ကို ကိုကို ဘယ်လိုပဲ တောင်းပန်ရ တောင်းပန်ရ တောင်းပန်မယ်၊ ညီမလေး ကို ကိုကို ချစ်တယ် မဟုတ်လားဟင်"

"ဟို . . . ဟိုမှာ "

ပိုင်ဆု ယွန်းယွန်းကို တွဲထူသည် ။ ယွန်းယွန်းလက်ကလေး တစ်ဖက်ကို ဘယ်လိုမှ လွှတ်မ ပေးနိုင်တော့သည် မို့ တင်းကျပ်စွာ ဆုပ်ထားသည် ။

သက်မာ ဘယ်မှာ လဲ . . . ဟု လှည့်ကြည့်သည် ။

"ဟာ . . ."

နောင်နောင် လမ်းလျှောက်လို့ ပါလား။ သက်မာနှင့် နောင်နောင် အချိုးဆုံးအပြုံးတွေကို အစွမ်းကုန်ပြုံးထားကြသည် ။ နှစ်ယောက်သား တစ်ယောက်လက်ကိုတစ်ယောက် မြဲမြဲဆုပ်လျက် လမ်းလျှောက်နေကြ၏။

"နောင်နောင် လမ်းလျှောက်နိုင်ပြီ ကိုကို၊ ဝမ်းသာလိုက်တာ"

"အဲဒါပေါ့ ညီမလေးရယ်၊ အချစ်မှာ လူသားတွေ မတွေ့မြင်နိုင်တဲ့ စွမ်းအားတွေ အများကြီး ရှိတယ်"

"နောင်နောင်ဟာ တစ်ခုခုကြောင့် ကိုယ့်အဖြစ်ကိုယ်မေ့ပြီး လမ်းထလျှောက်မိရင် ခြေ ထောက်တွေ ပြန်ကောင်းမယ်တဲ့ ၊ ဒါပေမဲ့ အဲဒီလောက်ပြင်းထန်တဲ့ စိတ်လှုပ်ရှားမှုဖြစ်ရင် သူ့နှလုံး သားကခံနိုင်ရည်ရှိချင်မှ ရှိမယ်တဲ့ ၊ ဆရာဝန်ကြီးပြောထားတာ"

"သူခံနိုင်ရည်ရှိပါတယ်၊ ဟိုမှာ ကြည့်ပါလား၊ ကကယ့်လူကောင်းအတိုင်းပဲ အချစ်နဲ့လှုပ်ရှား တာကတခြားနည်းနဲ့ လှုပ်ရှားတာမဟုတ်ဘဲ အချစ်နဲ့ လှုပ်ရှားတာပဲ၊ ညီမလေး ကိုကိုကို ချစ်တယ် မဟုတ်လားဟင်"

ဦးရဲနောင် အိမ်ထဲမှ ဝမ်းအသာဆုံးမျက်နှာနှင့် ပြေးထွက်လာသည် ။

"သား . . . သား ခြေထောက်တွေ ကောင်းသွားပြီ"

အားလုံး ပြုံးနေကြသည် ။ အားလုံးပျော်နေကြသည် ။

"မင်းတို့ လူငယ်တွေကို ဖေဖေ မတားတော့ပါဘူး သား၊ အကောင်းဆုံးဖြစ်အောင်ပဲ ပိုင်းပြီး ဖေးမပေးတော့မယ်၊ ငါ့တူမကြီးလည်း စိတ်ချမ်းသာတော့"

နောင်နောင်က ခုန်တော့ပေါက်တော့မလောက် ဖြစ်နေရသည် ။ အပျော်လွန်သည် မို့ စကား တောင်တစ်ခွန်းမျှမပြောနိုင်။ အချိုလွန် အပြုံးပျော်ကြီးနှင့်သာ စီတီဖြစ်နေရသည် ။

"ကဲ ကဲ . . . ကိုပိုင်နဲ့ ယွန်းယွန်းလည်း မိဘတွေ စိတ်ချမ်းသာအောင် အိမ်မြန်မြန်ပြန်ပြောကြ"

ပိုင်ဆုက ယွန်းယွန်းကို ဆုပ်ထားရာမှ ဖျစ်ပစ်လိုက်သည် ။

"အား . . . နာတယ်"

"လာ . . . သွားစို့"

"နေဦး . . . စိန်လက်စွပ်တစ်ကွင်းလုံး ကျသွားတာတောင် ပြန်မရှာဘဲ မှန်လာရသလားလို့ မေမေ ဆီးရိုက်မှ ဟုတ်မှာဖြစ်နေမယ်"

ယွန်းယွန်းက သူ့ဝသီလေးနှင့် တုံ့တိုးကြီးပြောတော့ ဝါးခနဲ ဝိုင်းရယ်ဖြစ်ကြသည် ။

"ဟောဒီမှာ ပါကွာ . . . မင်းတို့ အလုပ်ရှုပ်နေတာနဲ့ ငါပဲရှာထားလိုက်ပါတယ်"

ဦးလေးကျော်က လက်စွပ်ကလေးကို ကိုင်၍ ရောက်လာသည် ။

"ရော့ . . ."

"ကျေးဇူးတင်လိုက်တာအရမ်းပဲ"

"ဒါဖြင့်လည်း ကျေးဇူးဆပ်လေ"

"ဦးလေးကျော်ပြောပေါ့၊ ဘယ်လိုဆပ်ရမှာ

လဲလို့"

ယွန်းယွန်းက ချစ်စရာကလေးဖြစ်လာအောင် ပြုံး၍ နွဲ့နွဲ့ကလေးဆိုသည်။

"အေး . . . အဲဒီစုံတွဲနှစ်တွဲလုံး မင်္ဂလာဆောင်တဲ့အခါမှာ ငါလူပျိုရံလုပ်မယ် . . . ဒါပဲ"

"ဟောတော့ . . . ဦးလေးကျော်လုပ်ရင် လူပျိုရံတော့မဖြစ်ဘူး၊ လူအိုရံပဲဖြစ်မှာ။ မထူးပါဘူး လူအိုရံပဲ သွားနေလိုက်ပါတော့"

အပျော်ရယ်လေးတွေ စီခနဲညံသွားရလေ၏။

ကိုပိုင်နှင့် ယွန်းယွန်းတို့ အပြန်ခရီးကို ဦးအုန်းခင်က သော့ခလောက်ကြီး ဖွင့်၍ ကြိုလေတည်း။

စာချစ်သူတိုင်းကိုချစ်တဲ့

နေနွယ်ဇင်မြင့်